www.dhammadownload.com

ဓမ္မဒူတစာစဉ်

သံသရာကူးသူများရဲ့ နိဗ္ဗာန်သွားတဲ့ လမ်း

ဓမ္မဒူတ
ဒေါက်တာအာရှင်ပညိဿရ
B.A (Myanmar), M.A (SriLanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏ္ဌဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ဓဝါစကပဏ္ဍိတ

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (SriLanka), Ph.D (India)
သာသနဓဇမဟာရဋ္ဌဂန္ထဝံသ၊ သာသနဇောတိပါလမဟာစရိယ၊ သာသနဟိတကထာဝါစက မဟာစရိယ
ဓမ္မကထိက ဗဟုဇနဟိတရတ မဟာဂန္ထဝါစကပဏ္ဍိတ

သံသရာကူးသူများရဲ့ နိဗ္ဗာန်ဆွေးတို့ ၁၄၀

ဗုဒ္ဓဘာသာစာပေဖြန့်ဝေရေးဦးစီးဌာန
ဗောဓိပညာဖွံ့ဖြိုးရေးအဖွဲ့ချုပ်

3836640160087

www.dhammadownload.com

"ဓမ္မစကား၊ နေ့တိုင်းကြားက၊
စိတ်ထားဖွေးလက်၊ သီဉာဏ်တက်၏"

ဓမ္မဒါန အလှူရှင်

သမ္မဒါန် ဓမ္မဒါန် ဂိုနာတို

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ ၂၀၁၇ ခုနှစ် ဩဂုတ်လ (ပထမအကြိမ်)

မျက်နှာဖုံးအပြင်အဆင် ဉာဏ်လင်းထက်

ပုံနှိပ်သူ **ဖြိုးဝေလျှံပုံနှိပ်တိုက်**၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)၊
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ **ဆုပြည့်စုံထွန်းစာပေ**၊ မခင်မာရွှေ (၀၀၂၅၆)
အမှတ် - ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်) ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

အုပ်ရေ ၅၀၀ အုပ် **တန်ဖိုး** ၄၀၀၀ ကျပ်

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဝဏ္ဏဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတာဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

သံသရာကူးသူများရဲ့ နိဗ္ဗာန်သွားတဲ့လမ်း

ဖြန့်ချိရေး
ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၈၃၆၆၄၊ ၃၈၆၈၃၃

www.dhammadownload.com

ဓမ္မဒူတ တရားတမန်

ဓမ္မဒူတာ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒူတာ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒူတာ ဟောပြော နာကြ ကျင့်ကြစေ။
ဓမ္မဒူတာ တရားပြ ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒိုတ
ဒေါက်တာဓာရိန္ဒဝဉ္ဇိဿရ

B.A (Myanmar), M.A (SriLanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလ ဓမ္မာစရိယ၊
သာသနဟိတကဏ္ဌဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ ၏ ဆေရုပွတ္တိအကျဉ်းချုပ်

- မွန်ပြည်နယ်၊ သထုံမြို့၊ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ဖွားမြင်သည်။
- တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။
- တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုးသဒ္ဓမ္မသီတဂူချောင်တို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာသင်ယူခဲ့ပါသည်။
- သာသနဓဇ ဓမ္မာစရိယဘွဲ့
- သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့
- သာသနဟိတ ဂဏဝါစက ဓမ္မာစရိယဘွဲ့
- B.A (Myanmar), M.A (SriLanka), Ph.D (India) ဘွဲ့ တို့ကို ရရှိခဲ့သည်။
- ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ဆဝါစက ပဏ္ဍိတဘွဲ့တော်ကို ရရှိခဲ့သည်။
- ၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှ ဆက်ကပ်သော အဘိဝံသဘွဲ့တော်ကို ရရှိခဲ့သည်။

www.dhammadownload.com

- ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော **ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တော်** ကို ရရှိခဲ့သည်။
- ဓမ္မဒူတဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်း ဓမ္မဒူတတောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။
- ၂၀၀၄ ခုနှစ်မှ စတင်၍ သထုံမြို့နယ်၊ ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတ သုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်သည်။
- ၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်သည်။
- ၂၀၁၃ ခုနှစ်မှ စတင်၍ ကျိုက်ထိုမြို့တွင် ဓမ္မဒူတတောရသာသနာ့ရိပ်သာကိုတည်ထောင်ဖွင့်လှစ်သည်။
- ၂၀၁၃ ခုနှစ်မှ စတင်၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် အတွင်းတွင် ဓမ္မဒူတအောင်ခြင်းကျောင်းတိုက်အား တည်ထောင်ဖွင့်လှစ်ခဲ့သည်။
- ၂၀၁၆ ခုနှစ်တွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရ သာသနာ့ရိပ်သာ၌ ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။
- ဓမ္မဒူတတောရ သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်၊ ဓမ္မဒူတ ဗုဒ္ဓတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော်အဖြစ် ဆောင်ရွက်ပြီး စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

www.dhammadownload.com

သံသရာကူးသူများရဲ့ နိဗ္ဗာန်သွားတဲ့လမ်း

ဓမ္မဒူတ ဟောစဉ်တရားတော်များ

၁။	ဘာအရေးကြီးဆုံးလဲ	၉
၂။	မြတ်ဗုဒ္ဓရဲ့အယူဝါဒ	၃၀
၃။	နိဗ္ဗာန်သွားတဲ့လမ်း	၅၄
၄။	မမေ့မလျော့နေတဲ့သူ	၇၅
၅။	သံသရာကူးသူများ	၉၇
၆။	ကိုယ့်ရဲ့ကယ်တင်ရှင်	၁၂၂
၇။	ဓမ္မအစွမ်းအံ့မခန်း	၁၄၅
၈။	မနက်ဖြန်ဆိုတာ မသေချာ	၁၇၁
၉။	လူပီသတဲ့လူ	၁၉၆
၁၀။	ဘဝနဲ့ရင်းရတဲ့ဒါန	၂၁၄
၁၁။	မပြေတဲ့ရန်ငြိုး	၂၃၆
၁၂။	သီတင်းကျွတ်တိုင်းမျက်ရည်ဝိုင်း	၂၆၄
၁၃။	အကျင့်မှန်မှအသိမြန်	၂၈၆
၁၄။	အချိန်နောင်းပါက	၃၀၇

www.dhammadownload.com

ဘာအရေးကြီးဆုံးလဲ

လူတိုင်းလူတိုင်းအတွက် ရလာတဲ့ဘဝမှာ အရေးကြီးဆုံးဖြစ်တဲ့ အရေးကြီးဆုံးဆိုတာ ဘာလဲလို့သိဖို့ လိုပါတယ်။ ဘဝလောကထဲမှာ လူတိုင်း လူတိုင်းဟာ လူ့အရေး လူ့ကိစ္စတွေနဲ့ ရှုပ်ထွေးနေကြတော့ ဒီလောကထဲမှာ ရှိနေတဲ့ ကိစ္စတွေကို နှစ်မျိုးနှစ်စား ခွဲခြားပြီးတော့ကြည့်ရင် ကိုယ့်အရေးနဲ့ သူများအရေးလို့ အရေးနှစ်မျိုး တွေ့ရပါလိမ့်မယ်။

အရေးနှစ်မျိုး

သူများအရေးနဲ့ ကိုယ့်အရေးပါ။ တစ်နေ့တစ်နေ့ အကြောင်းတွေများတယ်။ ကိစ္စတွေ များတယ်။ အလုပ်တွေ များတယ်။ အရေးကိစ္စတွေ အားလုံးချုံ့ကြည့်လိုက်ရင် နှစ်မျိုးပါပဲ။ အကျယ်အားဖြင့် ပြောမယ်ဆိုရင် သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလို့ အမျိုးအမည် ခေါင်းစဉ်တွေ များပေမဲ့လို့ တူရာပေါင်းလိုက်ရင် နှစ်မျိုးသာ ရှိပါတယ်။

(သူများအရေး၊ ကိုယ့်အရေး၊ အရေးနှစ်မျိုး ရှိလေသည်။)

သူများအရေးနဲ့ ကိုယ့်အရေးဆိုတာကို တစ်နေ့တစ်နေ့ လူတိုင်းက အရေးကြီးတယ်ထင်တာတွေ လုပ်နေတာပါ။ ကိုယ့်အရေးကို အရေးကြီးဆုံး

www.dhammadownload.com

ထင်ကာ လုပ်နေကြတာပါ။ ပြောတော့ အရေးကြီးတာလုပ်တယ်လို့ ဆိုတယ်။ အလုပ်တွေ များနေတယ်၊ အလုပ်တွေ ရှုပ်နေတယ်လို့လည်း ပြောကြပါတယ်။

ဘယ်သူ့အလုပ်တွေ များနေတာလဲ။ သူများအလုပ်လား၊ ကိုယ့်အလုပ်လားလို့ သေသေချာချာ ကြည့်ရမှာပါ။ သူများ အလုပ်တွေနဲ့ပဲ အချိန်ကုန်နေတာ များတယ်။ မိုးလင်းကမိုးချုပ် လုပ်နေတဲ့အလုပ်တွေ တွက်ကြည့်လိုက်မယ်ဆိုရင် ကိုယ့်အလုပ်ဟာ အင်မတန်မှ နည်းပါတယ်၊ သူများအလုပ်တွေသာ များပါတယ်။

ဒီတော့ မြတ်စွာဘုရားရှင်က သတိပေးတယ်။

သကိစ္စ မနယုဉ္ဇထ။ သကိစ္စံ - မိမိပြုသင့်ပြုထိုက်တဲ့ကိစ္စကို၊ အနယုဉ္ဇထ - ကြိုးစားအားထုတ်ကြပါကုန်လော့။

ကိုယ် လုပ်ရမယ့်အလုပ်၊ ကိုယ့်ရဲ့အရေး၊ ကိုယ့်ရဲ့ကိစ္စကို ဦးစားပေးပြီးတော့ လုပ်ပါလို့ ဘုရားရှင်က အတန်တန် သတိပေးပါတယ်။

သကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ ကိုယ့်ကိစ္စမှန်သမျှကို၊ သကိစ္စံ - မိမိကိုယ်တိုင် ပြုရမယ့် ကိုယ့်ကိစ္စ၊ တရားကိစ္စကို၊ အနယုဉ္ဇထ - အဖန်ဖန်အထပ်ထပ် ကြိုးစားအားထုတ်ကြပါကုန်လော့။

အဲဒီတော့ ကိုယ့်အလုပ်ဆိုတာ ကိုယ့်ကိစ္စဆိုတာ ဘာလဲလို့ ကြည့်လိုက်ရင် တရားအရေး တရားကိစ္စသည် ကိုယ့်အရေး ကိုယ့်ကိစ္စပါ။ အခုလုပ်နေတဲ့အလုပ်၊ တရားအလုပ်သည် ကိုယ့်အလုပ် ကိုယ့်အရေးပါ။

တရားအရေးမှတစ်ပါး အခြားအရေးသည် သူများအရေးပါ။ မိသားစုအရေးကလည်းကိုယ့်အရေးထက်သူများအရေးကပိုပါတယ်။လူမှုရေးဆိုတာကလည်း သူများအရေးပါ။ တခြားတခြား စီးပွားရေးတို့၊ ပညာရေးတို့ဆိုတာလည်း အရေးအကြီးဆုံးတော့ မဟုတ်သေးပါဘူး။

(ကိုယ့်အရေးဟာ၊ အကြီးဆုံးပါ၊ ဦးစွာကိုယ့်ကို ကယ်ရမည်)

ကိုယ့်အရေးသည် လောကမှာ အကြီးဆုံးဖြစ်တဲ့ အရေးပါ။ အရေးကြီးဆုံးဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အရေးကို ဦးစားပေးရပါမယ်။ အရင်ဆုံး ဘယ်သူ့ကယ်ရမှာလဲဆိုရင် ကိုယ့်ကိုယ်ကိုယ် ကယ်ရမှာပါ။

www.dhammadownload.com

ဦးစားပေးရမည့်သူ

ကယ်မယ်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် အရင်ကယ်ပါ။ ကူညီမယ်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် ဦးစားပေးပြီး ကူညီပါ။ စောင့်ရှောက်မယ်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် ဦးစားပေးကာ စောင့်ရှောက်ပါ။ ဘာကြောင့်လဲဆိုရင် ကိုယ့်အရေး ကိုယ့်ကိစ္စသည် လောကမှာ အရေးကြီးဆုံးမို့ပါ။

ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အလုပ် မလုပ်ဘဲနဲ့ တခြားအလုပ်တွေ ဘယ်လောက်ပဲ လုပ်နေလုပ်နေ၊ ဘယ်လောက်ပဲ ရွှပ်နေ ရွှပ်နေ၊ ဘယ်လောက်ပဲ များနေ များနေ အရေးကြီးတာကို မလုပ်ဘဲနဲ့ အရေးမကြီးတာတွေ၊ အရေးမပါတာတွေ လုပ်နေတဲ့သူလို့ ပြောရပါမယ်။ အဲဒီတော့ အရေးကြီးတာက ဘာလဲဆိုရင် ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အရေးပါ။

ဦးစွာ ပထမ ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ်။ ကိုယ်လည်း ဒုက္ခရောက်နေတယ်၊ သူလည်း ဒုက္ခရောက်နေတယ်ဆိုရင် သူ့ဒုက္ခကို ကယ်မလား၊ ကိုယ့်ဒုက္ခကို ကယ်မလား စဉ်းစားရပါမယ်။ ကိုယ့်ဒုက္ခကိုတော့ဖြင့် ကိုယ်က ဂရုမစိုက်ထည့်မတွက်ဘဲနဲ့ သူများဒုက္ခရောက်နေတာကို သနားတယ်၊ ကယ်မယ်ဆိုရင် နည်းလမ်းမကျဘူး၊ မမှန်သေးပါဘူး။ ကိုယ့်အရေးသည် လောကမှာ အရေးကြီးဆုံးဖြစ်လို့ ဦးစွာ ကိုယ့်ကို ကယ်ရပါမယ်။

အခုအနေအထားအရ သာမန်တရားမသိ တရားမမြင်သေးတဲ့သူတွေ၊ သာမန်ပုထုဇဉ်တွေမှာ အပါယ်ဘေးဆိုတာလည်း ရှိတယ်၊ ငရဲဘေးဆိုတာလည်း ရှိတယ်၊ တိရစ္ဆာန်ဖြစ်မယ့်ဘေးတွေလည်း ရှိနေပါတယ်။

အဲဒီအရေးတွေသည် ကြောက်စရာပါ။ ဒီအရေးတွေကို သတိထားပြီးတော့ ဒါ အရေးကြီးတယ်၊ ငါ သတိထားပြီးတော့ ငါ ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ်။ ငါ တိရစ္ဆာန်မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ်။ ငါ ဆင်းရဲဒုက္ခမရောက်အောင် ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ်လို့ အမြဲမပြတ် သတိရနေရမှာပါ။

(အပါယ်လေးဌာန၊ မရောက်ဖူး၊ ဦးစွာ ကိုယ့်ကိုယ်ကိုယ် ကယ်ရမည်)

အပါယ်လေးပါးဘေးက ကင်းလွတ်ရာရအောင် ဦးစွာ ကိုယ့်ကို ကယ်ရပါမယ်။ ကြောက်စရာ အပါယ်ဘေးဆိုတာ တရားမသိမမြင်သေးသူမှာ ရှိနေပါ

www.dhammadownload.com

တယ်။ တစ်နေ့တစ်နေ့ သူများအရေး သူများကိစ္စနဲ့ အလုပ်တွေ ရှုပ်နေတယ် ဆိုရင်အပါယ်ကျတဲ့အချိန်မှာ သူများတွေက ကိုယ့်ကို မကယ်နိုင်ပါဘူး။ သူများတွေက ကိုယ့်ကိုမကယ်နိုင်တဲ့ဘေး၊ ဘာဘေးလဲဆိုရင် အပါယ်ဘေးပါ။

မိဘနဲ့သားသမီး သိပ်ကို ချစ်ကြ၊ ခင်ကြပါတယ်။ အပါယ်ကျမယ့်ဘေး ကို မိဘကလည်း သားသမီးကို ကယ်နိုင်ရဲ့လား၊ သားသမီးကလည်း မိဘကို ကယ်နိုင်ရဲ့လား။ ဘယ်သူကမှ ဘယ်သူ့ကို မကယ်နိုင်ကြပါဘူး။

လူတိုင်းကြုံရမယ့်ဘေး

ဘယ်သူမှ မကယ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ကယ်ရပါမယ်။ အိုဘေး၊ နာဘေး၊ သေဘေးဆိုတာတွေလည်း ရှိနေတယ်။ အိုနာသေဘေးတွေ တွေ့ကြုံတဲ့အခါမှာ မိဘကလည်း သားသမီးကို မကယ်နိုင်၊ သားသမီးကလည်း မိဘကို မကယ်နိုင်ဘူး။ အခု မျက်စိရှေ့မှာ မြင်နေရတဲ့ဘေး၊ ခုလောလော ဆယ်ဆယ် ကြုံနေ၊ တွေ့နေတဲ့ဘေးတွေကို တွေးကြည့်လိုက်မယ်ဆိုရင် အိုဘေး ရှိတယ်၊ နာဘေး ရှိတယ်၊ သေဘေးတွေ ရှိပါတယ်။

တစ်နေ့တစ်နေ့ အိုတဲ့ဘက်ကို သွားနေတယ်၊ အိုလာကြတယ်။ နာခြင်း တရားဆိုတာလည်း ကျိန်းသေဖကန် တွေ့ဦးမယ်၊ ကြုံဦးမယ်၊ သေခြင်းဆိုတာ ကလည်း ကျိန်းသေဖကန် စောင့်ဆိုင်းနေတယ်။

မိဘနဲ့ သားသမီး အင်မတန်မှ ချစ်ကြခင်ကြတယ်၊ မိဘက သားသမီး ချစ်တယ်၊ သားသမီးကလည်း မိဘချစ်တယ်။ ဇနီးခင်ပွန်းတွေ ဇနီးကလည်း ခင်ပွန်းကို ချစ်တယ်၊ ခင်ပွန်းကလည်း ဇနီးကို ချစ်တယ်။ ညီအစ်ကို မောင်နှမ တွေ တစ်ဦးနဲ့တစ်ဦး ချစ်ကြခင်ကြတယ်၊ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟ တွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်တယ်။ ဒါပေမဲ့လို့ အဲဒီလို အိုဘေး ကြုံတဲ့အခါမှာ ဘယ်သူကမျှ ဘယ်သူ့ကို မကယ်နိုင်ဘူး၊ မအိုပါစေနဲ့ ပြောလို့ မရပါဘူး။ တားပေးလို့လည်း မရပါဘူး။ ကယ်လို့လည်း မရပါဘူး။

ဒီတိုင်းပါပဲ။ ဘဝမှာ နာဘေးဆိုတာလည်း ရှိပါတယ်။ ခုနေခါမှာတော့ သွားနိုင်သေးတယ်၊ စားနိုင် သောက်နိုင်သေးတယ်၊ ကျန်းမာသေးတယ်။ ဒါပေမဲ့လို့ တစ်ချိန်ချိန်မှာ ဒီကျန်းမာရေးတွေ ချို့ယွင်းပြီးတော့ အနာရောဂါ

www.dhammadownload.com

တွေ ဖြစ်လာ ရောက်လာမှာပါ။ ခန္ဓာကိုယ်မှာ အနာရောဂါတွေ ရောက်တဲ့ အချိန် ကြုံကြ တွေ့ကြမှာပါ။ မလွဲမသွေ နာဘေးကြုံရပါဦးမယ်။

နာဘေးတွေ့ကြုံတဲ့အချိန်မှာ နာဘေးခံစားနေရချိန်မှာ ဘယ်သူကမျှ ဘယ်သူ့ကို မကယ်နိုင်ပါဘူး၊ ကယ်နိုင်လား။ "သူမှာ ခံစားနေရတဲ့ အနာရောဂါ တွေ ကြီးမားလွန်းလို့၊ ပြင်းထန်လွန်းလို့ သနားစရာကောင်းလိုက်တာ၊ ငါပဲ ဒီရောဂါတွေ ခံလိုက်ချင်တယ်၊ ငါပဲ ဒီဒုက္ခတွေကို ယူလိုက်ချင်တယ်" ဆိုလို့ ခံလို့၊ ယူလို့ မရပါဘူး။ နာဘေး ကြုံချိန်မှာလည်း ဘယ်သူကမျှ ဘယ်သူ့ကို မကယ်နိုင်ပါဘူး။ သေဘေးနဲ့ တွေ့ကြုံလာတဲ့အချိန်ခါကြည့်ပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျိန်းသေဖောက် လူတိုင်းလူတိုင်း သေရမှာပါ။ မသေရတဲ့သူ၊ မသေဘဲနဲ့ လောကမှာ ကျန်တဲ့သူဆိုတာ မရှိပါဘူး။

ဘယ်သူမဆို သေခြင်းတရားနဲ့ တွေ့ကြုံမယ်။ ဒါလည်း ကြီးမားတဲ့ ဒုက္ခ တစ်ခုပါ။ သေဘေးကြုံတဲ့အချိန်မှာ သားသမီးကလည်း မိဘကို မကယ်နိုင်၊ မိဘကလည်း သားသမီးကို မကယ်နိုင်၊ ခင်ပွန်းကလည်း ဇနီးကို မကယ်နိုင်၊ ဇနီးကလည်း ခင်ပွန်းကို မကယ်နိုင်ဘူး။ ဆွေမျိုးသားချင်း ညီအစ်ကို မောင်နမ တွေကလည်း တစ်ဦးက တစ်ဦးကို မကယ်နိုင်ဘူး။ အဲဒီတော့ ဒီလိုဘေးဒုက္ခ တွေ ရှိနေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့သည် အရေးကြီးဆုံးပါ။

အိုဘေးကလည်း ကယ်တင်စရာ လိုသေးတယ်။ အိုဘေးကလည်း ကိုယ့်ကိုယ်ကိုယ် ကယ်ရဦးမယ်။ ဒီဘဝလည်း အို၊ နောက်ဘဝရပြန်တော့ လည်း အိုခြင်းတရားဆိုတာ ရှိဦးမှာပဲ။ နောက်တစ်ဘဝ ရောက်တော့လည်း နာဦးမှာပဲ။ နောက်တစ်ဘဝရောက်တော့လည်း သေဦးမှာပဲ။ ဘဝတွေ ဆက်ခါ ဆက်ခါနဲ့ ရသမျှ ဘဝတိုင်းဘဝတိုင်းမှာ အိုခြင်းတရားတွေ မကင်းပါဘူး၊ နာခြင်းတရား သေခြင်းတရားတွေ မကင်းနိုင်ပါဘူး။ ဒီအိုနာသေတရားတွေ မကင်းတဲ့သူတွေ အချင်းချင်းကယ်မယ်ဆိုရင် သူများကို ကယ်ရမှာလား၊ ကိုယ့်ကိုယ်ကိုယ် ကယ်ရမှာလား၊ စဉ်းစားရမှာပါ။

ကိုယ့်အရေးနဲ့ သူများအရေးမှာ ဘယ်အရေးကို ဦးစားပေးရမလဲ။ ကိုယ့်အရေး ဦးစားပေးပါ။ လက်ရှိဖြစ်နေကြပုံက ကိုယ့်အရေး ဦးစားမပေးဘူး၊ သူများအရေးကို ဦးစားပေးနေတယ်။

www.dhammadownload.com

ကိုယ့်အရေး ကိုယ့်ကိစ္စ၊ ကိုယ့်အလုပ် ကိုယ်လုပ်မယ်၊ အိုဘေး နာဘေး သေဘေးတွေက လွတ်မြောက်အောင်၊ အပါယ်ဘေးက လွတ်မြောက်အောင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်မယ်ဆိုတဲ့ ကိစ္စကို မအားသေးဘူး၊ မလုပ်နိုင်သေးဘူး၊ ဟိုအလုပ်ရှိသေးတယ်၊ ဒီအလုပ် ရှိသေးတယ်၊ ဟိုကိစ္စ ဒီကိစ္စတွေ ရှိသေးတယ်၊ ဟိုအရေး ဒီအရေးတွေ ရှိသေးတယ်ဆိုပြီးတော့ ကိုယ့်အရေးကိုတော့ နောက်တန်းပို့တယ်၊ သူများအရေးတွေကိုတော့ ရှေ့တန်းတင်တယ်။ အဲဒီတော့ မှန်လား မှားလား ကိုယ့်လုပ်ရပ် ကိုယ်ကြည့်ပါ။

မှားယွင်းတဲ့လုပ်ရပ်ကို သိမြင်လို့မြတ်စွာဘုရားက "**သကိစ္စမနုယုဉ္ဇထ**" ကိုယ့်ကိစ္စကို ကိုယ်လုပ်၊ ကိုယ့် အလုပ်ကို ကိုယ်လုပ်လို့ ပြောတာပါ။

(အပါယ်လေးရွာ၊ မရောက်ဖူး၊ ဦးစွာကိုယ့်ကိုကိုယ် ကယ်ရမည်)

အပါယ်မကျအောင် ဘယ်သူက ကယ်မှာလဲ၊ ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ်။ တခြားတခြား တန်ခိုးရှိတဲ့သူတွေကလည်း မကယ်နိုင်ပါဘူး။

နတ်သိကြားတွေကလည်း မကယ်နိုင်ပါဘူး။

ဘုရားသခင်ကလည်း မကယ်နိုင်ပါဘူး။

အပါယ်ကျမယ့်ဘေး မကျရအောင် ကိုယ့်ကိုယ်ကိုယ်ပဲ ကယ်ရမယ်။ ပုထုဇဉ်တွေမှာ ကြောက်စရာအကောင်းဆုံးဘေး ပြောပါဆိုရင် ဒီဘဝကနေ နောင်ဘဝ ကူးပြောင်းတဲ့အချိန်မှာ အပါယ်ဘေးဆိုတာ အသေချာ အထင်ရှားကို ရှိနေပါတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝတွေ စောင့်ကြိုနေပါတယ်။

လောဘနဲ့သေ ပြိတ္တာပြည်

ငရဲဘဝဆိုတာလည်းရှိတယ်၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ ဆိုတာလည်း ရှိတယ်။ သာမန်လူသားတစ်ယောက်၊ တရားမသိမမြင် တရားမရသေးတဲ့ လူတစ်ယောက်သည် ငရဲလည်း ကျနိုင်တယ်၊ တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်၊ ပြိတ္တာဘဝလည်း ဖြစ်နိုင်ပါတယ်။ ဒီအပါယ်လေးဘုံ မရောက်အောင် ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ်။

www.dhammadownload.com

(လောဘနှင့်သာ ခင်သေရှာ သေခါပြိတ္တာ ဖြစ်လေမည်)

လောဘနဲ့သေရင် ဘာဖြစ်မလဲ။ လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်။ လောဘဆိုတာ ပဋိစ္စသမုပ္ပါဒ်ဒေသနာနဲ့ ပြောမယ်ဆိုရင် တဏှာပါ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာမှာ လောဘကို တဏှာဆိုတဲ့ စကားလုံးနဲ့ ဘုရားရှင်က သုံးတယ်။ တဏှာလောဘဆိုတာ ဘာပြောတာလဲဆိုရင် ခင်မင်တာပါ။

ခင်မင်တာလည်း တဏှာလောဘ၊ တပ်မက်တာ လိုချင်တာလည်း တဏှာလောဘ၊ စွဲလမ်းတယ်ဆိုတာလည်း တဏှာလောဘပါ။ ကိုယ့်မှာ ပြန်တွက်ကြည့်ရင် ခင်မင်မှုလည်း ရှိပါတယ်။ တပ်မက်မှု၊ လိုချင်မှုတွေလည်း ရှိပါတယ်။ စွဲလမ်းမှုတွေလည်း ရှိပါတယ်။ ရှိနေတော့ အဲဒီလောဘစိတ်နဲ့ သေသွားရင် ဘယ်ရောက်မှာလဲ။ ပြိတ္တာဖြစ်ဖို့ များပါတယ်။

ပြိတ္တာဘဝဆိုတာ အင်မတန် ဆင်းရဲတဲ့ဘဝပါ။ မစားရ၊ မသောက်ရ၊ ထမင်းတစ်လုံး ရဖို့အရေး၊ ရေတစ်ပေါက် ရဖို့အရေး အကြီးအကျယ် ဒုက္ခခံရတဲ့ ဘဝပါ။ တစ်သက်လုံး တစ်ဘဝလုံး နှစ်ပေါင်းများစွာ နှစ်တွေ ထောင်သောင်းသိန်းသန်းချီပြီးတော့ အငတ်ငတ်အပြတ်ပြတ်နဲ့ နေရတဲ့ဘဝ၊ ညှိုးနွမ်းကာ ဆင်းရဲနိမ့်ကျနေတဲ့ ပြိတ္တာဘဝပါ။

အဲဒီဘဝမျိုးကို ဘယ်သူမှ မရောက်ချင်ဘူး၊ ဘယ်သူမှ မသွားချင်ဘူး။ ပြိတ္တာဆိုတာ ကြောက်စရာ၊ လန့်စရာပါ။ သာမန်လူတစ်ယောက်ရဲ့ အမြင်မှာ ကြည့်မယ်ဆိုရင် ရုပ်ဆိုးပန်းဆိုးနဲ့ ပိန်ချုံးခြောက်ကပ်ပြီးတော့ မည်းသည်းပြီး သူ့ကို မြင်လိုက်တာနဲ့ ကြောက်ကြ၊ လန့်ကြတဲ့ ဘဝဆိုးမျိုးပါ။ အဲဒီဘဝမျိုးကို ရောက်ချင်တဲ့သူ မရှိဘူး။ မရောက်ချင်ပါဘူး။

ဒါပေမဲ့လို့ ပြိတ္တာဘုံဘဝမှာတဲ့ မြောက်များစွာသော သူတွေရှိတယ်။ ပြိတ္တာတွေ မရေနိုင်မတွက်နိုင်အောင် အများကြီးရှိပါတယ်။ လူ့လောကမှာ လူတွေ အများအပြားရှိသလို၊ မြို့တွေ ရွာတွေနဲ့ နေကြသလို ပြိတ္တာတွေလည်း ထောင်သောင်းသိန်းသန်း ချီပြီးတော့ ရှိနေပါတယ်။

ဘာကြောင့် ပြိတ္တာဘုံဘဝ ရောက်ရသလဲလို့ ဘုရားရှင် အဖြေရှာပေးတယ်။ လောဘကြောင့် ပြိတ္တာဖြစ်ရတယ်။ ခင်မင်တွယ်တာတဲ့ တဏှာလောဘကို မပယ်နိုင်ရင် ခင်မင်မှု၊ တွယ်တာမှု၊ စွဲလမ်းမှုနဲ့သာ သေဆုံးမယ်

www.dhammadownload.com

ဆိုရင် ပြိတ္တာဖြစ်မှာ သေချာတယ်။ ခင်မင်မှုတွေနဲ့သေရင် တပ်မက်မှုတွေနဲ့ သေရင်ပြိတ္တာဖြစ်မယ်။ စွဲလမ်းမှုနဲ့ သေရင်ပြိတ္တာဖြစ်မယ်။ အဲဒီတော့ ကိုယ့်မှာ ပြန်တွက်ကြည့်ပါ။ ငါတို့မှာ ခင်မင်မှုတွေလည်း အများကြီးရှိတယ်။ တပ်မက်မှုတွေလည်း ရှိတယ်။ စွဲလမ်းမှုတွေလည်း ရှိပါတယ်။

ငြင်းလို့မရဘူး။ ကိုယ့်မှာ ခင်မင်တွယ်တာ တပ်မက်တဲ့စိတ် ဘယ်လောက်များသလဲဆိုတာ တရားအားထုတ်ကြည့်တဲ့အခါမှာ သိသာတယ်။ ကိုယ်တရားအားထုတ်ပြီ၊ တရားနှလုံးသွင်းပြီဆိုရင် ဟိုသတိရ၊ ဒီသတိရ ဖြစ်နေတယ်။ အိမ်ကို စိတ်က ပြန်ရောက်သွားလိုက်၊ လုပ်ငန်းထဲ ပြန်ရောက်သွားလိုက်၊ ပစ္စည်းအာရုံတွေပေါ် ရောက်သွားလိုက်၊ သားသမီးအာရုံတွေပေါ် ရောက်သွားလိုက်ဆိုတာ ခင်လို့လား၊ မခင်လို့လားဆိုရင် ခင်လို့ပါ။ စွဲလို့လား၊ မစွဲလို့လားဆိုရင် စွဲလို့ပါ။

စွဲလမ်းနေကြတယ်။ ခင်စွဲမင်စွဲ ဘယ်လောက်များလဲ သေသေချာချာ ပေါ်လာတယ်။ တရားအားထုတ်ကြည့်လိုက်ရင် လောဘ ဘယ်လောက်များတယ်၊ ခင်မင်တွယ်တာတတ်တဲ့ တဏှာလောဘ ဘယ်လောက်အားကြီးလဲ အားကောင်းလဲဆိုတာ ပေါ်လာတယ်။ လောဘစိတ်နဲ့သာ သေသွားရင်တဲ့၊ ဘာဖြစ်မှာလဲ၊ ပြိတ္တာဖြစ်ပါလိမ့်မယ်။ ခင်မင်မှုနဲ့ သေမယ်ဆိုရင် ပြိတ္တာဖြစ်မှာ သေချာတယ်။ အဲဒီတော့ ဒီပြိတ္တာဖြစ်မယ့်အရေး ကိုယ့်မှာ သေသေချာချာ ရှိနေတော့ ဒီအရေးဟာ သူများအရေးလား၊ ကိုယ့်အရေးလားမေးရင် ကိုယ့်အရေးပါ။

ပြိတ္တာဖြစ်မယ်။ ငါ ပြိတ္တာမဖြစ်အောင်လို့ အားထုတ်ဦးမှပဲ။ သေတဲ့အချိန်အခါ ပြိတ္တာဘဝကို ငါရောက်ရင် ဆင်းရဲဒုက္ခတွေ ဖြစ်နေလိမ့်မယ်။ အပါယ်ဒုက္ခက လွတ်မြောက်အောင် ငါ ကြိုးစားအားထုတ်မှ တော်မယ်လို့ ဆင်ခြင်တတ်ရမှာပါ။

တရားအားထုတ်တယ်ဆိုတာ ပြိတ္တာဘဝက လွတ်အောင်ပါ။ အပါယ်လေးဘုံက ဘယ်သူတွေ လွတ်ကြသလဲဆိုရင် အနိမ့်ဆုံး တရားဓမ္မ ကျင့်ကြံအားထုတ်လို့ တစ်မဂ်တစ်ဖိုလ်လောက် ရသွားပြီဆိုတဲ့ သောတာပန် ပုဂ္ဂိုလ် အဆင့်လောက်ရောက်မှ လွတ်တယ်။ အပါယ်ဘေးက စိတ်ချရတယ်။

www.dhammadownload.com

စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော - တဲ့၊ အပါယ်လေးဘုံကနေ လွတ်သွားတယ်ဆိုတာသည် သောတာပန် အရိယာပါတဲ့။ သာမန်ပုထုဇဉ်တွေမှာ အပါယ်လေးပါး မလွတ်သေးဘူး၊ အပါယ်တံခါး ဟင်းလင်းပွင့်နေတယ်။ လောဘစိတ်နဲ့သာ သေဆုံးကွယ်လွန်ရင် အပါယ်ဘုံကို ရောက်သွားနိုင်တယ်၊ ကျရောက်နိုင်တယ်။

တစ်နေ့တစ်နေ့ ကိုယ့်မှာလည်း ဒီလောဘ၊ ခင်မင်တွယ်တာ တပ်မက်တဲ့ လောဘစိတ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်နေတယ်။ တစ်နေ့တစ်နေ့ အကြိမ်ပေါင်းများစွာ ဖြစ်နေတယ်။ တစ်ကြိမ်တည်း မဟုတ်ဘူး။ တစ်ခါတစ်လေ မဟုတ်ဘူး။

တွက်စစ်ကြည့်လိုက်ရင် ခင်မင်တဲ့စိတ်အကြိမ်ပေါင်းများစွာ၊ တပ်မက်တဲ့စိတ်၊ စွဲလမ်းတွယ်တာနေတဲ့ စိတ်တွေနဲ့ အကြိမ်ပေါင်းများစွာ ဖြစ်နေကြတော့ ဒီစိတ်ဖြစ်နေရင်းနဲ့၊ ဒီလောဘစိတ်တန်းလန်းနဲ့သာ သေသွားခဲ့ရင် ဘယ်ရောက်မလဲ။ ပြိတ္တာဘုံဘဝကို ရောက်မယ်။ ပြိတ္တာဖြစ်မယ့်အရေးက လွတ်မြောက်အောင် ကယ်တဲ့အလုပ်၊ ကယ်တဲ့အရေးသည် သူများ အရေးမဟုတ်ပါဘူး။ ကိုယ့်အရေးပါ။ ပြိတ္တာမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့ အရေးကြီးပါတယ်။ လောဘနဲ့ သေရင် ပြိတ္တာဖြစ်လိမ့်ယ်။

ဒေါသနဲ့သေ ငရဲပြည်

(ဒေါသနဲ့သာ၊ စိုးရိမ်ကာ၊ သေခါငရဲ ရောက်လေမည်)

ဒေါသစိတ်နဲ့သာ စိုးရိမ်ကြောင့်ကြနဲ့သာ သေဆုံးကွယ်လွန်မယ်ဆိုရင် ဒေါသနဲ့သေရင် ငရဲပြည် သေချာတယ်။ ဒေါသနဲ့ သေရင် ငရဲပြည်ရောက်သွားပါမယ်။

ဘုရားရှင်က သေသေချာချာ တွက်ချက်ပြပြီးသားပါ။ သတ္တဝါတွေ သေပြီးနောက် ရောက်ရမည့်လမ်းကြောင်းတွေကို ဘုရားရှင်က ဟောပြထားပြီးသားပါ။

www.dhammadownload.com

လောဘအားကြီးတဲ့သူတွေ၊ လောဘအားကောင်းတဲ့သူတွေ၊ လောဘအဖြစ်များတဲ့သူတွေ၊ လောဘစိတ်နဲ့သာ သေမယ်ဆိုရင် ပြိတ္တာပြည်ကို သွားလိမ့်မယ်။ ပြိတ္တာဘဝကို ရောက်လိမ့်မယ်။

ဒေါသအားကြီးမယ်၊ ဒေါသအားကောင်းမယ်၊ ဒေါသနဲ့သာ စိုးရိမ်ကာ သေဆုံးကွယ်လွန်မယ်ဆိုရင် ငရဲကျလိမ့်မယ်။

ငရဲကျတယ်ဆိုတာ ဒေါသစိတ်နဲ့ သေလို့ပါ။ ငရဲသူ ငရဲသားဘဝဆိုတာ အချိန်တိုင်း အချိန်တိုင်း နှိပ်စက်ခံနေရတဲ့ဘဝဆိုးပါ။ မိနစ်နဲ့အမျှ စက္ကန့်နဲ့အမျှ အဲဒီငရဲဘဝက မလွတ်မချင်း၊ ဆင်းရဲဒုက္ခတွေ သက်သာခွင့်ဆိုတာ နည်းနည်းမျှ မရှိပါဘူး။ အချိန်တိုင်း အချိန်တိုင်းမှာ ဆင်းရဲဒုက္ခတွေ ခံစားနေရတယ်၊ နှိပ်စက်ခံနေရတယ်၊ နည်းလမ်းမျိုးစုံနဲ့ ပင်ပန်းဆင်းရဲ နေရတဲ့ဘဝသည် ငရဲဘဝပါ။ ငရဲကျချင်တဲ့သူ မရှိပေမဲ့လည်း ငရဲပြည်မှာ လူတွေက ပြည့်လို့ပါ။ ငရဲသားတွေ ငရဲသူတွေအပြည့် ရှိနေတယ်။ ဘာဖြစ်လို့ အဲဒီလောက် များများစားစား သောသူတွေ ငရဲကျနေတာလဲဆိုရင် ဒေါသနဲ့ သေသွားကြလို့ပါ။

ဒေါသနဲ့ သေသွားတဲ့အတွက်ကြောင့် သူ သွားရမယ့်လမ်းကြောင်းက သူ့ရှေ့မှာ တန်းနေပြီတဲ့။ တန်းတန်းမတ်မတ်ကြီး သွားပြီ။ ဒေါသနဲ့ သေရင် ငရဲပြည် သွားမယ်။ ဒေါသဆိုတာ ကြောက်လန့်တာ၊ စိုးရိမ်တာပါ။ တချို့ကုသိုလ်ကောင်းမှုမရှိတဲ့သူတွေ သေခါနီးအချိန်ကျရင် သိပ်ကို ကြောက်ကြ၊ လန့်ကြတယ်။ သေရတော့မယ်လို့ သိတဲ့အချိန်မှာ တချို့ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ဘာမှလည်း အာရုံမပြုနိုင်၊ ကုသိုလ်တရားလည်း နှလုံးမသွင်းနိုင်တော့ဘူး၊ ငါသေတော့မယ်၊ ငါသေတော့မယ်လို့ ကြောက်လန့်ပြီး သေသွားတဲ့သူတွေဟာ ဘာနဲ့သေတာလဲဆိုရင် ဒေါသနဲ့ သေတာပါ။

ကြောက်လန့်သေတာသည် ဒေါသနဲ့ သေတာ။ ဒေါသကြီးတဲ့သူတွေ ဒေါသအဖြစ်များတဲ့သူတွေ၊ သေမယ်ဆိုရင် သူသည်လည်း ဒေါသစိတ်နဲ့ သေဖို့များတယ်။ တစ်ချိန်လုံးလိုလို ဒေါသဖြစ်နေတဲ့သူသည် သေရင်လည်း ဒေါသစိတ်နဲ့ သေဖို့သာ များပါတယ်။

ကိုယ့်မှာ လောဘတွေ အားကောင်းနေမယ်၊ လောဘအဖြစ်များမယ်၊ တစ်ချိန်လုံး လိုချင်လောဘစိတ်တွေနဲ့ နေတယ်။ မိုးလင်းလာလည်း လောဘ

www.dhammadownload.com

နဲ့၊ နေ့ခင်းဘက်လည်း လောဘနဲ့၊ အိပ်ရာဝင်တဲ့ အချိန်ခါကျတော့လည်း လောဘနဲ့။ တစ်နေ့လုံး လောဘဖြစ်နေတဲ့သူ သေချိန်ကျရင် လောဘစိတ်နဲ့ပဲ သေဖို့များပါတယ်။ လောဘနဲ့သေတော့ ဘယ်ဘဝရောက်မှာလဲ။ ပြိတ္တာဘဝ ရောက်မှာပါ။

တချို့ဒေါသကြီးတဲ့သူတွေ၊ ဒေါသအားကောင်းတဲ့သူတွေ၊ ဒေါသနဲ့နေ၊ ဒေါသနဲ့သာ သေမယ်ဆိုရင် ငရဲကျဖို့များတယ်။ အဲဒီအခါကျတော့မှ ငရဲမသွားချင်ဘူး၊ အင်မတန် ဆင်းရဲနိမ့်ကျတဲ့ ငရဲဘဝကို ကြောက်ပါတယ်၊ လန့်ပါတယ်၊ မရောက်ချင်ဘူးဆိုလို့ မရဘူး။ ကိုယ့်ဒေါသက ကိုယ့်ကို ငရဲပို့တာပါ။ ခုနပြိတ္တာဘဝကို ပို့လိုက်တာလည်း သူများက ပို့တာမဟုတ်ပါဘူး၊ ကိုယ့်လောဘက ပို့တာပါ။

ကိုယ့်ဒေါသက ကိုယ့်ကို ငရဲပို့တယ်၊ ကိုယ့်လောဘက ကိုယ့်ကို ပြိတ္တာပြည် ပို့တယ်ဆိုတော့ ဒီအပါယ်ငရဲဘေးက ကယ်ဖို့ဆိုတာကလည်း ကိုယ့်အရေးပါ။ သိပ်ကို အရေးကြီးပါတယ်။

သေခြင်းတရားဆိုတာ အချိန်မရွေး ရှိတယ်။ ဘယ်အချိန် ဘယ်ကာလ သေရမယ်ဆိုတာလည်း မသိဘူး၊ ဘယ်နေရာ သေမယ်ဆိုတာလည်း မသိနိုင်ဘူး၊ ဘယ်ပုံဘယ်လမ်း ဘယ်နည်းလမ်းနဲ့ သေရမယ်ဆိုတာလည်း မသိနိုင်ဘူး။

သေရမယ့် အချိန်ခါကာလမှာ နှလုံးသွင်းကောင်းစေဖို့၊ အခု တရားအလုပ်ကို အားထုတ်ထားရမယ်။ အခု တရားနဲ့ နေတယ်ဆိုတာ ကုသိုလ်စိတ်လေးနဲ့နေတဲ့ အလေ့အကျင့်လေး လုပ်ပေးနေတာပါ။ တစ်နေ့တစ်နေ့ အားထုတ်နေတယ်၊ လေ့ကျင့်နေတယ်။ ဒီကုသိုလ်စိတ် စွဲမြဲရင် ကုသိုလ်များတဲ့သူက ကုသိုလ်နဲ့ ဆေပါတယ်။ အကုသိုလ်များတဲ့သူက အကုသိုလ်နဲ့ သေပါမယ်။ ဘယ်အချိန်သေမယ်ဆိုတာ တွက်ထားလို့မရတော့ သူ့စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ သိလို့မရပါဘူး။

လောဘကြီးတဲ့သူကတော့ လောဘဖြစ်ဖို့များတယ်။ ဒေါသကြီးတဲ့ သူက ဒေါသဖြစ်ဖို့များတယ်။ တချို့ကျတော့ လောဘလည်းမကြီးပါဘူးတဲ့၊ ဒေါသလည်း မများပါဘူးတဲ့။ ဒါပေမဲ့လို့ မောဟများတဲ့သူတွေ ရှိပါသေးတယ်။

www.dhammadownload.com

မောဟနဲ့သေ တိရစ္ဆာန်ပြည်

(မောဟနဲ့သာ၊ တွေဝေကာ၊ သေခါ တိရစ္ဆာန် ဖြစ်ပေမည်)

တိရစ္ဆာန်ဘာကြောင့်ဖြစ်လဲ။ မောဟကြောင့် ဖြစ်ရပါတယ်။ လောဘ ရယ်၊ ဒေါသရယ်၊ မောဟရယ် စိတ်သုံးမျိုးက အကုသိုလ်စိတ်တွေပါ။ လောဘ ကလည်း အကုသိုလ်မကောင်းမှု၊ ဒေါသကလည်း မကောင်းမှု အကုသိုလ်၊ မောဟကလည်း အကုသိုလ်ပါ။ အကုသိုလ်ဆိုတာ မကောင်းကျိုးပေးပါ တယ်။ခုလက်တွေ့ပြနေပြီ။မကောင်းကျိုးတွေပေးနေပြီ။လောဘမကောင်းမှု အကုသိုလ်ကြောင့် လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်၊ ဒေါသနဲ့ သေရင် ငရဲကျ မယ်၊ မောဟနဲ့သာ သေဆုံးကွယ်လွန်မယ်ဆိုရင် တိရစ္ဆာန်ဖြစ်ပါမယ်။

တိရစ္ဆာန်ဘဝ ကြည့်လိုက်ပါ။ ကြီးနိုင်ငယ်ညှဉ်းနိုင်ရာစားတဲ့ လောက ပါ။ တစ်ကောင်နဲ့တစ်ကောင် နိပ်စက်ညှဉ်းပန်းနေကြ တစ်ကောင်နဲ့တစ် ကောင် ဦးသူက ဖမ်းဆီးစားသောက်နေကြ ဒုက္ခရောက်နေတဲ့ ဘဝပါ။ အသိ ဉာဏ်ဆိုတာလည်း ဘာမျှမရှိတဲ့ဘဝပါ။ သူတို့မှာ ဘာအသိမျှ မရှိဘူး၊ အိပ် မယ်၊ စားမယ်၊ ပျော်ချိန်မှာ ပျော်လိုက်မယ်။ အိပ်ဖို့ စားဖို့ ပျော်ဖို့ကိုသာ သိတဲ့ တိရစ္ဆာန်ဘဝသည် အောက်တန်းကျတဲ့ဘဝ၊ အသိဉာဏ်အဆင့်အတန်းတွေ နိမ့်ကျတဲ့ဘဝပါ။ ဒီဘဝမျိုးရောက်ချင်လားလို့မေးရင် ဘယ်သူမျှမရောက်ချင် ဘူး။

မရောက်ချင်ပေမဲ့လို့ တိရစ္ဆာန်တွေ လောကမှာ အများကြီးပါ။ ပိုးမွှား တိရစ္ဆာန် အရေအတွက်ကြည့်လိုက်ရင် လူ့အရေအတွက်ထက် များတယ်။ အဲဒီကမ္ဘာလောကကြီးတစ်ခုလုံးမှာရှိတဲ့ လူဦးရေနဲ့ တိရစ္ဆာန်အရေအတွက် ယှဉ်ကြည့်၊ တိရစ္ဆာန်နဲ့လူ တိရစ္ဆာန်တွေက ပိုများပါတယ်။ ခြင်္သေ့တွေ၊ ပုရွက် ဆိတ်လေးတွေ၊ ခြင်တွေ၊ ယင်တွေ မရေနိုင်မတွက်နိုင်အောင် များပါတယ်။ ဒီဘဝမျိုး ဘာကြောင့်ရောက်သလဲဆိုရင် မောဟကြောင့် ရောက်တာပါ။

မသိနားမလည်တဲ့မောဟ၊ တွေဝေတဲ့မောဟ၊ မိုက်မဲတဲ့မောဟ၊ အဲဒီ မောဟကို ဒီစက်ဝိုင်းဒေသနာ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောမယ်ဆိုရင် မောဟဆိုတာ သည် အဝိဇ္ဇာပါ။ မောဟဆိုတာ သိသင့်တာ ဘာမှမသိနားမလည်ဘူး၊ သစ္စာ လေးပါးတရားကို မသိပါဘူး။ ဒီတော့ သစ္စာလေးပါးတရားကို မသိတဲ့သူ မှန်

www.dhammadownload.com

သမျှ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ခြင်းမရှိတဲ့သူ မှန်သမျှမှာ မောဟဆိုတာ ရှိနေပါတယ်။

လူတို့မှာ မကောင်းတာဆိုတာ မပယ်ရသေးရင် အကုန်ရှိတယ်။ မောဟလည်း ရှိတယ်။ လောဘလည်း ရှိတယ်၊ ဒေါသလည်း ရှိတယ်။ အဲဒီတော့ မောဟနဲ့ သေမလား၊ ဒေါသနဲ့ သေမလား၊ လောဘနဲ့ သေမလားလို့ ဘယ်ဟာနဲ့ သေမယ် လို့ ပြောလို့ မရပါဘူး။

လောဘနဲ့လည်း သေနိုင်တယ်၊ ဒေါသနဲ့လည်း သေနိုင်တယ်၊ မောဟနဲ့လည်း သေနိုင်တယ်။ လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်၊ ဒေါသနဲ့သေရင် ငရဲကျမယ်၊ မောဟနဲ့သေရင် တိရစ္ဆာန်ဖြစ်မယ်၊ ဘယ်ဟာ ကောင်းလဲ။

ဘယ်ဟာမျှ မကောင်းဘူး။ ဘယ်ဟာဖြစ်ချင်လဲ၊ ဘယ်ဟာမျှ မဖြစ်ချင်ရင် ခုနက အကုသိုလ် လောဘ ဒေါသ မောဟတွေ ကိုယ့်သန္တာန်မှာ မရှိအောင် အားထုတ်မှ ဖြစ်မယ်။ လောဘတွေ ကြီးချင်တိုင်း ကြီးနေတယ်၊ ပြိတ္တာတော့ မဖြစ်ချင်ဘူးဆိုလို့ မရပါဘူး။

မထိန်းနိုင်ရင်

လောဘကြီးတဲ့သူတွေ ဘာဖြစ်ဖို့များလဲ။ ပြိတ္တာဖြစ်ဖို့ များတယ်၊ ဒေါသစိတ်တွေဖြစ်တဲ့အခါမှာ ထိန်းလို့သိမ်းလို့ မရဘူး၊ ထစ်ခနဲဆို ဆူပူဖို့၊ သောင်းကျန်းဖို့၊ ဆဲဆိုဆူပူကြိမ်းမောင်းရိုက်နှက်ဖို့၊ အင်မတန်မှတိုက်တွန်းအားပေးတဲ့ ဒေါသပါ။ ဒီလိုဒေါသစိတ်တွေ သိပ်များတဲ့သူ၊ ငရဲကျဖို့ဆိုတာ တော်တော်ကြီးကို သေချာနေပါပြီ။ မသိနားမလည်တဲ့ မောဟတရားတွေ အားကြီးနေတဲ့သူ၊ အားကောင်းနေတဲ့သူ၊ သစ္စာလေးပါးတရား သိဖို့ ဘာအလုပ်မျှ မလုပ်ဘူး၊ ဘာတရားမျှ နလုံးမသွင်းဘူး၊ တရားအသိဉာဏ်တွေရအောင် ရှာဖွေကြိုးစားဖို့ မသိတဲ့သူသည် မောဟကြီးတဲ့သူပါ။

မောဟကြီးတဲ့သူ တရားမြင်ရဲလား၊ မမြင်ဘူး။ မောဟများတဲ့သူ တရားနဲ့ ဝေးတယ်။ အိပ်ချင် ငိုက်မျဉ်းနေတာ မောဟတရားပါ။ တချို့က တရားနာရင် အိပ်ငိုက်တယ်၊ တရားထိုင်ရင် အိပ်ငိုက်တယ်၊ ဘုရားရှိခိုးရင် ပျင်းတယ်ဆိုတာ မောဟများတာပါ။

www.dhammadownload.com

မောဟနဲ့သေရင် တိရစ္ဆာန်ဖြစ်မယ်။ သတိထားစရာပါ။ တိရစ္ဆာန်ဖြစ်မယ့်အရေးလည်း ကိုယ့်မှာရှိတယ်၊ တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်၊ ပြိတ္တာဘဝကို ရောက်နိုင်တဲ့ အခြေအနေလည်း ကိုယ့်မှာ ရှိနေတယ်၊ ငရဲကျနိုင်တဲ့ အခြေအနေ အခွင့်အရေးတွေလည်း ကိုယ့်မှာ ရှိကို ရှိနေတယ်။ ဒီအရေးတွေသည် ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ့်အရေးပါ။ သူများသွားကယ်ရမှာလား၊ ကိုယ့်ကိုယ်ကိုယ် ကယ်ရမှာလားဆိုတော့ ကိုယ့်ကိုယ်ကိုယ် ကယ်ရမှာပါ။ သူများသနားရမှာလား၊ ကိုယ့်ကိုယ့်ကိုယ် သနားရမှာလားဆိုရင် ကိုယ့်ကိုယ်ကိုယ် သနားရမှာပါ။

သနားစရာပါ။ လောဘတွေများနေတာလည်း သနားစရာပါ။ ဒေါသကြီးနေတာလည်း သနားစရာပါ။ မသိနားမလည်လို့ မောဟတွေ များနေတာလည်း သနားဖို့ကောင်းပါတယ်။ တိရစ္ဆာန်ဖြစ်ဖို့ သေချာနေပြီ။ အဲဒီတော့ သူများအရေး၊ ကိုယ့်အရေးနှစ်မျိုးထဲက ဘယ်အရေး ဦးစားပေးရမလဲ သိသင့်ပါပြီ။

(အပါယ်လေးဌာ၊ မရောက်ဖူး၊ ဦးစွာကိုယ့်ကို ကယ်ရမည်)

ကိုယ့်ကိုယ်ကိုယ် ကယ်တင်တဲ့အရေးသည် ကိုယ့်အရေးပါ။ ကုသိုလ်အရေးသည် ကိုယ့်အရေးပါ။ ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အရေးသည် ကုသိုလ်ရေး၊ တရားအရေးသာ ဖြစ်ပါတယ်။ ရလာတဲ့ဘဝမှာ စားကာသောက်ကာ ပျော်ကာနဲ့ နေသွားမယ်၊ ဘဝတစ်ခု ဒီတိုင်း ကုန်သွားပါမယ်။ စားလိုက်သောက်လိုက်၊ အလုပ်လုပ်လိုက်၊ သားသမီးတွေနဲ့ နေလိုက်၊ သူငယ်ချင်းတွေနဲ့ ပျော်လိုက်၊ စီးပွားရှာလိုက်နဲ့ ဒီလိုပဲနေသွားရင် အပါယ်လေးဌာ ရောက်ဖို့က သိပ်ကိုသေချာပါတယ်။

လောဘတွေ အများကြီး၊ ဒေါသတွေလည်း အများကြီး၊ မောဟတွေလည်း မပယ်နိုင်ဘဲနဲ့သာ သေသွားမယ်ဆိုရင် အပါယ်လေးဘုံ တစ်ဘုံဘုံကို သွားရမှာ ကျိန်းသေဖကန်ပါ။ သူများအရေးတွေနဲ့ ရှုပ်ထွေးပြီး သားရေးရှိသေးတယ်၊ သမီးရေး ရှိသေးတယ်၊ စီးပွားရေး ကြီးပွားရေးတွေက အရေးကြီးတယ်၊ လူမှုရေးတွေကလည်း များတယ်။ ဒီအရေးတွေနဲ့သာ ရှုပ်ထွေးနေမယ်ဆိုရင်

www.dhammadownload.com

တော့ ကိုယ့်အရေးကို မေ့ထားတဲ့သူဟာ အပါယ်ကျမယ့်အရေးကို မေ့နေတာပါ။ အပါယ်ကျဖို့ ကျိန်းသေဖေကန် ဖြစ်နေတဲ့ ဘဝအခြေအနေကနေ ကယ်တင်ဖို့ လိုပါတယ်။

ငရဲတိရစ္ဆာန် ပြိတ္တာဆိုတာက ဒုဂ္ဂတိဘဝ မကောင်းတဲ့ဘဝတွေပါ။ မကောင်းတဲ့ဘဝတွေကို ဒုဂ္ဂတိလို့ ခေါ်တယ်။

ငရဲတိရစ္ဆာန် ပြိတ္တာ ဒီဘဝတွေက လွတ်ပြီဆိုရင် ဘယ်ဘဝတွေ ရှိသေးလဲ ပြန်တွက်ကြည့်ပါ။ လက်ရှိက လူ့ဘဝကိုရနေတယ်။ လူ့ဘဝဆိုတာ သုဂတိဘဝလို့ ခေါ်တယ်၊ ကောင်းတဲ့ဘဝပါ။

အခု လူ့ဘဝရတယ်ဆိုတာ ဆင်းရဲဒုက္ခတွေ အတော်အတန် ကင်းလွတ်နေပါတယ်။ လူတစ်ယောက် ဘယ်လောက်ပဲ ဆင်းရဲတယ်ပြောပြော၊ ဘယ်လောက် ဒုက္ခရောက်နေတယ်ပြောပြော၊ ငရဲကျတာလောက်တော့ မဆိုးသေးဘူး၊ တိရစ္ဆာန်ဖြစ်နေရတာလောက် မဆိုးသေးပါဘူး၊ ပြိတ္တာဖြစ်တာလောက်တော့ မဆိုးသေးဘူးဆိုတော့ လူ့ဘဝသည် သုဂတိ ဘဝကောင်းပါ။

လူ့ဘဝဆိုတာ ကောင်းတဲ့အလုပ်တွေ လုပ်မယ်ဆိုလည်း အားကြိုးမာန်တက် လုပ်နိုင်တယ်။ ကောင်းတဲ့ကုသိုလ်တွေ ယူချင်ရင်ယူနိုင်သလောက်ကို ယူလို့ရတယ်။ ဘာကောင်းမှုလုပ်မလဲ၊ ဒါနကောင်းမှုတွေ လုပ်လို့ရတယ်။ သီလကောင်းမှုတွေ ပြုခွင့်ရှိတယ်။ တရားဘာဝနာတွေ အားထုတ်လို့ တရားအလုပ် လုပ်မယ်ဆိုလည်း စိတ်တိုင်းကျ အားထုတ်နိုင်တဲ့ လူ့ဘဝသည် ဘဝကောင်းပါ။

အဲဒီတော့ ဒီလိုကောင်းတဲ့ဘဝကနေ မကောင်းတဲ့ဘဝကို ရောက်သွားတယ်ဆိုတာ ရှုံးတာပါ။

အရှုံးနဲ့အမြတ်

လူတစ်ယောက်သေလို့ ငရဲကျတယ်ဆိုရင် ရှုံးတာပါပဲ။ လူသေပြီးလို့ ပြိတ္တာဖြစ်သွားတယ်ဆိုရင်လည်း ရှုံးတာပဲ။ တိရစ္ဆာန်ဖြစ်ရတာလည်း ရှုံးတာပါပဲ။

www.dhammadownload.com

ငရဲလည်း မကျပါဘူး၊ တိရစ္ဆာန်လည်း မဖြစ်ပါဘူး၊ ပြိတ္တာဘဝကလည်း လွတ်ပါတယ်၊ လူ့ဘဝကို ပြန်ရတယ်ဆိုရင်ရော ရှုံးတာလား၊ မြတ်တာလား၊ အရင်းပဲ ရှိပါသေးတယ်နော်။ (၁၀၀) နဲ့ ဝယ်ထားတဲ့ပစ္စည်း ပြန်ရောင်းလို့ (၁၀၀) ရတယ်ဆိုရင် အရင်းပါ။ ဒီအတိုင်းပါပဲ။ ဒီဘဝကနေ သေသွား လူပြန်ဖြစ်တယ်ဆိုရင် အရင်းပဲ ရှိပါသေးတယ်။

(သုဂတိမှ၊ သုဂတိရ၊ အရင်းမျှသာ၊ ဖြစ်လေသည်)

သုဂတိဘဝဆိုတာ ဘာတွေလဲလို့ကြည့်ရင် လူ့ဘဝဆိုတာသည် သုဂတိဘဝ၊ နတ်ဘဝဆိုတာလည်း သုဂတိဘဝ၊ ဗြဟ္မာဆိုတာလည်း သုဂတိဘဝ၊ ကောင်းတဲ့ဘဝတွေပါ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာသည် ဒုဂ္ဂတိဘဝ၊ မကောင်းတဲ့ ဘဝဆိုးတွေပါ။ ဒါကြောင့် မကောင်းဆိုးဝါးလို့ ပြောတာပါ။ ငရဲကျတာလည်း မကောင်းပါဘူး။ တိရစ္ဆာန်ဖြစ်ရတာလည်း မကောင်းပါဘူး။ ပြိတ္တာဖြစ်ရတာလည်း မကောင်းပါဘူး။

လူဖြစ်ရတာ ကောင်းတဲ့ဘုံဘဝ ရောက်တာပါ၊ နတ်ဗြဟ္မာဖြစ်ရတာသည် ကောင်းတဲ့ဘဝ ရောက်တာပါ။ ဒီတော့ လူတစ်ယောက်သေပြီးလို့ လူပြန်ဖြစ်ရင် တွက်ကြည့်ပြီးပြီ။ အရင်းပဲရှိသေးတယ်။

အမြတ်ရပြီလား။ အမြတ်မရသေးဘူး။ လူတစ်ယောက် သေပြီးသွားလို့ နတ်ပြည်ရောက်သွားရင်ရော ရှုံးတာလား၊ မြတ်တာလား တွက်ရပြန်ပြီ။ နတ်ဘဝဆိုတာလည်း သုဂတိဘဝ၊ လူ့ဘဝဆိုတာလည်း သုဂတိဘဝဆိုတော့ မြတ်တာလား၊ အရင်းလားဆိုရင် အရင်းပါ။

အရင်းအမြတ် အသေအချာ တွက်တတ်ရမှာပါ။ မနည်းသင်ပေးနေရတာပါ။ နတ်ဖြစ်လည်း မမြတ်သေးဘူး၊ အရင်းပဲ ရှိသေးတယ်၊ ဗြဟ္မာဘဝ ရောက်ရင်ရော မြတ်ပြီလား တွက်ကြည့်၊ မမြတ်ပါဘူး၊ အရင်းပဲရှိပါ သေးတယ်။

ပစ္စည်းတစ်ခုဝယ်ထားပြီးတော့အရင်းနဲ့ရောင်းမလား၊ အမြတ်နဲ့ရောင်းမလားဆိုရင် အမြတ်နဲ့ရောင်းမှာပါ။ နည်းနည်းလျော့ပါဦးဆို မလျော့ချင်ဘူး။

www.dhammadownload.com

ပစ္စည်းကျတော့ အမြတ်နဲ့ ရောင်းချင်ပါတယ်။ ဘဝတစ်ခု ရထားပြီးတော့ အရင်းယူမလား၊ အမြတ်ယူမလားဆိုရင်လည်း အမြတ်ယူရမှာပါ။

သုဂတိကနေ သုဂတိရရုံလေးနဲ့တော့ မကျေနပ်နဲ့ဦး။ လူပြန်ဖြစ်ရုံလောက်၊ နတ်ပြည်ဌာန နတ်လောက ရရုံလောက်၊ ဗြဟ္မာပြည် ရရုံလောက်နဲ့တော့ မကျေနပ်ပါနဲ့။ အမြတ်ရအောင် ယူဖို့အရေးသည် ကိုယ့်အရေးပါ။

အရေးကြီးတယ်။ မြတ်ဖို့ အရေးကြီးပါတယ်။ ဒီဘဝ ရထားပြီးတော့မှ ရှုံးသွားမယ်ဆိုရင်လည်း ဟန်မကျသေးဘူး၊ အရင်းရရင်လည်း မကိုက်သေးဘူး။ အမြတ်ယူရမှာ ကိုယ့်အရေးပါ။

သုဂတိဘဝမှာ ကြည့်လိုက်မယ်ဆိုရင် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝသည် ကောင်းတဲ့ဘဝပါ။ ဒါပေမဲ့လို့ လူ့ပြည်ဌာန လူ့လောကမှာ လူဖြစ်ပြန်ရင်လည်း အိုနာသေ ရှိနေသေးတယ်။ အိုခြင်း နာခြင်း သေခြင်းတရားတွေ မလွတ်ကင်းသေးဘူး။ နတ်ပြည်ဌာန နတ်လောကကို ရောက်သွားပြန်တော့လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာတွေ ရှိနေသေးတယ်။ ဗြဟ္မာပြည်ရောက်သွားတော့လည်း အိုနာသေ ရှိပါတယ်။

ဘယ်လောက်ပဲ နတ်ဗြဟ္မာတွေ ဖြစ်နေဖြစ်နေ တစ်ချိန်ချိန်မှာတော့ သေရမှာချည်းပါ။ ဘဝပြောင်းရမှာချည်းပဲဆိုတော့ သိပ်ဟန်မကျသေးပါဘူး။

(သုဂတိမှာ၊ အိုနဲ့နာ၊ သေကာမျှသာ ရှိလေသည်)

သုဂတိဘုံဘဝမှာလည်း သေသေချာချာ စာရင်းစစ်ကြည့်ရင် အိုခြင်း နာခြင်း သေခြင်းသာ ရှိတယ်။

ပြန်တွက်ကြည့်ရင် လူ့ဘဝ ကောင်းတယ် ကောင်းတယ် ပြောသော်လည်း တကယ်ကောင်းတာ ဟုတ်ရဲ့လား။ ဘာလို့ မကောင်းလဲဆိုတော့ အိုခြင်းတရားတွေ ရှိနေလို့။ အိုတဲ့ဒုက္ခတွေ ရှိနေလို့ပါ။ နာခြင်းတရားတွေ ရှိနေတယ်၊ နာရမယ့်ဒုက္ခတွေ ရှိနေတယ်။ သေခြင်းတရားတွေ ရှိတယ်၊ သေတဲ့ဒုက္ခတွေ ခံရဦးမယ်၊ ကောင်းရဲ့လား၊ စင်းလုံးချောကောင်းတယ်လို့ ပြောလို့ မရဘူး။

www.dhammadownload.com

ခုနက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဆင်းရဲတဲ့ ဒုက္ခတွေက လွတ်လို့သာ သူ့ကောင်းတယ်လို့ ပြောရတာ၊ အမှန်တကယ် ကြည့်လိုက်မယ် ဆိုရင် အိုနာသေမကင်းတဲ့ ဘဝမှန်သမျှသည် မကောင်းတဲ့ဘဝပါ။

အခု လူချမ်းသာဖြစ်လည်း အိုနာသေ၊ နတ်ချမ်းသာဖြစ်လည်း အိုနာသေ၊ ဗြဟ္မာချမ်းသာ ဖြစ်လည်း အိုနာသေ ဘယ်ဘဝရောက်ရောက်၊ ဘယ် ကမ္ဘာမှာ သွားပြီးတော့ပဲနေနေ၊ ဘယ်မှာသွားပြီးတော့ လူဖြစ်ဖြစ်၊ အိုခြင်း နာ ခြင်း သေခြင်းတရားတွေ မကင်းသေးရင် မကောင်းတဲ့ဘဝပါ။ အဲဒီ မကောင်း တဲ့ အခြေအနေက နေပြီးတော့ ကယ်ဖို့အရေးသည် ကိုယ့်အရေးမို့ အရေးကြီး လား၊ မကြီးဘူးလား ကြည့်ရင် အရေးကြီးပါတယ်။

အိုနာသေကင်းတဲ့ နေရာ

ဒီတော့ အရေးကြီးဆုံးက ဘာလဲဆိုရင် ကိုယ့်ကိုယ်ကိုယ် ကယ်ဖို့သည် အရေးကြီးဆုံးပါ။ အိုခြင်း နာခြင်း သေခြင်းတရားတွေ လွတ်ကင်းတဲ့နေရာ၊ ဘယ်နေရာရှိလဲ နိဗ္ဗာန်ပဲရှိတယ်။မအို၊ မနာ၊ မသေတဲ့နေရာသည် နိဗ္ဗာန်သာ ရှိတယ်။

နိဗ္ဗာန်ရောက်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှ မြတ်တဲ့ဘဝကို ရမယ်။ တရားအားထုတ်နေတယ်ဆိုတာ အမှန်တကယ်ဆိုရင် အမြတ်ရှာနေကြတာ ပါ။ ဒီအတိုင်း စားကာသောက်ကာနဲ့နေတာ အရှုံးယူနေကြတာပါ။ လောဘ နဲ့ နေတာ၊ ဒေါသနဲ့နေတာ၊ မောဟနဲ့နေတာသည် ရှုံးတာပါ။ အခု တရားအား ထုတ်နေတာက မြတ်တာပါ။

မအိုတဲ့နေရာ၊ မနာတဲ့နေရာ၊ မသေတဲ့နေရာ၊ အိုခြင်းတရားတွေ ကင်း တဲ့နေရာ၊ နာခြင်းတရားတွေ ကင်းတဲ့နေရာ၊ သေခြင်းတရားတွေ ကင်းတဲ့ နေရာ ရောက်ဖို့အတွက်ကို တရားအလုပ်ကို အားထုတ်နေတယ်။ ကိုယ့် အတွက် ကိုယ်ကျင့်ကြံအားထုတ် ပွားများနေတယ်ဆိုတာသည် ကိုယ့်အရေး၊ ကိုယ့်ကိစ္စ၊ တရားအလုပ်အားထုတ်ဖို့သည် ကိုယ့်အရေး ကိုယ့်ကိစ္စပါ။

ဘယ်သူကမှ ကိုယ့်ကို မအိုတဲ့နေရာလာခဲ့၊ ပို့ပေးမယ်။ မနာတဲ့နေရာ လိုက်ခဲ့၊ မသေတဲ့နေရာသွားမယ် လိုက်ခဲ့ဆိုလို့ ခေါ်တိုင်းမရပါဘူး။ ကိုယ်

www.dhammadownload.com

ကိုယ်တိုင် ကျင့်မှရမယ်၊ ကိုယ်ကိုယ်တိုင် အားထုတ်မှရမယ်။ ကျင့်ရမယ့် အရေးသည် ကိုယ့်အရေးပါ။ အရေးကြီးပါတယ်။

အရေးကြီးဆုံးပါ။ မသိလိုက် မသိဘာသာနဲ့ သာမန်အတိုင်းသာနေမယ်ဆိုရင် နေ့တိုင်းနေ့တိုင်းမှာ ဖြစ်နေကြတာက လောဘတစ်လှည့်၊ ဒေါသတစ်လှည့်၊ မောဟတစ်လှည့်၊ တစ်နေ့ တစ်နေ့ အကုသိုလ်နဲ့ပဲ အချိန်ကုန်ပါတယ်။

ရောင်းရေးဝယ်တာတွေ လုပ်နေလည်း လောဘ၊ ဒေါသ၊ မောဟနဲ့ပါ။ အိမ်မှာ နေတော့လည်း လောဘ၊ ဒေါသ၊ မောဟနဲ့ပါ။ မိုးလင်းပိုင်းလည်း လောဘ၊ ဒေါသ၊ မောဟနဲ့။ နေ့ခင်းပိုင်းလည်း လောဘ၊ ဒေါသ၊ မောဟနဲ့။ ညမိုးချုပ်တော့လည်း လောဘမကင်း၊ ဒေါသမကင်း၊ မောဟမကင်းဘဲနဲ့ နေတယ်ဆိုတဲ့ဘဝသည် ကြောက်စရာကောင်းတဲ့ အခြေအနေပါ။

ဒီအခြေအနေကနေ လွတ်မြောက်အောင်လို့ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်ရမလဲ၊ ကယ်တင်ရမယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ကျင့်ကြံမှားများ အားထုတ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကယ်နေတာပါ။

အခု တရားကျင့်သူတွေ ဘာလုပ်နေလဲ၊ ကိုယ့်ကိုယ်ကိုယ် ကယ်နေကြတာပါ၊ တရားအားထုတ်တယ်ဆိုတာ ကိုယ့်အတွက်ပါ။ ကိုယ်ရဖို့ပါ။ ကိုယ့်အတွက်၊ ကိုယ့်အမြတ်အစွန်း ကိုယ်ယူနေတာပါ။

ကိုယ့်အမြတ်အစွန်း ကိုယ်ရှာနေတာဆိုတော့ ပျင်းနေလို့ တော်ပါ့မလား၊ ပျင်းနေလို့လည်း မဖြစ်ဘူး။ ငိုက်နေလို့ရော ဖြစ်ပါ့မလား၊ ငိုက်နေလို့လည်း မဖြစ်ဘူး၊ စကားတွေ ပြောနေလို့လည်း မဖြစ်ဘူး၊ ဘာလုပ်ရမလဲ၊ ကြိုးစားပြီးတော့ ကယ်နေမှဖြစ်ပါမယ်။

ဝိပဿနာမှာမှ နိဗ္ဗာန်ရမယ်

(နိဗ္ဗာန်ရောက်ဌာ၊ ဝိပဿနာ၊ မှန်စွာမှားရမည်)

နိဗ္ဗာန်ရောက်ဖို့ ဘာလုပ်ရမလဲ။ ဝိပဿနာတရားတွေ ရှုမှားနေရမယ်၊ အားထုတ်ကျင့်ကြံနေရမယ်။ အချိန်တိုင်းမှာ အဆက်မပြတ် ရုပ်ရုပ် နာမ်နာမ်လို့ ရှုနေတာသည် ဝိပဿနာမှားနေတာပါ။ ဝိပဿနာ၏ အာရုံသည် ရုပ်နဲ့

www.dhammadownload.com

နာမ်ပါ။ ဝိပဿနာရှုတဲ့ ယောဂီ၊ ဝိပဿနာတရား ကျင့်တဲ့သူသည် ဘာအာရုံပြုရမှာလဲဆိုရင် ရုပ်နာမ်အာရုံပြုပါ။ ရုပ်တရား နာမ်တရားကို အာရုံပြုနေတဲ့သူဟာ ရုပ်တရားကိုတွေ့ရင် ရုပ်လို့ရှုမယ်၊ နာမ်တရားတွေ တွေ့လာရင် နာမ်လို့ ရှုရပါမယ်။

ရှုမှတ်နေသူသည် ရှုနေတဲ့ အခိုက်အတန့်လေးမှာ လောဘဆိုတာ လာသေးလား၊ "ဒီရုပ် ငါလိုချင်လိုက်တာ၊ ဒီနာမ် ငါလိုချင်လိုက်တာ" လို့ မရှိပါဘူး။ရှုမှတ်နေချိန်မှာ လောဘကင်းနေပါတယ်။ ရုပ်နာမ်မြင်နေတဲ့ အချိန်မှာ လောဘတွေ ကင်းနေတယ်။ ရုပ်တရား နာမ်တရားကို သေချာရှုမှတ်ပွားများ အားထုတ်နေတဲ့သူရဲ့သန္တာန်မှာ ဒေါသလည်း ကင်းတယ်၊ ရှုနေတဲ့ အချိန်မှာ ဒေါသကင်းတယ်။

ရှုစိတ်လွတ်နေတဲ့ အချိန်မှာတော့ မကျေနပ်တဲ့ဒေါသတွေ ဖြစ်ချင် ဖြစ်နေမယ်၊ လိုချင်တဲ့ လောဘတွေ ဖြစ်ချင်ဖြစ်နေပါမယ်။ သေသေချာချာ ရှုစိတ်တွေ ဖြစ်ပေါ်လာတဲ့အချိန်မှာ ရှုဉာဏ်နဲ့ ရှုမှတ်နေသူ၊ မပြတ်မလပ် သတိကပ်ကာ ရှုမှတ်နေသူမှာ လောဘကင်းတယ်၊ ဒေါသကင်းတယ်။

ဒါက ရုပ်၊ ဒါက နာမ်၊ ရုပ်ရဲ့သဘာဝက ဒီလို၊ နာမ်ရဲ့သဘာဝက ဒီပုံလို့ သိနားလည်နေတဲ့သူမှာ မောဟလည်း ကင်းတယ်။

လောဘ၊ ဒေါသ၊ မောဟကင်းဖို့အတွက် လောဘမဝင်အောင် ဒေါသစိတ်တွေမဖြစ်အောင် မောဟစိတ်တွေ ကင်းရှင်းနေအောင် အားထုတ်တဲ့ အလုပ် ရှုမှတ်ပွားများတဲ့အလုပ်သည် ဝိပဿနာတရားအလုပ်ပါ။

ဒီတရားကိုမှ အားမထုတ်ဘဲနဲ့ အလွတ်နေတဲ့ အချိန်၊ မရှုမှတ် မပွားများ အားမထုတ်ဘဲနေတဲ့အချိန်မှာ လောဘ၊ ဒေါသ၊ မောဟမကင်းဘူး။ တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်နေမှာပါ။ ကိလေသာတစ်မျိုးမဟုတ် တစ်မျိုးတော့ ဖြစ်မှာပါ။

လိုချင်တဲ့စိတ် ဖြစ်ချင်ဖြစ်၊ လိုချင်တဲ့စိတ်မဖြစ်ရင် မကျေနပ်တဲ့စိတ် ဖြစ်၊ မကျေနပ်တဲ့စိတ် မဖြစ်ရင်လည်း ဘာရယ်ညာရယ် မဟုတ်ဘူးဆို၊ ဘာမျှ မသိတဲ့ မောဟဖြစ်ပါတယ်။

www.dhammadownload.com

လောဘ၊ ဒေါသ၊ မောဟနဲ့ တစ်နေ့တစ်နေ့ ဒီသုံးမျိုးစလုံးနဲ့ လှည့်နေတဲ့ ဘဝကနေ အခုဝိပဿနာရှုလိုက်တော့ ဒါရုပ် ဒါနာမ်လို့ သိလိုက်တာနဲ့ အဲဒီ အချိန် လောဘတွေ မလာတော့ဘူး၊ ရှုနေခိုက်မှာ လောဘကင်းတယ်၊ ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်ချိန်မှာ ဒေါသကင်းတယ်၊ ရှုမှတ်နေတဲ့ ရုပ်နာမ်တွေကို သိနားလည်နေတဲ့ အချိန်အခါမှာ မောဟတွေကင်းတယ်၊ အဲဒီလိုအချိန်သည် အမှန်ပြောရင် အပါယ်တံခါး ပိတ်နေတဲ့အချိန်ပါပဲ။

ရှုစိတ်နဲ့သာ သေသွားရင် ဒီပုဂ္ဂိုလ် အပါယ်မကျပါဘူး။

သုဂတိဘဝ ကျိန်းသေတယ်။ သေသေချာချာ ရှုမှတ်ပြီးတော့ ရှုစိတ်လေးနဲ့သာ ဘဝတစ်ခု နိဂုံးချုပ်သွားရင် လူ နတ် ဗြဟ္မာ တစ်ခုခုတော့ ဖြစ်မှာ ကျိန်းသေတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝ ရောက်ကို မရောက်ပါဘူး။

သေသေချာချာ ရှုမှတ်ပွားများလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ပေါ်လာမယ်၊ သောတာပတ္တိမဂ် အစရှိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ပေါ်လာတဲ့ သူကျတော့ ဒီဘဝ နိဂုံးချုပ်သွားရင် သူကတော့ ဘယ်သွားမယ်၊ နိဗ္ဗာန်ကို သွားပါမယ်။

နိဗ္ဗာန်သွားဖို့အရေးမှာ ဝိပဿနာ မပါလို့မဖြစ်ဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေ အကုန်ရှင်းဖို့အရေးမှာ ဝိပဿနာတရား မကျင့်လို့ မဖြစ်ပါဘူး။ အမြတ်အစွန်းရအောင် ဒီဘဝကနေ အမြတ်ထွက်အောင် ပြုလုပ်ချင်သူ မှန်သမျှ တရားအားမထုတ်လို့ မရဘူး။

တရားအားထုတ်တယ်ဆိုတာသည် ဘဝမှာ အမြတ်ထွက်အောင်ယူနေတာပါ။ ဒီအတိုင်းနေတဲ့သူတွေက အရှုံးခံနေတာနဲ့တူပါတယ်။ အမှတ်တမဲ့နေတဲ့သူသည် အမြတ်မယူဘဲ သက်သက်အရှုံးခံနေတဲ့သူပါ။

ဒါကြောင့် ဝိပဿနာတရားကို ကျင့်ဖို့အရေးသည် ကိုယ့်အရေးပါ။ နိဗ္ဗာန်ရောက်ဖို့အရေးကလည်း ကိုယ့်အရေးပါ။ အပါယ်ဘေးက လွတ်ဖို့ အရေးကလည်း ကိုယ့်အရေးပါ။ ကိုယ့်အရေး ကိုယ့်ကိစ္စသည် အရေးအကြီးဆုံးပဲလို့ နားလည် သဘောပေါက်ပြီး ကျင့်ကြံပွားများနေရမှာပါ။

www.dhammadownload.com

မြတ်ဗုဒ္ဓရဲ့ အယူဝါဒ

ဘုရားရှင်ရဲ့ အယူဝါဒသည် ဘယ်လိုအယူဝါဒမျိုးဖြစ်တယ်၊ မြတ်စွာဘုရားရှင်က ဘယ်လိုအယူဝါဒမျိုးကို ဟောကြားတယ်၊ ကျင့်သုံးစေတယ်ဆိုတာ သိထားဖို့ လိုပါတယ်။

မိမိတို့ ဗုဒ္ဓဘာသာဝင်တွေက မြတ်စွာဘုရားရှင်ကို ကိုးကွယ်အားထားကြည်ညို မှီခိုဆည်းကပ်ပြီးတော့ နေကြတယ်။ မြတ်စွာဘုရားရှင်ကို ဆရာသမားအဖြစ်လည်း အသိအမှတ်ပြုပြီးတော့ နေကြတယ်။ မြတ်စွာဘုရားရဲ့ တရားဓမ္မကို ကျင့်သုံးနေထိုင်ကြတယ်ဆိုတော့ ဘုရားရှင်ရဲ့ အယူဝါဒသည် ဘယ်လိုအယူဝါဒမျိုးဖြစ်တယ်လို့ သိကို သိဖို့လိုပါတယ်။ အားလုံး သိထားကြရပါမယ်။

မြတ်စွာဘုရားရဲ့အယူဝါဒကို တိတိကျကျသေသေချာချာ သိပြီးတော့မှ ကျင့်မယ်၊ ကြံမယ်၊ အားထုတ်မယ်။ ဒီဝါဒတွေကို နားလည်လက်ခံပြီးတော့ ကျင့်သုံးမယ်ဆိုရင်လည်း ခရီးရောက်ပါတယ်။ အဲဒီအတွက် "ဘုရားရှင်ရဲ့ အယူဝါဒ"ကို နားလည်အောင် ရှင်းပြပေးချင်ပါတယ်။

မြတ်စွာဘုရားရှင်နဲ့ အတူတကွ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ ပစ္စာဘူမအရပ်က ရဟန်းတော်များ သီတင်းသုံးပြီးတော့ နေကြပါတယ်။ ဝါလကင်းလွတ် သီတင်းကျွတ်တဲ့အချိန်မှာ ဒီရဟန်းတော်များက သူတို့နေရပ်ဖြစ်တဲ့ ပစ္စာဘူမတိုင်းကို ခေတ္တခဏ ပြန်ချင်ပါတယ်လို့ လျှောက်ထားတော့

www.dhammadownload.com

ဘုရားရှင်က "ချစ်သားရဟန်းတို့ မင်းတို့ပြန်တာကတော့ ဟုတ်ပါပြီတဲ့။ မပြန်ခင်မှာ သင်တို့ရဲ့နောင်တော်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာထံ သွားကြဦး၊ ပြန်ခါနီးအချိန်လေးမှာ နောင်တော်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာကို သွားရောက်နှုတ်ဆက်ကန်တော့ကြဦးလို့" ဘုရားရှင်က အမိန့်ရှိပါတယ်။ အရှင်သာရိပုတ္တရာကို သွားပြီးနှုတ်ဆက်ကန်တော့ခိုင်းတယ်။

ဒီအချိန်မှာ အရှင်သာရိပုတ္တရာကလည်း ကြက်ဆူပင်တောအုပ်မှာ သီတင်းသုံးနေတော့ ရဟန်းသစ်တွေ၊ ရဟန်းငယ်တွေ ဘုရားရှင်က လွှတ်လိုက်လို့ သွားပြီးတော့ နှုတ်ဆက်ကြ၊ ကန်တော့ကြတယ်။ "အရှင်ဘုရား၊ တပည့်တော်တို့ ပစ္စာဘူမကို ပြန်ကြမလို့ပါ၊ အရှင်ဘုရားကို လာပြီးနှုတ်ဆက်ကန်တော့တာပါ" ဆိုတော့ အရှင်မြတ်ကသိတယ်။

မြတ်စွာဘုရားရှင်က အကြောင်းမဲ့လွှတ်လိုက်တာ မဟုတ်ဘူး။ "ဒီရဟန်းငယ်၊ ရဟန်းသစ်တွေကို မြတ်စွာဘုရားရဲ့အယူဝါဒ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ဗုဒ္ဓဝါဒကို သိစေချင်လို့ သင်ကြားပေးဖို့ လွှတ်လိုက်တာပဲ" လို့ အရှင်မြတ်က ရှိပ်မိပါတယ်။

ဝါဒသင်တန်း

ဗုဒ္ဓရဲ့အယူဝါဒကို သိစေချင်လို့ သင်ကြားပေးဖို့ လွှတ်လိုက်တာမှန်းသိတော့ ပစ္စာဘူမတိုင်းသား ရဟန်းများကို အရှင်မြတ်က အမိန့်ရှိတယ်။

"ရဟန်းတို့ သင်တို့ ပစ္စာဘူမတိုင်းကို ပြန်ကြတာဟုတ်ပြီ။ ပစ္စာဘူမတိုင်းဆိုတာက ပညာရှင်တွေပေါများတဲ့ အရပ်ဒေသပဲ၊ ပစ္စာဘူမတိုင်းမှာ ပညာရှင်အမျိုးမျိုး နေထိုင်ကြတယ်။ မင်းပညာရှင်၊ ပုဏ္ဏားပညာရှင်၊ သူဌေးသူကြွယ်ပညာရှင် အစရှိတဲ့ ပညာရှင်များက သင်တို့ ပြန်ရောက်လာတဲ့အခါမှာ ဗုဒ္ဓဝါဒကို မေးမြန်းစုံစမ်းကြမှာပဲ။ ဒီလိုမေးမြန်းတဲ့အခါမှာ သင်တို့က မှန်မှန်ကန်ကန်နဲ့၊ တိတိကျကျ၊ သေသေချာချာ မဖြေနိုင်ကြဘူးဆိုရင် အထင်အမြင်သေးကြလိမ့်မယ်။ အမှားအယွင်းတွေကို သင်တို့က ဒါဗုဒ္ဓဝါဒပဲလို့ ပြော

www.dhammadownload.com

မိရင်လည်း မြတ်စွာဘုရားရှင်ကို စွပ်စွဲရာ၊ စော်ကားရာရောက်လိမ့်မယ်။ ဒီတော့ ဗုဒ္ဓရဲ့ဝါဒကို မှတ်သွားကြလို့" အရှင်သာရိပုတ္တရာက အမိန့်ရှိတယ်။ ဗုဒ္ဓဝါဒကို အရှင်သာရိပုတ္တရာ သင်ပေးနေတာပါ။

အရှင်သာရိပုတ္တရာ၊ ဘုရားရှင်ရဲ့ လက်ယာရံအဂ္ဂသာဝက၊ ပညာဇတဒဂ်ရတဲ့ အရှင်မြတ်က သင်ပေးတာပါ။ ဘယ်လိုသင်ပေးသလဲဆိုတော့ "ရဟန်းတို့၊ သင်တို့ ပစ္စာဘူမတိုင်း ပြန်ရောက်တဲ့အချိန်မှာ ပညာရှိတွေ၊ ပညာရှင်တွေက သင်တို့ကို ဘုရားရှင်နဲ့ အတူတကွ သီတင်းသုံးပြီးတော့ နေခဲ့ကြတယ်။ ဝါတွင်းသုံးလလုံးလည်းအတူနေကြတယ်၊ ဘုရားရဲ့တရားဓမ္မကိုလည်း လက်တွေ့ကျင့်သုံးပြီးတော့ နေကြတယ်ဆိုတော့ ဘုရားရှင်ရဲ့ဝါဒက ဘာလဲလို့ မေးကြတဲ့အခါမှာ တိတိကျကျ၊ သေသေချာချာ ဖြေကြပါ" တဲ့။

မြတ်စွာဘုရားရဲ့ ဝါဒသည် ဘာဝါဒလဲဆိုရင်၊ တဏှာပယ်တဲ့ဝါဒပါ။ ဘုရားရှင်ရဲ့ဝါဒ မြတ်စွာဘုရားရဲ့ဝါဒကို ဘုရားကိုးကွယ်သူ ကြည်ညိုသူတိုင်း သဘောပေါက်ဖို့ လိုပါတယ်။ တိတိကျကျ သေသေချာချာ ဖြေနိုင်ရပါမယ်။ ဒါကို မှတ်ထားရမယ်။ အခုဟာက သာမန်မဟုတ်တော့ဘူး။ ဘုရားရှင်ရဲ့ဝါဒကို တိတိကျကျ ကိုယ်ကသိရတော့မယ်။

ဒီကမ္ဘာပေါ်မှာ ကြည့်မယ်ဆိုရင် အယူဝါဒတွေက အမျိုးမျိုး၊ လိုက်နာကျင့်ကြံကျင့်သုံး အားထုတ်နေကြတာက အမျိုးမျိုးဆိုတော့ များစွာသော အယူဝါဒတွေ အယူအဆတွေကြားထဲမှာ ဘုရားရှင်ရဲ့ဝါဒကို မိမိတို့ ကျင့်သုံးတယ်၊ လိုက်နာတယ်။ ဒီတော့ ဘုရားရဲ့တရားဓမ္မတွေကို လက်တွေ့ကျင့်သုံး လိုက်နာကြတဲ့သူတွေကို မေးမယ်ပေါ့။ သိချင်တဲ့သူတွေကဖြစ်စေ၊ တချို့က တမင်တကာ ပညာစမ်းချင်လို့ဖြစ်စေ မေးကြမယ်၊ "သင်တို့ အားထုတ်နေကြတဲ့ မြတ်စွာဘုရားရဲ့အယူဝါဒကဘာလဲ၊ သင်တို့ ဆရာဖြစ်တဲ့ ဘုရားရှင်ရဲ့ဝါဒက ဘာဝါဒလဲ" ဆိုရင် ဘုရားရဲ့ဝါဒသည် တဏှာပယ်တဲ့ ဝါဒလို့ ပြောရမှာပါ။

တဏှာပယ်တဲ့ဝါဒပါ။ ဒါဆို အခုလက်တွေ့ကျင့်သုံး အားထုတ်နေတဲ့ အခါမှာလည်း တရားကျင့်တယ်ဆိုတော့ တဏှာပယ်နိုင်အောင် ကျင့်တာပါ။ တဏှာပယ်နိုင်အောင် ကျင့်တယ်ဆိုတဲ့ အဓိပ္ပာယ် ရှိရပါတယ်။

www.dhammadownload.com

တဏှာပယ်နိုင်အောင် ကျင့်တယ်။ ဒီတော့ မြတ်စွာဘုရားဟောတဲ့ တရား၊ အလုံးစုံသော သတ္တဝါတွေကို ဘုရားမြတ်စွာ ဟောကြားတဲ့ တရားမှတွေကို လိုရင်းအချုပ် ထုတ်ကြည့်လိုက်ရင် တဏှာပယ်ဖို့ ဟောတာပါ။ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ အလယ်ခေါင်မှာ စက်ဝိုင်းနဲ့ ရှိတယ်။ အလွယ်တကူ နားလည်အောင်ပြထားတာပါ။ ဒီစက်ဝိုင်းမှာကြည့်လိုက်မယ်ဆိုရင် အရေးကြီးတဲ့ တရားနှစ်ပါး ထင်ထင်ရှားရှား ပြထားတယ်။ အဝိဇ္ဇာနဲ့တဏှာပါ။

အခု ဒီမှာ ရှင်သာရိပုတ္တရာက ရဟန်းတော်တွေကို သင်ပေးတယ်။ "ရဟန်းတို့ မြတ်စွာဘုရားရှင်ရဲ့အယူဝါဒကို မေးမြန်းလာတဲ့အချိန်မှာ သင်တို့သည် မှန်ကန်တိကျသေချာစွာ ပြောကြပါ၊ ဘုရင်းရှင်ရဲ့ဝါဒသည် တဏှာပယ်တဲ့ ဝါဒလို့ ပြောပါတဲ့။

တဏှာပယ်တဲ့ ဝါဒလို့ သိရတော့ အဲဒီပညာရှင်တွေက ဒီလောက်လေးမှာတင် ကျေနပ်ဦးမှာမဟုတ်ဘူး။ ဒီလောက်လေးသိရုံနဲ့ သူတို့က ကျေနပ်မှာမဟုတ်ဘူးတဲ့။ သင်ရဟန်းတို့ကို ပညာရှိတွေက ထပ်ပြီးမေးမြန်းကြလိမ့်မယ်။

မြတ်စွာဘုရားက တဏှာကို ပယ်ခိုင်းတယ်၊ တဏှာကို ပယ်ပါလို့ ပြောတယ်။ တဏှာဆိုတာနဲ့ လောဘဆိုတာနဲ့ အတူတူပါ။ တဏှာဆိုတာ လောဘပါပဲ၊ နောက်တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သမုဒယသစ္စာလို့ ပြောပါတယ်။

သမုဒယသစ္စာဆိုတာနဲ့ တဏှာနဲ့ သဘောချင်းအတူတူပါပဲ။ ဒီတော့ တဏှာပယ်တယ်လို့ ပြောလည်းရတယ်။ လောဘပယ်တယ်လို့ ပြောလည်းရပါတယ်။ သမုဒယပယ်တယ်ဆိုရင်လည်း ရပါတယ်။

ဘုရားရှင်ရဲ့ဝါဒက တဏှာပယ်တဲ့ဝါဒ၊ သမုဒယပယ်တဲ့ဝါဒ၊ လောဘကို ပယ်တဲ့ဝါဒပါ။ အဲဒီတဏှာ၊ လောဘ၊ သမုဒယကို မပယ်ခဲ့ရင် ဘာဖြစ်မှာလဲလို့ မေးကြဦးမယ်၊ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ အယူဝါဒ အမျိုးမျိုးကို တတ်သိ နားလည်ကြ၊ လေ့လာနေကြ၊ စုံစမ်းနေကြတဲ့သူတွေဆိုတော့ သူတို့က အကျိုးအကြောင်း စနစ်တကျ သေသေချာချာ မေးတတ်မြန်းတတ် လေ့လာတတ်တယ်။

www.dhammadownload.com

ဘုရားရှင်က တဏှာကို ပယ်ဖို့ ပြောတယ်။ သမုဒယ၊ လောဘကို ပယ်ဖို့ ပြောတယ်။ မပယ်ရင် ဘာဖြစ်မှာမို့ ပယ်ရတာလဲ၊ မပယ်ရင် ဘယ်လိုအကျိုး သက်ရောက်မှုတွေဖြစ်မှာလဲဆိုတဲ့ မေးခွန်းကိုလည်း မေးကြဦးမှာပါ။

တရားကျင့်သူတွေ နားလည်အောင် ပြောမယ်ဆိုရင် အခုတရားအား ထုတ်နေတယ်ဆိုတာ "တဏှာ၊ သမုဒယ၊ လောဘပယ်ဖို့ပါ"။

မပယ်ရင်ဘာဖြစ်မလဲ၊ သိစရာကောင်းပါတယ်။

ဘာဖြစ်လို့ ပယ်ချင်နေရတာလဲပေါ့၊ တဏှာက သူ့ဟာသူနေတာပဲ။ သမုဒယ၊ လောဘ ဒီအတိုင်းထားလို့ မရဘူးလား၊ ဒါ မေးစရာရှိတယ်နော်၊

ဘာမျှ အကျိုးမရှိဘူးဆိုရင် ပယ်စရာ မလိုပါဘူး။ အကျိုးမရှိရင် ပယ်စရာမလိုပါဘူး။ ဘုရားရှင် ပယ်ခိုင်းတာ အဓိပ္ပာယ်ရှိတယ်။ ဒါကို သူတို့ သိချင်ကြလိမ့်မယ်၊ မေးကြလိမ့်မယ်။ "မြတ်စွာဘုရားရှင်သည် တဏှာ၊ သမုဒယ၊ လောဘကို ပယ်ခိုင်းတယ်၊ အဲဒီလောဘ၊ တဏှာ၊ သမုဒယကို မပယ်ရင် ဘယ်လိုအကျိုးတွေ ဖြစ်လာမလဲ၊ ဘာတွေဖြစ်လာမလဲလို့ မေးကြရင် သင်တို့ ဖြေရမယ်။

"တဏှာ၊ သမုဒယ၊ လောဘကို မပယ်ခဲ့ရင် ဆင်းရဲ၊ ဒုက္ခတွေ ဖြစ်လိမ့်မယ်။ ဆင်းရဲဒုက္ခတွေဖြစ်မှာမို့ ပယ်တာ" လို့ ဖြေပါ။

လေးစားထိုက်သူ

အရှင်သာရိပုတ္တရာဆိုတာ အင်မတန် ကြည်ညိုလေးစားစရာကောင်းတဲ့အရှင်မြတ်ပါ။ သာသနာ့ဘောင်ရောက်လာကြတဲ့ရဟန်းအသစ်တွေအပေါ်မှာ တကယ့်ညီအရင်းပမာ စောင့်ရှောက်ပါတယ်။

မသိတာတွေလည်း ရှင်းပြတယ်၊ နားမလည်တာတွေလည်း သင်ပေးတယ်။ အစစအရာရာ စားပုံသောက်ပုံ၊ နေပုံထိုင်ပုံကအစ စနစ်တကျ ဖြစ်အောင်ဆိုပြီးတော့ စောင့်ရှောက်တဲ့ အရှင်မြတ်ဆိုတော့ ဘုရားရှင်က တမင်တကာ ဒီရဟန်းတော်တွေကို ဝါဒသင်ကြားရေး လွှတ်ပေးလိုက်တာပါ။

ပစ္စာဘူမတိုင်းသားရဟန်းတွေက ရဟန်းငယ်တွေ၊ ရဟန်းအသစ်တွေပါ။ ရဟန်းဖြစ်တာလည်း မကြာသေးဘူး။ သာသနာ့ဘောင်ကို ရောက်တာ

www.dhammadownload.com

လည်း မကြာသေးပါဘူး။ ပရိယတ္တိလည်း မပြည့်စုံသေးဘူး၊ ပဋိပတ္တိလည်း မပြည့်စုံသေးဘူးဆိုတော့ သူတို့မှာ အဘက်ဘက်က အားနည်းပါတယ်။ အယူဝါဒရေးရာတွေလည်း တိတိကျကျ မသိရှာသေးပါဘူး။

တရားမကျင့်ဘူးလားဆိုတော့ ကျင့်နေတယ်၊ အားမထုတ်ဘူးလားဆိုတော့ အားထုတ်နေတယ်၊ ဒါပေမဲ့ သိသင့်သိထိုက်တာတွေ မပြည့်မစုံနဲ့ဆိုရင် တစ်ဖက်သားတွေက သူတို့ချို့ယွင်းချက် အားနည်းချက်တွေကို ထောက်ပြပြီးတော့ အနိုင်ယူမှာစိုးလို့၊ စိတ်အနောင့်အယှက်ဖြစ်အောင် လုပ်မှာစိုးလို့ အခုသေသေချာချာ သင်ပေးလိုက်ပါတယ်။

အခုသိပါပြီ။ ဗုဒ္ဓအယူဝါဒဟာ တကၠာပယ်တဲ့ဝါဒ၊ မြတ်ဗုဒ္ဓက တကၠာပယ်ခိုင်းပါတယ်။ တကၠာမပယ်ရင် ဆင်းရဲဒုက္ခဖြစ်မှာပါ။

"ငါရှင်တို့ တကၠာကို မပယ်ခွာဘူးဆိုရင် သမုဒယလောဘကို မပယ်နိုင်ဘူးဆိုရင် ဆင်းရဲဒုက္ခတွေ ဖြစ်လာလိမ့်မယ်"။ ဒါကြောင့် ဘုရားရှင်က ပယ်ခိုင်းတယ်။ ဆင်းရဲဒုက္ခတွေဖြစ်မှာမို့ တကၠာကို ပယ်ရမယ်။ တရားကျင့်သူယောဂီတွေလည်း ဘာဖြစ်လို့ တရားအားထုတ်နေတာလဲဆိုရင် ဆင်းရဲဒုက္ခတွေ မလိုချင်လို့ပါ။

ဆင်းရဲဒုက္ခ မလိုချင်

ဆင်းရဲဒုက္ခ မလိုချင်ဘူး၊ ဘာဖြစ်လို့ တရားအားထုတ်တာလဲလို့ အားမထုတ်တဲ့လူတွေ မေးကြမယ်။ ဘာဖြစ်လို့ တရားရိပ်သာ၊ တရားစခန်းတွေမှာ သွားပြီး အားထုတ်ကြတာလဲ၊ တရားအားမထုတ်ရင် ဘာဖြစ်မှာလဲလို့မေးရင် ပြောရမယ်။ ဆင်းရဲဒုက္ခတွေကို ပယ်နိုင်အောင် အားထုတ်တယ်လို့ ပြောရပါမယ်။

လူတိုင်းလူတိုင်းမှာ ဆင်းရဲဒုက္ခဆိုတာ ရှိပါတယ်။

လူတိုင်းသည် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနေချင်ပေမဲ့ မနေရပါဘူး။

ကိုယ်လည်းမချမ်းသာဘူး၊ စိတ်လည်းချမ်းသာဘူး၊ တစ်ခါတစ်ရံမှာ စိတ်ဆင်းရဲရတယ်။ တစ်ခါတလေမှာ ကိုယ်ရောစိတ်ရော ပူလောင်ပင်ပန်း ဆင်းရဲဒုက္ခဖြစ်ပြီးတော့ နေရတယ်။ ဒီဆင်းရဲဒုက္ခတွေကို ပယ်နိုင်အောင်လို့

www.dhammadownload.com

တဏှာ၊ သမုဒယ၊ လောဘကို ပယ်ရမယ်။ ဆင်းရဲဒုက္ခတွေကို ပယ်ချင်ရင် တဏှာ၊ သမုဒယ၊ လောဘကို ပယ်ရမှာပါ။

သစ္စာလေးပါးနဲ့ ကြည့်လိုက်ပါ။ ပဋိစ္စသမုပ္ပါဒ်မှာ သစ္စာနှစ်ပါး တွေ့ပါမယ်။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါ။

သမုဒယသစ္စာသည် အကြောင်းတရား၊ ဒုက္ခသစ္စာသည် အကျိုးတရား၊ ဒီဒုက္ခသစ္စာတွေသည် ဘယ်သူ့ကြောင့် ဖြစ်သလဲ၊ သမုဒယသစ္စာကြောင့် ဖြစ်လာပါတယ်။ သဘောက ဒီဘက်က သမုဒယသစ္စာဖြစ်ရင် ဒီဘက်က အကျိုး ဒုက္ခသစ္စာ လာပါတယ်။

ဒုက္ခဆိုတာ ဆင်းရဲတာပါ၊ မချမ်းသာတာပါ။

ဆင်းရဲတဲ့ ဒုက္ခကိုမလိုချင်ရင် သမုဒယကို ပယ်ရပါမယ်။ သမုဒယ ပယ်တယ်ဆိုတာ ဗုဒ္ဓရဲ့ဝါဒပါ။

ဘုရားရှင်ရဲ့ဝါဒကို ကျင့်သုံးနေတယ်ဆိုတော့ တရားအားထုတ်နေတယ်ဆိုတာ အမှန်ပြောရင် ဒုက္ခကို မလိုချင်လို့ ဒုက္ခဆင်းရဲတွေကို မလိုချင်တဲ့အတွက် တရားကျင့်တာပါ။

တရားဓမ္မ ကျင့်ကြံအားထုတ်နိုင်လို့ တဏှာ၊ သမုဒယ၊ လောဘကို ပယ်နိုင်လို့ သမုဒယမဖြစ်ဘူးဆိုရင် ဒုက္ခမလာတော့ပါဘူး။ ဒုက္ခမဖြစ်တော့ပါဘူး။

ဒါကြောင့် ဘာကို ပယ်ရတာလဲဆိုရင် တဏှာ၊ သမုဒယ၊ လောဘကို ပယ်ရတယ်လို့ မှတ်ပါ။

ဒီလောက်နဲ့ပြီးပြီးလား။ သူတို့မေးခွန်းတွေ မပြီးနိုင်သေးဘူး။၊ "ငါ့ရှင်တို့ ဒီပညာရှိတွေ ပညာတတ်တွေက ဒီလောက်မေးမြန်းရုံနဲ့ ဒီလောက်သိရုံနဲ့ ကျေနပ်ကြမှာ မဟုတ်သေးဘူး၊ တဏှာ၊ သမုဒယ၊ လောဘပယ်နိုင်ရင် တို့ဘုရားရဲ့ အယူဝါဒအရ တဏှာ၊ သမုဒယ၊ လောဘကိုပယ်နိုင်ရင် ဘယ်လို ကောင်းကျိုးချမ်းသာတွေ ဖြစ်မှာလဲ" လို့ မေးကြဦးမယ်။ တဏှာပယ်နိုင်ရင် ဘာအကျိုးရှိသလဲ သိချင်ကြမှာပါ။

တဏှာပယ်နိုင်ရင် ဘာအကျိုးရှိသလဲဆိုတဲ့ မေးခွန်းမေးလာရင် ဘယ်လို ဖြေမလဲဆိုရင်တော့ တဏှာ၊ သမုဒယ၊ လောဘကိုပယ်နိုင်ရင် ကောင်းကျိုး

www.dhammadownload.com

ချမ်းသာတွေ ဖြစ်ပါမယ်။ ကောင်းကျိုးချမ်းသာတွေ ဖြစ်လာလိမ့်မယ်လို့ ဖြေရမှာပါ။ ခုနက ပြောခဲ့သလိုပဲ ဆင်းရဲဒုက္ခရဲ့အကြောင်းသည် သမုဒယသစ္စာပါ။

သစ္စာလေးပါးမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ လေးမျိုး ရှိပါတယ်။

ဒုက္ခသည် ဆင်းရဲခြင်းအမှန်တရား၊

ဆင်းရဲခြင်းအမှန်ဆိုတာ ဒုက္ခသစ္စာပါ။

ဒုက္ခသစ္စာ အမှန်တကယ် ဆင်းရဲပါတယ်။ အမှန်တကယ် ဒုက္ခဖြစ်ပါတယ်။ အမှန်တကယ် ဆင်းရဲ အမှန်တကယ် ဒုက္ခဖြစ်တာကို ဒုက္ခသစ္စာလို့ ပြောတာပါ။ တရားဓမ္မ ကျင့်ကြံအားထုတ်နေတယ်ဆိုတဲ့အခါမှာ သတိထားကြည့်ပါ။ ခန္ဓာကိုယ်မှာပဲ အာရုံပြုပြီးတော့ အာရုံစူးစိုက်ပြီးတော့ ကြည့်ပါ။ အာရုံတစ်ပါး ဘယ်မှမသွားပါစေနဲ့။ ခန္ဓာကိုယ်ထဲမှာ အာရုံစူးစိုက်ပြီးတော့ သတိထားပြီးတော့ ကြည့်လိုက်တဲ့အခါမှာ သိသာမြင်သာတဲ့ ဆင်းရဲဒုက္ခတွေ တွေ့ရပါတယ်။

ဟိုနားက နာတယ်၊ ဒီနားက နာတယ်၊ ထုံတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ တင်းတယ်၊ တောင့်တယ်၊ ပူတယ်၊ အေးတယ်၊ ညောင်းတယ်။ ဒီသဘောတရားတွေ ရှိပါတယ်။ ဆင်းရဲတဲ့ သဘောတွေ ရှိပါတယ်။

ဒီခန္ဓာကိုယ်ဒီရုပ်နာမ်သည် ဘယ်တော့ကြည့်ကြည့် ဘယ်အချိန်ကြည့်ကြည့် ဆင်းရဲဒုက္ခပါပဲ။ အမျိုးမျိုးအဖုံဖုံ ဒုက္ခပေးနေတယ်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ နှိပ်စက်နေတယ်။ ဒီသဘောတရားကို မသိကြပါဘူး။ ဒုက္ခသစ္စာဆိုတာ ကိုယ်နဲ့မကွဲမကွာ အမြဲတမ်းကို ရှိနေပါတယ်။ ဆင်းရဲတဲ့သဘောသည် ကိုယ်နဲ့ထက်ကြပ်မကွာ အမြဲတမ်း ရှိပါတယ်။

ဆင်းရဲတဲ့သဘောသည် ကိုယ်နဲ့ထက်ကြပ်မကွာ ရှိနေပေမဲ့ ရှိတဲ့အတိုင်း သိရဲ့လားဆိုတော့ မသိပါဘူး။ မသိတာ အဝိဇ္ဇာကြောင့်ပါ။ ဘယ်သူက မသိအောင် လုပ်ထားတာလဲဆိုရင်တော့ အဝိဇ္ဇာပါ။

အမှန်တရားကို မသိအောင် ဖုံးတာသည် အဝိဇ္ဇာ၊ အမှန်မသိတဲ့အတွက်ကြောင့် ခင်အောင်မင်အောင် လုပ်ထားတာက တဏှာပါ။ မသိတာက

www.dhammadownload.com

အဝိဇ္ဇာ၊ ခင်မင်တာက တဏှာပါ။ အဝိဇ္ဇာတဏှာနှစ်ခုနဲ့ သံသရာလည်ပါတယ်။ တစ်ဘဝပြီး တစ်ဘဝ၊ ဒုက္ခတွေ တစ်ခုပြီးတစ်ခု သံသရာလည်ပါတယ်။

ဒီဒုက္ခတွေ မပြီးသေးဘူး၊ နောက်ဒုက္ခလာ၊ နောက်ဒုက္ခမပြီးသေးဘူး၊ နောက်တစ်ခုလာ၊ နောက်တစ်ခုလာဆိုပြီးတော့ ရောက်လာပါတယ်။

လာသမျှတွေကလည်း ဆင်းရဲတာလား၊ ချမ်းသာတာလား၊ အမှန်အတိုင်းကြည့်ရင် ဆင်းရဲတယ်။ ဆင်းရဲတယ်ဆိုတာ သစ္စာအနေနဲ့ပြောရင် ဒုက္ခသစ္စာပါ။ ဒုက္ခသစ္စာက အကျိုးတရားပါ။တဏှာ သမုဒယကြောင့် ဖြစ်တာပါ။

ဘာကြောင့် ဒုက္ခဖြစ်

ဒုက္ခက အလိုလိုဖြစ်တာ မဟုတ်ပါဘူး။ သူများပေးတဲ့၊ သူများကြောင့် ဖြစ်တဲ့ ဒုက္ခမဟုတ်ပါဘူး။ ဘယ်သူ့ကြောင့်ဖြစ်လဲလို့ အကြောင်းရှာကြည့်လိုက်ရင် သမုဒယကြောင့် ဖြစ်တာပါ။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်လာပါတယ်။ သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုးပါ။ သမုဒယသစ္စာဆိုတာသည် ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊ ဆင်းရဲဒုက္ခတွေ ဖြစ်စေတဲ့အကြောင်းတရားသည် သမုဒယသစ္စာပါ။ သမုဒယသစ္စာကြောင့် ပေါ်ထွက်လာတဲ့ ပေါ်ပေါက်လာတဲ့ အကျိုးရလဒ်က ဒုက္ခသစ္စာပါ။

သံသရာလည်တဲ့သူတွေ သံသရာထဲမှာနေတဲ့သူတွေ သစ္စာနှစ်ပါးနဲ့ သာ နေကြတာများပါတယ်။ ဘုရားရှင် သိမြင်တော်မူတဲ့သစ္စာလေးပါး ရှိပါတယ်။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာလေးပါးရှိရာမှာ နိရောဓသစ္စာဆိုတာက ဆင်းရဲချုပ်ရာ အမှန်တရား၊ နိဗ္ဗာန်ပါ။ ဆင်းရဲချုပ်ရာဆိုတော့ အဲဒီမှာ ဆင်းရဲဒုက္ခတွေ လုံးဝမရှိတော့ပါဘူး။ ဆင်းရဲချုပ်ရာ အမှန်တရားသည် နိရောဓသစ္စာ နိဗ္ဗာန်ပါ။

ဆင်းရဲဒုက္ခတွေ ချုပ်ဖို့အတွက် ဒီအတိုင်းနေလို့တော့ မရဘူး၊ ချုပ်အောင် ကျင့်ရပါမယ်။ ချုပ်ရာချုပ်ကြောင်းကို အားထုတ်နေရမယ် လုပ်ကိုင်နေရပါမယ်။ အဲဒီလို ကျင့်ကြံပွားများ အားထုတ်နေတဲ့ အလုပ်ကျင့်စဉ်က မဂ္ဂသစ္စာပါ။

www.dhammadownload.com

သစ္စာလေးပါး

ဒုက္ခသစ္စာဆိုတာ ဆင်းရဲခြင်း အမှန်တရား။
သမုဒယသစ္စာက ဆင်းရဲဖြစ်ကြောင်း အမှန်တရား။
နိရောဓသစ္စာက ဆင်းရဲချုပ်ရာ အမှန်တရား။
မဂ္ဂသစ္စာက ဆင်းရဲချုပ်ကြောင်း အမှန်တရား။

အဲဒီလေးပါးထဲမှာ ဒီသံသရာထဲမှာ သစ္စာနှစ်ပါးနဲ့သာ နေကြပါတယ်။

သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာနှစ်မျိုးနဲ့သာ နေကြတယ်။ ဒုက္ခသစ္စာနဲ့နေတော့ ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သင်္ဠာယတန၊ ဖဿ၊ ဝေဒနာတရားတွေ ရှိနေတယ်။ အဲဒီတရားတွေကို အကျဉ်းချုပ်ပြီးတော့ ကြည့်ပြန်ရင် နာမ်၊ ရုပ်၊ နှစ်ပါးပဲ ရပါတယ်။

ဝိညာဏ်ဆိုတာက ပဋိသန္ဓေ ဝိညာဏ်ပါ။ သင်္ဠာယတနဆိုတာက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ပါ။ ဖဿဆိုတာက ထိတွေ့တာပါ။ ဝေဒနာဆိုတာက ခံစားတာပါ။ ဒီသဘောတရားတွေကို သဘောတူရာတူရာထဲ အကုန်ပေါင်းထည့်လိုက်မယ်ဆိုရင် "နာမ်ရုပ်" တရားထဲ အကျုံးဝင်ပါတယ်။

အခုလက်ရှိ ရှိနေတဲ့ ကိုယ်နဲ့စိတ်သည် ရုပ်နဲ့နာမ်ပါ။ ရုပ်နဲ့ နာမ်နှစ်ခု စလုံးသည် ဒုက္ခသစ္စာပါ။

ရုပ်တရားကလည်း ဒုက္ခသစ္စာပါပဲ၊ နာမ်တရားကလည်း ဒုက္ခသစ္စာပါပဲ ဆိုတော့ ပစ္စုပ္ပန်အချိန်ကာလမှာ နာမ်ရုပ်ရှိတဲ့သူမှန်သမျှ နာမ်ရုပ်တရားတွေနဲ့ ထိတွေ့နေရတဲ့သူ၊ နာမ်ရုပ်တရားတွေ ပိုင်ဆိုင်နေရတဲ့သူ မှန်သမျှ ဒုက္ခ ရှိပါတယ်။ အဲဒီဒုက္ခရဲ့အကြောင်းသည် သမုဒယပါ။

ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်

အဝိဇ္ဇာ ပစ္စယာသင်္ခါရာ တရားသဘော ဖြစ်စဉ်အားဖြင့် ပြောရရင် အဝိဇ္ဇာနဲ့ သင်္ခါရက စကြည့်လိုက်ပါ။ အဝိဇ္ဇာက မသိနားမလည်တာပါ။ သင်္ခါရက ပြုလုပ်တာပါ။ နားလည်မှုတွေ လွဲမှားပြီးတော့ မသိမလိမ္မာ ပြုလုပ်ခဲ့တဲ့ အကြောင်းတရားတွေကြောင့် ဒုက္ခရလာပါတယ်။

ဒီဒုက္ခသည် အတိတ်ကအကြောင်းကြောင့် ဖြစ်နေတဲ့ဒုက္ခပါ။

www.dhammadownload.com

အတိတ်က အကြောင်းတရားတွေရှိတော့ ပစ္စုပ္ပန်မှာ အကျိုးတရားတွေ ပေါ်လာတယ်။ အကျိုးတရားက အခုလက်ရှိ ထင်ထင်ရှားရှား သိသိသာသာ မြင်နေရတဲ့ ရနေတဲ့ အကျိုးတရား ဒီရုပ်နာမ် ဒီခန္ဓာပါ။ ရုပ်နာမ် ခန္ဓာသည် အကျိုးတရားပါ။

ရုပ်နာမ် ခန္ဓာအကျိုးတရားရဲ့ အကြောင်းအရင်းနှစ်ချက်သည် အဝိဇ္ဇာနဲ့ သင်္ခါရပါ။

မသိတာနဲ့ ပြုလုပ်တာ။ မသိတာက အဝိဇ္ဇာ။ ပြုလုပ်တာက သင်္ခါရပါ။

ဒီလောက်ဆိုရင် သိပြီ။ နာမ်ရုပ်တရားတွေရှိတဲ့အခါမှာ ဒီနာမ်ရုပ်တရားတွေကို ခင်မင်တွယ်တာက တဏှာပါ။ ခင်မင်တယ်ဆိုတာ တဏှာနဲ့ ခင်တာပါ။ ဘာတွေကို ခင်နေကြတာလဲ၊ ကိုယ့်ရုပ်၊ ကိုယ့်နာမ်ကို ခင်ပါတယ်။

ကိုယ့်ရုပ် ကိုယ့်နာမ် ကိုယ့်ခန္ဓာကို ခင်တယ်။ သူများကိုလည်း ခင်တယ်။ အိုးအိမ်ဥစ္စာကိုလည်း ခင်တယ်။ ဆွေမျိုးသားချင်း ညီကိုမောင်နမလည်း ခင်တယ်ပေါ့၊ သက်ရှိ၊ သက်မဲ့တွေအားလုံးကို တွယ်တာတယ်၊ နှစ်သက်တယ်၊ ခင်မင်ပါတယ်။ တဏှာနဲ့ခင်တော့ ဘာဖြစ်လာပြန်လဲဆိုတော့ ဥပါဒါန်နဲ့ စွဲလမ်းပါတယ်။

ခင်လို့စွဲလမ်းတာပါ။ ခင်တဲ့တဏှာကြောင့် စွဲလမ်းတယ်။ ဥပါဒါန်ဖြစ်တယ်။ စွဲလမ်းတဲ့အဆင့် ရောက်ပြီဆိုရင် ခင်မင်မှု၊ လိုချင်မှုတွေ မရရအောင် အားထုတ်တော့မယ်။ မရရအောင် လုပ်တော့မယ်။ ဒါလေးကို လိုချင်လိုက်တာ၊ ဒါလေး ရချင်လိုက်တာဆိုရင် မရရအောင် လုပ်ပါတော့တယ်။

ဒီအခြေအနေ ဒီအဆင့်အတန်း လိုချင်တယ်ဆိုရင် ရအောင်ကြိုးစားတယ်။ ဒီဥစ္စာ၊ ဒီပစ္စည်း၊ ဒါလေး ပိုင်ဆိုင်ချင်တယ်ဆိုလည်း မဖြစ်ဖြစ်အောင်၊ မရရအောင် အားထုတ်လုပ်ကိုင်ပါတယ်။

အဲဒီလို ပြုလုပ်ကြိုးစားအားထုတ်တာက ကမ္မဘဝပါ။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုရာမှာ ကမ္မဘဝကို အတိုကောက် ပြောမယ်ဆိုရင် ကံပါပဲ။ တဏှာ၊ ဥပါဒါန်၊ ကံ အခုလက်ရှိအချိန် ပစ္စုပ္ပန်ကာလမှာ ပြုလုပ်နေတဲ့အလုပ်တွေ ပြုလုပ်နေတာတွေ ပေါင်းကြည့်လိုက်ရင် ဒီသုံးချက်ပဲ တွေ့ရပါတယ်။ ပစ္စုပ္ပန်

www.dhammadownload.com

ကာလမှာ အကြောင်းတရားတွေ ပြုနေကြတယ်။ တဏှာ၊ ဥပါဒါန်၊ ကံ။ လိုချင်တယ်၊ စွဲလမ်းတယ်၊ ပြုလုပ်တယ်။

လိုချင်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ပြုလုပ်တာက ကမ္မဘဝ ကံပါ။ လိုချင်စွဲလမ်းပြုလုပ်တော့ ကမ္မဘဝပစ္စယာ ဟိုဘက်သွားရင် ဇာတိဖြစ်ပါတယ်။ ကံဆိုတဲ့အကြောင်းကြောင့် ပေါ်ပေါက်လာမယ့် အကျိုးသည် ဇာတိ။ ပဋိသန္ဓေ ဇာတိပါ။ ဇာတိရတယ်ဆိုတော့ အမေ့ဝမ်းခေါင်း ကိန်းအောင်းရတယ်၊ အဲဒီကနေတစ်ဆင့် မွေးဖွားပြီးတဲ့ အချိန်မှာ ဇရာ အိုတယ်ဆိုတာ ဖြစ်လာပါတယ်။

အိုပြီးရင် ဇရာကနေ နောက်တစ်ဆင့်သွားရင် မရဏ-သေတယ်။ မသေခင်စပ်ကြား ကာလမှာလည်း သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ စိတ်ဆင်းရဲတယ် ကိုယ်ဆင်းရဲတယ်၊ ငိုကြွေးရတယ်၊ ပူဆွေးရတယ်၊ စိတ်နှလုံး မချမ်းမသာ ဖြစ်ရတယ်။ ဒီအကြောင်းတရားတွေ၊ ဒီသဘောတွေ ဖြစ်လာတယ်။ အဲဒါတွေအားလုံး ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည် ဆင်းရဲတာလား ချမ်းသာတာလားဆိုရင် ဆင်းရဲပါတယ်။ ဒုက္ခသစ္စာပါ။

ဒါကြောင့် မပင်ပန်းချင်ဘဲနဲ့ ပင်ပန်းနေရတယ်၊ ကိုယ်လည်း မချမ်းသာဘူး။ စိတ်လည်းမချမ်းသာဘူး၊ လူတိုင်း လူတိုင်း ချမ်းသာသုခကို ရည်သန်ကြတယ်။ ကြိုးစားအားထုတ်ကြတယ်။ ကိုယ်တကယ်ရချင်၊ လိုချင်တာက ချမ်းသာသုခ၊ တကယ်ရတာက ဆင်းရဲဒုက္ခပါ။ လိုချင်တာနဲ့ ရတာနဲ့ တလွဲစီ ဖြစ်နေပါတယ်။

တလွဲစီဖြစ်၊ တခြားစီ ဘာကြောင့်ဖြစ်ရသလဲ အကြောင်း ပြန်ရှာကြည့်တော့ တဏှာကြောင့်ပါ။ အလွဲလွဲအချော်ချော်ဖြစ်အောင် လုပ်တာလည်း တဏှာပါ။ မဟုတ်တာတွေကို သွားပြီးတော့ စွဲလမ်းတာလည်း တဏှာပါ။ ဘာတွေကို စွဲလမ်းနေသလဲဆိုတော့ ဒုက္ခဖြစ်ကြောင်းတွေကို စွဲနေတာပါ။ ခန္ဓာကိုယ်ကို စွဲတာဆိုတော့လည်း ခန္ဓာကိုယ်ဟာ ဒုက္ခခန္ဓာပါပဲ။

www.dhammadownload.com

အားထုတ်ဖူးမှသိ

တရားအားမထုတ်ခင်တုန်းက ဒီလောက်မသိဘူး၊ တရားအားမထုတ်ဖူးသူ တရားမကျင့်ဖူးတဲ့သူဟာ သူ့ခန္ဓာကိုယ်ဟာ ဒုက္ခပါပဲလို့ သွားပြောရင် သိပ်မယုံဘူး။ အခုတစ်ချိန်၊ နှစ်ချိန်၊ သုံးချိန်၊ တစ်ရက်၊ နှစ်ရက်လောက် အားထုတ်လိုက်ရင် သဘောပေါက်သွားတယ်။ ဒီခန္ဓာကိုယ်သည် ဒုက္ခ၊ ခန္ဓာကိုယ်သည် ဒုက္ခခန္ဓာပါ။

ခန္ဓာကိုယ်ထဲမှာကြည့်, အပ်ဖျားတစ်ထောက်စာလောက်တောင် ချမ်းသာတဲ့နေရာ ရှာလို့ မရပါဘူး။

ဘယ်နေရာပဲကြည့်လိုက် ကြည့်လိုက်၊ ခန္ဓာကိုယ်အပေါ်ပိုင်း ဦးခေါင်းပိုင်းတို့၊ ခန္ဓာကိုယ်အလယ်ပိုင်း ကိုယ်တို့ လက်တို့ ခြေတို့ ဘယ်နေရာကြည့်ကြည့် တစ်ကိုယ်လုံးသည် ဆင်းရဲဒုက္ခပဲရှိတယ်။ သေသေချာချာ စူးစိုက်ပြီး ဉာဏ်လေးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ "ဩော် ဘယ်နေရာဖြစ်ဖြစ် ဆင်းရဲနေတယ်၊ ဒုက္ခပေးနေတယ်" လို့ မြင်ပါတယ်။

မြင်လာရတယ်။ အမှန်မြင်လာတာပါ။ စောစောပိုင်း အားမထုတ်ခင်တုန်းက အမှန်မမြင်ခဲ့ပါဘူး။ အားမထုတ်ခင်မှာ မမြင်အောင် အဝိဇ္ဇာက ဖုံးထားတယ်။

အားထုတ်လိုက်တဲ့အခါမှာ အသိဉာဏ်လေးနဲ့ ပါလာတဲ့အခါကျတော့ အသိဉာဏ်လေး ပွင့်လာတော့ အဝိဇ္ဇာဖုံးလို့ မရတော့ပါဘူး။ နည်းနည်းလေး သိလာတယ်၊ ဩော် ဒါဆင်းရဲပဲ၊ ကိုယ်ထင်ထားတာက ချမ်းသာထင်တယ်၊ ဒီခန္ဓာကိုယ်ကြီးကို ချစ်ခင်ပြီးတော့ ခင်မင်နှစ်သက်ပြီးတော့ နေတယ်။

ခင်စရာ နှစ်သက်စရာ မကောင်းပါဘူး၊ မကောင်းဘူးဆိုတာကို မကောင်းမှန်း သိရဲ့လားဆိုတော့ မသိပါဘူး။ မသိအောင် ဘယ်သူလုပ်လဲ၊ အဝိဇ္ဇာပါ။ မသိတဲ့အတွက်ကြောင့်မို့ ခင်ပါတယ်။ ခင်တာက တဏှာပါ။ အဲဒီ ခင်မင်တဲ့ တဏှာကြောင့် ဟိုအတိတ်ကာလ၊ အတိတ်ဘဝက ခင်မင်တယ်ဆိုတဲ့တဏှာကြောင့် သမုဒယကြောင့် အခုပစ္စုပ္ပန်မှာ ဘာရလဲ၊ ဒုက္ခရပါတယ်။ ပစ္စုပ္ပန်မှာပါ တစ်ခါထပ်ပြီးတော့ ခင်ဦးမယ်ဆိုရင် နောင်အနာဂတ်မှာလည်း ဘာရမလဲ၊ ဒုက္ခသာ ရပါလိမ့်မယ်။

www.dhammadownload.com

အဲဒါကြောင့်ဘုရားရှင်က သမုဒယကိုပယ်ခိုင်းတယ်။ဝေါဟာရတစ်မျိုးပြောမယ်ဆိုရင်တဏှာကိုပယ်ခိုင်းတယ်။ အရပ်သုံးစကားနဲ့ နားလည်အောင်ပြောမယ်ဆိုရင် လောဘကို ပယ်ခိုင်းတယ်။ တဏှာ၊ လောဘ၊ သမုဒယကို ပယ်တာသည် ဗုဒ္ဓအယူဝါဒပါ။

"ရဟန်းတို့ ပစ္စာဘူမအရပ်သို့ ရောက်သွားတဲ့အချိန်မှာ ထိုအရပ်ဒေသမှာရှိတဲ့ ပညာရှိတို့က သင်တို့ကို စေ့စေ့စပ်စပ် သေသေချာချာ မေးလိမ့်မယ်။ သင်တို့ရဲ့ဆရာ မြတ်စွာဘုရားရှင်သည် ဘယ်အယူအဆတွေကို ယူပါသလဲ၊ ဘယ်လို အယူဝါဒတွေကို သင်တို့ရဲ့ဆရာ မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူပါသလဲ"လို့ မေးမယ်။ မေးလာရင် တိတိကျကျ သေသေချာချာ ဖြေလိုက်ပါတော့။ ဘုရားရှင်ရဲ့ ဝါဒသည် တဏှာပယ်တဲ့ဝါဒ။ မြတ်စွာဘုရားရှင် ကျင့်ခိုင်းတာလည်း တဏှာပယ်ဖို့ ကျင့်ခိုင်းတာပါ။

တဏှာကိုပယ်ဖို့ ကျင့်နေတာပါ။ ဒီတဏှာ၊ လောဘ၊ သမုဒယကို ပယ်နိုင်ရင် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာမှာလဲလို့ မေးကြဦးမယ်၊ မပယ်ရင် ဘာဖြစ်မလဲ။ ဒုက္ခ ဖြစ်မယ်ပေါ့။

တချို့က မေးကြတယ်၊ တရားအားထုတ်နေကြတယ်ဆိုတော့ တို့ အားမထုတ်တော့ကော ဘာဖြစ်မလဲပေါ့။ တရားအားမထုတ်ရင် ဘာဖြစ်မှာလဲ ဒုက္ခဖြစ်မှာပါ။

တဏှာ၊ လောဘ၊ သမုဒယသည် အရင်ကလည်း ကိုယ့်ကို ဒုက္ခပေးတယ်၊ အခုလည်း ဒုက္ခပေးနေတယ်၊ သူ့ကြောင့် ဒုက္ခရောက်နေတယ်ဆိုတော့ သူ့ကို မပယ်ဘဲနဲ့ထားရင် ဒီဒုက္ခတွေရပ်ပါ့မလား၊ မရပ်ပါဘူး။ ကုန်ရော ကုန်ပါ့မလားဆိုရင် မကုန်ပါဘူး။

အတိတ်ကလည်း ပြုလုပ်ခဲ့တဲ့ တဏှာ၊ လောဘ၊ သမုဒယတွေ ရှိခဲ့တယ်။ အဲဒီတဏှာ၊ လောဘ၊ သမုဒယတွေကြောင့် ပစ္စုပ္ပန်လက်ရှိမှာ သူသူကိုယ်ကိုယ် ဒုက္ခရောက်နေတယ်။

ဘဝအစမှာကတည်းက ကြည့် ဇာတိဒုက္ခ။ အမေ့ဝမ်းခေါင်းမှာ ကိန်းအောင်းရတယ်။ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ငိုရတယ်၊ စိတ်ဆင်းရဲ

www.dhammadownload.com

ရတယ်၊ စိတ်တွေပူပန်ရတယ်၊ မချမ်းမသာ ဖြစ်ရတယ်၊ သောကရောက်ရတယ်၊ အဲဒါတွေအားလုံးကို ကြည့်လိုက်ရင် သုခမစွက် ဒုက္ခသက်သက်ပါ။

"ဒုက္ခ ဘာကြောင့် ဒုက္ခရောက်သလဲ တဏှာကြောင့်ပါ။

တဏှာယ ဇာယတီသောကော။ တဏှာယ ဇာယတီ ဘယံ၊

တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ" တဲ့။

ဓမ္မပဒမှာ မြတ်စွာဘုရားက တရားစကားလေးတစ်ခွန်း အမိန့်ရှိထားတယ်။ တဏှာယ ဇာယတိ သောကော။ တဏှာယ - လိုချင်ခင်မင် နှစ်သက်ခြင်းဆိုတဲ့ တဏှာကြောင့်၊ တဏှာယ - ချစ်ခင်နှစ်သက် တွယ်တာတတ်တဲ့ သမုဒယကြောင့်၊ သောကော - စိုးရိမ်သောကသည်၊ ဇာယတိ - ဖြစ်ပေါ်၍လာ၏။

တဏှာကြောင့် သောကရောက်တာ စိတ်ဆင်းရဲတာ ဖြစ်ရပါတယ်။ လောကအမြင်တစ်မျိုးက ခန္ဓာကိုယ်ချမ်းသာရင် ချမ်းသာလိမ့်မယ်၊ တိုက်နဲ့တာနဲ့ ကားနဲ့ စားဝတ်နေရေးတွေ အဆင်ပြေတယ်။ ရွှေငွေနဲ့အလုပ်နဲ့ အကိုင်နဲ့ ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနားနေရတယ်၊ ဒါပေမဲ့ အဲဒီလိုနေရပေမဲ့ စိတ်မချမ်းသာရင် ဘာမျှမထူးပါဘူး။ စိတ်မချမ်းသာဘူးဆိုရင် အသုံးအဆောင်ပစ္စည်းတွေက စိတ်ချမ်းသာအောင် လုပ်ပေးလို့မရပါဘူး။

သောကတွေ မရောက်ချင်ဘဲနဲ့ ရောက်နေတယ်၊ စိတ်တွေမနောက်ချင်ဘဲနဲ့ နောက်နေရတယ်။ ရင်တွေ မပူချင်ဘဲနဲ့ ပူနေရတယ်ဆိုတဲ့အကြောင်းသည် တဏှာပါပဲ။

တဏှာယ - လိုချင် ချစ်ခင်နှစ်သက်တယ်ဆိုတဲ့ တဏှာ သမုဒယလောဘကြောင့်၊ သောကော - စိုးရိမ်သောကသည်၊ ဇာယတိ - ဖြစ်ပေါ်လာ၏။ တဏှာယ - ချစ်ခင်နှစ်သက် လိုချင်တပ်မက် တဏှာ၊ လောဘ၊ သမုဒယကြောင့်၊ ဘယံ - ဘေးဒုက္ခသည်၊ ဇာယတိ - ဖြစ်ပေါ်၍လာ၏။ ဘေးဒုက္ခတွေလည်း ဖြစ်လာတယ်၊

ဘာဘေးတွေလဲ။ ဇာတိ၊ ဇရာ၊ မရဏဘေးပါ။ ကြောက်စရာ ဘေးရန်အန္တရာယ် အမျိုးမျိုးရှိတဲ့အထဲမှာ အကြီးအကျယ်ဆုံးသော ဘေးရန်အန္တရာယ်သည် ဇာတိ၊ ဇရာ၊ မရဏဘေးတွေပါ။ ဇာတိဆိုတာ ပဋိသန္ဓေ နေရတယ်၊

www.dhammadownload.com

အမိဝမ်း ကိုးလ ဆယ်လနေရတာလည်း ကြောက်စရာဘေးကြီးပါ။ ဘေးရန် အန္တရာယ်ကြီးပါ။ အန္တရာယ်များပါတယ်။ ဒုက္ခလည်း များပါတယ်။

အမိဝမ်းခေါင်းနေရတာ နောက်တစ်ခါ အမိဝမ်းကနေပြီး ကျွတ်လာပြီးတော့ ဒီဒုက္ခတွေ အေးသွားပြီလား၊ ငြိမ်းပြီလားဆိုတော့ မပြီးသေးဘူး၊ အိုရသေးတယ်၊ တရွေ့ရွေ့နဲ့ သတ္တဝါတွေ အချိန်တိုင်း၊ အချိန်တိုင်း၊ နေ့တိုင်း၊ နေ့တိုင်း အိုနေရတယ်။ အိုရတယ်ဆိုတာ မကောင်းပါဘူး။

အိုရတာ ဘာမျှမကောင်းသလို နာရ သေရတာကလည်း မကောင်းပါဘူး။ ဒီဘဝထဲမှာ ကောင်းတာ ဘာရှိလဲ ရှာကြည့်။ ဘာမျှမရှိပါဘူး။ ဆင်းရဲပဲ ရှိတယ်။ ဘေးရန်အန္တရာယ်တွေပဲ ရှိတယ်။ အဲဒီဘေးရန် အန္တရာယ် ဒုက္ခ အသွယ်သွယ်ကို ဖြစ်စေတာသည် တဏှာပါ။

တဏှာယ ဇာယတိ သောကော။ တဏှာယ ဇာယတိ ဘယံ၊

တဏှာယ - လိုချင်ခင်မင် နှစ်သက် တွယ်တာတယ်ဆိုတဲ့ တဏှာသမုဒယ လောဘကြောင့်၊ ဘယံ - ဘေးဒုက္ခသည်၊ ဇာယတိ - ဖြစ်ပေါ်၍ လာ၏။

တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

တဏှာယ - လိုချင်ခင်မင် နှစ်သက်တွယ်တာတယ်ဆိုတဲ့ တဏှာလောဘမှ၊ ဝိပ္ပမုတ္တဿ - ကင်းလွတ်နေသောသူအား၊ သောကော - စိုးရိမ်သောကသည်၊ နတ္ထိ - မရှိပါပေ၊ ဘယံ - ဘေးဒုက္ခသည်၊ နတ္ထိ - မရှိပါပေ၊ ကုတိ - ဤသို့၊ ဘဂဝါ - ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ကထေသိ - ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

ဗုဒ္ဓဝါဒကို ဘုန်းကြီးတို့ အကျဉ်းချုပ်ပြီးတော့ ပြောလိုက်ပါတယ်၊ ဘုရားရှင်ရဲ့ဝါဒသည် တဏှာပယ်တဲ့ဝါဒပါ။

တဏှာကို မပယ်နိုင်ရင် ဘာဖြစ်မလဲ၊ ဒုက္ခဖြစ်မယ်၊ တဏှာပယ်ရင် ဒုက္ခကင်းမယ်၊ တဏှာပယ်နိုင်ရင် ဒုက္ခကင်းပါမယ်။

www.dhammadownload.com

ဒါလိုရင်းအချုပ်ပါပဲ။ အခုတရားမမှ အားထုတ်ကြတယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိရမယ်၊ သူများတွေ အားထုတ်လို့ အားထုတ်တယ်၊ အားမထုတ်ဖူးလို့ အားထုတ်တယ်၊ ဒီလိုမဟုတ်ဘူး၊ ကိုယ့်မှာ ရည်ရွယ်ချက် ပီပီပြင်ပြင် ရှိရမယ်၊ အခုတရားကျင့်တယ်၊ တရားအားထုတ်တယ်ဆိုတာ တဏှာပယ်ဖို့ပါ။ ဒီတဏှာကို မပယ်နိုင်ရင် ဒုက္ခဖြစ်မှာပါ။

တဏှာ အဖော်လုပ်ပြီးတော့ သံသရာတစ်လျှောက်လုံး နေခဲ့ကြပါတယ်။ တစ်ဘဝပြီးတစ်ဘဝ ကျင်လည်ကျက်စား၊ သွားလာပြီးတော့ အမျိုးမျိုး အဖုံဖုံ ဖြစ်ပျက်ပြီးတော့ နေရတယ်၊ ဒီလိုနေလာတဲ့ တစ်လျှောက်လုံးမှာ တဏှာနဲ့နေသမျှ ကာလပတ်လုံး ကိုယ့်မှာ ဆင်းရဲရပါတယ်။

ဒီဘဝမှာပဲကြည့်ပေါ့၊ လိုချင်တာလေးတစ်ခုရှိရင်တောင် ဆင်းရဲပြီ။ "ငါ ဒါလေး လိုချင်လိုက်တာ ဒါလေးရချင်လိုက်တာ" အဲဒီတော့ စိတ်ကဖြစ်ပြီ ဆိုတာနဲ့ အဲဒီ လိုချင်၊ ရချင်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုကို မရရအောင် ကြိုးစားပြီး အားထုတ်ပြီး လုံ့လပြုရပြီ။ ကြိုးစားအားပြု လုံ့လထုတ်ရပြီ ဆိုကတည်းက ဆင်းရဲတာပါပဲ။

လိုချင်တာရသွားတော့ကော ချမ်းသာသလားဆိုတော့ မချမ်းသာပါဘူး။ အခုသူသူကိုယ်ကိုယ် တဏှာနဲ့ ခင်မင်နေတယ်၊ တဏှာနဲ့ ဘာကိုခင်တာလဲဆိုရင် ခန္ဓာကိုယ်ခင်တယ်၊ အနီးစပ်ဆုံး အသိသာဆုံး ပြောမယ်ဆိုရင် တဏှာနဲ့ ခန္ဓာကို ခင်ပါတယ်။

ခန္ဓာခိုင်းတာခံရ

တခြားမကြည့်နဲ့ဦး၊ သူများမကြည့်နဲ့ဦး။ ကိုယ့်ကိုယ်ကို ကြည့်ပါ။ အခုဘာကိုခင်နေသလဲ။ ခန္ဓာကိုယ် ခင်တယ်၊ ခင်တဲ့အတွက် မနာစေချင်ဘူး၊ မကျင်စေချင်ဘူး။ မခံစားစေချင်ဘူး၊ မဆင်းရဲစေချင်ဘူး၊ ဘာဖြစ်လို့လဲ၊ ချစ်လို့ ခင်လို့ပါ။ မနာကျင်၊ မပင်ပန်း၊ မဆင်းရဲအောင်ဆိုပြီးတော့ ခန္ဓာကိုယ်တောင်းဆိုသမျှအားလုံး ပေးရပါတယ်။ လိုက်လျောရပါတယ်။ မိုးလင်းကနေ မိုးချုပ်ထိ ခန္ဓာကို အလိုလိုက်ရပါတယ်။

www.dhammadownload.com

မနက်စောစော အိပ်ရာထလို့ မျက်နှာသစ်လို့ ခိုင်းတာကလည်း ခန္ဓာက ခိုင်းတာပါ။

တော်နေကျလို့ရှိရင် ဆာပြန်ပြီ၊ စာပါဦးလို့ ဘယ်သူကခိုင်းလဲ၊ ခန္ဓာက ခိုင်းတာပါ။

စားပြီးပြန်လို့ မပြီးသေးဘူး ရေသောက်ဦးလို့ ခိုင်းတယ်၊ ဘယ်သူက ခိုင်းပြန်တာလဲ၊ ခန္ဓာက ခိုင်းတာပါ။

ညောင်းတယ် သွားဦး လှုပ်ရှားဦးဆိုပြီးတော့ ခန္ဓာက ခိုင်းပြန်တယ်။

အိုက်ပြန်ပြီ ပူပြန်ပြီဆိုပြီးတော့ အမျိုးမျိုးအဖုံဖုံ ခိုင်းတတ်ပါတယ်။

တစ်နေ့ တစ်နေ့ ကိုယ်လုပ်နေတဲ့ အလုပ်တွေသည် ခန္ဓာကို ချစ်ခင်တွယ်တာလို့ ခန္ဓာခိုင်းသမျှ လုပ်နေကြတာနဲ့ အလုပ်ရှုပ်နေကြပါတယ်။ မသက်မသာ ဖြစ်နေကြရပါတယ်။

ခန္ဓာ အခိုင်းခံရတာ ဒီတစ်ရက်တင် မဟုတ်ဘူး။ တစ်လလည်း မဟုတ်ဘူး၊ တစ်နှစ်လည်းမဟုတ်ဘူး၊ တစ်သက်လည်းမဟုတ်ဘူး။ ဘဝပေါင်းများစွာ သံသရာတစ်လျှောက်လုံး ခန္ဓာအခိုင်းခံပါ၊ ခန္ဓာရဲ့ ခိုင်းဖတ်ပါ။ အခိုင်းခံရတာ မသက်သာဘူး၊ မသက်သာပေမဲ့ မသက်သာဘူးလို့ မထင်ပါဘူး။

တဏှာက လှည့်စားထားတယ်။ နိပ်စက်နေပေမဲ့ နိပ်စက်မှန်း မသိပါဘူး။ ဒုက္ခပေးနေလည်း ပေးနေမှန်း မသိပါဘူး။ မသိတာက အဝိဇ္ဇာက အပြစ်မြင်အောင် ဖုံးကွယ်ထားတာပါ။ အဝိဇ္ဇာက ဖုံးအုပ်ထားတဲ့အတွက်ကြောင့် ဒုက္ခလို့ မမြင်ပါဘူး။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တစ်ခါတလေ ဗျားနာရင် အမေ၊ အဖေတွေက ဆေးတိုက်တယ်ပေါ့၊ ဆေးကခါးတယ်၊ ဆေးခါးလည်း အပြင်ကနေ အချိုလေးနဲ့ အုပ်ထားတယ်၊ အချိုရည်လေးနဲ့ ဖုံးထားလိုက်တော့ အထဲက ခါးတာ မသိတော့ဘူး။ လျှာပေါ်တင်ခါစကတော့ အချိုလေးလို့ ထင်တာပေါ့။ နည်းနည်းလေးကြာလို့ အချိုရည်လည်းကုန်ရော ခါးလာတယ်။

ခါးပေမဲ့ စောစောတုန်းက မသိဘူး။ ချိုတယ်ဆိုပြီးတော့ မျိုချလိုက်တယ်။ အဲဒီလိုပဲ အဝိဇ္ဇာကလည်း လှည့်စားတယ်၊ ချမ်းသာတယ်လို့ ထင်နေတယ်၊ ဒီသံသရာထဲမှာ ဘဝထဲမှာ ရနေသမျှ ရှာနေသမျှ အားလုံးသည် ဆင်းရဲ

www.dhammadownload.com

တွေပါ။ ကိုယ်ထင်တာက ချမ်းသာတယ်လို့ ထင်နေပါတယ်။ အထင်မှားနော်။ အထင်မှား အမြင်မှားဖြစ်အောင် အဝိဇ္ဇာက လှည့်စားတယ်။

အဝိဇ္ဇာကမျက်လှည့် ဆရာနဲ့တူတယ်၊ တစ်ခါတလေ လမ်းဘေးမှာ တွေ့မှာပေါ့။ မျက်လှည့်ဆရာက လှည့်စားပြတယ်။ ဒီမှာကြည့်ဆိုပြီးတော့ လက်ပေါ်စက္ကူစလေး တင်ထားရာကနေ ငှက်ဖြစ်ပြီးတော့ ထပျံတာလည်း ရှိတယ်။ အမှိုက်လေးတစ်စ ကောက်ယူပြီးတော့ လက်ပေါ်ကောက်တင်လိုက်တယ်။ လက်ဝါးဖြန့်လိုက်တော့ စားစရာလေး ဖြစ်သွားတယ်။ ကြိုးတစ်ချောင်းပြပြီးတော့ ဒီမှာ မြွေဆိုရင်လည်း တကယ့်မြွေပဲ။ ဘာလုပ်ထားတာလဲ လှည့်စားတာပါ။ လှည့်စားထားတော့ အမှန်မမြင်တော့ပါဘူး။

မျက်လှည့်ဆရာ အဝိဇ္ဇာ

အဝိဇ္ဇာက အလွန်အင်မတန်တော်တဲ့ မျက်လှည့်ဆရာ။ အခုနာမည်ကြီး မျက်လှည့်ဆရာ David Copperfield တို့ဘာတို့ အဝိဇ္ဇာကိုမီလား၊ မမီနိုင်ဘူး။ အဝိဇ္ဇာက ပိုပြီး အများကြီးလှည့်စားနိုင်တယ်။ တကယ့်နိုင်ငံကျော်ကမ္ဘာကျော် မျက်လှည့်ဆရာတွေထက် အများကြီးသာတယ်။ အဝိဇ္ဇာက လှည့်စားတဲ့အခါမှာ ဆင်းရဲကိုလည်း ချမ်းသာထင်သွားတယ်၊ ဒုက္ခကို သုခထင်ပါတယ်။ မကောင်းတာကိုလည်း ကောင်းတယ်ထင်ပါတယ်။ မဟုတ်တာကိုလည်း ဟုတ်တယ် ထင်သွားပါတယ်။ အမှားကိုလည်း အမှန်ထင်သွားပါတယ်။

အလွဲလွဲအချော်ချော်ဖြစ်သွားအောင် လုပ်တာက အဝိဇ္ဇာပါ။

အဝိဇ္ဇာကလုပ်တယ်၊ အဝိဇ္ဇာက အဲဒီလို အမှန်မမြင်အောင် လုပ်ထားပြီးတဲ့အခါကျတော့ အမှန်တရားကိုမသိတဲ့ အတွက်ကြောင့်မို့ တဏှာက သွားပြီး တွယ်ပါတယ်။ ကိုယ့်သားမယား၊ သားသမီး၊ ကိုယ့်ပစ္စည်း၊ ကိုယ့်ဥစ္စာ၊ ခင်တယ်။ တွယ်နေတယ်၊ မပြုတ်နိုင်ဘူး၊ ဖြုတ်လို့မရပါဘူး။

တဏှာပယ်မယ်ဆိုပြီးတော့ ဒီမှာလာပြီး ဖြတ်နေတယ် ပြတ်ရဲ့လား၊ မပြတ်ပါဘူး။ တဝဲလည်လည်နဲ့ ပြန်သွားပါတယ်။

www.dhammadownload.com

လူကသာ ဒီမှာ ထိုင်နေတယ်၊ သူတို့ စိတ်က အိမ်ခဏခဏ ပြန်နေတာ ဘုန်းကြီးသိတယ်။ အလုပ်ထဲလည်းရောက်တယ်။ သားသမီးဆီလည်းရောက်ပါတယ်။ ဘယ်လိုဖြစ်နေတာလဲဆိုရင် တဏှာနဲ့ တွယ်နေတာပါ။

တဏှာနဲ့ တွယ်လိုက်တဲ့အခါကျတော့ "တဏှာယ ဇာယတိ သောကော" တဏှာကြောင့် သောကဖြစ်တယ်။ "တဏှာယ ဇာယတိ ဘယံ" တဲ့။ တဏှာကြောင့်ဒုက္ခဖြစ်တယ်။ သောကလည်းဖြစ်တယ်၊ ဒုက္ခလည်းဖြစ်တယ်၊ စိတ်လည်း ညစ်ရတယ်၊ စိတ်လည်း ဆင်းရဲရတယ်ဆိုတာ တဏှာ သူ့ကြောင့်ပါပဲ။

ဒီလောက် ဒုက္ခပေးနေတဲ့ တဏှာကို မထားသင့်ပါဘူး။ ပယ်သင့်ပါပြီ။ ပယ်ရမှာပါ။

မြတ်စွာဘုရားကလည်း မထားခိုင်းပါဘူး။ ပယ်ခိုင်းပါတယ်။

ဘုရားပယ်ခိုင်းတာကို ကိုယ်က တွယ်နေတယ်။ ဘုရားက ဘာလုပ်ခိုင်းလဲ၊ မတွယ်နဲ့လို့ ပယ်ခိုင်းတယ်။ တဏှာကိုပယ်တာ မြတ်စွာဘုရားရှင်ရဲ့ ဝါဒပါ။

မြတ်စွာဘုရားရှင်ရဲ့ဝါဒကို အရှင်သာရိပုတ္တရာက သင်ပေးနေတာ။ ဟိုရဟန်းသစ်လေးတွေ မသိရှာဘူး။ တရားတော့ကျင့်တာပဲ၊ ဝါတွင်းသုံးလ ဘုရားရှင်နဲ့ အတူတကွနေပြီး တရားကျင့်တယ်၊ တရားအားထုတ်တယ်။ ကျင့်တော့ကျင့်တယ်။ တိတိကျကျ သေသေချာချာ ဘုရားရှင်ရဲ့ဝါဒ ပြောစမ်းပါလို့ ဆိုရင် မြတ်စွာဘုရားတရားတွေက ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်၊ နာကြားဖူးတဲ့ တရားတွေလည်း အများကြီး၊ မှတ်သားဖူးတဲ့ တရားတွေလည်း အများကြီးဆိုတော့ ဘယ်ဟာပြောရမယ်၊ ဘယ်လိုပြောရမယ် သေသေချာချာသိဖို့ မလွယ်ပါဘူး။

ဒီတော့ မူရင်းအချုပ်မှတ်ရင် ဗုဒ္ဓရဲ့ဝါဒသည် တဏှာပယ်တဲ့ ဝါဒပါ။ တဏှာမပယ်ရင် ဒုက္ခဖြစ်မယ်။ တဏှာပယ်ရင် သုခဖြစ်ပါတယ်။ ကောင်းကျိုးချမ်းသာတွေ ဖြစ်မယ်ပေါ့ ဟုတ်ပြီလား။ တဏှာတွေ ပယ်လိုက်တယ်ဆိုရင် မတွယ်တော့ဘူး။ မတွယ်ရင် ဒုက္ခမပေးတော့ပါဘူး။

www.dhammadownload.com

"ဒီသားသမီးတွေ ငါ့ကို ဒုက္ခပေးတာပဲ" လူကြီးမိဘတွေ သိပ်ပြောတတ်ပါတယ်။

"နင်တို့တွေ ငါ့ကို သိပ်ဒုက္ခပေးတာပဲ" လို့ ပြောပါတယ်။

သူတို့ ဘာလို့ ဒုက္ခပေးနိုင်တာလဲဆိုရင် တွယ်တာလို့ပါ။ ကိုယ်က တွယ်တာလို့ပါ။ သူတို့ ဒုက္ခပေးတယ်ဆိုတာ ကိုယ်က တွယ်တာလို့ ဒုက္ခပေးနိုင်တာပါ။ ကိုယ်က မတွယ်ဘူးဆိုရင် ဒုက္ခပေးလို့ မရပါဘူး။ "ဒီဥစ္စာပစ္စည်းတွေကြောင့် သိပ်ဒုက္ခရောက်တယ်" လို့ ပြောကြပါတယ်။ ဘာဖြစ်လို့ ဒုက္ခရောက်လဲ၊ တွယ်တာလို့ ဒုက္ခရောက်တာပါ။

တွယ်တာလို့ ဒုက္ခရောက်ရတာမို့ ဘုရားရှင်က လိုရင်းပဲ ပြောပါတယ်၊ သမုဒယကို ပယ်ပါတဲ့။ ဘာလုပ်ရမယ်၊ သမုဒယကို ပယ်ရပါမယ်။ အတိတ်က ဖြစ်တဲ့ သမုဒယကို မပယ်ခဲ့တဲ့အတွက် လက်ငင်းပစ္စုပ္ပန်မှာ ဒုက္ခရောက်တယ်။ ဘာတွေနဲ့ ဒုက္ခရောက်နေလဲဆိုရင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အကျဉ်းချုပ်လိုက်တော့ နာမ်ရုပ်ပါ။

ကိုယ်နဲ့ ဆက်စပ်သမျှသည် ရုပ်၊ စိတ်နဲ့ဆက်စပ်သမျှသည် နာမ်ပါ။ ရုပ်နာမ်တွေသည် ဒုက္ခတွေပါ။ အခု တချို့ကလည်း တရားအားမထုတ်ဖူးတော့ ထင်တတ်တယ်။ တရားအားထုတ်ရင် သူများပြောသံကြားတယ်၊ "ချမ်းသာတယ်၊ ချမ်းသာတယ်" ဆိုပြီး ငါအားထုတ်တာ မချမ်းသာပါလား၊ ဆင်းရဲပါလားဆိုပြီး တချို့က စိတ်ညစ်သွားတယ်။ အခုလက်တွေ့ အားထုတ်တဲ့အခါမှာ သေသေချာချာ ဉာဏ်နဲ့ ကြည့်တဲ့အခါကျရင် တရားမြင်လာတယ်။ ဘယ် တရားမြင်လာလဲ၊ ဒုက္ခမြင်လာပါတယ်။

သိမှ ပယ်နိုင်မယ်

ဒုက္ခသစ္စာက သိမြင်ရမယ့်တရားပါ။ ဒုက္ခမမြင်ဘဲနဲ့ ဒုက္ခသစ္စာဆိုတာ မသိဘူး။ မြင်အောင်လို့၊ သိအောင်လို့ ရုပ်နာမ်ခန္ဓာမှာ ကြည့်နေရတယ်။ တရားအားထုတ်တယ်ဆိုတာ ဘာလုပ်တာလဲဆိုရင် ရုပ်နာမ်ခန္ဓာကို ကြည့်နေတာပါ။ ဒုက္ခတွေ့အောင် ကြည့်ရမှာပါ။ ဒုက္ခကို တွေ့အောင် မြင်အောင် သိအောင်လို့ကို တမင်တကာ ကြည့်နေရတယ်။ ဒီတော့မှ ဒုက္ခမှန်းသိမယ်။ ဒီလို

www.dhammadownload.com

မကြည့်ဘူးဆိုရင် အမှတ်တမဲ့နေမယ်ဆိုရင် တဏှာက လှည့်စားထားတော့ ဒုက္ခလို့ မထင်ဘူး။ အဝိဇ္ဇာက ဖုံးအုပ်ထားတော့ ဒုက္ခမမြင်ပါဘူး။

ခန္ဓာကိုယ်ကို အလိုလိုက်ပြီးတော့ ခန္ဓာခိုင်းသမျှ ခန္ဓာစိတ်ကြိုက်လုပ်ပြီး ပင်ပန်းဆင်းရဲနေပေမဲ့ ဒုက္ခလို့ မမြင်ပါဘူး။ ဒုက္ခက မြင်ရမှာ သိရမှာပါ။ ဒုက္ခသစ္စာသည် သိရမယ့်သစ္စာ၊ သမုဒယသစ္စာက ပယ်ရမှာပါ။ သမုဒယကို ပယ်နိုင်တာက မဂ္ဂသစ္စာက ပယ်နိုင်တာပါ။ မဂ္ဂသစ္စာက ပယ်ပါလိမ့်မယ်။ ဒီအကျင့်ကို ဒုက္ခငြိမ်းအောင် ကျင့်နေတာပါ။

ပယ်ဖို့ဆိုတဲ့ နေရာမှာ ဘယ်ဟာကို ပယ်ရမလဲလို့။ မသိဘဲနဲ့ပယ်လို့ မရပါဘူး။မမြင်ဘဲနဲ့ပယ်လို့မရပါဘူး။မမြင်မစမ်းပယ်ချင်ရာပယ်မယ်ဆိုတော့ လည်း မရပါဘူး။ ဒီတော့ဘာလုပ်ရမလဲ၊ အသေအချာ ကြည့်ရတယ်။ အသေအချာ ကြည့်နေရတယ်။ ရုပ်နဲ့နာမ်၊ ကိုယ်နဲ့စိတ်ကို သတိထား မပြတ်ကြည့်နေရပါတယ်။

ကိုယ်မှာ ဖြစ်နေတဲ့သဘော တရားမှန်သမျှ ပူတယ်၊ အေးတယ်၊ ညောင်းတယ်၊ ကိုက်တယ်၊ တောင့်တယ်၊ တင်းတယ်၊ အောင့်တယ်၊ ဘာပဲဖြစ်ဖြစ် ဖြစ်သမျှပေါ်သမျှ ကိုယ်မှာ ဖြစ်သမျှ ရုပ်တရားပါ။ စိတ်ထဲမှာ ဖြစ်ပေါ်သမျှ ခံစားတာ တွေးတောတာ သိရှိတာ မှတ်သားတာ အားလုံးက နာမ်တရားပါ။

ရုပ်နဲ့နာမ်၊ နာမ်နဲ့ရုပ်လို့ သေသေချာချာ ကြည့်နေတဲ့အခါကျတော့ သိလာတယ်၊ ကြည့်ရင်း ကြည့်ရင်းနဲ့ သိလာလိမ့်မယ်။ မကြည့်ဘဲနဲ့ မသိပါဘူး။ မမြင်ဘဲနဲ့ မတွေ့ပါဘူး။

ဒုက္ခကိုသိတော့ မြင်တော့ တွေ့တော့မှ ဩော် ဒါဟာ တကယ်ဆင်းရဲပါလား။ငါတို့အကောင်းထင်နေတဲ့ဒီရုပ်ဒီနာမ်ဘာတစ်ခုမျှလည်းမကောင်းဘူး။ ဒီရုပ် ဒီနာမ် ချမ်းသာတယ်လို့လည်း မပါပါဘူး။

ဒါပေမဲ့ ဉာဏ်နဲ့ မမြင်သေးရင် ကိုယ်ကိုယ်တိုင်သိတာ မဟုတ်ဘူး၊ ဘုရားဟောလို့ သိတာပါ။ သူများပြောလို့ သိတာပါ။ ဆရာသမားက ပြောပြတယ်၊ စာတွေပေတွေ ဖတ်တယ်။ ကိုယ် တကယ်သိတာ မဟုတ်သေးပါဘူး။

www.dhammadownload.com

တကယ် တရားအားထုတ်ကြည့်လိုက်တဲ့အခါကျတော့ ဉာဏ်နဲ့ သေချာကြည့်လိုက်တော့မှ ကိုယ်ပိုင်ဉာဏ်နဲ့ သိလာတယ်။

ရုပ်နာမ်ဆင်းရဲကို အဟုတ်အမှန် သိလာတယ်။ ချမ်းသာ လိုချင်တယ် ဆိုရင် ဆင်းရဲဆိုတာဘာလဲ သိရပါမယ်။ ဆင်းရဲမသိဘဲနဲ့ ချမ်းသာ လိုချင်လို့ မရဘူး။ ဒါ ဆင်းရဲပဲလို့သိပြီးမှ ဒီဆင်းရဲတွေ ဘာကြောင့်ဖြစ်သလဲ၊ ဘယ်လို အကြောင်းကြောင့် ဒီလို ဆင်းရဲတွေ ဖြစ်နေသလဲလို့ ရှာရမယ်၊ သိရမယ်။ ဆင်းရဲဒုက္ခတွေရဲ့ အကြောင်းရင်းက တဏှာ၊ လောဘ၊ သမုဒယပါ။ ဆင်းရဲဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်းတွေပါ။ ဆင်းရဲဖြစ်ကြောင်းတွေ ပယ်လိုက်ရင် ဆင်းရဲမဖြစ်တော့ပါဘူး။

ဒီလို ပယ်နိုင်ဖို့အတွက် ကြိုးစားကျင့်ကြံနေတယ်၊ အားထုတ်နေတယ်။ အဲဒါသည် မဂ္ဂင်အကျင့်၊ တရားအားထုတ်နေတာ မဂ္ဂင်အကျင့် ကျင့်နေတာပါ။

ဒီအကျင့်ကို ကျင့်တော့မှ ဒီဒုက္ခတွေကို ပယ်နိုင်မယ်လို့ မြတ်စွာဘုရားရှင်က ဟောပါတယ်။ ပယ်ဖို့လည်း ဟောပါတယ်။ ပယ်တဲ့အတွက်ကြောင့် ဖြစ်ပေါ်မယ့်အကျိုး၊ မပယ်ရင် ရမယ့်အကျိုး သေသေချာချာလည်း ပြောပြပါတယ်။

အဲဒါတွေကို သိရှိနားလည်ပြီးတော့နေတဲ့ ကျင့်စဉ်အတိုင်း ကျင့်နေတယ်ဆိုတာ ဗုဒ္ဓရဲ့အယူဝါဒကို လိုက်နာကျင့်သုံးနေတာပါ။ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ မြတ်စွာဘုရားရှင်ကို အားထားကြည်ညိုပါတယ်၊ မှီခိုဆည်းကပ်ပါတယ်၊ ပြောသာ ပြောနေတယ်။ ဘုရားရှင်က ဘာဟောမှန်းလည်း မသိဘူး၊ ဘုရားရဲ့အယူဝါဒက ဘာရှိမှန်းလည်းမသိ၊ ဘာတွေ ဘယ်လိုကျင့်ရမှန်းလည်း မသိတော့ ကျင့်လို့ မရပါဘူး။

ဘုရားရှင်ကို အားကိုးအားထားပြုပြီးတော့ မှီခိုဆည်းကပ်တယ်ဆိုရင် ဗုဒ္ဓဝါဒ သိအောင်လုပ်ရပါမယ်။ ဗုဒ္ဓဝါဒသည် တဏှာပယ်တဲ့ဝါဒပါ။

"ရဟန်းတို့ သင်တို့ကို မေးမြန်းလာတဲ့ ပညာရှင်တွေကို ပညာရှိတွေကို အဲဒီအတိုင်း ဖြေလိုက်ကြ၊ အဲဒီလို ဖြေခြင်းအားဖြင့် မြတ်စွာဘုရားရှင်ကိုလည်း အထင်အမြင် မလွဲမှားတော့ဘူး။ ကိုယ်ဖြေချင်ရာ ဖြေပြီးတော့ အမှားတွေ ဖြေ

www.dhammadownload.com

မိရင် တစ်ဖက်က ဗုဒ္ဓဝါဒ နားမလည်တဲ့သူတွေက ဟာ - ဘုရားရဲ့ အယူဝါဒက အမှားကြီးပဲ" လို့ စောဒကတက် စွပ်စွဲလာမယ်၊ ကဲ့ရဲ့လာမယ်၊ အပြစ်တင်ကြမယ်။ အထင်သေးပြီးတော့ ရွှတ်ချလိမ့်မယ်။ ဒါကြောင့်မို့လို့ ရဟန်းတို့ သင်တို့ ပစ္စာဘူမတိုင်း ပြန်တဲ့အခါမှာ ဒီအချက်တွေကိုတော့ သင်ယူမှတ်သားသွားပါလို့ အရှင်သာရိပုတ္တရာက ဗုဒ္ဓရဲ့အယူဝါဒကို သင်ပေးလိုက်ပါတယ်။

ဗုဒ္ဓအယူဝါဒကို ဘုန်းကြီးတို့ ပရိသတ်လည်း လက်ခံပြီးတော့ လိုက်နာကျင့်သုံးရမယ်။ တကယ်ပယ်အောင် ကျင့်ရမယ်။ ဒုက္ခတွေ ကင်းလွတ်ချင်ရင် တကယ်ပယ်နိုင်အောင် ကျင့်ရမှာပါ။ ချမ်းသာသုခတွေ ရချင်ရင် တကယ်ပယ်ရမှာပါ။ များများမပယ်ရပါဘူး သမုဒယ၊ တကယ်၊ လောဘခင်မင်မှု၊ တွယ်တာမှု၊ နှစ်သက်မှုတကယ်၊ လောဘ၊ သမုဒယကို ပယ်နိုင်လိုက်ရင် ဒုက္ခခပ်သိမ်းငြိမ်းပါတယ်။ ဆင်းရဲတွေအားလုံး ချုပ်ပါတယ်။

ဆင်းရဲဒုက္ခတွေအားလုံး ချုပ်ငြိမ်းပြီးတော့ ကောင်းကျိုးချမ်းသာ အဖြာဖြာကို လျင်မြန်စွာရအောင် ကျင့်ကြံအားထုတ်ကြဖို့ လိုပါတယ်။

www.dhammadownload.com

နိဗ္ဗာန်သွားတဲ့လမ်း

နိဗ္ဗာန်သွားတဲ့လမ်းဆိုတာ ဘုရားရှင် အဆူဆူ လျှောက်လှမ်းသွားတော်မူတဲ့ လမ်းပါ။ ဘုရားရှင်တို့ ကိုယ်တိုင် လမ်းပြတော်မူလို့ သာဝကများလည်း သွားနိုင်ကြတဲ့လမ်းပါ။ ဘုရားရှင်တို့ ဟောကြားတော်မူတဲ့ တရားဓမ္မဒေသနာတွေကို မသိမမြင်နိုင်ရင် ဘယ်လိုမှ မရောက်နိုင် မသွားနိုင်တဲ့လမ်းပါ။

သစ္စာလေးပါး

မြတ်စွာဘုရားဟောကြားတော်မူတဲ့တရားဓမ္မဒေသနာတော်ကို သစ္စာဒေသနာအရ ပြောမယ်ဆိုရင် သစ္စာလေးပါးလို့ သိကြပါတယ်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလေးမျိုးထဲမှာ ကိုယ့်မှာ ဘယ်သစ္စာတွေများရှိသလဲ၊ ဘယ်သစ္စာတွေများ မရှိဘူးလဲလို့ ပြန်ကြည့်လိုက်ရင် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာသည် မိမိတို့မှာရှိနေတဲ့ သစ္စာပါ။

လောကသံသရာတစ်ခွင် ကျင်လည်နေတဲ့ လူတိုင်းလူတိုင်းမှာ ဒုက္ခသစ္စာ ဆင်းရဲခြင်းဆိုတဲ့ အမှန်တရားဆိုတာလည်း ရှိတယ်။ သမုဒယသစ္စာ ခေါ်တဲ့ ဆင်းရဲဖြစ်ကြောင်း အမှန်တရားကိုလည်း နေ့စဉ်နေ့တိုင်း ပြု-ပြော-ကြံစည်ပြီးတော့ နေကြပါတယ်။

www.dhammadownload.com

ဒီတော့ ကိုယ့်မှာရှိနေတဲ့ သစ္စာသည် ဒုက္ခနဲ့ သမုဒယ၊ ဟိုရှေးတုန်းက သံသရာတစ်ခွင် ကျင်လည်နေတုန်းက ရှိခဲ့တာလည်း ဒုက္ခနဲ့ သမုဒယ၊ ခုလက်ရှိ အချိန်အခါမှာ သေသေချာချာရှိနေတာ ဒုက္ခနဲ့ သမုဒယပါ။

မိမိတို့မှာ မရှိသေးတဲ့ သစ္စာ၊ လိုအပ်နေတဲ့ သစ္စာလို့ ဒီလိုခွဲခြားပြီးတော့ ကြည့်လိုက်ရင် ဘာသစ္စာနဲ့ ဘာသစ္စာမရှိလဲ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာပါ။ နိရောဓသစ္စာသည် ဆင်းရဲချုပ်ရာ အမှန်တရား၊ မဂ္ဂသစ္စာဆိုတာသည် ဆင်းရဲချုပ်ကြောင်း အမှန်တရားပါ။

ဒီတော့ သံသရာထဲမှာ နေရတဲ့သူမှန်သမျှ လူတိုင်းလူတိုင်းမှာ ပြောမယ်ဆိုရင် ဒုက္ခရှိကြပါတယ်။

ဆင်းရဲတဲ့သူလည်း ဒုက္ခရှိတယ်။ ချမ်းသာတဲ့သူလည်း ဒုက္ခရှိတယ်။ အမျိုးသားတွေမှာလည်း ဒုက္ခရှိသလို အမျိုးသမီးတွေမှာလည်း ဒုက္ခရှိတာပါပဲ။ အသက်ကြီးတဲ့သူ မကြီးတဲ့သူ၊ ပညာတတ်သူ၊ မတတ်သူ၊ ဘယ်သူမဆိုတဲ့ ကြည့်လိုက်ရင် ဒုက္ခအသီးသီး ရှိကြပါတယ်။

ကိုယ်စီကိုယ်ငင ဒုက္ခရှိကြတဲ့အတွက်ကြောင့် တရားမမှ ကျင့်ကြံပွားများပြီးတော့ ဒီဒုက္ခတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ဖို့၊ ရရှိနိုင်ဖို့အတွက် မဂ္ဂသစ္စာကို ပွားရမှာပါ။

မဂ္ဂသစ္စာက ပွားများရမယ့်သစ္စာ၊ ဒုက္ခသစ္စာက သိရမယ့်သစ္စာ၊ သမုဒယသစ္စာသည် ပယ်ရမယ့်သစ္စာပါ။

ကိုယ့်မှာ ဒုက္ခရှိတယ်လို့ ရုပ်နာမ်တို့ရဲ့ဒုက္ခ၊ ဒီခန္ဓာရဲ့ဒုက္ခတွေကို သိလာတဲ့အခါမှာ ဒီဒုက္ခကို ဘာလုပ်ရမလဲ၊ ပယ်ရမယ်။ ပယ်ဖို့အတွက်ကို မဂ္ဂသစ္စာဆိုတာ ပွားများရပါမယ်။ မဂ္ဂသစ္စာအကြောင်း နားလည်သဘောပေါက်အောင် ရှင်းပြပါမယ်။

ကိလေပယ်သတ်၊ နိဗ္ဗာန်ရပ်၊ သွားတတ် အမြတ်မင်္ဂ။
ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။

ကိလေသေ - ကိလေသာတို့ကို၊ မာရေန္တော - သတ်ဖြတ်လျက်၊ နိဗ္ဗာနံ - နိဗ္ဗာန်သို့၊ ဂစ္ဆတိ - သွားတတ်ပါပေ၏။

www.dhammadownload.com

ကိလေသာတွေကို ပယ်ဖြတ်ပြီးတော့ နိဗ္ဗာန်ကို သွားတတ်တာမို့လို့ မဂ်လို့ခေါ်တယ်။ မဂ်ဆိုတာဘာလဲဆိုရင် ကိလေသာတွေကို ပယ်ပေးတာပါ။ ကိလေသေ - ကိလေသာတွေကို၊ မာရေန္တော - သတ်ဖြတ်လျက်ဆိုတဲ့ အတိုင်း မဂ်ရဲ့အလုပ်၊ မဂ်ရဲ့ကိစ္စက ကိလေသာကို ပယ်သတ်ပေးတယ်။

မဂ်ကို အဓိပ္ပာယ်ဖွင့်ဆိုကြည့်ရင် ကိလေသာတွေကိုပယ်တာ မဂ်ပါလို့ သိရမှာပါ။ ယောဂီတွေက ကိလေသာကို ပယ်ချင်တာပဲရှိမယ်။ ကိလေသာတွေကို ကိုယ့်ဟာကိုယ် ပယ်လို့မရပါဘူး။

ဘယ်သူက ပယ်ပေးမလဲ၊ မဂ်က ပယ်ပေးမှာပါ။ မဂ်မပေါ်သေးဘူးဆိုရင် ဘယ်လိုပဲ ကိလေသာတွေကို ပယ်ချင်တယ်၊ ပယ်ရမယ့် သမုဒယသစ္စာတဏှာလောဘ ကိလေသာတွေကို ပယ်ချင်ပါတယ်ဆိုပေမဲ့ မဂ်မရှိရင် မဂ်မပေါ်ရင် ပယ်လို့မရပါဘူး။

ဘယ်သူက ပယ်ပေးမှာလဲ၊ ဘာတွေ ပယ်ပေးမှာလဲဆိုရင် မဂ်က ကိလေသာတွေကို ပယ်ပေးမှာပါ။

ကိလေသေ - ကိလေသာတွေကို၊ မာရေန္တော - သတ်ဖြတ်၍၊ နိဗ္ဗာနံ - နိဗ္ဗာန်သို့၊ ဂစ္ဆတိ - သွားတတ်ပါပေ၏။

ကိလေသာတွေကို ပယ်ပေးရုံတင်မဟုတ်ဘူးတဲ့၊ နိဗ္ဗာန်ကိုလည်း ပို့ပေးတယ်၊ မဂ်က ဘာလုပ်ပေးသေးလဲဆိုရင် နိဗ္ဗာန်ကို ပို့ပေးတယ်။ နိဗ္ဗာန်ကို သွားချင်ပါတယ်၊ သွားချင်ပါတယ်၊ နိဗ္ဗာန်ရောက်ချင်ပါတယ်၊ ရောက်ချင်ပါတယ်ပြောပေမဲ့လို့ မဂ်ဆိုတာ မပေါ်လာဘူး၊ မဖြစ်လာဘူးဆိုရင် သွားလို့မရပါဘူး။

နိဗ္ဗာန်ကို ဘာနဲ့ သွားရမယ်၊ မဂ်နဲ့ သွားရမယ်။

မဂ္ဂသစ္စာ အခုပွားများနေတဲ့ မဂ္ဂသစ္စာ၊ မဂ္ဂင်အကျင့်သည် ဒီဗုဒ္ဓသာသနာမှာ အရေးကြီးဆုံးပါ။

ဒီတရားသည် အဓိကပါ။ တခြား တခြား အယူဝါဒတွေနဲ့၊ တခြား တခြား ဘာသာတွေနဲ့ ဘာတွေများ ကွာခြားလဲ၊ ထူးခြားလဲလို့ အဓိကကွာဟချက်ကို ကြည့်လိုက်ရင် တခြား တခြားသော သာသနာတွေမှာ ဒီမဂ္ဂင်အကျင့်ဆိုတာ မရှိဘူး။ သူတို့မှာလည်း ပေးကမ်းတဲ့ ဒါနရှိမယ်၊ ကိုယ်ကျင့်တရားတွေ ထိန်း

www.dhammadownload.com

သိမ်းတဲ့ သီလတွေရှိမယ်၊ စိတ်ကောင်းစေတနာကောင်းတွေနဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ ရှိကောင်း ရှိလိမ့်မယ်။ ဒါပေမဲ့ မဂ္ဂင်အကျင့်မရှိပါဘူး။

အခြားသာသနာမှာ မဂ်မရှိ

မြတ်စွာဘုရားရှင်ရဲ့ သာသနာမှတပါး အခြား အခြားသော သာသနာ၊ အခြားအခြားသော အယူဝါဒတွေမှာ မဂ္ဂင်အကျင့်ကို မရှာနိုင်ဘူး၊ မတွေ့နိုင်ဘူး၊ ဘုရားသာသနာမှာပဲ မဂ္ဂင်အကျင့် ရှိပါတယ်။ ဒါဟာ ကိုယ်ကျင့်နေတဲ့ မဂ္ဂင်ပါ။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်လို့ ပြောနေကြတော့ ဒီမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့ ဒီသုံးခုမှာ အခြေခံအကျဆုံးသည် မဂ်ပါ။ မဂ်ကနေမှ တစ်ဆင့်တက်၊ မဂ်ဖြစ်ပြီးရင် မဂ်ရဲ့အခြားမဲ့မှာ ဖိုလ်ဆိုတာ ဖြစ်တယ်။ မဂ်ဖြစ်ပြီးတာနဲ့ ဖိုလ်ဆိုတာ ဖြစ်တယ်၊ မဂ်ဖိုလ်တရားတွေ ပြည့်စုံနေတဲ့သူဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ မဂ်ဆိုတာ မပေါ်ဘဲနဲ့ နိဗ္ဗာန်ဆိုတာ မလာပါဘူး။

ကိလေသာတွေကို ပယ်သတ်ပေးပြီး နိဗ္ဗာန်ကို ပို့ပေးတယ်။ ဒီတော့ နိဗ္ဗာန်သွားတဲ့လမ်းဆိုတာသည် တခြားလမ်း မဟုတ်ဘူး၊ မဂ္ဂင်လမ်းပါ။ နိဗ္ဗာန်ကို ဘယ်လမ်းက သွားရမလဲ၊ မဂ္ဂင်လမ်းကပဲ သွားရပါမယ်။

ဒုက္ခသစ္စာနဲ့သမုဒယသစ္စာသည်ကိုယ့်မှာရှိပြီးသားပါ။ သံသရာတစ်ခွင် ကျင်လည်နေစဉ်တုန်းကလည်း ဒုက္ခနဲ့ သမုဒယ၊ ဆင်းရဲဖြစ်ကြောင်းတွေ၊ ဆင်းရဲတွေနဲ့ ဒီလိုပဲနေခဲ့တယ်။

အခုလက်ရှိဘဝ၊ လက်ရှိအချိန်အခါကာလမှာလည်း အများအားဖြင့် တရားမလုပ်ရင်၊ တရားမကျင့်ရင်၊ သမုဒယ ဒုက္ခ ဒီနှစ်ခုနဲ့ပဲ နေကြပါတယ်။

အဲဒီတော့ တရားမမွေကျင့်တယ်ဆိုတာ မရှိသေးတဲ့ သစ္စာတရားတွေ ရှိလာအောင်၊ မသိသေးတဲ့ သစ္စာတရားတွေကို သိလာအောင်ဆိုပြီးတော့ ကျင့်ရတာဖြစ်တော့ မဂ္ဂသစ္စာသည်အရေးကြီးပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း ဆိုတဲ့ မဂ္ဂသစ္စာကို မကျင့်ဘဲနဲ့ မပွားဘဲနဲ့ ဆင်းရဲတို့ရဲ့ ချုပ်ရာငြိမ်းရာ နိဗ္ဗာန သစ္စာဆိုတဲ့ နိဗ္ဗာန်ကို မရောက်နိုင်ပါဘူး။

www.dhammadownload.com

(နိဗ္ဗာန်လိုလတ်၊ နတ်လူမြတ်၊ ရှာအပ်အမြတ်မင်္ဂ)

နိဗ္ဗာန်ကို လိုလားတောင့်တနေတဲ့သူ၊ လိုချင်နေတဲ့သူ၊ လူတွေ နတ်တွေ ရှာအပ်တဲ့ မင်္ဂတရားပါတဲ့။ လူတွေနတ်တွေ၊ လူမြတ် နတ်မြတ်တွေ၊ လူကောင်း နတ်ကောင်းတွေ ရှာနေကြတာသည် ဘာလဲ။ မင်္ဂကို ရှာတယ်။ သူတော်ကောင်းတွေ ဘာရှာလဲဆိုရင် မင်္ဂတရားရဖို့ ရှာနေကြတယ်။ ကောင်းတဲ့အကျင့် ကျင့်နေကြတယ်။ တရားဓမ္မတွေ အားထုတ်နေကြတယ်။ ကောင်းတာတွေ လုပ်နေကြတယ်။ စိတ်ကောင်းစေတနာကောင်းတွေ ထားနေကြတယ်ဆိုတာ ဘာလိုချင်လို့လဲဆိုရင် မင်္ဂလိုချင်ကြလို့၊ နိဗ္ဗာန်ကို လိုလားနေကြတဲ့သူမှန်သမျှ ရှာအပ်၊ ဖွေအပ်၊ ရှာဖွေအပ်လို့ မင်္ဂလို့ ခေါ်တယ်။ ဒီတော့ မင်္ဂဆိုတာသည် ရှာရမယ့်တရားပါ။

ခုနကပြောခဲ့တဲ့ ဒုက္ခ၊ သမုဒယသည် ရှာစရာမလိုဘူးနော်။ သမုဒယသစ္စာဆိုတာ ဆင်းရဲဖြစ်ကြောင်းတရား၊ တမင်တကာ ရှာမနေနဲ့။ နှောင်းအတိတ်က သံသရာအတိတ်က ပါလာပြီးသား၊ ရှိနှင့်ပြီးသားပါ။

ဒုက္ခသစ္စာဆိုတာသည် ထပ်ရှာဖို့ လိုသေးလား၊ ဒုက္ခတွေ ဒီလောက် အမြောက်အများ ရှိနေပြီ၊ ထပ်လည်း မရှာနဲ့တော့။ ရှာမယ်ဆိုရင် ဘာကို ရှာရမယ်၊ မင်္ဂကို ရှာရမယ်။

နိဗ္ဗာန်ကို လိုလားတောင့်တနေတဲ့ လူမြတ်နတ်မြတ်တွေ ရှာဖွေအပ်လို့ မင်္ဂလို့ ခေါ်တယ်။ ရှာရမှာပါ။ မရှိသေးရင် ရှိလာအောင် အားထုတ်ရမှာပါ။ မဖြစ်သေးရင် ဖြစ်လာအောင် အားထုတ်ရမယ်၊ ကျင့်ရမယ်။ ခု ကျင့်ကြံအားထုတ်နေကြ ပွားများနေကြတာ ဘာသစ္စာလဲဆိုရင် မဂ္ဂသစ္စာပါ။ ဘာလို့ပွားတာလဲဆိုရင် မင်္ဂလိုချင်လို့ပါ။

ဒါနကောင်းမှု ပြုတဲ့အချိန်အခါမှာ ဘာလိုချင်လို့ ပေးကမ်းလှူဒါန်းနေတာလဲဆိုရင် မင်္ဂကို လိုချင်လို့ပါပဲ။ သီလစောင့်နေကြတာလည်း မင်္ဂကို လိုချင်လို့ပါပဲ။ မင်္ဂဖိုလ်တရားကို လိုလားတောင့်တနေကြတဲ့ နိဗ္ဗာန်ကို လိုလားနေကြတဲ့သူတွေ၊ နိဗ္ဗာန်ကို လိုလားတောင့်တနေတဲ့ လူမြတ် နတ်မြတ်တွေ ရှာအပ်ဖွေအပ်၊ ရှာဖွေအပ်လို့ မင်္ဂလို့ ခေါ်ပါတယ်။

www.dhammadownload.com

(နိဗ္ဗာနဓာတ်၊ အမြိုက်ရပ်၊ သွားတတ် အမြတ်မဂ်)

နိဗ္ဗာနဓာတ်ခေါ်တဲ့ အေးငြိမ်းမှု သန္တိသုခ နိဗ္ဗာန်ကို သွားတတ်လို့ မဂ်လို့ ခေါ်တယ်။ နိဗ္ဗာနဓာတ် အမြိုက်ရပ်ဆိုရာမှာ အမြိုက်ဆိုတာ အမတဆိုတဲ့ စကားလုံးက လာတာပါ။ အမတဆိုတာ မအိုမနာ မသေတာပါ။ မအိုရာ၊ မနာရာ၊ မသေရာ ဖြစ်တဲ့ နိဗ္ဗာန်ကို သွားတတ်လို့ မဂ်လို့ ခေါ်တယ်။

ဒီတော့ နိဗ္ဗာန်ကို မဂ်က သွားတယ်ဆိုရင် မဂ်ကို အမှီပြုပြီးတော့ လိုက်ရမယ်။ ဘယ်လိုက်ရမှာလဲ။ နိဗ္ဗာန်ကို လိုက်ရမယ်။ နိဗ္ဗာနဓာတ် အမြိုက်ရပ်ကို သွားတတ်လို့ မဂ်လို့ ခေါ်ပါတယ်။

ဒီတော့ နိဗ္ဗာန်သွားတတ်တဲ့အတွက်ကြောင့်မို့ နိဗ္ဗာန်ကိုသွားတာမို့လို့ မဂ်လို့ခေါ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကတစ်မျိုး၊ လူကောင်းနတ်ကောင်း ဗြဟ္မာကောင်းတွေ၊ လူမြတ် နတ်မြတ် ဗြဟ္မာမြတ်တွေ ရှာအပ်၊ ဖွေအပ်၊ ရှာဖွေအပ်လို့ မဂ်လို့ခေါ်တာက အဓိပ္ပာယ်တစ်မျိုးပါ။ ကိလေသာတွေကို ပယ်သတ်ပြီးတော့ နိဗ္ဗာန်ကို ပို့ပေးတာမို့လို့ မဂ်လို့ခေါ်ရတာလည်း မဂ်ရဲ့အဓိပ္ပာယ်ပါ။

မဂ္ဂဆိုတဲ့ စကားလုံးလေးကိုက အင်မတန်မှ ကျယ်ဝန်းပါတယ်။ ကိလေသာကို ပယ်သတ်ပေးပြီးတော့မှ နိဗ္ဗာန်ကို သွားတတ်လို့ မဂ်လို့ ခေါ်ပါတယ်။ ရှာအပ်၊ ဖွေအပ်၊ ရှာဖွေအပ်လို့ မဂ်လို့ ခေါ်တယ်။ နိဗ္ဗာနဓာတ် အမြတ်ရပ်ကို သွားတတ်လို့ မဂ်လို့ ခေါ်တယ်။

ဒီတော့ အကုန်လုံး ပြည့်စုံပြီ။ မဂ်သာ ပေါ်မယ်ဆိုရင် ကိုယ်လိုချင်နေတာ၊ တောင့်တနေတာ အကုန်ရသွားမှာပါ။ အခု ကိလေသာတွေကို အကုန်ပယ်ချင်နေတယ်၊ မဂ်က ပယ်ပေးမယ်။ နိဗ္ဗာန်ကို သွားချင်နေတယ်၊ မဂ်က ပို့ပေးမယ်။

အဲဒီမဂ်ဆိုတာကို ရဖို့တော့ ဒီတိုင်းနေလို့တော့ မရပါဘူး၊ ရှာရမယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ နိဗ္ဗာန်သွားလမ်းမဂ်ကို ရှာရမယ်။ မဂ်တရား မပေါ်မချင်း ခန္ဓာမှာ ရှာရမယ်။ ရှေးက ဆရာတော်ကြီးများ ပြောခဲ့တဲ့ စကား ရှိတယ်၊ ရှေးစကားပေါ့။ တရားပျောက်ရင် ကိုယ်မှာရှာ၊ တရားရှာရင် ကိုယ်မှာ တွေ့တယ်တဲ့။

www.dhammadownload.com

တရားပျောက်ရင် ကိုယ်မှာရှာပါ။
တရားရှာရင် ကိုယ်မှာတွေ့မှာပါ။

မဂ္ဂင်ရှစ်ပါး

မင်္ဂလာဆိုတာလည်း ဖြစ်ပေါ်ဖို့ ခန္ဓာမှာပဲ ပြန်ကြည့်ရပါမယ်။ မင်္ဂလာဆိုတာ အသိဉာဏ်ပါ။ အဲဒီအသိဉာဏ် ပေါ်ဖို့အတွက် ဘယ်မှာလိုက်ရှာရမှာလဲ၊ ဘယ်မှာလိုက်ကြည့်ရမှာလဲဆိုရင် အဝေးကြီးမှာ မဟုတ်ဘူး။ ခန္ဓာမှာပဲ ပြန်ကြည့်ရမယ်၊ ခန္ဓာမှာပဲ ပြန်ရှာရပါမယ်။ ခန္ဓာမှာ ရှာကြည့်လိုက်လို့အသိဉာဏ် ပေါ်လာရင် မင်္ဂလာဆိုတာပေါ်ပါပြီ။

မင်္ဂလာပေါ်ဖို့အတွက်၊ မင်္ဂလာဆိုတာဖြစ်လာဖို့အတွက် လိုအပ်တဲ့အစိတ်အပိုင်းတွေ ရှိပါတယ်။ ကားတစ်စီးမှာ ကြည့်လိုက်မယ်ဆိုရင် စတီယာတိုင်လည်း ရှိတယ်၊ ဘီးလည်းရှိတယ်၊ ဘော်ဒီလည်းရှိတယ်၊ ဖရိန်လည်း ရှိတယ်၊ အင်ဂျင်ဆိုတာလည်း ရှိရတယ်။ ဒီသဘောအတိုင်းပဲ မင်္ဂလာဆိုတာမှာလည်း သူ့အင်္ဂါ သူ့အစိတ်အပိုင်းတွေ ရှိပါတယ်။ ယာဉ်တစ်စီးနဲ့ တင်စားပြီးတော့ ပြောမယ်ဆိုရင် မဂ္ဂင်ယာဉ်၊ ဖောင်ကြီးတစ်စင်းနဲ့ ပြောမယ်ဆိုရင် မဂ္ဂင်ဖောင်လို့ သုံးနှုန်းကြတယ်။ မင်္ဂလာဆိုတဲ့ သဘောတရားမှာ လိုအပ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေသည် အခြားမဟုတ်ဘူး၊ မဂ္ဂင်ပါပဲ။

မဂ္ဂင်ဆိုတာ မင်္ဂလာရဲ့အင်္ဂါ၊ မင်္ဂလာရဲ့အစိတ်အပိုင်းပါ။ စက်ပစ္စည်းတစ်ခုခုမှာ သူ့လိုအပ်တဲ့ အစိတ်အပိုင်း မူလီတစ်လုံးလိုရင်တောင်မှ ဒီစက် မလည်နိုင်တော့သလိုပဲ မင်္ဂလာဆိုတာ ဖြစ်ဖို့အတွက် မဂ္ဂင်တစ်ခုခု လိုအပ်နေတယ်ဆိုရင် မင်္ဂလာဆိုတာ ဖြစ်မလာပါဘူး။

မင်္ဂလာပေါ်ဖို့အတွက်၊ မင်္ဂလာဖြစ်ဖို့အတွက် မဂ္ဂင်ပြည့်စုံရမယ်၊ မဂ္ဂင်ရှစ်ပါး ပြည့်စုံရပါမယ်။ တရားဒေသနာတွေထဲမှာ ပထမဦးဆုံး မြတ်စွာဘုရားရှင် ဟောကြားတဲ့ ဓမ္မစက္ကာတရားဒေသနာမှာ မဂ္ဂသစ္စာဆိုတာ ပါပြီးသားပါ။ ဘုရားဖြစ်တဲ့ အချိန်အခါကာလ ပထမဦးဆုံး စတရားဟောကတည်းကိုက ဗုဒ္ဓ မြတ်စွာသည် ဗုဒ္ဓရဲ့ဝါဒကို ကြေညာချက် ထုတ်ပြန်ထားတယ်။

www.dhammadownload.com

မဂ္ဂသစ္စာတဲ့၊ မဂ္ဂသစ္စာမှာ အင်္ဂါအစိတ်အပိုင်း ရှိရမယ်၊ အင်္ဂါ အစိတ်အပိုင်းရှစ်ခု၊သေယျထိဒံသမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပေါ၊သမ္မာဝါစာ၊သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မဂ္ဂင်ရှစ်ပါးပါ။

မဂ္ဂင်ရှစ်ပါးဟာ ကိုယ့်မှာပြည့်စုံရမယ့် တရားတွေဆိုတော့ ဒီတရားတွေ ရှိမရှိဆိုတာကိုလည်း ပြန်စစ်ဆေးနိုင်ဖို့ လိုပါတယ်။ မရှိသေးတဲ့ မဂ္ဂင်တရားတွေလည်း ရှိလာအောင်၊ မဖြစ်သေးတဲ့ မဂ္ဂင်တရားတွေလည်း ဖြစ်လာအောင်၊ ရှိပြီးသား ဖြစ်ပြီးသား မဂ္ဂင်တရားတွေလည်း မင်္ဂအဆင့်ကို ရောက်အောင် ရှုမှတ်ပွားများရမှာပါ။

(အကုပယ်ရှား၊ ကုသိုလ်ပွား၊ ကြိုးစား ဝါယာမမင်)

သမ္မာဝါယာမမဂ္ဂင်

မဂ္ဂင်ရှစ်ပါးမှာ ပထမဦးဆုံး ဘုန်းကြီး ပြောချင်တာသည် သမ္မာဝါယာမ မဂ္ဂင်ပါ။ သမ္မာဝါယာမ မဂ္ဂင်ဆိုတာ အကုသိုလ်တရားတွေကို ပယ်နိုင်ဖို့၊ ကုသိုလ်တရားတွေ တိုးပွားလာစေဖို့ ကြိုးစားနေတာကို ပြောတာပါ။ ကြိုးစားနေတယ်။ သမ္မာဝါယာမ - ကောင်းစွာကြိုးစားအားထုတ်နေတယ်။

မှန်မှန်ကန်ကန် ကြိုးစားအားထုတ်ခြင်းဆိုတာ အကုသိုလ်ကိုပယ်နိုင်ဖို့ ကြိုးစားနေတာပါ။ အကုသိုလ်တွေ ပယ်ရုံတင် မဟုတ်သေးဘူး၊ ကုသိုလ်တရားတွေ တိုးပွားလာစေဖို့၊ တိုးလာစေဖို့ ပွားလာစေဖို့၊ များလာစေဖို့ ကြိုးစားဖို့ လိုပါတယ်။

အကုသိုလ်ဆိုရင် အသေးအဖွဲလေးကစလို့ အကုန်လုံးပယ်နိုင်အောင် ကြိုးစားနေရပါတယ်။ ကုသိုလ်တရားဆိုရင်လည်း တစ်စထက်တစ်စ တိုးတက်များပြားလာစေဖို့ ကြိုးစားနေတယ်ဆိုတာ သမ္မာဝါယာမ မဂ္ဂင်ပါ။

အခု တရားကျင့်သူတွေ ကြိုးစားနေကြတယ်။ မိုးလင်းကနေ မိုးချုပ်တရားအားထုတ်နေတယ်ဆိုတာ မကြိုးစားလို့မရဘူး။ မနက်အစောကြီးထဖို့လည်း ကြိုးစားနေရတယ်၊ ပညာဉာဏ်ရအောင်လည်း ကြိုးစားနေရတယ်၊ ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ မိုးရွာနေပါစေ၊ နေပူနေပါစေ၊ ကျင့်ကြံကြိုးစား

www.dhammadownload.com

အားထုတ်နေကြတယ်။ ဘာအတွက်လဲဆိုရင် အကုသိုလ်တွေ ပယ်နိုင်ဖို့ပါ။ အကုသိုလ်ပယ်ဖို့ ကြိုးစားရမယ်။

ဘာတွေတိုးလာရမလဲ၊ ကုသိုလ်တရားတွေ တိုးတက်လာရမယ်၊ ရှုပွားနေတဲ့သူ၊ အားထုတ်နေတဲ့သူအတွက် ရုပ်ရုပ် နာမ်နာမ်လို့ ရှုနေတဲ့သူမှာ ကုသိုလ်များစွာ ဖြစ်နေပါတယ်။ ရုပ်နာမ် ဓမ္မ သဒ္ဓါရတွေကို ရှုပွားနေတဲ့သူ၊ ရုပ်နာမ်တွေ ရှုနေတဲ့အချိန်မှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တွေ ဝင်ခွင့် လာခွင့် မရှိပါဘူး။

ဘာတွေ ပယ်ထားတာလဲ။ အကုသိုလ်တွေပယ်တာပါ။ ရှုနေတဲ့အချိန် ရှုလိုက်တဲ့ တစ်ချက်ကလေးမှာပဲ တွက်ကြည့်၊ ကိုယ်မှာဖြစ်တဲ့ ခန္ဓာကိုယ်မှာ ပေါ်တဲ့တရားက ရုပ်၊ စိတ်မှာပေါ်တဲ့ တရား၊ စိတ်မှာဖြစ်တဲ့တရားက နာမ်ဆိုပြီးတော့ ရှုတယ်။ ဒါလေးက ဘာမျှမခဲယဉ်းပါဘူး၊ လွယ်လွယ်လေးပါ။

ဒီလောက်လည်း မပင်ပန်းဘူးလို့ လွယ်လွယ်ကူကူနဲ့ ဖြစ်ပေမဲ့လို့ အဲဒီကုသိုလ်သည် အင်မတန်မှ အကျိုးများပါတယ်၊ ရုပ်လို့ ရှုနေတဲ့အချိန် နာမ်လို့ ရှုနေတဲ့အချိန်မှာ အကုသိုလ်တွေကို ပယ်ပြီးသား ဖြစ်နေပြီ။ မဖြစ်သေးတဲ့ အကုသိုလ်တွေလည်း ဖြစ်ခွင့်မရတော့ပါ။ မဖြစ်သေးတဲ့ အကုသိုလ်တွေလည်း မဖြစ်နိုင်တော့ဘူး၊ ဖြစ်ပြီးသား အကုသိုလ်တွေလည်း ပြန်မပေါ်နိုင်ဘူး။

ရှုနေတဲ့ အခိုက်အတန့်လေးမှာ ဘာ အကုသိုလ်မျှ မပေါ်တော့ဘူး၊ ရုပ်နာမ်ဓမ္မ သဒ္ဓါရတွေကို ရှုပွားအားထုတ်နေစဉ်ကာလ၊ ရှုနေ၊ မှတ်နေ၊ ပွားများနေတဲ့ အချိန်ကာလမှာ ကုသိုလ်တရားတွေ တိုးလာတယ်၊ အဲဒီ ကုသိုလ်တရားသည် ဝိပဿနာကုသိုလ်ပါ။

ပေးကမ်းလှူဒါန်းနေရုံနဲ့ ဒီ ဝိပဿနာ ကုသိုလ်မရပါဘူး။

ဥပုသ်သီတင်းဆောက်တည်ရုံနဲ့ မရပါဘူး။

ရုပ်လို့ ရှုလိုက်တဲ့တစ်ချက်၊ နာမ်လို့ ရှုလိုက်တဲ့ တစ်ချက်မှာ ဝိပဿနာကုသိုလ်တဲ့၊ အင်မတန်မှ အဆင့်အတန်းမြင့်တဲ့ အသိဉာဏ်နဲ့ယှဉ်တဲ့ ကုသိုလ်ဖြစ်နေပါတယ်။ အကုသိုလ်တွေကို ပယ်နိုင်အောင်၊ ကုသိုလ်တရားတွေ တိုးပွားလေအောင် ကြိုးစားနေတာသည် သမ္မာဝါယာမ မဂ္ဂင်ပါ။

www.dhammadownload.com

ဒီမဂ္ဂင်သည် တရားကျင့်သူတွေမှာ ရှိရမယ်၊ ဘာအတွက်ရှိရမှာလဲ ဆိုရင် နိဗ္ဗာန်သွားဖို့အတွက်၊ ကိလေသာတွေကို ပယ်နိုင်ဖို့အတွက်၊ သမ္မာဝါယာမ မဂ္ဂင် ရှိရပါမယ်။ ကြိုးစားအားထုတ်မှု မပါလို့မရပါဘူး။ နောက်တစ်ခါ ဆက်သွားကြည့်ပေါ့။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒီအုပ်စုမှာ နောက်တစ်ခုက သမ္မာသတိပါ။

သမ္မာသတိမဂ္ဂင်

(ကိုယ် - စိတ် - ဝေ - ဓမ္မာ၊ မမေ့တာ၊ သမ္မာသတိ မဂ်)

သမ္မာသတိဆိုတာ ကောင်းမွန်မှန်ကန်စွာ သတိရနေတာပါ။ သတိဆိုတာ မမေ့တာပါ။ အဲဒါကို အပွမာဒလို့ ပြောပါတယ်။ အပွမာဒရဲ့ဆန့်ကျင်ဘက်သည် ပမာဒ၊ ပမာဒဆိုတာ မေ့တာ၊ တချို့က သိပ်အမေ့ကြီးတယ်။ ဟိုဟာလေးလည်းမေ့၊ ဒီဟာလေးလည်းမေ့၊ လူတစ်ယောက် လူတစ်ယောက် တွေ့ရင် နာမည်တွေ မေ့နေတယ် စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ မေ့ကြတယ်၊ မေ့တာက ပမာဒပါ။

ဒီထဲမှာ အဆိုးဆုံးသော မေ့ခြင်းသည် ဘာလဲဆိုတော့ ကုသိုလ်တရားတွေပြုလုပ်ဖို့ မေ့တာပါ။ ကုသိုလ်လုပ်ဖို့ သတိမရဘူး။ ကိုယ်ရနေတဲ့ လောကဘဝမှာ သားရေး သမီးရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ဒီအရေးကိစ္စတွေကို ဦးစားပေး လုပ်ကိုင်နေတဲ့အချိန်မှာ ကုသိုလ်ကောင်းမှုတွေကိုပြုဖို့ မေ့နေတယ်။ မဂ်တရား လိုချင်တဲ့သူကတော့ဖြင့် မေ့လို့မရဘူးတဲ့၊ သမ္မာသတိ မှန်ကန်စွာ ရှိရမယ်၊ သမ္မာသတိဆိုတဲ့ မဂ္ဂင်ရှိမှ မဂ်ဆိုတာ ရပါမယ်။

တရားအားထုတ်တဲ့သူသည် မေ့လို့ မရဘူး၊ ဘာတွေ မမေ့ရဘူးလဲ ဆိုရင် ကိုယ်ရယ်၊ စိတ်ရယ်၊ ဝေဒနာရယ်၊ ဓမ္မရယ်၊ သတိပဋ္ဌာန်လေးမျိုးပါ။ ကာယာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တွေ မမေ့ရဘူး။

လိုရင်းချုပ်လိုက်ရင်၊ အတိုချုံးပြီး ပြောမယ်ဆိုရင် ကာယာနုပဿနာဆိုတာ ကိုယ်ကို ရှုတယ်ပေါ့၊ ဒီခန္ဓာကိုယ်ကြီးကို မမေ့မလျော့ ရှုမှားနေတာသည် ကာယာနုပဿနာ။

www.dhammadownload.com

စိတ်ကို မမေ့မလျော့နဲ့၊ ကိုယ့်ရဲ့ စိတ်ကို အမြဲတမ်းသတိထားတယ်၊ လောဘဖြစ်နေတယ်ဆိုရင်လည်း လောဘဖြစ်မှန်းသိတယ်၊ လောဘကင်းနေရင်လည်း လောဘကင်းမှန်းသိတယ်။ ဒေါသဖြစ်ရင် ဒေါသဖြစ်နေမှန်းသိပါတယ်။ ဒေါသတရားတွေ ကင်းနေရင်လည်း ဒေါသကင်းမှန်းသိတယ်။ အဲလို စိတ်ကို အမြဲမပြတ်သတိထားပြီးနေတာ မမေ့တာသည်တဲ့ စိတ္တာနုပဿနာပါ။

ကိုယ့်ခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ဝေဒနာအမျိုးမျိုး၊ စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဝေဒနာအဖုံဖုံတို့ကို မမေ့မလျော့ သတိထားနေတာသည် ဝေဒနာနုပဿနာ၊ ခံစားမှုတွေကို အမြဲသတိထားနေတယ်။ ချမ်းသာတဲ့ ခံစားမှုပေါ်ရင်လည်း ချမ်းသာမှန်း၊ ဆင်းရဲတဲ့သဘောတရား ပေါ်ရင်လည်း ဆင်းရဲသဘောမှန်းသိနေတယ်၊ အဲဒါ ဝေဒနာနုပဿနာပါ။

ရုပ်တရား နာမ်တရားကို အမြဲတမ်းမမေ့မလျော့ အာရုံပြုအောက်မေ့တာ သတိရနေတာက ဓမ္မာနုပဿနာပါ။ သတိပဋ္ဌာန်လေးမျိုး ရှိပါတယ်။

သတိပဋ္ဌာန်လေးမျိုး တစ်မျိုးမျိုးကို ပွားများနေတဲ့သူ၊ သတိထားနေတဲ့သူသည် သမ္မာသတိမဂ္ဂင် ဖြစ်နေတယ်။ သမ္မာသတိက မမေ့ဘူး။ မေ့လို့မရပါဘူး။ အရှုအမှတ်တွေ မလွတ်ဘူးဆိုတဲ့အချိန်မှာ သတိရှိတယ်။ သတိရှိတဲ့သူမှလည်း ဒီအရှုအမှတ်တွေ မလွတ်တာပါ။ သတိမထားနိုင်ဘူး၊ တစ်ချက်လေးမေ့သွားပြီဆိုရင် ရုပ်ကိုလည်း ရုပ်မှန်းမသိတော့ဘူး၊ ရှုမှတ်နေချိန်မှာ သတိတရားဆိုတာ ပါဝင်နေတယ်၊ သတိရှိနေတယ်။ တမင်တကာ သတိရှိအောင် လုပ်ယူရတာ မဟုတ်ပါဘူး။

ရှုနေတဲ့ အခိုက်အတန့်လေးမှာ တစ်ချက်ရှုလိုက်တာနဲ့ သတိဆိုတာ ပါသွားပါတယ်။

အဲဒါကို သမ္မာသတိမဂ္ဂင်ခေါ်ပါတယ်။

စောစောကပြောခဲ့တာသည် သမ္မာဝါယာမကြိုးစားနေတာ။ သမ္မာသတိမဂ္ဂင်ဆိုတာက သတိထားနေတာ။ ကြိုးစားနေတယ်။ သတိထားနေတယ်။ ကြိုးစားနေတဲ့အချိန်မှာ သတိထားပြီးတော့ကြိုးစားနေတယ်။ သတိလေးထားပြီး ကြိုးစားလိုက်ခြင်းအားဖြင့် ကိုယ့်မှာ မဂ္ဂင်ဘယ်နှစ်ခု ရသွားပြီလဲ၊ နှစ်ခု ရသွားပြီ။ သမ္မာဝါယာမ၊ သမ္မာသတိ။ တချို့က ကြိုးတော့ကြိုးစားနေတယ်၊

www.dhammadownload.com

အားထုတ်နေတာပဲ၊ သတိမပါဘူး။ သတိမရှိဘူးဆိုရင် သူမှာ သမ္မာသတိ မပါတော့ဘူးပေါ့၊ မဖြစ်တော့ဘူးပေါ့၊ သတိထားပြီးတော့ ကြိုးစားရင် မဂ္ဂင်နှစ်ခု ရှိလာပါပြီ။

သမ္မာသမာဓိမဂ္ဂင်

(အရှုခံတွင်၊ စိတ်တည်လျှင်၊ သမ္မာသမာဓိမဂ်)

ဘယ်မှာစိတ်တည်တာလဲ။ အရှုခံတရားပေါ်မှာ စိတ်က တည်နေတယ်။ ငြိမ်နေတယ်။ အရှုခံမှာ တည်ငြိမ်နေတယ်။ အရှုခံဆိုတာကို တရားနယ်ပယ်မှာ တရားရှုသူတွေ သိပါတယ်။ အရှုခံသည် ရုပ်တရားနဲ့ နာမ်တရားပါ။ ဓမ္မာနုပဿနာရှုတဲ့သူအတွက် အရှုခံသည် ရုပ်နဲ့ နာမ်။ ကာယာနုပဿနာ ရှုနေတဲ့သူအတွက် အရှုခံသည် ကိုယ်။ စိတ္တာနုပဿနာ ရှုနေတဲ့သူအတွက် အရှုခံသည်စိတ်။ ဝေဒနာနုပဿနာ ရှုနေတဲ့သူအတွက်ကတော့ အရှုခံသည် ဝေဒနာ။

ဓမ္မာနုပဿနာနည်းမှာတော့ အကုန်လုံးခြုံပြီးတော့ ရှုလိုက်ပါတယ်။ ကိုယ်နဲ့စိတ်ကို မမေ့မလျော့ သတိထားနေတဲ့အချိန်မှာ အရှုခံရုပ်နာမ်အာရုံမှာ စိတ်က တည်နေမယ်၊ ငြိမ်နေမယ်။ အရှုခံအာရုံမှာ စိတ်တည်ငြိမ်မယ်။ စိတ်က ဘယ်ကိုရောက်နေရမှာလဲ၊ အရှုခံအာရုံပေါ်ကို ရောက်နေရတယ်။ အရှုခံအာရုံပေါ် စိတ်ရောက်နေပြီ။ အဲဒီမှာပဲ ကပ်ပြီးတော့ ငြိမ်နေပြီဆိုရင် ဘာမဂ္ဂင်ကို ရလာတာလဲ၊ သမ္မာသမာဓိမဂ္ဂင်ပါ။ အရှုခံ အာရုံက ရုပ်နဲ့နာမ်ဆိုတော့ တစ်ခါတစ်လေမှာ ရုပ်ပေါ်မှာ တည်ငြိမ်နေတယ်၊ ရုပ်တရားရှုရင် ရုပ်ပေါ်မှာ စိတ်တည်ငြိမ်နေရင်လည်း သမ္မာသမာဓိ ဖြစ်ပါတယ်။

တစ်ခါတလေ နာမ်ရှုလို့ရတယ်ဆိုတော့ နာမ်တရားပေါ်မှာ စိတ်တည်ငြိမ်ချင် ငြိမ်နေလိမ့်မယ်။ ဘယ်ပေါ်မှာပဲ တည်ငြိမ် တည်ငြိမ် အရှုခံပေါ်မှာ တည်ငြိမ်နေရင် ဘာမဂ္ဂင်လဲ၊ သမ္မာသမာဓိမဂ္ဂင်ပါ။ ဘယ်ပေါ်မှာ ငြိမ်ရမလဲဆိုရင် အရှုခံပေါ်မှာ ရုပ်နဲ့ နာမ်ပေါ်မှာပါ။ ရုပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေတဲ့ ရုပ်တရား အရှုခံထားချိန်မှာ ရုပ်ပေါ်မှာ စိတ်တည်ငြိမ်နေမယ်။ နာမ်တရား အရှုခံထားရင် နာမ်ပေါ်မှာ စိတ်တည်ငြိမ်နေမယ်ဆိုရင် သမ္မာသမာဓိပါ။

www.dhammadownload.com

ဘယ်နေရာလို့ မသတ်မှတ်ဘူးနော်။ နာသီးဖျားမှာမှ၊ ရင်ဝမှာမှ၊ ခန္ဓာကိုယ်မှာ ဖြစ်တာမှ ဒီလိုသတ်မှတ်ချက်ရှိရဲ့လား၊ မရှိဘူး။ ဘယ်နေရာမှာပဲဖြစ်ဖြစ် နေရာဌာနနဲ့ မဆိုင်ဘူး။ အရှုခံပေါ်မှာ တစ်ချက်ကလေး ရှုလိုက်တဲ့အချိန်မှာ ကိုယ် ရှုလိုက်တဲ့တစ်ချက်မှာ ကိုယ်ဘာကို အာရုံပြုနေလဲပေါ့။ ဘာကို သတိထားနေလဲလို့ပြန်ကြည့်၊ ကိုယ်သတိထားမိတာက ရုပ်တရားဆိုရင် အဲဒီပေါ်မှာ စိတ်တည်သွားရင် ငြိမ်သွားရင် သမာဓိရလာပါတယ်။

ကိုယ်သတိထားမိတာက နာမ်တရားဆိုရင် ဒီနာမ်တရားပေါ်မှာ စိတ်တည်ငြိမ်ရင် သမာဓိပဲ။ အဲဒီတော့ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ ဒီသုံးခုသည် သမာဓိမဂ္ဂင်။ မဂ္ဂင်ရှစ်ပါးကို အုပ်စုသုံးစု ခွဲလိုက်ရင် သီလ၊ သမာဓိ၊ ပညာ ဖြစ်လာတယ်။

အဲဒီမှာ ဘုန်းကြီးက သမာဓိက စပြောပါတယ်။ သမ္မာဝါယာမရယ်၊ သမ္မာသတိရယ်၊ သမ္မာသမာဓိရယ်က ဘာမဂ္ဂင်လဲဆိုရင် သမာဓိမဂ္ဂင်၊ သမာဓိအုပ်စုပါ။ သမာဓိအုပ်စုလို့ ဘာလို့ ပြောရတာလဲဆိုရင် ဒီအရှုခံပေါ်မှာ သတိထားဖို့ အရေးကြီးတယ်။ သတိမထားဘူးဆိုတာနဲ့ တစ်ပြိုင်နက် သတိလွတ်သွားလို့ရင် သတိလွတ်သွားတဲ့ တစ်ချက်မှာ ကျန်တဲ့မဂ္ဂင်တွေလည်း အကုန်လုံးပျောက်သွားပြီ၊ ဘာမျှမရတော့ပါဘူး။ ရုပ်လို့ ရှုလိုက်တဲ့ အခိုက်အတန့်လေးမှာ ကြိုးစားပြီးတော့၊ သတိထားပြီးတော့ ရှုလိုက်တဲ့တစ်ချိန်လေးမှာ တစ်ခဏလေးမှာ ဘာဖြစ်သွားတုံး၊ သမာဓိတည်သွားတယ်၊

ဝိပဿနာသမာဓိက တစ်ချက်ချင်း တစ်ချက်ချင်းစီမှာ တည်တဲ့ သမာဓိ။ သမထသမာဓိကတော့ တစ်ဆက်တည်း ဖြစ်နေတဲ့ သမာဓိ၊ တူလားဆို မတူပါဘူး။ ဝိပဿနာသည် တစ်ချက်ချင်း တစ်ချက်ချင်း၊ တစ်ခုချင်းတစ်ခုချင်းဆီမှာတည်တဲ့ သမာဓိမျိုး၊ သမထက တစ်ဆက်တည်းတည်တဲ့ သမာဓိမျိုးပါ။

ဥပမာ ပထဝီကသိုဏ်း ရှုတယ်ဆိုရင်လည်း ပထဝီ၊ ပထဝီ ဆိုပြီးတော့ ဒီမြေပေါ်မှာ စိတ်အာရုံက ဒီပေါ်ကနေ ဘယ်မျှမသွားရဘူး။ ဒီတစ်နေရာတည်းပဲ ငြိမ်နေရတယ်။ အဲဒါက သမထ။ အခု ဝိပဿနာကျတော့ အာရုံအမျိုးမျိုး ပြောင်းချင်ပြောင်းမယ်၊ ဘယ်အာရုံပဲပြောင်းပြောင်း၊ ဘယ်လိုပဲပြောင်းပြောင်း

www.dhammadownload.com

ကိုယ် သတိထားမိတဲ့ အရှုခံ အာရုံပေါ်မှာ တည်သွား၊ ငြိမ်သွားရင် ဘာရပြီလဲ၊ သမာဓိရပြီ၊ သမာဓိ ဖြစ်ပါပြီ။

ရှုလိုက်တဲ့တစ်ခဏလေးမှာ ရှုလိုက်တဲ့အချိန်လေးမှာ သမာဓိပါတယ်။ တမင်တကာ ထူထောင်နေစရာမလိုပါဘူး။ တချို့က သမာဓိ ထူထောင်ပြီးမှ ဝိပဿနာရှုတာ ကောင်းတယ်၊ သမာဓိ အရင်ထူထောင်ရမယ်ဆိုပြီးတော့ ဒီလို အယူအဆမျိုးလည်း ရှိကြတယ်။ ဒါပေမဲ့လို့ သေသေချာချာ ရှုမှတ်သတိပြုကြည့်လိုက်ရင် ရုပ်လို့ ရှုကြည့်တဲ့သူသည် ဒီတစ်ချက် ရှုဖို့အတွက် သူမှာ ဘာပါရလဲ၊ သတိပါရတယ်၊ အဲဒီသတိရဲ့ နောက်က ဘာကပ်ပြီးတော့ ဘာပါလာလဲ၊ သမာဓိဆိုတာ ကပ်ပြီးပါလာတယ်။

တစ်ချက် ရှုတယ်။ တစ်ချက် သမာဓိပေါ့။ နောက်တစ်ချက် ရှုတယ်၊ နောက်တစ်ခါ သမာဓိပေါ့။ အဲဒီလို ရုပ်နာမ်ဓမ္မတွေမှာ အဆက်မပြတ်၊ အရှုခံပေါ်မှာ အဆက်မပြတ် တည်ငြိမ်နေဖို့အတွက် ကြိုးစားပေးနေတဲ့ သမ္မာဝါယာမ မဂ္ဂင်။ အရှုခံတွေ လွတ်မသွားအောင်၊ ပျောက်မသွားအောင်တဲ့ သတိထားပေးတာသည် သမ္မာသတိမဂ္ဂင်။ သတိက ပြေးလိုက်တဲ့ အရှုခံ ရုပ်ပေါ်မှာ စိတ်တည်ငြိမ်စွာ ရှိသွားတာသည် သမ္မာသမာဓိမဂ္ဂင်ပါ။

သမ္မာဒိဋ္ဌိမဂ္ဂင်

(သစ္စာလေးသင်း၊ ဉာဏ်ရောင်လင်း၊ ဖောက်ထွင်းသမ်ဒိဋ္ဌိမဂ်)

သမ်ဒိဋ္ဌိဆိုတာ သမ္မာဒိဋ္ဌိပါ။ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဆိုလိုပါတယ်။ သစ္စာလေးသင်းဉာဏ်အရောင် လင်းတာသည် သမ္မာဒိဋ္ဌိမဂ္ဂင်။ သစ္စာတရားတွေပေါ်မှာအသိဉာဏ်ကျက်စားနိုင်တာ၊စူးရောက်နိုင်တာ၊အသိဉာဏ်ရှိနိုင်တာသည် သမ္မာဒိဋ္ဌိမဂ္ဂင်ပါ။ သမ္မာဒိဋ္ဌိဆိုတာ အမြင်မှန်တာပါ။

သစ္စာလေးသင်း သစ္စာလေးပါးတရားတွေပေါ်မှာမြင်နိုင်တဲ့အသိဉာဏ် သမ္မာဒိဋ္ဌိပါ။ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကို မြတ်စွာဘုရားက ပညာမဂ္ဂင်လို့ ပြောတယ်၊ သစ္စာလေးပါးတရားကို ဖောက်ထွင်းသိမြင်နိုင်တဲ့ အသိဉာဏ်ပါ။ ဒီအသိဉာဏ်မျိုးက သမ္မာဒိဋ္ဌိမဂ္ဂင်၊ အမြင်မှန်ပါ။

www.dhammadownload.com

သစ္စာလေးသင်း သစ္စာလေးပါးတရားကို သိဖို့အတွက် အမြင်မှန်ရှိရမယ်။ လိုရင်းပြောရမယ်ဆိုရင် ရုပ်ရုပ် နာမ်နာမ်လို့ သိနေတာသည် အမြင်မှန်ပါ။

ရုပ်တရားကို ရုပ်မှန်းသိတယ်၊ နာမ်တရားကို နာမ်လို့သိနေတယ်ဆိုတာ အမြင်မှန်ပါ။ ရုပ်ကို ရုပ်လို့မြင်တာ၊ နာမ်ကို နာမ်လို့မြင်တာ အမြင်မှန်ပါ။ အမြင်မှားနေတဲ့ သူတွေက ရုပ်ကိုလည်း ရုပ်လို့ မမြင်နိုင်ဘူး၊ နာမ်ကိုလည်း နာမ်လို့ မမြင်နိုင်ပါဘူး။

ရုပ်နာမ်ကြီး ထင်ထင်ရှားရှား ရှိနေလျက်သားနဲ့ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမရယ်လို့ မြင်နေတယ်ဆိုရင် အမြင်မှားပါ။ အရှိကို အရှိတိုင်း မမြင်နိုင်ရင် အမြင်မှားပါ။ အရှိတရားကို အရှိတရားအတိုင်း မြင်နိုင်ရင် ဘာမျှမပြောင်းလဲဘူး၊ မပြင်လိုက်ဘူး၊ မပြောင်းမပြင်ဘဲနဲ့ ရုပ်ကို ရုပ်အတိုင်း မြင်တယ်၊ နာမ်ကို နာမ်အတိုင်း မြင်တယ်။ အဲဒီလို ရုပ်နာမ်ဓမ္မကို သိမြင်နိုင်တဲ့သူသည် သစ္စာလေးပါးတရားကို သိမြင်နိုင်ပါတယ်။

သမ္မာသင်္ကပ္ပမဂ္ဂင်

အဲဒီ ရုပ်နာမ်ပေါ်မှာ မဖောက်မပြန် သိနိုင်စွမ်းမြင်နိုင်စွမ်း ရှိတာသည် သမ္မာဒိဋ္ဌိမဂ္ဂင်။ သူနဲ့တွဲလျက် သမ္မာဒိဋ္ဌိနဲ့ အဖော်ပါတာသည် သမ္မာသင်္ကပ္ပပါ။ ပညာမဂ္ဂင်နှစ်ခုက သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပါ။

(မှားကြံပယ်ရှင်း၊ မှန်ကြံသွင်း၊ ဖြောင့်စင်းသင်္ကပ်မင်္ဂ)

မှားယွင်းတဲ့ အကြံအစည်တွေကို ပယ်ရှားရှင်းလင်းကာ မှန်ကန်တဲ့ အကြံအစည်ကို သွင်းနိုင်တာသည် သမ္မာသင်္ကပ္ပမဂ္ဂင်။ မှန်ကန်တဲ့ အကြံအစည်သည် သမ္မာသင်္ကပ္ပပါ။

ခုနက သမ္မာဒိဋ္ဌိ ဖြစ်ဖို့အတွက် သမ္မာဒိဋ္ဌိကို သမ္မာသင်္ကပ္ပက ကူရပါတယ်။ ပံ့ပိုးရတယ်။ အကြံအစည်က မှန်တော့မှ အမြင်ကလည်း မှန်တယ်။ ကြံစည်နေတာတွေက တလွဲတချော်တွေ ဖြစ်နေပြီဆိုရင် ကိုယ့်အမြင်က မမှန်တော့ဘူး။ ကြံစည်မှု၊ စဉ်းစားမှု၊ တွေးခေါ်မှုဆိုတဲ့ သမ္မာသင်္ကပ္ပ အတွေးအခေါ်

www.dhammadownload.com

တွေ မှန်ကန်ရမယ်။ အကြံအတွေး မှန်ကန်ရမယ်။ ဒါက ရုပ်တရားပဲ၊ ဒါက နာမ်တရားပဲ။ ဒီလို ရုပ်နာမ်တွေသိဖို့က ကြံစည်မှု၊ စိတ်ကူးမှုတွေ မှန်ရမယ်။

မိစ္ဆာသင်္ကပ္ပဆိုတာ သူနဲ့ ဆန့်ကျင်ဘက်ပါ။ မှားယွင်းတဲ့ အကြံအစည်၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက်တွေကို ကြံစည်စဉ်းစားနေမယ် ဆိုရင် အကြံမှားတယ်။ ကာမဂုဏ်အကြောင်းကို စဉ်းစားတယ်၊ သတ် ဖို့ဖြတ်ဖို့၊ ညှဉ်းဆဲဖို့ကို နှလုံးသွင်းအာရုံပြုနေတယ်၊ ကာမဂုဏ်အကြောင်းကို စဉ်းစားနေတဲ့ သူဟာလည်း ရုပ်နာမ်ကို မမြင်နိုင်တော့ပါဘူး။

ရုပ်ရုပ်နာမ်နာမ်လို့ရှုနေရင်းနဲ့တစ်ခါတလေမှာကိုယ့်အိမ်ကိုယ့်ရာပေါ့။ ဟိုဟိုဒီဒီ စိတ်ကရောက်သွား၊ ကာမဂုဏ်ဘက်ကို စိတ်က လည်သွား ယိုင်သွားတဲ့အချိန်မျိုးမှာ ကိုယ့်အတွေးအကြံတွေဟာ မူလတရားလမ်းကြောင်းကနေ တခြားစီဖြစ်သွားပြီဆိုတော့ ရုပ်နာမ် မမြင်နိုင်ဘူး။ သစ္စာလေးပါးမြင်ဖို့ မရှိတော့ဘူး၊ လမ်းလွဲသွားတယ်။ အတွေးအခေါ် အကြံအစည်တွေ မှားလို့ ရှိရင် အမြင်လည်း မှားတတ်ပါတယ်။

သမ္မာဒိဋ္ဌိနဲ့သမ္မာသင်္ကပ္ပကပညာမဂ္ဂင်ပါ။ သမ္မာဝါယမရယ်၊ သမ္မာသတိရယ်၊ သမ္မာသမာဓိရယ်က သမာဓိမဂ္ဂင်ပါ။ တကယ်တရားအလုပ်ကို လုပ်နေတဲ့အချိန် တကယ်ရှုနေတဲ့အချိန်မှာ တစ်ချက်တစ်ချက်စီ ရှုလိုက်တဲ့ ရှုချက်ထဲမှာ ဘာပါလဲဆိုရင် ဒီမဂ္ဂင်ငါးပါးပါတယ်။ အမှန်တကယ် အလုပ် လုပ်နေတာသည် မဂ္ဂင်ငါးပါးနဲ့ လုပ်နေတာပါ။ ဘာတွေလဲဆိုရင် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့ပါ။

သမာဓိနဲ့ ပညာ၊ ရုပ်လို့ ရှုလိုက်တဲ့ တစ်ချက်လေးမှာ ရုပ်လို့ မြင်လိုက်တယ်ဆိုတာ အမြင်မှားလား၊ အမြင်မှန်လား၊ အမြင်မှန်ပါ။

အမြင်မှန်ဆိုရင် သမ္မာဒိဋ္ဌိပေါ့။ ဒီလို မြင်နိုင်ဖို့အတွက် တခြား အကြံအစည်တွေ အကုန်လုံး ဖယ်ထားတယ်၊ ရှင်းထားရတယ်။ သားအကြောင်း သမီးအကြောင်း၊ စီးပွားရေးအကြောင်း၊ အိမ်အကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း၊ လုပ်ငန်းအကြောင်း ကြံစည်စဉ်းစားတာတွေကို ဖယ်ထား ရှင်းလင်းထားရတယ်။ အဲဒီအကြံအစည်မျိုးတွေ ဝင်နေရင် ရုပ်လည်း မမြင်ဘူး၊ နာမ်လည်း မမြင်ပါဘူး။

www.dhammadownload.com

ဒီတော့ ရုပ်နာမ်နှစ်ပါးကို ရှုနေတဲ့အချိန်မှာ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ခေါ်တဲ့ ပညာမဂ္ဂင် ဖြစ်ပေါ်နေပြီ။ သူနဲ့တွဲလျက် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။တရားပေါ်မှာစိတ်ငြိမ်နေတယ်ဆိုတာသမ္မာသမာဓိ၊ဒီရုပ်တရား တွေကို သတိထားနေတယ် သမ္မာသတိ။ ရုပ်နာမ်အာရုံတွေကို သတိလွတ် မသွားအောင် ကြိုးစားနေတာသည် သမ္မာဝါယာမ၊ ငါးချက်၊ ငါးခုဖြစ်နေပြီ။ အဲဒီတော့ ဘာလိုနေသေးလဲဆိုတော့ သီလမဂ္ဂင်အုပ်စု၊ သီလမဂ္ဂင်သုံးပါးပါ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝပါ။

သမ္မာဝါစာမဂ္ဂင်

(လိမ် - ကုန်း - ကြမ်းပြော၊ အဖျင်းပြော၊ ရှောင်သော ဝါစာမင်)

သမ္မာဝါစာမဂ္ဂင်ဖြစ်ဖို့အတွက် ရှောင်ကြဉ်ရမယ်။ လိမ်ပြောတာ၊ ကုန်း ချောတာ၊ ကြမ်းတမ်းတဲ့ စကားတွေကို ပြောနေတာ၊ သိမ်ဖျင်းတဲ့ စကားတွေ ကို ပြောနေတာ လေးမျိုးရှောင်ရမယ်။

(၁) မုသာဝါဒ - လိမ်ညာပြောတာ၊ လိမ်ပြောတဲ့စကားမျိုး မပြောရဘူး၊

(၂) ပိသုဏဝါစာ - ကုန်းချောတဲ့ စကားမျိုး မပြောဘဲနဲ့ ရှောင် ကြဉ်ရမယ်၊

(၃) ဖရုသဝါစာ - ကြမ်းတမ်းတဲ့ စကားကို ပြောဆိုတာ ရှောင် ကြဉ်ရမယ်၊

(၄) သမ္ဖပ္ပလာပဝါစာ - ဘာမျှအကျိုးမရှိတဲ့ စကားမျိုးတွေ တောရောက် တောင်ရောက် ရယ်စရာ မောစရာ အနေနဲ့ ပြောနေကြတဲ့စကားမျိုးတွေ ရှောင် ရမှာပါ။

ဒီလေးမျိုးကို ရှောင်လိုက်ရင် သမ္မာဝါစာမဂ္ဂင်ဖြစ်လာပါတယ်။ နှုတ်ကို ထိန်းသိမ်းလိုက်တာပါ၊ မဂ္ဂင်အကျင့်တရားထဲမှာ သီလမဂ္ဂင်ထဲက သမ္မာဝါစာ ဆိုတာ ကိုယ့်စကား အပြောအဆို နှုတ်ကို စောင့်စည်းထိန်းသိမ်းလိုက်တာပါ။ ပြောချင်ရာပြောပြီးနေတဲ့သူ၊ လိမ်ညာဖို့လည်း ဝန်မလေးဘူး၊ ကြမ်းကြမ်းတမ်း

www.dhammadownload.com

တမ်း ပြောဖို့လည်း ဝန်မလေးဘူး၊ ကုန်းချောဖို့လည်း ဝန်မလေးဘူးဆိုတဲ့သူတွေ မင်္ဂတရားပေါ်ဖို့ မင်္ဂတရားဖြစ်ဖို့ မလွယ်ဘူး။

ဒါကြောင့် တတ်နိုင်သလောက် စကားမပြောဘဲနဲ့နေ၊ တစ်ယောက်တည်းနေဆိုတာ သမ္မာဝါစာမင်္ဂင် ပြည့်စုံအောင်လို့ပါ။ သီလပိုင်းဆိုင်ရာ ချို့တဲ့မှုမရှိအောင် သမ္မာဝါစာမင်္ဂင် ရှိရပါမယ်။

သမ္မာကမ္မန္တမင်္ဂင်

သမ္မာကမ္မန္တမင်္ဂင်ဆိုတာက သတ်ဖြတ်တာ၊ ခိုးတာ၊ ကာမေသုမိစ္ဆာစာရအမှုကိုပြုခြင်းမှ ရှောင်ကြဉ်တာပါ။ ဒီအကုသိုလ် ဒုစရိုက်တွေကို ရှောင်ကြဉ်လိုက်ရင် သမ္မာကမ္မန္တမင်္ဂင် ဖြစ်ပါတယ်။

(သတ် - ခိုး - ကာမေ၊ ရှောင်ပါလေ၊ မှတ်လေ ကမ္မန်မင်္ဂ)

သတ်ဖြတ်မှုကိုရှောင်ကြဉ်တယ်၊ ခိုးယူမှုကို ရှောင်ကြဉ်တယ်၊ ကာမေသုမိစ္ဆာစာရမှုကို ရှောင်ကြဉ်တယ်။ ဒီသုံးမျိုး ရှောင်လိုက်ရင် သမ္မာကမ္မန္တ၊ ကောင်းတဲ့ ကာယကံပါ။ ကောင်းတဲ့ ကိုယ်အမူအရာနဲ့ ပြည့်စုံသွားတယ်။ ကာယဒုစရိုက်သုံးမျိုးကို ရှောင်လိုက်တယ်။ မသတ်ဘူး၊ မခိုးဘူး၊ ကာမေသုမိစ္ဆာစာရအမှုကို မကျူးလွန်ဘူးဆိုရင် သမ္မာကမ္မန္တမင်္ဂင်နဲ့ ပြည့်စုံတယ်။ ဒီသုံးခုလည်း အရေးကြီးပါတယ်။

သီလလုံခြုံတဲ့ပုဂ္ဂိုလ်၊ သီလစောင့်ထိန်းတဲ့ပုဂ္ဂိုလ်မှာ ဒီအချက်တွေက အထူးရှောင်စရာ မလိုတော့ဘူး။ သီလနဲ့ ရှောင်ပြီးသား၊ သီလက တားထားပေးတယ်။ လိမ်ပြောချင်တယ်ဆိုရင်လည်း မပြောနဲ့၊ သီလက ထိန်းပေးလိုက်တယ်။ သတ်ချင်တယ်ဆိုလည်း မသတ်နဲ့၊ ဘယ်သူက ထိန်းလိုက်လဲ၊ သီလက ထိန်းလိုက်တယ်။ ဒါကြောင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တသည် ဘာမင်္ဂင်လဲဆိုတော့ သီလမင်္ဂင်ပါ။

သမ္မာအာဇီဝမင်္ဂင်

သီလမင်္ဂင်မှာ နောက်တစ်ခုက သမ္မာအာဇီဝပါ။ မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်း ရှိရမယ်။ မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းဆိုတာ ယုတ်မာတဲ့ အသက်မွေးဝမ်းကျောင်းမှုတွေကို ရှောင်ကျဉ်လိုက်တာပါ။

www.dhammadownload.com

(သက်မွေးယုတ်မာ၊ ရှောင်ကြဉ်တာ၊ သမ္မာအာဇီဝက်)

ယုတ်မာတဲ့အသက်မွေးဝမ်းကျောင်းမှုတွေကိုရှောင်ကြဉ်တယ်။ သတ်ဖြတ်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုတာ၊ လိမ်ညာပြီးတော့ အသက်မွေးဝမ်းကျောင်းပြုတာ၊ ခိုးဝှက်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုနေတာမျိုးကိုရှောင်ကြဉ်တယ်။ မှန်မှန်ကန်ကန် ရိုးရိုးသားသား သမ္မာအာဇီဝကျကျ လုပ်ကိုင် စားသောက်တယ်ဆိုရင် သမ္မာအာဇီဝမဂ္ဂင် ဖြစ်ပါတယ်။ ကောင်းမွန်တဲ့အသက်မွေးဝမ်းကျောင်းမှုကိုလည်း မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးထဲမှာ ထည့်ထားပါတယ်။

အဲဒါကြောင့်မို့ ကိုယ်ပြုနေတဲ့ ကာကယံတွေ မူမမှန်ဘူး။ ပြောနေတဲ့ဝစီကံတွေက မကောင်းဘူး။ အသက်မွေးဝမ်းကျောင်းမှုက မစင်ကြယ်ဘူးဆိုရင် မဂ်တရားဆိုတာဖြစ်ဖို့ မလွယ်ပါဘူး၊ အကျဉ်းကြည့်လိုက်ရင် မဂ္ဂင်ရှစ်ပါးဆိုတာ သီလ၊ သမာဓိ၊ ပညာ ဒီသုံးခုပါပဲ။ ဒီသုံးခုကို နည်းနည်းလေးချဲ့ပြီးကြည့်လိုက်တော့မှ သီလဘက်က သုံးမျိုးဖြစ်သွားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမာဓိဘက်က သုံးမျိုး။ သမ္မာဝါယာမရယ်၊ သမ္မာသတိရယ်၊ သမ္မာသမာဓိရယ်။ ပညာမဂ္ဂင်က သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပါ။

ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားသည် မြတ်စွာဘုရားရှင်ရဲ့ သာသနာ၊ ဗုဒ္ဓသာသနာရဲ့ဝိသေသလက္ခဏာပါ။ အဓိကထူးခြားချက်ပါ။ ဒီမဂ္ဂင်အကျင့်သည် ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာမှာပဲ ရှိနိုင်တယ်၊ အခြားသာသနာမှာ မရှိနိုင်ပါဘူး။ မြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တဲ့ အချိန်မှာသာလျှင် မဂ္ဂင်အကျင့်ဆိုတာ ရှိနိုင်တယ်။ ဘုရားရှင်ရဲ့သာသနာကွယ်ပျောက်နေတဲ့အချိန်မှာ မဂ္ဂင်အကျင့်ဆိုတာ မရှိနိုင်ပါဘူး။

ကိုယ်ကျင့်နေတဲ့ကျင့်စဉ်ကို အမြဲတမ်း ပြန်ချိန်ထိုးကြည့်ပါ။ အမြဲတမ်းစစ်ဆေးတိုက်ဆိုင်ကြည့်ပါ။ ကိုယ်ကျင့်နေတဲ့အကျင့်သည်မဂ္ဂင်ရှစ်ပါးအကျင့်တရားတွေ ပေါ်ဖို့အတွက် အထောက်အကူ ဖြစ်နေမယ်။ မဂ္ဂင်လမ်းကြောင်းတည့်မတ်မှန်ကန်မယ်ဆိုရင် မှန်တဲ့အကျင့်၊ ကောင်းတဲ့အကျင့်လို့ မှတ်ပါ။

အကျင့်ဆိုတိုင်း ကောင်းတယ် မှန်တယ်လို့ မထင်ပါနဲ့။ အများကထောက်ခံတိုင်း၊ အများက သဘောကျတိုင်း ဒီအကျင့်တရားတွေ ကောင်း

www.dhammadownload.com

တယ်လို့ မတွက်ပါနဲ့။ တိုက်ဆိုင်စစ်ဆေးကြည့်စရာ မှတ်ကျောက်ရှိတယ်။ မဂ္ဂင်ရှစ်ပါးနဲ့ တိုက်ကြည့်၊ အကျင့် မှန် မမှန်၊ အကျင့် ကောင်းမကောင်း၊ သီလ၊ သမာဓိ၊ ပညာတွေနဲ့ စစ်ဆေးကြည့်ပါ။

ဒီကျင့်စဉ်သည် သီလကိုလည်း အားပေးတယ်၊ သမာဓိကိုလည်း ဖြစ်စေတယ်၊ ပညာတရားတွေလည်း တိုးပွားစေတယ်ဆိုရင် ဘယ်သူမျှ မကြိုက်ပေမဲ့လို့ ဒီအကျင့်သည် ကောင်းတဲ့မှန်တဲ့အကျင့်ပါ။ လူတိုင်း လူတိုင်းက ကြိုက်နှစ်သက်သဘောကျပေမဲ့လို့ သီလ၊ သမာဓိ၊ ပညာ ဒီသုံးခုကို အားပေးမှု မရှိဘူးဆိုရင် ဒီသုံးခုအတွက် အထောက်အကူမပြုဘူးဆိုရင် အဲဒီအကျင့်သည် မကောင်းတဲ့အကျင့် ပါ။

ကျင့်စဉ်မှန် လမ်းကြောင်းမှန်

ကျင့်စဉ်မှန်တော့မှ လမ်းကြောင်းမှန်တော့မှ လိုရာခရီးပန်းတိုင်ကို ရောက်မယ်ပေါ့၊ နိဗ္ဗာန်လမ်းသွားတဲ့အခါမှာ ဒီလမ်းကနေ နည်းနည်းလေး ချော်သွားပြီ၊ တိမ်းသွားပြီ၊ လမ်းလွဲသွားပြီဆိုရင် နိဗ္ဗာန်မရောက်တော့ပါဘူး။

နိဗ္ဗာန်သွားဖို့လမ်းသည် မဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတဲ့ မဂ္ဂင်လမ်းကြောင်းပါ။ ရှစ်ပါးပြည့်သွားရင် မဂ်လို့ခေါ်ပါတယ်၊ ရှစ်ပါးမပြည့်သေးဘူးဆိုရင် တစ်ခုစီ တစ်ခုစီ ဖြစ်နေတယ်ဆိုရင် သူ့ကို မဂ္ဂင်လို့ခေါ်ပါတယ်၊ မဂ်ရဲ့ အင်္ဂါ အစိတ်အပိုင်း၊ မဂ္ဂင််ဆိုတဲ့ စကားလုံးက လာတာပါ။ သီလ၊ သမာဓိ၊ ပညာ ဘက်စုံ ပြည့်စုံပြီဆိုရင် မဂ်ဆိုတာ ပေါ်လာပါလိမ့်မယ်၊

ရှစ်ပါးပြည့်ရင် မဂ်ပေါ်မယ်။ အဲဒီမဂ်ကမှ ဘယ်ပို့မလဲ၊ နိဗ္ဗာန်ကို ပို့မယ်။ ဒီမဂ်ကမှ ကိလေသာတွေကို ပယ်ပေးမယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို ရှုနေမှတ်နေပါ။ ရုပ်လို့ ရှုလိုက်ရင် ခုနက ပြောလိုက်တဲ့ မဂ္ဂင်တွေ ပါလာပါတယ်။ နာမ်လို့ရှုလိုက်ရင် ခုနက ပြောလိုက်တဲ့ မဂ္ဂင်တွေ ပါလာပါတယ်။ အဓိကအားဖြင့် အလုပ်ခွင်မဂ္ဂင်ငါးပါး လိုပါတယ်။ ဒီမဂ္ဂင်ငါးပါး သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပနဲ့ အလုပ်လုပ်နေရပါတယ်။

သီလဘက်ကလည်း လုံခြုံပြီ။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ ဆိုင်ရာဆိုင်ရာ သီလတွေကလည်း လုံခြုံမယ်။ သီလတွေကလည်း ကောင်းမွန်ပြည့်စုံ

www.dhammadownload.com

မယ်ဆိုရင် ရှစ်ခုအံဝင်ခွင်ကျဖြစ်လို့ ပြည့်စုံသွားပြီဆိုတာနဲ့ မင်္ဂလာတော ပေါ်လာပါတယ်။ တစ်ခုလိုနေသေးရင်တောင်မှ မင်္ဂလာတော မပေါ်သေးဘူး။ မင်္ဂလာတော တစ်ချက်ချက် ချို့ယွင်းနေသေးတယ်ဆိုရင် မရသေးပါဘူး။

စက်ယန္တရားတစ်ခုမှာ ဘယ်အစိတ်အပိုင်းလေးပဲဖြစ်ဖြစ်၊ ဘယ်လောက်သေးငယ်တဲ့ အစိတ်အပိုင်းဖြစ်စေ၊ တစ်ခုခုလိုအပ်ချက်၊ ချို့ယွင်းချက် ရှိနေတယ်ဆိုရင် လည်ပတ်မှုမဖြစ်နိုင်သလို၊ မင်္ဂလာတာလည်း မဂ္ဂင်ပြည့်စုံမှု ဖြစ်ပါတယ်။ မဂ္ဂင်လမ်းကြောင်း တည့်မတ်မှန်ကန်မှ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို သေသေချာချာ ကျင့်ကြံပွားများမှသာလျှင် မဂ္ဂသစ္စာ ဖြစ်မယ်။ မဂ္ဂသစ္စာ ဖြစ်မှသာလျှင် နိရောဓသစ္စာတွေကို ဆိုက်ရောက်ပါမယ်။

မဂ္ဂင်သည် ပွားရမယ့်တရား၊ ပွားလာတယ်ဆိုတာ ထပ်ကာထပ်ကာပြုလို့ များလာတာ၊ တိုးလာတာပါ။ အဲဒီတော့ တိုးလာဖို့၊ များလာဖို့၊ ပွားလာဖို့ အတွက်ကို အကြိမ်ပေါင်းများစွာ အဖန်တလဲလဲနဲ့ ရှုနေရမယ်၊ မှတ်နေရမယ်။ တစ်ခါ ရှုတယ်၊ နှစ်ခါရှုတယ်၊ သုံးခါရှုတယ်။ တစ်ရက် ရှုတယ်၊ နှစ်ရက် ရှုတယ် စသည်ဖြင့် တိုးတိုးလာအောင်၊ များများလာအောင် ပွားလာအောင်လို့ ကျင့်ကြံပွားများမယ်ဆိုရင် မဂ္ဂသစ္စာ ဖြစ်မှသာလျှင် မဂ္ဂသစ္စာအကြောင်းခံ ရှိတော့မှသာလျှင် အကျိုးတရားအနေနဲ့ ပေါ်လာတာသည် နိရောဓသစ္စာ နိဗ္ဗာန်ပါ။

ကိုယ့်မှာမရှိသေးတာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပါ။ လိုနေတာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပါ။ ရှိပြီးသားက ဘာသစ္စာလဲဆိုရင် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပါ။ ရှိပြီးသားတွေကိုတော့ ထပ်မရှာနဲ့တော့။

မရှိသေးတဲ့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာတွေ ဖြစ်ပေါ်အောင် ကျင့်မယ်၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားတွေ ပြည့်စုံအောင်ကျင့်မယ် ဆိုပြီးတော့ ဒါန၊ သီလ၊ ဘာဝနာ၊ ဝေယျာဝစ္စဆိုတဲ့ ကုသိုလ်ကောင်းမှု အဖြာဖြာတို့ကို ပြုနိုင်လုပ်နိုင် အားထုတ်နိုင်ကြရပါမယ်။

www.dhammadownload.com

မမေ့မလျော့နေတဲ့သူ

မမေ့မလျော့နေခြင်းကို ဘုရားရှင် ချီးမွမ်းတော်မူပါတယ်။ ဘယ်လိုနေတာကို မမေ့မလျော့နေတာပါလဲ၊ မမေ့မလျော့နေတဲ့သူဆိုတာ ဘယ်လိုလူလဲလို့ သိထားဖို့လိုပါတယ်။ မမေ့မလျော့နေခြင်းမျိုးနဲ့လည်း နေတတ်အောင် နေဖို့လိုပါတယ်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတဲ့အချိန် ရဟန်းနှစ်ပါးကို အကြောင်းပြုပြီးတော့ ဟောတဲ့တရားလို့ ဒီတရားရဲ့ ဖြစ်ပေါ်လာပုံလေးကို အရင်ဆုံး သိထားပါ။

ရဟန်းနှစ်ပါးအနက် တစ်ပါးက မမေ့မလျော့နေတယ်၊ တစ်ပါးက မေ့မေ့လျော့လျော့နဲ့ နေတယ်။ လောကမှာ မေ့တယ်ဆိုတာ သတိအားနည်းလို့ မမှတ်မိတာကို မေ့တယ်လို့ သုံးတယ်၊ မေ့တယ်လို့ ပြောပါတယ်။ ဟာ ... သူကတော့ သိပ်မေ့တတ်တာပဲ၊ ဟိုကိစ္စလည်း သတိမရ၊ ဒီကိစ္စလည်း သတိမရအမေ့ကြီးတယ်၊ သိပ်မေ့တယ်ဆိုတာ သတိနည်းတဲ့သဘောပါ။ သတိအားနည်းတာကို ရည်ညွှန်းပါတယ်။ ဘုန်းကြီးတို့ သာသနာ့ဝေါဟာရနဲ့ ကြည့်ရင်လည်း ဒီသဘောပါပဲ။

မေ့လျော့ပေါ့ဆပြီး နေတဲ့သူသည် ကျင့်သင့်တာကို မကျင့်ဘူး၊ အားထုတ်သင့်တာကို အားမထုတ်ဘူး၊ လုပ်သင့်တာ မလုပ်ဘူး၊ မလုပ်သင့်တာ

www.dhammadownload.com

လုပ်တယ်ဆိုတော့ ဒီလူကို မေ့လျော့တဲ့သူ၊ ပေါ့ဆတဲ့သူလို့ ပြောရပါမယ်။ တကယ်လို့ သာသနာ့ဝန်ထမ်းရှင်ရဟန်းဖြစ်နေရင်လည်း ဒီကိုရင်က ဒီရဟန်းကတော့ဖြင့် မေ့လျော့နေတဲ့သူပဲဆိုတဲ့ အဓိပ္ပာယ်မျိုး သုံးနှုန်းပါတယ်။

လိုရင်းကတော့ မေ့တဲ့သူနဲ့ မမေ့လျော့သူနှစ်ဦး ဘာကွာသွားလဲဆိုရင် သတိရှိ မရှိကွာတယ်လို့ ပြောရမှာပါ။

မမေ့မလျော့နေတာသည် သတိရှိလို့ပါ။

မေ့လျော့နေတာသည် သတိမရှိလို့ပါ။

ဒါဟာ ကွာဟချက် ထူးခြားချက်ပဲ။ မမေ့မလျော့ဆိုတဲ့သတိကို များသောအားဖြင့် ပါဠိဝေါဟာရကို ဘုရားရှင်သုံးတဲ့အချိန်အခါမှာ အမြဲတမ်းလိုလို အသုံးပြုတာ "အပ္ပမာဒ"လို့ သုံးတယ်။ မေ့လျော့ပေါ့ဆတယ် ဆိုတာကိုကျတော့ သူနှင့် ဆန့်ကျင်ဘက် "ပမာဒ"လို့ သုံးပါတယ်။ ဒီတော့ "အပ္ပမာဒ"နှင့် "ပမာဒ" မမေ့တာနှင့် မေ့တာ။ "အပ္ပမာဒ" တရားရှိနေတဲ့သူ၊ သတိတရားရှိနေတဲ့သူက မမေ့တဲ့သူပါ။ "ပမာဒ" တရားတွေ ဝင်ရောက်ပြီးတော့ မေ့မေ့လျော့လျော့ဖြစ်နေတဲ့သူက မေ့တဲ့သူပါ။

လက်ကိုင်ထားရမည့်တရား

ပုဂ္ဂိုလ်အားဖြင့်ကြည့်ရင်လည်း မေ့တဲ့သူနှင့် မမေ့သူနှစ်မျိုးကွဲပြားသွားတယ်။ ဒီလို ပုဂ္ဂိုလ်နှစ်မျိုးကွဲရတဲ့ အကြောင်းသည် "ပမာဒ"နှင့် "အပ္ပမာဒ" သတိတရားရှိတာနှင့် မရှိတာသည် ကွာဟချက်ကြောင့် ဖြစ်တာပါ။ အဲဒီတော့ အခု တရားဓမ္မတွေ ကျင့်ကြံအားထုတ်နေချိန်မှာ ယောဂီတို့ လက်ကိုင်ထားရမှာ အမြဲတမ်း လက်မလွတ်ရမှာသည် သတိတရားပါ။

အခုကျင့်တဲ့တရားကိုက သတိပဋ္ဌာန်ဆိုတော့ သတိဦးစီးတယ်၊ သတိက ခေါင်းဆောင်တယ်။ နေရာတကာမှာ သတိပါရမယ်။ စားတဲ့နေရာမှာလည်း သတိပါရမယ်။ သွားတဲ့နေရာမှာလည်း သတိပါရမယ်။ အချိန်တိုင်း အချိန်တိုင်းမှာ သတိလက်မလွတ်ဘဲနဲ့နေတဲ့ ကျင့်စဉ်ကို "သတိပဋ္ဌာန်" ကျင့်စဉ် ခေါ်ပါတယ်။

www.dhammadownload.com

သတိက ရှေ့မှာနေရမယ်၊ သတိဦးစီးတယ်။ သတိခေါင်းဆောင်တယ်၊ သတိက အဓိကကျတယ်။ အဲဒီတော့ သတိတရားတစ်ချက် လွတ်သွားပြီဆိုတာနဲ့ ခုနက ရှုမှတ်နေတဲ့တရား ရှိသေးလား။ မရှိတော့ဘူး။ ရှုနေမှတ်တဲ့ အလုပ်တွေက ဘာနဲ့လုပ်နေလဲ၊ ဘာနဲ့အားထုတ်နေလဲ၊ ဘာနဲ့ရှုနေလဲဆိုရင် သတိနဲ့ ရှုနေတာပါ။ သတိရှိတာနှင့် သတိမရှိတာ "ပမာဒ" နှင့် "အပွမာဒ" ကွာဟချက်ကို ဘုရားရှင် မိန့်ကြားထားခဲ့တဲ့ စကားရှိပါတယ်။

"အပွမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ"

အပွမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပွမာဒေါ - မမေ့မလျော့ မပေါ့မဆ နေထိုင်ရကြောင်း၊ ကောင်းတဲ့အကျင့်တရားသည်၊ အမတံ ပဒံ - မအို မသေ အမြဲနေရန် နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အကျင့်တရားပါပေတည်း။

မမေ့မလျော့ မပေါ့မဆ အပွမာဒခေါ်တဲ့ သတိနဲ့နေတာသည် နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းတဲ့အကျင့်ကို ကျင့်နေတာပါ။

အပွမာဒေါ - မမေ့မလျော့ မပေါ့မဆ နေထိုင်ရကြောင်း၊ ကောင်းတဲ့အကျင့်တရားသည်၊ အမတံ ပဒံ - မအို မသေ အမြဲနေရန် နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အကျင့်တရား ပါပေတည်း။ အကောင်းဆုံးအကျင့်သည် သတိနဲ့ ကျင့်နေတဲ့အကျင့်ပါ။ သတိတရား လက်ကိုင်ထားပြီးတော့ သတိတရားနဲ့ ရှုပွားအားထုတ်နေတဲ့အကျင့်သည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းပါ။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလေးအမြတ်ထားတာ နိဗ္ဗာန်ပါ။ နိဗ္ဗာန်ရောက်ရပါလို၏။ နိဗ္ဗာန် ရရပါလို၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏လို့ အမျိုးမျိုးအဖုံဖုံ နိဗ္ဗာန်ကို ရည်မှန်းတမ်းတနေတာ နိဗ္ဗာန်ကို လိုချင်လို့ပါ။ ကုသိုလ်ကောင်းမှုတွေ ပြုကြတယ်။ ခု တရားအားထုတ်တဲ့ သူတွေကိုလည်း ဘာလိုချင်လို့လဲလို့မေးရင် နိဗ္ဗာန်ကို လိုချင်လို့ပါ။

မအိုမသေ အမြဲနေရ နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အကျင့်တရားကို သတိနဲ့ကျင့်ရမယ်။ အပွမာဒေါ - မမေ့မလျော့ မပေါ့မဆ နေထိုင်ရကြောင်း

www.dhammadownload.com

ကောင်းတဲ့ သတိတရားသည်။ ကောင်းတဲ့သတိ ရှိရမယ့်သတိ ထားရမယ့်သတိ၊ ပြည့်စုံရမယ့်သတိရှိအောင် ဘယ်လိုကျင့်ရတာလဲဆိုတော့ မမေ့ရဘူး။

ရုပ်နာမ် ဓမ္မသင်္ခါရ သဘောတရားတွေကို အမြဲမပြတ် အာရုံပြု၊ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးကို ရွှတ်အားထုတ်နေမှသည် မမေ့တဲ့အကျင့်ကို ကျင့်နေတာပါ။ ဘာကိုအမြဲတမ်း သတိထားနေသလဲ။ မိုးလင်းက မိုးချုပ် တစ်နေ့လုံး ဘာကို သတိပြုနေသလဲဆိုရင် ရုပ်နဲ့ နာမ်ကိုပါ။

(ရုပ်နာမ် နှစ်ပါး၊ သတိထား၊ ရွှတ်နေရမည်။)

ရုပ်နဲ့ နာမ်ကို သတိထား ရွှတ်တဲ့ အကျင့်သည် မမေ့မလျော့ ကျင့်နေတဲ့ အကျင့်ပါ။ ရုပ်တရားနဲ့ နာမ်တရားကို သတိထားကာ ပွားများနေတဲ့သူ၊ အားထုတ်နေတဲ့သူသည် မမေ့မလျော့နေတဲ့သူပါ။ မမေ့မလျော့နေတဲ့သူနဲ့ ဆန့်ကျင်ဘက်က မေ့လျော့နေတဲ့သူပါ။ သတိမထားတဲ့သူ ဘယ်လိုနေမလဲ ဆိုတာ သိထားဖို့လိုပါတယ်။

ထပ်ခါထပ်ခါ သေရခြင်းအကြောင်း

ပမာဒေါ် မစ္စုနော် ပဒံ၊

ပမာဒေါ် - မေ့လျော့ပေါ့ဆ နေထိုင်ရကြောင်း၊ မကောင်းတဲ့အကုသိုလ် စိတ္တုပ္ပါဒ်သည်၊ မစ္စုနော် - ထပ်တလဲလဲ သေရခြင်း၏။ မစ္စုနော် - ထပ်ကာထပ်ကာ သေရခြင်း၏။ ပဒံ - အကြောင်းတရား ပါပေတည်း။

ဒီမှာ လမ်းကြောင်းနှစ်ခု ဘုရားရှင်ထုတ်ဖော်ပြီးတော့ ပြလိုက်တယ်။ မအို မနာ မသေတဲ့လမ်းက တစ်လမ်း၊ အိုခြင်း နာခြင်း သေခြင်းတရားတွေ ထပ်ကာထပ်ကာ တွေ့ရမယ့်လမ်းက တစ်လမ်းလို့ ရွေးချယ်ရမယ့်လမ်း နှစ်လမ်းရှိတယ်။

ကိုယ့်ရှေ့မှာ လမ်းနှစ်လမ်းရှိတယ်၊ လမ်းဆုံလမ်းခွမှာ ရောက်နေပါတယ်။ တစ်လမ်းက ဘယ်သွားလဲဆိုရင် နိဗ္ဗာန်သွားတဲ့လမ်းပါ။

နိဗ္ဗာန်သည် မအိုဘူး၊ မနာဘူး၊ မသေဘူး၊ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတွေ ကုန်ကင်းရာ နိဗ္ဗာန်ကိုသွားတဲ့လမ်းက တစ်လမ်းပါ။

www.dhammadownload.com

နောက်တစ်လမ်းက ထပ်ကာထပ်ကာနဲ့ အို နာ သေ သဘောတရားတွေဆီကို သွားတဲ့လမ်းပါ။ လမ်းချင်းမတူဘူး။

နိဗ္ဗာန်သွားတဲ့လမ်း သွားချင်တယ်ဆိုရင် မမေ့မလျော့ နေရမယ်။ နိဗ္ဗာန်ရောက်ချင်ရင် ဘယ်လိုနေရမလဲ။ တရားရချင်ရင် ဘယ်လိုနေရမလဲ။ မမေ့မလျော့နေရမယ်။ ကုသိုလ်ရချင်ရင်လည်း မမေ့မလျော့ နေရမယ်။

အပွမာဒခေါ်တဲ့ သတိတရားသည် ကုသိုလ်တရားတွေကိုလည်း ဖြစ်စေပါတယ်။ နိဗ္ဗာန်ကိုလည်း ရောက်စေပါတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေကိုလည်း ကုန်စေ၊ ကင်းစေပါတယ်။

သတိ မရှိဘဲနဲ့ မေ့မေ့လျော့လျော့နေတဲ့သူသည် ကုသိုလ်တရားတွေလည်း ဆိတ်သုဉ်းနေတယ်၊ ကင်းမဲ့နေတယ်၊ သတိမရှိရင် ဘာကုသိုလ် ဘာကောင်းမှုမှ မဖြစ်ဘူး၊ ခုလာပြီးတော့ တရားဓမ္မ ကျင့်တယ်ဆိုကတည်းကိုက ဘယ်သူက တွန်းပို့လိုက်လဲဆိုရင် သတိက တွန်းပို့လိုက်တာပါ။

"တို့ တရားဓမ္မကျင့်ရဦးမယ်၊ အားထုတ်ရဦးမယ်၊ သင်္ကြန်တွင်း အခါကြီးရက်ကြီး အချိန်အခါကာလ တို့လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်ကောင်းမှုတွေ ပြုမယ်၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားနဲ့ နှစ်ဦးကို ကြဲဆိုမယ်" ဆိုပြီးတော့ သတိရသွားတယ်။ ကုသိုလ်ကောင်းမှုပြုဖို့ သတိရသွားတယ်။ ဘယ်သူသတိပေးလဲ၊ သတိကပဲ သတိပေးတာပါ။ သတိက အမြဲတမ်း သတိပေးတယ်။ သတိရှိရင် ကုသိုလ်ကောင်းမှုတွေဖြစ်ဖို့ မခဲယဉ်းတော့ဘူး။ သတိတရားကင်းမဲ့နေတဲ့သူသည် ကုသိုလ်ကောင်းမှုကိုလည်း သတိမရ၊ ကုသိုလ်ကောင်းမှုတွေကိုလည်း ပြုဖို့မေ့နေတတ်ပါတယ်။

တရားဓမ္မကို အားထုတ်နေချိန်မှာ အားထုတ်နေတဲ့ တရားဓမ္မကို တွေ့ဖို့၊ မြင်ဖို့၊ သိဖို့ဆိုတာလည်း ဘယ်သူက ပြပေးသလဲဆိုတော့ သတိက ပြပေးတယ်။ ကိုယ်ရှုနေတဲ့ ရုပ်နာမ်ဓမ္မ၊ ရုပ်တရားနဲ့ နာမ်တရား တွေ့မြင်အောင် ဒါက ရုပ်ပဲ၊ ဒါက နာမ်ပဲလို့ ကိုယ့်အသိအာရုံက ပျောက်ပျက်မသွားအောင် အမြဲတမ်း မြင်နေအောင် ထပ်ကာထပ်ကာနဲ့ ရှုမှတ်ပွားများမှုတွေဖြစ်နေအောင် သတိက ဖော်ပြပေးတယ်။ သတိက ညွှန်ပြပေးတယ်။ သတိရှိနေတဲ့သူ တရားမြင်တယ်။

www.dhammadownload.com

သတိတရားသာ လွတ်သွားမယ်၊ သတိသာ မရှိတော့ဘူးဆိုရင် ခုနက ကြည့်နေတဲ့ ရှုနေတဲ့ မြင်နေတဲ့တရား၊ အားထုတ်ရှုမှားနေတဲ့ တရားဓမ္မတွေ ဘယ်ဆီကို ရောက်တယ်။ ဘယ်သွားနေတယ်ဆိုတာ မသိ၊ အကုန်လုံးပျောက် ပျက်သွားပါတယ်။ ရှိနေတာတွေ အကုန်လုံး ကုန်ခန်းသွားတယ်။ သတိလွတ် သွားတာနဲ့ တရားလွတ်ပြီ။ ဒါကြောင့်မို့ မေ့မေ့လျော့လျော့နေတဲ့သူတွေ သွား ရာလမ်းနဲ့ မမေ့မလျော့နေတဲ့သူရဲ့သွားရာလမ်း မတူပါဘူး။

တစ်လမ်းစီပါ။ မမေ့မလျော့သူသည်ဘယ်လမ်းသွားလဲ။ နိဗ္ဗာန်လမ်းကို သွားတယ်။ မေ့လျော့နေတဲ့သူသည်လည်း ထပ်ကာထပ်ကာ သေရတဲ့လမ်း ကို သွားတယ်။ မမေ့မလျော့ မပေါ့မဆနေတဲ့သူသည် ကုသိုလ်လမ်းကို သွားပါ တယ်။ မေ့လျော့နေရင် အကုသိုလ်လမ်းကို သွားပါတယ်။

မေ့မေ့လျော့လျော့နေလိုက်တာနဲ့ ကုသိုလ်နဲ့ဆန့်ကျင်ဘက် အကုသိုလ် လမ်းကို ရောက်တယ်။ ဒီလမ်းနှစ်ခွသည် ကိုယ့်လက်ထဲမှာပဲ ရှိတယ်။ ကိုယ့်ရဲ့ အာရုံပြုမှု မပြုမှု၊ သတိထားမှု မထားမှု၊ ပမာဒနဲ့ အပွမာဒ တရားပေါ်မှာ မူတည် ကာ သွားရာလမ်းသည် ကွဲပြားပါတယ်။ ဒါကြောင့်မို့ လူတစ်ယောက်နဲ့ တစ် ယောက်၊ တစ်ဦးနဲ့တစ်ဦး သွားရာလမ်းချင်း မတူဘူး၊ ဘဝချင်း မတူဘူး၊ အခြေ အနေချင်း မတူဘူး၊ အဆင့်အတန်းချင်း မတူဘူး၊ အကျိုးပေးချင်း မတူဘူးဆို တာ ဒီသတိတရားကြောင့် ဖြစ်သွားကြတာပါ။

တရားကျင့်ချင်တဲ့ ရဟန်းနှစ်ပါး

မြတ်စွာဘုရားလက်ထက်တုန်းက ရဟန်းနှစ်ပါးရှိခဲ့ပါတယ်။ ဒီရဟန်း နှစ်ပါးသည် မြတ်စွာဘုရားရှင်ထံပါး ကမ္မဋ္ဌာန်းတရားတွေ သင်ယူကြတယ်။ မြတ်စွာဘုရားဆီမှာ ကမ္မဋ္ဌာန်း သင်ယူပြီးရင် တရားဓမ္မကျင့်မယ်၊ တရားဓမ္မ အားထုတ်မယ်ပေါ့။ ကမ္မဋ္ဌာန်းကို စိတ်တိုင်းကျ သင်ယူပြီးတော့ သူတို့နှစ်ပါး မြတ်စွာဘုရားကို လျှောက်ထားကြပါတယ်။ "တပည့်တော်တို့ အေးအေးချမ်း ချမ်း လွတ်လွတ်လပ်လပ် တရားဓမ္မ ကျင့်ကြံပွားများ အားထုတ်ချင်ပါတယ် အရှင်ဘုရား" တဲ့။

www.dhammadownload.com

ဇေတဝန်ကျောင်းတိုက်မှာ ဘုရားရှင်နဲ့ အတူတကွ သီတင်းသုံးကြတော့၊ ဇေတဝန်ကျောင်းတိုက်ဆိုတာ ဇည့်ပရိသတ်တွေက အလွန်များတဲ့ကျောင်းပါ။ ဘုရားရှင်ထံကို အကြောင်းအမျိုးမျိုးနဲ့ ရဟန်းသံဃာတွေလည်း လာရောက်ပြီးတော့ ဖူးမြော်ကြပါတယ်။ ကမ္မဋ္ဌာန်းတရားတွေကိုလည်း သင်ယူကြပါတယ်။ အလှူအတန်းတွေလည်း ရှိနေတယ်။ မင်းပရိသတ်၊ သူဌေးသူကြွယ်ပရိသတ်အပေါင်းက အမြဲမပြတ် ဝင်ထွက်သွားလာနေတော့ ဒီနေရာမှာ တရားဓမ္မကို ချမ်းချမ်းသာသာ ကျင့်ခွင့်နည်းပါတယ်၊ ကျင့်ဖို့ အခွင့်အလမ်းနည်းပါးပါတယ်။

"ဘုရားတပည့်တော်တို့ အေးအေးဆေးဆေး တောထဲတောင်ထဲမှာ တရားဓမ္မ ကျင့်ချင်ပါတယ် မြတ်စွာဘုရား၊ လူသူကင်းဆိတ်တဲ့နေရာ၊ အသံဗလံ ဆူညံမှုတွေ ကင်းဝေးတဲ့နေရာ ဆိတ်ငြိမ်ရာတောအရပ်မှာ ချဉ်းကပ်ကာ တရားဓမ္မအားထုတ်လိုကြပါတယ်မြတ်စွာဘုရား" လို့ခွင့်တောင်းတော့ ဘုရားရှင်က ခွင့်ပေးလိုက်တယ်။ ရဟန်းနှစ်ပါး တောထဲကို သွားကြပါတယ်။ တရားကျင့်ဖို့ပါ။

နှစ်ပါးစလုံးရည်ရွယ်ချက်တူတူနဲ့ ရောက်လာကြတယ်။ တရားကျင့်ကြမယ်။ ဘုန်းကြီးတို့ယောဂီတွေလည်းဒီအတိုင်းပဲပေါ့။ ဒီနေရာမှာလူသူလေးပါးကင်းဆိတ်တယ်။ အသံဗလံ ဆူညံမှုတွေလည်း ကင်းတယ်။ ဒီနေရာကို ရောက်လာတယ်ဆိုတာ ဘာလုပ်ဖို့ ရောက်လာလဲ။ တရားကျင့်ဖို့ တရားအားထုတ်ဖို့ပါ။ ဒီသင်္ကြန်တွင်းကာလ (၅) ရက် (၇) ရက် ဒီအချိန်ကာလမှာ တို့အေးအေးဆေးဆေး တရားနဲ့နေမယ်၊ တရားအားထုတ်မယ်၊ တရားကျင့်မယ်ဆိုပြီးတော့ လာကြသလိုပဲ။ ခုနက ရဟန်းနှစ်ပါးကလည်း မြတ်စွာဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတရားသင်ယူပြီး တောထဲရောက်လာတာပါ။

တောထဲရောက်တဲ့ အချိန်ကြတော့ ပထမ တစ်ရက်နှစ်ရက်တော့ ဟုတ်သေးတယ်။ ရဟန်းနှစ်ပါးစလုံး စိတ်တူကိုယ်တူနဲ့ တရားကျင့်ကြတယ်။ ကြိုးကြိုးစားစားနဲ့ ကျင့်ကြံပွားများ အားထုတ်ကြတယ်။ ဒါပေမဲ့ ရက်လေးအတော်အတန်ကြာလာတော့ တစ်ပါးကနည်းနည်းဖောက်လာတယ်။ ရောက်ခါစနဲ့ မတူတော့ဘူး။ တရားကို စိတ်ပါလက်ပါ စိတ်ဝင်တစား မရှိတော့ဘူး။

www.dhammadownload.com

ဒီတော့ သူက တစ်နေ့လုံး စကားတွေပြော၊ နေချင်သလိုနေတယ်။ ညနေဘက် နေဝင်တော့မယ်ဆိုရင် မီးပုံကြီးဖိုတယ်။ မီးပုံဘေးနားမှာကျန်တဲ့ ရဟန်းတွေ၊ ကိုရင်တွေ၊ တောကျောင်းမှာရှိနေတဲ့ ရဟန်း၊ ကိုရင်တွေ တသောသောနဲ့ မီးဖိုဘေးနားမှာ နေပြီးတော့ စကားပြောတာ၊ ည ညဉ့်နက်သန်းခေါင်ထိ မအိပ်ဘူး။ စကားပြောနေကြတယ်။

တစ်ပါးနဲ့တစ်ပါး တောအကြောင်း တောင်အကြောင်း ဟိုရောက် ဒီရောက်၊ ပြောချင်ရာတွေပြော၊ ရယ်မောပြီးတော့ နေကြတယ်။ ညဉ့်နက်နေပြီ။ အိပ်ချိန်ရောက်လည်း မအိပ်၊ ဒီမီးဖိုဘေးမှာပဲ နေပြီးတော့ စကားတွေပြော၊ ဆူညံပြီးနေတော့ တကယ်တရားအလုပ်ကို အားထုတ်တဲ့ ရဟန်းက သူ့သူငယ်ချင်းဖြစ်တဲ့ ရဟန်းကို သတိပေးတယ်ပေါ့။

"ငါ့ရှင် ငါတို့သည် ဘုရားရှင်ရဲ့ထံက ကမ္မဋ္ဌာန်းတွေ သင်ယူခဲ့ကြတယ်။ တရားဓမ္မတွေကို ကျင့်ကြံပွားများ အားထုတ်မယ်လို့ မြတ်စွာဘုရားထံမှာ တို့တစ်တွေ လျှောက်ထားပြီးတော့ ဒီအရပ် ဒီဒေသ ဒီတောတောင် ဒီနေရာကို ရောက်လာကြတယ်။ တို့ရည်ရွယ်ချက်၊ တရားကျင့်မယ်ဆိုတဲ့ ရည်ရွယ်ချက် မပျောက်ပျက်စေနဲ့လို့" သတိပေးစကား ပြောပေမဲ့ မရပါဘူး။

တစ်ပါးကတော့ဖြင့် ရောက်ကတည်းက ကြိုးစားကျင့်တယ်။ ခုထိကို သူမှု သူ့ရည်ရွယ်ချက် မပျောက်စေဘူး၊ မပျက်စေဘူး၊ ကြိုးစားကျင့်တယ်၊ တစ်ပါးကတော့ဖြင့် ပုံပြောင်းသွားပြီ။

သုံးလေးငါးရက်၊ လေးငါးဆယ်ရက်၊ တစ်လ ဒီလိုအားထုတ်လိုက်တဲ့ အခါကျတော့ တရားကလည်းမရ၊ တိုးတက်မှုကလည်း မရှိတော့ စိတ်ပျက်ပြီးတော့ သူက မကျင့်တော့ဘူး။ လွတ်လွတ်လပ်လပ် နေချင်သလိုပဲ နေတော့မယ်။ မထူးဘူး၊ ရချင်လည်းရ၊ မရချင်လည်းနေ၊ စိတ်ချမ်းသာအောင်ပဲ နေတော့မယ်ဆိုပြီးနေတော့ အတူတကွ သီတင်းသုံးဖော်ဖြစ်တဲ့ ရဟန်းက သတိပေးတယ်။ ငါ့ရှင် ငါတို့သည် ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတရားတွေ သင်ယူခဲ့ကြတယ်။ တရားဓမ္မကို ကျင့်ကြံပွားများ အားထုတ်မယ်လို့ ရည်ရွယ်ချက်နဲ့ ဒီနေရာကို ရောက်လာတဲ့အချိန်မှာ တို့တွေသည် ကြိုးစားတရားကျင့်မှ ဖြစ်မယ်"လို့ သတိပေးပါတယ်။

www.dhammadownload.com

မေ့သူအတွက် အပါယ်သည် အမြဲနေအိမ်

ပမတ္တသ စနာမ စတ္တာရော အပါယာ သကဂေဟ သဒိသာ။

ပမတ္တသ - မေ့လျော့ပေါ့ဆနေထိုင်သောသူအား၊ စတ္တာရော အပါယာ - အပါယ်လေးဘုံတို့သည်၊ သကဂေဟသဒိသာ - အမြဲနေရာမိမိအိမ်ဂေဟာနှင့် တူလှပါတယ်။

ဘုရားရှင် မကြာခဏ ဆုံးမတဲ့စကား ဩဝါဒပေးတဲ့စကားပါ။ ငါ့ရှင်တဲ့ ဘုရားရှင်ရဲ့စကားကို မမေ့နဲ့။ မေ့လျော့နေတဲ့သူရဲ့အိမ်သည် အပါယ်လေးဘုံ၊ အပါယ်လေးဘုံသည် မေ့လျော့နေတဲ့သူရဲ့အိမ်နဲ့ တူတယ်တဲ့။ ဒါ မမေ့ဖို့၊ အမြဲတမ်း သတိရှိဖို့၊ သတိထားပြီးတော့ ကုသိုလ်တွေပြုဖို့ သတိပေးတာပါ။ သတိတရားနဲ့ တရားမမ့ကို ကျင့်ကြံပွားများ အားထုတ်နေဖို့ ဘုရားရှင်ဆုံးမတဲ့ စကားပါ။ မေ့လျော့ပေါ့ဆ နေထိုင်ကြမယ်ဆိုရင်တဲ့ အပါယ်လေးဘုံသည် ကိုယ့်အိမ်၊ ကိုယ့်ရာပမာ ဖြစ်လိမ့်မယ်။

အပါယ်လေးဘုံဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ မကောင်းတဲ့ ဒုဂ္ဂတိဘုံပါ။ ကုသိုလ်တရားတွေပြုဖို့ မေ့ပြီးတော့ မကောင်းမှုတွေပြုရင် ရောက်တဲ့သူတွေ နေရတဲ့နေရာသည် အပါယ်လေးဘုံပါ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာ နည်းနည်းမျှကို ချမ်းသာမရှိတဲ့ နေရာ၊ ဆင်းရဲဒုက္ခတွေနဲ့ တစ်ချိန်လုံး အသက်ရှင်နေရတဲ့နေရာပါ။ မကောင်းမှုတွေက အကျိုးပေးလာလို့ မကောင်းမှုတွေ ခံရတဲ့နေရာပါ။ အပါယ်လေးဘုံကို ဘယ်သူမျှ မရောက်ချင်ဘူး၊ မသွားချင်ပါဘူး။ ဒါပေမဲ့ သတ္တဝါတွေ ဘာကြောင့် အပါယ်ငရဲ ရောက်ကြတာလဲလို့ကြည့်ရင် မေ့လျော့လို့ အပါယ်ရောက်တာများပါတယ်။

အပါယ်ရောက်တာ မေ့လျော့လို့ပါ။

ကုသိုလ်ပြုရမှာတွေ မေ့နေတယ်၊ တရားတွေ မေ့နေတယ်။ ကုသိုလ်တွေ သတိမရဘူး၊ တရားမမ့တွေ သတိမရဘူးဆိုရင် အပါယ်တံခါး ဟင်းလင်းပွင့်နေပါတယ်။ ကုသိုလ် သတိမရတဲ့စိတ်၊ ကုသိုလ်မေ့တဲ့စိတ်နဲ့သာ သေရင် ရောက်သွားရမယ့်နေရာ ရောက်ရမယ့်နေရာသည် အပါယ်လေးဘုံပါ။

www.dhammadownload.com

ဘုရားရှင်က အကြိမ်ကြိမ်အဖန်ဖန် ဆုံးမတော်မူတယ်။ မမေ့မလျော့ တရားမမှတွေ ကျင့်ကြံအားထုတ်ဖို့ သတိပေးတော်မူတယ် နေ့တိုင်း နေ့တိုင်း ဆုံးမတဲ့စကား ရှိပါတယ်။

မမေ့ရမယ့် သြဝါဒ

"အပ္ပမာဒေန သမ္မာဒေထ" အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆတဲ့ သတိတရားနဲ့၊ သမ္မာဒေထ - ပြည့်စုံအောင် ကျင့်ကြံနေထိုင် အားထုတ်ကြ၊ မမေ့တဲ့ သတိနဲ့နေ၊ သတိနဲ့နေပါတဲ့။ မေ့လျော့ပြီးမနေနဲ့၊ သတိလက်လွတ် မနေနဲ့၊ အမှတ်တမဲ့ မနေနဲ့တဲ့။ မမေ့မလျော့ မပေါ့မဆတဲ့ သတိတရားနဲ့ နေပါလို့ ဘုရားရှင်က နေ့ရှိသမျှ နေ့တိုင်း နေ့တိုင်းကို ဆုံးမပါတယ်။

ဆွမ်းခံကြွပြီးပြန်လာ ခြေဆေးရင်းနဲ့ ရဟန်းသံဃာတွေ သတိပေးတယ်။ "အပ္ပမာဒေန သမ္မာဒေထ" နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံခါနီးအချိန် ပရိနိဗ္ဗာန်စံဖို့ စက္ကန့်ပိုင်းလောက်ပဲ လိုတော့တယ်။ မိနစ်ပိုင်းလောက်ပဲ လိုတော့တယ်။ တကယ့်ကို နောက်ဆုံးအချိန်ဖြစ်နေတဲ့ ဒီအချိန်လေးမှာတောင် ဘုရားရှင် ရဟန်းသံဃာတွေကို မှာကြားသွားတယ်၊ ဆုံးမသွားတယ်။ "အပ္ပမာဒေန သမ္မာဒေထ"တဲ့။ မမေ့မလျော့ နေထိုင်ကြပါ။ ဒါ အရေးကြီးတဲ့စကားမို့လို့ ဒီလောက်အရေးကြီးတဲ့ အချိန်အခါမှာ ဆုံးမတာပါ။

ပိဋကတ်သုံးပုံ နိကာယငါးရပ်မှာ ဟောသွားတဲ့တရားတွေ အများကြီးပါ။ မြတ်စွာဘုရား ဆုံးမသွားတဲ့စကားတွေ အများကြီးရှိပါတယ်။ မြောက်မြားစွာသော အဆုံးအမ၊ မြောက်မြားစွာသော စကားတွေထဲမှာ အထူးတလည်ပြုပြီးတော့ နောက်ဆုံးအချိန်လေး ပြောသွားတဲ့စကားက မမေ့မလျော့နေဖို့ပါ။ သူငယ်ချင်းဖြစ်တဲ့သူက သီတင်းသုံးဖော်ဖြစ်တဲ့သူက သူ့သူငယ်ချင်းနေတာထိုင်တာ မဟုတ်တော့၊ နေပုံထိုင်ပုံ အချိုးမကျတော့ သတိပေးတယ်။

"ငါ့ရှင် ဒီလိုမနေနဲ့၊ အခု သင် နေ့ရှိသမျှ ဟေးလားဟားလားနဲ့ နေနေတာ အချိန်ဖြုန်းနေတာပါ။ စားလိုက်၊ သောက်လိုက်၊ ပြောလိုက်ဆိုလိုက်နဲ့ ဒီလိုနေတာကို မြတ်စွာဘုရား မနှစ်သက်ဘူး၊ သဘောမကျဘူး"။ ဘုရားရှင်သည် မမေ့မလျော့ ကျင့်ကြံပွားများနေတာကို နှစ်သက်တယ်၊ သဘောကျ

www.dhammadownload.com

တယ်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ တရားမေ့ကာ နေရင်တော့ အပါယ် ကျလိမ့်မယ်။ အပါယ်လေးဘုံသည် ကိုယ့်အိမ်သဖွယ် ဖြစ်လိမ့်မယ်လို့ မှတ် ထားရမယ်။

လူတိုင်းလူတိုင်း ကိုယ့်အိမ်မှာ ကိုယ်နေကြတယ်။ အခု ဒီနေရာကို ရောက်လာတာနဲ့ပဲ ကြည့်ပေါ့။ အခု ကျောင်းရောက်နေကြတယ်။ ဒီကျောင်း မှာ နေကြမယ်ဆိုတော့ဖြင့် ဒီတရားစခန်း ပြီးတဲ့အထိ ခုနစ်ရက်၊ တစ်ပတ် ဒီလောက်ပဲနေမယ်။ ပြီးရင် ဘယ်သွားမလဲ။ ဘယ်ပြန်မလဲ။ အိမ်ပြန်မှာ။ မပြန် ဘဲနဲ့ ကျန်ခဲ့မယ့်လူ ရှိလား။ မရှိဘူး။ တစ်ယောက်တလေတောင် မကျန်ဘူး။ အကုန်လုံး အိမ် ပြန်ကြမှာပါ။

လူတိုင်းလူတိုင်း ကိုယ်နေထိုင်တဲ့ ကိုယ့်အိမ်၊ ကိုယ့်ဂေဟာ ဘာပဲပြော ပြောပေါ့၊ လွမ်းတယ်၊ အိမ်ပြန်ချင်တယ်။ အိမ်ကိုပဲ ပြန်ပြီးတော့ တမ်းတတယ်။ အဲဒီတော့ ဒီသဘောကိုသိတဲ့ ဘုရားရှင်က ပိဝိပြင်ပြင် အမိန့်ရှိတယ်။

မေ့လျော့ပေါ့ဆနေတဲ့သူတွေရဲ့ အိမ်ဂေဟာက အပါယ်လေးဘုံ။ အပါယ်လေးဘုံသည် ကိုယ့်အိမ်နဲ့ တူတယ်ဆိုတော့ ဒီအပါယ်လေးဘုံကနေ လွတ်ပြီးတော့ လူ့ဘဝ၊ နတ်ဘဝ၊ ကောင်းတဲ့ဘဝ၊ ဘဝကောင်းကို ရတယ် ဆိုတာသည် ခဏတစ်ဖြုတ်ပါ။ လူလာဖြစ်တယ်ဆိုတာ ခေတ္တခဏလာတဲ့ ဧည့်သည်သဘောပါ။ မေ့နေတဲ့သူသည် လူဖြစ်လည်း ခဏပဲဖြစ်မှာ၊ နတ်ဖြစ် လည်း ခဏပဲဖြစ်မှာ၊ ကောင်းကျိုးရလည်း ခဏပဲရမှာပါ။ တော်နေကြာကျရင် သူ ဘယ်ပြန်မလဲ၊ အိမ်ပြန်မယ်။ အပါယ်လေးဘုံကိုပဲ ပြန်သွားမယ်။ အပါယ် လေးဘုံမှာပဲ ပျော်တယ်။ ဒီဆုံးမစကားကို အလေးအနက်ထားပြီးတော့ မမေ့ မလျော့နေတဲ့ရဟန်းက၊ မေ့လျော့နေတဲ့ ရဟန်းကို သတိပေးတယ်။

သူငယ်ချင်းကောင်းတို့ရဲ့ တာဝန်

ဒါ သူငယ်ချင်းကောင်းတို့ရဲ့ဝတ္တရား၊ သူငယ်ချင်းကောင်းတို့ရဲ့ တာဝန် ပါ။ အဲဒီလိုပဲ အခုတရားမမှကျင့်ချိန်မှာ ကိုယ်နဲ့အတူနေတဲ့သူသည် ကိုယ့်ရဲ့ သီတင်းသုံးဖော်ပါ။ သီတင်းသုံးဖော်ဖြစ်တဲ့သူ၊ အတူနေဖြစ်တဲ့သူကို ကောင်း ကျိုးချမ်းသာကို လိုလားတယ်ဆိုရင် သတိပေးရမယ်။

www.dhammadownload.com

ကိုယ်နဲ့ တစ်ခန်းတည်းနေတဲ့သူ၊ တစ်ဆောင်တည်းနေတဲ့သူ။ ကိုယ်နဲ့ တစ်ကျောင်းတည်း၊ တစ်ဝင်းတည်းနေတဲ့သူ အမှတ်သတိမရှိဘူးဆိုရင် အမှတ်သတိရှိအောင် သတိပေးရမယ်။ ကုသိုလ်တရားတွေ မေ့လျော့နေတယ်ဆိုရင် ကုသိုလ်တရားတွေဖြစ်လာအောင် သတိပေးရမယ်။ ဒါ သူငယ်ချင်းကောင်းတို့ရဲ့ဝတ္တရားပါ။

အခု သူငယ်ချင်းကောင်းတို့ရဲ့ ဝတ္တရားကျေပွန်အောင် တရားကျင့်တဲ့ ရဟန်းတော်က သတိပေးတယ်။ ငါ့ရင် မေ့လျော့ပေါ့ဆကာ မနေပါနဲ့။ မြတ်စွာဘုရားရှင်ထံက ကမ္မဋ္ဌာန်းသင်ယူခဲ့ကြတာ၊ ဘုရားရှင်ထံမှာ ငါတို့သည် ကမ္မဋ္ဌာန်းကို တောင်းယူခဲ့ကြတာသည် တရားဓမ္မကို ကျင့်ဖို့ပါ။ ဟောဒီ တောထဲတောင်ထဲ ငါတို့ ရောက်လာတာ တရားကျင့်ဖို့ပါ။ တရားမကျင့်ဘဲနဲ့ အချိန်ကုန်မခံနဲ့။ အချိန်မဖြုန်းနဲ့တဲ့။ အချိန်ရှိသမျှ အချိန်ရှိခိုက်လေးမှာ လုံ့လစိုက်ပြီးတော့ ကျင့်ကြံပွားများဖို့ သင့်တယ်၊ အားထုတ်ဖို့သင့်တယ်။ သူငယ်ချင်းကောင်းက ဘာလုပ်လဲ၊ သတိပေးတယ်။

ဒီတော့ ဘုန်းကြီးတို့ကလည်း ဘာလုပ်ရမလဲ။ ကိုယ့်အနီးအနားနေတဲ့သူ၊ ကိုယ်နဲ့အတူနေတဲ့သူ အမှတ်သတိ လွတ်နေတယ်၊ တရားမကျင့်ဘူးဆိုရင် သတိပေးရမယ်။ ဒီလို မနေနဲ့နော်။ ဒီလိုအားမထုတ်ဘဲနဲ့ အမှတ်တမဲ့ မနေနဲ့။ စကားတွေ ပြော မနေနဲ့။ အမှတ်သတိမရှိဘဲနဲ့ ရယ်ကာ၊ မောကာ၊ စားကာ၊ သောက်ကာ မနေနဲ့။ တို့ ဒီနေရာလာတာ တရားဓမ္မကျင့်ဖို့၊ အားထုတ်ဖို့၊ တို့ရဲ့ ရည်ရွယ်ချက်၊ တို့ရဲ့အဓိကလုပ်ငန်းသည် တရားကျင့်ဖို့၊ မဖေ့မလျော့နေဖို့လို့ သတိပေးရမယ့်တာဝန်၊ သတိပေးရမယ့်ဝတ္တရား ရှိပါတယ်။

မပြောမဆို သတိမပေးဘဲ ထားလိုက်ရင် ဝတ္တရားမကျေဘူး။ သူက စကားပြောတယ်ဆို ကိုယ်ကရောပြီးတော့ စကားပြောပြန်ရင်လည်း နှစ်ယောက်စလုံး တရားပျက်သွားရော။

စကားသည် တရား၏ရန်သူ

ဒါကြောင့် အခန်းတိုင်း အခန်းတိုင်းမှာ ယောဂီတွေ သတိပြုမိအောင်လို့ စာရွက်တစ်ရွက် ကပ်ထားပေးတယ်၊ တွေ့လားတော့ မသိဘူး။ စကားသည်

www.dhammadownload.com

တရားဓ၏ အနှောင့်အယှက်ဖြစ်ခြင်းကြောင့် ယောဂီများ စကားမပြောပါနှင့်လို့ ရေးထားတယ်။

တော်သေးတယ်။ သူတို့ ဖတ်မိသေးတယ်။ စကားသည် တရားရဲ့ အနှောင့်အယှက်၊စကားပြောနေတဲ့စကားသံကတရားကျင့်နေတဲ့သူအတွက် အနှောင့်အယှက်ပါ။ စကားတစ်ခွန်းကြားလိုက်တယ်ဆိုရင် ရှုနိုင်ရင် ရှု၊ မရှုနိုင်ရင် အဲဒီပုဂ္ဂိုလ် တရားပျက်သွားတယ်။ ဒီလောက်တောင်မှ ရှုရမှတ်ရ ကြိုးစားပြီးတော့ အားထုတ်နေရတဲ့အချိန်မှာ ဒီစကားသံက နှောင့်ယှက်လိုက်ရင် တရားကျင့်ဖို့ မလွယ်တော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် စကားပြောတယ်။ ဘေးကနေပြီးတော့ စကားပြော၊ ရယ်မောပြီးတော့ နေတယ်။ စကားသံတွေ ဆူညံပြီးတော့နေတယ်ဆိုရင် ကျင့်ချင်တဲ့သူလည်း ကျင့်လို့မရတော့ဘူး။

သေချာအားထုတ်တဲ့ သူလည်း အားထုတ်လို့ မရတော့ဘူး။ အနှောင့်အယှက် ဖြစ်သွားပြီ။ ကိုယ့်အတွက်လည်း အနှောင့်အယှက်၊ သူများအတွက်လည်း အနှောင့်အယှက်ဆိုတော့ မကောင်းပါဘူး။ ဒါကြောင့် သတိပေးထားတာပါ။

တာဝန်ဝတ္တရားရှိတဲ့အတိုင်း အတူလာတဲ့သူ၊ အတူနေတဲ့သူဆိုတော့ တရားကျင့်နေတဲ့ ရဟန်းတော်က ငါ့ရှင် မမေ့မလျော့နေပါ၊ မပေါ့မဆနေပါ၊ တရားကျင့်ပါလို့ ဆုံးမသော်လည်း ပြောဆိုသော်လည်း နားမထောင်ဘူး။ ဂရုမစိုက်ဘူး။ သူ့သဘောနဲ့ သူပဲ နေချင်သလိုနေတယ်၊ ပြောချင်သလိုတွေ ပြောတယ်။ ညည်ဆိုလည်း မအိပ်ဘူး။ မီးပုံကြီးဖိုပြီးတော့ ကိုရင်တွေ ဦးဇင်းတွေနဲ့ တဝါးဝါး တဟားဟား နေကြတယ်။ ပြောလို့မရတဲ့အဆုံးမှာ တရားကျင့်နေ၊ အားထုတ်နေတဲ့ ရဟန်းက မပြောတော့ဘူး။

ပြောလို့မရတဲ့သူတွေကိုတော့ ပြောနေလို့လည်း အပိုပဲ။ သူမှ လက်မခံတာ၊ သူမှ သဘောမကျတာ။ သူ့သွားပြောနေခြင်းအားဖြင့် ကိုယ့်ရဲ့ တရားအလုပ်လည်း ပျက်ဦးမယ်။ သူက တကယ်လို့ စိတ်ဆိုးဦးမယ်၊ ဒေါသဖြစ်ဦးမယ်ဆိုရင် သူမှာ အကုသိုလ်မွားဖို့ပဲ ရှိတယ်။ ကိုယ်ကလည်း ပြောလို့ဆိုလို့ ဆုံးမလို့မရလို့ဆိုပြီး သူ့ကို စိတ်ဆိုးမိ၊ စိတ်တိုမိရင် ကိုယ့်မှာလည်း အကုသိုလ်

www.dhammadownload.com

ဖြစ်ဖို့ပဲ ရှိတယ်ဆိုတော့ ပြောမရတော့ မပြောတော့ဘူး၊ ကိုယ့်တရားပဲ ကိုယ် ကျင့်တယ်။ ကြိုးစားပမ်းစားနဲ့ တရားကို ကျင့်ကြံပွားများ အားထုတ်ပါတယ်။

နံနက်မိုးသောက် အလင်းရောက်တဲ့ကာလကနေ ညသန်းခေါင်ယံ အိပ်ရာဝင်တဲ့အချိန်တိုင်အောင် မရပ်မနား ကြိုးစားပမ်းစားနဲ့ ကျင့်ကြံပွားများ အားထုတ်တယ်။ မမေ့မလျော့ကျင့်တယ်၊ ညသန်းခေါင်လောက်အထိ ထိုင်တဲ့အခါထိုင်၊စက်ဆုပ်သွားတဲ့အခါသွား၊ကုန်ရိယာပုတ်အမျိုးမျိုးပြောင်း၊တရားကိုပဲ ကြိုးစားပြီးကျင့်တော့ ညသန်းခေါင်လောက်ဆို တော်တော်ပင်ပန်းပြီ။ တစ်နေကုန် အားထုတ်ထားတယ်၊ ထိုင်လိုက် စက်ဆုပ်သွားလိုက် ရပ်လိုက်ကျင့်နေတယ် ဆိုတော့ ညဉ့်နက်တဲ့အချိန်မှာ အိပ်ချင်ပြီ။ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်တော့ ဒီကိုယ်ခန္ဓာကို အနားပေးတဲ့အနေနဲ့ မမေ့မလျော့နေတဲ့ ရဟန်းက ခေတ္တ အနားယူတယ်။ ခေတ္တခဏလေး ကျိန်းစက်တယ်။

ဒီအချိန်ကျတော့မှ၊ သန်းခေါင်ကျော်တော့မှ တဝါးဝါးနဲ့ တဟားဟားနဲ့ နေတဲ့ရဟန်းက အထဲဝင်လာပြီးတော့ ကြည့်တော့ တရားကျင့်တဲ့ရဟန်း အိပ်နေတယ်။ အိပ်နေတာမြင်တော့ သူက " အလကားး တောထဲလာပြီးတော့ လာ အိပ်နေတယ်၊ တရားကျင့်မယ်ဆိုပြီးတော့ ရောက်လာ၊ ကြည့်စမ်း၊ တရား မကျင့်ဘဲနဲ့ အစောကြီး အိပ်ရာထဲဝင်ပြီး အိပ်နေတယ်"လို့ သူက ကဲ့ရဲ့တယ်၊ ပြစ်တင်တယ်။ ပြောပြီးတော့ သူလည်း အိပ်ရာဝင်တယ်။ ကျင့်နေတဲ့ရဟန်းက ခဏတစ်ဖြုတ် အနားယူပြီးတော့ တစ်နာရီ နှစ်နာရီ လောင်းစက်အနားယူပြီးတော့ ခန္ဓာကိုယ် ပင်ပန်းထားတာတွေ ပျောက်သွားတဲ့အချိန် ပြန်ထပြီးတော့ တရားကျင့်ပြန်တယ်။

စောစောက ညဉ့်နက်သန်းခေါင်မှ အိပ်ရာဝင်သွားတဲ့ရဟန်း အိပ်တုန်းပဲ ရှိသေးတယ်၊ မိုးလင်းနေပြီ မထသေးဘူး။ ညက အိပ်ရေးပျက်လို့၊ ညက စကားတွေများပြီး အိပ်ရေးပျက်တော့ မနက်ကျတော့ မထနိုင်ဘူး၊ ထလာတော့လည်း ဆွမ်းခံ၊ စားသောက်၊ ဒီလိုပဲနေ၊ တစ်နေကုန် ဟားလားဟားလားနဲ့နေ၊ ဘာတရားမှလည်းမကျင့်၊ ဘာတရားမှလည်း အားမထုတ်ဘူး။

ဒါ့အပြင် တရားဓမ္မကျင့်နေ အားထုတ်နေတဲ့ ရဟန်းကိုလည်း သူက အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့တယ်၊ စွပ်စွဲတယ်၊ ပြစ်တင်တယ်။ မမေ့မလျော့ ကျင့်ကြံ

www.dhammadownload.com

ပွားများ အားထုတ်နေတဲ့ ရဟန်းတော်က မကြာခင်မှာ မင်္ဂိုလ်တရားတွေကို ရရှိတယ်။ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအရှင်မြတ် ဖြစ်ပါတယ်။ တရား ရသွားပြီ၊ တရားရှိသွားပြီ။ ရဟန္တာ ဖြစ်သွားပြီ။

တရားမကျင့်ဘဲနဲ့ ဒီတိုင်းနေတဲ့သူ ဘာတရား ရသလဲ။ ဘာမျှမရဘူး။ တောထဲသွားတာ သွားတာပဲရှိတယ်။ ဆိတ်ငြိမ်မှုလည်းမရ၊ အေးချမ်းမှုလည်း မရ၊ တရားဓမ္မကိုလည်း မသိမမြင်နဲ့ သီတင်းဝါလကျွတ်တဲ့အချိန်မှာ ဘုရားရှင် ရဲ့ထံကို တစ်ခါတစ်ခေါက် ပြန်ရောက်လာကြပြီ။

ရဟန်းတို့ရဲ့ အလုပ်

ရှေးတုန်းက ရဟန်းတော်တွေ ဝါဆိုခါနီး အဲလိုပဲ ကမ္မဋ္ဌာန်းတရားတွေ သင်ယူ၊ ကမ္မဋ္ဌာန်းတရားတွေတောင်း၊ တောကျောင်း တောင်ကျောင်း တော ရွာလေးတွေမှာ သွားသီတင်းသုံး၊ တရားကျင့်ကြတယ်။ သီတင်းကျွတ်ရင် ဘုရားရှင်ထံ ပြန်လာကြတယ်။ ရရှိထား၊ သိမြင်ထားတဲ့ တရားထူး၊ တရားမြတ် တွေကို လျှောက်ထားကြတယ်။ တရားရသွားတဲ့ ရဟန်းတော်တွေကလည်း မြတ်စွာဘုရား "တပည့်တော်တို့ ဘယ်အဆင့် ဘယ်အထိ သိမြင်ပါပြီပဲ့"။ သောတာပန်ဖြစ်တဲ့ရဟန်း၊ သကဒါဂါမ်ဖြစ်တဲ့ ရဟန်း၊ အနာဂါမ်ဖြစ်တဲ့ ရဟန်း၊ ရဟန္တာအရှင်မြတ် ဖြစ်သွားတဲ့ ရဟန်းတွေက အသီးသီး သူတို့ရရှိတဲ့ သိမြင်တဲ့ တရားထူး တရားမြတ်ကို လျှောက်ထားတယ်။

ကျင့်ကြံကြိုးစား အားထုတ်ပေမဲ့လို့ တရားမရသေးတဲ့သူ၊ မသိသေးတဲ့ သူတွေကလည်း သူတို့လိုအပ်ချက်တွေကို ဘုရားရှင်ထံ လျှောက်ထား ရအောင်၊ တကယ်လို့ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့နေရာ၊ အားထုတ်တဲ့နေရာမှာ လို အပ်ချက်တွေရှိနေရင် ဘုရားရှင်ထံက အဆုံးအမ ခံကြရအောင်ဆိုပြီးတော့ သီတင်းကျွတ်ရင် တစ်ခေါက်ပြန်လာကြတာ များပါတယ်။

ရဟန်း နှစ်ပါးစလုံး အတူတူတောသွား တရားကျင့်ကြတဲ့ ရဟန်းနှစ်ပါး အတူတူပဲ ပြန်လာကြတယ်။ မြတ်စွာဘုရားထံမှောက် ပြန်ရောက်လာကြပြီ။ သွားတုန်းကတော့ နှစ်ပါးစလုံး အတူတူပါ။ နှစ်ပါးစလုံး ဘာတရားမျှမသိသေး၊ မမြင်ကြသေးတဲ့ သူတွေပါ။ ဘုရားရှင်ရဲ့ထံမှာ ကမ္မဋ္ဌာန်းတရားကို အတူတကွ

www.dhammadownload.com

သင်ယူသွားတယ်။ တရားဓမ္မတွေလည်းအတူတကွနာယူသွားတယ်။ အသွားတုန်းက အတူတူ၊ ပြန်လာတဲ့အခါ မတူတော့ဘူး။

မမေ့မလျော့နေတဲ့ ရဟန်းက တရားရခဲ့ပြီ၊ ပေါ့ပေါ့ဆဆ မေ့လျော့ပြီးတော့ နေတဲ့ရဟန်းက တရား မရပါဘူး။

ဒါသတိထားစရာပါ။ ဒီကို တရားကျင့်သူတွေ ရောက်လာကြတာလည်း ပရိသတ် အတူတူပါ။ ဒီမှာ တရားဓမ္မ အတူတကွ နာယူတယ်၊ အတူတကွ ကျင့်တယ်၊ အိပ်တာလည်းတူတူ၊ နေတာလည်းတူတူ၊ စားကြသောက်ကြတာလည်း တူတူပါ။ ဒါပေမဲ့လို့ ကြိုးစားအားထုတ်တဲ့သူ၊ မကြိုးစားတဲ့သူနဲ့ မတူဘူး၊ မမေ့မလျော့နေတဲ့သူသည် မေ့လျော့နေတဲ့သူနဲ့ မတူပါဘူး။

ရသင့်ရထိုက်တဲ့တရား၊ သိသင့်သိထိုက်တဲ့တရား၊ မြင်သင့်မြင်ထိုက်တဲ့ တရားဓမ္မကို သိမြင်ချင်ရင် မမေ့မလျော့ကျင့်ရမယ်။ မမေ့မလျော့ကျင့်တဲ့ ရဟန်းက တရားရပြီး မြတ်စွာဘုရားရှင်ထံ ပြန်ရောက်လာပြီ။

မေ့လျော့ပေါ့ဆနေတဲ့ ရဟန်းက မြတ်စွာဘုရားနဲ့ တွေ့တွေ့ချင်း သူက လျှောက်ထားတယ်၊ "မြတ်စွာဘုရားတဲ့ ဟောဒီရဟန်းသည် မြတ်စွာဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတရားတွေ သင်ယူကာ တောအရပ်၊ တောင်အရပ်မှာ ကျင့်မယ်လို့သွားကြချိန်မှာဟောဒီရဟန်းသည်အစောကြီးအိပ်ရာဝင်တယ်ဘုရား၊ ညညဆိုလို့ရှိရင် အစောကြီး အိပ်ရာဝင် အိပ်နေတာပဲ ဘုရား" သူက ကြိုးပြီးတော့ ဦးအောင် လျှောက်လိုက်တယ်။ မြတ်စွာဘုရားကို သူက ဦးအောင်တိုင်တယ်။

တကယ် တရားကျင့်နေတဲ့ရဟန်းကို အိပ်နေတယ်လို့ သူပြောတာ မမှားတော့ မမှားပါဘူး။ သူ အစောကြီး အိပ်တယ်ဆိုတာ ဟုတ်ပါတယ်။

သူပြောတာ မုသာဝါဒဖြစ်တာ မဟုတ်ဘူး၊ လိမ်တာမဟုတ်ဘူး၊ အမှန်တရားပဲ၊ ဒါပေမဲ့လို့ မပြည့်စုံဘူး၊ အစောကြီး အိပ်တယ်ဆိုတာ တစ်နေ့လုံး ပင်ပင်ပန်းပန်း အားထုတ်ထားတော့ ညစောစော အိပ်ရာဝင်တာပါ။ အိပ်ရင်း လျောင်းရင်းလည်း ရဟန်းက တရားဓမ္မ ရှုမှတ်နေတယ်။

ခန္ဓာကိုယ်ပင်ပန်းလွန်းလို့သာခေတ္တခဏာအနားယူတဲ့သဘော၊ အပန်းဖြေတဲ့သဘောနဲ့ အိပ်လိုက်တာ၊ ကျိန်းလိုက်တာပါ။ အိပ်ရာထဲမှာ လူးကာ

www.dhammadownload.com

လိုမ့်ကာနဲ့ ဖိမ်ခံနေတာလည်း မဟုတ်ဘူး၊ တမင်တကာ ဖိမ်ယစ်ပြီးတော့ အိပ်ရာထဲမှာ ခွေခေါက်နေတာလည်း မဟုတ်ဘူး၊ တရားကျင့်ရင်း၊ ရှုရင်းမှတ်ရင်းနဲ့ အနားယူတာပါ။

"မြတ်စွာဘုရား ဒီရဟန်းသည် အိပ်ရာအစောကြီး ဝင်ပါတယ်၊ တရားဓမ္မမကျင့်ဘဲနဲ့ အစောကြီး အိပ်ရာဝင်ပါတယ်" တဲ့။ ဒီတော့ ဘုရားရှင်ဆိုတာ အလုံးစုံကို သိတော်မူတဲ့ မြတ်စွာဘုရားပါ။ သူ ဘယ်လိုပြောပြော တကယ့် ဖြစ်ရပ်မှန်ကို မြတ်စွာဘုရား သိပါတယ်။

သင်ရော ဘာလုပ်နေသလဲ

သိတော့ မေးတယ်။ "ချစ်သားတဲ့ သင်ကရော ဘာလုပ်နေသလဲတဲ့"။ ဘာလုပ်နေလဲဆိုတော့ မြတ်စွာဘုရား တပည့်တော်ကလေ နေဝင်မိုးချုပ်တော့မယ်ဆိုရင် မီးဖိုဖိုတယ်၊ မီးဖိုဘေးနားမှာကျန်တဲ့ ရှင်တွေ၊ ရဟန်းတွေနဲ့ စကားပြောနေကြတယ် ဘုရားတဲ့။ စကားပြောနေကြတယ်၊ သူက အစောကြီး အိပ်ရာမဝင်ဘူး၊ မအိပ်ဘူး၊ သူက သန်းခေါင်ကျော်မှ တစ်ချက်ထိုး နှစ်ချက်ထိုး ၁ နာရီ ၂ နာရီထိုးမှ သူက အိပ်တယ်၊ ဒါပေမဲ့လို့ သူ မအိပ်မနေ နေတာသည် တရားနဲ့နေတာလား၊ အလကားနေတာလား၊ အလကားနေတာပါ။ "တပည့်တော်တို့အလာပသလ္လာပစကားပြောဆိုပြီးတော့နေတယ်" တဲ့လေ။ မြတ်စွာဘုရားက ချစ်သား၊ မမေ့မလျော့ မပေါ့မဆနေတဲ့သူသည် တရားဓမ္မကို မမေ့မလျော့ ကျင့်နေတဲ့သူသည် တရားဓမ္မကို သိမြင်တယ်၊ မေ့လျော့ပေါ့ဆကာ တရားလွတ်ကင်း ပေါ့ဆခြင်းနဲ့နေတဲ့သူ၊ မေ့လျော့ခြင်းနဲ့ နေတဲ့သူသည် ဘယ်နည်းနဲ့မှ တရားဓမ္မကို မသိနိုင်၊ မမြင်နိုင်ဘူးလို့ မိန့်ပါတယ်။

ခု ကြည့်စမ်းပါဦး။ သင်က အိပ်နေတယ်လို့ပြောတဲ့ ရဟန်းတော်၊ ငါ ချစ်သား ရဟန်းတော်သည် တရားထူးတရားမြတ်ကို သိခဲ့တယ်။ ရခဲ့တယ်။ လိုချင်ရချင်တဲ့ တရားထူး တရားမြတ်တွေကို သူသည် ရရှိခဲ့ပြီ။ တရားရခဲ့ပြီဆိုတာ မေ့လျော့ပေါ့ဆမှုတွေ ကင်းပြီးတော့ မမေ့မလျော့နေလို့ပါ။ မမေ့မလျော့ နေတယ်။

www.dhammadownload.com

မကျင့်တဲ့ရဟန်းက မအိပ်ဘဲနေတော့ နေပါတယ်။ မအိပ်ဘူး၊ သန်းခေါင်ကျော် တစ်ချက်နှစ်ချက်ထိ နေတယ်၊ ဒါပေမဲ့လို့ သူနေတာက ဘာနဲ့ နေတာလဲ၊ တရားနဲ့ နေတာလား၊ မတရားနဲ့ နေတာလား။ မတရားနဲ့ နေတာပါ။

ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ ရယ်မောပြီးတော့ နေတယ်ဆိုတော့ တရားလက်လွတ်တာပါ။ မတရားနဲ့နေတာပါ။ ချစ်သား ဟောဒီရဟန်းတော်သည် တရားဓမ္မကို သိမြင်ခဲ့ပါပြီ။ သင်သည် အလကား အချည်းနှီး အချိန်ကုန်ခဲ့တယ်၊ သင်သည် မေ့လျော့ပေါ့ဆပြီးတော့ နေခဲ့တော့ ဘာတရားထူး တရားမြတ်မျှ သင် မရခဲ့ဘူး။ အဲဒီတော့ မေ့လျော့နေတဲ့ ရဟန်းတော်ကို ဘုရားရှင်က အပြစ်တင်တယ်။ မမေ့မလျော့နေတဲ့သူကို ဘုရားရှင်က ချီးမွမ်းပါတယ်။

မမေ့မလျော့သူကို ဘုရားချီးမွမ်း

အပွမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။

အပွမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပွမာဒေါ - မမေ့မလျော့ မပေါ့မဆ နေထိုင်ရကြောင်း၊ ကောင်းတဲ့သတိတရားသည်၊ အမတံ ပဒံ - မအိုမသေ အမြဲနေရန် နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားပါပေတည်း၊ ကောင်းတဲ့အကျင့် မမေ့မလျော့ ကျင့်နေတဲ့သူသည် နိဗ္ဗာန်ရောက်ပြီ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားတွေကို ကျင့်၊ နိဗ္ဗာန်လမ်းကြောင်းအတိုင်း မှန်မှန်လျှောက်လှမ်းသွားတဲ့ ရဟန်းတော် တရားရသွားပါပြီ။

ပမာဒေါ မစ္စုနော ပဒံ၊ ပမာဒေါ - မေ့လျော့ပေါ့ဆ နေထိုင်ရကြောင်း မကောင်းတဲ့အကုသိုလ် စိတ္တုပ္ပါဒ်သည်၊ မစ္စုနော ပဒံ - ထပ်ကာထပ်ကာနဲ့ ထပ်တလဲလဲ သေရခြင်းရဲ့ ပဒံ - အကြောင်းတရားပါပေတည်း။

မေ့နေတဲ့သူ၊ ပေါ့နေတဲ့သူတဲ့၊ မေ့လျော့ပေါ့ဆကာ နေတဲ့သူသည် ထပ်ကာထပ်ကာ အိုရတယ်၊ ထပ်ကာထပ်ကာ နာရတယ်၊ ထပ်ကာတလဲလဲ သေကျေပျက်စီးရတယ်။ သံသရာထဲမှာ တဝဲလည်လည်နဲ့ ဒီဘဝမှာလည်း အိုနာသေ၊ နောင်ဘဝလည်းအိုနာသေ၊ နောက်တစ်ဘဝလည်းအိုခြင်းနာခြင်း

www.dhammadownload.com

တွေနဲ့သေ၊ သံသရာဝဋ်ကနေ မလွတ်နိုင်တဲ့သူ၊ မကျွတ်နိုင်တဲ့သူ၊ တရားမမှကို မမြင်မသိတဲ့သူသည် မေ့လျော့တဲ့သူပါ။

အဲဒီတော့ မေ့တဲ့သူနဲ့၊ မမေ့တဲ့သူ တူရဲ့လား။ မမေ့မလျော့နေတဲ့သူသည် တရားရမယ်ပေါ့။ မေ့လျော့နေတဲ့သူသည် တရားမရနိုင်ပါ။

အပွမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပွမာဒေါ - မမေ့မလျော့ မပေါ့မဆနေထိုင်ကြရာ၊ အကြင်သတ္တဝါတို့သည်၊ နမီယန္တိ - မကြာမီ ဘဝမင်္ဂိုလ် ရသဖြင့် မုချဇကန် မသေကြရကုန်။ မကြာခင်မှာ မင်္ဂိုလ်ရတယ်၊ ကြိုးစားပမ်းစား တကယ်မမေ့မလျော့သာ ကျင့်ဘာမှမကြာဘူး၊ မင်္ဂိုတရား ဖိုလ်တရား နိဗ္ဗာန်တရားတွေကို ရရှိနိုင်ပါတယ်။

မေ့လျော့ရင် သေသူ

ယေ ပမတ္တာ ယထာ မတာ၊ ယေ - အကြင်သူတို့သည်၊ ပမတ္တာ - မေ့လျော့ပေါ့ဆနေထိုင်ကြကုန်၏။ တေ - မေ့လျော့ပေါ့ဆ နေထိုင်ကြရာ ထိုသတ္တဝါတို့သည်၊ မတာ ယထာ - သေသူများနဲ့မခြားတစ်မူ အလားတူ၍ နေကြလေကုန်၏။

မေ့လျော့နေတဲ့သူသည် သေသူနဲ့တူတယ်။ မမေ့မလျော့နေတဲ့သူသည် ရှင်တဲ့သူပါ။ ဟုတ်ပြီလား။ မမေ့မလျော့နေခြင်းအားဖြင့် ကုသိုလ်တရားတွေနဲ့ ရှင်သန်နေတယ်။ ကုသိုလ်တရားတွေ ရှင်သန်နေတယ်။ သတိထားပြီးတော့ မမေ့မလျော့နေတဲ့သူ သိတယ်။ ငါဟာ ဒါနကောင်းမှုတွေ ပြုရဦးမယ်၊ သီလကောင်းမှုတွေ ပြုရဦးမယ်၊ ဘာဝနာတရားတွေ ပွားရဦးမယ်လို့ အမြဲမပြတ် သတိရှိနေတယ်၊ သတိရနေတယ်။ သတိရှိနေ၊ သတိရနေတော့ မကြာခဏ ကုသိုလ်ကောင်းမှုတွေ ပြုဖြစ်တယ်၊ ကုသိုလ်ကောင်းမှုတွေ ရှင်သန်နေတယ်၊ ကုသိုလ်တရားတွေ တိုးတက်နေတယ်၊ ဘယ်သူတိုးတက်တာလဲ။ မမေ့မလျော့နေတဲ့သူပါ။

ယေ ပမတ္တာ ယထာ မတာ - မေ့လျော့ ပေါ့ဆနေတဲ့သူက ဘယ်သူနဲ့တူမလဲ၊ သေတဲ့သူနဲ့ တူတယ်။ မေ့နေတဲ့သူသည် ကုသိုလ်တရားသည် သေသွားပြီ၊ ဘာမျှသတိမရဘဲနဲ့ စားကာ၊ အိပ်ကာနဲ့ အမှတ်တမဲ့နေ၊ တရားမမှလက်လွတ်နေတဲ့သူသည် ကုသိုလ်ကောင်းမှုတွေ သေဆုံးတယ်။ ကုသိုလ်

www.dhammadownload.com

ကောင်းမှုတွေ ကွယ်နေတယ်။ သူမှာ ဘာကုသိုလ်မျှ ဖြစ်မလာတော့၊ သူ့ကုသိုလ်တွေသည် သေသွားတယ်။ ဒါကြောင့် သူ့ကို သေသူပါတဲ့။

မေ့တဲ့သူသည် သေသူ။ မမေ့တဲ့သူသည် ရှင်သန်နေတဲ့သူ။ ဒါကြောင့် မေ့တဲ့သူသည် ဘာနဲ့တူမတုံး။ လူသေနဲ့ တူတယ်လို့လည်း ပြောနိုင်တယ်၊ အသက်မရှိ သေကျေပျက်စီးနေတဲ့ လူသေကောင်၊ အလောင်းကောင်ကြီးနဲ့ မထူးခြားပါဘူး။

အသက်ဇီဝိန်ချုပ်သွားတော့ ကျန်ခဲ့တဲ့အလောင်းကောင်ကြီး၊ ဒီအလောင်းကောင်ကြီးက ဘာမျှမလုပ်နိုင်တော့ဘူး။ ဘာကုသိုလ်၊ ဘာကောင်းမှုမျှ ဖြစ်စရာမရှိတော့ဘူး။ အသက်ဝိညာဉ်မရှိတော့ လှုပ်ရှားသွားလာမှုလည်းမရှိ၊ အသိစိတ်လည်းမရှိ၊ ထင်းတုံးလို၊ သစ်တုံးလို၊ ကျောက်တုံးလို၊ ဒီတိုင်းချထား၊ ပစ်ထား၊ ဒီအတိုင်းပဲ နေတဲ့သူပါ။ မေ့နေတဲ့သူက အသက်မရှိတဲ့သူလိုပါပဲတဲ့။ ဘာကုသိုလ် ဘာကောင်းမှုမျှမရှိ၊ ဘာမျှမပြုဆိုတော့ လူသေကောင်နဲ့ မထူးပါဘူး။

ဘယ်လိုအသက်ရှင်တာ ကောင်းသလဲ

ဒီတော့ တကယ်အသက်ရှင်နေတာသည် ဘယ်လိုအသက်ရှင်ခြင်းမျိုးက ကောင်းသလဲ။ မြတ်သလဲဆိုရင်တော့ ကုသိုလ်နဲ့ အသက်ရှင်နေတာ အကောင်းဆုံးပါ။ ကုသိုလ်တရားတွေ ရှင်သန်နေတာသည် အကောင်းဆုံးဆိုတော့ ဒီကုသိုလ်ကောင်းမှုတွေ ပြုဖြစ်ဖို့အတွက်၊ ပြုနိုင်ဖို့အတွက်၊ ဖြစ်နေဖို့အတွက်ဆိုရင် အမြဲတမ်းလိုအပ်နေတာက သတိတရားပါ။

အခုရုပ်ရုပ်နာမ်နာမ်လို့ရှုနေတယ်၊ ရှုရင်းမှတ်ရင်းအားထုတ်ရင်းကနေ တစ်ချက်လေး သတိလွတ်သွားတာနဲ့ စောစောက ရှုနေတဲ့တရား ရှိသေးလား။ တရားသေသွားပြီ၊ တရားမရှိတော့ဘူး။ တစ်ချက်ပြန်ပြီး သတိထားလိုက်တာနဲ့ ခုနက ရုပ် နာမ် ဓမ္မ သခ်ၤရတွေ ပြန်အာရုံပြုလိုက်မိတာနဲ့ ကုသိုလ်တရားတွေ ပြန်ရှင်သန်လာပါတယ်။

ဒါကြောင့် သတိတရားသည် ကုသိုလ်ကောင်းမှုတို့ရဲ့ မျိုးစေ့၊ ကုသိုလ်တရားတို့ရဲ့ အကြောင်းရင်း၊ ကုသိုလ်မှန်သမျှ ဖြစ်တာတွေသည် သတိရှိသူမှ

www.dhammadownload.com

ဖြစ်တယ်၊ မမေ့မလျော့နေမှ ဖြစ်တယ်၊ ဘုရားရှင်က မမေ့မလျော့ မပေါ့မဆ နေတဲ့ ရဟန်းကို ချီးမွမ်းတယ်တဲ့။ ငါဘုရားရှင်ရဲ့စကားကိုလိုက်နာတဲ့သူ၊ ကျင့်ကြံတဲ့သူလို့ ချီးကျူးတယ်။ ဘုရားစကားကို နားထောင်တဲ့သူ တရားရသွားတယ်။

စောစောက အချိန်သာ အကုန်ခံပြီးတော့ မအိပ်ဘဲနဲ့နေတယ်၊ အချိန်ဖြုန်းနေတယ်၊ စားကာသောက်ကာ ရယ်ကာမောကာနဲ့နေတဲ့ ရဟန်းကို မြတ်စွာဘုရားရှင် ကဲ့ရဲ့တယ်၊ ပြစ်တင်တယ်၊ ငါဘုရားရှင်ရဲ့စကားနားမထောင်တဲ့သူလို့ အပြစ်တင်ပါတယ်။ ဘုရားစကား နားထောင်ချင်တယ်ဆိုရင် သတိနဲ့ နေရပါမယ်။

သတိနဲ့နေပါ။ သတိထားပြီးတော့ မမေ့မလျော့နေပါ။ ဒီအချိန် ဒီအခါမှာ ငါ့အလုပ်သည် တရားအလုပ်ပဲရှိတယ်၊ စားရေးလည်း မပူရ၊ ဝတ်ရေးလည်း မပူရ၊ နေစရာလည်း မပူရ၊ အားလုံး ပြည့်ပြည့်စုံစုံနဲ့ ငါ့အတွက် ကုသိုလ်ကောင်းမှုရှင်တွေက အကုန်လှူဒါန်းပြီးတော့၊ အကုန်ဖြည့်ဆည်း ပေးထားတာ တရားမမှတ်ဘူး၊ အလကားနေဖို့ မဟုတ်ဘူး၊ အပျော်နေဖို့ မဟုတ်ဘူး၊ စကားများနေဖို့ မဟုတ်ဘူး။ ဒီအတိုင်းနေဖို့ မဟုတ်ဘူး၊ ငါတို့ ဒီနေရာလာတာသည် တရားအလုပ်ကို ကျင့်ကြံဖို့၊ တရားမမှတွေ အားထုတ်ဖို့လို့၊ နှလုံးသွင်းလိုက်တာနဲ့တစ်ပြိုင်နက် ကုသိုလ်ကောင်းမှုတွေ ဖြစ်တယ်၊ သတိတရားတွေ ရှိသွားတယ်။

သတိတရားရှိတဲ့သူ အားထုတ်မယ်ဆိုရင် အဲဒီရှင်သန်နေတဲ့တရား၊ ရှင်သန်နေတဲ့ တရားမမှ၊ ရှင်သန်နေတဲ့ ကုသိုလ်တွေက လိုချင်ရချင်နေတဲ့ နိဗ္ဗာန်ကို ပို့ပေးပါမယ်။ နိဗ္ဗာန်ကို ဘယ်သူက ပို့မလဲ။ အမှန်ပြောရင် သတိက ပို့တာပါ။

သတိကပို့တော့ မမေ့မလျော့နေတဲ့သူ ဘယ်ရောက်မှာလဲ။ နိဗ္ဗာန်ရောက်ပါမယ်။

မေ့လျော့ပေါ့ဆပြီးတော့ ကုသိုလ်ကောင်းမှုတွေမပြုဘဲ နေတဲ့သူ ဘယ်သွားမလဲ။ အပါယ်သွားလိမ့်မယ်။

www.dhammadownload.com

အပါယ်လေးဘုံသည် မေ့တဲ့သူရဲ့ အိမ်ဂေဟာ၊ မေ့တဲ့သူတို့ရဲ့ နေရာဆိုတော့ စားကာသောက်ကာ နေကာနဲ့ ပျော်ကာရွှင်ကာနဲ့သာ နေမယ်ဆိုရင် မဖြစ်ဘူး။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အပါယ်လေးဘုံ တစ်ဘုံဘုံ ငါတို့ကျလိမ့်မယ်။ ရောက်လိမ့်မယ်လို့ အမြဲတမ်းနှလုံးသွင်းပြီးတော့ မမေ့တဲ့သူဖြစ်အောင် ကြိုးစားရပါမယ်။

မမေ့မလျော့တဲ့ သူတစ်ယောက်ဖြစ်ရင် ကြိုးစားအားထုတ်ပြီးတော့ နေရင် သတိလက်ကိုင်ထားပြီးတော့ ရုပ်နာမ်မမွေတွေ ပွားများပြီးတော့နေရင် ဘုရားရှင် နှစ်သက်ချီးမွမ်းတဲ့သူ၊ ကိုယ့်တွက်လည်း ကောင်းတဲ့သူ၊ နိဗ္ဗာန်လမ်းကြောင်း လျှောက်တဲ့သူဖြစ်ပါမယ်။

www.dhammadownload.com

သံသရာကူးသူများ

သံသရာ ရေပြင်ကျယ်ကို တစ်ဖက်ကမ်းရောက်အောင် ကူးခတ်နေကြတဲ့ လူအမျိုးမျိုး ဘယ်အတိုင်းအတာထိ ပေါက်ရောက်ကြတယ်၊ ဘယ်အဆင့်အတန်းထိကို ဘယ်သူတွေရောက်ကြတယ်ဆိုတာ သိစေဖို့ ဥဒကူပမသုတ္တန်ဆိုတဲ့ အဂုံတ္တရနိကာယ် သတ္တကနိပါတ်က သုတ္တန်တစ်ပုဒ်နဲ့ နှိုင်းယှဉ်ကြည့်ကြမယ်။

တရားဓမ္မ ကျင့်ကြံပွားများ အားထုတ်တယ်ဆိုတာသည် သံသရာရဲ့ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းရောက်အောင်လို့ ကူးခတ်နေကြတာနဲ့ တူပါတယ်။ အပြောကျယ်တဲ့ ရေပင်လယ်နဲ့ ပင်လယ်ပြင်ကြီးနဲ့ ဥပမာပေးပြီး သံသရာကို ခိုင်းနှိုင်းကြတယ်၊ တင်စားကြတယ်။ သံသရာရေပြင်ကျယ်လို့လည်း သုံးနှုန်းကြပါတယ်။

သံသရာ ရေပြင်ကျယ်လို့ ပြောလိုက်တဲ့အချိန်မှာ သမုဒ္ဒရာမှာ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းရှိသလိုပဲ သံသရာဆိုတာ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းရှိပါတယ်။

ဒီဘက်ကမ်းသည် အခုနေကြတဲ့လောကပါ။ ဒီဘက်ကမ်းက လောကဆိုတော့ ဟိုဘက်ကမ်းဆိုတာက နိဗ္ဗာန်ပါ။

ဒီဘက်ကမ်း လောကထဲကနေပြီးတော့ ဟိုဘက်ကမ်း နိဗ္ဗာန်ကို ရောက်ချင်ပါတယ်လို့ နလုံးသွင်းအာရုံပြုသူ မှန်သမျှ နိဗ္ဗာန်ရောက်အောင်လို့

www.dhammadownload.com

ကြိုးစားကျင့်ကြံ အားထုတ်တဲ့သူ မှန်သမျှသည် ဘာကို ကူးဖြတ်ရမှာလဲ ဆိုတော့ သံသရာကို ကူးရပါမယ်။ မကူးနိုင်ရင် သံသရာရဲ့တစ်ဖက်ကမ်း၊ ဟို ဘက်ကမ်းဆိုတဲ့နိဗ္ဗာန်ကို မရောက်နိုင်တော့ပါ။

သံသရာဟူသည်

(ဘဝများစွာ ဆက်နေတာ သံသရာလို့ ခေါ်)

သံသရာဆိုတဲ့ ပါဠိစကားလုံးလေးရဲ့အဓိပ္ပာယ်ကို သိအောင်မှတ်ထားပါ။ ဘဝများစွာ ဆက်ကာဆက်ကာ ဖြစ်နေတာ သံသရာပါ။ ဒီဘဝကနေ နောင်ဘဝ၊ နောင်ဘဝကနေ နောက်တစ်ဘဝ၊ အဲဒီနောက်တစ်ဘဝကနေ နောက်ထပ် တစ်ဘဝတဲ့၊ ဘဝတွေ အဆက်မပြတ် ဖြစ်နေတယ်။ အဆက်မပြတ်သွားနေတာ သံသရာပါ။

အခု ဒီဘက်ဘဝမှာ ဇာတိ ဇရာ မရဏ တရားတွေ ရှိတယ်။ ဇာတိဆိုတာက အမိဝမ်းခေါင်း ပဋိသန္ဓေ ကိန်းအောင်းနေရတယ်။ အမိဝမ်းကျွတ်လာတဲ့ အချိန်ကစပြီးတော့ ဇရာနယ်ပယ်ထဲကို ရောက်တယ်။ ဇရာကနေ ဗျာဓိတဲ့ နာခြင်းတရား ရှိတယ်။ ပြီးတော့ မရဏသေခြင်းတရားဆိုတာ ဘဝထဲမှာ ရှိပါတယ်။

ဘဝစပြီဆိုရင် ဇာတိ၊ ဘဝဆုံးပြီဆိုရင် မရဏ၊ ဘဝရဲ့အလယ်မှာ ရှိတာသည် ဇရာနဲ့ဗျာဓိ ရှိနေတယ်။

ဘဝတစ်ခုကို အကျဉ်းချုပ်ကြည့်လိုက်ရင် ဇာတိ ဇရာ မရဏပဲရှိပါတယ်။ လူဘဝဖြစ်ဖြစ် တိရစ္ဆာန်ဘဝဖြစ်ဖြစ် နတ်ဘဝဖြစ်ဖြစ် ဘယ်ဘဝမျိုးပဲဆိုဆို ဇာတိ ဇရာ ဗျာဓိ မရဏတွေ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဘဝတစ်ခုပါ။ ဒီတော့ မရဏဆိုတဲ့ သေခြင်းတရားပြီးရင် တချို့က ဟိုဘက်ဘဝကို ဆက်တယ်။ နောက်ထပ်တစ်ဘဝ ရတယ်။ တချို့ကျတော့လည်း မရဏပြီးရင် ချုပ်ပျောက်ငြိမ်းသွားတယ်ဆိုပြီးတော့ နှစ်မျိုးဖြစ်သွားတယ်။ သေကြရတာချင်း အတူတူ နောက်တစ်ဘဝ တစ်ခုထပ်ဖြစ်ပြီး သေကြရတာနဲ့ ဘဝအသစ်ပြန်မဖြစ်ဘဲ သေတာလို့ သေခြင်းတရားနှစ်မျိုးရှိပါတယ်။

www.dhammadownload.com

ဘုရား၊ ရဟန္တာတို့ရဲ့သေခြင်း မရဏာသည် နောက်ထပ်ဘဝသစ် မလာတော့ပါဘူး။

ဘဝသစ်မလာရင် သံသရာပြတ်သွားပြီ။ သာမန်လူတို့ရဲ့ဘဝကျတော့ ဒီမရဏာပြီးရင် နောက်ထပ်တစ်ခါ ဇာတိပြန်စပါတယ်။ ဘဝတွေ မဆုံးနိုင်တော့ဘူး။ ဇာတိပြီးတော့ ဆက်သွားရင် ဇရာ၊ ပြီးရင် ဗျာဓိ၊ ဗျာဓိပြီးရင် မရဏာ၊ မရဏာပြီးပြန်တော့ ဇာတိ ပြန်လာပြန် တယ်။

ဇာတိပြီးတော့ မရဏာတွေ၊ ဘဝတွေ ထပ်ကာထပ်ကာ ဖြစ်နေတာ၊ ဘဝတွေ ဆက်ခါဆက်ခါ ဖြစ်နေတာကို သံသရာလို့ ခေါ်တယ်။ သံသရာထဲက မထွက်နိုင်သေးတဲ့သူ မှန်သမျှ၊ မရဏာပြီးရင် ဇာတိထပ်လာတဲ့သူ မှန်သမျှ သည် ဆင်းရဲဒုက္ခတွေ မကင်းပါဘူး။

ဒါကြောင့် ဒုက္ခခပ်သိမ်းငြိမ်းရာနိဗ္ဗာန် သံသရာရဲ့ တစ်ဖက်ကမ်းကို နိဗ္ဗာန်လို့ပြောတော့ နိဗ္ဗာန်ရောက်အောင် ကျင့်ကြံပွားများ အားထုတ်နေကြတယ်။ သံသရာကို ကူးခတ်နေကြတယ်။ နောက်ထပ်တစ်ခါ ဘဝသစ်ဖြစ်ရင် ဆင်းရဲဦးမှာပဲ၊ ဒုက္ခရောက်ဦးမှာပဲ၊ ဒီဘဝသစ်မဖြစ်ရင်တော့ဖြင့် သက်သာလိမ့်မယ်၊ ချမ်းသာလိမ့်မယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေ မရှိတော့မှ ချမ်းသာသုခ ရကြမယ်လို့ နားလည်သဘောပေါက်သူ မှန်သမျှသည် တရားဓမ္မကို ကျင့်ကြံပွားများ အားထုတ်ကြပါတယ်။

တရားအားထုတ်တာသည် ဘာနဲ့တူလဲ၊ သံသရာကူးတာနဲ့တူပါတယ်။ အခုတရားကျင့်နေတာ သံသရာကူးနေကြတာပါ။

သံသရာရေပြင်ကျယ်ကို ကူးခတ်နေတဲ့သူတွေကို ဘုရားရှင်က ခုနစ်မျိုး ဟောကြားပါတယ်။ ခုနစ်ဦး ခွဲခြားပါတယ်။ ကူးခတ်တဲ့လူတွေ အမျိုးမျိုးပဲတဲ့။ ပကတိပင်လယ်ပြင် သမုဒ္ဒရာပြင်ကြီးကို ကူးတဲ့သူတွေ ဟိုဘက်ကမ်းကူးမယ်ဆိုပြီးတော့ ကူးတဲ့နေရာမှာ အပြောကျယ်တဲ့ ရေပြင်လယ်မှာ လူတိုင်း လူတိုင်း တစ်ဖက်ကမ်းရောက်ချင်မှ ရောက်မှာပါ။ တချို့လက်ပန်းကျပြီးတော့ ပင်လယ်ပြင်ထဲမှာ နှစ်မြုပ်သွားတာမျိုး ရှိနိုင်ပါတယ်။

တချို့ကျတော့ ဟိုဘက်ကမ်းရောက်တာမျိုးလည်း ရှိပါတယ်။

www.dhammadownload.com

ထိုနည်းတူစွာ သံသရာရေပြင်ကျယ်ကို ကူးတဲ့သူတွေမှာလည်း အမျိုးမျိုး ရှိနေဖြစ်နေကြပါတယ်။ ခုနစ်မျိုး ခုနစ်စားကို ဘုရားရှင် ထုတ်ပြဟောပြပါတယ်။ ဒီတရားဒေသနာ နာပြီးရင် ငါ ဘယ်အဆင့် ရောက်ပြီလဲ၊ အခု ငါ တရားကျင့်တာ ဘယ်အတိုင်းအတာအထိ တရားရောက်ပြီ ခရီးပေါက်ပြီ၊ သံသရာရေပြင်ကျယ် ငါဖြတ်သန်းကူးနေတာသည် ဘယ်အနေအထားထိတော့ ကျော်လွန်ခဲ့ပြီ၊ ဘယ်လောက်လိုသေးတယ်ဆိုတာကို တွက်ဆကြည့်ဖို့ပါ။

နစ်မြုပ်သွားသူများ

၁။ ဤလောကမှာ အချို့သူဟာ တစ်ခါမြုပ်က မြုပ်တော့သည်။

ကွမသို့ လောကေ - ဤလောကကြီးထဲ၌၊ ဇကစ္စော - အချို့သော၊ ပုဂ္ဂလော - ပုဂ္ဂိုလ်သည်၊ သကိ - တစ်ကြိမ်၊ နိမုဂ္ဂေါ - နစ်မြုပ်သည်ရှိသော်၊ နိမုဂ္ဂေါဝ ဟောတိ - နစ်မြုပ်တော့သည်သာလျှင် ဖြစ်၏။

သံသရာရေပြင်ကျယ် ကူးတော့ကူးပေမဲ့ ကူးဖြတ်သော သူတွေထဲမှာ တချို့တချို့သော သူတို့ဟာ တစ်ခါတည်းနဲ့ မြုပ်သွားပါတယ်။ ဟိုဘက်ကမ်း မရောက်တော့ပါဘူး။

သူ့စိတ်ထဲမှာတော့ဖြင့် ဟိုဘက်ကမ်းရောက်အောင် ကူးမယ်ဆိုတဲ့ ဆန္ဒတော့ ရှိတယ်၊ ရည်ရွယ်ချက်တော့ ရှိတယ်၊ ဒါပေမဲ့လို့ သူ တကယ်တမ်း ကူးလိုက်တဲ့အချိန်မှာ ဒီရေပြင်ကျယ်ကို မဖြတ်နိုင်တော့ တစ်ခါ မြုပ်သွားပါတယ်။

ဘယ်လိုပုဂ္ဂိုလ်မျိုးလဲလို့ မြတ်စွာဘုရား အကျယ်ချဲ့ပြီးပြောတော့ ဒီလောကကြီးထဲမှာ တချို့ တချို့သော ပုဂ္ဂိုလ်တို့သည် မကောင်းမှု ဒုစရိုက်အကုသိုလ်တွေကို ပြုတယ်။ မကောင်းတဲ့အကုသိုလ်တွေကိုပဲ ပြုတယ်။ တစ်သက်လုံး တစ်ဘဝလုံး သူပြုသမျှ ပြန်ကြည့်လိုက်မယ်ဆိုရင် ကောင်းမှုဆိုတာ မပါသလောက် မရှိသလောက်ပဲ။ မကောင်းမှု အကုသိုလ်တွေကိုသာပြုတဲ့သူ၊ ဒုစရိုက်တွေကိုသာပြုတဲ့သူ ဒီပုဂ္ဂိုလ်သည် ဒီဘဝကနေ သေလွန်ပြီးတဲ့အချိန်မှာ အပါယ်ငရဲကို သွားမယ်။

www.dhammadownload.com

အပါယ်ငရဲကို သွားလိမ့်မယ်တဲ့၊ လူဘဝကနေပြီးတော့ အပါယ်ငရဲကို ရောက်တယ်ဆိုတော့ အောက်ဆင်းသွားတယ်။

လူဘဝဆိုတာ ချမ်းသာတစ်လှည့်၊ ဆင်းရဲတစ်လှည့်၊ ရှိပါသေးတယ်။ ဘယ်လောက်ပဲ ဒုက္ခရောက်တယ်ပြောပြော ဘယ်လောက်ဆင်းရဲတယ် ပင်ပန်းတယ်၊ ဘယ်လိုပင် ဒုက္ခအမျိုးမျိုးတွေ ကြုံနေတယ်လို့ ပြောပေမဲ့ ဟိုငရဲဆင်းရဲဒုက္ခနဲ့ စာလိုက်ရင် လူဘဝက အများကြီး သက်သာသေးတယ်၊ အများကြီး တော်ပါသေးတယ်။ လူဒုက္ခသည် ငရဲဒုက္ခနဲ့ယှဉ်ရင် အများကြီး သက်သာပါသေးတယ်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝတွေကို ရောက်သွားတဲ့သူတွေမှာ အချိန်တိုင်းမှာ ဒုက္ခဖြစ်နေတယ်၊ အချိန်တိုင်းမှာ ဆင်းရဲကြပ်တည်းနေတယ်။ ဒီတော့ အပေါ်ကနေပြီးတော့ အောက်ဆင်းသွားသလိုပဲ၊ သံသရာရေပြင်ကျယ် ကူးခတ်တဲ့နေရာမှာ အချို့ အချို့သော သူတို့သည် ဒီဘဝမှာ မကောင်းမှုဒုစရိုက်တွေကိုသာ အမြဲမပြတ်ပြုနေတော့ ဒီဘဝကနေ နောင်ဘဝရောက်တဲ့အချိန်၊ နောင်ဘဝ နောင်ကာလမှာ နိမ့်ကျတဲ့ဘဝ နိမ့်ဆင်းတဲ့ ဘဝကို ရောက်ရတာလို့ မြတ်စွာဘုရားက မိန့်ပါတယ်။ ဒီပုဂ္ဂိုလ်တွေသည် မြေပ်သွားတာနဲ့ တူပါတယ်။

မြေပ်သွားတယ်။ အပါယ်ကျပြီးတဲ့ သတ္တဝါတစ်ယောက်သည် လူဘဝ နတ်ဘဝခေါ်တဲ့ ကောင်းရာသုဂတိကိုပြန်ရောက်ဖို့ မလွယ်တော့ပါဘူး။ အမြင့်ကနေပြီးတော့ အနိမ့်ဆင်းဖို့ကတော့ တမင်တကာ ကြိုးစားစရာ မလိုဘူး။ အနိမ့်ကနေပြီး အမြင့်တက်လာဖို့ဆိုတာ တော်တော်လေး ကြိုးစားမှ အားထုတ်မှရတယ်။ အဆန်လမ်းနဲ့ အစုန်လမ်း။ အစုန်လမ်းက လွယ်လွယ်လေး၊ ပြေးဆင်းသွားလိုက်ရုံပါ။ အဆန်လမ်းကတော့ အမြင့်တက်ရတာ ပင်ပန်းတယ်၊ ခက်ခဲပါတယ်။

ဒီဘဝ ဒီအခြေအနေကနေ မကောင်းမှုဒုစရိုက်တွေ ပြုလုပ်လို့ နိမ့်ကျသွားတဲ့သူသည် ပြန်ပေါ်လာဖို့ဆိုတာ မလွယ်ဘူး။ မပေါ်လာတော့ဘူး။

ကျောက်ခဲတစ်လုံး ရေထဲပစ်ချလိုက်ရင် ဒီကျောက်ခဲ ပြန်ပေါ်လာဖို့ ကုန်းပေါ်ပြန်ရောက်ဖို့ ကမ်းပေါ်ပြန်တက်ဖို့ မဖြစ်နိုင်သလိုပဲ နိယတမိစ္ဆာ ဒိဋ္ဌိ

www.dhammadownload.com

ပုဂ္ဂိုလ် သူမှာရှိနေတဲ့ အယူမှားအစွဲမှားကို မစွန့်ဘူး။ ဘုရား တရား သံဃာ ယုံကြည်မှုလည်း မရှိဘူး။ မမှန်ကန်တဲ့ အယူအဆ အစွဲအလမ်းမှားတွေကို လည်း ဘယ်တော့မှ မစွန့်မလွှတ်ဘဲနဲ့ မိစ္ဆာဒိဋ္ဌိအယူမှားကို ဆုပ်ကိုင်ပြီးတော့ ဘဝတစ်ခု ဖြတ်သန်းသွားတဲ့သူ သေလွန်သွားတဲ့သူသည် မြုပ်သွားတာနဲ့ အတူတူပါ။

နိယတမိစ္ဆာဒိဋ္ဌိဆိုတာ အနိမ့်ဆုံးအားဖြင့် ပြောမယ်ဆိုရင် ကံ ကံရဲ့ အကျိုးကို မယုံတဲ့သူပါ။ ကံ ကံရဲ့အကျိုး သိရှိနားလည်တဲ့ဉာဏ်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်၊ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်သက်ဝင်တယ်၊ နားလည်တယ်။ အဲဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်သည် တစ်နေ့က ပြောခဲ့တဲ့ ဗုဒ္ဓဘာသာအဆင့်အတန်းမှာ မူလတန်းအဆင့်လား၊ အလယ်တန်းအဆင့် လား အထက်တန်း အဆင့်လားဆိုရင် မူလတန်းအဆင့်ပါ။

ဘုရားသာသနာရှိတဲ့အချိန်မှာ ဒီအသိဉာဏ်သည် အောက်ဆုံးအဆင့်ပါ။ ဒါပေမဲ့ သာသနာပကာလမှာ လူဖြစ်လာလို့ဖြစ်စေ၊ သာသနာတွင်းကာလမှာအသိတရားတွေကင်းဝေးနေလို့ဖြစ်စေကံကံရဲ့အကျိုးယုံကြည်မှုမရှိတဲ့သူ သက်ဝင်မှုမရှိတဲ့သူ ကောင်းတာလုပ်ရင် ကောင်းကျိုးဖြစ်မယ်၊ မကောင်းတာ ပြုရင် မကောင်းကျိုးဖြစ်မယ်။ ကောင်း မကောင်းကို ကိုယ်သာစီမံတယ်၊ ကိုယ် သာလျှင် ခြယ်လှယ်တယ်၊ ကိုယ်သာလျှင် ဖန်တီးတယ်ဆိုတဲ့ သဘောတရား လောက်ကိုမှ နားမလည်နိုင်တဲ့ သူတွေရဲ့ဘဝသည် နစ်မြုပ်ဖို့ပဲ ရှိတယ်ပေါ့။ ပြန်ပေါ်လာဖို့ မလွယ်ပါဘူး။

တစ်ခါမြုပ်ရင် မြုပ်တော့သွားပါတယ်။ ပြန်ပေါ်လာဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ကံနဲ့၊ ကံရဲ့အကျိုးကို ယုံကြည်သက်ဝင်တဲ့ အသိဉာဏ်ကင်းကာ နိယတမိစ္ဆာဒိဋ္ဌိ အယူကိုယူနေတဲ့သူမှာ အယူမှား ယွင်းလို့ ဘာအကုသိုလ်မျှ မရှိဘူး အတူတူပဲ၊ ကောင်းတာလုပ်လည်း ဒါပဲ။ မကောင်းတာလုပ်လည်း ဒါပဲ။ ဒီဘဝ ဒီကိုယ် နောင်ဘဝ နောင်ကိုယ်၊ အခု ကောင်းနေလည်း ဘာမျှမထူးဘူး။ မကောင်းနေလည်းပဲ ဘာမျှမထူးဘူး။

www.dhammadownload.com

သေကြမှာချည်း အတူတူပဲ။ သေရင်ပြီးပြီ။ နောင်ဘဝကို လှမ်းမကြည့်တော့ဘူး၊ နောင်လာမယ့် သံသရာကို မမြင်တော့ဘူး၊ အဲဒီလူတွေသည် တစ်ခါမြုပ်ရင် မြုပ်သွားတာနဲ့ တူတယ်၊ တစ်ခါတည်း မြုပ်သွားတဲ့သူဆိုတာ ကုသိုလ်တရား ပါမသွားတဲ့သူပါ။

ကုသိုလ်တရားပြောပလောက်အောင် ဘာမျှမရှိတဲ့သူ၊ ကုသိုလ် ဘာမျှမပြုတဲ့သူ မြုပ်သွားမှာပါ။ အခု သက်သာနေကြတယ် ချမ်းသာနေကြတယ် ဆိုတာ ဘယ်သူက ကယ်တာလဲဆိုရင် ကုသိုလ်က ကယ်တာပါ။ ကောင်းကျိုးချမ်းသာကိုပေးတာ ဘယ်သူကပေးလဲ၊ ကုသိုလ်က ပေးပါတယ်။

"ကိုယ်ကြိုးစားလို့ ကိုယ်ဝီရိယရှိလို့၊ ကိုယ်လည်လို့" လို့ မထင်နဲ့နော်။ ကုသိုလ်က ပေးတယ်။ ကောင်းကျိုးချမ်းသာ မှန်သမျှသည် ကုသိုလ်ကြောင့် ဖြစ်လာတာပါ။ ဘယ်သူမျှ မတွေ့ချင် မကြုံချင် မခံစားချင်ကြတဲ့ ဆိုးကျိုးဒုက္ခဆိုတာကိုလည်း အကုသိုလ်ကံက ပေးတယ်။ အခုကြုံနေရတဲ့ ဒုက္ခမှန်သမျှသည် အကုသိုလ်ကံကြောင့် ဖြစ်လာတာပါ။

ဒီလိုယုံကြည်တာလည်း ကံကိုယုံကြည်တာပါ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကိုလည်း ခွဲခြားနားလည်တယ်။ ကုသိုလ်ကံ အကုသိုလ်ကံတွေကိုလည်း သိတယ်။ သိတဲ့အတိုင်း ကုသိုလ်တွေကို ကြိုးစားပမ်းစားပြုတဲ့သူတွေ ခုနကလူတွေလို တစ်ခါတည်း မမြုပ်ပါဘူး။

တချို့ ရေမကူးတတ်တဲ့သူ ရေထဲပစ်ချလိုက်ရင် ခုန်ချလိုက်ရင် မပေါ်လာတော့ဘူး။ တစ်ချက်တည်း မြုပ်သွားတယ်။ တစ်ခါတည်း မြုပ်သွားတယ်။

တချို့က ရေကူးတတ်တယ်။ ရေထဲပစ်ချလိုက်ရင် ချက်ချင်းမမြုပ်သေးဘူး။ ပေါ်လာပြီးမှ မြုပ်တယ်။

နောက်ထပ် ပုဂ္ဂိုလ်တစ်မျိုးက သံသရာရေပြင်ကျယ် ကူးခတ်တဲ့နေရာမှာ တချို့တချို့သော သူတို့သည် ပေါ်လာပြီးတော့မှ မြုပ်တယ်။ မြုပ်သွားတယ်။ မြုပ်တာချင်းအတူတူ ခုနက လူက တစ်ခါတည်းမြုပ်တဲ့သူ၊ အခု လူက ပေါ်လာပြီးမှ မြုပ်တဲ့သူပါ။

www.dhammadownload.com

ပေါ်လိုက်မြုပ်လိုက်

၂။ ဤလောကမှာ အချို့သူဟာ ပေါ်လာပြီးကာ မြုပ်တော့သည်။

ဤလောကထဲမှာတဲ့ အချို့သောသူတွေ ရှိပါတယ်။ ဤလောကထဲမှာ ရှိနေတဲ့ သူတွေကို ကြည့်လိုက်မယ်ဆိုရင် ပေါ်ပြီးမှ မြုပ်သူလည်းရှိတယ်။ ပေါ်လာသေးတယ်။ ပေါ်တယ်ဆိုတာ ဘာကို ပြောတာလဲဆိုတော့ ကုသိုလ်ကောင်းမှုတွေကို ပြုတယ်၊ မမေ့မလျော့နဲ့ ကုသိုလ်ကောင်းမှုတွေ ပြုပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ အစရှိတဲ့ သူတော်ကောင်းတရားတွေကို လက်ကိုင်ထားကာ ကုသိုလ်ကောင်းမှုတွေကို ပြုတယ်။

ဒီလို ကုသိုလ်ကောင်းမှုတွေကို ပြုနေတာသည် ကိုယ့်ဘဝကို ကိုယ်ကယ်နေတာနဲ့ တူပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကယ်နေပါတယ်။

ပေါ်နေတယ်။ မြုပ်မနေဘူး။ ကုသိုလ်ပြုတဲ့သူ ကုသိုလ်ကောင်းမှုကံကြောင့် အောက်ကို မဆင်းပါဘူးတဲ့။ အထက်ကို တက်တယ်။ ဘဝအဆင့်အတန်းတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတယ်။ ဘဝအဆင့်တွေ မြင့်လာတယ်။ ဘယ်သူက မြှင့်တင်တာလဲ။ ကုသိုလ်က မြှင့်ပေးတာ။ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု၊ ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုတဲ့သူတွေလည်း လောကထဲမှာ ရှိပါတယ်။ မပြုတဲ့သူတွေလည်း ရှိပါတယ်။ မပြုတဲ့သူတွေကတော့ ပြောမနေနဲ့တော့ ကောင်းမှုတွေကိုမလုပ်ရင်မြုပ်သွားမယ့်သူတွေပါ။

ဒီအသိဉာဏ်လေးနဲ့ ဒီတရားလေးနဲ့ ကိုယ့်ဘဝမှာ အလကား မနေဘူး။ ဒါနကောင်းမှုတွေ ပြုတယ်။ သီလကောင်းမှုတွေကို ပြုတယ်၊ တတ်နိုင်သမျှ ပေးကမ်းလှူဒါန်းတယ်။ ကိုယ်ကျင့်သီလတွေကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ သမထဝိပဿနာနှစ်ဖြာသော ဘာဝနာတွေကို အားပါးတရ တတ်နိုင်သမျှ ကြိုးစားပမ်းစားကျင့်နေတယ်၊ ဒါဟာ ဘဝအဆင့်အတန်းတွေကို မြှင့်နေတာပါ။ ကုသိုလ်ကောင်းမှုတွေကို ပြုနေတဲ့သူသည် ပေါ်တဲ့သူပါ။

ကုသိုလ်နဲ့ အထက်ကို တက်လိမ့်မယ်။ အပေါ်ကို ရောက်လိမ့်မယ်။ ဘဝအဆင့်အတန်းတွေ မြင့်လိမ့်မယ်။ အခု လူဘဝကနေပြီးတော့ နတ်ဘဝ စသည်ဖြင့် အဆင့်အတန်း မြင့်သွားတာမျိုး၊ အပါယ်ငရဲကနေ လူလာပြန်ဖြစ်

www.dhammadownload.com

တာမျိုး၊ ဒီအခြေအနေမျိုးသည် ပေါ်နေတဲ့ အခြေအနေပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ စိစစ်ကြည့်လိုက်ရင် အခုလက်ရှိအနေအထားသည် ပေါ်နေတာပါ။

နိုင်သလောက် ကောင်းမှုကုသိုလ်တွေကို ပြုနေကြတယ်။ မလှူဖူးကြတာ မဟုတ်ဘူး လှူဖူးကြတယ်။ သီလမစောင့်ဖူးကြတာ မဟုတ်ဘူး၊ စောင့်ဖူးကြတယ်။ တရားဘာဝနာ ပွားများအားထုတ်မှုကိုလည်း နိုင်သလောက် ပြုနေတယ်ဆိုတာ ပေါ်နေတာနဲ့ တူတယ်။ ဒါပေမဲ့လို့ ဒီလောကကြီးထဲမှာ ကြည့်လိုက်မယ်ဆိုရင် တချို့တချို့သော သူတို့သည် ပေါ်လာပြီးမှ ပေါ်ပြီးတဲ့နောက်မှ ပြန်မြုပ်သွားတယ်။

နောက်ပိုင်းကျတော့ ကုသိုလ်ဆက်ပြီး မပြုတော့ဘူး။ ဒါနကောင်းမှုလည်းမပြုတော့ဘူး၊ သီလကောင်းမှုလည်းမပြုတော့ဘူး၊ ဘာဝနာတရားတွေ ပွားများအားထုတ်တဲ့နေရာ အားလျော့သွားတယ်။

တချို့သူတွေကို တရားစခန်းတွေမှာ တွေ့ရတတ်ပါတယ်။ စလာခါစ တုန်းက သဒ္ဓါတရားနဲ့ ငါ မမြင်သေးတာ တွေ မြင်အောင် နားမလည်တဲ့ တရားတွေကို နားလည်အောင် အားထုတ်မယ်ဆိုပြီးတော့ အားပါးတရ လာခဲ့တယ်။ ကြိုးစားကျင့်တယ်ဆိုတော့ ဒီပုဂ္ဂိုလ်တွေသည် ပေါ်နေတာနဲ့ တူတယ်။ တော်နေကြာကျတော့ ပင်ပန်းလို့ ညောင်းလို့ ကိုက်လို့ နာလို့ စိတ်မရှင်လန်းတော့ဘူး၊ မတက်ကြွတော့ဘူး၊ မလုပ်ချင်တော့ဘူး၊ အားမထုတ်ချင်တော့ဘူးဆိုရင် ဘာဖြစ်သွားတာလဲ၊ ပြန်မြုပ်သွားတာပါ။ တစ်ခါတည်း မြုပ်တာတော့ မဟုတ်ဘူး။ သူက ပေါ်လာသေးတယ်။

ဥပမာအားဖြင့် ဘုရားရှင်ကို ရန်ပြုတဲ့ အရှင်ဒေဝဒတ်ရဲ့ အနေအထားနဲ့ကြည့်ပါ။ အရှင်ဒေဝဒတ်ဆိုတာ မြတ်စွာဘုရားနဲ့ ရင်းနှီးတဲ့ ဆွေမျိုးသားချင်း၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ ဝင်ရောက်ပြီးတော့ တရားဓမ္မကျင့်တာ ဈာန်အဘိညာဉ်တန်ခိုးတွေလည်း ရရှိတယ်၊ ပေါက်ရောက်တယ်။ တန်ခိုးတွေ ဘာတွေရတဲ့အထိကို အဆင့်အတန်းမြင့်တယ်။ ဒါပေမဲ့လို့ နောက်ပိုင်းကျတော့ သူက မြတ်စွာဘုရားကို ရန်သူလို သဘောထားပြီးတော့ ဘုရား

www.dhammadownload.com

ရှင်ကို ရန်ပြုခဲ့တယ်။ အသက်အန္တရာယ်တောင်မှ ပြုတယ်ဆိုတော့ ပြီးတဲ့အခါမှာ အပါယ်ဝရဲကို သွားပါတယ်။

ဘဝအဆင့်အတန်းတွေ နိမ့်ကျသွားတယ်။ ပေါ်လာပြီးတော့ ဘာဖြစ်သွား မြုပ်သွားတာပါ။ ဒီလိုလူတွေလည်း ပတ်ဝန်းကျင်မှာ ရှိပါတယ်။

ပတ်ဝန်းကျင်မှာ သတိထားကြည့်လိုက်ရင် သူတို့လိုလူတွေ အများကြီး ရှိတယ်။ သဒ္ဓါတရားတွေ ထက်သန်ပြီး ကုသိုလ်ကောင်းမှုတွေကို ပြုကြတဲ့ နေရာမှာ သုံးမျိုးသုံးစား ခွဲခြားကြည့်ပေါ့။ ကိုယ့်ရဲ့ ကုသိုလ်အဆင့်အတန်း သည် တချို့က တိုးတက်သွားတာ ရှိသလို တည်တံ့နေတာလည်း ရှိတယ်။ ပြန်ပြီးတော့ ကျဆင်းသွားတာလည်းရှိတယ်။ တခြားမကြည့်နဲ့။ ကုသိုလ်စိတ်နဲ့ပဲ မှန်းကြည့်နော်။ ကိုယ့်သန္တာန်မှာပဲ ဖြစ်ပေါ်နေတဲ့ ကုသိုလ်စိတ် ဒီကုသိုလ်စိတ်တွေသည် တစ်ခါတလေကျရင် အခုရှိနေတဲ့ အနေအထားကနေပြီးတော့ ဆက်ကြီးစားချင်၊ ဆက်ပြီးတော့ တိုးတက်ချင်တဲ့ အခါမျိုးလည်း ရှိပါတယ်။ ကုသိုလ်တွေပြုတဲ့အခါမျိုးမှာ တိုးတက် တိုးတက်ပြီးတော့ ပြုတဲ့အခါမျိုးလည်း ရှိတယ်။

တချို့ကျတော့ ဒီနေ့လည်း ဒီလောက်ပဲ၊ နောက်နေ့လည်း ဒီလောက်ပဲ၊ ဟိုတုန်းကလည်း ဒီလောက်ပဲ ပြုတယ်။ အခုလည်း ဒီလောက်ပဲ ပြုတယ်ဆိုပြီးတော့ ကုသိုလ်တွေတည်တံ့နေတာလည်း ရှိတယ်။

တချို့ကတော့ ဒီလို မဟုတ်ဘူး။ အရင့်အရင်တုန်းကတော့ ကုသိုလ် ပြုတယ်။ နောက်ကျတော့ မပြုတော့ဘူး။ ခုပြုနေတယ် နောင်ကို မပြုတော့ဘူး ဆိုရင် ဒီကုသိုလ်တရားတွေသည် တိုးတက်တာလည်း မဟုတ်ဘူး၊ တည်တံ့တာ လည်း မဟုတ်ဘူး၊ ဘာဖြစ်နေတာလဲ၊ ကျဆင်းသွားတယ်နော်။

လူသုံးမျိုးပါ။ တိုးတက်တဲ့သူရယ် တန့်နေတဲ့သူရယ် ကျဆင်းတဲ့သူရယ်ပါ။ ကုသိုလ်စိတ်နဲ့ ခွဲခြမ်းစိတ်ဖြာကြည့်ပါ။ သဒ္ဓါတရားတွေ သီလတရားတွေ စာဂတရားတွေ သုတတရားတွေ ပညာတရားတွေမှာ တိုးတက်တဲ့သူ ရှိပါတယ်။ တည်တံ့တဲ့သူ ရှိပါတယ်။ ကျဆင်းတဲ့သူတွေ ရှိပါတယ်။

ယုံကြည်မှုသဒ္ဓါကလည်း မမြဲဘူး။ ကျသွားတတ်တယ်။ ဝီရိယ ကြိုးစားအားထုတ်မှုတွေလည်း ဒီအတိုင်းပါပဲ။ တချို့က တိုးလို့သာ ကြိုးစားတယ်၊

www.dhammadownload.com

တချို့က တန့်နေတယ်။ တချို့က ကျသွားတယ်။ ပေးကမ်းစွန့်ကြဲတဲ့ စာဂတရား ဒီတရားတွေမှာလည်း တည်တံ့နေတဲ့သူ တိုးတက်တဲ့သူ ကျဆင်းတဲ့သူလို့ ရှိတယ်။

အားထုတ်ပွားများနေတဲ့ အသိဉာဏ်ပညာတွေ ရှုမှတ်ပွားများထားတဲ့ အသိဉာဏ်တွေမှာလည်း တိုးတက်တဲ့သူ ရှိတယ်၊ တည်တံ့တဲ့သူ ရှိတယ်၊ ကျဆင်းတဲ့သူရှိတယ်၊ အဲဒီသုံးမျိုးမှာ အခု ကျဆင်းသွားတဲ့သူသည် ပေါ်လာပြီးတဲ့နောက်မှ မြုပ်တဲ့သူနဲ့ တူပါတယ်။

ချက်ချင်း မမြုပ်သေးဘူး။ သံသရာ ရေပြင်ကျယ်ကို သူကူးတဲ့နေရာမှာ ပထမပေါ်နေသေးတယ်။ တော်ကြာကြာလေးပေါ်နေသေးတယ်ပေါ့။ အထက်တန်းကျတဲ့ဘဝ လူ့ဘဝ၊ နတ်ဘဝ ဒီလိုကောင်းတဲ့ ဘဝတွေပဲ ကျင်လည်ပြီးတော့ တစ်ဘဝပြီး တစ်ဘဝနေရာကနေ သူ့ဘဝ အဆင့်အတန်းသည် ရှေ့ကို မတက်လာဘူး။ အပေါ်ကို မရောက်လာဘူး။ ဒီအနေအထား ဒီအနေအထားနဲ့ လည်း တည်တံ့မနေပါဘူး။

ကျဆင်းထားတဲ့သူသည် ပေါ်လာပြီးတဲ့နောက်မှာ မြုပ်ကြတဲ့သူပါ။ ပေါ်လာပြီးနောက် မြုပ်သွားတယ် ကျသွားတယ်။ နစ်ယောက်ရှိပြီနော်။ ရေပြင်ကျယ်ကို ကူးခတ်တဲ့နေရာမှာ တချို့သည် တစ်ယောက်သည် တစ်ခေါက်တည်း တစ်ခါတည်းနဲ့ မြုပ်တာ။ အခု ဒုတိယလူသည် ဘယ်လိုမြုပ်တာလဲ၊ ပေါ်လာပြီးတော့မှ မြုပ်သွားတာပါ။ ပထမလူထက်စာရင်တော့ ဒုတိယလူက ပေါ်နေသေးတဲ့ အချိန်မှာ သက်သာသေးတယ်။

နောက်တစ်ခါတတိယတစ်ယောက်ကို ဘုရားရှင်က မိန့်တော်မူတယ်။ ဟောဒီလောကထဲရှိတဲ့သူတွေ ဒီလောကထဲမှာ ရှိနေတဲ့သူတွေဟာ တချို့တချို့သော သူတို့သည် ပေါ်လာပြီးတဲ့နောက်မှာ တန့်နေကြပါတယ်တဲ့။

ပေါ်ပြီး တန့်နေသူ

၃။ ဤလောကမှာ အချို့သူဟာ ပေါ်လာပြီးကာ တန့်နေသည်။

တစ်ခါပေါ်လာပြီးတဲ့နောက် ဘာဖြစ်နေ၊ တန့်နေပါတယ်။ တည်တံ့နေပါတယ်တဲ့။ တိုးတက်မှုလည်း မရှိဘူး၊ ကျဆင်းမှုလည်း မရှိဘူး။ တက်သွား

www.dhammadownload.com

တာလည်း မဟုတ်ဘူး။ ကျသွားတာလည်း မဟုတ်ဘူးတဲ့။ ဒီတိုင်း ဒီအတိုင်း တည်နေတယ်ဆိုရင် တန့်နေတာပါ။

တန့်နေတာ သိသာအောင် သဒ္ဒါ၊ ဝိရိယ၊ ပညာတရားတွေမှာ နှိုင်းဆကြည့်မယ်။ ချိန်ဆကြည့်မယ်။သဒ္ဒါတရားဘက်ကလည်း တိုးတက်မလာဘူး။ တိုးတက်မှု မရှိပါဘူး။ ကျဆင်းမှုလည်း မရှိပါဘူး။ သဒ္ဒါတရားကလည်း ဒီလောက် ဒီလောက်ပဲ။ ယုံကြည်မှု အားထားမှု၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးအပေါ်မှာ သက်ဝင်ယုံကြည်တဲ့ သဒ္ဒါတရားက ရှေ့ကို တိုးတက်လာရမယ်။ ကုသိုလ်ဆိုတာက တိုးလေကောင်းလေ များလေကောင်းလေပဲ။ အကုသိုလ်ဆိုတာက နည်းရင် ကောင်းတယ်။

အဲဒီတော့ တစ်နေ့တစ်နေ့ ကိုယ်လုပ်နေတဲ့ အလုပ်တွေကို ကြည့်လိုက်မယ်ဆိုရင် ကုသိုလ်တရားတွေ တိုးတက်နေရပါမယ်။ အကုသိုလ်တရားတွေ ဘာဖြစ်သွားရမလဲ၊ တစ်စတစ်စ နည်းသွားရမယ်။ ကိုယ်လုပ်ရမယ့် အလုပ်သည် ဒါပဲ။ ကုသိုလ်တွေနည်းဖို့ ကုသိုလ်တွေများဖို့ တိုးတက်ဖို့ပါ။ အခုအားထုတ်နေတဲ့ ပွားများနေတဲ့ တစ်ရက်နှစ်ရက် သုံးရက် စသည်ဖြင့် အားထုတ်တဲ့ အချိန်ကာလ၊ ဒီအချိန် ကာလအတွင်းမှာပဲ ဆန်းစစ်ကြည့် ကိုယ့်ရဲ့ ကုသိုလ်တရားတွေ တိုးတက်လား၊ နည်းသွားလား၊ တန့်နေလားလို့ ပြန်မှန်းကြည့်လို့ ရပါတယ်။

တစ်သက်တာကာလ ကိုယ်သိသမျှ အချိန်အခါကာလ ကိုယ်နေခဲ့တဲ့ ဘဝသက်တမ်းတစ်လျှောက်မှာလည်း ငါလုပ်ခဲ့တဲ့ အလုပ်တွေ ကောင်းတာတွေ တိုးတက်လာတာလား၊ မကောင်းတာတွေ များလာတာလား၊ မှန်းလို့ ရပါတယ်။

ဒီအရွယ်ရောက်လာပြီ၊ ဒီအသက်တွေရောက်လာပြီ၊ ဒီအချိန်ခါရောက်လာပြီ၊ ဒီအဆင့်အတန်းကို ငါတို့ ရောက်နေပြီ၊ ဒီအချိန် ဒီအခါမှာ ကောင်းတဲ့ ကုသိုလ်စိတ်တွေ များလာတာလား၊ နည်းသွားတာလား၊ မကောင်းတဲ့ အကုသိုလ်စိတ်တွေ များလာတာလား၊ နည်းသွားတာလား ဆိုတာကို တွက်ကြည့်ရင် သိလိမ့်မယ်။

www.dhammadownload.com

ပေါ်လာပြီးတဲ့နောက်မှာ တန့်နေတဲ့သူဆိုတာက တိုးတက်တာလည်း မဟုတ် ကျဆင်းတာလည်း မဟုတ်ဘူး။ ဒီအတိုင်း ရပ်တန့်နေတာပါ။ ရေကူးကြတဲ့အချိန် ရေကူးကြတဲ့သူတွေကြည့်ရင် တချို့က ကိုယ်ဖော့နိုင်တယ်၊ မြုပ်သွားတာလည်း မဟုတ်ဘူး။ ပေါ်နေတာလည်း မဟုတ်ဘူး။ ဒီအတိုင်းလေး သူက အသာလေး ဖမ်းပြီးတော့ နေနိုင်တယ်။

တချို့ကလည်းအဲဒီလိုပဲ၊ကုသိုလ်ကောင်းမှုကိုမြတ်နိုးတဲ့သဒ္ဓါ၊ကြိုးစားအားထုတ်တဲ့ ဝီရိယ၊ ဆင်ခြင်တိုင်းထွာနိုင်တဲ့ အသိဉာဏ်၊ သဒ္ဓါ ဝီရိယ ပညာ စတဲ့တရားတွေမှာ တည်တံ့နေတဲ့သူသည် ပေါ်လာပြီးတဲ့နောက်မှာ တန့်နေတဲ့သူပါ။

အခုလက်ရှိ အနေအထားမှာ ကိုယ့်ကိုယ်ကိုယ်ကြည့်ရင် ပေါ်နေတဲ့အချိန်နဲ့ တူပါတယ်။ ပေါ်နေတဲ့အချိန်မှာ အားစိုက် ပြီးတော့ ကူးရင်၊ ကြိုးစားပြီးတော့ ကူးရင် ဟိုဘက်ကမ်းကို ရောက်မယ်။ တကယ်မြုပ်သွားတော့မှ ဟိုဘက်ကမ်းကိုသွားမယ်ဆိုရင် သွားလို့မရတော့ပါဘူး။

တစ်ခါတည်း မြုပ်သွားတဲ့သူကလည်း ဟိုဘက်ကမ်းကို ဘယ်လိုမျှ မရောက်တော့ဘူး။ ပေါ်လာပြီးတဲ့နောက်မှာ ပြန်မြုပ်မယ့်သူကလည်း မရောက်နိုင်ပါဘူး။

တန့်နေတဲ့သူကတော့ဖြင့် ကြိုးစားခွင့် ရှိပါသေးတယ်။ ဒီလောက် ဒီလောက်ပဲဆိုရင် တိုးတက်အောင် လုပ်ယူလို့ရသေးတယ်။ ကြိုးစားအားထုတ်လို့ ရသေးတယ်။ ကိုယ်မှာတိုးတက်မှု မရှိရင် နေပါစေ။ ကျဆင်းမှုမရှိအောင်တော့ ထိန်းထားဖို့ လိုပါတယ်။ အဲဒီလို ထိန်းထားနိုင်တာသည် တန့်နေတာနဲ့ တူတယ်။

လူဘဝရတယ်။ နောက်တစ်ဘဝ သံသရာလည်တဲ့ အချိန်မှာလည်း လူပြန်ဖြစ်တယ်ပေါ့။ ဒီလူ့ဘဝကနေသေ လူပြန်ဖြစ်သူတွေသည် ကျတာလည်း မဟုတ်ဘူး။ တက်တာလည်းမဟုတ်ဘူး။ တန့်နေတာပါ။

လူဘဝကနေပြီးတော့ နတ်ဘဝ ရတယ်ဆိုရင် နည်းနည်းလေး တက်သွားတယ်လို့ ပြောချင်ပြောနိုင်ပါတယ်။ ချမ်းသာသုခ နည်းနည်းလေး သာသွားတယ်။ များသွားတယ်ဆိုတော့ တိုးတက်သွားတယ်လို့ ပြောချင်ပြောလို့

www.dhammadownload.com

ရသေးတယ်။ ဒီလူ့ဘဝကနေပြီးတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံကို ရောက်တယ်ဆိုရင်တော့ ကျသွားတာပါ။

သူက တန့်တောင်မနေတော့ဘူး။ အောက်ကို ဆင်းသွားတယ်။ ပထမအမျိုးအစားက တစ်ခါ အပြီးမြုပ်သွားတယ်။ ဒုတိယ အမျိုးအစားက ပေါ်လာပြီးတဲ့နောက်မှာ ကျဆင်းသွားတယ်။ တတိယ အမျိုးအစားကတော့ ပေါ်လာပြီးတဲ့နောက်မှာ တည်တံ့နေတယ်။ ပုထုဇဉ်သုံးမျိုးပါ။

ဒီလောကထဲရှိတဲ့သူတွေ အားလုံးကို အကြမ်းဖျင်းခွဲရင် အရိယာနဲ့ ပုထုဇဉ်နှစ်မျိုးရှိပါတယ်။ အရိယာဆိုတာက တရားဓမ္မ သိမြင်ပြီးသူပါ။ ပုထုဇဉ်ဆိုတာက တရားဓမ္မ မသိမြင်ကြသူပါ။ သိမြင်အောင် အားထုတ်နေကြကြိုးစားနေကြသူတွေပါ။

တချို့က လုံးဝကိုသိမြင်အောင် တရားဓမ္မ အားထုတ်မှုမပြုတဲ့သူ၊ ဘာတရားမျှ မရှိ၊ ဘာတရားမျှ မသိတဲ့သူသည် တစ်ခါတည်းနဲ့ မြုပ်သွားတာပါ။

ကုသိုလ်ကောင်းမှုတွေကို သိမြင်အောင် လုပ်ပါတယ်။ တရားဓမ္မ အားထုတ်တဲ့နေရာမှာ တချို့ကတော့ အားထုတ်ရင်းကြိုးစားရင်းနဲ့ သဒ္ဓါတရားတွေ နည်းသွားတယ်၊ ဝီရိယတွေ နည်းသွားတယ်၊ ပညာတွေ နည်းသွားတယ်ဆိုရင် ပေါ်လာပြီးမှ မြုပ်တာပါ။

တချို့ကျတော့လည်း ဒီတိုင်းဒီတိုင်းပဲ၊ ဒီလောက်ဒီလောက်ပဲ။ မနေ့ကလည်း ဒီလိုပဲ၊ တစ်နေ့ကလည်း ဒီလိုပဲ၊ ဒီနေ့လည်း ဒီလိုပဲ။ ဟိုတစ်နေ့က သိတာလည်း ဒီအသိဉာဏ်၊ အဆင့်အတန်း၊ ဒီနေ့သိတာလည်း ဒီအသိဉာဏ် အဆင့်အတန်းလောက်ပဲဆိုရင် တန့်နေတာနဲ့ တူပါတယ်။ တိုးတက်မှု မရှိပါဘူး။

တိုးတက်အောင် အားထုတ်ဖို့လိုပါတယ်။ တိုးတက်မှုမရှိဘူးဆိုရင် ကိုယ်က တန့်နေသူပါပဲ ။ဘာမျှအရာ မရောက်သေးဘူး။ ဒီလောက် ဒီလောက်ပဲ ရှိပါသေးတယ်။

တရားရိပ်သာ ရောက်လာတုန်းကလည်း ဒီလိုပဲ ဒီလောက်ပဲ။ လေးငါးခြောက်ရက် ခုနစ်ရက် တရားအားထုတ်ပြီး ပြန်သွားတော့လည်း ဒီလိုပဲ ဒီလောက်ပဲဆိုရင်တော့ တန့်နေတာပါ။

www.dhammadownload.com

အားမထုတ်ခင်တုန်းကလည်း ဒီလောက်ပဲ။ လာအားထုတ်ပြီးသွားတော့လည်း ဒီလောက်ပဲ။ ဘာဖြစ်နေတာလဲ၊ တန့်နေတဲ့ သဘောပါ။ ဒါကို တော့ သတိထားရမယ်။ ကိုယ်လုပ်နေတဲ့အလုပ်မှာ ဘယ်လောက် ခရီးရောက်သလဲ၊ ဘယ်လောက်ခရီးပေါက်သလဲဆိုတာကို ပြန်ကြည့်တိုးတက်မှုရှိမှသာလျှင် ခရီးရောက်ပါမယ်။ ဟိုဘက်ကမ်း ကူးလို့ရမယ်။ မတိုးတက်ရင်တော့ ပေါ်ရုံလေးပဲရှိမယ်။ ဟိုဘက်ကမ်း မရောက်နိုင်သေးဘူး။

နောက်တစ်မျိုးကတော့ တိုးတက်မှုရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ ဟိုဘက်ကမ်းကို ကူးသန်းတဲ့နေရာမှာ ခရီးရောက်တဲ့သူတွေ ခရီးပေါက်တဲ့သူတွေ။ တရားဓမ္မ သိမြင်တဲ့ သူတော်စင်တွေကို မြတ်စွာဘုရားက ခွဲခြားပြီးတော့ ပြောပါလိမ့်မယ်။

ပေါ်လာပြီး ကမ်းမြင်သူ

၄။ ဤလောကမှာ အချို့သူဟာ ပေါ်လာပြီးကာ ကမ်းမြင်သည်။

ပေါ်လာပြီးတဲ့နောက်မှာ တစ်ဖက်ကမ်းကို လှမ်းမြင်နေတယ်။ စောစောက သုံးယောက်ကတော့ဖြင့် ဟိုဒီကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကူးတဲ့နေရာမှာ ကမ်းစပ်လေးတောင် မမြင်ရသေးဘူး။ ဟိုဘက်ကမ်းဆိုတာကို ဘာမှန်းတောင် မသိလိုက်ဘူး။ တချို့က တစ်ခါတည်းမြုပ်သွားတယ်။ ဒီဘက်ကမ်းမှာပဲ တချို့က တစ်ချက်၊ နှစ်ချက် ပေါ်ပြီးတဲ့နောက်မှာ မြုပ်ကြသွားတယ်။ တချို့က ပေါ်လာပြီးတဲ့နောက်မှာ တန့်နေတယ်။ တန့်နေတာလည်း ဘယ်လောက်ကြာကြာ တန့်နိုင်မှာလဲ၊ ပြန်မြုပ်သွားမှာပါ။ ဘယ်လောက်ပဲ ကိုယ်ဖော့ကောင်းပါတယ်။ ရေကူးကောင်းပါတယ်ပြောပြော ဟိုဘက်ကမ်းမမြင်ရသေးဘူးဆိုရင် ဒီပင်လယ်ပြင်ကြီး ကူးလို့မနိုင်ပါဘူး။

ဟိုဘက်ကမ်းရောက်ဖို့ဆိုရင် ကြိုးစားပမ်းစားနဲ့ ကူးခတ်ပါမှ ရောက်နိုင်ပါတယ်။ စတုတ္ထအမျိုးအစားလူသည်ကြိုးစားပမ်းစားနဲ့ အားထုတ်လိုက်တော့ ကူးခတ်လိုက်တော့ သူသည် ပေါ်လာပြီးတဲ့အခါမှာ တစ်ဖက်ကမ်းအစကို လှမ်းမြင်နေရတယ်။ ဟိုဘက်ကမ်းကိုမြင်တဲ့ အခြေအနေ ရောက်ပါပြီ။ အဲဒီပုဂ္ဂိုလ်တွေသည် ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုရင် သောတာပန်ပုဂ္ဂိုလ်ပါ။

www.dhammadownload.com

သောတာပန်ဆိုတာ အရိယာနယ်ပယ်မှာ အောက်ဆုံးအဆင့်ပါ။ အရိယာပုဂ္ဂိုလ် (၄) မျိုးထဲမှာ အနိမ့်ဆုံးပုဂ္ဂိုလ်သည် သောတာပန်ပါ။ သူကျတော့ ဘယ်လိုလူမျိုးလဲဆိုရင် တရားဓမ္မ ကျင့်ကြံပွားများ အားထုတ်တယ်၊ သဒ္ဓါ၊ ဝီရိယတွေ၊ ပညာတွေ အားကောင်းပါတယ်၊ သဒ္ဓါတရားတွေ တိုးတက်လာတယ်။ ဝီရိယ စိုက်ထုတ်မှုတွေလည်း တိုးတက်တယ်။ ပညာတွေလည်း တိုးတက်တယ်။

သဒ္ဓါဝီရိယ ပညာတွေ တိုးတက်လာတော့ သူ အားထုတ်တဲ့ တရားဓမ္မသည် ခရီးရောက်တယ်၊ ခရီးပေါက်တယ်။ သူ အားထုတ်တဲ့ တရားက ဆုတ်လည်းဆုတ်မသွားဘူး၊ တန့်လည်းတန့်မနေဘူး။ တစ်ရှိန်ထိုး တိုးတက်နေတယ်။

တိုးတက်နေတယ်ဆိုတာ ရှေ့ရောက်သွားတာနဲ့ တူပါတယ်။ ကူးရင်းနဲ့ ရှေ့ရောက်သွားတော့ ဒီဘက်ကမ်းကနေ တော်တော်ခွာနိုင်ပြီ၊ ဟိုဘက်ကမ်းနား နီးနေပြီဆိုတော့ ကမ်းကိုတောင်မှ မြင်ရတဲ့ အခြေအနေ ရောက်သွားတာပါ။ ကမ်းကို မြင်နေရပြီ။ ဟိုဘက်ကမ်းသည် နိဗ္ဗာန်ပါ။ အခုလက်ရှိ ကိုယ် အားထုတ်ကျင့်ကြံနေတဲ့ တရားလမ်းကြောင်း၊ ပန်းတိုင်သည် နိဗ္ဗာန်ပါ။

သောတာပန်ပယ်သော ကိလေသာများ

ကမ်းကို လှမ်းမြင်ရတဲ့အနေအထား ရောက်လာတာက သောတာပန်ပုဂ္ဂိုလ်ပါ။ သောတာပန်အဆင့်မှာ နိဗ္ဗာန်ကိုမြင်ပြီ။ မြင်ရုံလေးပဲ ရှိသေးတယ်။ ဟိုဘက်ကမ်း လုံးဝကို မရောက်သေးဘူး။ စိတ်ချလက်ချ ခြေချ ရပ်နားရတဲ့ အနေအထားမျိုး မရှိသေးဘူး။

တိဏ္ဏံ သံယောဇနာနံ ပဟာနာယ။

တိဏ္ဏံ - သုံးပါးကုန်သော၊ သံယောဇနာနံ - သံယောဇဉ်တို့ကို၊ ပဟာနာယ - ပယ်ခြင်းကြောင့်၊ သောတာပန္နော - သောတာပန်ပုဂ္ဂိုလ်သည်၊ ဟောတိ - ဖြစ်၏။

သောတာပန်ပုဂ္ဂိုလ်ဆိုတာ ပုထုဇဉ်နဲ့ ဘာကွာသွားသလဲဆိုရင် သံယောဇဉ်သုံးပါးကို ပယ်တယ်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသကို ပယ်

www.dhammadownload.com

တယ်။ ပုထုဇဉ်ဘဝကနေ သောတာပန်ဘဝကို တရားရသွားတဲ့သူ နိဗ္ဗာန်ကို လှမ်းမြင်နိုင်တဲ့သူသည် ဘာတွေများ ပယ်လိုက်သလဲ ဆိုရင် (၃) မျိုးပဲ ပယ်လိုက်တာပါ။ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသပါ။ တရားသိချင်တယ် မြင်ချင်တယ်ဆိုရင် ပယ်ရမှာ (၃) မျိုးရှိတယ်လို့ မှတ်ပါ။ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သုံးမျိုးပယ်ရပါမယ်။

ငါသူတစ်ပါး၊ အမြင်မှား၊ ဝင်ငြား ဒိဋ္ဌိက

ပယ်ရမယ့်ဒိဋ္ဌိဆိုတာသည် အမြင်မှားနေတဲ့ မိစ္ဆာဒိဋ္ဌိပါ။

ဒိဋ္ဌိဆိုတာက အမြင်ပါ။ အမြင်သည် ကောင်းတဲ့အမြင် ရှိတယ်၊ မကောင်းတဲ့အမြင် ရှိတယ်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားမှာဆိုရင် သမ္မာဒိဋ္ဌိလို့ ပြောတယ်။ ကောင်းတဲ့အမြင် မှန်တဲ့အမြင်သည် သမ္မာဒိဋ္ဌိပါ။ မကောင်းတဲ့အမြင် မှားတဲ့အမြင်သည် မိစ္ဆာဒိဋ္ဌိပါ။

မကောင်းတဲ့အမြင် မိစ္ဆာဒိဋ္ဌိဆိုတဲ့အမြင်ဟာ ဘယ်လိုမြင်တာလဲလို့ ပြန်မေးရင်လည်း ငါ သူတစ်ပါး ယောကျ်ားလို့ မြင်တာလို့ ပြောနိုင်ပါတယ်။ ငါရယ် သူရယ် ပုဂ္ဂိုလ်သတ္တဝါရယ် ယောကျ်ား မိန်းမရယ်လို့ မြင်နေတဲ့ အမြင်သည် တရားသဘောနဲ့ကြည့်ရင် မှားတဲ့အမြင်ပါ။

အမြင်မှန်အောင် ဘာတွေများ မြင်အောင်ကြည့်ရမလဲဆိုတော့ "ရုပ်၊ နာမ်" မြင်ရမယ်လို့ အကျဉ်းမှတ်ပါ။

နာမ်၊ ရုပ်ကို မြင်ရမယ်။ မြင်တဲ့အခါ ငါလို့၊ သူလို့ပြောနေကြတာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမလို့ပြောနေကြတာသည် အမှန်မြင်တာလား၊ အမှားမြင်တာလား။ အမှားမြင်တာပါ။

တကယ်ရှိတာသည် ဘာရှိလဲ ရုပ်နဲ့နာမ်ပါ။ တကယ်ရှိတာက ရုပ်နဲ့ နာမ်ပါပဲ။ ကိုယ့်ခန္ဓာ ကိုယ့်ကိုယ်မှာပဲ ပြန်ကြည့်။ ငါလို့ငါပြောနေတယ်။ ငါ ငါလို့ ပြောနေတယ်။ ဘယ်နေရာ "ငါ" ရှိသလဲ။ ဘယ်ဟာကို "ငါ" ခေါ်သလဲလို့ သေသေချာချာ ကြည့်လိုက်ရင် "ငါ" ဆိုတာမရှိပါဘူး။

ရုပ်နာမ်ပဲ ရှိတယ်။ နာမ်တရားနဲ့ ရုပ်တရား နှစ်ခုပေါင်းစပ်ပြီးတော့ သွားလာနေတာ လှုပ်ရှားနေတာ စားသောက်နေတာ အသက်ရှင်နေတာကို "ငါ"

www.dhammadownload.com

လို့ ပြောနေကြတယ်။ အဲဒီတော့ သူဆိုတာလည်း ဘာရှိလဲ။ သူမှာ ဘာရှိလဲလို့ သေသေချာချာကြည့်ရင် ရုပ်နဲ့ နာမ်ပါ။

ရုပ်နဲ့နာမ်ပဲ ရှိတယ်။ ရုပ်နာမ်ရှိနေတာကို ရုပ်နာမ်လို့မမြင်ဘူး။ မမြင်ရင် အမြင်မမှန်ပါဘူး။ ရုပ်နဲ့ နာမ်လို့ မမြင်ဘူး။ ငါလို့မြင်တယ်။ သူလို့ မြင်တယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမရယ်လို့ မြင်နေတာ မိစ္ဆာဒိဋ္ဌိအမြင်မှားပါ။ အဲဒီအမြင်မှားတွေပျောက်ကာ အမြင်မှန်ရောက်တဲ့သူ မိစ္ဆာဒိဋ္ဌိ မှားယွင်းတဲ့ အယူကို ပယ်နိုင်တဲ့သူသည် သောတာပန် ဖြစ်လာတယ်။

အခု တရားအားထုတ်နေကြတယ်။ ရုပ်နာမ်ကို ရှုခိုင်းတာ အလကားမဟုတ်ဘူး။ အမြင်မှန်အောင်ရှုခိုင်းတာပါ။ ဒီအတိုင်းသာမာန် နေကြတဲ့အခါ ရုပ်နာမ်ကို မမြင်ဘူး။ ဒါ ငှဲ့ဥစ္စာ၊ ငှဲ့ပစ္စည်း၊ ငှဲ့ သားသမီး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး ဒီလိုပဲမြင်တယ်။ အဲဒီအမြင်က သာမန်လောကအနေနဲ့ကြည့်ရင်တော့ ဟုတ်တယ်။ တရားအမြင်နဲ့ ကြည့်ရင်တော့ ဒီအမြင်သည် မှန်တယ်လို့ မပြောနိုင်ဘူး။ တရားနဲ့ကြည့်ရင် ဘာမျှမရှိဘူး၊ ငါသူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဘူး။ ဘာပဲရှိလဲ၊ ရုပ်နဲ့ နာမ်ပဲ ရှိတယ်။ အဲဒီရုပ်နာမ်ကို မြင်အောင်လို့ ပြန်ကြည့်နေတာ တရားအားထုတ်တာပါ။

ဒီမှာရှိနေတဲ့ ဖောက်ပြန်တတ်တဲ့ သဘောတရားသည် ရုပ်တရား၊ သိနေတာက နာမ်တရား။ ပူတာ အေးတာ၊ ထုံတာကျဉ်တာ၊ ကိုက်တာသည် ရုပ်တရား၊ သိတာက နာမ်တရား။ ဒါပဲရှိတယ်။ ဒါပဲရှိတယ်လို့ နှလုံးသွင်း အာရုံပြုကြည့်ပါ။ ကြည့်ပါများတဲ့ အခါကျတော့ အမှန်ကို မြင်လာတယ်။ အမှန်မြင်ပြီဆိုရင် ဒိဋ္ဌအမှားကိုပယ်နိုင်ပြီ။ ပယ်ရမှာတစ်ခုက ဒိဋ္ဌပယ်ရမှာပါ။

(ယုံမှားဖြစ်ကာ တွေဝေတာ ဝိစိကိစ္ဆာမည်)

နောက်တစ်ခု ပယ်ရမယ့်တရားက ဝိစိကိစ္ဆာပါ။ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးအပေါ်မှာ ယုံမှားနေတာသည် ဝိစိကိစ္ဆာ။ ကျင့်ကြံအားထုတ်နေတဲ့တရားပေါ်မှာ ရှင်းရှင်းလင်းလင်း မမြင်သေးတာ ဝိစိကိစ္ဆာ။

မရှင်းဘူး။ စိတ်ထဲမှာမရှင်းဘူး။ ယုံမှားသံသယ ဖြစ်နေတယ်။ ဟိုလိုလား ဒီလိုလား ဖြစ်နေတယ်။ ပြောတော့ပြောနေတာပဲ တရားတွေတော့ နာနေတာပဲ။ အဲဒီတရားတွေကို သေသေချာချာ မသိသေးဘူး။ မမြင်သေးဘူး။

www.dhammadownload.com

ရှုတော့ ရှုနေတာပဲ။ အားတော့ အားထုတ်နေတာပဲ။ ဒီရုပ် ဒီနာမ်တွေကို ကြည့်တော့ ကြည့်နေတာပဲ။

ဒါပေမဲ့ကိုယ့်အသိအမြင်က မရှင်းလင်းသေးဘူးဆိုရင်လည်း သံသယတွေ ဝင်နေတယ်။ စိတ်ထဲမှာ ခွဲခြမ်းဝေဖန်လို့ မရလောက်အောင် သံသယတွေ ဖြစ်နေတယ်၊ တွေးတောနေရတယ်၊ စဉ်းစားနေရတယ်ဆိုတာသည် ဝိစိကိစ္ဆာပါ။ အဲဒီဝိစိကိစ္ဆာကို ပယ်ရမယ်။ သောတာပန်ပုဂ္ဂိုလ်က ပယ်နိုင်သွားပြီတဲ့။ ဒီဥစ္စရယ် ဝိစိကိစ္ဆာရယ်။

(အကျင့်မှားမှာ မှန်ထင်တာ သီလဗ္ဗတပရာမာ)

သီလဗ္ဗတပရာမာသဆိုတာက မှားတဲ့အကျင့်ကို အမှန်ထင်ကာ ကျင့်နေတာပါ။ မကောင်းတဲ့အကျင့်ကို အကျင့်ကောင်းလို့ ထင်နေတာ သီလဗ္ဗတပရာမာသပါ။ အကျင့်မှားကို အမှန်ထင် အမှားကို လိုက်နာကျင့်နေတာတွေ ရှိပါတယ်။

လောကမှာ အများကြီး ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြတယ်။ ကောင်းမလားဆိုပြီးတော့ အမျိုးမျိုးအဖုံဖုံ ကျင့်နေကြတယ်။ တချို့က ရေငုပ်တယ်။ တချို့ တုံးခုန်တယ်။ တချို့က နေပူကြီးထဲမှာ အပူခံ မီးလှုံတယ်၊ တချို့က စောစောစီးစီးမြစ်ထဲချောင်းထဲရေဆင်းချိုးတယ်။ဒီအကျင့်မျိုးစုံကိုအကောင်းထင်ကာ ကျင့်နေကြတာပါ။

တကယ် အကျင့်စစ် အကျင့်မှန် ကောင်းမွန်တဲ့အကျင့်ဆိုတာက မဂ္ဂင်အကျင့်ပါ။ အခုကျင့်နေကြတာ တကယ့်အကျင့်စစ် အကျင့်မှန်ပါ။ ဒါဟာ တကယ် သံသရာကို ကူးခတ်နိုင်ရန် နည်းလမ်းပါ။ သံသရာရဲ့ဟိုဘက်ကမ်းကို ရောက်နိုင်တဲ့ နည်းလမ်းကိုကျင့်တော့မှ ဟိုဘက်ကမ်းကို ရောက်ပါမယ်။ အကျင့်မကောင်းတာကို အကောင်းထင်ပြီးတော့ ကျင့်ရင် အကျင့်မှန်မဖြစ်နိုင်ဘူး။ သေသေချာချာ တိတိကျကျ မသိဘဲ တွေ့ကရာကျင့် သူများပြောတိုင်း ကျင့် မဟုတ်တာကို အဟုတ်ထင်ပြီးကျင့် မကောင်းတာကို အကောင်းထင်ပြီး ကျင့်ရင် အကျင့်မှန် မဖြစ်နိုင်ပါဘူး။

သောတာပန်ပုဂ္ဂိုလ်သည် တရားဓမ္မတွေကို ကျင့်ကြံပွားများအားထုတ်ပါတယ်။ ရှုစရာ မှတ်စရာ ရုပ်နာမ်ဓမ္မတွေကို အသေအချာ ရှုမြင်သုံးသပ်တော့

www.dhammadownload.com

ဒိဋ္ဌရယ် ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသရယ် ဒီသုံးမျိုးကို ပယ်နိုင်တော့ နိဗ္ဗာန်ကို လှမ်းမြင်နေရပြီ။

သူ သံသရာ ကျင်လည်မယ်ဆိုရင် ခုနစ်ဘဝသာ ကျင်လည်ရတော့ မယ်။ သူ့အတွက် သံသရာက တိုသွားပြီးတဲ့။ သောတာပန်အဆင့်ကို ရောက်တဲ့သူ သံသရာပြန်လည်ရင်တောင် ဘယ်နှစ်ဘဝပဲ ကျန်တော့လဲ၊ ခုနစ်ဘဝသာ ကျန်တော့တယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာတော့ ဘယ်နှစ်ဘဝ ကျန်သေးတယ်လို့ မသိကြပါဘူး။

မရေမတွက်နိုင်အောင် အများကြီး ရှိချင်ရှိနေမှာ သေချာတယ်။ ဒီဘက်ကမ်းစပ်မှာ ရှိချင်ရှိလိမ့်မယ်။ ဒီဘက်ကမ်းစပ်မှာပဲ မြုပ်ချင်လည်း မြုပ်သွားလိမ့်မယ်။ တစ်ခါပေါ်ပြီး မြုပ်ချင်လည်း မြုပ်သွားမယ်။ ပေါ်လာပြီးတော့မှ တန့်နေပြီး ပြန်မြုပ်ချင်မြုပ်သွားလိမ့်မယ်၊ ဟိုဘက်ကမ်းကိုရောက်ဖို့ ဘယ်လောက် ဝေးသေးတယ်ဆိုတာကို မှန်းဆလို့ တွက်ဆလို့ မရနိုင်သေးဘူး။

အရိယာ သောတာပန်ကတော့မှန်းလို့ရပြီ။ ခုနစ်ဘဝပဲ ကျန်တော့တယ်။ အပါယ်ငရဲ ဘယ်တော့မျှကို မသွားတော့ဘူး။ ကောင်းတဲ့ဘဝတွေကိုသာ သူ သွားရတော့မယ်။ သူရဲ့ဓမ္မ အဆင့်အတန်းသည် နိမ့်ကျစရာ နိမ့်ဆင်းစရာ ပြန်ပြီးတော့ ကျဆင်းသွားစရာ မရှိဘူး။ ရှေ့ကိုသာ တိုးတက်တော့မယ် ဆိုတာ သောတာပန် ပုဂ္ဂိုလ်ပါ။ ဘာနဲ့တူလဲ တစ်ဖက်ကမ်းကို မြင်တဲ့သူပါ။ ကမ်းကိုမြင်ပါပြီ။

ကမ်းကိုမြင်ပြီဆိုတော့ ပုဂ္ဂိုလ်လေးမျိုးသိပါပြီ။ တစ် အမျိုးအစားက တစ်ခါမြုပ်က မြုပ်သွားတဲ့သူ၊ နှစ်က ပေါ်လာပြီးတဲ့နောက်မှ မြုပ်တဲ့သူ၊ သုံးက ပေါ်လာပြီးတဲ့နောက်မှာ တန့်နေတဲ့သူ၊ လေးက ကမ်းကို လှမ်းမြင်နေတဲ့သူ။ နောက်တစ်ယောက် သွားရအောင်ပါ။

ပေါ်လာပြီး ကမ်းကိုကူးသူ

၅။ ဤလောကမှာ အချို့သူဟာ ပေါ်လာပြီးကာ ကမ်းကူးသည်။

ဤလောကမှာ တချို့တချို့သော သူတို့သည်တဲ့ ပေါ်နေတဲ့ဘဝ၊ ဘဝကောင်းက နေပြီးတော့ ကမ်းကို ကူးမြောက်ပါတယ်။ ကိုယ့်လက်ရှိဘဝ အခြေ

www.dhammadownload.com

အနေ သည်အဆင့်အတန်းကို ပေါ်နေတယ်လို့ မှတ်ထားပါ။ မမြုပ်ဘူးနော်။ ပေါ်နေတဲ့ဘဝ ဒီဘဝကနေ ကမ်းကူးသွားတဲ့သူတွေ ရှိပါတယ်။

ကမ်းကို လှမ်းမြင်ပြီးတော့ တစ်ဖက်ကမ်းကိုရောက်အောင် ကူးခတ်နေတဲ့သူဆိုတာ သကဒါဂါမ်အရိယာပုဂ္ဂိုလ်ပါ။

ပထမတစ်မျိုးက သောတာပန်၊ ဒုတိယတစ်မျိုးက သကဒါဂါမ်တဲ့။ ရုပ်နာမ်ဓမ္မတွေကိုသာ ရှုနေတာပါ။ ရုပ်တရားနဲ့ နာမ်တရားတွေပဲ ရှုမြင်သုံးသပ်အားထုတ်ပါတယ်။ ရုပ်နာမ်ဓမ္မတွေကို ရှုမှတ်တော့ သောတာပန် အခြေအနေမှာ သူက ဒိဋ္ဌရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသရယ်ကို ပယ်နိုင်ခဲ့ပါပြီ။

အဲဒီကနေပြီးတော့ သူ့ရဲ့ သဒ္ဓါတရား၊ ဝီရိယတရား၊ ပညာတရားသည် ဆက်ကာဆက်ကာ တိုးတက်အောင် အားထုတ်ရှုမှတ် ပွားများနေတော့ ရာဂတွေ နည်းလာတယ်။ ဒေါသတွေ နည်းလာတယ်။ မောဟတွေ နည်းလာတယ် ဆိုတာသည် သကဒါဂါမ်ပုဂ္ဂိုလ်ပါ။

သံသရာကျင်လည်ရင် တစ်ဘဝသာ ကျန်တော့တယ်။ ကာမနယ်ပယ်ထဲ လူတွေ နတ်တွေ ဖြစ်ဦးမယ်ဆိုရင် တစ်ကြိမ်ပဲ ဖြစ်တော့မှာ။ ဒီဘဝမှာ အားထုတ်လို့ သကဒါဂါမ်အဆင့်ရောက်သွားရင် အလွန်ဆုံး သံသရာထဲ သူပြန်လာရင် တစ်ဘဝပါ။ နောက်တစ်ဘဝ ပြီးတာနဲ့ သူ ဘယ်ရောက်မှာလဲ။ နိဗ္ဗာန်ရောက်ပြီ။ ဟိုဘက်ကမ်းကို ရောက်ပြီဆိုတော့ ကမ်းနားကို ရောက်နေတဲ့သူ၊ ကမ်းနားကို ကူးနေတဲ့သူ မြင်ရတဲ့ အခြေအနေနဲ့ မတူတော့ဘူး။ သူကမြင်ရတဲ့ အခြေအနေထက်ကို သူက ပိုနီးသွားပြီ။

သောတာပန်က ဘဝသံသရာ လည်ရာမှာ ခုနစ်ဘဝ ကျန်သေးတယ်၊ သကဒါဂါမ်က တစ်ဘဝသာ ကျန်ပါတယ်။

တစ်ဘဝသာ ကျန်တော့တယ်။ ဒီအတိုင်း အားထုတ်တာပဲ။ တရားအားထုတ်တဲ့နည်းလမ်းက မပြောင်းသွားဘူး၊ ပုထုဇဉ်ဘဝကနေပြီး သောတာပန်ဖြစ်အောင်လည်း ဘာရှုမှတ်ရလဲဆိုရင် ရုပ်နဲ့နာမ်ပါ။ သောတာပန်ကနေ သကဒါဂါမ်ဖြစ်အောင် ဘာရှုမှတ်ရလဲဆိုရင်လည်း ရုပ်နဲ့နာမ်ပါ။

အရှုခံအာရုံက ဒါကိုပဲ ရှုရတယ်။ တချို့က တရားအားထုတ်တဲ့အခါမှာ ဘာတွေများ ပြောင်းရှုရသလဲ၊ ဘယ်လိုတွေများ ပြောင်းရသလဲ။ အရှုခံ ဘာ

www.dhammadownload.com

တွေများ ပြောင်းသလဲ။ တပည့်တော်တို့ ဒီနေ့ ဘာတွေရှုမလဲ၊ နောက်နေ့ ဘယ်လိုရှုမလဲ။ အဲဒီလို ထင်ကြသေးတယ်။

မြတ်စွာဘုရားပေးတဲ့နည်းက တစ်သမတ်တည်း သွားတဲ့လမ်း တစ်လမ်းတည်းပဲ ရှိပါတယ်။ တစ်ကြောင်းတည်းသောလမ်းဆိုတော့ ဒီနေ့ရှုရင်လည်း ရုပ်နာမ်၊ နောက်နေ့ရှုရင်လည်း ရုပ်နာမ်ပဲ။ အရှုခံ အာရုံပြောင်းရဲ့လား။ မပြောင်းပါဘူး။

ရုပ်နာမ်ပေါ်မှာ သိမြင်တဲ့အသိဉာဏ်ကတော့ ပြောင်းသွားတယ်။ ကြည့်နေတာတော့ ရုပ်နဲ့နာမ်ပဲ၊ ရှုနေတာတော့ ရုပ်နဲ့နာမ်ပဲ၊ ဒါပေမဲ့လို့ မြင်ပုံချင်း မတူတော့ပါဘူး။

အရာဝတ္ထုတစ်ခု ဟိုအဝေးကြီးက လှမ်းကြည့်တာနဲ့ အနားကပ်ကြည့်တာ မတူပါဘူး။

လူတစ်ယောက်ကို ခပ်လှမ်းလှမ်းက ကြည့်တဲ့အခါမှာ မသဲကွဲဘူး။ ယောကျ်ား၊ မိန်းမ၊ ဖြူသလား၊ မည်းသလား၊ မသိသေးဘူး။ အဝေးကြီးက ကြည့်ရင် လူဆိုတာကိုတော့ သိရုံသိတယ်။ တော်တော်ကြီး နီးကပ်ရောက်လာတဲ့အခါကျတော့ သဲကွဲလာပြီ။ ဒီလူကဖြူတယ်၊ မည်းတယ်၊ ပိန်တယ်၊ ဝတယ်၊ ယောကျ်ား၊ မိန်းမဖြစ်တယ်လို့ မြင်လာရပြီ။ သိလာရပြီ။

ဒါထက် နီးကပ် တိုးတက်ပြီးတော့ ပေါင်းသင်းကြည့်လိုက်တဲ့အခါမှာ ဒီလူက စိတ်ကောင်းရှိတယ်၊ မရှိဘူး၊ လူကောင်း၊ လူဆိုး၊ အဲဒီလို မသိဘူးနော်။ အရာဝတ္ထုကို ကြည့်တာကတော့ ဒီအရာဝတ္ထုပါပဲ။ ဒါပေမဲ့လို့ ဘာပြောင်းသွားလဲ၊ အမြင်ပြောင်းသွားတယ်၊ ဒါကြောင့် အရှုခံကို ပြောင်းစရာမလိုဘူး၊ အရှုခံ မပြောင်းပါဘူး။

ပုထုဇဉ်တုန်းကလည်း တရားသိအောင် ရှုရမှာ၊ ဘာရှုရမှာ ရုပ်နဲ့နာမ်ပါ၊ သောတာပန် ဖြစ်အောင်ရှုတော့လည်း ရုပ်နာမ်ပါ။ အခု သကဒါဂါမ်အဆင့် တက်ရောက်သွားတော့လည်း ရုပ်နာမ်ပဲ ရှုရတာပါ။ ရှုရှုင်းရှုရင်းနဲ့ အသိအမြင်တွေကွာ သံသရာလည်ရတာ နည်းနည်းသွားပါတယ်။

သံသရာ မလည်ချင်တော့ဘူး။ ပုထုဇဉ်တုန်းက ဘာမျှမသိတော့ သံသရာရှည်ချင်တိုင်း ရှည်တယ်။ နောင်ဘဝကျရင် ငါ ဘာဖြစ်ချင်တယ်၊

www.dhammadownload.com

နောင်ဘဝကျရင် ငါ ဘာဖြစ်ချင်တယ် ဆိုပြီးတော့ သံသရာတွေ ချွေတယ်။ သောတာပန်ကျတော့ မချွေတော့ဘူး၊ တတ်နိုင်သမျှ ချွေလိုက်တာ ခုနစ်ဘဝသာ ကျန်တယ်။ သကဒါဂါမ်ဘဝမှာ ဒီဘဝရဲ့ ဒုက္ခတွေကို သိမြင်တော့ ဘဝပေါ်မှာ လိုချင်မှုတွေ အားနည်းလာတယ်။ ဒီဘဝပေါ်မှာ တွယ်တာတပ်မက်မှု သံသရာကို ချစ်ခင်တွယ်တာမှုတွေနည်းတဲ့ အချိန်အခါမှာ သူသည် တစ်ဘဝသာ ကျင်လည်တော့မယ်။

သာမန်လူ့လောကကို ပြန်မလာလောက်တော့အောင် ဒီဘဝမျိုးတွေကို ကြောက်ရွံ့ကာ ပယ်ဖျက်သွားတဲ့သူက နောက်တစ်ဆင့် ထပ်တက်တယ်။ အနာဂါမ်ပုဂ္ဂိုလ်ပါ။ နောက်တစ်ဆင့်ကိုရောက်တဲ့ အနာဂါမ်အဆင့်ရောက်တဲ့ သူကို ဘုရားရှင် က ဥပမာပေးတယ်၊

ကမ်းစပ်မှာ ရပ်နေသူ

၆။ ဤလောကမှာ အချို့သူဟာ ကူးခတ်ပြီးကာ ရပ်နေသည်။

ကူးခတ်ပြီးတော့ ကမ်းစပ်ကို ရောက်နေပြီ။ ကမ်းပေါ်မှာ ခြေချနိုင်ပြီ။ လုံးလုံးကြီး ကမ်းပေါ်ရောက်သွားတာတော့ မဟုတ်သေးဘူး။ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကို ရေကူးသွားတော့ ခြေဖျားလေး လှမ်းထောက်မိတဲ့ နေရာကိုရောက်ပြီဆိုရင် သေချာသွားပြီ။ ဟိုဘက်ကမ်းရောက်ဖို့ သေချာနေပြီ။ ရေမနစ်တော့ဘူး။ ခြေကုန်လက်ပန်းကျပြီးတော့ မျောသွားမှာ မြုပ်သွားမှာကိုပူစရာမလိုတော့ဘူး။ ခြေလှမ်းထောက်လို့မီနေတဲ့အနေအထားရောက်သူသည် ဘာပုဂ္ဂိုလ်လဲဆိုရင် အနာဂါမ်ပုဂ္ဂိုလ်ပါ။

အခု အရိယာအဆင့်အတန်းမှာ သုံးမျိုးရောက်သွားပြီ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်။ သောတာပန်သည် ခုနစ်ဘဝ ကျန်သေးပါတယ်။ သကဒါဂါမ်သည် တစ်ဘဝပါ။

အနာဂါမ် ပုဂ္ဂိုလ်ကတော့ဖြင့် ပြန်ကိုမလာတော့ပါဘူး။ ကာမနယ်ပယ်ကို ပြန်မလာတော့ဘူး။ ကိလေသာ တော်တော်များများကို ပယ်နိုင်ပြီ။ သောတာပန်ထက် သံယောဇဉ်ကြိုး ပိုပြတ်သွားပြီ။ သကဒါဂါမ်ထက်ကိုလည်း ပိုသာသွားပြီ။ ဒေါသတရားတွေ ကိုလည်း ပယ်နိုင်ပါပြီ၊ လောဘတရားတွေ

www.dhammadownload.com

ကိုလည်း သူသည် ပယ်နိုင်ပြီ။ ပယ်စရာ အဝိဇ္ဇာသည် နည်းနည်းလေးသာ ကျန်တော့တယ်။ မောဟတွေ နည်းနည်းလေးတော့ ကျန်သေးတယ်။ လုံးလုံး ပယ်လိုက်ပြီး ကင်းသွားရင်တော့ဖြင့် ရဟန္တာဖြစ်ပြီ။ ကိလေသာတွေ လုံးဝ မရှိတော့ဘူး။ ကိလေသာတွေ အကုန်ပယ်နိုင်မယ်ဆိုရင် ရဟန္တာအဆင့်ပါ။ သူ့ကိုကျတော့ ဟိုဘက်ကမ်းကို ရောက်တဲ့သူလို့ ပြောရပါမယ်။

ကမ်းပေါ်မှာ နားသူ

၇။ ဤလောကမှာ အချို့သူဟာ ကမ်းပေါ်ရောက်ကာ နားနေသည်၊

ဘယ်ပေါ်ရောက်သွားလဲ။ ကမ်းပေါ်ကို ရောက်တာပါ တစ်ဖက်ကမ်းကို ရောက်ပြီ။ နိဗ္ဗာန်ကို ဝင်နိုင်ပြီဆိုတာ ရဟန္တာ အရှင်မြတ်တွေပါ။ ရဟန္တာ အရှင်မြတ်တွေမှာ ပူပန်ရတာတွေ၊ စိတ်ဆင်းရဲရတာတွေ စိတ်ထဲမှာ မအေးချမ်းတာတွေ မရှိတော့ပါဘူး။

အနားရပြီ။ အနားယူနိုင်ပြီ။ ဟိုဘက်ကမ်း မရောက်မချင်း နားလို့မရသေးပါဘူး။ နားလို့မရဘူး။ ဘာလုပ်ရမယ်။ ကြိုးစားကူးနေရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ မကူးတာနဲ့ တစ်ပြိုင်တည်း၊ နည်းနည်းလေး ငြိမ်လိုက်တာနဲ့ တစ်ပြိုင်နက် မြုပ်သွားပါတယ်။

အခုမမြုပ်အောင် ကြိုးစားအားထုတ်နေတာပါ။ မမြုပ်အောင် အားထုတ်နေကြတော့ လုံးဝကို ဟိုဘက်ကမ်း ကူးနိုင်တဲ့အဆင့်ကို ရောက်ရင်တော့ဖြင့် နားချင် နားနိုင်ပြီ။ တိကျနေပြီ၊ သေချာနေပြီဆိုတဲ့သူသည် နိဗ္ဗာန်ကို ဝင်စံပါပြီ၊ ပယ်စရာဖြစ်တဲ့ လောဘသည်လည်း မရှိတော့ဘူး၊ ဒေါသ၊ မောဟသည်လည်း မရှိတော့ဘူး၊ ပယ်စရာဘဝလည်း မကျန်တော့ဘူး။ ပယ်ရမယ့် တရားတွေ အကုသိုလ်၊ ကိလေသာတွေ တစ်စမကျန် အကုန်လုံးကို ပယ်ပြီးသွားပြီ၊ ကိစ္စပြီးသွားပါပြီ။

တရားကိစ္စက အဲဒီတော့မှ ပြီးပါတယ်။ လေးငါး ဆယ်ရက်၊ တစ်လ၊ နှစ်လ အားထုတ်ရုံနဲ့ တရားကိစ္စ မပြီးဆုံး သေးပါဘူး။

အကုန်လုံးကို ပယ်နိုင်မှ ကိစ္စပြီးတယ်။ ရဟန္တာပုဂ္ဂိုလ်သည် သံသရာလည်စရာ မရှိတော့ဘူး။ သံသရာရဲ့ ဟိုဘက်ကမ်းမှာ နားနိုင်ပြီ၊ ရောက်သွား

www.dhammadownload.com

ပြီနော်။ ဟိုဘက်ကမ်း၊ ကမ်းပေါ်ကို သေသေချာချာ ရပ်နိုင်ပြီ။ ရောက်သွားပြီ ဆိုတော့ ထိုင်ချင်ထိုင် ရပ်ချင်ရပ်၊ နားချင်နားပါ။ ဘာမျှ ပူပင်သောက ဖြစ်စရာ မလိုတော့ဘူး။

အားလုံး ပြန်တွက်ကြည့်လိုက်ရင် မြတ်စွာဘုရားရှင်က သံသရာကူးတဲ့ သူ ခုနစ်မျိုးကို ပြပါတယ်၊ တစ်ခါတည်း မြုပ်သွားတဲ့သူရယ်၊ ပေါ်လာပြီးတဲ့ နောက်မှာ မြုပ်သွားတဲ့သူရယ်၊ ပေါ်ပြီးတဲ့နောက်မှာ တန့်နေတဲ့သူရယ် ဆိုပြီး တော့ ပုထုဇဉ်ကသုံးမျိုး။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုပြီး တော့ အရိယာ ပုဂ္ဂိုလ်လေးမျိုးကို ပြပါတယ်၊

ကိုယ့်အဆင့်က အလွန်ဆုံးရှိမှ ပေါ်လာပြီးတဲ့နောက်မှာ တန့်နေတဲ့သူ အဆင့်လောက်ပဲ ရှိပါသေးတယ်။ ပြန်မမြုပ်အောင် ကြိုးစားနေရသေးတယ်။ ကိုယ်သဒ္ဓါတွေ မကျအောင်၊ ဝီရိယတွေ မကျအောင်၊ ပညာတွေကျပြီးတော့ မသွားအောင်ကြိုးစားတဲ့ အဆင့်ဆိုရင် အလွန်ဆုံး တန့်နေတဲ့အဆင့်ကိုပဲ ရပါ ဦးမယ်။ အရိယာအဆင့်ကိုရောက်မှ တိုးတက်တဲ့သူတစ်ယောက် ဖြစ်လာ တယ်။ သောတာပန်အဆင့် ရောက်ရင်တော့ တိုးတက်တဲ့သူလို့ ပြောလို့ရ တယ်။ အဲဒီကနေ နောက်ထပ်တစ်ဆင့်မြင့်အောင် ကြိုးစားပြီး တိုးတက်သွား ရင် သကဒါဂါမ်၊ ဒီကနေတက်ရင် အနာဂါမ်၊ အနာဂါမ်ကနေ တစ်ဆင့်တက်ရင် ရဟန္တာဖြစ်မှာပါ။ လုပ်စရာတွေ အများကြီး လိုသေးပါတယ်။

ကျင့်စရာတွေအများကြီး ရှိသေးတယ်။ ကြိုးစားပြီးတော့ ကျင့်ဦးမှ ကြိုးစားပြီးတော့ ကူးခတ်မှသာ သံသရာရဲ့တစ်ဖက်ကမ်းကို ရောက်ပါမယ်။

www.dhammadownload.com

ကိုယ့်ရဲ့ကယ်တင်ရှင်

ဘဝအနှောင်အဖွဲ့ကျပ်တည်းတဲ့ဆင်းရဲဒုက္ခတွေကနေကယ်တင်မယ့် ကိုယ်ရဲ့ကယ်တင်ရှင်ဘယ်သူလဲဆိုတာကို သိစေချင်ပါတယ်။

ဘဝတစ်ခု ပိုင်ဆိုင်ရရှိလာတဲ့အချိန်မှာ ဘယ်သူမဆို လူတိုင်းလူတိုင်း သတ္တဝါတိုင်းသည် ဘဝရဲ့အခက်အခဲ၊ ဘဝရဲ့အကျပ်အတည်း၊ ဘဝရဲ့ဆင်းရဲများစွာကို ကြုံရတွေ့ရပါတယ်။

ဆင်းရဲတဲ့သူလည်း ဆင်းရဲတဲ့သူ အလျောက်၊ ချမ်းသာတဲ့သူလည်း ချမ်းသာတဲ့သူအလျောက်၊ ငယ်သူကလည်း ငယ်သူ အတိုင်းအတာနဲ့၊ ကြီးသူကလည်း ကြီးသူ အတိုင်းအတာနဲ့ မွန်းကျပ်နေကြတဲ့ ဒီဘဝထဲမှာ ဘဝရဲ့ လွတ်မြောက်မှုကို ဖော်ဆောင်ပေးမယ့် ဘဝရဲ့ကယ်တင်ရှင် တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကိုယ့်ရဲ့ ဒုက္ခတွေက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ညွှန်ပြပေးမယ့် ကိုယ်ရဲ့ကယ်တင်ရှင်ကို ဖော်ထုတ်ပေးမှာ ဖြစ်ပါတယ်။

ကိုယ့်ရဲ့ကယ်တင်ရှင် အစစ်အမှန်ကို သိရအောင်ပါ။

(တရားနာလျှင် ကိုယ့်ကိုယ်ကိုယ်ပင် အစဉ်ကယ်တင်သည်)

တရားနာတာသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နေတာပါ၊ ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အလုပ်က တရားနာတာပါ။ အမြို့မြို့အရွာရွာ နယ်ပယ်ဒေသအသီးသီးမှာ တရားပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြတော့ တရားနာပရိသတ်

www.dhammadownload.com

တွေလည်း အမြောက်အများ နာယူကြတယ်။ စိတ်ပါဝင်စားစွာနဲ့ တရားကို လေ့လာကြ နာယူနေကြတာ ဝမ်းသာအားရဖြစ်စရာပါ။

တရားဓမ္မကို နာယူတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အလုပ် လို့ သိထားဖို့တော့လိုပါမယ်။ တရားသည်သာလျှင် ကိုယ့်ရဲ့ကယ်တင်ရှင်လို့ ပြော ချင်ပါတယ်။ ကိုယ့်ရဲ့ကယ်တင်ရှင်က ကိုယ် နာယူတဲ့ တရားတော်ပါ။

တရားဓမ္မ နာယူကြတယ်၊ နာယူကြတယ် ဆိုတဲ့နေရာမှာ ဘာအတွက် တရားနာတာလဲ ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ အကြောင်းအမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုး စိတ်ထားတွေ အမျိုးမျိုးနဲ့ တရားပွဲတွေ ကျင်းပကြ တယ်။ တရားပွဲ ကျင်းပခြင်း တရားနာယူခြင်းသည် ကိုယ့်ကိုယ်ကိုယ် ကယ်ဖို့ လို့ နလုံးသွင်းပါ။

ကိုယ့်ကိုယ်ကိုယ် ကယ်တင်တဲ့ အလုပ်အနေနဲ့ တရားဓမ္မနာယူတဲ့အခါ မှာ ရည်ရွယ်ချက်၊ ဦးတည်ချက်ရှိရပါမယ်၊ တရားပွဲကျင်းပတဲ့ နေရာမှာလည်း မှန်ကန်တဲ့ ဦးတည်ချက် ရည်ရွယ်ချက်ရှိဖို့ လိုပါတယ်။

ကိုယ့်ကိုယ်ကိုယ် ကယ်ဖို့ဆိုတော့ ဘာလို့ ကယ်နေရတာလဲ။ "ကယ် တင်ရှင် ကယ်တင်ရှင်" ဆိုတဲ့ ဒီစကားလုံး ကမ္ဘာပေါ်မှာ အသုံးများပါတယ်။ ဆင်းရဲဒုက္ခ အကျပ်အတည်းတွေ ရှိလာရင် ထွက်ပေါက် လိုချင်တဲ့သူမှန်သမျှ ထွက်မြောက်ချင်တဲ့သူ မှန်သမျှ ဘာကိုမျှော်လဲဆိုရင် ကယ်တင်ရှင်ကို မျှော် ကြတယ်။ ဘဝကောင်းစားရေး၊ တိုးတက်ရေး၊ ကြီးပွားချမ်းသာရေး၊ ဘဝမှာ သက်သက်သာသာနဲ့ အဆင်ပြေရေးအတွက် ကယ်တင်ရှင်ကို လိုလား တောင့်တတယ်။ ဘုရားရှင်ပြောတဲ့ ကယ်တင်ရှင်က တရားတော်လို့ မှတ်ထား ပါ။တရားနာတာ ကယ်နေတာပါ။

ဘုရားသာသနာနဲ့ တွေ့ကြုံတဲ့အချိန်အခါမှာ သာသနာရဲ့လမ်းစဉ် သာသနာရဲ့လမ်းကြောင်းအတိုင်း လျှောက်လှမ်းရပါမယ်။ သာသနာလမ်းစဉ် အတိုင်း သွားကြရပါမယ်။

သာသနာလမ်းကြောင်း ဘယ်ကနေပြီးတော့ စသလဲဆိုရင် တရားဓမ္မ နာယူခြင်းကနေ စတင်ပါတယ်။ တရားထူး တရားမြတ်သိသွားကြတဲ့သူ မှန် သမျှ တရားမနာဘဲနဲ့ ဘယ်သူမျှ မသိဘူး။ ကောင်းတဲ့ ကုသိုလ်လုပ်ငန်းတွေ

www.dhammadownload.com

လုပ်ကိုင်အားထုတ်ချင်တဲ့သူ မှန်သမျှစနစ်တကျရှိစေဖို့ နည်းစနစ်ပိုင်းဆိုင်ရာ မှန်မှန်ကန်ကန်နဲ့ ဒါနကောင်းမှုတွေ ပြုလုပ်ဖို့၊ သီလတွေ ဆောက်တည်တတ်ဖို့၊ တရားဘာဝနာတွေ အားထုတ်တတ်ဖို့ ဘာလိုလဲဆိုရင် တရားနာဖို့ လိုအပ်ပါတယ်။

အခုလိုသာသနာနဲ့ ကြုံတဲ့အချိန်အခါ လူဖြစ်လာတဲ့ အချိန်အခါမှာ ဘာလုပ်သင့်လဲ။ တို့ လူသားတစ်ယောက် ဖြစ်နေကြတယ်။ သာသနာထွန်းကားတဲ့ အရပ်ဒေသမှာလည်း မွေးဖွားလာကြတယ်၊ ကြီးပြင်းလာကြတယ်။ သာသနာနဲ့လည်း တွေ့ကြုံနေရတဲ့အခါမှာ ဘာလုပ်သင့်သလဲ၊ ဘာလုပ်ရမလဲဆိုတဲ့မေးခွန်းကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ။ ဘာလုပ်ရမှာလဲ၊ မေးရမယ်။ ငါ ဘာတွေများ လုပ်နေသလဲ။ တစ်နေ့တစ်နေ့ စားရေးသောက်ရေး ဒီလိုနဲ့ပဲ ပြီးသွားမှာလား။ ဆုံးသွားမှာလား။ သာသနာနဲ့ ဆုံတုန်းကြုံတုန်းမှာ ဘာလုပ်ရမှာလဲ။ ဒီမေးခွန်းလေးမေးကြည့်ပါ။

(အမြတ်သာသနာ ကြုံသည့်ခါ ဘယ်ဟာ ဘယ်သို့ ပြုမည်နည်း)

ဒါ မေးသင့်တဲ့ မေးခွန်းပါ။ မေးခွန်းထုတ်ကြည့်လိုက်ပါ။ ငါသာသနာနဲ့ တွေ့ကြုံတယ်၊ သာသနာနဲ့ ကြုံလာတွေ့လာတဲ့အခါမှာ ငါဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ။ ဒါကို အသိဉာဏ်ရှိသူတိုင်း စဉ်းစားသင့်တယ်။ ဒီအတိုင်းပဲနေ ဒီအတိုင်းပဲသေ။ ဘဝတစ်ခု ဒီလိုပဲ နေသွား သေသွားတယ်ဆိုတာ ဘာမျှ အဓိပ္ပာယ်မရှိပါဘူး။ ရလာတဲ့ ဘဝက တန်ဖိုးမရှိဘူး။ မြတ်သာသနာနဲ့ ကြုံတွေ့ချိန်မှာ ဘာလုပ်သင့်သလဲ။ ဒီအဖြေလေးကို ကြည့်။

(တရားနာကြား ဆောင်စဉ်းစား ရွယ်ပွားအားထုတ်နေရမည်)

နံပါတ်တစ်အဆင့် ဘာလုပ်ရမလဲ တရားနာရမယ်။ သာသနာဆိုတာသည် ဘုရားရှင်ရဲ့ အဆုံးအမ။ ဘုရားရှင်ရဲ့ အဆုံးအမတွေကို သိဖို့အတွက် တရားနာယူရမယ်။ ဒါဟာ ပထမဆုံး လူတိုင်းလူတိုင်း လုပ်သင့်တဲ့အလုပ်တစ်ခုပါ။ ဗုဒ္ဓဘာသာဝင် သူတော်စင်ဟူသမျှ မဖြစ်မနေ လုပ်ရမယ့်အလုပ်သည် တရား နာတာပါ။

တရားနာပြီးရင် နာပြီးတဲ့ တရားမမ့ကို ဆောင်ထားရမယ်။ နာပြီးရင် ဆောင်ထားဖို့လိုပါတယ်။

www.dhammadownload.com

တချို့က တရားနာတော့ နာပါတယ်။ နာပြီးရင် မေ့သွားတယ်၊ နာပြီးရင် ပစ်ထားလိုက်ကြတယ်။ နာကြားပြီးတဲ့ တရားဓမ္မကို စိတ်ထဲမှာ စွဲမြဲနေအောင် ဆောင်ထားရမယ်။ နှုတ်က တတွတ်တွက်ရွတ်ဆိုကာ မမေ့မပျောက် ဆောင်ထားရမယ်။ ဆောင်ထားတယ်ဆိုတာသည် မမေ့အောင် လုပ်နေတာပါ။

တစ်ခါတစ်ခါ ဘုန်းကြီးတို့ စဉ်းစားကြည့်တယ်။ တရားပွဲတွေ တရားနာတော့နာကြပါတယ်။ နာလိုက်တဲ့တရား နာပြီးတဲ့တရား ဘယ်လောက်များမှတ်မိကြတယ်တော့ မသိဘူး။ ဟောတဲ့သူကလည်း ဟောလို့ နာတဲ့သူကလည်း နာလို့တရားတစ်ပွဲသာ ပြီးသွားတယ်။ တချို့များ ဘာတစ်လုံးမျှမမှတ်မိ၊ ဘာတစ်ခုမျှ မသိလိုက်ဘူးဆိုရင် တရားနာတာ အကျိုးရှိသင့်သလောက် မရှိပါဘူး။

ဘာဖြစ်ဖြစ်မှတ်သားစရာတစ်ခုခုတော့ ရမှဖြစ်မယ်။ နာကြားတဲ့တရားဓမ္မက နားထောင်ကောင်းရုံ နာတာမဟုတ်ဘူး။ နာပြီး တရားဓမ္မကို ဘာလုပ်မလဲ ဆောင်ထားမယ်။ ဆောင်ထားပြီးရင်လည်း တတိယတစ်ဆင့်မှာ စဉ်စားရမယ်။ ဆောင်ပြီး စဉ်းစားရပါမယ်။

တရားနာသူများက တရားနာပြီး ဘယ်နှစ်ခါ ပြန်စဉ်းစားလဲ။ ပြောကြည့်စမ်းပါဦး။ ဘယ်နှစ်ခါ ပြန်စဉ်းစားလဲ။ တစ်ခါမျှ ပြန်မစဉ်းစားဘူး။ ရုပ်ရှင်ကြည့်ပြီးရင်သာ ပြန်စဉ်းစားတယ်။ ဇာတ်လမ်းတွေကြည့်ပြီးရင် ဒါ ဘယ်လိုလာမယ် ဘယ်လိုလာမယ် ဘာဖြစ်မယ် စဉ်းစားတယ်။ တရားနာပြီးရင် ပြီးပြီ။ တရားနာရုံနဲ့တင် ကျေနပ်တဲ့အဆင့်က အကျိုးနည်းပါသေးတယ်။

နာပြီးတဲ့ တရားဓမ္မသည် ဆောင်ထားရမယ်။ နာပြီးရင် ဆောင်ထားရမယ်။ အလွတ်ရနေအောင် စိတ်ထဲ စွဲမြဲနေအောင် သေသေချာချာ ကျက်သင့်တာကျက် မှတ်သင့်တာမှတ် ပြန်ပြီးတော့ ဖတ်သင့်တာဖတ်ရတယ်။ ဒီတရားတွေက တစ်ခါနှစ်ခါ နာရုံနဲ့လည်း မမှတ်မိဘူး။ တစ်ကြိမ်တစ်ခါ ကြားဖူးရုံနဲ့လည်း စိတ်ထဲမစွဲဘူး။ အထပ်ထပ်အခါခါ ပြန်ပြန်ပြီးတော့ လေ့လာရပါတယ်။ ဆောင်ထားပြီးတဲ့ တရားဓမ္မကိုလည်း ပြန်လည်စဉ်းစားနေရမယ်။ ထပ်ကာထပ်ကာ ပြန်ပြီးတော့ စဉ်းစားရပါမယ်။

www.dhammadownload.com

သေသေချာချာသိပြီ။ တရားနည်းလမ်းကို ကျကျနနသိပြီဆိုရင် နာပြီးတဲ့ တရားကို ကျင့်ရမယ်။ နာပြီးမမေ့လိုက်ပါနဲ့။ တရားနာပြီး လိုက်နာကျင့်ရပါမယ်။

နာပြီးကျင့်မယ် လို့ပြောတော့ပြောတာပဲ။ မနေ့က ဘုန်းကြီး ဘာတရားဟောသလဲလို့မေးရင် အကုန် အိုးတွေခွက်တွေ နင်းကုန်မယ်ထင်တယ်နော်။ ဘာတွေများမှတ်မိလဲ မေးကြည့်လိုက်ရင် ဘာပြောရမှန်း မသိတော့ဘူး။ အဲဒီတော့ သေသေချာချာ မှတ်မှတ်သားသားနဲ့နာဖို့အရေးကြီးပါတယ်။ဒါဟာ သာသနာ့လမ်းစဉ် သာသနာမှာ သွားရမယ့်လမ်းကြောင်းပါ။ ဘုရားရှင်ရဲ့ သာသနာနဲ့ တွေ့ကြုံတဲ့အခါမှာ အရေးကြီးတာသည် တရားနာဖို့ပါ။

သတ္တဝါတွေကို ကယ်တင်တဲ့ ဘုရားရှင်

ဘုရားရှင်က ဘုရားအဖြစ်ကို ရအောင်ကြိုးစားအားထုတ်တယ်။ ဘုရားဖြစ်လာပြီးတဲ့အချိန် ဘာလုပ်သလဲဆိုရင် တရားဟောပါတယ်။ ဝေနေယျသတ္တဝါတွေကို ချေချွတ်တယ်၊ ကယ်တင်တယ်ဆိုတာ တရားဟောပြီးတော့ ကယ်တင်တာပါ။

မြတ်စွာဘုရားရှင်ကိုယ်တိုင် ကျင့်ကြံအားထုတ် ဘုရားအဖြစ် ရောက်ပြီးတဲ့အခါမှာ ပထမဆုံး ပဉ္စဝဂ္ဂိငါးဦးကို တရားဟောတယ်။ ပဉ္စဝဂ္ဂိငါးဦးတို့ကို တရားနည်းလမ်းတွေကို သင်ကြားပေးတယ်၊ ပို့ချပေးတယ်။ အဲဒီလိုနဲ့ သာသနာ စတင်လာလိုက်တာ နောက်ဆုံးပရိနိဗ္ဗာန် ဝင်စံခဲ့တဲ့အချိန်ထိ ပရိနိဗ္ဗာန်ဝင်စံဖို့ အချိန်ပိုင်းလောက်ပဲလိုတဲ့ အချိန်ထိကို ဘာလုပ်သွားလဲလို့ ကြည့်လိုက်ရင် တရားဟောပါတယ်။ ဟောကြားခဲ့တဲ့ တရားဓမ္မတွေကို မေ့မပစ်ရဘူး၊ ဆောင်ထားရမယ်။ ဆောင်ထားပြီးရင် ကျင့်ရမယ်။ တရားကို ဆောင်ပြီး ကျင့်ရပါမယ်။ ကျင့်နေ တာ ကိုယ့်ကိုယ်ကိုယ် ကယ်နေတာပါ။

(နာပြီးတရား အားထုတ်ကြား ကြိုးစား ကယ်တင်သည်)

နာပြီးတဲ့တရား အားထုတ်တယ်ဆိုတာ ကယ်နေတာ၊ ဘယ်သူ့ကို ကယ်နေတာလဲ။ ကိုယ့်ကိုယ်ကိုယ် ကယ်နေတာပါ။ ဒီတော့ ကိုယ့်ရဲ့ ကယ်တင်ရှင်သည် ဘယ်သူလဲဆိုရင် ကိုယ်ကိုယ်တိုင်ပါ။ ဗုဒ္ဓဝါဒမှာ ဘုရားကလည်း

www.dhammadownload.com

မကယ်နိုင်ဘူး။ ဒုက္ခရောက်နေတယ်။ လူတစ်ယောက် ဆင်းရဲနေပါတယ်။ သူ ဒီဆင်းရဲတွင်းက လွတ်မြောက်သွားအောင် ငါ ကယ်တင်မယ်လို့ ဘုရားပြော တာ မရှိပါဘူး။

နည်းလမ်းပေးတာပဲ ရှိတယ်။ ဒုက္ခဆင်းရဲတွင်းက လွတ်မြောက်အောင် ကိုယ့်ဘာသာကိုယ် ဘယ်လိုကျင့် ဘယ်လိုနေ ဘယ်လိုနှလုံးသွင်း ဘယ်လို စိတ်ထား စသည်ဖြင့် ဒီလိုဆုံးမတာပဲ ရှိတယ်။ နည်းပေးလမ်းပြ ပြုတာပဲရှိပါ တယ်။ ကိုယ် ဒုက္ခအပေါင်းက လွတ်မြောက်အောင် ကိုယ့်ကိုယ်ကိုယ် ကယ် ရမယ်။ ကိုယ့်ကိုကယ်တဲ့အလုပ်သည် တရားနာတဲ့အလုပ်ပါ။

တရားဓမ္မကို နာယူခြင်းအားဖြင့် မသိသေးတာတွေ သိလာတယ်။ ဘယ်ဟာက ကုသိုလ်၊ ဘယ်ဟာက အကုသိုလ်၊ ဘယ်ဟာကတော့ဖြင့် ပြု သင့်တယ်၊ ဘယ်ဟာကတော့ဖြင့် ရှောင်ရမယ်လို့ တရားနာယူမှ သိပါမယ်။ ဒါကတော့ မှန်တယ်၊ ဒါကတော့ မှားတယ်၊ ကိုယ့်အယူအဆနဲ့ ကိုယ့်ဝါဒနဲ့ ကိုယ် ထင်ရာမြင်ရာကို ကျင့်ကြံမယ်၊ နေထိုင်မယ်၊ နှလုံးသွင်းမယ်ဆိုရင်မှန်ဖို့ ထက် မှားဖို့များပါတယ်။

ပုထုဇဉ်ဆိုတာ ထင်ရာမြင်ရာများကို စွဲတယ်။ ကိုယ်ပြုသမျှ အကုန်လုံး ကောင်းတယ်၊ ကိုယ်လုပ်သမျှ အမှန်ထင်တယ်၊ ဒီတော့ ကိုယ်လုပ်တာ မှန် မမှန်၊ ကောင်း မကောင်း အသေအချာသိအောင် ဘာနဲ့ တိုက်ဆိုင်စစ်ဆေး ကြည့်မှာလဲဆိုရင် တရားနဲ့ စစ်ကြည့်ရမယ်။

တရားသည် မှတ်ကျောက်

တရားသည်မှတ်ကျောက်ပါပဲ။ ဒါကို ကိုယ်က ကောင်းတယ်ထင်တယ်၊ မှန်တယ် ထင်တယ်။ တရားတော်ကို လေ့လာလိုက်တော့ ဒါက မကောင်းဘူး၊ မမှန်ဘူးဆိုရင် ပယ်ရမယ်။ မမှန်ဘူးဆိုရင် စွန့်ပယ်ရမယ်။

ကိုယ့်စိတ်ထဲကတော့ မှန်တယ်ထင်တယ် ကိုယ်က ပြုချင်တယ်။ လူ တကာကလည်း မှန်ပါတယ် ကောင်းပါတယ်လို့ သတ်မှတ်တယ်။ ဒါပေမဲ့လို့ တရားနဲ့ စစ်ဆေးကြည့်လိုက်တော့ မကောင်းဘူး မမှန်ဘူးဆိုရင် ပယ်ရမယ်။

www.dhammadownload.com

အဲဒီလို ပယ်သင့်တာတွေကို ပယ်နိုင်အောင် တရားနာပါ။ ဖြစ်သင့်တာတွေ ဖြစ်နိုင်အောင် တရားနာပါ။ ကုသိုလ် အကုသိုလ်ကို သိအောင် တရားနာပါ။

လူတစ်ယောက် ကောင်းရာရောက်၊ ကောင်းတဲ့လမ်းကြောင်းလျှောက် မိဖို့ဆိုရာမှာ တရားသည် အဓိကပါ။ တရားကသာလျှင် လမ်းမှန်ကို ပြတယ်။ လမ်းဖြောင့်ကို ပြတယ်။ တရားနာရင် ကိုယ့်ကိုယ်ကိုယ် ကယ်နေတာပါ။ နာကြားပြီးတဲ့ တရားဓမ္မကို လက်တွေ့ကျင့်ကြံပွားများအားထုတ်နေတာ ကြိုးစားကယ်နေတာပါ။ လက်တွေ့ကျင့်ရင် ကြိုးစားကယ်နေတာပါ။ ကယ်ရမယ် ကယ်ရမယ်လို့တော့ သိတယ်။ ဘယ်နည်း ဘယ်ပုံ ငါနေရမယ်၊ ကျင့်ရမယ်၊ သိတော့သိတယ်၊ မကျင့်ရင် မရဘူး။

သိတော့ သိတယ်။ ဒီဆေးသောက်ရင် ဒီရောဂါ ပျောက်မယ် သိတယ်။ မသောက်ဘဲနေရင် မပျောက်ဘူး။ သိရုံလေးနဲ့ မရဘူး။ သိပြီးရင် သိနေတဲ့ တရားဓမ္မကို ကျင့်ရမယ်။ အခု တရားနာတာက ပထမဦးဆုံး သိအောင်လုပ်တာ။ သေသေချာချာ သိပြီဆိုရင် သိတဲ့အတိုင်းကို ကျင့်ရမယ်။ ကိုယ့်ကိုယ် ကိုယ် ကယ်တင်ချင်တဲ့သူသည် တရားနာ၊ တရားနာပြီးရင် တရားကျင့်ပါ။

ဘုရားဟောတဲ့တရားက ရှင်းရှင်းလေးပါ။ မများပါဘူး။ အလုပ်လည်း မရှုပ်ဘူး။ ထွေကာသီကာလည်း မျက်စိလည်စရာ မရှိဘူး။ တစ်အချက် ဘာလုပ်မလဲ တရားနာမယ်။ နှစ်အချက် တရားကျင့်မယ်။ ဒီနေရာမှာ စကားပြောစရာ ရှိလာပြီ။ သိတော့သိတယ်၊ တရားနာရမယ်ဆိုတာကိုလည်း သိတယ်၊ တရားဓမ္မ ကျင့်ရမယ်လို့ကိုလည်း နားလည်ပါတယ်၊ ဒါပေမဲ့လို့ တရားမနာနိုင်ဘူး။ တရားလည်း မကျင့်နိုင်ဘူး။ သိတော့သိတယ် ကျင့်ရဲလားဆိုတော့ မကျင့်ပါဘူး။

တရားနာရင် ကောင်းတယ်ဆိုတာ သိတယ်။ တရားနာသင့်တယ်ဆိုတာ သိတယ်။ ဒါပေမဲ့လို့ မနာဖြစ်ဘူး၊ တရားကျင့်ရင် ကောင်းတယ်၊ တရားအားထုတ်တာကိုယ့်ရဲ့ကောင်းတဲ့အလုပ်လို့နားလည်တယ်။ ကိုယ့်ကိုယ်ကိုယ် ကယ်တယ်လို့ သိတယ်၊ ဒါပေမဲ့လို့ လက်တွေ့မကျင့်နိုင်တာ ဘာကြောင့်လဲဆိုတော့ ကိလေသာကြောင့်ပါ။

www.dhammadownload.com

(ကိလေနိုင်းရာ မအားတာ မျောရှာသံသာပြည်)

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အမြဲလက်သုံး စကားတစ်လုံး ရှိတယ်။ တရားနာပါ၊ တရားကျင့်ပါပြောတဲ့အချိန်မှာ တပည့်တော်တို့ တရားတော့ နာချင်ပါတယ် ဘုရား၊ ဒါပေမဲ့လို့ မနာဖြစ်သေးဘူး၊ မနာနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မအားလို့ပါတဲ့။ တပည့်တော်တို့ တရားတော့ ကျင့်ချင်ပါတယ် ဘုရား၊ ဒါပေမဲ့လို့ မကျင့်ဖြစ်သေးဘူး၊ မကျင့်နိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မအားလို့ပါတဲ့။ မအားဘူးလို့ ပြောတတ်ကြပါတယ်။

တစ်ခါတလေကျရင် ဒကာရင်းတွေ ကျောင်းမရောက်ဘူး။ မတွေ့တာကြာတော့ ရောက်လာတဲ့အချိန်မှာ ဘုန်းကြီးတို့က မေးတယ်။ ဒကာကြီးတို့ ဒကာမကြီးတို့ မတွေ့တာလည်းကြာပြီ၊ မမြင်တာလည်းကြာပြီ၊ ကျောင်းလည်း မရောက်တာလည်း ကြာလှပြီ၊ တရားနာတာလည်းမတွေ့၊ တရားအားထုတ်တာလည်း မတွေ့ဘူး။ ဘာများဖြစ်နေလဲ၊ ဘာများ လုပ်နေလဲဆိုတော့ တပည့်တော်တို့ မအားလို့ဘုရားတဲ့။

ပြောနေကျဆိုတော့ နှုတ်က သွက်နေတာပဲ။ မအားဘူး။ ဘာလို့မအားလဲလို့ အကြောင်းရှာ ကြည့်လိုက်ရင် ကိလေသာက ခိုင်းထားလို့ပါ။ ဟုတ်ပြီလား။ ကောင်းတဲ့ကုသိုလ် အလုပ်တွေ မလုပ်အားအောင် ကိလေသာက ခိုင်းပါတယ်။

မိုးလင်းလည်း မအားပါဘူး။ နေ့လယ်လည်း အားလား၊ မအားပါဘူး။ ညနေလည်း အားလား၊ မအားပါဘူး။ ညကော အားလား၊ မအားပါဘူး။ ဘယ်သူခိုင်းတာလဲဆိုတော့ ကိလေသာခိုင်းတာပါ။ တစ်နေ့လုံး ဘယ်သူခိုင်းတာ လုပ်နေရသလဲ။ ကိလေသာပါ။

ခိုင်းထားမှန်းကော သိလားဆိုတော့ မသိဘူး။ ကိလေသာခိုင်းလို့ တို့မအားဘူးဆိုတာ မသိဘူးနော်။ ကိလေသာဆိုတာ စိတ်ကို ပူပန်အောင် လုပ်တဲ့ သဘော၊ ကိလေသာဆိုတာ ပူပန်စေတတ်တယ်၊ နှိပ်စက်တတ်တယ်။ စိတ်နှလုံးပူပန်အောင် လုပ်နေတာ ကိလေသာပါ။ ကိလေသာက ခိုင်းသမျှ ဘုန်းကြီးတို့ ပရိသတ်က လုပ်နေရင် စိတ်အေးငြိမ်းမှု ချမ်းသာမရပါဘူး။ ကိုယ် စိတ်နှစ်ပါးချမ်းသာခြင်းလည်း မရှိပါဘူး။

www.dhammadownload.com

ဘယ်သူကြောင့်ပါလိမ့်။ ကိလေသာကြောင့်ပါ။

ကိလေသာကြောင့်ဆိုတော့ ကိလေသာသည် ကောင်းကျိုးပေးတာလား မကောင်းကျိုးပေးတာလား။ မကောင်းကျိုးပေးတာပါ။ ကိလေသာ ခိုင်းတာ လုပ်သင့်သလား မလုပ်သင့်ဘူးလား။ မလုပ်သင့်ပါဘူး။ မလုပ်ဘဲနေလား၊ လုပ်နေလား ဆိုတော့ လုပ်နေပါတယ်။

ဘယ်အချိန် အားမလဲ

ဩော် တော်တော်ခက်တာပဲ။ သိသိကြီးနဲ့နော်။ ဒီကိလေသာခိုင်းလို့ တို့မအားဘူး ဖြစ်နေတယ်။ ကောင်းတဲ့ ကုသိုလ်ကိစ္စ တရားလည်း မနာနိုင်ဘူး။ ကိုယ့်ဘဝ အကျပ်အတည်း စိတ်ဆင်းရဲဒုက္ခတွေက လွတ်မြောက်ရာ တရားလည်း မကျင့်နိုင်ဘူး။ ဒီကိလေသာကြောင့် ဒီလိုကိလေသာ ခိုင်းတာနဲ့ မအားမလပ်ဘဲနဲ့သာ နေမယ်ဆိုရင်လည်း တစ်နေ့လည်း မအား၊ တစ်နေ့လည်း မအား၊ ဒီလလည်း မအား၊ နောက်လလည်း မအားဘူး။ ဒီနှစ်လည်း မအားသေးဘူး၊ နောက်နှစ်လည်း မအားသေးဘူး၊ သေမှအားမှာပါ။

တော်သေးတာပေါ့။ သေရင်အားသေးလို့ တော်သေးတယ်။ သူတို့အားတဲ့အချိန် ရှိသေးလို့ တော်သေးတယ်ပြောရမယ်။ တချို့ တရားရိပ်သာရောက်လာတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေပေါ့။ အသက်ကကြီးလာ ခုနစ်ဆယ်ကျော် ရှစ်ဆယ်၊ သူတို့ ရောက်လာတဲ့အချိန်မှာ ဘုန်းကြီးဆီမှာ တရားလာအားထုတ်ကြတယ်။ သူတို့ပြောတဲ့စကား "အရှင်ဘုရား တပည့်တော် ဒီအသက် ဒီအရွယ်ထိ တစ်ခါမျှ တရားရိပ်သာဆိုတာ မဝင်ဖူးပါဘူး၊ တရားလည်း မကျင့်ဖူးပါဘူး"တဲ့။ သူတို့ပြောတဲ့စကားပါ။ ဘုန်းကြီးက သူတို့အရွယ်ကြည့်လိုက်တယ်၊ ခေါင်းလည်း ဖြူနေပြီ။ လူလည်း အိုနေပြီ။ ဒါတောင်မှ တစ်ခါမျှ တရားအားမထုတ်ဖူးဘူး။ တရားလည်း မကျင့်ဖူးဘူး ပြောသေးတယ်။

ဒီအချိန် ဒီအရွယ်ထိ ရောက်နေတာ တရား အားမထုတ်ဖူးဘူး၊ တရားမကျင့်ဖူးဘူးဆိုရင် ကျင့်ဖို့အချိန် မရှိတော့ပါဘူး။

www.dhammadownload.com

ကျင့်ဖို့အချိန်မရှိတော့ဘူး။ ဒီအတိုင်းသာ သေဆုံးကွယ်လွန်သွားမယ်ဆိုရင် ဘဝတစ်ခု နိဂုံးချုပ်မယ်ဆိုရင် သံသရာထဲမှာ မျောနေလိမ့်မယ်။ သံသရာထဲမှာ မျောတာ ကိလေသာခိုင်းလို့ပါ။

ကိလေသာခိုင်းလို့၊ ကိလေသာက မိုးလင်းကနေ မိုးချုပ် ဘုန်းကြီးတို့ ပရိသတ်ကို ခိုင်းတယ်။ ဟိုဟာလေး ရွာပေးပါဦး၊ ဟိုဟာလေး လုပ်စမ်းပါဦးနော်။ ဒါ လိုအပ်နေသေးတယ်။ ဒါ မရှိသေးဘူး။ ဒါ ဖြစ်အောင်လုပ် ဒါရအောင် လုပ်လို့ ခိုင်းပါတယ်။

ခိုင်းတိုင်း ခိုင်းတိုင်းဘုန်းကြီးတို့ ပရိသတ်က တစ်ခါတလေ ငြင်းမယ်လို့ စိတ်တောင် မကူးပါဘူး။

တော်လိုက်ကြတာ။ တစ်ခါမှ ငြင်းမယ်လို့ စိတ်မကူးဘူး။ ကိုယ့်ကိုယ် ကိုယ် ဒီဒုက္ခတွေထဲကနေ ကယ်ရမယ်ဆိုတာကော တစ်ခါတလေများ စိတ်ကူးမိရဲ့လား၊ မကူးမိဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း မကယ်ချင်ဘူး။ ဒုက္ခမှန်းလည်း မသိဘူး။ မဆိုးဘူးလား။

အဲဒီအခြေအနေဖြစ်နေတာတွေကို သဘောပေါက်အောင် သိအောင် ဘာလုပ်ရမလဲ။ တရားများများနာရပါမယ်။ တရားများများ နာတော့မှ ကိုယ့်လုပ်ရပ်သည် ကောင်းမကောင်း မှန်မမှန် သင့်မသင့် ကိုယ်ကိုယ်တိုင် သိလိမ့်မယ်၊ ကိုယ် ဒီဘဝမှာ ဘာတွေ လုပ်သင့်တယ်၊ ဘာတွေပြုသင့်တယ်၊ ဘယ်လို နေသင့်တယ်၊ ဘယ်လို ထိုင်သင့်တယ်၊ ဘယ်နည်း ဘယ်ပုံဆက်ဆံသင့်တယ် ဆိုတာကို တရားက သင်ပေးပါလိမ့်မယ်။

မြတ်စွာဘုရားဟောတဲ့ တရားဆိုတာ ချို့ယွင်းချက် လိုအပ်ချက် ဘာမျှ မရှိဘူး။ ဖြည့်စရာ စွက်စရာ ဘာမျှမရှိဘူး။ ပိုနေတယ်ဆိုတာလည်း မရှိပါဘူး၊ လိုနေတယ်ဆိုတာလည်း မရှိပါဘူး။ အကုန်လုံး ပြည့်စုံပြီးသား။ ဒီဘဝ လက်ရှိကာလမှာ ချမ်းသာရာ ချမ်းသာကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း ကောင်းကျိုးချမ်းသာ အဖြာဖြာရဖို့ကိုလည်း ဘုရားက သွန်သင်ဆုံးမ နည်းလမ်းပြတယ်။ ဒီဘဝအကျိုး ဒီဘဝကနေ နောင်ဘဝပြောင်းတဲ့အခါမှာ နောင်သံသရာအဆက်ဆက်မှာ ကောင်းကျိုးချမ်းသာ ရဖို့ကိုလည်း ဒီတရားတော်ထဲမှာ အကုန်လုံး အပြည့်အစုံရှိတယ်။

www.dhammadownload.com

ဒီဘဝမှာလည်းပဲ ချမ်းသာခြင်း အကျိုးရအောင်၊ နောင်ဘဝတွေမှာလည်း ချမ်းသာသုခတွေရအောင်၊ ဒါတင် မကသေးဘဲနဲ့ ဒီဘဝသံသရာက ထွက်မြောက်ရာ ထွက်မြောက်ကြောင်း နည်းလမ်းကောင်းတွေကိုလည်း ဘုရားရှင်သည် အပြည့်အစုံပေးတယ်။ အဲဒီအဆုံးအမတွေ ဘယ်မှာရှိသလဲ ဆိုတာ ရှာကြည့်ရင် တရားထဲမှာ ရှိပါတယ်။

ဆင်ခြေပေးသူများ

ဒီတော့ ဒီတရားတွေကို ကိုယ်တိုင်ကျက်မှတ်ဖို့ ကိုယ်တိုင်လေ့လာဖို့ သင်ယူဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကိုယ့်မှာ အလုပ်တွေကများ၊ အလုပ်တွေကရှုပ်၊ စားဝတ်နေရေးက ရှိသေးတယ်၊ သားရေးသမီးရေး လူမှုရေးတွေကလည်း ရှိသေးတယ်။ ဘုရားဟောတဲ့ တရားဓမ္မတွေ အပြည့်အစုံ ကုန်စင်အောင် လေ့လာဖို့ဆိုတာ မဖြစ်နိုင်တော့ အလွယ်တကူ နဲ့ သိနားလည်ချင်တယ်ဆိုရင် တရားနာရမယ်။

မသိသေးတာတွေ သိဖို့တရားနာ၊ သိပြီးသားတွေကို စိတ်မှာစွဲမြဲစေဖို့ တရားနာ၊ သိထားပြီးတဲ့ တရားဓမ္မတွေကို ကျင့်ကြံပွားများ အားထုတ်ဖို့ တရားနာပါ။ ဒီကုသိုလ်လုပ်ငန်း၊ ကုသိုလ်အလုပ်တွေ လုပ်နိုင်ရမယ်၊ လုပ်သင့်ပါတယ်၊ လုပ်ရပါမယ်။ ဒါပေမဲ့လို့ မလုပ်ဖြစ်ဘူးဆိုတာသည် ဘာကြောင့်လဲ၊ ကိလေသာကြောင့်ပါ။ ကိလေသာက ရှေ့ကနေ ကာဆီးကာဆီးနဲ့ လုပ်တယ်။ ဟိုအလုပ်တွေ ရှိသေးလို့၊ ဒီအလုပ်တွေ ရှိသေးလို့နော်၊ ဆင်ခြေအမျိုးမျိုးပေးပါတယ်။

(ဆင်ခြေနဲ့သာ အချိန်ကုန်ပါ အပါယ်ရွာရောက်ဦးမည်)

ဆင်ခြေနဲ့ အချိန်ကုန်ကြတယ်။ တရားနာ တရားအလုပ်လုပ် တရားအားထုတ်ပြောပြီဆိုရင် ဆင်ခြေပေးတယ်။ သားသမီးတွေက ငယ်သေးလို့၊ အလုပ်အကိုင်တွေက မအားမလပ်လို့၊ ဟုတ်ပြီလား။ ကလေးတွေက စာမေးပွဲနီးလို့၊ အိမ်မှာ အိမ်စောင့်မရှိလို့၊ ပြောလိုက်တဲ့ ဆင်ခြေတွေ တစ်ခုနှင့်တစ်ခု မထပ်ဘူး။ သူတို့ ဘယ်လိုများ စဉ်းစားပြီးပြောလဲတော့ မသိဘူး။ အဖြေက

www.dhammadownload.com

ဘယ်တော့မျှ မထပ်စေရဘူး။ တစ်မျိုးပြီးတစ်မျိုး တစ်မျိုးပြီးတစ်မျိုး ဟာကွက် မရှိအောင် ဆင်ခြေပေး တတ်တယ်။

ကိုယ့်အတွက် ကိုယ်တရား အလုပ်ကို လုပ်တယ်၊ တရားနာတယ်၊ တရားအကျင့် ကျင့်တယ်။ ဘယ်သူ့အတွက် တရားနာတာလဲ၊ ကိုယ့်အတွက် နာယူတာပါ။ တရားကျင့်တယ်ဆိုတာလည်း ကိုယ့်အတွက်ပါ။ ကိုယ့်အတွက် ကိုယ်မလုပ်ဘဲနဲ့ ဘာလုပ်နေလဲ၊ ဆင်ခြေပေးနေတယ်။ ဆင်ခြေပေးရင်း ပေး ရင်းနဲ့ အချိန်ကုန်သွားတယ်။

ဘဝတစ်ခုဆိုတာ တကယ်ကြည့်ရင် ခဏကလေးပါ။ ဘုန်းကြီးတို့ ဒီလူ့ လောကမှာ နေကြတယ်ဆိုတာ ဘာမျှ မကြာလိုက်ဘူး။ အနှစ်တစ်ရာနေရတဲ့ လူ အတော်ရှားပါတယ်။ တော်တော်ရှားရှားပါ။ အနှစ်တရာနေရဖို့၊ အနှစ်ရှစ် ဆယ်နေရဖို့မလွယ်ပါဘူး။

ဘဝသက်တမ်းသည် အနှစ်ရှစ်ဆယ်၊ တစ်ရာ နေရတာ အကြာကြီးလို့ ထင်ရပေမဲ့ တစ်နေ့ တစ်နေ့ ကုန်သွားလိုက်တာ တဖြုတ်ဖြုတ်နဲ့ ရက်ပေါင်း သုံးဆယ်ဆို တစ်လ၊ ဆယ့်နှစ်လဆိုရင် တစ်နှစ်၊ ဟိုလှည့်ဒီလှည့် ဟိုလုပ် ဒီလုပ်နဲ့ တစ်နှစ်ကုန်သွားပြန်ပြီ။ တစ်နှစ်ကုန်သွားတော့ အသက်တွေက တစ် နှစ်ကြီး၊ တစ်နှစ်ပြီး တစ်နှစ်နဲ့ အချိန်ကုန်လို့ ဒီအရွယ်ကို ရောက်လာကြတော့ ပြန်တွက်ကြည့်ပါ။

အသက်နှစ်ဆယ် ရောက်လာပြီ၊ အသက်သုံးဆယ် ရောက်လာပြီ၊ ငါး ဆယ်၊ ခြောက်ဆယ်၊ ခုနစ်ဆယ် ရောက်လာပြီ။ လွန်ခဲ့တဲ့အချိန်တွေ ပြန် စဉ်းစားလိုက်ရင် အကြာကြီးမဟုတ်ပါဘူး။ ခဏလေးပါ။

ကုန်ခဲ့တဲ့အချိန်က ခဏလေးပါ။ ဘာမျှမကြာလိုက်ဘူး။ အခု အသက် သုံးလေးဆယ် လေးငါးဆယ်ရောက်နေတော့ လွန်ခဲ့တဲ့အချိန် အနှစ်လေး ငါးဆယ်သည် တစ်ခဏလေးဆိုရင် ကျန်မယ့်အနှစ် နှစ်ဆယ်သုံးဆယ် ကလည်း မကြာပါဘူး။ခဏလေး ရောက်လာမှာပါ။

ခဏလေးနဲ့ကို ရောက်လာမှာပါ။ ကိုယ့်ကိုယ်ကိုယ်တောင်မှ သတိ မထားမိလိုက်ဘူး။ ဩော် ... ငါ့အသက် ဒီလောက်ကြီးပါပြီလား။ ငါ့အသက် တွေ လေးဆယ်ကျော်ပြီး၊ ငါ့အသက်တွေ ငါးဆယ်ကျော်ပြီ။ ငါတို့ အသက်

www.dhammadownload.com

တွေ ခြောက်ဆယ်၊ ခုနစ်ဆယ် ရှိနေပြီ။ သတိထားမိလိုက်တဲ့အချိန်မှာ ကိုယ့် ကိုယ်ကိုယ် ဒီလောက်မထင်ပါဘူး။

ဒီလောက်ကြာတယ် မထင်လိုက်ဘူး။ အနှစ်လေးငါး ခြောက်ဆယ် ဘယ်လိုဖြတ်သွားမှန်းတောင် မသိသာလိုက်ဘူး။ ဒီလိုနဲ့သာ အချိန်ကုန်သွား မယ်ဆိုရင် ကုသိုလ်ကောင်းမှုတွေ မလုပ်ဖြစ်ဘဲနဲ့ တရားအားမထုတ်နိုင်ဘဲနဲ့ သေသွားမယ်။ သေလွန်ရင် ဘယ်ရောက်မှာလဲ။ အပါယ်ရောက်မှာပါ။

နှစ်ဆယ့်ငါးနှစ်ကြာအောင် စဉ်းစား

ဘုန်းကြီးတို့နဲ့ ရင်းနှီးတဲ့ ဒကာကြီးတစ်ယောက်ရှိတယ်၊ ဟိုးနယ်ဘက် ကပါ။ အဲဒီမြို့မှာ ဘုန်းကြီးတို့ ဆရာတော်ကြီး ရှိစဉ်ကတည်းက နှစ်စဉ် တရား စခန်း ဖွင့်ပါတယ်။ အခုဆိုရင် တရားစခန်းဖွင့်တဲ့အကြိမ် အစိတ်သုံးဆယ် လောက် ရှိပါပြီ။ ဆရာတော်ဘုရားကြီး မရှိတဲ့နောက်ပိုင်း ဘုန်းကြီးတို့ ဆက် လက်ပြီးတော့ တရားဟော တရားပြပါတယ်။

အဲဒီမှာ ဒကာကြီးတစ်ယောက်က အသက်တော့ကြီးပြီ (၇၀)လောက် ရှိပြီ။ သူက ဘုန်းကြီးကို လျှောက်တယ်။ ဆရာတော်နဲ့လည်း ရင်းနှီးတယ်။ ဆရာတော် ဒီရွာကိုလာပြီးတော့ တရားစခန်း စဖွင့်တဲ့အချိန်က သူ အသက် သိပ်မကြီးသေးဘူး။

"အရှင်ဘုရားတဲ့ တပည့်တော် ဆရာတော် ဒီကိုလာပြီးတော့ တရား စခန်း စဖွင့်ကတည်းကနေ တရားဝင်မယ်၊ တရားအားထုတ်မယ်လို့ စိတ်ကူး တာ စဉ်းစားတာ ဘုရားတဲ့၊ ခု ဆရာတော်ကြီးသာ ပျံတော်မူသွားတယ်။ တပည့်တော် ခုချိန်ထိ အားမထုတ်ဖြစ်သေးဖူးတဲ့"။ သူတို့မြို့မှာ ကျင်းပတဲ့ တရားစခန်းက အကြိမ်နှစ်ဆယ့်ငါးကြိမ်လောက် ရှိပြီ။ သူပြောတဲ့အချိန်က တစ်နှစ်မှ တစ်ခါလုပ်တဲ့ တရားစခန်းက နှစ်ဆယ့်ငါးကြိမ်ဆိုတော့ တွက် ကြည့် နှစ်ဆယ့်ငါးနှစ်ပါ။

စဉ်းစားတုန်း ရှိသေးတယ်။ ဟုတ်လား။ တရားအားထုတ်ဖို့ သူ စဉ်းစား လိုက်တာ ဘယ်လောက်ကြာ နှစ်ဆယ့်ငါးနှစ်ကြာတယ်။ အားထုတ်ဖြစ်လား။ မထုတ်ဖြစ်ပါဘူး

www.dhammadownload.com

ဘုန်းကြီးတို့ပရိသတ်ကော စဉ်းစားတာ ဘယ်လောက်ကြာပြီလဲ၊ နှစ်ဆယ့်ငါးနှစ်တော့ မရှိလောက်သေးဘူး ထင်တယ်။ နှစ်ဆယ့်ငါးနှစ်တိုင်တိုင် သူ စဉ်းစားပြီးတော့ အားထုတ်မယ် အားထုတ်မယ်နဲ့ နှစ်တိုင်းလုပ်နေတာ။ အဲဒါလည်း အားမထုတ်ဖြစ်ဘူး။

"တပည့်တော် အရှင်ဘုရားတို့ လက်ထက်ကျတော့မှပဲ အားထုတ်ဖြစ်မယ် ထင်ပါရဲ့" ဆိုပြီးတော့ ပြောတော့ "ဒကာကြီး ဟုတ်တယ်၊ အချိန်မလွန်စေနဲ့၊ နောက်မကျစေနဲ့။ ကြည့်စမ်း နှစ်ဆယ့်ငါးနှစ်ဆိုတာ တစ်ခဏလေး ကုန်သွားတာ ဘာမှမကြာလိုက်ဘူး။ ဒကာကြီး အဲဒီတုန်းက အားမထုတ်ဖြစ်ရင်လာ အခုလာအားထုတ် လာကျင့်လို့ ဘုန်းကြီးက ခေါ်တယ်"

"လာပါ့မယ် ဘုရား" ဆိုပြီး အဲဒီနှစ်လည်း သူ အားမထုတ်ဖြစ်သေးဘူး။

"နောက်နှစ်ခါကျရင် တပည့်တော် သေချာပါပြီ၊ နောက်တစ်ခါကျရင် တပည့်တော် သေချာပါပြီ၊ နောက်တစ်ခါ အရှင်ဘုရားတို့ တရားစခန်းဖွင့်ရင် တပည့်တော် ရှေ့ဆုံးကနေမယ် တရားအားထုတ်မယ်တဲ့"။

နောက်နှစ်နောက်နှစ် ဘုန်းကြီးတို့ ရောက်သွားတော့လည်း အဲဒီ ဒကာကြီးက အားမထုတ်ဖြစ်သေးဘူး။ ဒီလိုပဲ။ ဟိုအကြောင်းပြ ဒီအကြောင်းပြ ဟိုဆင်ခြေပေး ဒီဆင်ခြေပေးနဲ့ သုံးလေးငါးနှစ် ကြာတယ်။ နောက်နှစ်ဆိုရင် သေချာပါပြီဘုရား။ အဲဒီနှစ်လည်း မလာသေးဘူး။ နောင်တစ်နှစ်လည်း မလာသေးဘူး။

နောင်တစ်နှစ် ဘုန်းကြီးရောက်သွားတဲ့အချိန် တရားစခန်းအကြိမ် (၃၀) မြောက် ထင်တယ်။ အဲဒီကျတော့ ဒီဒကာကြီး မမြင်လို့ မေးကြည့်တယ်။ ဒကာကြီး ဘယ်မှာလဲ တရားအားထုတ်ဖို့ စဉ်းစားနေတာ အနှစ်သုံးဆယ်လောက်ကြာတဲ့ ဒကာကြီး ဘယ်မှာလဲလို့ ရင်းနှီးတဲ့ ဒကာကြီးတွေနဲ့ ခေါ်ခိုင်းတော့ မရှိတော့ဘူး ဘုရားတဲ့။ ဒကာကြီး ဆုံးသွားပြီတဲ့။ စဉ်းစားလိုက်တာ ကြံစည်လိုက်တာ နှစ်ပေါင်းဘယ်လောက်ကြာသလဲ။ တရားအားမထုတ်ဖြစ်ပါဘူး။

တရားအားမထုတ်ဖြစ်ဘဲနဲ့ သေသွားတယ်ဆိုတော့ စဉ်းစားကြည့်ပေါ့။ နေရိုးနေစဉ် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေ ပေါ့ပေါ့ဆဆသာ သေဖြစ်သွားရင် ကောင်းရာရောက်ဖို့ ခဲယဉ်းပါတယ်။

www.dhammadownload.com

ဆင်ခြေနဲ့သာ အချိန်ကုန်သွားမယ်ဆိုရင် အပါယ်ရွာကို ရောက်ကြပါလိမ့်မယ်။ အဲဒါကြောင့် အခု သတိပေးနေတာပါ။ ကိုယ်လုပ်ရမည့်အလုပ်က ကိုယ့်ကိုယ်ကိုယ် ကယ်ရမယ့်အလုပ်ပါ။ တရားနာတဲ့အလုပ်တော့ဖြင့် အခုလုပ်နေပြီ။ တရားနာတဲ့ အလုပ်လုပ်ပြီးရင် နောက်တစ်ဆင့် ဘာလုပ်ရမလဲ၊ တရားကျင့်ရဦးမယ်။

(အိုနာသေဘေး သိပ်မဝေး လွတ်ပြေးလက်ကိုင်ရာရမည်)

အသက်ရှင်နေကြပေမဲ့ အိုဘေး နာဘေး သေဘေးတွေက ဝိုင်းရံနေပါတယ်။ အိုခြင်းတရားတွေ ရှိနေတယ်။နာခြင်းတရားတွေရှိနေတယ်။ သေခြင်းတရားတွေ ရှိနေတယ်။

အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကိုယ့်အနားလေးမှာတင် ဝန်းရံနေကြတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေဆိုတာ ကိုယ့်အနီးလေးမှာပါ။ နီးလွန်းလို့ မမြင်ကြတော့ပါဘူး။ မသိကြတော့ဘူး။ ဘယ်အချိန်အိုလို့ အိုသွားမှန်းတောင် မသိလိုက်တော့ဘူး။ ဘယ်အချိန်မှာ နာမယ်ဆိုတာ မသိနိုင်ဘူး။ ဘယ်အချိန် သေရမယ်ဆိုတာကို မမြင်နိုင်ဘူး။

နီးနေတယ်၊ ကပ်နေတယ်၊ ပြောမယ်ဆိုရင် တစ်နေ့တစ်နေ့ တရွေ့ရွေ့နဲ့ နေ့တိုင်းကို အိုနေတယ်။ ဒီခန္ဓာကြီးသည်လည်း နေ့စဉ်နေ့တိုင်းမှာ နာနေတယ်။ မနာတဲ့နေ့ မရှိဘူး။ ကြီးကြီးကျယ်ကျယ် ရောဂါဝေဒနာတွေကို အသာထားပါ။ ညောင်းညာကိုက်ခဲတယ်၊ ဆာလောင်မွတ်သိပ်တယ်၊ နေရထိုင်ရခက်တယ်၊ ပူလောင်ပင်ပန်းတယ်၊ ဆင်းရဲကျပ်တည်းတယ်။ ခန္ဓာကြီး ဘာဖြစ်နေတာလဲဆိုရင် နာနေတာပါ။ အခု ဟိုဘက်ကနေ ဒီဘက်ပြောင်းရတယ် ဆိုတာ သက်သာလို့လား၊ နာလို့လား၊ နာလို့ပါ။

ကြာကြာမထိုင်နိုင်ဘူး၊ မတ်တတ်ရပ်ပေးရတယ်၊ ကြာကြာမရပ်နိုင်ဘူး၊ လဲလျောင်းနေရတယ်။ ကြာကြာလျောင်းစက်ပြီးတော့ မနေနိုင်ဘူး။ လမ်းလျှောက်ပေးရတယ်။ တစ်နေ့လုံး တစ်မျိုးပြီးတစ်မျိုး ခန္ဓာကို ပြောင်းပြင်နေရတယ်ဆိုတာ နာနေလို့ပါ။

အိုဘေးလည်း ရှိတယ်။ နာဘေးလည်း လည်းရှိတယ်။ ကိုယ်နဲ့ နီးကပ်စွာ ရှိနေတဲ့ သေဘေးကလည်း မဝေးပါဘူး။ ဘုန်းကြီးတို့က အို၊ နာ၊ သေ တရား

www.dhammadownload.com

တွေ ထပ်ကာထပ်ကာပြောနေရတော့ တချို့က "အရှင်ဘုရားတို့ ဟောတဲ့ တရားကလည်း တစ်ခါလာလည်း အိုနာသေ၊ တစ်ခါလာလည်း အိုနာသေ၊ စိတ်ဓာတ်ကျစရာချည်းပဲ ဟောနေတယ် "တဲ့။ စိတ်ဓာတ်ကျစရာလား၊ အမှန်တရားလားဆိုရင် အမှန်တရားပါ။

ဘယ်အချိန် သေမှာလဲ

အမှန်တရားတွေ ပြောနေတာပါ။ တမင်တကာ ခြိမ်းခြောက်နေတာ မဟုတ်ဘူး။ ဘုရားရှင်က မဟုတ်တာတွေ လုပ်ကြံမပြောပါဘူး။ ဖြစ်နေတဲ့ သဘောတရား၊ ဟုတ်နေတဲ့ သဘောတရား၊ အမှန်အတိုင်း အရှိအတိုင်းပြော နေတာပါ။ ဒီခန္ဓာထဲမှာ ရှိနေတာသည် အိုခြင်းတရား ရှိတယ်၊ နာခြင်းတရား ရှိတယ်၊ သေခြင်းတရားရှိတယ်၊ သေခြင်းတရားဆိုတာသည် အချိန်မရွေးလာ နိုင်တယ်။ အချိန်မရွေး ရောက်နိုင်တယ်။ ဘယ်အချိန်ဘယ်အခါမှ သေရမယ်။ အသက်ကြီးမှ သေမယ်။ အသက်ဘယ်လောက်ကျမှ သေမယ်လို့ မသိပါ ဘူး။

ကိုယ်ဘယ်အရပ်ဘယ်ဒေသမှာ သေမယ်ဆိုတာကို မသိပါဘူး။

ဘယ်ရောဂါနဲ့သေမယ်ဆိုတာကိုလည်း မသိပါဘူး။

ဒီခန္ဓာကြီး ရှိတဲ့နေရာဟာ အိုတဲ့နေရာ၊ နာတဲ့နေရာ၊ သေတဲ့နေရာပါ။ ခန္ဓာကြီး ရောက်နိုင်တဲ့နေရာသည် အိုနာသေဘေးမကင်းတဲ့နေရာပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေရှိနေတော့ အိုနာသေ လွတ်အောင် လက်ကိုင်ရှာ ရမယ်။ အိုနာသေ လွတ်ကင်းနိုင်အောင် ဘုန်းကြီးတို့ လက်ဆုပ်လက်ကိုင် ပြုစုရာ အားကိုးအားထားပြုစုရာကို ရှာထားရမယ် အားကိုးရှာရမယ်။

စဉ်းစားကြည့်ရင် တရားမရှိတဲ့သူဟာ အားငယ်စရာပါ။ တချို့ ဘဝ နောက်ဆုံးချိန် ဘဝနိဂုံးချုပ်ခါနီးအချိန် ဘုန်းကြီးတို့ကို သတိရလို့ ပင့်ကြတာ ရှိပါတယ်။ အဲဒီအခါမျိုးမှာ သွားရောက်ရတော့ အမျိုးမျိုး တွေ့ရတယ်။ တချို့ သေခါနီးအချိန်ကျရင် ကြောက်အားလန့်အားနဲ့ ကြောက်လန့်ပြီး သေရတာ လည်း ရှိတယ်။ တချို့က ကုန်ဆေးမပျက် အပြုံးလေးနဲ့ သေသွားတာလည်း ရှိတယ်။ ဆေးရုံတွေဘာတွေ၊ ဆေးခန်းတွေဘာတွေ ရောက်တဲ့အခါမှာ အမျိုး

www.dhammadownload.com

မျိုး အဖုံဖုံ တွေ့ရတတ်တယ်။ ကြောက်အား လန့်အားနဲ့ သေရတယ်ဆိုတဲ့ အဓိပ္ပာယ်က သူမှာ အားကိုးမရှိလို့ပါ။

အားကိုးမရှိတဲ့အတွက် ဘေးကလူတွေကို "ကယ်ပါဦး ယူပါဦး။ အမေ ကယ်ပါ၊ အဖေကယ်ပါ၊ ငါ့သားရေ ကယ်ပါဦး၊ သမီးရေ ကယ်ပါဦး" တဲ့ အော်နေ ဟစ်နေတာ အားကိုးမရှိလို့ပါ။

အားကိုးမရှိတော့ သေရမှာ ကြောက်တယ်။ ကြောက်အားလန့်အားနဲ့ ကြောက်လန့်စိတ်နဲ့ သေဆုံးကွယ်လွန်သွားပြန်တော့ ကောင်းရာရောက် မလား၊ မကောင်းရာရောက်မလား။ မကောင်းရာ ရောက်မှာသေချာတယ်။

ဘယ်မှသွားပြီးတော့ ဗေဒင်မေးစရာလည်း မလိုဘူး။ နတ်မေးစရာ လည်း မလိုဘူး။ လူတစ်ယောက် ဘဝနိဂုံးချုပ်တဲ့အချိန်မှာ အကဲခတ်ကြည့်ရင် ရှေ့ဘဝ သူ ဘယ်လိုဖြစ်မယ်။ ဘယ်သွားမယ်ဆိုတာ မှန်းလို့ ရတယ်။ အားကိုး မရှိလို့ ကြောက်အားလန့်အားနဲ့ သေရမယ်ဆိုရင် မကောင်းရာကို သွားဖို့များ တယ်။

တချို့ကတော့ဖြင့် အဲဒီလိုမဟုတ်ဘူး။ သေလို့သေသွားမှန်းတောင် မသိဘူး။ ညင်ညင်သာသာလေး တိတ်တိတ်ဆိတ်ဆိတ်လေး မျက်နှာလေး ကလည်း ကြည်လင်လို့ အေးချမ်းလို့ အော်ဟစ်ညည်းညူတာလည်း မရှိဘူး၊ ကယ်ပါယူပါလို့ တောင်းပန်တာလည်း မရှိဘူး။ အဲဒီလူတွေ အပြုံးမပျက် ဘာ ကြောင့်သေနိုင်တာလဲဆိုရင် တရားအားကိုးရှိလို့ပါ။

ဒီတော့ တစ်ဘဝလုံးအတွက် အားကိုးစရာသည် တရားမှတစ်ပါး အခြား မရှိပါဘူး။ လူတိုင်းအတွက် အားကိုးစရာက တရားပါ။

တချို့နာထားပြီးတဲ့ တရားဓမ္မကို အားကိုးတယ်၊ နာကြားထားတဲ့ တရား တွေ ဒီအချိန်မှာ ပြန်နှလုံးသွင်းပြီးတော့ အားကိုးတယ်၊ တချို့က ကျင့်ထားတဲ့ တရားဓမ္မတွေကို အားကိုးတယ်၊ အရေးကြီးတဲ့အချိန် ဘဝနိဂုံးချုပ်ခါနီးအချိန် မှာ သူသည် တရားနှလုံးသွင်းနေတယ်၊ တရားကျင့်တယ်။ သေခြင်းတရား ရင်ဆိုင်ရတာခြင်းအတူတူ တရားရှိတာနဲ့ မရှိတာ အများကြီးကွာသွားပါ တယ်။ တရားရှိတဲ့သူရဲ့ သေခြင်းသည် ကောင်းသောသေခြင်း၊ တရားမရှိတဲ့ သူရဲ့သေခြင်းသည် မကောင်းသော သေခြင်းပါ။

www.dhammadownload.com

သေတာတော့ဖြင့် သေမှာပါ။ တရားအလုပ်ကိုလုပ်လည်းအချိန်ကျရင် သေမှာပဲ၊ တရားအလုပ်မလုပ်လည်း သေရမှာပါပဲ။ သေရတာခြင်း အတူတူ သေပုံသေနည်းခြင်း မတူပါဘူး။ အားကိုးရှိပြီးတော့ သေတဲ့သူသည် ကောင်းရာ သုဂတိကို ရောက်မယ်။ အားကိုးမရှိဘဲနဲ့ ကြောက်လန့်တကြား သေတဲ့လူသည် မကောင်းရာကို ရောက်မယ်။ သေသွားပြီးတဲ့အခါမှာ သွားရမယ့်လမ်း၊ ရောက်ရမယ့်နေရာ မတူတော့ပါဘူး။

အဲဒီတော့ အားကိုးစရာကို ဘယ်မှာရှာမလဲ၊ တရားမှာရှာလိုက်ပါ။

အခု ကိုယ်နာယူနေတဲ့ တရားကလည်း ကိုယ့်ရဲ့အားကိုးရာ။ ကိုယ်ကျင့်ထားတဲ့ တရားဓမ္မကလည်း ကိုယ့်ရဲ့ အားကိုးရာပါ။ အားကိုးရာ အစစ်အမှန် ရှိတဲ့သူက ကြောက်ခြင်း၊ လန့်ခြင်း၊ ကင်းပါတယ်။

အိုနာသေဘေးတွေ သိပ်မဝေးပါဘူး၊ အိုနာသေဘေးတွေ ကပ်နေတယ် အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေသည် ကိုယ့်ဆီကို ချဉ်းနင်းဝင်ရောက်နေပါပြီ။ဘယ်အချိန် သေရမယ်၊ ဘယ်နေရာ သေရမယ် ဘယ်လိုပုံစံနှင့် သေမယ်ဆိုတာကို မသိကြတော့ မသေခင်မှာ ကြိုတင်ကာ တရားရှာရပါမယ်။

သေခါနီးကျတော့မှ တချို့က အူယားဖားယားနဲ့ တရားနာချင်တယ်။ အပြေးအလွှား တရားနာချင်တယ်။ ဝေဒနာက နှိပ်စက်၊ ရောဂါကဖိစီး ဘယ်လောက်ပဲ ဟောပြဟောပြ၊ ဘယ်လောက်ပဲ ပြောပြ ပြောပြ နားဝင်နိုင်ဖို့ ခက်ပါတယ်။ ကြိုတင်လုပ်ရမယ့်အလုပ်ကို အရေးတကြီး ဖုတ်ပူမီးတိုက်လုပ်တော့ အဆင်မပြေပါဘူး။ တချို့ သေခါနီးချိန်ကျမှ တရားအားထုတ်ချင်လိုက်တာ၊ တရားအားမထုတ်မိတာ မှားလေခြင်း၊ ကုသိုလ်အလုပ်တွေကို အားပါးတရ မလုပ်ခဲ့မိတာ မှားလေခြင်း၊ နောင်တတွေရပြီးတော့ စိတ်မကောင်းတွေ ဖြစ်ကြတယ်။ အချိန်က လွန်နေတော့ ကယ်လို့မရတော့ပါဘူး။ အိုဘေး၊ နာဘေး၊ သေဘေးဆိုတာ တကယ်ရှိတယ်လို့ လက်ခံရင် အိုနာသေဘေးတွေက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှာရပါမယ်။

www.dhammadownload.com

ကံနှင့်ဉာဏ် လက်ကိုင်

(ဉာဏ်လက်ကိုင်သာ မရှိပါ ကံစီမံရာ သွားရမည်)

လူတစ်ယောက်မှာ အားကိုးအားထားပြုစရာ အမှီသဟဲပြုစရာ ကံရယ်၊ ဉာဏ်ရယ်လို့ နှစ်မျိုးရှိတယ်။ သာမန်အားဖြင့် အားကိုးနေကြတာက ကံကို အားကိုးတယ်။

တို့မှာ ဒါနကောင်းမှုတွေ ပြုထားတယ်။ အလှူအတန်းတွေ လုပ်ထားတယ်။ တချို့က ငါတို့ကတော့ဖြင့် ကောင်းကောင်းနေခဲ့တယ်။ မကောင်းတာ မဟုတ်တာတွေ ဘာမျှမလုပ်ဘူး။ ဘာမျှမပြောဘူး။ စိတ်ကောင်း စေတနာကောင်းတွေ ထားတယ်လို့ ကိုယ်ကျင့်သီလကို အားကိုးတယ်။ အားကိုးကြတဲ့ ဒါန၊ စေတနာ၊ သီလ စေတနာက ကံပါပဲ။

အခုတရားမမွေကို နာယူတယ်၊တရားမမွေကို ကျင့်ကြံတယ်ဆိုတာက ဉာဏ်အလုပ်ပါ။ တရားအားထုတ်တယ်ဆိုတာ ဉာဏ်နှင့်လုပ်ရတာ၊ အသိဉာဏ်နှင့်လုပ်ရတာပါ။ တရားနာတယ်ဆိုတာ ထိုင်နေရုံနှင့် မပြီးပါဘူး။ သေသေချာချာစူးစိုက်ကာ နာယူရတယ်။ စိတ်ပါဝင်စားစွာနဲ့ နာယူရတယ်။ မှတ်မှတ်သားသား ရှိနေရတယ်။ တရားနာတယ်ဆိုတာ ဉာဏ်အလုပ်ပါ။ တရားအားထုတ်တာလည်း ဉာဏ်အလုပ်ပါ။

လူတွေမှာ အားနည်းချက်က အလုပ်တွေများတယ်။ မိုးလင်းကနေ မိုးချုပ် တကုပ်ကုပ်နဲ့ လုပ်နေရတာ၊ စဉ်းစားကြည့်ရင် ဉာဏ်အလုပ်မပါဘူး။ ကံအလုပ်တွေ များပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံမျိုးစုံကို ပြုနေကြတယ်။ လူတွေ မေးကြည့်လိုက်ရင် ကံကောင်းအောင် လုပ်နေတာလား။ ဉာဏ်ကောင်းအောင် လုပ်နေတာလားဆိုရင် ဘယ်လိုပြောမလဲ။ကံကောင်းအောင်ပဲ လုပ်နေတာပါ။

ကံကောင်းချင်လား၊ ဉာဏ်ကောင်းချင်လားဆိုရင် ကံပဲ ကောင်းချင်ကြပါတယ်။

သူတို့က အခုမှ ဉာဏ်ကောင်းချင်နေတာနော်။ ကံကောင်းအောင်ပဲ လုပ်နေကြတာလေ။ တို့ကံတွေ နိမ့်နေကြတယ်။ ကံကောင်းအောင် ဘာလုပ်ဦးမှလဲ။ ဟုတ်ပြီလား။ ဘုရားရှိခိုးတာလည်း သူတို့ ကံကောင်းချင်လို့။ အလှူ

www.dhammadownload.com

အတန်းတွေ လုပ်နေတာလည်း ကံကောင်းချင်လို့။ ကံဇာတာ နိမ့်နေတယ်။ ကုသိုလ်ကောင်းမှုတွေလုပ်မှဆိုပြီးကုသိုလ်လုပ်တာလည်းကံကောင်းအောင်လို့ပါ။

ကံကိုသာ အားကိုးနေကြတယ်။ ဉာဏ်ကိစ္စကျတော့ တော်တော်ကြီးနည်းပါတယ်။ ခု တရားနာတယ်။ တရားအားထုတ်တယ်ဆိုတာ ဉာဏ်အလုပ်ပါ။ ဉာဏ်အလုပ်ကျတော့ နေ့တိုင်းမလုပ်ဖြစ်ပါဘူး။ကံအလုပ်က မလုပ်တဲ့နေ့မရှိဘူး။

ကိုယ့်မှာ ပြန်တွက်ကြည့်လိုက်ရင် ဒီဘဝသက်တမ်း တစ်လျှောက်မှာ ငါတို့လုပ်ခဲ့တဲ့ အလုပ်တွေသည် ကံအလုပ်တွေသာ များနေတယ်။ အားကိုးစရာလက်ကိုင်စရာလက်ကိုင်ပြုစရာကံရှိလား၊ဉာဏ်ရှိလား၊ကံပဲရှိနေတယ်။ လက်ရှိအချိန်မှာ ကံပဲ ရှိတယ်။ ကံရှိတော့ ကံက စီမံပါလိမ့်မယ်။ ရှိတဲ့ကံက စီမံမယ်။ လက်ကိုင်ပြုစရာအနေနဲ့ ကံကိုသာ လက်ကိုင်ပြုတော့ ကံက စီမံမယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုး၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးပါမယ်။

အကျိုးပေးတွေကို ကံကပေးတာပါ။ ချမ်းသာအောင် ဆင်းရဲအောင်လည်း ကံကလုပ်ပေးတာပါ။ အဆင့်အတန်းမြင့်မြင့်နဲ့ အဆင်ပြေပြေ နေနိုင်အောင်လည်း ကံက ဖန်တီးပေးပါတယ်။ ဒုက္ခ၊ သုခတွေနဲ့ ကျပ်တည်းအောင်လည်း ဘယ်သူဖန်တီးတာလဲဆိုရင် ကံက ဖန်တီးတာပါ။

မနေ့ကလည်း ဘုန်းကြီးပြောခဲ့တယ်။ ဗုဒ္ဓဘာသာဝင် အဆင့်သုံးဆင့်မှာ ကံကောင်းအောင် လုပ်သည့်အဆင့်သည် မူလတန်းအဆင့်ပဲ ရှိသေးတယ်။ ငါတို့ ကောင်းတာ လုပ်ရမယ်၊ ကုသိုလ်ကောင်းမှုတွေ ပြုရမယ်လို့ ကံကို ပြုနေတဲ့အဆင့်က အခြေခံအဆင့်ပဲ ရှိသေးတယ်။ မူလတန်းပဲ။ အလယ်တန်းနှင့် အထက်တန်းကတော့ဖြင့် ဘာလုပ်ရမလဲလို့ ကြည့်ရင် ဉာဏ်အလုပ်ပါ။

လက္ခဏာရေးသုံးပါးကို သိနားလည်တာ အသိဉာဏ်။ သစ္စာလေးပါး အသိတရားကို သိနားလည်တာ အသိဉာဏ်။ ဒီတော့ ပြန်ပြီးကောက်ချက်

www.dhammadownload.com

ချကြည့်ရင် ကိုယ့်မှာ မည်မည်ရရ အားကိုးစရာ ဉာဏ်ဆိုတာ ဘာမျှမရှိသေးပါဘူး။

အသိဉာဏ်ကို အားကိုးမယ်။ ကိုယ့်အသိဉာဏ်ကို အားကိုးမယ်။ ပြန်ရှာကြည့် အားကိုးစရာ အားထားစရာမရှိပါဘူး။

ဘာတွေပဲ များနေလဲ၊ ကံတွေသာလျှင် များနေတယ်။ ဉာဏ်လက်ကိုင်မရှိတဲ့သူသည် ကံစီမံရာ သွားရမယ်။ ကံစီမံတဲ့အတိုင်း မြုပ်လိုက်၊ ပေါ်လိုက် သံသရာထဲမှာ လည်နေရမယ်။ သံသရာရေပြင်ကျယ်မှာ မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့် ငုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်နဲ့ ကျင်လည်ကျက်စားသွားနေရတာ ကံက စီမံတာပါ။ အခု လူဖြစ်ပြန်ပြီ။ တော်နေကြာ နတ်ဖြစ်ပြန်ပြီ၊ တော်နေကြာ တိရစ္ဆာန်ဖြစ်ပြန်ပြီ၊ အပါယ်ငရဲကျပြန်ပြီ၊ အမျိုးမျိုးအဖုံဖုံ စီမံနေတာ ကံက စီမံတာပါ။

နိဗ္ဗာန်ကိုပို့မှာ ဉာဏ်

ရှင်းရှင်းပြောမယ်ဆိုရင် ကံက နိဗ္ဗာန်ကို မပို့နိုင်ပါဘူး။ ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကို ဉာဏ်ကပို့မှာပါ။ မကောင်းတဲ့ အို၊ နာ၊ သေတရားတွေက လွတ်မြောက်အောင် ဉာဏ်က ကယ်မှာပါ။

ကံက တကယ်တမ်း မကယ်နိုင်ပါဘူး။

ကံကောင်းတွေက ထောက်ပံ့လို့ လူချမ်းသာ ဖြစ်ပါတယ်၊ နတ်ချမ်းသာ ဖြစ်ပါတယ်၊ ပညာတွေလည်း တတ်တယ်၊ စည်းစိမ်ဥစ္စာတွေလည်း ပြည့်စုံတယ်။

ဒါပေမဲ့ ဒီကံသတ္တိ၊ ကံရဲ့အစွမ်းကုန်ရင် ပြန်ဆင်းလာတယ်။ နတ်ပြည်လောက ဘုံဗိမာန်တွေနဲ့ အမျိုးမျိုးနေရ၊ လူပြည်လောကမှာ ဘာမျှ လိုလေသေးမရှိ မတောင့်မတ မကြောင့်မကြနဲ့နေရ၊ ကံပေးလို့ ကံကုန်သွားတဲ့အချိန်ကျတော့ ဒုံရင်း ဒုံရင်းကို ပြန်ရောက်ပါတယ်။ မူလကို ပြန်သွားမယ်။ တကယ်တမ်း အားကိုးရမှာက ဉာဏ်ကို အားကိုးရမှာပါ။

(ဉာဏ်စီမံရာ လိုက်မှသာ အိုနာသေက လွတ်လေမည်)

www.dhammadownload.com

ကံစီမံတာကိုလိုက်ရင် အိုနာသေလမ်းပါ။သံသရာလမ်းကို ကံက စီမံတယ်။ စီမံတဲ့ကံသည် အများကြီး ရှိပြီးနေပါပြီ။ အလုံအလောက် ရှိပြီးသားပါ။ ကောင်းတဲ့ကံတွေ မြောက်မြားစွာရှိနေတဲ့အတွက် ကောင်းကျိုးကိုလည်း ရမယ်။ မကောင်းတဲ့ကံတွေလည်း မြောက်မြားစွာ ရှိနေတဲ့အတွက် ဆိုးကျိုးကိုလည်း ရမယ်။ ကောင်းတစ်ခါ ဆိုးတစ်လှည့်နဲ့ သံသရာလည်မှာက အသေအချာပါ။

သံသရာလည်နေသေးသမျှ ခန္ဓာရနေတယ်ဆိုရင် အိုနာသေမှာလည်း ကျိန်းသေဖကန်ပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေ သေချာပါတယ်။ ကံစီမံနေတဲ့ ဒီဆင်းရဲဒုက္ခတွေကနေ လွတ်မြောက်အောင် လမ်းပြကယ်တင်မှာ ဉာဏ်က ကယ်လိမ့်ပါမယ်။

ဒီအသိဉာဏ်တွေ ပေါ်လာဖို့ တရားနာရမယ်။ တရားနာတယ်ဆိုတာ နားထောင်ကောင်းရုံ နာရတာ မဟုတ်ဘူး။ ရယ်စရာမောစရာတွေနဲ့ ပျော်ရအောင် နာရတာ မဟုတ်ဘူး။ အလွမ်းအဆွေးတွေနဲ့ လွမ်းရဆွေးရအောင် နာတာလည်း မဟုတ်ဘူး။ အသိဉာဏ်ရအောင် နာရမှာပါ။

ကိုယ့်ရဲ့အသိဉာဏ်က ကိုယ့်ကို စီမံလိမ့်မယ်၊ ကိုယ့်ကို ကယ်တင်လိမ့်မယ်။ ဒီဉာဏ်ကို အခြေခံကာ ဆက်လက်သွားရမှာက တရားကျင့်ဖို့ပါ။ တရားကျင့်ကြံအားထုတ်တော့ ဒီခန္ဓာ၊ ဒီရုပ်၊ ဒီနာမ်ရဲ့အမှန် သဘာဝရုပ်နာမ်သဘောကို သိအောင် လေ့လာတယ်၊ အားထုတ်တယ်။သိလာပြီ။ ဒီရုပ်တရား ဒီနာမ်တရားတွေသည် မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူးလို့ သိလာရင် လက္ခဏာသုံးပါးကိုသိရင် အလယ်တန်းအဆင့် ရောက်ပါမယ်။

ဆက်လက်ကျင့်ကြံ၊ ပွားများအားထုတ်တော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါးကိုသိရင် အထက်တန်းအဆင့်ပါ။

ဒီတော့ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ မိရိုးဖလာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ တို့မကောင်းတာ မလုပ်ဘူး၊ ကောင်းတာပဲ လုပ်တယ်။ ကောင်းတဲ့အလုပ်တွေ တို့ ကြိုးစားနေတာပဲ။ လုပ်ကိုင်နေတာပဲဆိုတာလောက်နဲ့တင် ရပ်နေရင် မူလတန်းကနေ မတက်လာနိုင်ပါဘူး။

www.dhammadownload.com

သတိထားပါ။ မူလတန်းနဲ့တင် ကျောင်းထွက်မသွားရပါစေနဲ့။ နောက်တစ်ဆင့် အလယ်တန်းတက်ရဦးမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိမြင်တဲ့ ဉာဏ်သည် အလယ်တန်းအဆင့်ကို ရောက်ပြီ။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တယ်ဆိုရင် အထက်တန်းအဆင့်ကို ရောက်ပါလိမ့်မယ်။ ဉာဏ်စီမံရာလိုက်ရင် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေ ကင်းမယ်။ အိုနာသေက လွတ်ပါလိမ့်မယ်။ အိုနာသေ တရားတွေ လွတ်အောင်ကယ်မှာက တရားက ကယ်မှာပါ။

ကိုယ်နာယူနေတဲ့တရားသည် ကိုယ့်ကိုကယ်မည့် တရားဖြစ်ရမယ်။

တရားနာတယ် ဆိုတာ၊ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့။ နာပြီးတဲ့တရားကို ကျင့်ကြံပွားများ အားထုတ်နေတာ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့ မမေ့ပါစေနဲ့။ ကိုယ့်ရဲ့ကယ်တင်ရှင်သည် ကိုယ်သာလျှင် ဖြစ်ပါတယ်။ တရားတွေကို နာဖို့ဆိုတာလည်း ကိုယ်တိုင်နာမှ ဖြစ်မယ်။ ကျင့်ဖို့ဆိုတာလည်း ကိုယ်တိုင် ကျင့်မှ ဖြစ်မယ်။ ကိုယ်တိုင်ကျင့်မှ ရမယ်။ သူများကျင့်ပေးလို့ မရပါဘူး။

တရားနာတာ သူများနဲ့ အင်္ဂါးနာလို့ မရပါဘူး။

ကိုယ်တိုင်လေ့လာ ကိုယ်တိုင်နားထောင် ကိုယ်တိုင်သင်ယူ ကိုယ်တိုင် ကျင့်ကြံပွားများအားထုတ်တဲ့တရားသည်သာလျှင် ကိုယ့်ကို ကယ်တင်ပါလိမ့်မယ်။ ကိုယ့်ရဲ့ကယ်တင်ရှင်ဖြစ်တဲ့ တရားကို မလေးစားဘူး၊ အားမကိုးဘူးဆိုရင် အားမထားဘူးဆိုရင် ကိုယ့်မှာ ကိုယ်ကျိုးနည်းလိမ့်မယ်။

တရားနာတာသည် ကိုယ့်အကျိုးပါ။

တရားအားထုတ်တယ်ဆိုတာလည်း ကိုယ့်အကျိုးပါ။

ကိုယ့်အကျိုး ကိုယ့်အတွက်လို့ သိရှိအောင်လို့ အသိပေးတဲ့တရား၊ ကိုယ်သာလျှင် ကိုယ့်ရဲ့ ကယ်တင်ရှင်လို့ သိအောင် ဟောပေးတဲ့တရားပါ။ ဒီတရားဒေသနာ နာကြားပြီးတော့ ငါတို့မှာ လုပ်စရာတွေ မပြီးသေးဘူး။ ဒီအတိုင်း သားရေး သမီးရေး စီးပွားရေး၊ ကြီးပွားရေး လူမှုရေးတွေနဲ့သာ အချိန်ကုန်လို့တော့ မဖြစ်သေးဘူး။ ဆင်ခြေတွေပေးပြီးတော့ တရားမကျင့်ဘဲနဲ့ နေလို့မရသေးဘူး။ တရားအားမထုတ်ဘဲ နေလို့တော့ မတော်သေးဘူးလို့ နားလည်သဘောပေါက်ရမှာပါ။

www.dhammadownload.com

စမ္မအစ္စမ်ိး အံ့မခန်း

တရားဓမ္မရဲ့စွမ်းရည်သတ္တိ၊ တရားတော်ရဲ့စွမ်းအားသည် မည်မျှကြီးမား တယ်ဆိုတာ သိစေချင်ပါတယ်။ တရားတော်ရဲ့ အစွမ်းသတ္တိသည် ကြီးကျယ် ခမ်းနား များပြားလွန်းတဲ့အတွက်ကြောင့်မို့ တရားအားကိုးသူတွေ၊ တရားမှီခို သူတွေ၊ တရားနဲ့ထိတွေ့ဆက်စပ်တဲ့သူတွေမှာ ကောင်းကျိုးချမ်းသာ အဖြာဖြာ ဖြစ်ကြပါတယ်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များက သရဏဂုံ ခံယူဆောက်တည်ကြပါ တယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဘုရားကိုးကွယ်ပါတယ်၊ တရားကိုးကွယ်ပါတယ်၊ သံဃာကိုးကွယ်ပါ တယ်ဆိုရာမှာ ဓမ္မံ သရဏံ ဂစ္ဆာမိ တရားတော်ကို ဘာကြောင့် အားကိုး အားထားပြုရသလဲ၊ တရားတော်ကို အားကိုးမှီခိုသမှု ပြုရတဲ့အကြောင်းကို သိစေချင်တာလည်း ပါပါတယ်။

တရားတော်ကို အားကိုးအားထား မှီခိုသမှု ပြုရတဲ့အကြောင်း နှစ်ချက် ကို မြင်လိုက်ပါတယ်။

www.dhammadownload.com

ဘဝကန္တာရဥတ္တရနေန အဿာသဒါနေန။

ဘဝကန္တာရ ဥတ္တရနေန - ဘဝတည်းဟူသော သံသရာခရီးကြမ်းကနေလည်း ထုတ်ဆောင်ပေးတတ်တာက တစ်ကြောင်း၊

အဿာသဒါနေန - ဘဝလမ်းကြမ်း လျှောက်လှမ်းနေတဲ့ သူတွေကို သက်သာရာ သက်သာကြောင်း အေးငြိမ်းချမ်းသာမှုကို ပေးတာကတစ်ကြောင်းလို့ အကြောင်းနှစ်ချက် ရှိပါတယ်။

ဘဝခရီးခဲကြီးကနေထုတ်ဆောင်ကယ်တင်ပေးတတ်လို့လည်းတရားတော်ကို အားကိုးအားထားမှီခိုကြတယ်။

သံသရာကနေ မထွက်နိုင်ကြသေးတဲ့အချိန်မှာ ဘဝလမ်းကြမ်းလျှောက်လှမ်းနေတဲ့အချိန်မှာလည်း ပူပန်ခပ်သိမ်းကင်းငြိမ်းပြီးတော့ ကောင်းကျိုးချမ်းသာ အေးငြိမ်းသက်သာခြင်းတွေကို ပေးတတ်တယ်။ ကိုယ်စိတ်နှစ်ဖြာ ပူလောင်ပင်ပန်းနေတဲ့သူတွေကို အေးငြိမ်းချမ်းသာစေတတ်လို့လည်း တရားတော်ကို အားကိုးအားထားမှီခိုကြတယ်။

တရားမမွေရဲ့ စွမ်းရည်သတ္တိကို တရားဂုဏ်တော်တစ်ပါးဖြစ်တဲ့ သွာက္ခာတဂုဏ်တော်မှာ အထင်အရှား ကြည်ညိုနိုင်ပါတယ်။

သွာက္ခာတော - ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော်ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။

ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ တရားမမွေတွေသည် ကြားနာရုံပင် အပူစင်၍ လက်တွေ့ကျင့်ကြံ အားထုတ်တာတွေ ခဏထားလိုက် လက်တွေ့ကျင့်ကြံအားထုတ်တဲ့ အပိုင်းအခန်းဆီ မရောက်သေးဘူး။ တရားမမွေ နာကြားတဲ့ အဆင့်လောက်ပဲ ရှိသေးတယ်ဆိုရင်တောင် အပူသောကကင်းစင် သွားစေပါတယ်။

တရားနာရကျိုး

တရားနာရတဲ့အကျိုး ငါးချက်မှာ တစ်ချက်ကို သတိထားမိလိမ့်မယ်။

စိတ္တမဿ ပသီဒတိ။

www.dhammadownload.com

အသ - ထိုတရားဓမ္မကို နာယူသောသူ၏၊ စိတ္တံ - စိတ်သည်၊ ပသီဒတိ - ကြည်လင်ငြိမ်းချမ်း၏။

တရားနာရင် စိတ်ကြည်လင်တယ်။

တရားနာယူလိုက်ရင် စောစောက နောက်ကျိနေတဲ့စိတ်တွေ၊ မသန့်ရှင်းတဲ့စိတ်တွေ ကြည်လင်သွားတယ်၊ ငြိမ်းချမ်းသွားတယ်၊ အေးချမ်းသွားတယ်။ တရားရဲ့အစွမ်းပါ။

တရားဓမ္မရဲ့အစွမ်းသတ္တိက ကြားနာရုံပင် အပူစင်၍ ကျင့်လျှင် ချမ်းသာတယ်။

နာကြားတဲ့အဆင့်ကနေ တစ်ဆင့်တက် လက်တွေ့ကျင့်သုံးကြည့်ရင်လည်း ချမ်းသာတဲ့အရသာ၊ ချမ်းသာမှုကိုပေးတတ်တဲ့ တရားဓမ္မပါ။

ကျင့်ပြီးတဲ့အခါမှာလည်း လွန်စွာငြိမ်းချမ်းပါတယ်။ ပေါက်ပေါက်မြောက်မြောက် မဂ်ဖိုလ်ဆိုက်တဲ့အထိကို ကျင့်ကြံအားထုတ်ပြီးသွားပြီဆိုတဲ့ ပုဂ္ဂိုလ်များ၊ ကိလေသာခပ်သိမ်း ငြိမ်းနေတဲ့အတွက်ကြောင့် လွန်စွာငြိမ်းချမ်းကြပါတယ်။

မကျင့်ခင် တရားနာစဉ်မှာလည်း အပူငြိမ်း၊ ကျင့်ကြံအားထုတ်နေတဲ့အချိန်မှာလည်း ချမ်းသာ၊ ကျင့် ပြီးတဲ့ နောက်ပိုင်းမှာလည်း လွန်စွာအေးငြိမ်းချမ်းသာတာသည် တရားရဲ့ အစွမ်းပါ။ ဒီလောက်တောင်မှ အစွမ်းထက်မြက်နေတဲ့ တရားတော်ဆိုတော့ စိတ်ရောကိုယ်ပါ နစ်မြုပ်ပြီးတော့ တရားတော်ကို အားကိုးသင့်တယ်၊ တရားတော်ကို အားထားသင့်တယ်၊ တရားတော်ကို မှီခိုသင့်တယ်၊ တရားတော်ကို ဆည်းကပ်သင့်ပါတယ်။

နောက်ပြီးတော့ *ဓမ္မံ သရဏံ ဂစ္ဆာမိ* - တရားတော်ကို အားထားကြည်ညိုု မှီခိုကြ၊ တရားဓမ္မနဲ့ ထိတွေ့ဆက်ဆံရတဲ့ ပုဂ္ဂိုလ်တွေသည် အသိအမြင်တွေ ပြောင်းသွားတယ်။ အတွေးအခေါ်အယူအဆတွေ ပြောင်းသွားတယ်။

တစ်ခါတလေကျရင် အရပ်ထဲမှာ တချို့သူတွေ သိပ်ကိုဆိုးသွမ်းသောင်းကျန်းနေရာကနေ အမူအကျင့် ဓလေ့စရိုက်တွေ ဆန့်ကျင်ဘက်လုံးလုံးကြီးကို ပြောင်းသွားတဲ့အခါ "ဘာကြောင့် သူ ပြောင်းသွားသလဲ" လို့ သတိထားကြည့်လိုက်ရင် တွေ့လိမ့်မယ်။ တရားနဲ့ ထိတွေ့မိလို့ပါ။ မယဉ်ကျေး

www.dhammadownload.com

တဲ့သူတွေ တရားနဲ့ဆက်စပ်တဲ့အခါ ယဉ်ကျေးလာတယ်။ ကြမ်းတမ်းတဲ့သူတွေ သိမ်မွေ့နူးညံ့လာတယ်။ ပူလောင်ပင်ပန်းနေတဲ့သူတွေ ပူလောင်ခပ်သိမ်းကင်းငြိမ်းသွားတယ်ဆိုတဲ့ အကျိုးအာနိသင်တွေ ရှိပါတယ်။

အဲဒီအကြောင်းလေးတွေကို ဘယ်သူနဲ့ သက်သေသာဓကပြရင်ကောင်းမလဲလို့ သာသနာ့သမိုင်းမှာ ကြည့်ပါတယ်။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားပြီးတဲ့နောက်ပိုင်း သာသနာ့သမိုင်းကြောင်းမှာ ထင်ရှားတဲ့ ဘုရင်တစ်ပါးသွားတွေ့တယ်။ သီရိခမ္မာသောကမင်းပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း ၂၀၈ နှစ်ရှိတဲ့ အချိန်လောက်မှာ အိန္ဒိယနိုင်ငံမှာ အသောကမင်းကြီး နန်းတက်ပါတယ်၊ သီရိခမ္မာသောကမင်းလို့ ကမ္ဘာသူ ကမ္ဘာသားတွေက ဂုဏ်ပြုတင်စား ခေါ်ဝေါ်ကြတယ်။ ကျက်သရေမင်္ဂလာ ရှိတယ်၊ တရားခမ္မရှိတယ်ဆိုတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးအနေနဲ့ ရှေ့က ဂုဏ်ထူးဝိသေသနစ်ပုဒ် ထည့်သွင်းပြီးတော့ အသောကဘုရင်ကို ဂုဏ်ပြုခေါ်ဝေါ်တဲ့အမည်က သီရိခမ္မာသောကမင်း။ သီရိဆိုတဲ့ဂုဏ်ပုဒ်၊ ခမ္မဆိုတဲ့ ဂုဏ်ပုဒ်တွေရှိတဲ့ မင်းပါ။

သီရိခမ္မာသောကမင်းလို့ ပြောလိုက်ရင် အားလုံးက မြင်ယောင်ကြတယ်။ ဒီမင်းကြီး လှူဒါန်းခဲ့တာတွေကို သိကြပါတယ်။

ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊
ရေကန်ပေါင်းက ရှစ်သောင်းလေးထောင်၊
ကျောင်းတိုက်ကြီးပေါင်း ရှစ်သောင်းလေးထောင်၊
စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင်၊
ရှစ်သောင်းလေးထောင်စီပေးလှူခဲ့ပါတယ်။

ထူးထူးခြားခြား ဒီကိန်းဂဏန်းတွေကို သူ ဘာကြောင့် ဒီလောက်တောင် အမြတ်တနိုး အသုံးပြုသွားလဲဆိုရင် ခမ္မကွန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ကြည်ညိုလွန်းလို့ပါ။ မြတ်စွာဘုရား ဟောကြားတဲ့တရား ခမ္မကွန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပူဇော်တာပါ။

ဒါကြောင့် ရေတွင်း၊ ရေကန်၊ ကျောင်းတိုက်၊ စေတီတွေ ရှစ်သောင်းလေးထောင်စီဆိုပြီးတော့ သာသနာ့အထိမ်းအမှတ်နဲ့ ကမ္ဘာအနှံ့မှာ ဒီမင်းကြီး

www.dhammadownload.com

ကုသိုလ်ကောင်းမှုတွေ ပြုသွားပါတယ်။ ကမ္ဘာအနှံ့လို့ ပြောရတာ ဒီမင်းကြီးရဲ့ ထူးခြားတဲ့ စွမ်းဆောင်ချက်ကြောင့်ပါ။ သူ့လက်ထက်မှာ တတိယသင်္ဂီယနာ တင်ပါတယ်။ သင်္ဂီယနာ တင်ပြီးချိန်မှာ ကိုးတိုင်းကိုးဌာနကို သာသနာပြုတွေ စေလွှတ်တယ်။ ပါဠိလိပုတ်ဆိုတာ ဒီနေ့အိန္ဒိယနိုင်ငံရဲ့ ပတ္တနားမြို့ပါ။ ပတ္တနားမြို့ကို အခြေခံပြီးတော့ ကိုးတိုင်း ကိုးဌာနကို သာသနာပြုတွေ စေလွှတ်တော့ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို ဗုဒ္ဓသာသနာ ပျံနှံ့သွားတယ်။

မြန်မာနိုင်ငံတို့၊ သီရိလင်္ကာနိုင်ငံတို့၊ ဂျပန်တို့၊ တရုတ်တို့၊ ကိုရီးယားတို့ ဟို ... အနောက်ဘက်ဆိုရင် အီရန်၊ အီရတ်တို့ထိကို ပါလိမ့်မယ်။ ကမ္ဘာအနှံ့ကို သာသနာပြုနိုင်တဲ့ မင်းပါ။

အသောကမင်းတရားကြီးသည် ဒီဓမ္မစွမ်းရည်တွေကို ဘယ်လိုများ ရသလဲ၊ ဒီလောက်တောင်မှ စွမ်းဆောင်နိုင်တဲ့ ဓမ္မစွမ်းအားတွေ သူ ဘယ်က ရသလဲဆိုတာကို သိချင်လို့ သူ့အကြောင်းတွေ လေ့လာကြည့်ပါတယ်။ အဲဒီ အခါမှာ အမှတ်မထင် သွားတွေ့လိုက်တာက သီရိဓမ္မာသောကမင်းကြီးလို့ အမည်မတွင်ခင် သမိုင်းမှာ ဖျောက်ဖျက်လို့မရတဲ့ သူ့ရဲ့ နာမည်ဆိုးတစ်ခု ရှိတယ်။ စဏ္ဍာသောကပါတဲ့။

စဏ္ဍာသောကဆိုတာ ကြမ်းတမ်းတဲ့ အသောကမင်း၊ ရိုင်းစိုင်းတဲ့ အသောကမင်း၊ ရက်စက်တဲ့ အသောကမင်းလို့ အဓိပ္ပာယ်ထွက်ပါတယ်။ နာမည်ဆိုးနဲ့ ကျော်ကြားတာပါ။

နောက်ပိုင်း အသိများကြတာက သီရိဓမ္မာသောကမင်းဆိုတဲ့ ချီးကျူး ဂုဏ်ပြုကြတဲ့ နာမည်၊ နာမည်ကောင်းပါ။ သီရိဓမ္မာသောကရယ်လို့ အမည် မတွင်ခင် သူ့ရဲ့နာမည်ရင်း အာသောကရှေ့မှာ စဏ္ဍဆိုတဲ့ စကားလုံးက ကြမ်း တမ်းရက်စက်၊ ရိုင်းစိုင်းယုတ်မာပက်စက်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ ဘာကြောင့် သူ ဒီနာမည်တွင်သလဲ။ အသောက မင်းရဲ့ခမည်းတော်က ဗိန္ဒုသာရမင်းပါ။

မိဖုရားပေါင်း ဘယ်လောက်ရှိသလဲတော့ မသိပါဘူး။ သူမှာ သားတော် ပေါင်းက တစ်ရာနဲ့တစ်ပါး ရှိတယ်။ ဗိန္ဒုသာရမင်းကြီး အသက်အရွယ်ကြီးလို့

www.dhammadownload.com

နတ်ရွာစံ ကံတော်ကုန်တော့မယ်ဆိုတဲ့အချိန်မှာ အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်တော့မယ်။ အပြိုင်းအရိုင်း မွေးထားတဲ့ သားတော်၊ မင်းညီမင်းသားတွေ သူလည်း ဒီထီးနန်းစည်းစိမ် လိုချင်တယ်၊ ငါလည်း လိုချင်တယ်။ မင်းစည်းစိမ်၊ မင်းချမ်းသာ၊ မင်းအာဏာ မင်းညီမင်းသားတွေအားလုံး လိုချင်ကြတဲ့အတွက်ကြောင့် အဲဒီအချိန်က သူတို့ နိုင်ငံရေး အကဲခတ်ကြည့်ရင် ကျိန်းသေတယ်။ ဝိန္ဒုသာရမင်းကြီးသာ မရှိရင် နန်းလုပွဲ ဖြစ်တော့မှာပါ။ သတ်ပွဲဖြတ်ပွဲတွေ ဖြစ်တော့မှာလို့ မှန်းလို့ ရပါတယ်။

ဒါဟာ ဇကရာဇဘုရင်တို့ရဲ့ ထုံးတမ်းစဉ်လာပါ။ ဒီအခြေအနေဆိုးကို ကြိုတင်ပြီးတော့ မြင်တဲ့အတွက်ကြောင့် ဝိန္ဒုသာရမင်းရဲ့သားတော် အကြီးဆုံး သုမနမင်းသားက "ဒီအရွယ်အထွေးထဲ ငါ မပါချင်ဘူး" ဆိုပြီးတော့ သူက စောစောစီးစီး သံဝေဂရပြီးတော့ သာသနာ့ဘောင်မှာ ရဟန်းပြုလိုက်ပါတယ်။ သားအကြီး သုမနမင်းသား ရဟန်းဖြစ်သွားတော့ တစ်ရာကျန်ပါတယ်။

တစ်ရာ့တစ်ပါးမှာ တစ်ရာကျန်သေးတယ်၊ ကျန်တဲ့တစ်ရာသော မင်းညီမင်းသားတွေထဲမှာ ကြမ်းတမ်းရိုင်းစိုင်း ရက်စက်တဲ့ အသောက လက်ဦးမှုရယူ၊ ညီရင်းအစ်ကိုအားလုံးကို နည်းလမ်းမျိုးစုံနဲ့ လုပ်ကြံသတ်ဖြတ်လိုက်တယ်။ ကျူပင်ခုတ် ကျူငုတ်မကျန်စေရဘူး။ သူတို့ရဲ့ မိဖုရားတွေ၊ သားသမီးတွေ၊ ဆွေမျိုးသားချင်းတွေလည်း ထောင်ချတဲ့သူချ၊ ဖမ်းဆီးတဲ့သူ ဖမ်းဆီး၊ ပြည်နှင်ဒဏ် ပေးတဲ့သူပေး၊ သတ်တဲ့သူ သတ်ပါတယ်။

ကိုးဆယ့်ကိုးယောက်သော မင်းညီမင်းသားတို့ရဲ့နောက်လိုက်နောက်ပါ ကြည်ညိုလေး စားကြတဲ့ တိုင်းသူပြည်သားတွေကိုလည်း နည်းလမ်းအမျိုးမျိုးနဲ့ နှိမ်နင်းနှိပ်ကွပ်လိုက်တော့ သူလက်ထဲကို မင်းစည်းစိမ်၊ မင်းချမ်းသာ၊ မင်းအာဏာရောက်လာပါပြီ။

အသောကဘုရင် နန်းတက်တဲ့အချိန်မှာ တစ်တိုင်းလုံး တစ်ပြည်လုံး သွေးချောင်းစီးတယ်။ တိုင်းသူပြည်သားတွေ ဘယ်သူမှ စိတ်မချမ်းသာကြဘူး။ ဘယ်တော့ အသတ်ခံရမလဲ၊ ဘယ်တော့ အဖမ်းခံရမလဲ၊ တွေးတောပူပန်ကြောက်လန့်နေကြရတယ်၊ အဲဒီလို တစ်တိုင်းလုံး တစ်ပြည်လုံး စိတ်မချမ်း

www.dhammadownload.com

မသာဖြစ်အောင် လုပ်နိုင်စွမ်းရှိတာမို့လို့ အားလုံးက သူ့ကို နာမည်ဆိုးတစ်ခုနဲ့ ရွှတ်ချဂုဏ်ပြုလိုက်ကြတယ်။ "စက္ကာသောက" တဲ့။

ကြမ်းတမ်းရိုင်းစိုင်းရက်စက်တဲ့ အသောကပါ။ အသောကမင်းကြီး နာမည်ဆိုးနဲ့ ကျော်ကြားပါတယ်။ ရဟန်းပြုသွားတာက သုမနမင်းသားပါ။ သူကတော့ သာသနာ့ဘောင်မှာ ရဟန်းပြုလိုက်တဲ့အချိန်မှာ သူ့ရဲ့မိဖုရား သုမနာဒေဝီမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ ကျန်ခဲ့ပါတယ်။ အာသောကမင်း နန်းတက်တော့ မနေရဲတော့ဘူး။ နန်းတော်မှာ နေလို့မဖြစ်တော့ဘူး။ သူ့ ရင်သွေးသည် မင်းညီမင်းသား မင်းမျိုးမင်းနွယ်ပါ။ ရင်သွေးငယ်ရဲ့ အသက် အန္တရာယ် ရှိတယ်။ သူ့ရဲ့ အသက်အန္တရာယ်လည်း ရှိတယ်ဆိုတော့ ရုပ်ဖျက် ပြီးတော့ လက်လွတ်ထွက်ပြေးရပါတယ်။

နေပြည်တော်ကနေပြီးတော့ အလွန်ဝေးတဲ့ တောရွာ ဇနပုဒ်ဒွန်းစက္ကား ရွာရောက်တဲ့အချိန်မှာ လွယ်ထားတဲ့ ကိုယ်ဝန်က သားယောကျ်ားလေး မွေး ပါတယ်။ ညောင်ပင်အောက် မွေးတဲ့ကလေးမို့ အလွယ်တကူပဲ မောင်နိဂြောဓ" လို့ နာမည်ပေးလိုက်ပါတယ်။

နိဂြောဓသာမဏေ

သားအမိနှစ်ယောက် ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်းနဲ့ အသက် မွေးဝမ်းကျောင်း ပြုနေကြရတယ်။ တစ်နေ့ကျတော့ တိပိဋကဓရ ပိဋကတ် သုံးပုံဆောင်တဲ့ ရဟန္တာအရှင်သူမြတ် ဖြစ်တော်မူတဲ့ အရှင်ဝရဏဟာ ဒီသား အမိနေတဲ့ အိမ်ရှေ့ ဆွမ်းခံကြွရင်းနဲ့ တဲငယ်လေးထဲက ကလေးငိုသံကို ကြား လိုက်တယ်။ နိဂြောဓကလေး ငိုသံကို ကြားလိုက်တဲ့အချိန်မှာ ရဟန္တာဖြစ် တော်မူတဲ့ အရှင်မြတ်က သိတယ်။ "ဟာ ... ဒီကလေးငယ်သည် ဘုန်းရှင် ကံရှင်ပဲ" အော်ငိုသံ ကြားလိုက်တာနဲ့ သိပါတယ်။

"ဟောဒီကလေးငယ်သည် ဘုန်းရှင် ကံရှင်ပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန် မှာ သာသနာကို အကျိုးများလိမ့်မယ်။ သာသနာကို ချီးမြှင့်ထောက်ပံ့နိုင်သူ ဖြစ်လိမ့်မယ်" လို့ အရှင်မြတ်က သိပါတယ်။

www.dhammadownload.com

ဒီနေ့ခေတ် လူကဲခတ်ကြရာမှာ အင်္ဂါဝိဇ္ဇာအရ လူတစ်ယောက်ရဲ့ အင်္ဂါရုပ်၊ မျက်လုံးမျက်ခုံးအနေအထား၊ နှာတံ၊ ပါးစပ်အနေအထား၊ နားရွက်အနေအထား။ လက်ခြေအင်္ဂါ အစိတ်အပိုင်းတွေကို ကြည့်ပြီးတော့ "သူကတော့ဖြင့် ကြီးပွားချမ်းသာမယ်"။ "သူကတော့ ဆင်းရဲမယ်"။ ဒီလိုခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုမျိုး ရှိတယ်ဆိုရင် မျက်နှာပုံပန်းသဏ္ဌာန်၊ ဒီလိုအနေအထားမျိုး ရှိတယ်ဆိုရင် "ပညာတတ်မယ်"။ ဒီလိုဆိုရင်တော့ "ပညာမတတ်ဘူး"။ အကဲခတ်ဝေဖန်ပါတယ်။ အင်္ဂါရုပ် ကြည့်ပြီးတော့ အကဲခတ်ဝေဖန်တဲ့ အင်္ဂါဝိဇ္ဇာအတတ်ပညာ ဒီနေ့ထိ ရှိပါသေးတယ်။

ရှေးတုန်းကဆိုရင်အသံကိုကြားရုံနဲ့ဒီအသံပိုင်ရှင်သည်ဘုန်းရှင်ကံရှင်ဖြစ်မယ်၊ ဒီအသံပိုင်ရှင်သည် သူဌေးသူကြွယ် ဖြစ်မယ်၊ ဆင်းရဲသား ဖြစ်မယ်၊ ပညာတတ်သူဖြစ်မယ်၊ ပညာမတတ်သူ ဖြစ်မယ်လို့ ခန့်မှန်းတွက်ချက်တတ်တဲ့ တွက်ချက်လို့ရတဲ့ ပညာရပ်မျိုးလည်း ရှေးတုန်းက ရှိခဲ့ဖူးတယ်။

ဒီနေ့ခေတ်မှာတော့ မကြားမိတော့ပါဘူး။ အင်္ဂါရုပ်ကြည့်တဲ့ ပညာတော့ ရှိတယ်၊ အသံကို ကြည့်ပြီးတော့ ဆုံးဖြတ်တာမျိုး၊ အကဲခတ်ဝေဖန်တာမျိုး မကြားမိတော့ဘူး။ ပညာရပ်တွေ ပျောက်နေတယ်။။

ရဟန္တာအရှင်မြတ်ဖြစ်တဲ့ အရှင်ဝရဏ သိတာက အဲဒီလို အကဲခတ်သိတာမျိုး မဟုတ်ဘူး။ ရဟန္တာအရှင်မြတ်ဆိုတော့ အဘိညာဉ်တန်ခိုးနဲ့ တပ်အပ်ကိုသိတယ်။ ဒီကလေးငယ်သည် သာသနာ အကျိုးများမယ့် ဘုန်းရှင်ကံရှင်ဆိုတာသိတော့ ကလေးကို စောင့်ရှောက်ရအောင် အိမ်ရှေ့ကို နေ့တိုင်း နေ့တိုင်း ဆွမ်းခံကြွပါတယ်။ နေ့တိုင်း နေ့တိုင်း ဆွမ်းခံကြွပါတယ်။

ကလေးငယ်က လေးငါးခြောက်လ ခုနစ်လ တစ်နှစ်၊ နှစ်နှစ်ကနေ သုံးနှစ်သားလောက် ရောက်တဲ့အခါကျတော့ ပြောတတ်ဆိုတတ်လာပြီ။ လေးငါးနှစ်လောက်ရောက်တော့ ပြောဆိုဆုံးမလို့ နားလည်တဲ့အရွယ် ရောက်လာပြီ။ တဖြည်းဖြည်းချင်း အရှင်မြတ်ကြီးသည် စိတ်ရှည်လက်ရှည်နဲ့ ဒီကလေးကို ဘာသာတရား အဆုံးအမတွေ သင်ကြားပေးပါတယ်။

တစ်လုံးစ နှစ်လုံးစ ကုသိုလ်က ဘယ်လို၊ အကုသိုလ်က ဘယ်လို၊ ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူး၊ ဘယ်ဟာကတော့ကောင်းမှု၊ ဘယ်ဟာ

www.dhammadownload.com

ကတော့ မကောင်းမှု၊ ရဟန်းသံဃာနဲ့ ဆက်ဆံရင် ဘယ်လိုဆက်ဆံရမယ်၊ ကြီးသူကို ဘယ်လိုရှိသေလေးစားရမယ်၊ ဂါရဝတရားတွေ ဘယ်လိုရှိရမယ် စသည်ဖြင့် ကလေးတို့နဲ့ ထိုက်တန်တဲ့ လိုက်မီတဲ့အဆုံးအမကို တဖြည်းဖြည်း ချင်းနဲ့ ဆွမ်းခံကြွရင်းနဲ့ အရှင်မြတ်ကြီးက သွန်သင်ဆုံးမ ပေးသွားတယ်။ ဒီတော့ အဆုံးအမကောင်းရတဲ့ ကလေးငယ်သည် လိမ္မာတဲ့ ကလေးဖြစ်လာပါတယ်။

ငယ်ငယ်ကတည်းကနေ သွန်သင်ဆုံးမမှုတွေ ခံယူရတဲ့ ကလေးဆိုတော့ နိကြောဓလေးသည် သိပ်လိမ္မာတယ်၊ သိပ်ယဉ်ကျေးတယ်။ ဘုရားတရားနဲ့လည်း နီးစပ်တယ်။ သံဃာတော် အရှင်မြတ်တွေနဲ့လည်း အကျွမ်းဝင်တယ်။ အဲဒီလိုနဲ့ ခုနစ်နှစ်အရွယ်ရောက်လာတဲ့အခါကျတော့ အရှင်မြတ်ကြီးက နိကြောဓလေး သင့်တော်တဲ့အရွယ် ရောက်ပြီဆိုတော့ မေးတယ်။

"ဟဲ့ ... နိကြောဓ တို့သာသနာ့ဘောင်မှာ မင်း ကိုရင်ဝတ်မလား" လို့ မေးတော့ ကလေးငယ်ကလည်း အရှင်မြတ်ကို ခင်မင်ရင်းနှီးနေတဲ့ သံယောဇဉ် ရှိတာလည်းတစ်ကြောင်း၊ သွန်သင်ဆုံးမတဲ့ တရားဓမ္မတွေ ရှိနေတာကလည်း တစ်ကြောင်းဆိုတော့ ကုသိုလ်ကောင်းမှုတွေပြုနိုင်တဲ့ ကိုရင်ဘဝကို သူ လိုချင်တယ်၊ သူ အားကျတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားက ခွင့်ပြုမယ်ဆိုရင် ဘုရား တပည့်တော် ကိုရင်ဝတ်ချင်ပါတယ် ဘုရား"

"ဘယ့်နယ်လဲ မယ်တော်ကြီး" လို့ သုမနဒေဝီကို အရှင်မြတ်က မေးတယ်။ အမေဖြစ်တဲ့သူကို ခွင့်တောင်းတယ်။ သုမနမင်းသမီးကလည်း ကျေကျေနပ်နပ် ခွင့်ပြုတယ်။

ဒီကလေးက သုမနမင်းသားကြီးရဲ့ ရင်သွေးမှန်း မင်းမျိုးမင်းနွယ်မှန်း မသိအောင် လျှို့ဝှက်ထားရတာပါ။ မင်းဆီမင်းသွေးမှန်းသာသိရင် အသောကဘုရင် ဖမ်းဆီးသတ်ဖြတ်မှာ ကျိန်းသေဖကန်ပါ။ လူ့ဘောင်မှာနေရင် အသက်အန္တရာယ်များတယ်။ တစ်ချိန်ချိန်မှာ တစ်စွန်းတစ်စ ရိပ်မိပြီး သိသွားရင် အသက်အန္တရာယ် ရှိတယ်။ မြတ်စွာဘုရား သာသနာတွင်းမှာ ကိုရင်တစ်ပါး အဖြစ်နဲ့နေရင်တော့ ဘေးကင်းရန်ကင်း အန္တရာယ်ကင်းလိမ့်မယ်။ မယ်တော်

www.dhammadownload.com

ကြီးကလည်း ကိုရင်ဝတ်ဖို့ သဘောတူတယ်။ "ဒီလိုဆိုရင် နက်ဖြန်ခါကျ နင်တို့ သားအမိတွေ ကျောင်းလာကြ" လို့ အရှင်မြတ်က အမိန့်ရှိတယ်။

နောက်တစ်နေ့ သားအမိနှစ်ယောက် အမေက သားလေး လက်ဆွဲပြီးတော့ ကျောင်းသွားကြတယ်။ နိဂြောဓ ကိုရင်ဝတ်ဖို့ ကျောင်းသွားတယ်။ အခမ်းအနား ဘာမျှမပါဘူး။ ဆင်တွေ၊ မြင်းတွေ မပါဘူး၊ အဆောင်အယောင်တွေ မပါဘူး၊ အတီးအမှုတ် အကအခုန်တွေ မပါဘူး၊ သားအမိနှစ်ယောက် ကျောင်းသွားတယ်။

ကျောင်းရောက်တဲ့အချိန် ကိုရင်ဝတ်မယ်ဆိုတဲ့အခါမှာ အရေးကြီးဆုံး အချက်နှစ်ချက်ကို ရဟန္တာအရှင်မြတ် တိပိဋကဓရဖြစ်တော်မူတဲ့ အရှင်ဝရုဏ အရှင်မြတ်က သင်ကြားပေးတယ်။

ကိုရင်ဝတ်တဲ့အချိန်အခါမှာ အရေးအကြီးဆုံး အချက်နှစ်ချက်ကို အားလုံးမှတ်ထားပါ။ သရဏဂုံနဲ့ ကမ္မဋ္ဌာန်းပါ။

ဗုဒ္ဓဘာသာဝင်တွေ၊ ကိုယ်သားတွေ၊ ကိုယ့်မြေးတွေ သာသနာ့ဘောင်ထဲ သွတ်သွင်းကြတယ်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်မှန်ရင် ကိုရင်မဝတ်ဖူးသူ မရှိဘူး။ အားလုံးလိုလို ကိုရင်ဝတ်ဖူးကြတယ်။ သာသနာ့အမွေ ခံယူရတာကို နှစ်သက်ကြည်နူးကြတယ်။ အဲဒီကိုရင်ဝတ်တဲ့ အချိန်အခါမှာ ဗုဒ္ဓနည်းကျရှင်ပြုရာမှာ အရေးအကြီးဆုံး ဒီအချက်နှစ်ချက်တော့ မှတ်ထား။ သရဏဂုံနဲ့ ကမ္မဋ္ဌာန်းပါ။

သရဏဂုံဆိုတာသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်တယ်လို့ အားလုံးသိပြီးသားပါ။ ဟောဒီ ကိုရင်လောင်းသည် သာသနာ့ဘောင်မှာ ကိုရင်တစ်ပါးအဖြစ်နဲ့ နေစဉ်ကာလမှာ ဘုရား၊ တရား၊ သံဃာတွေနဲ့ ထိတွေ့ဆက်ဆံမှုပြုရမယ်။ ဘုန်းတော်ကြီး ကျောင်းနေပြီဆိုရင် ရဟန်းသံဃာတွေနဲ့ နေရမယ်။ တရားဓမ္မတွေ ပြုလုပ်ရမယ်။ ဘုရား၊ တရား၊ သံဃာဝေယျာဝစ္စ ဆောင်ရွက်ရမယ်။ အဲဒီအချိန်မှာ ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကို သိဖို့အတွက် ကြိုတင်ပြီးတော့ သင်ကြားပေးရတာက သရဏဂုံသုံးပါးပါ။ သရဏဂုံသုံးပါးကို ကြိုတင် ပြီးတော့ သင်ပေးရမယ်။

www.dhammadownload.com

တစပဉ္စက ကမ္မဋ္ဌာန်း

နောက်တစ်ခုက တစပဉ္စက ကမ္မဋ္ဌာန်းလို့ခေါ်တဲ့ ခေါင်းရိတ်ရာမှာ နလုံးသွင်းဆင်ခြင်တဲ့ ကမ္မဋ္ဌာန်းကို ခေါင်းမရိတ်ခင် ကြိုပြီးတော့ကို သင်ပေးရမယ်။ ကိုရင်လောင်း ခေါင်းရိတ်တဲ့အချိန်အခါမှာ နလုံးသွင်းဆင်ခြင်ဖို့ တစပဉ္စက ကမ္မဋ္ဌာန်းကို ဆရာသမားဖြစ်သူက သင်ပေးမထားဘူးဆိုရင်၊ သင်ကြားမထားဘူးဆိုရင် ဒီမောင်ရင်လောင်းရဲ့ မဂ်ဖိုလ်မျိုးစေ့ကို ဖျက်ဆီးလိုက်တာနဲ့ တူပါတယ်တဲ့။

မောင်ရင်လောင်းသည် အရင့်အရင်ဘဝတွေက ပါရမီဓာတ်ခံပါခဲ့မယ်၊ ကမ္မဋ္ဌာန်းတရား အားထုတ်မှုတွေ ရှိခဲ့မယ်ဆိုရင် ဆံချရိန်၊ ခေါင်းရိတ်ချိန် တစပဉ္စက ကမ္မဋ္ဌာန်းနလုံးသွင်းနေရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ဒီနေရာမှာတင် ရနိုင်ပါတယ်။ အဲဒီလိုရနိုင်တဲ့ အခြေအနေတွေ ရှိပင်ရှိငြားသော်လည်း ကမ္မဋ္ဌာန်းသင်မပေးဘဲနဲ့ ဒီအတိုင်း သာမန်ခေါင်းရိတ်ပေးလိုက်တယ်ဆိုရင် တရားမရနိုင်ပါဘူး။

အဲဒါကြောင့်မို့လည်း သူ့ရဲ့မဂ်ဉာဏ်ဖိုလ်ဉာဏ် မျိုးစေ့တွေကို ဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားမှာစိုးလို့ ကြိုတင်သင်ပေးရတယ်။ ဘုန်းကြီးတို့ ကိုယ်တိုင် ရှင်သာမဏေဝတ်တဲ့အချိန်က အသက် ၁၆၊ ၁၇၊ ဆယ်တန်းဖြေပြီးတဲ့အချိန်ပါ။ ဘုန်းကြီးရဲ့ ဥပဇ္ဈာယ်ဆရာတော်ဘုရားက တောင်စွန်း၊ ဓမ္မဒူတတောရဆရာတော်ကြီးပါ။ သထုံလာပြီး တရားပြတဲ့အချိန် ဘုန်းကြီးနဲ့ တွေ့တော့ ဘုန်းကြီးကို ကိုရင်ဝတ်ဖို့ ဆရာတော်ကြီးက တိုက်တွန်းတယ်။ "မင်းတို့အားနေသားပဲ ကျောင်းပိတ်ရက် ကိုရင်ဝတ်"တဲ့။ မိဘတွေနဲ့လည်း ရင်းနှီးနေတယ်ဆိုတော့ ဆရာတော်ကြီးက ဘုန်းကြီးကို အတင်းခေါ်တယ်။ တောင်စွန်းလိုက်လာခဲ့။ ကိုရင်ဝတ်ရအောင်ဆိုပြီး ခေါ်ပါတယ်။

ဘုန်းကြီးကလည်း အဲဒီအချိန် ဒုလ္လဘဝတ်မယ်လို့ စိတ်ကူးတယ်။ ခေတ္တခဏ ဒုလ္လဘဝတ်ရရင် ကောင်းမှာပဲ၊ ကျောင်းလည်း ပိတ်ထားတာပဲဆိုတော့ တောင်စွန်းလိုက်သွားတယ်။ ကျောင်းရောက်တဲ့အချိန်မှာ ကိုရင် မဝတ်ခင် ရောက်ရောက်ချင်း ဆံမချ ခေါင်းမရိတ်ခင်မှာ ဆရာတော်ကြီးက စာလေး

www.dhammadownload.com

နှစ်ကြောင်း ရေးပေးတယ်။ "မင်း ဒါကို ကျက်၊ ခေါင်းရိတ်တဲ့အချိန် နှလုံးသွင်း ဆင်ခြင်ရမယ်" တဲ့။

ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ
ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊
ရှိသည့် လက်သည်း၊ ခြေ - အသည်းနှင့်၊
သွားလည်းတစ်ထွေ၊အရေတစ်မျိုး၊
ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။

စာလေး နှစ်ကြောင်းလောက်ပဲ ရှိတယ်။ အဲဒါကျက်ဆိုတော့ ဘုန်းကြီး တို့က ညာက်ထက်တဲ့ အချိန်ပဲ။ နှစ်ခေါက်လောက် ဖတ်လိုက်တာနဲ့ ရသွား တယ်။ "ရပါပြီဘုရား" ဆိုတော့ "ဟ...မြန်လှချေလားတဲ့။ဆရာတော်ကတောင် အံ့သြသွားတယ်"။ ဘာကျက်ခိုင်းတာလဲ။ ဘာမှတ်ခိုင်းတာလဲဆိုတော့ တစ ပဋ္ဌာက ကမ္မဋ္ဌာန်းပါ။

တစပဋ္ဌာက ကမ္မဋ္ဌာန်းဆိုတာ ခန္ဓာကိုယ်အစိတ်အပိုင်း သုံးဆယ့်နှစ်ခု၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသရှိတဲ့အထဲက ထင်သာမြင်သာသိလွယ်တဲ့ ငါးခုကို ရွေးနုတ်ဆင်ခြင်တဲ့ ကမ္မဋ္ဌာန်းပါ။

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လူတွေရဲ့ခန္ဓာကိုယ်ကို အသား တစ်ပုံ၊ အရိုးတစ်ပုံ၊ အသွေးက တစ်ပုံ၊ အကြောတွေကတစ်ပုံ၊ အဆုတ်က တစ်ပုံ၊ အသည်းကတစ်ပုံ စသည်ဖြင့် တစ်ပုံစီ တစ်ပုံစီ စုပုံထားလိုက်မယ် ဆိုရင် သုံးဆယ့်နှစ်ပုံ ရှိတယ်။

သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသပါ။ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ မှာ ရှေ့ငါးခုက -

အတ္တိ ကမသ္မိ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော
ကေသာ - ဆံပင်၊ လောမာ - မွေးညင်း၊ နခါ - ခြေသည်း လက်သည်း၊
ဒန္တာ - သွား၊ တစ - အရေပြား။

အရေပြားလျှင် ငါးခုမြောက်၊ တစလျှင် ငါးခုမြောက်ရှိတဲ့ ကမ္မဋ္ဌာန်းဖြစ် လို့ တစပဋ္ဌာက ကမ္မဋ္ဌာန်းလို့ ခေါ်တွင်ပါတယ်။ တစဆိုတာက အရေပြား၊ ပဋ္ဌာက

www.dhammadownload.com

ဆိုတာက ငါးခုမြောက်၊ အရေပြားလျှင် ငါးခုမြောက် နလုံးသွင်းဆင်ခြင်ရတဲ့ ကမ္မဋ္ဌာန်းကို ပါဠိလို တစပဉ္စက ကမ္မဋ္ဌာန်းလို့ ခေါ်တယ်။

အဲဒီအင်္ဂါအစိတ်အပိုင်း သုံးဆယ့်နှစ်ခုထဲမှာ အတွင်းဘက်မှာရှိတဲ့ အဆုတ်၊ အသည်း၊ ကလီစာတွေ၊ အရိုးတွေ၊ အကြောတွေဆိုတာ မြင်ရဖို့ မျက်စိနဲ့ တပ်အပ်မြင်ရဖို့ ခဲယဉ်းပါတယ်။ ဆံပင်၊ မွေးညင်းတွေ၊ ခြေသည်း လက်သည်းတွေ၊ သွားတွေ၊ အရေပြားတွေကို ကြည့်ရင် အပေါ်ယံမှာပဲ ရှိနေတော့ မြင်လွယ်ထင်လွယ် သိလွယ်တယ်။ သုံးဆယ့်နှစ်ခုထဲက မြင်သာထင်သာ သိသာတဲ့ ငါးခုကို ထုတ်နုတ်ဆင်ခြင်ရတယ်။

ကိုရင်လောင်း ကိုရင်ဝတ်ခါနီး ဆံချတဲ့ အချိန်အခါမှာ ခေါင်းရေဆွတ် ဆပ်ပြာတိုက်ပြီးသင်တုန်းမှာနဲ့ရိတ်ချ၊ဆောင့်ကြောင့်ထိုင်ပြီးနေတဲ့မောင်ရင် လောင်းသည် ဦးခေါင်းပေါ်ကနေ တဖွားဖွားကျလာတဲ့ ဒီဆံပင်တွေ ကြည့်ပြီး တော့ နလုံးသွင်းဆင်ခြင်နေရမယ်။

ငါ၏ကိုယ်မှာ နှံ့သာမွှေးကြိုင် မြဲခိုင်လှစွာ
ကောင်းရာမမြင် ဆံပင်သာရှိ အမွေးရှိ၍
ရှိသည့် လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ
အရေတစ်မျိုး ညှီနံ့ဆိုးသည်
အသိုးအပုပ်ချည်းပါတကား။

အခု ခေါင်းပေါ်က ဆံပင်တွေ ခေါင်းပေါ်ရှိနေတဲ့အချိန် ဖြီးလိမ်းပြီးတော့ သပ်သပ်ရပ်ရပ် တင့်တင့်တယ်တယ်ဖြစ်အောင် ပြုပြင်ထား ပြင်ဆင်ထား တယ်။ ဆီတွေ ဘာတွေ လိမ်းထားတယ်။ အရောင်တွေ ဘာတွေ ဆိုးထားတဲ့ အခါကျတော့ ကြည့်ကောင်းသလိုလို ရှိပါတယ်။

သေသေချာချာလေး ဖြီးလိမ်းထားတဲ့အခါမှာတော့ ကြည့်ကောင်း သလိုပဲ။ ဒါပေမဲ့လို့ အဲဒီခေါင်းပေါ်က ဆံပင်တွေ စားသောက်နေတဲ့ ထမင်း ပန်းကန်၊ ဟင်းပန်းကန်ထဲ တစ်ချောင်းတလေသာ ကျလာရင် ထမင်းပန်းကန်၊ ဟင်းပန်းကန်ထဲ ဆံပင်တစ်ချောင်းလောက်သာ တွေ့လိုက်ရင် စားချင်စိတ် မရှိတော့ဘူး။ ရွံရှာလို့ပါ။

www.dhammadownload.com

ခေါင်းပေါ်ရှိတုန်းကတော့ မရွံဘူး။ ပန်းကန်းထဲ ရောက်သွားတော့ ရွံပါတယ်။ ဘာကွာသွားလဲ၊ အတူတူပဲ။ ခေါင်းပေါ်ရှိတုန်းကတော့ မတင့်တယ်ဘူး၊ ဒါပေမဲ့ ရွံစရာလို့ မမြင်နိုင်ဘူး၊ တဏှာရဲ့ လှည့်စားချက်ပါ။ အခု ခေါင်းရိတ်ချလိုက်တဲ့အချိန်မှာတဖွားဖွားနဲ့ ရှေ့ကျလာတဲ့ဆံပင်တွေကြည့်လိုက်ပုံသဏ္ဌာန်အားဖြင့်လည်း ကြည့်မကောင်းဘူး။ အရောင်ကလည်း ကြည့်မကောင်းပါဘူး။ အနံ့ကလည်း ရွံစရာ ညှီစိုစိုပါ။ ဦးခေါင်းအရေပြားနဲ့ ကပ်လျက်နေရာက ရိတ်ချလိုက်တဲ့ ဆံပင်တချို့ ဗောက်တွေ ဘာတွေရှိတဲ့ဆံပင်ဆို ပိုတောင်ရွံစရာကောင်းသေးတယ်။ ဒါကြည့်ပြီးတော့ နလုံးသွင်းဆင်ခြင်ရပါတယ်။

မွှေးတယ် ကြိုင်တယ်ဆိုတဲ့ အဂါအစိတ်အပိုင်း ကိုယ့်ခန္ဓာကိုယ်မှာ ရှိကို မရှိဘူး။ မြဲတယ် ခိုင်တယ်ဆိုတာ ရှိသလားဆိုရင် မရှိပါဘူး။

ခန္ဓာကိုယ်သည် ညှီနံ့ရှိတယ်။ ခန္ဓာကိုယ်ရဲ့ အတွင်းဘက်မှာရှိနေတာ မမြင်ရလို့သာ အတွင်းရှိနေတဲ့ အနေအထားသည် ပုပ်သိုးညှီဟောင်နေတဲ့ အဂါအစိတ်အပိုင်းတွေပါ။ အပေါ်က အရေပြားနဲ့ အုပ်ထားလို့သာ မမြင်ရတာပါ။ အနံ့က သိပ်ထွက်မလာတာပါ။ ဒါတောင် ချွေးထွက်လာတဲ့ အချိန်၊ ဒွါရကိုးပေါက်ကနေ ထွက်ကျလာတဲ့ အချိန်ကျရင် သိသာတယ်။

ခန္ဓာကိုယ်တွင်းက ထွက်လာသမျှသည် မွှေးတာ ကြိုင်တာ မရှိပါ။

လှတာ ပတာ တင့်တယ်တာ မရှိပါ။

ဒါကို အခြေခံပြီးတော့ ဝိပဿနာဉာဏ်တွေ ဖြစ်အောင်လို့ ရှုပွားရတဲ့ကမ္မဋ္ဌာန်းသည် တစပဉ္စက ကမ္မဋ္ဌာန်းပါ။ တစပဉ္စက ကမ္မဋ္ဌာန်း ဘယ်လောက် အကျိုးအာနိသင်ကြီးသလဲလို့ ကြည့်ပါ။ မောင်နိုကြောဓလေးကို ခေါင်းရိတ်ပေးတယ်။

ခေါင်းရိတ်တယ်ဆိုတာ ကိုယ့်ခေါင်း ကိုယ်ရိတ်တာတောင်မှ၊ ကိုယ့်သင်တုန်းဓားနဲ့ ကိုယ့်ခေါင်း ကိုယ်ရိတ်တာတောင်မှ ငါးမိနစ် ဆယ်မိနစ်ထက် ပိုမကြာဘူး။ ကျွမ်းကျင်သူ တစ်ယောက်ယောက်ကသာ ဆံချပေးတယ်၊ ခေါင်းရိတ်ပေးတယ်ဆိုရင် သုံးမိနစ် လေးမိနစ်အတွင်း ပြီးနိုင်တဲ့ကိစ္စပါ။

ဒီအချိန်တို ကာလအတွင်းမှာ ရဟန္တာဖြစ်တော်မူတဲ့ အရှင်မြတ်ကလည်း ကျကျနန တစပဉ္စက ကမ္မဋ္ဌာန်းသင်ပေးပြီး နိကြောဓလေးကလည်း

www.dhammadownload.com

သေသေချာချာ စေ့စေ့စပ်စပ် နလုံးသွင်းတယ်။ ပါရမီဓာတ်ခံကလည်း ပါခဲ့တယ်။ အဲဒီတော့ ခေါင်းရိတ်လို့ လေးပုံတစ်ပုံပြီးတဲ့အချိန်မှာ မောင်ရင်လောင်းသည် သောတာပန် ဖြစ်ပါတယ်။

လေးပုံနှစ်ပုံပြီးတဲ့အချိန်မှာ သကဒါဂမ် ဖြစ်တယ်။

လေးပုံသုံးပုံပြီးချိန်မှာ အနာဂါမ် ဖြစ်တယ်။

ဆံချခေါင်းရိတ်ကိစ္စပြီးတဲ့အချိန်မှာ ရဟန္တာဖြစ်သွားတယ်။ ခုနစ်နှစ်သား ရှင်နိကြောဓလေး ခေါင်းရိတ်ချိန်မှာ တစပဉ္စက ကမ္မဋ္ဌာန်း နလုံးသွင်းဆင်ခြင်လို့ပါ။ ရဟန်းသံဃာတွေ သီလရှင်တွေက ခေါင်းရိတ်ရတော့ ခေါင်းရိတ်တဲ့အချိန်မှာ ဆင်ခြင်ရပါတယ်။

လူဝတ်ကြောင်များလည်း အဲဒီကမ္မဋ္ဌာန်း ဘယ်နေရာ ဆင်ခြင်ရမလဲ။ ခေါင်းဖြီးတဲ့အချိန် ဆင်ခြင်ပါ။ ဒကာ ဒကာမတွေက မှန်ရှေ့ကြည့်ပြီးတော့ မနက်တစ်ကြိမ် နေ့တစ်ကြိမ် ညတစ်ကြိမ် သုံးလေးကြိမ်ထက်မနည်း ဖြီးလိမ်းပြင်ဆင်တာတွေ လုပ်ပါတယ်။

ဒီလို ခေါင်းဖြီးပြင်ဆင်ချိန်မှာ -

"ငါ့ကိုယ်မှာ နှံ့သာမွှေးကြိုင်မြဲခိုင်လှစွာ ကောင်းရာမမြင် ဆံပင်သာရှိအမွေးရှိ၍ ရှိသည့် လက်သည်း ခြေအသည်းနှင့် သွားလည်းတစ်ထွေ အရေတစ်မျိုး ညှီနံ့ဆိုးသည် အသိုးအပုပ်ချည်းပါတကား" လို့ ဆင်ခြင်လိုက်ပါ။ သိပ်အကျိုးများတဲ့ ကမ္မဋ္ဌာန်းပါ။

ရှင်နိကြောဓလေး ခုနစ်နှစ်နဲ့ရဟန္တာဖြစ်တော့ နောက်တစ်နေ့မှာ ဆွမ်းခံကြွတယ်၊ အသောကဘုရင်ရဲ့နန်းတော်ရှေ့လမ်းမကနေ ကိုရင်လေး ဆွမ်းခံကြွပါတယ်။

အဲဒီအချိန်မှာ အသောကဘုရင် နန်းတက်တာ ငါးနှစ်ရှိပြီ။ ညညကျရင် အိပ်မပျော်လို့တဲ့။ လေသာပြတင်းပေါက်ကနေ မနက်စောစော ဟိုဟိုသည်သည် တောင်တောင်အိအိငေးမျှော်ပြီး ကြည့်နေတဲ့အချိန်ပါ။ သူမှာ အကုသိုလ်တွေက များခဲ့တယ်။ ထီးနန်းစည်းစိမ်ရဖို့အတွက် လုပ်ကြံခဲ့တာတွေ၊ သတ်ဖြတ်ခဲ့တာတွေ၊ တရားတာတွေရော၊ မတရားတာတွေရော၊ မင်းစည်းစိမ်၊ မင်းအာဏာရဖို့အတွက်ကို လုပ်ခဲ့တာတွေက အကုသိုလ်တွေ များပါတယ်။

www.dhammadownload.com

တစ်တိုင်းလုံး တစ်ပြည်လုံး တုန်လှုပ်ချောက်ချားတဲ့အထိ လူပေါင်းများစွာကို ဖမ်းဆီးတယ်။ ထောင်ချတယ်။ သတ်ဖြတ်တယ်။ သွေးချောင်းစီးအောင် လုပ်ခဲ့တယ်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်ခဲ့တဲ့အကုသိုလ်တွေ ဒီအတိုင်းမနေဘူး။ အကုသိုလ်က မကောင်းကျိုးပေးတယ်။ ညညကျရင် အိပ်မပျော်ဘူး။ အိပ်မယ်ကြံလိုက်ရင် အိပ်မက်ဆိုးတွေ မက်ပြီးတော့ လန့်လန့်နိုးတယ်။ သူများသတ်ထားပေမဲ့ သူ အသတ်ခံရမှာ သူ ကြောက်နေပြီ။

ဒီလို အသောကဘုရင် စိတ်ညစ်နေတော့ စိတ်တွေ မကြည်မသာဖြစ်တဲ့အချိန် ကုသိုလ်ကောင်းမှုတွေ မပြုဘူးလား မေးစရာ ရှိတယ်။ ဒါပေမဲ့ အသောကမင်းကြီးသည် ဒီအချိန်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်သေးဘူး။ မိရိုးဖလာ ပြဟ္မဏဘာသာ ကိုးကွယ်ယုံကြည်သူတစ်ယောက်ပဲ ဖြစ်နေသေးတယ်။ နန်းတော်မှာ နေ့တိုင်းနေ့တိုင်း တိတ္ထိပေါင်းခြောက်သောင်း ဆွမ်းလှူတယ်။ တိတ္ထိဆရာကြီးတွေ ဟောကြားဆုံးမတဲ့ တရားဓမ္မကို နာယူတယ်။ ဒါပေမဲ့ စိတ်အေးချမ်းသာမှုကို မရပါဘူး။ စိတ်အေးချမ်းမှု မရပါဘူး။

မြတ်စွာဘုရားရှင်ဟောကြားတဲ့ တရားဓမ္မရဲ့အစွမ်းသတ္တိက -

ဘဝကန္တာရဥတ္တရနေန အသာသဒါနေန။

ဘဝတည်းဟူသော သံသရာခရီးကြမ်းကနေ ထုတ်ဆောင် ပေးတတ်တယ်။ ဘဝလမ်းကြမ်း လျှောက်လှမ်းနေတဲ့ သူတွေကိုလည်း သက်သာအေးချမ်းမှုကို ပေးတယ်။ တရားဓမ္မသည် သွာက္ခာတော - ကြားနာရုံပင် အပူစင်၍ ကြားနာရုံပင် အပူစင်တယ်၊ ပူပန်စိုးရိမ်တဲ့ သောကတွေ ကင်းစင်တယ်။

စက္ကာသောကမင်းကြီး အပူသောကတွေ ကင်းသလားဆိုတော့ မကင်းဘူး။ ကြောက်ရွံ့ထိတ်လန့်မှုတွေ ပျောက်သလားဆိုတော့ မပျောက်ဘူး။ ဘာဖြစ်လို့လဲဆိုရင် "သူ ကိုးကွယ်ယုံကြည် သူလက်ခံထား သူ ကျင့်သုံးနေတာတွေသည် မမှန်ကန်လို့" လို့ ပြောရပါမယ်။

တရားတော့ တရားပါ။ တရားအစစ်မဟုတ်တဲ့ တရားအတုမို့ပါ။

မြတ်စွာဘုရားရှင်ရဲ့ သာသနာမှတစ်ပါး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း တရားဆိုတာ မရှိဘူး။ အခြားအခြားဘာသာတွေမှာ မေတ္တာတရားတွေ၊ လူမှုရေးတရားတွေ၊ ကရုဏာတရားတွေ ရှိလိမ့်မယ်။ ပေးကမ်းလှူဒါန်းခြင်း၊ ကိုယ်

www.dhammadownload.com

ကျင့်တရား စောင့်ထိန်းခြင်းတွေ ရှိလိမ့်မယ်။ ဒါပေမဲ့လို့ မဂ္ဂင်ရှစ်ပါး အကျင့်တရား မရှိပါဘူး။

ငြိမ်းချမ်းမှုကို ပေးစွမ်းသူ

မဂ္ဂင်ရှစ်ပါး အကျင့်တရား မဟုတ်တဲ့အတွက်ကြောင့်မို့လို့ စိတ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို မပေးစွမ်းနိုင်ဘူး။ ဒီမနက်ကျတော့ လေသာပြတင်းပေါက်ကနေ သူ လှမ်းမျှော်ကြည့်ချိန်မှာ ရှင်နိဂြောဓ ခုနစ်နှစ်အရွယ် ကိုရင်ငယ်လေး သပိတ်ပိုက် ဆွမ်းခံကြွလာတာ မြင်လိုက်ရတာ စိတ်ထဲ ငြိမ်းချမ်းသွားတယ်။

ဘာအစွမ်းသတ္တိလဲ ပြောကြစို့ဆိုရင် တရားဓမ္မရဲ့အစွမ်းသတ္တိပါ။ ကိုရင်လေးမှာ ရှိနေတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် အရဟာတ္တမဂ် အရဟာတ္တဖိုလ် တရားဓမ္မတွေရဲ့စွမ်းအားပါ။ အေးချမ်းမှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုတွေက ဖူးမြော်ရသူတို့ရဲ့ စိတ်နလုံးကို အေးငြိမ်းစေပါတယ်။

အသောကမင်းကြီး မြင်လိုက်တဲ့အချိန်မှာ အံ့သြသွားတယ်။ ဒီနေ့ ငါ့စိတ်တွေ ငြိမ်းချမ်းလိုက်တာ၊ ကိုရင်လေးမြင်ရတာ စိတ်ချမ်းသာလိုက်တာ။ သွားကြစမ်းတဲ့။ အနားရှိနေတဲ့ မူးကြီးမတ်ရာ သေနာပတိတွေ ကိုရင်လေးနန်းတော်ပေါ်ပင့်ခဲ့၊ အမိန့်တော်ချမှတ်လိုက်တော့ ကိုရင်လေးကို သွားပင့်ကြတယ်။

"အရှင်ဘုရား မင်းတရားကြီးက ပင့်ခိုင်းလို့ပါဘုရား၊ နန်းတော်ကို ကြွတော်မူပါ" ဆိုတော့ ရဟန္တာကိုရင်လေး ကြွလာတယ်။ ကိုရင်လေးသည် သတိသမ္မဇဉ်နဲ့ သွားလာလှုပ်ရှားတယ်။ တစ်လှမ်းချင်း တစ်လှမ်းချင်း ပုံမှန်ကြွလာတယ်။ ဒါကို အသောကမင်းတရားကြီးက အားမရဘူး။ သူက စိတ်ကြမ်း ကိုယ်ကြမ်း စိတ်မြန်လက်မြန်ဆိုတော့ "သွားစမ်း ... ကိုရင်လေး ကြွတာ နေးလိုက်တာ မင်းတို့ မြန်မြန်ပင့်လာကြ" ။ မှူးကြီးမတ်ရာ သေနာပတိတွေ ဝန်ကြီးတွေကို ပြောလိုက်တော့ အပြေးအလွှားသွားပြီး "ကိုရင်ဘုရား မြန်မြန်နန်းတော်ပေါ်ကို ကြွတော်မူပါဘုရား" လျှောက်ကြတယ်။

www.dhammadownload.com

တရားရှိတဲ့ကိုရင် ရဟန္တာဖြစ်နေတဲ့ ကိုရင်လေးသည် လောဘ၊ ဒေါသ၊ မောဟတွေ ကင်းတယ်။ လောဘ၊ ဒေါသ၊ မောဟကင်းတဲ့အတွက်ကြောင့် ဘုရင်ကြီးက ပင့်သော်လည်း ပုံသဏ္ဌာန် အနေအထား ပြောင်းသွားစရာ မရှိပါဘူး။

"ရှင်ဘုရင်ကြီး ကြည်ညိုရင်တော့ဖြင့် ငါ ဘုန်းကံတွေ ကြီးတော့မှာ။ ငါ လာဘ်လာဘတွေ ပေါတော့မှာပဲ၊ များတော့မှာပဲ၊ ကြည်ညိုတဲ့သူတွေ ပေါများတော့မှာပဲ" ဆိုပြီးတော့ ရလိုတဲ့ မျှော်လင့်ချက်မျိုး ကိုရင်မှာ မရှိပါဘူး။ လောဘ မရှိပါဘူး။

မင်းကြီး ရာဇမာန် အမျက်တော်သာ ရှမယ်ဆိုရင် ဖမ်းချင်လည်း ဖမ်းမယ်၊ နှိပ်စက်ရင်လည်း နှိပ်စက်မယ်။ ထောင်ချရင်လည်း ချမယ်ဆိုပြီးတော့ ကြောက်လန့်တဲ့စိတ် မရှိပါဘူး။

ဒေါသကင်းတယ်၊ ဒေါသကင်းတော့ ကြောက်စိတ်မရှိဘူး။ လောဘ ကင်းတော့ ဘာမျှမမျှော်လင့်ဘူး။ သူ့တရား အမှတ်သညာ သတိသမ္မဇဉ်လေးနဲ့ပဲ တစ်လှမ်းချင်း တစ်လှမ်းချင်း ကြွလာတယ်။ မင်းကြီးက မနေနိုင်ဘူး။ နန်းတော်တံခါးဝကနေ လက်အုပ်ချီပြီး ထွက်ကြိုတယ်။ "ကိုရင်ဘုရား နန်းတော်ခန်းမဆောင်ထဲ ကြွတော်မူပါ" လို့ ပင့်သွားတယ်။

ခန်းမထဲ ရောက်တဲ့အခါကျတော့ လျှောက်ထားတယ်။ "ကိုရင်ဘုရား သင့်လျော်ရာမှာ သီတင်းသုံး နေတော်မူပါဘုရား"။ သင့်တော်ရာမှာ သီတင်းသုံးဆိုတော့ သူက နေရာထိုင်ခင်း ပြင်ထားတာလည်း မဟုတ်ဘူး။ ကိုရင်ကို ပညာစမ်းလိုက်တာ။

သင့်တော်ရာမှာ သီတင်းသုံးဆိုတော့ ကိုရင်က ကြည့်လိုက်တယ်။ အနားမှာ ဘယ်သူရှိတုံးပေါ့။ တခြားတခြား သံဃာတွေ ရှိသလား။ ဆရာတော် သံဃာတော်တွေ ရှိသလား။ ဒီခန်းမထဲ ကြည့်လိုက်တော့ မရှိဘူး။ ဘယ်သူတွေရှိသလဲဆိုတော့ရှင်ဘုရင်ကြီးရှိတယ်။မိဖုရားတွေရှိတယ်။မောင်းမမိသံခြေရံတွေ ရှိတယ်။ မှူးကြီးမတ်ရာ သေနာပတိတွေ၊ ဝန်ကြီးတွေ ရှိတယ်။ သူတို့နဲ့ ကိုရင်လေးနဲ့ သီလ သမာဓိ ပညာဂုဏ်အားဖြင့် ယှဉ်ကြည့်လိုက်ရင် သူတို့တွေအားလုံးနဲ့ ကိုရင်လေးနဲ့ ကိုရင်လေးက ကြီးမားသာလွန်ပါတယ်။

www.dhammadownload.com

သီလ သမာဓိဂုဏ် ကိုရင်က ကြီးတယ်။ အသက်အရွယ် ငယ်ပင်ငယ်သော်လည်း သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေက ကြီးမြတ်တော့ ဟောဒီခန်းမဆောင်ထဲ ငါ့ထက် ကြီးမြတ်သူ မရှိဘူးဆိုပြီးတော့ အမြင့်ဆုံး အမြတ်ဆုံး နေရာဖြစ်တဲ့ ရာဇပလ္လင်ပေါ် တက်ပြီးတော့ သီတင်းသုံးတယ်။ ဘုရင်တွေထိုင်တဲ့ ရာဇပလ္လင်ပေါ် တခြားသူတစ်ဦးတစ်ယောက်မျှ ထိုင်ခွင့်မရှိပါဘူး။ ရာဇပလ္လင်ပေါ် တက်ထိုင်ရင် အဲဒါ သေဒဏ်ပါ။ ထီးနန်းလုတာပါ။ သဘောက အခုကိုရင်က အမြတ်ဆုံးနေရာ ရာဇပလ္လင်ပေါ် တက်သီတင်းသုံးတော့ ပညာစမ်းတဲ့ အသောကမင်း သဘောပေါက်သွားတယ်။ ဒီကိုရင် ငါ့နိုင်မယ့်သူပဲလို့ သိသွားတယ်။ တစ်ခါတည်း ရိုသေလေးစားစွာနဲ့ ဒူးညွှတ်သွားတယ်။ ဦးညွှတ်သွားတယ်။ ရှိခိုးဦးချသွားတယ်။

"ကိုရင်ဘုရားတဲ့ ... ဘုရားတပည့်တော်ကို ဆုံးမတော်မူပါ။ တရားမမ္မဟောကြားတော်မူပါ။ တပည့်တော်မှာ သောကတွေ များလွန်းလို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေရပါတယ်။ သင့်တော်တဲ့ တရားမမ္မများ ဆုံးမတော်မူပါ" ဆိုတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေထဲက တရားဂါထာတစ်ပုဒ်ကို ဒီကိုရင်လေး ဟောကြားတယ်။

အပ္ပမာဒေါ အမတံ ပဒံ၊ပမာဒေါ မစ္စုနော ပဒံ။

အပ္ပမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပ္ပမာဒေါ - မမေ့မလျော့ မပေါ့မဆ နေထိုင်ရကြောင်း ကောင်းတဲ့ သတိတရားသည်၊ အမတံ ပဒံ - မအိုမသေ အမြဲနေရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်ပါပေဇာ်။

ပမာဒေါ - မေ့လျော့ ပေါ့ဆနေထိုင်ရကြောင်း မကောင်းတဲ့ အကုသိုလ်တရားသည်၊မစ္စုနော - ထပ်ကာတလဲလဲသေရခြင်းဇာ်၊ပဒံ - အကြောင်းတရား ဖြစ်ပါပေဇာ်။

တရားဟောတော်မူပါဆိုတော့ ကိုရင်လေး တရားတစ်ပုဒ် ရွေးချယ်ဟောလိုက်တယ်။ ရဟန္တာကိုရင်ပဲ တရားမမ္မရဲ့ အစွမ်းသတ္တိနဲ့ ရဲရဲဝံ့ဝံ့ ရာဇပလ္လင်ပေါ်တက် သီတင်းသုံးနေပြီး တရားဟောပါဆိုတော့ ရဲရဲဝံ့ဝံ့ပဲ မြတ်စွာဘုရားဟောကြားတဲ့ တရားတစ်ပုဒ် ဟောကြားလိုက်တယ်။

www.dhammadownload.com

ကိုရင်လေးက ဘာဟောသလဲ ပြောရမယ်ဆိုရင် လမ်းနှစ်သွယ်ချပြလိုက်တာပါ။ လောကထဲ ရှိတဲ့လူတွေ သွားနေတဲ့ လူသွားလမ်းနှစ်လမ်း ခွဲခြားပြလိုက်တာပါ။

တစ်လမ်းက မသေရွာကို သွားတဲ့လမ်း၊ တစ်လမ်းက သေရွာကို သွားတဲ့လမ်းပါ။ မသေရွာကို တချို့က သွားတယ်။ တချို့က သေရွာကို သွားတယ်။

အပ္ပမာဒေါ - မမေ့မလျော့ မပေါ့မဆနေထိုင်ရင်ကြောင်း ကောင်းတဲ့ သတိတရားသည်၊ အမတံ ပဒံ - မအိုမသေ အမြဲနေရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်ပါပေဖျ်။

မသေရွာကို သွားတဲ့လမ်းဆိုတာသည် နိဗ္ဗာန်လမ်းပါ။

မသေလမ်းဆိုတာ နိဗ္ဗာန်လမ်းပါ။

အဲဒီလိုဆိုရင် သိသာပြီ၊ သေလမ်းဆိုတာက သံသရာလမ်း။

ဒီဘဝလည်းသေ၊ နောင်ဘဝလည်းသေ၊ သံသရာထဲမှာ တစ်ဘဝပြီး တစ်ဘဝ ကျင်လည်ရသမျှ ဘဝတိုင်း ဘဝတိုင်းမှာ သေရတာမို့လို့ သံသရာလမ်းကို သေလမ်းလို့ ပြောရမှာပါ။

ဒီဘဝလည်း သေရမှာ၊ နောက်တစ်ဘဝလည်း သေရမှာသေလမ်းပါ။

အဲဒီတော့ နိဗ္ဗာန်မရောက်သေးတဲ့သူမှန်သမျှ သေလမ်းသွားရမှာပါ။

ကုသိုလ်ကောင်းမှုတွေ မေ့မလျော့ပေါ့ဆ အကုသိုလ်နဲ့ နေတဲ့သူတွေသည် သေလမ်းသွားတယ်။ သံသရာလမ်း သွားနေကြတယ်။ မမေ့မလျော့ မပေါ့မဆ သတိတရားနဲ့ ကုသိုလ်တရားတွေ ကျင့်ကြံပွားများ အားထုတ်နေသူသည် နိဗ္ဗာန်လမ်းကို သွားတယ်။

လူသွားလမ်း နှစ်လမ်းရှိတယ်လို့ ဟောပေးလိုက်ပါတယ်။ သေလမ်းနဲ့ မသေလမ်းရယ်လို့ ခွဲခြားပြလိုက်တယ်။ အသောကဘုရင်က တကယ်ပြောရင် သူကသေရမှာ ကြောက်နေတာပါ။ သူများကို သတ်တုန်းက သတ်ထားပေမဲ့ အခုအချိန် သူ သေရမယ်ဆိုတော့ မသေရဲပါဘူး။ သေလည်း မသေချင်ပါဘူး။ သေရမှာ ကြောက်တယ်။

အသောကမင်းကြီးမှ မဟုတ်ဘူး။ ဘယ်သူမဆို သေရမှာကြောက်တဲ့ သူတွေချည်းပါပဲ။ မသေချင်တဲ့ သူတွေချည်းပါပဲ။ မသေချင်ရင် မသေလမ်းကို

www.dhammadownload.com

ရွေးရမှာပါ။ မသေချင်ရင် မသေမယ့်လမ်းသွားရမှာပါ။ ကိုယ်သွားနေတာက သေလမ်းသွားနေပြီးတော့ မသေချင်ပါဘူးဆိုလို့ မရပါဘူး။ သေလမ်းသွားရင် သေမှာပါ။ မသေလမ်းသွားရင် မသေပါဘူး။ လမ်းနှစ်သွယ် ကြိုက်ရာရွေး။ သွားရမယ့် လမ်းနှစ်ကြောင်းပဲ ရှိပါတယ်။ ကုသိုလ်နဲ့ အကုသိုလ်၊ ကုသိုလ်ဘက်ကို လျှောက်လှမ်းမယ်ဆိုရင် မသေရာ နိဗ္ဗာန်ရောက်မယ်။ အကုသိုလ်ဘက်ကိုသွားရင် သေတဲ့သံသရာထဲ ရောက်လိမ့်မယ်။

အပွမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပွမတ္တာ - မမေ့မလျော့ မပေါ့မဆ နေထိုင်ကြရှာ အကြင်သတ္တဝါတို့သည်၊ နမီယန္တိ - မကြာမီ မဂ်ဖိုလ်ရသဖြင့် မုချဇကန် မသေကြရလေကုန်။ ယေ - အကြင်သူတို့သည်၊ ပမတ္တာ - မေ့လျော့ပေါ့ဆ နေထိုင်ကြကုန်၏။ တေ - မေ့လျော့ပေါ့ဆ နေထိုင်ကြရှာ ထိုသတ္တဝါ တို့သည်၊ မတာ ယထာ - သေသူများနှင့် မခြားတစ်မူ အလားတူ၍ နေကြလေကုန်၏။

သေလူနဲ့ ရှင်လူ

လောကမှာ လူနှစ်မျိုးရှိတယ် ဒကာတော်မင်းကြီး၊ သေလူနဲ့ မသေလူ၊ သေလူနှင့် ရှင်လူပါ။

ကုသိုလ်ကောင်းမှုတွေ မေ့လျော့ပေါ့ဆနေတဲ့သူသည် သေလူပါ။

အသက်ဝိညာဉ် ကင်းသွားသူသည် အသေကောင်ပါ။ လူသေကောင် ရုပ်အလောင်းကြီးက ထပြီးတော့ ဒါနကောင်းမှုလည်း မပြုနိုင်ဘူး၊ သီလလည်း မစောင့်နိုင်ဘူး၊ ဘာဝနာလည်း မပွားနိုင်ဘူး။ အသက်ဝိညာဉ် ကင်းမဲ့သွားသူ၊ သေနေတဲ့သူသည် ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်တော့ပါဘူး။ ဒီလိုပဲ ကုသိုလ်ကောင်းမှုတွေ မလုပ်ဖြစ်တဲ့သူ၊ လုပ်ရမှာ သတိမရတဲ့ သူတွေသည် သေတဲ့သူနဲ့ တူတယ်။ ကုသိုလ်မေ့နေရင် သေသူပါ။

ကုသိုလ်ကောင်းမှု ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေ ရှင်သန်နေမှသာ ရှင်သူဖြစ်တယ်။ ကုသိုလ်တရားတွေ ဆိတ်သုဉ်းပြီးတော့ ဘာကုသိုလ်မှ မလုပ်ဖြစ်ဘူး၊ တစ်နေ့နေလို့ မနက်မိုးလင်းကနေ မိုးသာချုပ်သွား

www.dhammadownload.com

တယ်၊ တစ်နေ့သာ ကုန်သွားတယ်၊ ဒါနလည်း မလုပ်ဖြစ်၊ သီလလည်း မလုပ်ဖြစ်၊ ဘာဝနာလည်း မလုပ်ဖြစ်တဲ့နေ့သည် သေနေ့ပါ။

တချို့သိပ်အခံ့ဩဖို့ကောင်းတယ်။ အိမ်မှာ ဘုရားပူဇော်ထားလျက်သားနဲ့ ဘုရား ကိုးကွယ်ထားလျက်သားနဲ့ မိုးလင်းကမိုးချုပ် အချိန်သာ ကုန်သွားတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်ကြိမ်တောင် မရွတ်ဖြစ်လိုက်ဘူး။ ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်ခေါက်တောင် မဆိုဖြစ်လိုက်ဘူး။ သံဃံ သရဏံ ဂစ္ဆာမိ သတိကို မရလိုက်တာ ရှိပါတယ်။

ကုသိုလ်ကောင်းမှု မေ့နေတဲ့သူသည် သေလူပါ။

အသောကဘုရင်ကို တိုက်ရိုက်ကို ထိမှန်တဲ့တရားပါ။

သူ့သက်တမ်းတစ်လျှောက် သူနေခဲ့တဲ့သက်တမ်းတစ်လျှောက်မှာ တစ်ဘဝလုံးလုံး သူလုပ်ခဲ့တာတွေဟာ အကုသိုလ်တွေပါ။

မင်းစည်းစိမ်၊ မင်းချမ်းသာရဖို့အရေး လူပေါင်းများစွာ အသက်နဲ့ စတေးခဲ့၊ ကြမ်းတမ်းရိုင်းစိုင်း ရက်စက်ခဲ့တယ်။

ပါဠလိပုတ် နေပြည်တော် ထီးနန်းစိုးစံပြီးတဲ့အချိန် အနီးအနားက အင်အားနည်းတဲ့နိုင်ငံတွေကို တိုက်ခိုက်သိမ်းပိုက်ပြီးတော့ ယူခဲ့သေးတယ်။ သူ့လက်ထက်မှာ သေတဲ့သူတွေ သိန်းသန်းချီပြီးတော့ ရှိခဲ့တယ်။ အလောင်းတွေ ထပ်ခဲ့တယ်။ သွေးချောင်းစီးခဲ့တယ်။ ငိုသံတွေမတိတ်ဘဲ ဖြစ်ခဲ့တယ်။

အဲဒီလိုနေခဲ့တဲ့ အသောကမင်းကြီး ကုသိုလ်ကောင်းမှုတွေ မေ့နေတာကို သူ့ကိုယ်သူ ပြန်မြင်လိုက်တယ်။ "ဩော် - ငါ့ဘဝသည် သေဆုံးနေပါလား" "ငါသည် သေလူတစ်ယောက်ဖြစ်နေပြီ" ကုသိုလ်ကောင်းမှုတွေ ရှင်သန်နေတော့မှ ရှင်လူဖြစ်တော့မှာဆိုတော့ ငါ ကုသိုလ်ကောင်းမှုတွေ ပြုဖို့လိုပြီလို့ တရားဓမ္မဝင်ရောက်သွားတဲ့အချိန်မှာ သူနှလုံးသားမှာ တရားရှိသွားတဲ့အချိန်မှာ အသိအမြင် ပြောင်းသွားပါတယ်။

တရားနာတယ်၊တရားနာတယ်၊ တရားကျင့်တယ် တရားကျင့်တယ် ဆိုတာ အသိအမြင် ပြောင်းဖို့ပါ။ အသိအမြင်တွေ ပြောင်းသွားဖို့လိုပါတယ်။ မသိသေးတာတွေ သိလာရတဲ့အချိန်မှာ မှတ်သားရမယ်၊ လိုက်နာစရာ ရှိတာတွေ လိုက်နာရမယ်။ ကျင့်စရာရှိတာတွေ ကျင့်ရမယ်။

www.dhammadownload.com

သူကလည်း ညံ့တဲ့သူတော့ မဟုတ်ပါဘူး။ သာသနာပြုမယ့်မင်း ဉာဏ်ထက်မြက်တဲ့မင်းဆိုတော့ နိဂြောဓသာမဏေတရား ဂါထာလေးတစ်ပုဒ် ဟောကြားလိုက်တဲ့အခါ အသိတရားဝင်သွားတယ်။ တရားဂါထာလေး တစ်ပုဒ်တည်းပါ။

သေလမ်းနဲ့ မသေလမ်း"၊ "သေလူနဲ့ မသေလူ"ကို နှိုင်းယှဉ်ပြလိုက်တဲ့ တရားပါ။ ကုသိုလ်ကောင်းမှုမရှိရင် သေလူ၊ သေလမ်းသွားလိမ့်မယ်။ ကုသိုလ်ကောင်းမှုရှိရင် ရှင်သူ၊ မသေရာ နိဗ္ဗာန်ကို ရောက်လိမ့်မယ်လို့ ခွဲခြားနားလည်သဘောပေါက်သွားပါတယ်။

သရဏဂုံတည်သွား

ချက်ချင်းပဲ ကိုရင့်ကို လျှောက်ထားတယ်။ "ကိုရင်ဘုရားတဲ့ ဘုရားတပည့်တော်မိရိုးဖလာဗြဟ္မဏဘာသာကိုပယ်စွန့်ပါတယ်။ဒီနေ့ကစပြီးတော့ ဘုရားကိုးကွယ်ပါတယ်။ တရားကိုးကွယ်ပါတယ်။ သံဃာကိုးကွယ်ပါတယ်"။ သရဏဂုံသုံးပါး ခံယူဆောက်တည်သွားတယ်။ ဓမ္မအစွမ်းပါ။

တရားဓမ္မရဲ့အစွမ်း၊ သူ့ကိုယ်သူလည်း သိမြင်နားလည်သွားတဲ့အချိန် ကုသိုလ်ကောင်းမှုတွေပြုမှ ဖြစ်မယ်ဆိုပြီးတော့ ကိုရင့်ကို လျှောက်တာပါ။ "ကိုရင်ဘုရား။ ကိုရင့်ကျေးဇူးကြီးပါပေတယ်။ ကိုရင်ဘုရား ကျေးဇူးဆပ်တဲ့ အနေနဲ့ ဘုရားတပည့်တော် နေ့စဉ်နေ့တိုင်းမှာ ဆွမ်းအုပ်ရှစ်အုပ် လှူဒါန်းချင်ပါတယ် ဘုရား။ လှူခွင့်ပြုပါ" ဆိုတော့ ကိုရင်က လက်မခံဘူး။ ဒကာကြီးတဲ့၊ ကိုရင့်မှာ ကိုရင့်ဆရာသမား ဥပဇ္ဈာယ်ဆရာ ရှိပါတယ်။ ဥပဇ္ဈာယ်ဆရာ လှူပါ၊ ကိုရင်က အရေးမကြီးပါဘူးပေါ့။

"ကိုရင့်ဆရာ ဥပဇ္ဈာယ်ဆရာကိုလည်း ဆွမ်းရှစ်အုပ် လှူမယ်၊ ကိုရင့်ကိုလည်း ဆွမ်းရှစ်အုပ် လှူမယ်"လို့ လျှောက်ပြန်တယ်။

"နေပါဦး ဒကာကြီးရယ်၊ ကိုရင့်မှာ ဓမ္မာစရိယ တရားဓမ္မ သင်ကြားပို့ချပေးတဲ့ အရှင်မြတ်တွေ၊ တရားဓမ္မ ကျင့်ကြံနေတဲ့ အရှင်မြတ်တွေ ရှိသေးတယ်၊ သူတို့ကိုသာ လှူလိုက်ပါ၊ ဟိုဆရာသခင်တွေကို လှူလိုက်ပါ" ဆိုတော့ "ကိုရင့်

www.dhammadownload.com

ဥပဇ္ဈာယ်ဆရာလည်း ဆွမ်းရှစ်အုပ်၊ ဓမ္မာစရိယ အရှင်မြတ်တွေလည်း ဆွမ်းရှစ်အုပ် လှူမယ်၊ ကိုရင်လည်း ဆွမ်းရှစ်အုပ် အလှူခံပါ" လျှောက်ပြန်တယ်။

"ဒကာကြီးကို အကျိုးများအောင် ကိုရင် ညွှန်ပြမယ်တဲ့၊ သံဃာကိုသာ လှူဒါန်းလိုက်ပါ။ ကိုရင့်ကို မလှူပါနဲ့။ ကိုရင်က ဆွမ်းခံထွက်လို့ပြည့်စုံပါတယ်။ လုံလောက်ပါတယ်။ သံဃာကိုသာ လှူလိုက်ပါ" ဆိုတော့လည်း "သံဃာတော် အရှင်မြတ်တွေကိုလည်း ဆွမ်းရှစ်အုပ် လှူပါ့မယ်။ ကိုရင်လည်း အလှူခံပါ ဘုရား" လျှောက်ပြန်တယ်။

အသောကမင်းကြီး သဒ္ဓါတရားတွေ ဖြစ်လွန်းလို့ပါ။ ဒါနကောင်းမှု စတင်ပြီးတော့ပြုတယ်၊ နေ့စဉ်နေ့တိုင်းမှာ ဆွမ်းအုပ်ပေါင်း သုံးဆယ့်နှစ်အုပ် လှူဒါန်းပါတယ်။ ကုသိုလ်ခြေလှမ်း ပထမတစ်လှမ်းပါ။

အဲဒီနေ့က စပြီးတော့ ကျောင်းသွားတယ်။ တရားနာတယ်။ ရဟန်းသံဃာတွေနဲ့ ထိတွေ့တယ်။ အဆုံးအမတွေ ခံယူတယ်။ တဖြည်းဖြည်းချင်း တရားဓမ္မတွေ ကိန်းအောင်းလာ၊ တရားဓမ္မတွေ သိနားလည်လာတဲ့အခါကျတော့ ကုသိုလ်ကောင်းမှုတွေကို ပြုရမယ်။ လုပ်ရမယ်လို့ နားလည်လာတဲ့အချိန်မှာ ဆတက်ဆတက် တိုးပြီးတော့ ကုသိုလ်ကောင်းမှုတွေ အသောကမင်းကြီး ပြုပါတယ်။ အသောကာရုံကျောင်းတဲ့။ သံဃာတော် တစ်ထောင်ကျော် သီတင်းသုံးလို့ရတဲ့ ကျောင်းတိုက်ကြီးတစ်ခု ကိုယ်တိုင်ဆောက်လုပ်၊ အလယ်ကျောင်းဆောင်တွေ၊ သိမ်ကျောင်းတွေ၊ ဆွမ်းစားကျောင်းတွေ၊ သံဃာကျောင်းဆောင်တွေနဲ့ ပြည့်ပြည့်စုံစုံ သံဃာတော်တစ်ထောင်ကျော်ကို ပင့်ထားပြီးတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပါတယ်။

ဒီလောက်နဲ့တင် သူ အားမရသေးဘူး။ ဒီလောက်နဲ့တင် မကျေနပ်သေးဘူး။ ဒါထက်ဒါထက်ကို လှူဒါန်းဦးမယ်လို့ မြတ်စွာဘုရားရဲ့တရားဓမ္မ ဓမ္မက္ခန္ဓာတွေကို ကျေးဇူးဆပ်သောအားဖြင့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို အာရုံပြုပြီးတော့ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင်ကို ကမ္ဘာအနှံ့မှာ

www.dhammadownload.com

လျှုဒါန်းခဲ့တယ်။ သာသနာအတွက် အကျိုးများတဲ့ တတိယသင်္ဂါယနာကို လည်း ဒါယကာအဖြစ် ခံယူပြီးတော့ သင်္ဂါယနာ တင်ခဲ့တယ်။

သူ့ကုသိုလ်ကောင်းမှုတွေက သာသနာအတွက်လည်း အကျိုးများ၊ ကမ္ဘာသူ ကမ္ဘာသားတွေအတွက်လည်း အကျိုးများတော့ အားလုံးသော သူ တွေက သူ့ကို ဝိုင်းဝန်းဂုဏ်ပြုပြီးတော့ ခေါ်ဝေါ်ကြတဲ့အမည်က သီရိဓမ္မာ သောကပါ။ စက္ကာသောကဆိုတဲ့ အမည်မရှိတော့ပါဘူး။

ပြောင်းသွားပြီ။ အသောကမင်းကြီးရဲ့ အနေအထား ပုံရိပ်ပြောင်းသွား ပြီ။ လူဆိုး လူညံ့၊ မင်းဆိုးမင်းယုတ် အဖြစ်ကနေပြီးတော့ မင်းကောင်းမင်းမြတ် ဖြစ်သွားတာ ဓမ္မအစွမ်းပါ။

ဒီမင်းကြီးရဲ့ ကျေးဇူးမကင်းဘူးလို့ပဲ ပြောရပါမယ်။ ဘုန်းကြီးတို့ နိုင်ငံ သုဝဏ္ဏဘူမိ မြန်မာနိုင်ငံဘက်ကို သာသနာရောက်တာလည်း ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်တဲ့အချိန်မှ ဘုရားသာသနာ ရောက်လာတာပါ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီးတော့ နှစ်ပေါင်း ၂၀၀ ကျော် နောက်ပိုင်းမှာ သာသနာ ရောက်ပါတယ်။ အဲဒီလို အကျိုးများတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုဖြစ်သွား တယ်။

သူ့ရဲ့ကျေးဇူးရှင် ကိုရင်လေးက ခုနစ်နှစ်အရွယ်သာ ရှိသေးပေမဲ့လို့ သူ့ သန္တာန်မှာ ကိန်းတဲ့ တရားဓမ္မ၊ ဒီတရားဓမ္မရဲ့စွမ်းရည်သတ္တိကြောင့် အသောက မင်းကြီး ကြည်ညိုမှု ဖြစ်လာတယ်။ သာသနာကိုလည်း ကြည်ညိုလာတယ်။ သာသနာကိုလည်း ချီးမြှောက်ထောက်ပံ့တယ်။ ဓမ္မရဲ့စွမ်းအားတွေ စွမ်းရည် တွေ ထက်မြက်မှုကြောင့် ဒီနေ့တိုင်အောင် တရားအရသာ တရားချမ်းသာ ခံစားရပါတယ်။ထက်မြက်တဲ့ ဓမ္မအစွမ်းပါ။

တရားဓမ္မရဲ့စွမ်းရည်သတ္တိပါ။ အဲဒါကြောင့်မို့ ဒီတရားဓမ္မတွေ တည်တံ့ နေအောင်လို့ သံဃာတော် အရှင်မြတ်တွေ ထိန်းသိမ်းကြ၊ စောင့်ရှောက်ကြ တယ်။ ပရိယတ္တိဓမ္မ၊ ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မ နိဂ္ဂာနိဂ္ဂာ သန်ရာသန်ရာ သာသနာ့တာဝန်တွေ ထမ်းဆောင်ပြီးတော့ ဒီတရားဓမ္မတွေ မကွယ်ပျောက် အောင် ကြိုးစားစောင့်ရှောက်ထိန်းသိမ်းပေးလို့ သံဃံ သရဏံ ဂစ္ဆာမိ-ကိုး ကွယ်ဆည်းကပ်ကြတယ်။

www.dhammadownload.com

ဘဝလမ်းကြောင်း လျှောက်လှမ်းနေတဲ့သူတွေကို သက်သာအေးချမ်းမှုကိုပေးတတ်တဲ့၊ ဘဝသံသရာခရီးခဲကနေကယ်တင်ထုတ်ဆောင်ပေးတတ်တာမို့လို့ ဓမ္မံ သရဏံ ဂစ္ဆာမိ - ကိုးကွယ်ကြတယ်။ ဒီ ဓမ္မနဲ့ သံဃ၊ တရားနဲ့ သံဃာဆိုတာ မြတ်စွာဘုရားရှင် မရှိဘဲနဲ့ မဖြစ်ပါဘူး။ ဗုဒ္ဓသာသနာ မရှိဘဲနဲ့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - သရဏဂုံသုံးပါး အားပါးတရ ရွတ်ဆိုကြ၊ ဆောက်တည်ကြ၊ ခံယူကြတယ်။

တရားတော်ရဲ့ စွမ်းရည်သတ္တိတွေကို နားလည်ပြီးတော့ အံ့သြစရာကောင်းတဲ့ ဓမ္မရဲ့အစွမ်း၊ ကိုယ်ကိုယ်တိုင်လည်း ဒီအစွမ်းသတ္တိတွေကို ခံယူလို့ရတယ်။ ကိုယ်ကိုယ်တိုင်လည်း ကျင့်သုံးမယ်ဆိုရင် တရားဓမ္မရဲ့ စွမ်းအားသတ္တိတွေကို ရနိုင်တယ်။

"ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း" ဆိုတဲ့ ဒီတရားဓမ္မမျိုးရောက်အောင် ရအောင် ရှိအောင် ကြိုးစားရမယ်။ ကျင့်ရမယ်။ ကုသိုလ်တရားတွေ ရှင်သန်နေမှသာလျှင် ရှင်လူတစ်ယောက် ဖြစ်မယ်နော်။

ကုသိုလ်တရားတွေရှိလို့ ရှင်သန်နေသူမှသာလျှင် မအိုရာ မနာရာ မသေရာဖြစ်တဲ့ နိဗ္ဗာန်လမ်း လျှောက်လှမ်းနိုင်ပါလိမ့်မယ်။

www.dhammadownload.com

မနက်ဖြန်ဆိုတာ မသေချာ

မသေချာမှုတွေနဲ့ ဖွဲ့စည်းထားတဲ့ လောကမှာ သေချာတယ်ဆိုတာ မရှိပါဘူး။ တရားနဲ့ယှဉ်တဲ့ သံဝေဂရစေဖို့ လေးလေးနက်နက် ဆင်ခြင်ရင် နက်ဖြန်ဆိုတာ မသေချာဘူးလို့ မြင်ထားရပါမယ်။

မြတ်စွာဘုရားရှင်က -

အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ၊ ကော ဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန ၊မဟာသေနေန မစ္စုနာ။

လို့ မိန့်ကြားခဲ့တာ ရှိပါတယ်။

အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ၊ အဇ္ဇေဝ - အခါမရွေးဤယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အမှုကိစ္စမှန်သမျှကို၊ ကာတဗ္ဗံ - မုချပုံသေပြုအပ်ပါပေ၏။ ဒီစကားတော်ကို ရှင်းပြချင်ပါတယ်။

ပြုသင့်ပြုထိုက်တဲ့ ကိစ္စမှန်သမျှကို ချိန်ခါမရွေးနဲ့လို့ ပြောကြားတဲ့ စကားပါ။ အရေးကြီးတဲ့ကိစ္စ၊ အရေးကြီးတဲ့ အကြောင်းအရာ တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်တော့မယ်ဆိုရင် ချက်ချင်းလုပ်လို့ ပြောတဲ့အဓိပ္ပာယ်ပါ။ ဒီကိစ္စသည် မဖြစ်မနေလုပ်ရမယ်၊ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ အလုပ်မျိုးကို အချိန်မဆွဲရပါဘူး။ ချက်ချင်းလုပ်ရမှာပါ။

ချက်ချင်းလုပ်ပါ။ တစ်ခါတစ်ရံမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို နောင်မှလုပ်မယ်၊ နောင်မှလုပ်မယ်၊ နောက်တစ်နေ့မှလုပ်မယ်၊ နက်ဖြန်မှ

www.dhammadownload.com

လုပ်မယ်၊ သန်ဘက်ခါမှလုပ်မယ် အချိန်ဆွဲရင်း ဆွဲရင်းနဲ့ အချိန်မရလိုက်တာ မျိုး၊ အလုပ်မဖြစ်လိုက်တာမျိုး ကြုံရတတ်ပါတယ်။

ဒီအတွက်ကို ဘုရားရှင်က သတိပေးတယ်။ အဇ္ဈ၀ - အခါမရွွေ့ ဤယနေ့ကပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ ကာတဗ္ဗံ - မုချပုံသေပြုအပ်ပါပေ၏။ ဒီစကားပြောတာ အကြောင်းမဲ့ မဟုတ်ပါဘူး။ အကြောင်းရှိပါတယ်။ နောက်နားလေးမှာ မြတ်စွာဘုရားရှင်က အကြောင်းပြတဲ့စကား မိန့်ကြားတယ်။

သေမင်းနဲ့ ချိန်းလို့မရ

န ဟိ နော သက်ံရံ တေန မဟာသေနေန မစ္စုနာ။

သေမင်းနဲ့ ချိန်းထားတာမရှိလို့တဲ့။ သေမင်းနဲ့ ဘယ်နေ့ ငါလာမယ်၊ ဘယ်နေ့မှခေါ်ပါ၊ ဘယ်အချိန်မှ ခေါ်ပါဆိုပြီးတော့ ချိန်းထားတာ မရှိပါဘူး။

တကယ်လို့သာ သေမင်းသည် ရုတ်တရက်ချက်ချင်း အချိန်မရွေး ရောက်လာမယ်ဆိုရင် ကိုယ့်မှာ အဆင်သင့်မဖြစ်မှာစိုးလို့ သတိပေးတဲ့ စကားတော်ပါ။

သည်စကား ဖြစ်ပေါ်ခဲ့တဲ့အကြောင်း အခြေခံအဖြစ်အပျက်လေးက ဗုဒ္ဓမြတ်စွာ သာ၀တ္ထိပြည် ဇေတ၀နကျောင်းတိုက်မှာ သီတင်းသုံးတဲ့အချိန် မဟာဓန ၀ါကြီဇုဆိုတဲ့ ကုန်သည်ကြီးတစ်ယောက်ကို အကြောင်းပြုပြီးတော့ ဟောတဲ့ တရားပါ။

ကုန်သည်ကြီးတစ်ယောက် စီးပွားရေးလုပ်ငန်း တွင်တွင်ကျယ်ကျယ် လုပ်နေတဲ့ ကုန်သည်ကြီးတစ်ယောက်ပါ။ သူက ဗာရာဏသီပြည်သားပါ။ သူနေတဲ့ ဗာရာဏသီမြို့နဲ့ မြတ်စွာဘုရား သီတင်းသုံးတဲ့ သာ၀တ္ထိမြို့သည် မိုင်ပေါင်းများစွာ ကွာဝေးပါတယ်။ ဗာရာဏသီပြည်က ကုန်သည်ကြီးက သူတို့မြို့က ထွက်ကုန်ပစ္စည်း လှည်းအစီး ငါးရာနဲ့၀ယ်၊ မြတ်စွာဘုရား သီတင်းသုံးတဲ့ သာ၀တ္ထိမြို့မှာ သွားရောက်ပြီးတော့ ရောင်းချ။ သာ၀တ္ထိကထွက်တဲ့ ထွက်ကုန်ပစ္စည်းတွေ တစ်ခါပြန်၀ယ်။ ဗာရာဏသီမှာ ရောင်းချဆိုပြီးတော့ ကုန်ရောင်း ကုန်၀ယ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကုန်သည်ပါ။

www.dhammadownload.com

ကုန်သည်ကြီးကို ရည်ရွယ်

ကုန်သည်ကြီးကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောကြားခဲ့တာပါ။ ကုန်သည်ဆိုတော့ သူ့ခေါင်းထဲမှာ အရောင်းအဝယ်အကြောင်းပဲ ရှိပါတယ်။ ဘယ်လိုကုန်မျိုး ဝယ်သွားရမယ်။ ဘယ်နေရာမှာ ရောင်းရမယ်။ ဘယ်စျေးနဲ့ ဝယ်ရင်တော့ဖြင့် ဘယ်လောက်အမြတ်အစွန်းရမယ်။ ဒါပဲ တွက်ဆနေတဲ့ ကုန်သည်ကြီးမို့ ကုသိုလ်ကောင်မှုကို သတိမရပါဘူး။ ကုသိုလ်ရေးတွေ မေ့နေပါတယ်။

လူက လူအလုပ် လုပ်ကိုင်ကြရတယ်။ တချို့တောင်သူဦးကြီးတွေလည်း လယ်လုပ်ငန်းလုပ်တယ်။ အမှုထမ်းတွေလည်းပဲ သူ့ဆိုင်ရာဆိုင်ရာ ရုံးလုပ်ငန်း၊ ရုံးကိစ္စ လုပ်ကိုင်ကြ။ ကုန်သည်တွေလည်းပဲ ကုန်သည်အလုပ် လုပ်ကိုင်ကြတယ်။ အဲဒီအချိန်မှာ ကိုယ့်အလုပ် ကိုယ် နစ်မျောပြီးတော့ နေကြတော့ ကုသိုလ်ကောင်မှုကို မေ့နေတတ်ပါတယ်။

ကုသိုလ်ကောင်မှုကို မေ့ကြတယ်။ သာမန်အကြောင်းကိစ္စမှာ မေ့ပြီးတော့ မလုပ်ဖြစ်တာ ကိစ္စမရှိဘူး။ ကုသိုလ်မေ့ရင် ဒုက္ခရောက်တယ်။

ကုန်သည်ကြီး စဉ်းစားတယ်။ ဗာရာဏသီက ထွက်ကုန်တွေ ဝယ်သွားမယ်။ သာဝတ္ထိမှာ ရောင်းမယ်။ သာဝတ္ထိမှာလည်း ပွဲလမ်းသဘင် အကြီးအကျယ်ရှိတဲ့အချိန်၊ ခုနစ်ရက် ခုနစ်လီ ပွဲသဘင်ကြီးအမီရောင်းချဖို့ ကုန်ပစ္စည်းတွေ စုလိုက်တာ မနည်းပါဘူး။

လှည်းအစီးငါးရာနဲ့ ကုန်ပစ္စည်းတွေ အပြည့်တင်၊ စိတ်ကူးထဲမှာတော့ ဒီပွဲသဘင်ကြီးအမီငါသွားမယ်ပေါ့။ ခုနစ်ရက်အတွင်းရောင်းမယ်။ အနယ်နယ် အရပ်ရပ်က ရောက်လာကြတဲ့သူတွေ ဒီကုန်ပစ္စည်းတွေ ဝယ်ယူကြပါစေ။ ခုနစ်ရက်လောက် ငါရောင်းရင် ကုန်ပါတယ်။ အမြတ်အစွန်းက ဘယ်လောက်ရမယ်။ သာဝတ္ထိက ထွက်ကုန်တွေ ပြန်ဝယ်လာခဲ့မယ်။ သားသမီးအတွက် ဘာဝယ်မယ်။ ဇနီးအတွက် ဘာဝယ်မယ်။ နောင်လုပ်ငန်းတွေ တိုးချဲ့ဖို့ အရင်းအနှီးတွေ ဘယ်လောက်စုဆောင်းမိမယ်။

ဒါတွေ သူစဉ်းစားပြီးတော့ သွားနေတဲ့ကုန်သည်ကြီး သွားလိုက်တာ သာဝတ္ထိပြည်မရောက်ခင် အစီရဝတီမြစ်၊ မြစ်တစ်စင်းစာသာခြားတဲ့ နေရာ

www.dhammadownload.com

ရောက်တော့ အချိန်ကမိုးချုပ်နေပြီ။ မြစ်ရဲ့ဟိုဘက်ကမ်း ကူးလိုက်တာနဲ့ သာဝတ္ထိ ရောက်ပြီ။ ဒီဘက်ကမ်းမှာ မိုးချုပ်သွားတော့ "ကဲ ... အေးအေးဆေးဆေး တို့တွေ ဒီတစ်ညတာ ဒီနေရာမှာပဲ အနားယူကြတာပေါ့။ နက်ဖြန်မနက် စောစောရောက်ရင် အချိန်မီတာပဲ" ဆိုပြီး အားလုံး မြစ်ကမ်းဘေးမှာ စခန်းချတယ်။

မထင်မှတ်ဘဲနဲ့ တစ်ညလုံး ရွာသွန်းတဲ့မိုး မြစ်ညာဘက်က အကြီးအကျယ်ရွာတယ်။သူတို့ရောက်နေတဲ့နေရာ ပတ်ဝန်းကျင်မှာလည်း အကြီးအကျယ် မိုးတွေကရွာတော့ မြစ်ကြီး ရေလျှံလာတယ်။ တစ်ခါတည်း ကြည့်ရင်း ကြည့်ရင်းနဲ့ ရေတွေက လျှံလာတာ ဟိုဘက်ကမ်းကူးလို့ မရတော့ဘူး။

မနက်မိုးလင်း ကြည့်လိုက်ချိန်မှာ မြစ်ပြင်ကျယ်ကြီး ရေပြည့်နေလို့ ကူးလို့ မရတော့ဘူး။ အသက်ဘေးက လွတ်အောင် ကမန်းကတန်း နောက်ပြန်ဆုတ်ပြီးတော့ ဘေးကင်းရာမှာ စခန်းချနေလိုက်ကြတယ်။ ရွာသွန်းတဲ့ မိုးကလည်း ခုနစ်ရက်တိုင်တိုင်ပါ။ ဟိုဘက်ကမ်းမှာ ကျင်းပတဲ့ ပွဲသဘင်ကလည်း ပွဲတော်ကြီးကလည်း ခုနစ်ရက်ပါ။ သူစိတ်ကူးနဲ့သူ တွက်ထားတာတွေ တခြားစီ ဖြစ်ကုန်ပြီ။ ဒီပွဲတော် အမီသွားမယ်၊ ရောင်းမယ်၊ ကုန်ပစ္စည်းတွေ ကုန်သွားရင် ဘာပြန်ဝယ်မယ်။ အိမ်သုံးကုန်၊ လူသုံးကုန်တွေ ဝယ်သွားမယ်ပေါ့။ စဉ်းစားထားတာ၊ တွေးထားတာတွေသည် အကောင်အထည်မပေါ်တော့ဘူး။

ကုန်သည်ကြီးဟာ လှည်းအစီးငါးရာနဲ့ ဒီဘက်ကမ်းမှာ စခန်းချနေတယ်။ ခုနစ်ရက်တင်းတင်း ပြည့်တော့မှ မိုးကလည်း တိတ်တယ်။ ရေစီးကလည်း ကျတယ်။ ဒီအချိန်ကျတော့မှ ဟိုဘက်ကမ်းကူးမယ်လို့ ပြင်တဲ့အချိန် မြတ်စွာဘုရားရှင်က သတ္တဝါများကို သနားကရုဏာနဲ့ တစ်နေ့နှစ်ကြိမ် လောကကို ကြည့်မြဲတိုင်း သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တဲ့အချိန်မှာ ဒီကုန်သည်ကြီး သက်တမ်းကုန်တော့မယ်ဆိုတာကို မြတ်စွာဘုရား သိမြင်ပါတယ်။ ကုန်သည်ကြီး လူဘဝသက်တမ်း ကုန်တော့မှာပါ။

တစ်ရက်သာကျန်တဲ့ အသက်

သက်တမ်းကုန်တော့မယ်။ ကုန်သည်ကြီးရဲ့ အသက်တစ်ရက်ပဲ ကျန်တော့တယ်။ တစ်ရက်လေးသာ ကျန်တော့တာကို မြတ်စွာဘုရားရှင်က သိ

www.dhammadownload.com

တယ်။ဒီကုန်သည်ကြီးအချိန်မီကုသိုလ်ကောင်းမှုတွေပြုပါမှတရားအားထုတ်ပါမှဖြစ်မယ်။အဲဒီအချိန်မှာကုန်သည်ကြီးက ဘာစဉ်းစားလဲ။အရောင်းအဝယ်စဉ်းစားနေတယ်။ ဘုရားတရား ဘာမျှ သတိမရဘူး။ မတွေးနိုင်ဘူး။ ဘယ်လိုကူးမယ်။ ဟိုဘက်ကမ်း သာဝတ္ထိရောက်ရင် ပွဲတော်ကြီးတော့ မမီတော့ဘူး။ ဒါပေမဲ့လို့ ဒီကုန်ပစ္စည်းတွေ ဒီအတိုင်း ပြန်သယ်ပြီးတော့ နောက်ကြောင်းပြန်ရင်လည်း ခရီးစရိတ်က တက်ဦးမယ်။ လူကလည်း ပင်ပန်းသေးတယ်။

ဒီတော့ ဘာဖြစ်ဖြစ် ဒီနေရာမှာပဲ ဒီကုန်ပစ္စည်းတွေ မကုန်မချင်း ရောင်းချမယ်။ အလွန်ဆုံးနေရလှ နောင်နှစ်ခါ ပွဲတော်ကြီးရောက်တဲ့ထိပေါ့။ ဘယ်နည်းနဲ့မဆို နောင်နှစ်ခါပွဲတော်ကျရင်တော့ ဒီကုန်ပစ္စည်းတွေ ကုန်မှာပဲ။ဒီမှာပဲ ဒီကုန်ပစ္စည်းတွေကုန်တဲ့ထိကို ရောင်းမယ်လို့ သူက စဉ်းစားတယ်။ ဒါကို မြတ်စွာဘုရားက သိတဲ့အခါကျတော့ ပြုံးတော်မူတယ်။

မြတ်စွာဘုရား ပြုံးတော်မူတာကို အနီးအနားရှိတဲ့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ရိပ်မိတယ်။ "မြတ်စွာဘုရား ဘာအတွက်ကြောင့် ပြုံးတော်မူပါသလဲ ဘုရား" လို့ အရှင်အာနန္ဒာက ပါးပါးနပ်နပ်နဲ့ မေးလျှောက်တော့ "ချစ်သား အာနန္ဒာတဲ့၊ မြစ်ကမ်းနံဘေးမှာ စခန်းချနေတဲ့ ကုန်သည်ကြီး သင် မြင်တယ်မဟုတ်လား၊ တွေ့တယ်မဟုတ်လား" ဆိုတော့ "မြတ်စွာဘုရား မြင်ပါတယ်၊ တွေ့ပါတယ်။ ဒီကုန်သည်ကြီး ဒုက္ခရောက်နေတာပါ ဘုရား၊ မြစ်ရေတွေကြီးလို့ ဒီဘက်ကမ်းမကူးနိုင်လို့ ကုန်ပစ္စည်းတွေ မရောင်းနိုင်လို့ သောင်တင်နေတဲ့ ဒုက္ခသည်ပါ မြတ်စွာဘုရား" ဆိုတော့ "အာနန္ဒာ၊ အဲဒီကုန်သည်ကြီးရဲ့ အသက်သည် တစ်ရက်သာ ကျန်တော့တယ်" လို့ မိန့်ပါတယ်။ ကုန်သည်ကြီး အသက်တစ်ရက်သာ ကျန်ပါတယ်။

မြတ်စွာဘုရား သိပါတယ်။

ကုန်သည်ကြီး မသိပါဘူး။

ကာယကံရှင်က ဘာမျှမသိရှာဘူး။ သူ့သက်တမ်း တစ်ရက်ပဲ ကျန်တော့တယ်။ ဒီတိုတောင်းတဲ့တစ်ရက်ပဲ ကျန်တော့တဲ့အချိန်ကာလကို ဘယ်လို အသုံးချရမယ်ဆိုတာ ကုန်သည်ကြီး မသိပါဘူး။

www.dhammadownload.com

မြတ်စွာဘုရားက သိတယ်။ "အာနန္ဒာ၊ ကုန်သည်ကြီးသည် ကုသိုလ်ကောင်းမှုကို မေ့နေတယ်။ ကုသိုလ်ကောင်းမှုကိုပြုဖို့ သတိမရနိုင် ဖြစ်နေတယ်"။

တစ်ခါတလေကျရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြည့်ပြီးတော့ သနားမိတယ်။ ကုသိုလ်ကောင်းမှုတွေ မပြုနိုင်ကြဘူး၊ မပြုမိကြဘူး။ ကုသိုလ်ကောင်းမှုတွေ ပြုရမယ့်အစား သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ စားဝတ်နေရေး ဟိုအရေး ဒီအရေးတွေနဲ့ တစ်နေ့တစ်နေ့ လုံးထွေးရစ်ပတ် ရှုပ်ယှက်ခတ်နေတော့ တစ်နေ့နေလို့မှ တစ်ခါ ဘုရားမရှိခိုးဖြစ်တာ၊ တစ်နေ့လုံး နေလို့မှ တရားမမှ နည်းနည်းလေးမျှ သတိမရလိုက်တာတွေ များကြပါတယ်။

ဒီလိုပဲ အချိန်တွေကုန်သွား တစ်နေ့ကနေပြီးတော့ တစ်လ၊ တစ်လက နေပြီးတော့ တစ်နှစ်၊ သက်တမ်းတွေသာ ကုန်သွားတယ်။ ကုသိုလ်ကောင်းမှုကို သတိမရဘူး။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ တကယ့်အရေးကြီးတဲ့ အချိန် သေဘေးနဲ့ ကြုံလာတဲ့အချိန်မှာ ကိုယ့်မှာ ကုသိုလ် အားကိုးမဲ့နေရင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရပါတယ်။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတာ ကိုယ့်ပတ်ဝန်းကျင်မှာ မြင်နေတွေ့နေရတဲ့ မြင်ကွင်းပဲ။ အသက်ရှင်စဉ် ကျန်းမာစဉ် နေကောင်းစဉ်ကာလ ကုသိုလ်ကောင်းမှုတွေ ပြုနိုင်စဉ်ကာလမှာ ကုသိုလ်ကောင်းမှုတွေ မေ့နေတယ်။ တကယ်အရေးကြီးတဲ့အချိန်မှာ ကိုယ့်မှာ အားကိုးစရာ ကုသိုလ်တွေ မရှိရင် အားကိုးမဲ့တယ်။ ဒုက္ခရောက်ပါတယ်။

ကုန်သည်ကြီးခမျာ မသိရှာသေးဘူး။ " သူ့သက်တမ်းတစ်ရက်ပဲ ကျန်တော့တယ် ချစ်သား အာနန္ဒာ"တဲ့။ အဲဒီလို ကမောက်ကမ ဖြစ်နေလို့ ကုန်သည်ကြီးသနားလို့ ဘုရားရှင် ပြုံးတော်မူတာဆိုတော့ အရှင်အာနန္ဒာက "မြတ်စွာဘုရားတဲ့ ဒီကုန်သည်ကြီးကို ဘုရားတပည့်တော် သွားရောက်ကာ သတိပေးချင်ပါတယ် မြတ်စွာဘုရား။ သတိပေးလိုက်မယ်ဆိုရင် တစ်နေ့တာကာလ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်အားထုတ်ခွင့်၊ နှလုံးသွင်းခွင့် ရပါလိမ့်မယ် မြတ်စွာဘုရား"။ လူတိုင်းလူတိုင်း ကိုယ့်သက်တမ်း တစ်ရက်ပဲ ကျန်

www.dhammadownload.com

တော့တယ်။ တစ်လပဲ ကျန်တော့တယ်၊ စသည်ဖြင့်သာ ကြိုတင်သိမယ်ဆိုရင် ကုသိုလ်ရေးကို ဦးစားမပေးသူ မရှိပါဘူး။ ကုသိုလ်ရေးသာ ဦးစားပေးပါမယ်။

ကုသိုလ်ရေး ဦးစားမပေးဖြစ်တာက ကိုယ့်အသက် အများကြီး ကျန်ဦးမယ်။ ငါ လောကမှာ နေရဦးမယ်။ ငါတော်ရုံနဲ့ မသေနိုင်သေးဘူး။ ငါ ကျန်းမာရေး ကောင်းနေသေးတယ်။ ကိုယ့်ခွန်အား ဗလရှိတုန်း ငါ သားရေးသမီးရေး စီးပွားရေးတွေ လုပ်လိုက်ဦးမယ်။ နောက် အသက်ကြီးတဲ့ အခါကျတော့မှ ကုသိုလ်ကောင်းမှုတွေ လုပ်တာပေါ့လို့ တွေးပြီးတော့ပဲ ကုသိုလ်ကောင်းမှုကို နက်ဖြန်ခါ လုပ်မယ်၊ သန်ဘက်ခါလုပ်မယ်ဆိုပြီး ရက်ရွှေ့နေကြတာပါ။

ကိုယ်သေရမယ့်အချိန်အခါ၊ သေရမယ့်အကြောင်းအရာကို မေ့ထားကြတာပါ။ အခုမြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို "ကုန်သည်ကြီးရဲ့သက်တမ်းသည် တစ်နေ့သာ ကျန်တော့တယ်။ နက်ဖြန်ခါ ဒီအချိန်ရောက်ရင် သူ အသက်ရှိတော့မှာ မဟုတ်ဘူး။ အသက်ရှင်တော့မှာ မဟုတ်ဘူး၊ သူ ဒီဘဝ နိဂုံးချုပ်ပြီ" လို့ မိန့်တယ်။ အရှင်အာနန္ဒာက "ကုန်သည်ကြီးကို ဘုရားတပည့်တော် သတိပေးချင်ပါတယ်" လို့မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

သူတော်ကောင်းစိတ်ထား

သတိပေးချင်တယ်။ သူတော်ကောင်းတွေရဲ့စိတ်ထားပါ။

သူတော်ကောင်းတွေရဲ့ စိတ်ထားက ကုသိုလ်ကောင်းမှုတွေကိုပြုဖို့ သတိပေးတယ်၊ တိုက်တွန်းတယ်၊ အားပေးတယ်။ ကုသိုလ်ကောင်းမှုတွေကို မမေ့မလျော့နဲ့ ဆတက်ထမ်းပိုးကြိုးစားဖို့၊ အားထုတ်ဖို့ကို အရေးတယူနဲ့ သတိပေးတဲ့သူသည် သူတော်ကောင်းပါ။ ကိုယ့်အတွက် မိတ်ကောင်းဆွေကောင်းပါ။ ဒီလိုမှမဟုတ်ဘဲနဲ့ အပျော်အပါးလုပ်ဖို့၊ မဟုတ်တဲ့ အလုပ်တွေလုပ်ဖို့ ဒါတွေပဲ တိုက်တွန်းအားပေးမယ်ဆိုရင် မိတ်ဆွေကောင်း မဖြစ်နိုင်ပါဘူး။

အရှင်အာနန္ဒာက သူတော်ကောင်း စိတ်ထားရှိတဲ့သူဆိုတော့ သတိပေးချင်တယ်။ ဒါကြောင့် လေးလေးနက်နက်သတိပေးတဲ့ တရားတစ်ပုဒ်ဟောမယ်လို့ စိတ်ကူးထားတာပါ။ သတိပေးချင်တဲ့ အချက်ကလေးငါးချက်ကို မမေ့မပျောက်အောင် မှတ်မိသွားအောင် မှတ်ကြပါ။

www.dhammadownload.com

(မိမိအသက် သေမည့်ရက် သေချာတိကျ မသိနိုင်)

ဘယ်နေ့ဘယ်ရက်မှာ ကိုယ်သေမယ်ဆိုတာကို ဘယ်သူမျှ မသိနိုင်ကြပါဘူး။

သာမန်ပုဂ္ဂိုလ်တွေ ဘယ်လိုမှ မသိနိုင်ဘူး။ မြတ်စွာဘုရားတော့ သိပါတယ်။ ရဟန္တာအရှင်မြတ်တွေ သိတယ်။ သူလိုကိုယ်လို ပုဂ္ဂိုလ်တွေ ဘယ်နေ့ဘယ်ရက်မှာ သေမယ်ဆိုတာ မသိနိုင်ပါဘူး။ ဆိုလိုတာက ကိုယ့်သက်တမ်းဘယ်လောက်ကျန်သေးတယ်။ ဟောဒီ လူ့လောကမှာ ဘယ်နှရက်နေရဦးမယ်။ ဘယ်နှလ နေရဦးမယ်။ ဘယ်နှနှစ် နေရဦးမယ်လို့ မသိနိုင်ဘူး။

သိတယ်ဆိုရင်တော့ အကောင်းသားပေါ့။ ငါ ဒီလောကမှာ ဘယ်နှနှစ် နေရဦးမယ်။ ငါ့အသက် ဘယ်လောက်ကျန်သေးတယ်။ သေသေချာချာသိရင် အချိန်မီ ကုသိုလ်ကောင်းမှုကို ပြုခွင့်ရတယ်။ ပြုနိုင်တယ်။ များသောအားဖြင့် မသိကြတဲ့အတွက်ကြောင့် မသေသေးဘူးလို့ ထင်ရင်းထင်ရင်းနဲ့ပဲ သေကြရတယ်။ သေသွားတဲ့သူတွေ သူ့ကိုယ်သူတော့ဖြင့် သေဦးမယ်လို့ မထင်သေးပါဘူး။ တချို့ ဆေးရုံပေါ်မှာ သေကောင်ပေါင်းလဲ ဖြစ်နေ၊ ရောဂါဝေဒနာတွေ အကြီးအကျယ် ခံစားနေကြရ၊ ဘေးကသူတွေက အကုန်သိတယ်၊ သူ မကြာတော့ဘူးပေါ့။ အလွန်ဆုံး ခံရလှ ရက်ပိုင်း၊ လပိုင်းလို့ ဘေးက သိတယ်။ ကာယကံ ရှင်က မသိပါဘူး။

သူ့ကိုယ်သူလည်း သေမယ်မထင်သေးဘူး။

တစ်ခါတလေကျရင် သနားစရာကောင်းတဲ့ လူနာတွေ တွေ့ရတယ်။ ကိုယ့်သက်တမ်း ဘာမျှမကျန်တော့ဘူး။ ကျွမ်းကျင်တဲ့ ဆရာဝန်တွေ၊ သမားတော်တွေက သိနေတယ်။ လူနာစောင့်တဲ့သူတွေက သိနေပြီ။ ကာယကံရှင်က မသိရှာတဲ့အတွက်ကြောင့်မို့လို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပဲ။ ဘာကုသိုလ်မျှလည်း သတိမရ၊ ဘာကုသိုလ်မျှလည်း မပြု၊ ဘေးကလည်း သူ့ကို သတိမပေးရဲဘူး။ တကယ်လို့သာ သတိပေးလိုက်ရင် ကြောက်လန့်ပြီးတော့ ပိုဆိုးသွားမှာစိုးလို့ အသိမပေးရဲကြဘူး။

အဲဒီလိုဆိုရင် ကုသိုလ်ကောင်းမှုကိုပြုဖို့ အချိန်ရသေးရဲ့လား။ နေကောင်းစဉ်ကာလတုန်းကလည်း ကုသိုလ်ကောင်းမှု မပြုနိုင်ဘူး။ နေထိုင်

www.dhammadownload.com

မကောင်းဖြစ်တဲ့ အချိန်ကာလမှာလည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ နေမယ်။ ငါ မသေသေးဘူး။ ငါ မသေသေးဘူးလို့ တွေးကာတွေးကာနဲ့ သေသွားကြတယ်။ ဒါကြောင့် ခေါင်းထဲ အမြဲထည့်ထားရမယ်။ ငါ သေမယ့်ရက် ငါ မသိနိုင်ဘူး။

(မည်သည့် ရောဂါ သေရမှာ သေချာတိကျ မသိနိုင်)

ကိုယ်ကိုယ်တိုင် ဘာရောဂါနဲ့ သေမယ်ဆိုတာကို မသိပါဘူး။ လူတစ်ယောက်မှာ ဖြစ်နိုင်တဲ့ရောဂါ ပြောကြတယ်ပေါ့။ ၉၆ ပါးသော ရောဂါဝေဒနာတဲ့။ လူ့အသက်က ၉၆ နှစ် နေရချင်မှ နေရမယ်။ ဖြစ်နိုင်တဲ့ရောဂါက ၉၆ မျိုး။ အခုခေတ်ပေါ် ရောဂါတွေပါ ထပ်ပေါင်းရင် ၁၀၀ တောင် ကျော်ဦးမလား မသိဘူး။ အသက်တစ်ရာကျော် နေရဖို့ မလွယ်ပါဘူး။

ကြုံနိုင်တဲ့ ရောဂါဝေဒနာ မြောက်များစွာ ရှိနေတယ်။ ဘယ်ရောဂါနဲ့ သေရမယ်။ ဘယ်သူမျှ မှန်းလို့မရဘူး။ တချို့က ဒါအသေးအဖွဲ ရောဂါပဲ။ ဘာမျှ အရေးမကြီးတဲ့ ရောဂါပဲလို့ ထင်ထားတဲ့ ရောဂါနဲ့ပဲ သေသွားကြတယ်။ တချို့ ကျတော့လည်း အခုခံစားတဲ့ ရောဂါဝေဒနာက အင်မတန်မှ ကြီးကျယ်တယ်။ တကယ့်ရောဂါကြီး။ ရောဂါဆိုးကြီး ခံနေရတာပဲ။ သူ မကြာလောက်တော့ဘူး။ တွက်ထားပေမဲ့လို့မှန်းထားပေမဲ့လို့တချို့သေရာကပြန်လာသလိုပဲ နေကောင်းထိုင်ကောင်းပြီးတော့ ကျန်းမာသွားတာသည် ရှိသေးတာပဲ။ ဘယ်ရောဂါနဲ့ သေမယ်ဆိုတာကို အားလုံးမသိနိုင်ဘူး။

(မည်သည့်ချိန်ခါ သေရမှာ သေချာတိကျ မသိနိုင်)

ဘယ်အချိန် ဘယ်ကာလ သေရမယ်လို့ မသိနိုင်ပါဘူး။ နံနက်သေမှာလား။ နေ့သေမှာလား။ ညသေမှာလားလို့ မသိနိုင်ဘူး။ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ၊ ဥတုရာသီသုံးမျိုးမှာ နွေရာသီမှာ သေမယ်။ မိုးရာသီမှာ သေမယ်။ ဆောင်းရာသီမှာ သေမယ်ဆိုတာကို မမှန်းနိုင်၊ မဆနိုင်၊ မသိနိုင်ဘူး။ သေချာတာတစ်ခုက အချိန်မရွေး သေနိုင်တယ်။

အချိန်မရွေးဘူး။ မနက်အစောကြီးလည်း သေတဲ့သူတွေ ရှိတာပဲ။ နေ့လယ်လည်း ရှိတာပဲ။ ညလည်း ရှိတာပဲ။ ညသန်းခေါင်လောက်လည်း ရှိပါတယ်။

www.dhammadownload.com

ဒီတစ်ကမ္ဘာလုံးမှာရှိနေတဲ့ လူဦးရေရော သန်း ၅၀၀၀ - ၆၀၀၀ ဆိုတဲ့ လူဦးရေနဲ့ မှန်းကြည့်လိုက်ရင် မိနစ်တိုင်း မိနစ်တိုင်းမှာ သေနေတဲ့သူတွေ ရှိနေပါမယ်။ ဒီအချိန်မှာလည်း သေသွားတဲ့သူရှိတယ်။ နောက်မိနစ်မှာလည်း သေတဲ့သူ ရှိတယ်။ ပြီးခဲ့တဲ့ မိနစ်ပိုင်းကလည်း သေတဲ့သူဦးရေ ရှိမှာပါပဲ။ ဘယ်အချိန် ဘယ်ကာလမှာ ကိုယ်သေမယ်ဆိုတာကို မသိနိုင်ဘူး။ ဒါကြောင့် ဘုရားရှင်က အကြောင်းပြတဲ့စကား မိန့်ကြားပါတယ်။ မနက်ဖြန်ဆိုတာ မသေချာဘူး။

နောက်မှလုပ်မယ်၊ နောက်နေ့မှလုပ်မယ်၊ နောက်ရက်မှ လုပ်မယ်၊ နက်ဖြန်ခါလုပ်မယ်၊ သန်ဘက်ခါလုပ်မယ်၊ ကုသိုလ်ကောင်းမှုကို အချိန်မဆိုင်းနဲ့ အချိန်မရွေးနဲ့။ နက်ဖြန်ဆိုတာ မသေချာဘူး။ ဘယ်အချိန်ဘယ်ကာလ သေရမယ်ဆိုတာကို မသိနိုင်တော့ ဒီညမှာလည်း သေနိုင်တယ်။ မနက် အစောကြီးလည်း သေနိုင်တယ်။ သေကြတာပဲ။

ဘုန်းကြီးတို့ တစ်ခါ တရားပွဲတစ်ခုမှာ တွေ့ရတယ်။ တရားပွဲမှာ တရားနာပရိသတ်တွေ အများကြီးပါ။ ဒီအထဲမှာ ပရိသတ်အလယ်မှာ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်သွားတော့ ဘုန်းကြီးက တရားဆက်ဟောနေတယ်။ အဲဒီမှာ လူတစ်ယောက်။ ဝိုင်းမသွားတာ တွေ့လိုက်တယ်။ တရားပွဲပြီးသွားတော့ တရားပွဲကျင်းပရေး အကျိုးဆောင်တွေက လျှောက်တယ်။ "အရှင်ဘုရားတဲ့ တရားနာရင်းနဲ့ တရားနာပရိသတ်တစ်ယောက် ဆုံးသွားလို့"တဲ့။ တရားနာ နေရင်းနဲ့ပဲ သေသွားတယ်။

သူကိုယ်သူ သေမယ်လို့ မသိပါဘူး။

သေမယ်လို့ ထင်လည်း မထင်ပါဘူး။

ဘေးကလည်းမထင်ဘူး။ကျန်းမာရေးကအကောင်းကြီး။သူကိုယ်တိုင် သူဟာသူ လာတယ်။ သူ တရားနာနေတယ်။ ဒီအတိုင်း ပရိသတ်ကြားထဲ နေရင်း ဖျတ်ခနဲလဲသွားတော့ အသက်မရှိတော့ဘူး။ ဘယ်အချိန် ဘယ်ကာလ သေရမယ်ဆိုတာကို မသိနိုင်ဘူး။

(မည်သည့်နေရာ သေရမှာ သေချာတိကျ မသိနိုင်)

www.dhammadownload.com

ဘယ်နေရာ ဘယ်ဒေသ ဘယ်အရပ်မှာ သေရမယ်ဆိုတာ မသိနိုင်ပါဘူး။

တချို့ တောမှာနေတယ် တစ်သက်လုံး တောမှာမွေး၊ တောမှာကြီး၊ ရောဂါတွေအကြီးအကျယ်ဖြစ်တော့ မြို့လာဆေးကု၊ မြို့ကိုတစ်ခေါက်မျှလည်း မရောက်ဖူးဘူး။ အင်မတန်မှ ဝေးလံသီခေါင်တဲ့ တောရွာဇနပုဒ်လေးမှာ နေတဲ့သူ။ သေတော့ မြို့။ ဆေးကုရင်းနဲ့ မြို့မှာ သေသွားတယ်။ တချို့မြို့မှာနေရင်းနဲ့ တောအလည်သွားရင်း တောမှာ သေတယ်။

မြို့မှာလည်း သေနိုင်တယ်။ တောမှာလည်း သေနိုင်တယ်။ တချို့ရေနစ်ပြီးတော့ သေတာ။ ရေထဲမှာ သေတယ်။ တချို့လေယာဉ်တွေ ဘာတွေ ပျက်ကျပြီး သေတဲ့သူတွေ ကုန်းပေါ်လည်းမဟုတ်၊ ရေထဲလည်းမဟုတ်။ လေထဲမှာ သေတယ်။ လေထဲမှာလည်း သေနိုင်တယ်။ နေရာလွတ် မရှိပါဘူး။ အသေလွတ်တဲ့နေရာ လောကမှာ မရှိပါဘူး။

သုသာန်ရွေးတဲ့သူ

ဘုရားလက်ထက်တုန်းက သုသာန်ရွေးတဲ့ ပြဟ္မဏပုဏ္ဏားတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူက သိပ်ကို ဇီဇာကြောင်တယ်။ သူများတကာတွေ မြှုပ်နှံတဲ့သချိုင်းမှာ သူ့အလောင်းကို မမြှုပ်ချင်ဘူး။ ဘယ်သူ့အလောင်းမျှ မမြှုပ်ဖူးတဲ့နေရာကို ရှာလိုက်တာ၊ ရွေးလိုက်တာ တောအထပ်ထပ် တောင်အထပ်ထပ်ပါ။ ဟိုးဟိမဝန္တာတောင်တန်းကြီးရဲ့တစ်နေရာမှာ စိတ်ကြိုက်နေရာတစ်ခု တွေ့တဲ့အခါ သူ့သားကို ခေါ်သွားတယ်။ ငါ့သားတဲ့ မြို့ထဲရွာထဲက လူတွေ မြှုပ်တဲ့နေရာ ငါ့မမြှုပ်နဲ့၊ ငါသေရင် ဟောဒီနေရာ မှတ်ထားလို့ ပြပါတယ်။

ဒီလောက် အရောက်အပေါက် ခဲယဉ်းတဲ့နေရာ၊ လူသူမရောက်နိုင်တဲ့နေရာဆိုတော့ ဒီနေရာမှာ ဘယ်သူ့အလောင်းမျှ မြှုပ်ဖူးမှာ မဟုတ်ဘူးလို့ တွက်တာပါ။ ငါသေသွားရင် ငါ့အလောင်းကိုဒီမှာမြှုပ်၊ ဒီမှာပဲခေါင်းချချင်တယ်။ ပုဏ္ဏားကြီးက သူ့သားကို မှာပါတယ်။

အဲဒါကို မြတ်စွာဘုရားရှင်က သိတော့ ကြွသွားတယ်။ "ပုဏ္ဏားကြီးတဲ့ သင်သည် ဒီနေရာမှာ အလောင်းမြှုပ်ဖို့ ရွေးချယ်တယ်။ ဒီနေရာမှာ ဘယ်သူမှ

www.dhammadownload.com

မရောက်နိုင်ဘူး။ ဘယ်သူ့အလောင်းမှ မြှုပ်ထားတာ မရှိနိုင်ဘူးလို့ သင် ထင်တယ်။ ပုဏ္ဏားကြီး တခြားတခြားသော သူတွေရဲ့ ရုပ် အလောင်းကို မပြောနဲ့၊ သင်ကိုယ်တိုင်ရဲ့ ရုပ်အလောင်းကို ဒီနေရာမှာ မြှုပ်နှံခဲ့တာ အကြိမ်ပေါင်း ၅၀၀ မကပါဘူး" တဲ့။ သူတစ်ယောက်တည်းရဲ့ကြွင်းကျန်တဲ့ ဥတုဇရုပ်အလောင်းကို မြှုပ်နှံခဲ့တာ အကြိမ် ၅၀၀ မကဘူး။ တခြားတခြားသော သူတွေလည်း ဒီမှာ မြှုပ်ဖူးမှာပါ။

လူမသေဖူးတဲ့နေရာ မရှိပါဘူး။

တခါက သားသေလို့ သောကဖြစ်နေတဲ့ ကိသာဂေါတမီကို တစ်ဖက် လှည့်နဲ့ မုန်ညင်းစေ့ ရှာခိုင်းတယ်။ လူမသေတဲ့အိမ်က မုန်ညင်းစေ့ ယူလာခဲ့။ သင့် သားကို အသက်ရှင်အောင် ပြုပေးမယ်တဲ့။ မြတ်စွာဘုရား ပရိယာယ်နဲ့ ခိုင်းလိုက်တယ်။ ကိသာဂေါတမီ လိုက်ရှာတယ်။ လူမသေဖူးတဲ့အိမ် မရှိပါဘူး။

လူမသေဖူးတဲ့နေရာ မရှိဘူး။ ဒါကြောင့် ဘယ်နေရာမဆို သေနိုင်တယ်။ ဘယ်နေရာ သေရမယ်ဆိုတာ မမှန်းနိုင်၊ မတွက်နိုင်ဘူး။ မသိနိုင်ပါဘူး။ ဘယ် နေရာမှာ သေမယ်မသိဘူး။ တချို့များ ဘုန်းကြီးတို့ ဟောဒီနိုင်ငံမှာ အပြင်း အထန် မကျန်းမမာဖြစ် ဒီနိုင်ငံကုမရရင် ပြည်ပသွားကုမယ်ပေါ့။ သွားလိုက်ကြ တာ ပြန်ပါမလာတော့ဘူး။ မွေးတာက မြန်မာပြည်။ နေတာက မြန်မာပြည်။ သေတော့ ပြည်ပနိုင်ငံတစ်ခုခု။ ဒီလိုလည်း ရှိတာပါပဲ။

ကိုယ့်သချိုင်းကို ဘယ်မှာရှိတယ်ဆိုတာ မသိဘူး။ နောက်ဆုံး ကိုယ့် ခန္ဓာ ရောက်နိုင်တဲ့ နေရာမှန်သမျှ ကိုယ့်ခန္ဓာကြီး သွားနိုင်တဲ့ နေရာမှန်သမျှ သည်ကိုယ့်သချိုင်းဖြစ်နိုင်တယ်။ ဒါကြောင့် တစ်ချက်မှတ်ထားပါ။ ဘယ်နေရာ မှာ သေမယ်လို့ မသိဘူး။ မသိနိုင်တဲ့ တရားတွေပါ။

(သေပြီးနောက်မှာ ဘယ်ရောက်မှာ သေချာတိကျ မသိနိုင်)

ဒီဘဝကနေ သေဆုံးကွယ်လွန်ပြီးရင် ဘယ်ဘုံဘဝကို ရောက်မယ်။ ဘယ်ဘဝကို ရောက်မယ်ဆိုတာ မသိနိုင်ဘူး။ ဒါကိုလည်း သိဖို့မလွယ်ပါဘူး။

လူတစ်ယောက် သေပြီးရင် တွက်ကြည့်ပါ။ လူလည်း ပြန်ဖြစ်နိုင်တယ်။ တချို့ လူဝင်စားတွေ ဘဝဟောင်း မှတ်မိတယ်။ ဘယ်မှာနေခဲ့တယ်။ မိဘက

www.dhammadownload.com

ဘယ်သူ။ နာမည်က ဘယ်လိုခေါ်တယ်။ အသက်အရွယ် ဘယ်လောက်မှာ သေတယ်။ အကုန်လုံး တိတိကျကျပြန်မှတ်မိတဲ့ လူဝင်စားများရှိတာကို ထောက်သောအားဖြင့် လူသေပြီးရင် လူလည်း ဖြစ်နိုင်တယ်။

နောက်တစ်မျိုး လူတစ်ယောက် သေဆုံးကွယ်လွန်ပြီးချိန်မှာ တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်။ တချို့ ကျွဲတွေ၊ နွားတွေ သွားဖြစ်ကြတယ်။ သူနာမည်ဟောင်း၊ လူ့ဘဝက သုံးနှုန်းခဲ့တဲ့ နာမည်ဟောင်းခေါ်ရင် အဲဒီကျွဲတွေ၊ နွားတွေ သိတယ်။ တချို့များ အဲဒီဘဝဟောင်းက ဆွေမျိုးတော်တဲ့သူ၊ ညီအစ်ကိုမောင်နမတော်တဲ့သူ၊ မိဘတော်တဲ့သူကို သိပ်ခင်တွယ်တဲ့ တိရစ္ဆာန်တွေ ရှိတယ်။ ဒါတွေကြည့်သောအားဖြင့် လူတစ်ယောက်သေဆုံးကွယ်လွန်ပြီးရင်တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်။

နောက်တစ်ခု မကျွတ်မလွတ်တဲ့ ပြိတ္တာလည်း ဖြစ်သွားနိုင်တယ်။

တချို့ သားစွဲ သမီးစွဲတယ်။ အဲဒီအစွဲအလမ်းကြောင့် ပြိတ္တာဖြစ်တတ်တယ်။ တချို့ ပစ္စည်းစွဲတာကြောင့်ပြိတ္တာဖြစ်တယ်။ တချို့က လုပ်ငန်းတာဝန်တွေကို စွဲလမ်းပြီးတော့ အဲဒီလုပ်ငန်းတာဝန်တွေကြောင့် လုပ်ငန်းတာဝန်ထမ်းဆောင်တဲ့နေရာမှာပဲ ပြိတ္တာပြန်ဖြစ်တယ်။ အရိပ်အယောင်ပြတာမျိုး၊ အသံတွေ ပေးတာမျိုးရှိတယ်။ သူပါလို့ သိစေလောက်တဲ့ အပြုအမူတွေ ဖော်ပြနေတာမျိုးကို ကြည့်သောအားဖြင့် လူတစ်ယောက် သေဆုံးကွယ်လွန်လို့ ရှိရင် ပြိတ္တာလည်း ဖြစ်နိုင်တယ်။

နောက်တစ်ခါ လူသေပြီးရင် ငရဲလည်း ကျနိုင်တယ်။ ဗုဒ္ဓရဲ့ ဒေသနာ၊ ဗုဒ္ဓရဲ့အဆုံးအမ၊ မကောင်းမှုအကုသိုလ် ဒုစရိုက်မှု ပြုတဲ့သူတွေ ငရဲကျတယ်။ ဆင်းရဲဒုက္ခမျိုးစုံ ခံရတယ်။ ဒါမျိုးလည်း ရှိပါတယ်။

နောက်တစ်ခါ လူတစ်ယောက် သေဆုံးကွယ်လွန်ပြီးရင် နတ်ပြည်ဌာန နတ်လောက ရောက်နိုင်တယ်။ ဗြဟ္မာလည်း ဖြစ်နိုင်တယ်။ နတ်ဗြဟ္မာဘဝ ရောက်နိုင်ပါတယ်။

ဒီလိုဆိုတော့ သေပြီးရင် ဘယ်သွားမယ် ဘယ်ရောက်မယ်ဆိုတာ မသိပါဘူး။ ဘယ်ဘဝကို ရောက်လိမ့်မယ်။ ဘယ်ဘုံကို ရောက်လိမ့်မယ်၊ ဘယ်လို

www.dhammadownload.com

ဖြစ်မယ်ဆိုတာ မသိနိုင်ဘူး။ ဒါကြောင့် အဲဒီ မသိနိုင်တဲ့ သဘောတရား (၅) ချက်ကို အမြဲတမ်းနှလုံးသွင်းဆင်ခြင်ရမယ်။

"ငါ ဘယ်ရက် သေမယ်။ ဘယ်အချိန် သေမယ်။ ဘယ်နေရာ သေမယ်။ ဘယ်ရောဂါနဲ့ သေမယ်။ ငါသေပြီးရင် ဘယ်ရောက်မယ်ဆိုတာကို ငါ ဘာမျှ မသိပါလား" လို့ အမြဲတမ်း နှလုံးသွင်း ဆင်ခြင်ရမယ်။

တခြားတခြား အကြောင်းအရာ၊ တခြားတခြား ကိစ္စတွေ မသိတာ အရေးမကြီးပါဘူး။ ကိုယ်ဘယ်အချိန် ဘယ်ကာလသေမယ်၊ ဘယ်နေရာမှာ သေမယ်၊ ဘာရောဂါနဲ့သေမယ်၊ ဘယ်နေ့ဘယ်ရက်မှာကို သေမယ်၊ အဲဒါမသိတာက အရေးကြီးတယ်။ မသိတဲ့အတွက်ကြောင့်မို့လို့ ကုသိုလ်ကောင်းမှုတွေကို ကြိုတင်ပြုရမယ်။

ကြိုတင်ပြုထားရင် သေမင်း အချိန်မရွေးခေါ်၊ ကြိုက်တဲ့အချိန် လာပြီးတော့ ခေါ်၊ အဆင်သင့် ထလိုက်သွားရုံပဲ။ တချို့သေမှာကြောက်ပြီးတော့နေတဲ့ သူတွေ၊ အော်ဟစ်ညည်းညူနေကြ၊ ကြောက်လန့်တကြားနဲ့ အော်မြည်တမ်းတနေကြတယ်။ ဘာလို့ သေမှာကြောက်တာလဲလို့ ရှင်းရှင်းလင်းလင်း စစ်တမ်းထုတ်ကြည့်လိုက်ရင် ကုသိုလ်နည်းလို့ပါ။

ကုသိုလ်နည်းရင် သေမှာကြောက်တယ်။ ကုသိုလ်များများရှိတဲ့သူ သေမှာကိုမကြောက်ဘူး။ ဘုရား၊ ရဟန္တာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ သေမှာ မကြောက်ပါဘူး။

တချို့ကုသိုလ်ရှင်ကောင်းမှုရှင်တွေပေါ့။ဒါနရှင်တွေ၊ဒါနကောင်းမှုတွေ အားကောင်းတယ်။ အမြဲမပြတ် ပေးကမ်းနေတဲ့ ဒါနကောင်းမှုရှင်တွေ၊ ဒါန ကုသိုလ်ကို အာရုံပြုနေတော့ သေမှာမကြောက်ဘူး။ တချို့က သီလကောင်းမှု အားကောင်းတယ်။ သီလကိုယ်ကျင့်တရားကို လေးစားတယ်။ ထိန်းသိမ်းတယ်။ သီလရှိတဲ့သူလည်း သေမှာမကြောက်ဘူး။ တရားဘာဝနာတွေ ပွားများနေတဲ့သူ၊ ကျင့်ကြံအားထုတ်နေတဲ့သူတွေ၊ အမြဲတမ်း တရားကျင့်၊ တရားအားထုတ်၊ တရားနှလုံးသွင်းနေတဲ့ သူတွေလည်း သေရမှာကို မကြောက်ပါဘူး။

www.dhammadownload.com

ကုသိုလ်တွေ ဘာမှမရှိတဲ့သူ တကယ်အရေးကြီးလာပါပြီတဲ့၊ သေမင်း ခေါ်ပြီ၊ ငါသေရတော့မယ်လို့ သေသေချာချာသိတဲ့အချိန်မှာ ကြောက်လန့်ပါ တယ်။ တုန်လှုပ်တယ်၊ သိနေပြီ။ နောင်ဘဝ သွားတော့မယ်။ နောင်တစ်ဘဝ သွားတဲ့ အချိန်အခါ ကုသိုလ်တွေ အကုသိုလ်ကံတွေက စီမံဖန်တီးတော့မယ်။ ကုသိုလ်ကံ ကောင်းမှုတွေ များများပြုတဲ့သူက ကောင်းရာသုဂတိကို ရောက် လိမ့်မယ်။ မကောင်းမှု အကုသိုလ်တွေ များနေမယ်ဆိုရင်လည်း မကောင်းတဲ့ ဒုဂ္ဂတိကို ရောက်လိမ့်မယ်ဆိုတာကို သိနားလည်တဲ့အချိန်ရောက်ပြီ။ နောက် ဆုံးအချိန်လေး နောက်ဆုံးထွက်သက်လေးမှ သွားသတိရတယ်။ ငါ့မှာ ကုသိုလ်မရှိပါလား။ အားကိုးအားထားပြုစရာ ကုသိုလ်ကောင်းမှုတွေ ငါအများ ကြီး လိုနေသေးတယ်။ ဘာတစ်ခုမှလည်း အားကိုးစရာ မရသေးဘူးလို့ သိတဲ့ သူသည် နောင်တရတယ်။ အဲဒီအချိန်ကျမှဆိုရင် အချိန်မမီတော့ပါဘူး။ နောက်ကျသွားပြီ။

မဟာဓနဝါဏိဇ္ဇ ကုန်သည်ကြီးရဲ့ သက်တမ်းသည် တစ်ရက်သာ ကျန် တော့တာကို မြတ်စွာဘုရားရှင်က သိတယ်။ တစ်ရက်လေးပဲ ကျန်တော့တာ ကို ကုန်သည်ကြီးက မသိသေးဘူး။ သူ့အတွေးနဲ့သူ သူ့အလုပ်နဲ့ သူ ရှုပ်နေ တယ်။

လှည်းအစီး ၅၀၀ နဲ့ ဟိုဘက်ကမ်းကူးရဦးမယ်။ အကုန်လုံး ဘေးကင်း ရန်ကင်းနဲ့ ဟိုဘက်ကမ်းရောက်အောင် ကူးနိုင်ဖို့ စီစဉ်နေရတယ်။ ညွှန်ကြား နေရတယ်။ ဟိုဘက်ကမ်းရောက်တဲ့အချိန်မှာ ပွဲတော်ကြီးက ပြီးနေပြီဆိုတော့ ဒီကုန်ပစ္စည်းတွေကို ဘယ်လိုရောင်းချမလဲ။ အမြန်ဆုံးကုန်သွားအောင် အမြန် ဆုံး ထွက်သွားအောင် ဘယ်လိုလုပ်ရမလဲ။ ဒါလေး စဉ်းစားနေရတယ်။

ဒီကုန်ပစ္စည်းတွေ ကုန်ပြီဆိုရင်လည်း ဘယ်ကုန်တွေ ပြန်ဝယ်မယ်။ ကိုယ့်တိုင်းပြည် ကိုယ်ပြန်တဲ့အခါ အမြတ်အစွန်းတွေ များများရအောင် ဘယ် လိုကုန်မျိုး ဝယ်သွားရမယ်။ ဘယ်လိုကုန်မျိုး ရောင်းရမယ်။ မိသားစုအတွက်၊ ဇနီးမယားအတွက်၊သားသမီးအတွက်၊ဆွေမျိုးသားချင်းမိတ်ဆွေသင်္ဂဟတွေ အတွက် ဘယ်လိုလက်ဆောင်ပစ္စည်းတွေ ဝယ်သွားမယ်။ ဒါတွေပဲ သူ့ခေါင်း ထဲမှာထည့်ထား၊ သူ့ခေါင်းထဲမှာ သူ စဉ်းစားနေတယ်။

www.dhammadownload.com

ကုသိုလ်ကောင်းမှု အကြောင်းဆိုတာ မပါပါဘူး။ ကုသိုလ်ကောင်းမှု အကြောင်း နည်းနည်းမျှလည်း မစဉ်းစားဘူး။ ကုသိုလ်ကောင်းမှုလည်း ပြုမထားဘူးဆိုရင် သူသေရင် ဒုက္ခတွေ့တော့မယ်။ သေရင် ဒုက္ခရောက်မှာ သေချာတယ်။ မကောင်းတဲ့ ဒုဂ္ဂတိ ရောက်တော့မယ်ဆိုတာကိုသိတော့ မြတ်စွာဘုရား မိန့်ကြားတဲ့စကားကို နားထောင်ပြီး အရှင်အာနန္ဒာက "မြတ်စွာဘုရား ဘုရားတပည့်တော် ကုန်သည်ကြီးကို သွားပြီးတော့ သတိပေးချင်ပါတယ် မြတ်စွာဘုရား၊ တစ်ရက်တာကာလမှာ ကုသိုလ်ကောင်းမှုတွေကို သူသည် ပြုမယ်ဆိုရင် အချိန်မီပါသေးတယ် မြတ်စွာဘုရား။ ဘုရားတပည့်တော်ကို သတိပေးခွင့်ပြုပါ" ဆိုတော့ "အာနန္ဒာ သင်နဲ့ ရင်းနှီးကျွမ်းဝင်ရင် သွားပေါ့" ခွင့်ပေးလိုက်တော့ အရှင်အာနန္ဒာ ကိုယ်တော်မြတ် သပိတ်ပိုက်ပြီး ကုန်သည်ကြီးများ စခန်းချတဲ့နေရာကို သွားတယ်။ သပိတ်ပိုက်ပြီး ကြွလာတော့ ကုန်သည်ကြီးက အရှင်မြတ်ကို မြင်တဲ့အချိန်မှာ ကြည်ညိုတယ်၊ သဒ္ဓါတရား ဖြစ်တယ်။ ဆွမ်းလောင်းတယ်။ ဆွမ်းလှူတယ်။ ဆွမ်းလောင်း၊ ဆွမ်းလှူလိုက်ရတော့ ဒါန ကုသိုလ် ဖြစ်သွားတယ်။

အရှင်မြတ် သတိပေး

ပြီးမှ အရှင်မြတ်က "ကုန်သည်ကြီး လူ့အသက်ဆိုတာသည် အချိန်မရွေး သေပျောက်နိုင်တယ်။ လူ့အသက်သည် ပျက်စီးနိုင်တယ်" လို့ သတိပေးတယ်။ လူ့သက်တမ်းဆိုတာ မမြဲဘူး။ အသက်သည် မမြဲပါဘူး။

စဉ်းစားကြည့်ရင် အသက်ဆိုတာ ဘယ်သူမျှ မမြဲဘူး။ ဘာမြဲလဲဆိုရင် သေခြင်းတရားက မြဲတယ်။ လူတိုင်းလူတိုင်း လူကြီးကိုပဲပြောပြော၊ လူငယ်ကိုပဲ ပြောပြော၊ ဘယ်သူ့ကိုပဲပြောပြော မင်း သေရမယ်။ သင်သေရမယ်ဆိုတဲ့ စကား မမှားနိုင်ပါဘူး။

သေခြင်းတရားသည် မြဲတယ်။ ဒါပေမဲ့ ဘယ်အချိန် ဘယ်ကာလ သေမယ်။ ဘယ်အသက်အရွယ် သေမယ်ကိုတော့ဖြင့် ပြောလို့မလွယ်ပါဘူး။

တချို့က အသက်သိပ်ရှည်တယ်။ အသက် ၈၀၊ ၉၀၊ ၁၀၀ ပေါ့။ ၁၀၀ ကျော်ပေါ့။

www.dhammadownload.com

ဒီလို နေရတဲ့သူတွေလည်း ရှိတယ်။ တချို့ကျတော့လည်း အမိဝမ်းခေါင်းထဲကနေတောင် ထွက်မလာဘူး၊ ပြင်ပလောကတောင် ရောက်မလာဘူး။ အမိဝမ်းခေါင်းမှာပဲ ဘဝပြောင်းသွားတယ်။ တချို့ကလည်း မွေးကင်းစအခါမှာပဲ သေဆုံးကွယ်လွန်တယ်။ တစ်နှစ်၊ နှစ်နှစ်မှာလည်း သေနိုင်တယ်။ လေးငါးဆယ်နှစ် ဆယ့်လေးငါးနှစ်မှာလည်း သေနိုင်တယ်။ အသက် လေးငါးဆယ်လည်း သေနိုင်တယ်။

သတင်းစာတွေ ဘာတွေကြည့်ရင် နာရေးကြော်ငြာ ကြည့်လိုက်တယ်။ အရွယ်မျိုးစုံပဲ။ တချို့ ၈၀၊ ၉၀ တွေလည်း ပါတယ်။ ၃၀၊ ၄၀ တွေလည်းပါ။ နှစ်ဆယ်၊ အစိတ်တွေလည်း ပါတယ်။ လူတန်းစားပေါင်းစုံ၊ အရွယ်ပေါင်းစုံ၊ ပညာတတ်သူလည်း ပါတယ်။ ပညာမတတ်သူတွေလည်း ပါတယ်။ ဂုဏ်သရေရှိတဲ့သူတွေလည်း ပါတယ်။ ဂုဏ်သရေနည်းပါးသူတွေလည်း ပါတယ်။ ချမ်းသာသူရော ဆင်းရဲသူရော ဘယ်သူမှမလွတ်နိုင်ဘူး။ ဘယ်သူမျှ မရှောင်နိုင်ဘူး။

နဟိ နော သက်ရံ တေန မဟာသေနေန မစ္စုနာ။

သေမင်းကို မဟာသေနတဲ့။ အင်မတန်မှ အင်အားကြီးတယ်။ လောကမှာ အင်အားအကြီးဆုံးမင်းသည် သေမင်းပဲ။

အတိုင်းတိုင်းအပြည်ပြည်က မင်းတွေ ဘယ်လောက်လက်နက်ဆန်းတွေ ရှိတယ်ပြောပြော၊ ဘယ်လောက်ပဲ အစွမ်းထက်တယ်ပြောပြော၊ သေမင်းကိုတော့ ယှဉ်လို့မရဘူး။ သေမင်းကို အနိုင်မယူနိုင်ဘူး။ ဘုန်းတန်ခိုးကြီးတဲ့မင်းတွေ၊ အတိုင်းတိုင်းအပြည်ပြည်က မင်းတွေ၊ သိပ္ပံပညာအစွမ်းနဲ့ ဘယ်လိုပဲအစွမ်းထက်တယ်ပြောပြော၊ သေမင်းနဲ့ တွေ့တဲ့အချိန်မှာ နောက်ဆုံး အရှုံးပေးကြရတယ်။ အင်အားအကြီးဆုံးမင်းသည် သေမင်းပါ။

ဒီသေမင်းကို အနိုင်လည်းယူလို့ မရဘူး။ သူ့ကို တံစိုးလက်ဆောင်ပေးပြီးတော့ ဒီနေ့ဒီရက် မခေါ်ပါနဲ့ဦး၊ နောက်မှခေါ်ပါ၊ မိနစ်ပိုင်းလောက် အချိန်ပေးပါ၊ ရက်ပိုင်းလောက် အချိန်ပေးပါဦး၊ ခဏတဖြုတ်လေးကုသိုလ်ကောင်းမှုတွေပြုချင်ပါသေးတယ်လို့ တောင်းပန်တိုးလျှိုးလို့လည်း မရပါဘူး။

ကိုယ့်ရှိတဲ့ ပစ္စည်းဥစ္စာတွေနဲ့ လက်ဆောင်ပေးမယ်၊ လာဘ်ထိုးမယ်ဆိုလည်း မရပါဘူး။

www.dhammadownload.com

တချို့သေကောင်ပေါင်းလဲ ဖြစ်နေတဲ့သူတွေကို ဘေးက မိသားစုတွေက မကြည့်ရက်ဘူး။ ဘယ်လောက်ကုန်ကုန် ဘယ်လောက်ကျကျ အသက်ပြန်ရှင်ရင် တော်ပါပြီ၊ ရှိသမျှစည်းစိမ်တွေ ကုန်ချင်ကုန်သွားပါစေ၊ ကုလိုက်မယ်၊ ကြိမ်းဝါးကြတယ်။ ကုတိုင်းလည်း မရပါဘူး။

စည်းစိမ်ချမ်းသာတွေ ပုံပေးလည်း မရဘူး။ ပစ္စည်းဥစ္စာနဲ့လည်း အနိုင်ယူလို့ မရဘူး။ လက်နက်အင်အားနဲ့လည်း အနိုင်တိုက်လို့ မရဘူး။ ဒါကြောင့် သေမင်းကို မတွန်းလှန်နိုင်တဲ့အတွက်ကြောင့် သေမင်းနောက်ကို ကောက်ကောက်ပါ လိုက်သွားရမှာ ဖြစ်လို့တဲ့။

မသေခင်မှာ ကြိုတင်ကာ ကုသိုလ်ကောင်းမှုကို ပြုရမယ်။

ရက်မရွေနဲ့

အဇ္ဇေဝ - အခါမရွေ့ ဤယနေ့က ပင်လျှင်၊ ကိစ္စံ - ပြုသင့်ပြုထိုက်တဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ ကာတဗ္ဗံ - မုချပုံသေ ပြုအပ်ပါပေ၏။

ကုသိုလ်ကောင်းမှုကို မနက်ဖြန်ခါ မရွေ့ရပါဘူး။ ဒီနေ့လုပ်ရမှာပါ။

နောင်မှလုပ်မယ်ဆိုပြီးတော့ မနက်ဖြန် ရွေ့လိုက်တော့ လုပ်ဖြစ်ဖို့မသေချာတော့ပါဘူး။

အခုကုန်သည်ကြီးဟာအရှင်အာနန္ဒာကိုဖူးမြင်ရတော့ကြည်ညိုတယ်။ သဒ္ဓါတရားတွေ ဖြစ်တယ်။ ကုန်သည်ကြီးကို အရှင်မြတ်ကလည်း သတိပေးတယ်။ "ကုန်သည်ကြီး လူ့အသက်သည် မမြဲဘူး။ ကုသိုလ်ကောင်းမှုကို ကြိုးစားပြီးတော့ပြု၊ ကုသိုလ်ကောင်းမှုတွေ မမေ့မလျော့နဲ့" လို့ သတိပေးတော့ ကုန်သည်ကြီးကလည်း ပါးနပ်သူဆိုတော့ ရိပ်မိတယ်။ "အရှင်ဘုရား တပည့်တော်မှာ အသက်အန္တရာယ် တစ်စုံတစ်ရာများ ရှိပါသလားဘုရား" တဲ့။ ဒီတော့ အရှင်မြတ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ အမိန့်ရှိတယ်။ "ဟုတ်တယ် ကုန်သည်ကြီး၊ သင့်သက်တမ်းသည် တစ်ရက်သာ ကျန်တော့တယ်" တဲ့။

တစ်ရက်ပဲကျန်တော့ ဒီအချိန်မှာ စဉ်းစားစရာပေါ့။ တကယ်လို့သာ ကိုယ့်သက်တမ်းသည် တစ်ရက်ပဲ ကျန်မယ်ဆိုရင် သားရေးသမီးရေးနဲ့ ကုသိုလ်ရေး ဘယ်အရေးကို ဦးစားပေးမလဲ။

www.dhammadownload.com

ကုသိုလ်ရေးသာဦးစားပေးမှာပါ။ မနက်ဖြန်ကိုယ်သေတော့မယ်ဆိုရင် စီးပွားရေးနဲ့ ကုသိုလ်ရေး ကုသိုလ်ရေးသာ ပိုအရေးကြီးပါတယ်။

ကုသိုလ်ရေးပဲ ဦးစားပေးတော့မှာပါ။ တခြားတခြားအရေးတွေ ဘယ်လောက်ကြီးတယ်ပြောပြော၊ ဘယ်လိုပင် အရေးကြီးတယ်ဆိုပေမဲ့လို့ တိုတောင်းတဲ့ကာလသာ ကိုယ့်သက်တမ်းကျန်မယ်ဆိုရင် ကုသိုလ်ရေးကိုသာ အလေးထားပါလိမ့်မယ်။

ဒါလူ့သဘာဝပါ။ကုသိုလ်ရေးကိုနောက်ထားနေကြတယ်ဆိုတာသည် မသေသေးဘူးလို့ထင်နေလို့၊ ငါမသေနိုင်သေးပါဘူး၊ ငါကျန်းမာနေသားပဲ၊ ငါရောဂါကင်းနေသားပဲ၊ ဟုတ်လား၊ ငါအသက်တွေ အများကြီး နေရဦးမယ်၊ ငါအသက်တွေ ရှည်ဦးမယ်လို့ တွေးနေကြရင်ဖြင့် ကုသိုလ်ကောင်းမှုသည် ရှေ့တန်းမရောက်လာတော့ဘူး။ ဒါကြောင့် သေခြင်းတရားကို ပွားများခြင်းအားဖြင့် ကိုယ့်ရဲ့ သေခြင်းတရားကို မကြာခဏ ဆင်ခြင်နှလုံးသွင်းခြင်းအားဖြင့် ကုသိုလ်ကောင်းမှုကိုပြုဖို့ သတိရတယ်။

အရှင်အာနန္ဒာက သတိပေးလိုက်တော့ ကုန်သည်ကြီးက သတိရတယ်။ "ဒီလိုဆိုရင်ဘုရား၊ ဘုရားတပည့်တော် ကုသိုလ်ကောင်းမှု ပြုချင်ပါတယ်၊ မြတ်စွာဘုရားနဲ့ သံဃာတော် အရှင်မြတ်တို့ကို ဘုရားတပည့်တော်သည် ဆွမ်းလှူဒါန်းချင်ပါတယ်၊မြတ်စွာဘုရားရှင်လည်းကြည်ညိုချင်ပါတယ်၊ တရားဓမ္မတွေလည်း နာကြားချင်ပါတယ်"။ ဘုရားရှင်နဲ့ သံဃာတွေကို ဆွမ်းလှူရအောင် ပင့်တယ်။ ဘုရားရှင်ကလည်း မဟာကရုဏာနဲ့ ကြွလာတော်မူပါတယ်။

သံဃာတော် အရှင်မြတ်တွေနဲ့ မြတ်စွာဘုရားကို ကိုယ်တိုင်ဆွမ်းလှူ၊ ကိုယ်တိုင်လုပ်ကျွေးပြီးတဲ့အချိန်မှာမြတ်စွာဘုရားဟောကြားတဲ့တရားဓမ္မကို အသေအချာ နာကြား၊ ဘုရားနဲ့ သံဃာတွေလည်းပဲ ပြန်ကြွသွားလို့ ဘာမှမကြာလိုက်ဘူး၊အဲဒီကုန်သည်ကြီးမူးလာပါတယ်။ နေလို့မကောင်းတော့ဘူး။ မူးလိုက်တာ၊ မူးလိုက်တာနဲ့ ပြောပြီးတော့ အိပ်ရာထဲဝင်သွားလိုက်တာ အဲဒီမှာတင် သေဆုံးပါတယ်။ ဒါပေမဲ့လို့ ကုန်သည်ကြီးသည် ဘုရားရှင်ထံက

www.dhammadownload.com

တရားဓမ္မတွေကို နာကြားရလို့ တရားထူး၊ တရားမြတ်တွေ ထိုက်သလောက် ရသွားခဲ့ပါတယ်။

ဒါကြောင့် သေသွားတဲ့အချိန်မှာ ဒုက္ခမရောက်ဘူး။ ကောင်းရာသုဂတိ ရောက်တယ်။ကောင်းရာသုဂတိကိုရောက်ဖို့သူအချိန်မီလေး၊အချိန်ပိုင်းလေး တကယ့်တိုတောင်းတဲ့ ကာလလေးမှာ ကုသိုလ်ပြုခွင့် ရသွားတာပါ။ တကယ်လို့သာ အရှင်အာနန္ဒာကိုယ်တော်မြတ်လို သတိပေးတဲ့ ပုဂ္ဂိုလ်မရှိရင် သူဘဝ မစဉ်းစားရဲဘူး။ သတိသာ မပေးဘူးဆိုရင် သူ့လုပ်ငန်း သူ့ကိစ္စ၊ သူ့ရောင်းရေး ဝယ်ရေးကိစ္စ၊ကုန်ရောင်းကုန်ဝယ်ကိစ္စ၊သူ့အလုပ်သမားတွေခိုင်းတာစေတာ၊ စီမံတာခန့်ခွဲတာ ဒါတွေကိုပဲ သူ စဉ်းစား နှလုံးသွင်း ဒီလိုပဲနေမယ်ဆိုရင် သူ့ဘဝသည် နစ်မွန်းစရာပဲ ရှိပါတယ်ဗျို့။ ခု အချိန်မီ မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တနဲ့ ပေါင်းသင်းမိတယ်။

သေခါနီးအချိန်

အရှင်အာနန္ဒာက သတိပေးတယ်။ သတိပေးချက်ကို ကုန်သည်ကြီးသည် အလေးထားတယ်။ လိုက်နာတယ်။ မမေ့နဲ့ ကုသိုလ်ကောင်းမှုကို ကြိုးတင်ပြုပါ။ ကုသိုလ်ကောင်းမှုတွေ မပြတ်ပြုပါ။ ဒီအချိန် ဒီအခါသည် အရေးကြီးတဲ့အချိန်အခါကုသိုလ်ကောင်းမှုတွေပြုရမယ့်အချိန်အခါ။သတိပေးလိုက်တော့ သူက တကယ်လည်း လက်တွေ့လိုက်နာ ကျင့်သုံးတော့ ကုန်သည်ကြီး ဘဝကူး ကောင်းသွားပါတယ်။

လူတစ်ယောက်အတွက် ဘယ်အချိန် အရေးကြီးသလဲဆိုရင် သေခါနီး အချိန်သည် အရေးကြီးဆုံးပါ။ စာလို ပြောရင် မရဏာသန္နဇောပေါ့။ နောက်ဆုံး ထွက်သက် အဲဒီအချိန်ခါလေးသည် အရေးကြီးဆုံးအချိန်ပဲ။ ဒီအချိန်မှာ ကုသိုလ်ကောင်းမှုကို နှလုံးသွင်းအာရုံပြုရင် ကောင်းရာသုဂတိ ရောက်တယ်။ အဲဒီအချိန်အခါမှာ ကောင်းမှုကုသိုလ်တွေသာ မမေ့နေမယ်ဆိုရင် ကောင်းရာသုဂတိရောက်ဖို့ မလွယ်ပါဘူး။

မလွယ်ဘူးနော်။ လူတစ်ယောက်သေပြီးရင် ရောက်နိုင်တဲ့ ဘဝတွေထဲမှာ အပါယ်ကျတာတို့၊ ငရဲကျတာတို့၊ တိရစ္ဆာန်ဖြစ်တာတို့ ဆိုတဲ့ဘဝတွေသည်

www.dhammadownload.com

မကောင်းတဲ့ဘဝ၊ လူတစ်ယောက် သေပြီးလို့ လူပြန်ဖြစ်တယ်ဆိုတော့ တော်ပါသေးတယ်။

ခုလက်ရှိ ရောက်နေတဲ့ဘဝကို အခုရောက်နေကြတဲ့ဘဝကို သုဂတိဘဝလို့ ခေါ်ပါတယ်။ လူဘဝ၊ နတ်ဘဝသည် သုဂတိဘဝ၊ ဘဝကောင်းပါ။ အခု သုဂတိဘဝကနေပြီးတော့ ဟိုမကောင်းတဲ့ ဒုဂ္ဂတိဘဝကို ဆင်းသွားတယ်ဆိုရင် ရှုံးတာပါ။

ခုရလာတဲ့ လူ့ဘဝ ကံကောင်းလို့ရလာကြတာ၊ ကံကောင်းထောက်မစွာနဲ့ ရောက်လာကြတာပါ။ လူတစ်ယောက်ဘဝကို ရဖို့ဆိုတာ အင်မတန်မှ ခက်တယ်။ အင်မတန်မှပဲ ခဲယဉ်းတယ်။ တိရစ္ဆာန်နဲ့ လူနဲ့ အချိုးအစားချကြည့်ရင် လူဦးရေနဲ့ တိရစ္ဆာန်ဦးရေ အဆပေါင်းများစွာ ကွာတယ်။ တိရစ္ဆာန်တွေ အများကြီးရှိတဲ့ သက်ရှိလောကနဲ့ နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် လူတစ်ယောက်ဖြစ်ဖို့ မလွယ်ဘူး။

ဘာလို့ လူလာဖြစ်တာလဲ။ ကံကောင်းလို့၊ ကံကောင်းလို့ လူလာဖြစ်တယ်။ ကံက ကောင်းစွာ ပို့လိုက်လို့ ဒီဘဝ ဒီဌာနကို ရောက်လာတယ်။ လူ့ဘဝလူ့ခန္ဓာကို ရလာကြတယ်။ အဲဒီရလာတဲ့ ဘဝခန္ဓာကို အကျိုးရှိအောင် သုံးရမယ်။

စားရေးသောက်ရေး၊ စားဝတ်နေရေးတွေဆိုတာ ဘယ်ဘဝရောက်ရောက် ဒီအလုပ်တွေက လုပ်နေရတာပါ။ ဒီကိစ္စတွေ မကင်းနိုင်ဘူး။ ကုသိုလ်ကောင်းမှုပြုဖို့ဆိုတာကလည်း ခဲခဲယဉ်းယဉ်းမှ ကြုံတယ်။ ကုသိုလ်ပြုနိုင်တဲ့အခွင့်အရေး၊ ကုသိုလ်တရားတွေရအောင်လို့ လုပ်ကိုင်ဆောင်ရွက်ခွင့် ဆိုတာသည် ရဖို့မလွယ်ဘူး။ လူ့ဘဝရတဲ့ အချိန်အခါမို့ ဒီလိုကုသိုလ်ကောင်းမှုပြုနိုင်တာပါ။

မတော်တဆ ငရဲကျတဲ့သူ ကုသိုလ်ကောင်းမှုပြုဖို့ မလွယ်တော့ဘူး။ စားဝတ်နေရေး ကြပ်တည်းပြီးတော့ ပြိတ္တာဘဝရောက်နေတဲ့သူတစ်ယောက် ကုသိုလ်ကောင်းမှုတွေပြုဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းပါတယ်။ အသိဉာဏ်နည်းတဲ့ တိရစ္ဆာန်ဘဝကို ရောက်နေကြရရင် ကုသိုလ်ဆိုတာတောင် ဘာမှန်းမသိပါဘူး။ လုပ်ချင်ရာလုပ် နေချင်သလိုနေ ဘဝဆိုးမျိုးသာ ရောက်သွားပြီ

www.dhammadownload.com

ဆိုရင် ဒီလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ပြန်ရဖို့ဆိုတာ ခဲယဉ်းနေပါလိမ့်မယ်။ ကံကောင်းလို့ ရတဲ့ဘဝမှာ ပြုခွင့်ရတဲ့ ကုသိုလ်ကောင်းမှုတွေကို အားကြိုးမာန်တက်နဲ့ပြုဖို့၊ လုပ်ဖို့လိုပါတယ်။

ဒါ အရေးကြီးဆုံးပဲနော်။ ဘုန်းကြီးကို တချို့က မေးကြတယ်။ တပည့်တော်တို့ ဒီလူ့ဘဝရတဲ့အချိန်ခါမှာ ဘာအရေးကြီးဆုံးလဲ ဘုရား။ ဘုန်းကြီးက ရှည်ရှည်ဝေးဝေး မပြောပါဘူး။ လူတစ်ယောက် ဖြစ်လာတဲ့အခါမှာ ဘာအရေးကြီးဆုံးလဲဆိုရင် ကုသိုလ်ပြုဖို့ အရေးကြီးဆုံးပါ။ ကျန်တဲ့ ကျန်တဲ့ကိစ္စတွေသည် ဘယ်ချိန်လုပ်လုပ် ရတယ်။ ဘယ်ဘဝမှာဖြစ်ဖြစ် ရနိုင်တယ်။ ကုသိုလ်ပြုခွင့်က အချိန်မရွေးမရဘူး။ အချိန်မီပြုကာမှ၊ အချိန်ရှိတုန်းပြုကာမှ မသေခင်ကို ကြိုတင်ကာ ကုသိုလ်ကောင်းမှုတွေ ပြုပါမှ အကျိုးရမယ်။

အဇ္ဈဝ - အခါမရွေ့ ယနေ့ကပင်လျှင်၊ ကိစ္စ - ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်ကိစ္စမှန်သမျှကို၊ ပြုသင့်ပြုထိုက်တဲ့ကိစ္စ ပြုရလုပ်ရမယ့်ကိစ္စဆိုတာသည် တခြားမဟုတ်ပါဘူး။ ကုသိုလ်ကိစ္စပါ။ ခုနက ကုန်သည်ကြီးဟာ အချိန်မီလေး ကုသိုလ်ကောင်းမှု ပြုသွားတယ်။ သူ့အသက် ၅၀၊ ၆၀ ပတ်ဝန်းကျင်တော့ ရှိလောက်ပါပြီ။ အဲဒီအချိန်ခါတွင်းမှာ သူ တကယ် သူ့ဘဝ အကျိုးရှိအောင် သုံးသွားတာသည် သူ့ဘဝတိုးတက်ရာတိုးတက်ကြောင်းကောင်းကျိုးချမ်းသာဖြစ်အောင် သူ ဆောင်ရွက်သွားတာသည် ပြန်တွက်ကြည့်ရင် တစ်ရက်ထဲပါ။

အဲဒီတစ်ရက်ကပဲ သူ့ကို ကောင်းကျိုးချမ်းသာတွေဖြစ်အောင် ကယ်တင်သွားတယ်။ နောက်ဆုံး တကယ်ကယ်တာသည် ကုသိုလ်က ကယ်တာပါ။

ကုသိုလ်က ကယ်လိုက်တော့ ဒီဘဝကသေ၊ တာဝတိံသာ နတ်ပြည်၊ ရောက်သွားတယ်။ အဲဒီအကြောင်းကို ရဟန်းတော်တွေ သိတဲ့အချိန်မှာ မြတ်စွာဘုရားရှင်ကို မေးလျှောက်ကြတယ်။ "မြတ်စွာဘုရား အဲဒီကုန်သည်ကြီး မနက်ကတင် မြတ်စွာဘုရားရှင်နဲ့ သံဃာတွေကို ဆွမ်းကပ်ပါသေးတယ်။ ဘုရားရှင် ပြန်ကြွလာတဲ့အချိန်မှာ သက်တမ်းကုန်ကာသေရှာပါတယ် မြတ်စွာဘုရား။ အဲဒီကုန်သည်ကြီးသည် ဘယ်ဘုံဘဝန ဘယ်လောကကို ရောက်ပါ

www.dhammadownload.com

သလဲ ဘုရား။" လို့ မေးတော့ မြတ်စွာဘုရားက "နတ်ပြည်ဌာန နတ်လောကကို ရောက်တယ်" လို့ ဖြေတော်မူပါတယ်။ ကောင်းကျိုးချမ်းသာတွေ ခံစားနေရပြီ။ အဲဒီတော့ လူဘဝကနေပြီးတော့ နတ်ဘဝ၊ လူချမ်းသာထက်ကို သာတဲ့ နတ်ချမ်းသာ နတ်စည်းစိမ်ကို ခံစားစံစားခွင့်ရတာသည် ဘယ်သူက ပေးတာလဲ ဆိုရင် ကုသိုလ်က ပေးတာပါ။

အဲဒီလောက်တောင်မှ ကောင်းကျိုးချမ်းသာတွေ ပေးတတ်တဲ့ကုသိုလ်ကောင်းမှုတွေကို အချိန်ရှေ့ရင်မှားပါမယ်။ ချက်ချင်းလုပ်ရမှာပါ။

ဘယ်သူမျှ လာပြီးတော့ သတိပေးနိုင်တာ မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ပဲ ချစ်တယ်ခင်တယ် ပြောပြော၊ စေတနာမေတ္တာတွေ ရှိပါတယ်ပြောပြော၊ သူ ဘယ်ရက်သေမယ်ဆိုတာ သူလည်းမသိ၊ ကိုယ်လည်းမသိ၊ ကိုယ်ဘယ်ရက် သေရမယ်၊ ဘယ်အချိန် သေရမယ်ဆိုတာ ကိုယ်ကိုယ်တိုင် မသိသလို သူလည်း မသိနိုင်ဘူး။ သေချာတာက အရင်ဆုံးကြိုတင်ပြုလုပ်တာက သေချာပါတယ်။ ဘယ်နေ့ရက်မှာ သေမယ်၊ ဘယ်အချိန်မှာ သေမယ်၊ ဘယ်ရောဂါနဲ့ သေမယ်၊ ဘယ်နေရာမှာ သေမယ်၊ သေပြီးတဲ့နောက်မှာ ဘယ်ရောက်မယ်ဆိုတာကို မသိနိုင်လို့ ကုသိုလ်ကို ချက်ချင်းပြုပါလို့ ပြောချင်ပါတယ်။

တတ်နိုင်တာလုပ်

တတ်နိုင်တဲ့ ကုသိုလ်ကောင်းမှုကို ပြုပါ။ ဒါနနိုင်ရင် ဒါန၊ သီလနိုင်ရင် သီလ၊ ဘာဝနာတရားတွေ ပွားနိုင်တယ်ဆိုရင်လည်း ဘာဝနာကောင်းမှုကို ပြုပါ။ ဒီဘဝမှာ အရေးကြီးဆုံး သေခါနီးအချိန်မှာ ဒါနအားကောင်းတဲ့သူသည် ဒါနနဲ့သေတယ်။ အမြဲမပြတ် အလှူအတန်း လုပ်နေတဲ့သူ နောက်ဆုံးနေ့တိုင်းနေ့တိုင်း သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းလောင်းနေတဲ့သူ၊ သူသေခါနီးကျရင် ဒီအာရုံတွေပဲ သူ့စိတ်မှာ ထင်လာတယ်။ အမြဲတမ်း ဒါနကောင်းမှုပြုတဲ့သူ ဒါနနဲ့ သေတယ်။ သီလကောင်းမှုကို အလေးထားကာ ကိုယ်ကျင့်သီလထိန်းသိမ်းတဲ့သူသည် သေခါနီးအချိန်အခါမှာ သီလနဲ့ သေတယ်။

www.dhammadownload.com

အမြဲတမ်း တရားဓမ္မတွေ နလုံးသွင်းအားထုတ်နေတဲ့သူ၊ အချိန်တိုင်း အချိန်တိုင်းလိုလို အမြဲမပြတ် သတိကပ်ပြီးတော့ တရားရှုမှတ်နေတယ်။ နေ့စဉ်နေ့တိုင်း အချိန်ရရင် အချိန်ရသလို၊ အားရင် အားသလို၊ နောက်ဆုံး အိပ်ခါနီးအချိန်မှာဖြစ်ဖြစ်၊ အိပ်ရာထခါစ မျက်လုံးပွင့်လာတဲ့ အချိန်ခါမှာဖြစ်ဖြစ်တဲ့ ဘာဝနာတရားကို ပွားများပြီးတော့ နေလေ့ရှိတဲ့သူသည် သေမယ့်အချိန်အခါမှာ ဘာဝနာနဲ့ သေလိမ့်မယ်။

ဒါနလည်း မရှိ၊ သီလလည်းမရှိ၊ ဘာဝနာလည်းမရှိရင်တော့ အကုသိုလ်နဲ့ သေလိမ့်မယ်။

တချို့က သားသမီးစွဲပြီး သေတယ်နော်။ သားသမီးတွေ စိတ်မချဘူး၊ ငါမရှိရင် အဆင်မှ ပြေပါ့မလား၊ ဘယ်လိုများနေကြမလဲ၊ ဒုက္ခများ ရောက်ကြမလား၊ မျက်နှာများ ငယ်ကြမလား၊ ဒါ တွေးပြီးတော့ ဒီအစွဲနဲ့ သေတာ အကုသိုလ်နဲ့ သေတာပါ။

တချို့က ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာတွေကို မစွန့်နိုင်ဘူး။ သေတယ်ဆိုတာ အကုန်လုံးစွန့်သွားရတာ၊ ထားခဲ့ရတာ။ သက်ရှိသက်မဲ့တွေ ဘာတစ်ခုမျှ ယူမသွားနိုင်ဘူး။ အကုန်စွန့်ခွာသွားရမယ့်အချိန်မှာဒီပစ္စည်းဥစ္စာကိုတွယ်တာတယ်၊ စွဲလမ်းတယ်၊ သားသမီးစွဲတာက သက်ရှိစွဲ။ အိုးအိမ်တိုက်တာ နေရာထိုင်ခင်း၊ ပိုင်ဆိုင်ထားတဲ့အရာဝတ္ထုတွေစွဲလမ်းတာက သက်မဲ့ကိုစွဲလမ်းတာ။ ဒီလိုစွဲလမ်းပြီး သေရင်လည်း လောဘနဲ့ သေတာပါ။

တချို့ကျတော့လည်း နေထိုင်မကောင်းဖြစ်တဲ့ အချိန်အခါမှာ ဘယ်သူ့မျှ စိတ်တိုင်းမကျဘူး၊ ဘာမျှအလိုမကျဘူး၊ ကိုယ်မသွားနိုင် မလာနိုင်တာ မလှုပ်ရှားနိုင်တာ နေချင်သလို နေလို့မရတာ၊ စားချင်တာ စားလို့မရတာ၊ မကျေနပ်ဖြစ်ပြီးတော့ ဒေါသနဲ့ သေသွားတယ်။ အကုသိုလ်နဲ့သေတာပါ။

တချို့က ဘာမျှမသိလိုက်ဘဲနဲ့ ဘာအတွေးအခေါ်မျှလည်း မရှိဘဲနဲ့ မိန်းမောပြီးတော့ မေ့မြောပြီးတော့ သေသွားတယ်။ မောဟနဲ့သေတာပါ။ ဒါကြောင့် အရေးကြီးတာက ကိုယ့်မှာ လက်ဆုပ်လက်ကိုင်တစ်ခုရှိဖို့ အရေးကြီးတယ်။ ငါ ဘယ်လိုသေမလဲ၊ ငါ ဘာနဲ့ သေမှာလဲဆိုတဲ့မေးခွန်း ကိုယ်ကိုယ် တိုင် ဖြေနိုင်အောင် ကြိုးစားရမယ်။ ဒါနနဲ့ သေမလား၊ သီလနဲ့ သေမလား၊

www.dhammadownload.com

ဘာဝနာတရား အားထုတ်ပြီးတော့ သေ မလား။ ဘာနဲ့ ငါ သေရမှာလဲ၊ ဘာနဲ့ ငါ သေသင့်သလဲ။ ဒါလေးကို ကိုယ်ကိုယ်တိုင် တိတိကျကျ ဖြေနိုင်ပြီဆိုရင် သေရဲပြီ၊ သေရမှာလည်း မကြောက်တော့ဘူး။

အဲဒီလို သေရဲတဲ့သူတစ်ယောက်ဖြစ်အောင်၊ သေတတ်တဲ့သူ တစ်ယောက်ဖြစ်လာအောင် ကုသိုလ်ကောင်းမှုတွေကို အချိန်မဆွဲရပါဘူး။ ချက်ချင်း လုပ်ရမှာပါ။

ဆုံးဖြတ်ချက် ပိုင်ပိုင်ချပါ။ ဒါနနဲ့ သေမယ်၊ သီလနဲ့ သေမယ်၊ ဘာဝနာနဲ့ သေမယ်၊ အားကိုးတစ်ခု ပိုင်ပိုင်မိမိ ရထားအောင်နဲ့ ကုသိုလ်ကောင်းမှု မှန်သမျှကို မနက်ဖြန်မရွေ့ပါနဲ့။ မနက်ဖြန်ဆိုတာသည် မသေချာပါဘူး။

သေချာတဲ့ ခုချိန်မှာ ချက်ချင်းကို ကုသိုလ်ကောင်းမှုပြုမှ ဖြစ်မယ်လို့ မြတ်စွာဘုရားရှင်က ကုန်သည်ကြီးကို အကြောင်းပြုပြီးတော့ ဟောခဲ့တဲ့ တရား၊ မေးမြန်းလာကြတဲ့၊ သိလိုလာကြတဲ့ ရဟန်းသံဃာတွေကို ဘုရားရှင် ပြန်ဟောပြလိုက်တော့ ...

ဒေသနာဝသာနေ - တရားနိဂုံးဆုံးတဲ့အချိန်အခါ၌၊ ဗဟူ - များစွာကုန်သော၊ ပရိသာ - ပရိသတ်တို့သည်၊ သောတာပတ္တိဖလာဒီနိ - သောတာပတ္တိဖိုလ် စသည်တို့သို့၊ ပါပုဏိ်သု - ကောင်းစွာမသွေ ရောက်တော်မူကြလေကုန်သတည်း။

ကုန်သည်ကြီးကို အကြောင်းပြုကာ ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့တရားဒေသနာကို နာယူမှတ်သားကြရတဲ့ ပရိသတ်တွေ တရားအသိအမြင်တွေ ရရှိသွားကြပါတယ်။ မဂ်ဖိုလ် တရားထူးတွေကိုလည်း ရရှိသွားကြပါတယ်။ ဘုန်းကြီးတို့ပရိသတ်တွေလည်း သံဝေဂတွေ ရကြပါစေ။ တရားအသိအမြင်တွေ ရကြပါစေ။ မဂ်ဖိုလ်တရားထူးတွေကိုလည်း ရရှိကြပါစေ။

www.dhammadownload.com

လူပီသတဲ့လူ

လောကထဲမှာ ရှိနေတဲ့ လူအမျိုးမျိုး၊ များစွာသော လူတို့ထဲမှ ဒီလူပီသတဲ့ လူဆိုတာ ဘယ်လိုလူမျိုးလဲ။ လူပီသတဲ့လူတစ်ယောက်ဖြစ်အောင် ဘယ်လိုနေရမယ်။ ဘယ်လိုကျင့်သုံးရမယ်။ နှလုံးသွင်းရမယ်ဆိုတာလေး သိစေဖို့ ယနေ့ညမှာ တရားတစ်ပုဒ် ဟောကြ နာကြပါမယ်။

လူပီသတဲ့လူ၊ လူနဲ့တူတဲ့လူ၊ စိတ်ကောင်း နှလုံးကောင်းရှိတဲ့လူလို လူမျိုးဖြစ်စေချင်ပါတယ်။လူအမျိုးမျိုး၊နတ်အမျိုးမျိုး၊သတ္တဝါအမျိုးမျိုးဆိုတော့ အမျိုးမျိုးသော သူတွေထဲမှာ အကောင်းဆုံး အမြတ်ဆုံးသောသူသည် ဘယ်လို လူမျိုးလဲဆိုတာ သိစေချင်ပါတယ်။

လူရဲ့အဓိပ္ပာယ်

လူဆိုတဲ့ ဒီစကားလုံးအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဘာသာအမျိုးမျိုးနဲ့ ဘုန်းကြီးလက်လှမ်းမီသလောက် လေ့လာကြည့်ပါတယ်။ ကိုယ်တတ်ကျွမ်းတဲ့ ပါဠိဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတွေနဲ့ လူဆိုတာကို ဘယ်လို အဓိပ္ပာယ်ဖွင့်လဲ ကြည့်လိုက်တော့ အကောင်းဆုံး၊ အရှင်းဆုံး အဓိပ္ပာယ်ဖွင့်ပေးနိုင်တာသည် ပါဠိဘာသာလို့ပဲ တွေ့ရတယ်။ ပါဠိဘာသာမှာ လူဆိုတာကို ပါဠိစကားလုံးအနေနဲ့ မနုဿလို့ သုံးနှုန်းပါတယ်။

www.dhammadownload.com

ပါဠိလို မနုဿဆိုတဲ့စကားလုံးကို မြန်မာလိုပြန်ရင် လူလို့ ဘာသာပြန်ရတယ်။ ဒီတော့ မနုဿဆိုတဲ့စကားလုံးဟာ ဘာအဓိပ္ပာယ်တွေကို ဖော်ပြသလဲ။ ဘာကိုဆိုလိုသလဲဆိုတာ နားလည်ရအောင် ပါဠိဘဒ္ဒါ စည်းကမ်းများအရကြည့်မယ်ဆိုရင် စာလုံးနှစ်လုံး ပေါင်းစပ်ထားတယ်လို့ မြင်လိမ့်မယ်။

မနုဿဆိုတာ မနနဲ့ဥဿဆိုတဲ့ စကားလုံးကို ပေါင်းထားတာပါ။ မနဆိုတဲ့ စကားလုံးတစ်လုံး၊ ဥဿဆိုတဲ့ စကားလုံးတစ်လုံး၊ မနအပေါင်း ဥဿ ညီမျှခြင်းအားဖြင့် ဘာဖြစ်လဲ မနုဿ။ အဲဒီမှာ မန - ဆိုတာသည် စိတ်လို့ ဘာသာပြန်ရတယ်။ မန - ဆိုတာ စိတ်ပါ။

ဥဿ - ဆိုတာက အဆင့်အတန်းမြင့်တာ၊ အထက်တန်းကျတာလို့ ဘာသာပြန်ချင်ပါတယ်။ ဥဿ - ဆိုတာ အဆင့်အတန်းမြင့်တယ် အထက်တန်း ကျတယ်။ အဲဒီတော့ မနုဿ - ဆိုတာကို အကဲခတ်လို့ ရပြီ။

မနုဿ - ဆိုတာသည် စိတ်ဓာတ်အဆင့်အတန်းမြင့်သူ၊ စိတ်နေစိတ်ထား အထက်တန်းကျသူလို့ ခေါ်လို့ရတယ်။ မနုဿဆိုတဲ့ စကားလုံးသည် စိတ်နေစိတ်ထား အဆင့်အတန်းမြင့်တဲ့လူ။ အထက်တန်းကျတဲ့လူ။

ဒီစာလုံးကို ကြည့်သောအားဖြင့် လူရဲ့အဓိပ္ပာယ်သည် ပိုပြီးတော့ ပေါ်လွင်သွားတယ်၊ ထင်ရှားသွားတယ်။ ဒီတော့ အဓိပ္ပာယ် ဖွင့်ဆိုချက်လေးကို စိတ်ထဲစွဲသွားအောင် အမြဲတမ်းမှတ်မိနေအောင် မှတ်သားပါ။

(စိတ်ထားမြင့်က မနုဿ ခေါ်ရလူလို့သာ)

မြတ်စွာဘုရားရှင် ဆိုလိုချင်တဲ့ အဓိပ္ပာယ်၊ ဘုရားရှင် သုံးနှုန်းသွားတဲ့ စကားလုံးရဲ့အဓိပ္ပာယ်၊ မနုဿဆိုတဲ့ စကားလုံးအဓိပ္ပာယ် ပေါ်လာပြီ။ စိတ်နေစိတ်ထား အဆင့်အတန်းမြင့်တဲ့သူ၊ အထက်တန်းကျတဲ့သူကို မနုဿ - လူလို့ ခေါ်မယ်။

လူဆိုတာသည် စိတ်ထားမြင့်တဲ့သူ။ စိတ်နေစိတ်ထားတွေ အထက်တန်း ကျတဲ့လူဆိုတော့ သူနဲ့ပြောင်းပြန် ဆန့်ကျင်ဘက်ကကြည့်လိုက်ရင် စိတ်နေစိတ်ထားတွေ အောက်တန်းကျရင် လူလို့ခေါ်ဖို့ ကောင်းပါ့မလား။ စိတ်နေစိတ်ထားတွေ အဆင့်မမြင့်ရင် လူလို့မခေါ်ချင်ဘူးပေါ့။ မနုဿဆိုတဲ့ စကား

www.dhammadownload.com

လုံးနဲ့ မထိုက်တန်ဘူး။ ဒီစကားလုံးနဲ့ ထိုက်တန်တဲ့သူသည် စိတ်နေစိတ်ထား အဆင့်အတန်းမြင့်ရပါမယ်။

စိတ်သဘောထားတွေ မြင့်မြတ်ရမယ်။ စင်ကြယ်ရမယ်။ လူပီသတဲ့လူ ဆိုတာကို ဒီစကားလုံးနဲ့ တိုက်ဆိုင်ကြည့်လိုက်ရင် လူနဲ့တူတဲ့လူ၊ လူပီသတဲ့ လူတွေ နည်းသွားလိမ့်မယ်။ စိတ်နေစိတ်ထား အောက်တန်းကျတဲ့သူတွေကို လူစာရင်းထဲသွင်းဖို့ ခက်သွားတယ်။

ဓမ္မဗိမာန် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် ဓမ္မသဘင်ဆိုတော့ စာ ကြည့်တိုက်နဲ့ ပတ်သက်ပြီးတော့ ဘာရည်ရွယ်ချက်နဲ့ ဖွင့်တာလဲ သတိထား ကြည့်တယ်။ စာကြည့်တိုက်တွေ ဖွင့်ပြီးတော့ စာတွေကို ဖတ်ရှုကြ၊ လေ့လာ ကြတဲ့ ရည်ရွယ်ချက်သည် စိတ်နေစိတ်ထား အဆင့်အတန်းမြင့်စေဖို့ပါ။ အောက်တန်းကျတဲ့၊ သေးသိမ်တဲ့ စိတ်ထားမျိုးတွေကို ဖယ်ရှင်းပစ်ဖို့ပါ၊ အလိမ္မာ စာမှာရှိတယ်။

စာမှာပဲ ရှိတာလား၊အပြင်မှာ မရှိဘူးလား။ အပြင်မှာလည်းရှိရပါတယ်။ အလိမ္မာ စာမှာရှိဆိုတော့ အလိမ္မာဆိုတာ စာအုပ်ထဲမှာပဲ ရှိတာဆိုပြီးတော့ အဲဒါ နောက်တောက်တောက် ပြောတဲ့သူက ပြောသေးတယ်။ အပြင်မှာလည်း ရှိရပါမယ်။ စိတ်နေစိတ်ထားတွေ အဆင့်အတန်းမြင့်တဲ့သူ၊ အထက်တန်းကျ တဲ့သူကို လူလိမ္မာလို့ ပြောနိုင်တယ်။ လူတော်လူကောင်းလိုလည်း ပြောလို့ရပါ တယ်။

လူရယ်လို့ ဖြစ်လာတဲ့ အချိန်အခါမှာ လူဖြစ်ရုံတင် မဟုတ်ဘဲနဲ့ လူပီသ တဲ့လူ လူတော်လူကောင်း၊ လူလိမ္မာဖြစ်အောင် ကြိုးစားရမယ်။ လူဆိုတာ အခြားအခြားသော သူတွေထက်ကို သာလွန်တဲ့အချက်သုံးချက် ရှိတယ်။ လူ့ ပြည်ဌာန၊ လူ့လောကမှာ နေတဲ့သူတွေ တခြားတခြားသော အရပ်ဒေသတွေ နေတဲ့သူတွေထက်ကို တခြား တခြားသော ကမ္ဘာတွေ စကြဝဠာတွေမှာ နေတဲ့ သူတွေထက်ကို သာလွန်တဲ့ အချက် (၃) ချက်ရှိပါတယ်။

လူ့အရည်အချင်း (၃) ရပ်

ဒါကို လူ့အရည်အချင်း (၃) ရပ်လို့ သတ်မှတ်နိုင်ပါတယ်။ လူပီသတဲ့ လူ တစ်ယောက်ရဲ့အရည်အချင်း (၃) ရပ်က ...

www.dhammadownload.com

သူရာ၊ သတိမန္တော၊ ပြဟ္မစရိယဝါသော။

ဘုရားပြောတဲ့စကားက ပါဠိစကားနဲ့ ပြောလိုက်ရင် တိုတိုလေးပါ။

နံပါတ် (၁) သူရ (၂) သတိမန္တော (၃) ပြဟ္မစရိယဝါသောတဲ့။

ဒီအရည်အချင်း၊ ဒီအချက်တွေ တခြားသောသူတွေထက်ကို လူက သာတယ်။ တစ်ချက်စီ ရှင်းပြပါမယ်။

(ကုသိုလ်ပြုရာ ရဲရင့်ပါ၊ ခေါ်ရလွယ်သာ)

ကုသိုလ်ကောင်းမှုတွေကို ပြုရာမှာ ရဲရင့်တဲ့စိတ်ရှိတဲ့သူကို လူလို့ခေါ်မယ်။ လူ့အရည်အချင်းမီ လူဝိသတဲ့လူတစ်ယောက်၊ စိတ်ထားမြင့်မြတ်တဲ့ လူတစ်ယောက်က ကုသိုလ်ကောင်းမှုတွေကိုပြုရာမှာ ရဲရင့်တယ်။ သတ္တိရှိပါတယ်။

တချို့ကငါသတ္တိရှိတယ်ကွ။ဘယ်ကောင်မှမကြောက်ဘူး။ဟားဟားချင်း၊ တုတ်တုတ်ချင်းလာခဲ့။ ကြိုက်တဲ့နေရာကလာ။ စိန်ခေါ်တဲ့ သူတွေက သတ္တိရှိတာ မဟုတ်ပါဘူး။ မိုက်တာပါ။

သတ္တိရှိတာနဲ့ မိုက်တာနဲ့ မတူပါဘူး။ ကုသိုလ်ကောင်းမှုတွေကို ပြုရာမှာ ရဲရင့်တဲ့စိတ်ထားရှိသူသည် သတ္တိရှိတဲ့သူ။ လူ့အရည်အချင်း ပြည့်စုံသူပါ။ တိရစ္ဆာန်တွေထက်ကိုလည်း လူက သာတယ်တဲ့။ တာဝတိံသာ အစရှိတဲ့ နတ်ပြည်ဌာန နတ်လောကမှာ ရှိနေတဲ့ နတ်ဒေဝတာတွေ၊ နတ်ပြဟ္မာတွေထက်လည်း လူက သာတယ်။ သတ္တိရှိတဲ့နေရာမှာ သာတယ်။

စကြဝဠာအဖွဲ့အစည်းမှာ အခု လူသားများနေတဲ့ ကမ္ဘာမြေကြီး၊ သက်ရှိသတ္တဝါ လူသားတွေနေတဲ့ ဒီမြေကြီး ဒီကမ္ဘာပေါ်မှာရှိနေသလို တခြား တခြားသော ကမ္ဘာမြေတွေပေါ်မှာလည်း တခြားတခြားသော သက်ရှိသတ္တဝါတွေ ရှိကြတယ်။

ဒါကြောင့် တစ်ခါတလေကျရင် သတင်းတွေ ကြားဖူးလိမ့်မယ်။ ဖတ်ဖူးလိမ့်မယ်။ ဒီကမ္ဘာမြေပေါ်ကို အမျိုးအမည်မသိတဲ့ ယာဉ်တွေနဲ့ အမျိုးအမည်မသိတဲ့ သတ္တဝါတွေ လာရောက်သွားတယ်။ ဘယ်မြို့မှာ တွေ့လိုက်တယ်။ ဘယ်နိုင်ငံမှာ တွေ့လိုက်တယ်။ ဘယ်အရပ်ဒေသတွေမှာ တွေ့လိုက်တယ်ဆိုတဲ့ သတင်းမျိုး ကြားဖူးလိမ့်မယ်။

www.dhammadownload.com

ဘုန်းကြီးတို့ ဗုဒ္ဓစာပေမှာတော့ ရှိပြီးသားပါ။ အနောက်ကျွန်း၊ အရှေ့ကျွန်းတို့၊ မြောက်ကျွန်းတို့အဲဒီနေရာတွေလည်းပဲ သက်ရှိသတ္တဝါတွေ၊ သက်ရှိလူသားတွေ ရှိနိုင်တဲ့နေရာပါပဲ။ ဒါပေမဲ့လို့ ဒီဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းခေါ်တဲ့ အခုနေထိုင်ကြတဲ့ကမ္ဘာမြေပေါ်မှာ နေတဲ့သူတွေက တခြား၊ တခြားသော သူတွေထက်ကို ကုသိုလ်ကောင်းမှုတွေ ပြုရဲတယ်။ ပြုနိုင်တယ်။ ကုသိုလ်ပြုရဲလို့ လူလို့ခေါ်မယ်။ ကုသိုလ်ပြုရဲမှ လူလို့ခေါ်ပါတယ်။ ကုသိုလ်မလုပ်ရဲရင်။ လူမဝိသသေးပါဘူး။

သတ္တိရှိတဲ့လူတစ်ယောက်။ လူပီသတဲ့ လူတစ်ယောက်သည် ကုသိုလ်ကောင်းမှုတွေကို ပြုရာမှာ ရဲဝံ့ပါတယ်။ ကုသိုလ်တရားတွေကို ပြုလုပ်တဲ့နေရာမှာ သတ္တိရှိရှိပြုလုပ်တယ်။

ဘုရားအလောင်းတော် သိဝိမင်း ပါရမီဖြည့်ဖို့ သတ္တိရှိရှိ မျက်လုံးလှူတယ်။ ဘုရားအလောင်းယုန်မင်း ဒါနပြုစရာမရှိလို့ မီးပုံထဲ ခုန်ဆင်းပြီးတော့ သတ္တိရှိရှိ ခန္ဓာကိုယ်ကို လှူလိုက်တယ်။

တစ်ခါတလေမှာ ကိုယ်တိုင်က စားစရာမရှိဘူး။ ခရီးသွားရင်းနဲ့ အခက်အခဲ တွေ့တယ်။ ကိုယ်ကိုယ်တိုင် ဝလင်အောင် စားစရာမရှိဘူး။ စားစရာသောက်စရာ အနည်းအပါးလေးပဲ ရှိတယ်။ ဒါပေမဲ့ အဲဒီအနည်းအပါးလေး ဖြစ်တဲ့ စားသောက်ဖွယ်ရာတွေကို ကိုယ်မစားတော့ဘဲနဲ့ လိုအပ်နေတဲ့သူတွေကို စွန့်လိုက်တယ်။ ပေးလိုက်တယ်။ ကိုယ်က အနစ်နာခံပြီးတော့ သူ့ကို ပေးလိုက်တာမျိုးက သတ္တိရှိတဲ့လူမှ ပြုနိုင် လုပ်နိုင်ပါတယ်။

ဒါနကောင်းမှုကို ပြုရာမှာလည်း သတ္တိရှိရမယ်။ ဒါနကိုပြုရဲရမယ်။ တချို့ ပစ္စည်းဥစ္စာတွေ အများကြီးပိုင်ဆိုင်တယ်။ ဒါပေမဲ့လို့ ဒါနကောင်းမှုကို မပြုရဲဘူး။ ကုန်သွားမှာစိုးလို့၊ ကုန်သွားမှာကြောက်လို့ မပေးနိုင်ဘူး။ မလှူရဲဘူး။ကုန်သွား ခန်းသွားမှာ နှမြောနေတယ်။ ကိုယ်ကိုယ်တိုင်ပဲ သုံးချင်တယ်။ လိုအပ်တဲ့သူတွေကို မမျှချင်ဘူး။ မဝေချင်ဘူး။ ဒါနမပြုရဲတဲ့သူတွေပါ။ ဒါနကောင်းမှုကို ပြုရဲတဲ့သူတွေက ကုန်ချင်ကုန်ပါစေ၊ ကိုယ်မစားရရင် နေပါစေ၊ ကိုယ်မဝတ်ရရင် နေပါစေ၊ ကိုယ့်ထက်ကို လိုအပ်နေတဲ့သူတွေကို မျှပေးမယ်။ ဝေပေးမယ်။ ပေးလှူမယ်။ ဒါနသတ္တိ ရှိကြပါတယ်။

www.dhammadownload.com

လှူရဲတယ်။ တစ်ခါတလေမှာ ချီးကျူးစရာ အလှူရှင်ပုဂ္ဂိုလ်တွေ တွေ့ရတယ်။ သူတို့ကိုယ်တိုင်ကတော့ဖြင့် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဝတ်ပါဘူး။ မနေပါဘူး။ မစားပါဘူး။ ဝတ်တော့လည်းပဲ သာမန်လူလိုပဲ။ နေတော့လည်း သာမန်တိုက်ခန်းလေးနဲ့။ စားတော့လည်း ပုံမှန်ပဲ။ လှူတဲ့နေရာကျရင်တော့ဖြင့် သိန်းပေါင်းများစွာ သူများတွေ မလှူနိုင်တဲ့အတိုင်း အတာထိ လှူကြတယ်။ အံ့ဩစရာကောင်းလောက်အောင်ကို ဒါနကောင်းမှုကို ပြုတယ်။ ထင်တောင် မထင်ရဘူး။ တချို့အလှူရှင်တွေ ဘုန်းကြီးတို့ တွေ့ဖူးတယ်။ ဒီလောက်လှူလိမ့်မယ်။ ဒီလောက် လှူနိုင်လိမ့်မယ်လို့ မထင်ရဘူး။ ပြတ်ပြတ်သားသား ကောင်းမှုကို ပြုရဲတဲ့သတ္တိရှိတာသည် လူရဲ့အရည်အချင်းပါ။ ဒါနအရာမှာ သတ္တိရှိရမယ်။

ကုသိုလ်ကောင်းမှုတွေပြုရာမှာ ရဲရင့်ရမယ်ဆိုတာ ကိုယ်ကျင့်သီလ အရာမှာလည်း သတ္တိရှိရမယ်။ သီလစောင့်ထိန်းတဲ့ နေရာတချို့ ပြောတယ်။ အူမတောင့်မှ သီလစောင့်မယ်။ အူမ မတောင့်ရင် သူတို့အူပဲ အမြဲတမ်းတောင့်အောင် လုပ်ပေးထားရမလို ဖြစ်နေတယ်။ စားဝတ်နေရေးတွေ ပြည့်စုံတော့မှ ကိုယ်ကျင့်တရား ထိန်းသိမ်းမယ်။ စားဝတ်နေရေး မပြည့်စုံရင် နေချင်သလို နေမယ်။ သတ်ချင်ရင် သတ်မယ်။ လုချင်ရင်လုမယ်။ ခိုးချင်ရင်လည်း ခိုးမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါက်နေတယ်။

အူမတောင့်မှ သီလစောင့်မယ်ဆိုတဲ့ စကားမျိုးဘယ်တော့မှ မပြောနဲ့။ ဒီစကားပြောတဲ့သူ ဒီစကားသုံးနှုန်းမျိုး သုံးနှုန်းတဲ့ လူက အူမ မတောင့်ရင် လုပ်ချင်သလို လုပ်မယ်။ နေချင်သလို နေမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ်နေတယ်။ အူမ မတောင့်ရင်လည်း တတ်နိုင်သလောက် သီလစောင့်ရပါမယ်။

လူတစ်ယောက်မှာ စောင့်ထိန်းသင့်တဲ့ ကိုယ်ကျင့် သီလ (၅)ပါးသီလ ထဲပါ။ မများပါဘူး။ ဗုဒ္ဓဘာသာမှာ ကိုယ်ကျင့်သီလ၊ လူတိုင်း လူတိုင်း စောင့်ထိန်းသင့်တယ်။ လူတိုင်းလူတိုင်း ထိန်းသိမ်းရမယ်။ ဘုရားမြတ်စွာ မိန့်ကြားခဲ့တဲ့ သီလငါးပါးက ကိုယ်ချင်းစာတရားနဲ့ ကြည့်လိုက်ရင် ဘာမျှမစောင့် ထိန်းနိုင်စရာ မရှိပါဘူး။ သူများအသက် မသတ်နဲ့။ ရိုးရိုးပဲ စဉ်းစားပါ။ သူများအသက် သတ်တာ ကောင်းသလားဆိုရင် မကောင်းပါဘူး။

www.dhammadownload.com

မကောင်းရင် မသတ်ဘဲနေပါ။ ကိုယ့်အသက်ကိုတော့ ရှည်စေချင်တယ်။ ကိုယ့်အသက်ရှည်ချင်သလို တစ်ဖက်က သတ္တဝါတစ်ယောက်၊ သက်ရှိတစ်ဦးတစ်ယောက်သည်လည်း အသက်ရှည်ချင်မှာပဲ။ ကိုယ် အသက်ရှည်ချင်သလို သူလည်း အသက်ရှည်ချင်မှာပဲဆိုတဲ့ ကိုယ်ချင်းစာတရားလေး ထားလိုက်ရင် ဒီသီလတစ်ပါးထိန်းဖို့ မခက်တော့ဘူး။ ပါဏာတိပါတာ ဝေရာမဏီ လုံသွားပြီ။ နိုင်သွားပြီ။

အဲဒီလိုမှမဟုတ်ရင် ခြင်ကိုက်ရင်လည်း တဖတ်ဖတ်နဲ့။ ပုရွက်ဆိတ်ကိုက်ရင်လည်း အတင်းပွတ်ခြေလိုက်၊ ကြမ်းပိုးကိုက်လည်း ဖိချ၊ ပွတ်ချလိုက်တာ ကိုယ်ချင်းစာတရားမရှိလို့။ သူလည်း သူ့အစာ သူရှာတယ်။ ကိုယ်လည်းပဲ ကိုယ့်အစာ ကိုယ်ရှာတယ်။ အဲဒီလိုလေးသာ သဘောထားလိုက်။ သူ့အစာ၊ ဒီအခြေအနေမှာ လိုအပ်နေတာကို သူ ရတဲ့ဆီက သူရှာမှာပဲ။ သူ့အစာ သူ ရှာမှာပဲ။ သူတို့လည်း သက်ရှိသတ္တဝါပဲ။ သူ့အသက်ကို သူ နမြောမှာပဲ။ သူ့အသက်ကို သူ ချစ်ခင်မှာပဲလို့သာ နှလုံးသွင်းလိုက်ရင် ပါဏာတိပါတ လုံသွားတယ်။

နောက်တစ်ချက် အဒိန္နာဒါန - ပိုင်ရှင်မပေးတဲ့ သူတစ်ပါးဥစ္စာပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်တယ်။ ပိုင်ရှင်က ကိုယ်နဲ့လည်းမပေးဘူး။ နှုတ်နဲ့လည်း မပေးဘူး။ ရော့ယူသွားလို့ပြောလည်း မပြောဘူး။ ပေးလည်း မပေးချင်ဘူး။ အဲဒီလို ဥစ္စာပစ္စည်းတွေကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယူလိုက်တယ်ဆိုရင် အဒိန္နာဒါန။ သူ့ပစ္စည်း ကိုယ့်ပစ္စည်းမဟုတ်တဲ့ သူများပစ္စည်းကို မတရားနည်းနဲ့ယူတာ ရှောင်ရမယ်။

ကိုယ့်ပစ္စည်းကို တစ်ယောက်ယောက်က ယူသွားရင်၊ ခိုးသွားရင်၊ လုသွားရင်၊ သိမ်းသွားရင် ဘယ်သူမှမကြိုက်ပါဘူး။ ကိုယ့်ပစ္စည်း။ ကိုယ်လိုချင်လို့ ရှာထားတဲ့ပစ္စည်း။ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်း၊ အပင်ပန်းခံပြီးတော့ စုဆောင်းထားတဲ့ပစ္စည်း။ ကိုယ် မြတ်နိုးတယ်။ ကိုယ် တန်ဖိုးထားတယ်။ ဒီအတိုင်းပဲ သူကလည်း သူ့ဥစ္စာ၊ သူ့ပစ္စည်းဟောက်ရှာတာ၊ ပျက်စီးတာကို မလိုလားဘူး။ ကိုယ်ချင်းစာတရားလေးနဲ့ နှလုံးသွင်းလိုက်ရင် သူများပစ္စည်း မလိုချင်တော့ဘူး။ အဒိန္နာဒါန လုံခြုံသွားပါတယ်။

www.dhammadownload.com

ငါးပါးသီလကို လူတိုင်းလူတိုင်းက ထိန်းသိမ်းလိုက်ရင် ဒီကမ္ဘာလောက ကြီးလည်း ငြိမ်းချမ်းလိမ့်မယ်။ လူ့ဘောင်လောကလည်း ငြိမ်းချမ်းလိမ့်မယ်။ ငါးပါးသီလကို မထိန်းနိုင်ကြတဲ့အတွက်ကြောင့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်မက် တွေဖြစ်ကြ။ အကြမ်းဖက်တာတို့၊ အသေခံဗုံးခွဲတာတို့နဲ့ သေကြ၊ ကျေကြ၊ ပျက်စီးကြတယ်။ ငါးပါးသီလကိုသာ လုံခြုံအောင် ထိန်းသိမ်းကြမယ်ဆိုရင် သီလကို လုံခြုံအောင် ထိန်းသိမ်းနိုင်တဲ့ သတ္တိသာ ရှိကြမယ်ဆိုရင် ကမ္ဘာကြီး ငြိမ်းချမ်းပါတယ်။

ကိုယ့်အိမ်တွင်းမှာရှိနေတဲ့ အိမ်သူအိမ်သားအားလုံး အိမ်မှာရှိတဲ့သူ တွေ တစ်ယောက်မကျန် ငါးပါးသီလလုံခြုံရင် ဒီအိမ်ကြီး ငြိမ်းချမ်းလိမ့်မယ်။ အိမ်သူအိမ်သားတွေ ငြိမ်းချမ်းဖို့လည်း သီလလိုတယ်။ သီလကောင်မှုကို စောင့်ထိန်းရာမှာလည်း သတ္တိရှိရမယ်။ သီလကောင်မှုကို စောင့်ထိန်းရာမှာ သတ္တိရှိတဲ့သူမှ လူလို့ခေါ်မယ်။

ကုသိုလ်ဖြစ်တဲ့ဒါနရယ်၊သီလရယ်၊ဘာဝနာရယ်။အကျဉ်းချုပ်အားဖြင့် ကုသိုလ်ကောင်းမှု (၃) မျိုး။ ဒါနကောင်းမှုကိုလည်း ပြုရဲတယ်။ သီလကောင်းမှု ကိုလည်း စောင့်ထိန်းရဲတယ်။ ဘာဝနာကောင်းမှုကိုလည်း ပွားများရဲတယ် ဆိုတဲ့ သတ္တိရှိနေရမယ်။

လစဉ် တရားစခန်း

ဘုန်းကြီးတို့တရားစခန်းတွေအနယ်နယ်အရပ်ရပ်ကြွရောက်ပြီးတော့ ဖွင့်ခဲ့တယ်။ ဘုန်းကြီးရဲ့အခု လက်ရှိသီတင်းသုံးတဲ့ကျောင်းက ပဲခူး၊ ဆယ်မိုင် ကုန်း၊ ဓမ္မဒူတတောရ သာသနာ့ရိပ်သာပါ။ ပဲခူးနဲ့ ရန်ကုန်ကြားမှာ ပဲခူးနဲ့ (၁၀) မိုင် အကွာပါ။ အဲဒီမှာ တရားစခန်းဖွင့်တာ အခုဆိုရင် (၁၃) ကြိမ်မြောက်ပါ။ ပုံမှန် အင်္ဂလိပ်လဆန်း (၁) ရက်ကနေ (၈) ရက်ထိ လစဉ်လတိုင်း (၇) ရက် အပြည့် အဲဒီမှာ တရားပြတယ်။ ကိုယ့်ကျောင်းကိုယ်နေ ဘယ်မျှမသွားဘဲနဲ့ တရားပြတယ်။

ယောဂီတွေ ရောက်လာတဲ့အခါမှာ တချို့ယောဂီတွေက အသက်တော် တော်ကြီးပြီ၊သူတို့ကလျှောက်တယ်။ "အရှင်ဘုရားတဲ့ တပည့်တော်တို့ အခု

www.dhammadownload.com

အချိန်အထိ တစ်ခါမျှ တရားအားမထုတ်ဖူးပါဘူး။ တရားစခန်းလည်း မဝင်ဖူးပါဘူး။ တရားရိပ်သာလည်း တစ်ခါမျှ မရောက်ဖူးပါဘူးတဲ့။ အခုမှ အားထုတ်ချင်စိတ်ဖြစ်လို့ရောက်လာတာပါ"လို့ လျှောက်တော့ ဘုန်းကြီးက မေးတယ်။ "ဘာဖြစ်လို့ အားမထုတ်ဖြစ်တာလဲ။ ဒီအသက်ဒီအရွယ် (၅၀)၊ (၆၀)၊ (၇၀) ဒီလောက်ရောက်နေပြီ။ ဘာလို့ တရားအားမထုတ်တာလဲ။ ဘာဝနာတရားတွေ ဘာလို့မပွားတာလဲ"လို့ မေးကြည့်လိုက်တော့ သူတို့အဖြေတွေက ဆင်တူယိုးမှားပဲ။ "တရားမထိုင်ရဲလို့" တဲ့နော်။

တရားမထိုင်ရဲဘူးတဲ့။ ဘုန်းကြီးတို့နိုင်ငံက ဝိပဿနာအလုပ်မှာ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုရတဲ့ နိုင်ငံပါ။ ဝိပဿနာတရား ဘယ်မှာအထွန်းကားဆုံးလဲလို့ ပြောမယ်ဆိုရင် မြန်မာပြည်ပါ။ ကျန်တဲ့စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံတွေ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေ တိုးတက်တဲ့ နိုင်ငံတွေမှာလည်း ဝိပဿနာတရား သိပ်မရှိဘူး။ ဘုန်းကြီးတို့နိုင်ငံက ဒါတော့ ချမ်းသာတယ်။ ဝိပဿနာ တရားထွန်းကားတယ်။ တိုးတက်တယ်။ ဒီလိုနိုင်ငံထဲ နေတဲ့သူတွေက တရားအားမထုတ်ရဲဘူးတဲ့။ တရားမထိုင်ရဲဘူးတဲ့။ ရှိသေးတယ်ဆိုတော့ သတ္တိလိုတယ်။

သူတို့ အကြောင်းပြချက်က ဘာမျှလည်း မဟုတ်ဘူး။ "အရှင်ဘုရား တချို့က ပြောတယ်။ တရားထိုင်ရင် ရူးတတ်တယ်တဲ့။ ရူးမှာစိုးလို့"တဲ့။ တရားထိုင်လို့ ရူးတယ်ဆိုတာ မရှိပါဘူး။

မတရားထိုင်မှသာ ရူးမှာပါ။ တရားက မရူးဘူး။ ရူးတဲ့သူတွေတောင်မှ ကောင်းအောင် တရားက ကုပေးတယ်။ တရားအားထုတ်လိုက်လို့ စိတ်မငြိမ်ဖြစ်နေတဲ့သူတွေ စိတ်ငြိမ်သွားတယ်။ စိတ်မမှန်တဲ့သူတွေ စိတ်မှန်သွားတယ်။ တချို့က စိတ်ဓာတ်တွေကျနေတာ တရားအားထုတ်လိုက်တော့မှ စိတ်ပုံမှန်ဖြစ်တယ်။ တချို့က စိတ်တွေသိပ်ကြွတယ်။ သူ့ကိုယ်သူ အထင်ကြီးပြီးတော့ စိတ်တွေ မြင့်နေတယ်။ အဲဒီလူတွေလည်း တရားအားထုတ်လိုက်ရင် စိတ်ကပုံမှန်ဖြစ်သွားတယ်။ စိတ်ပုံမှန် ပြန်ဖြစ်သွားတယ်။ ဒီတော့ တရားအားထုတ်ရင် ရူးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်လိုမျှ မဖြစ်နိုင်ဘူး သူတို့ပေးတဲ့ ဆင်ခြေပါ။

www.dhammadownload.com

တချို့က ပြောသေးတယ်။ "အရှင်ဘုရား တပည့်တော်တို့ အားမထုတ်ချင်ဘူး" တဲ့။ "ဟော ... ဘာဖြစ်လို့လဲလို့ဆိုတော့ ညောင်းမှာစိုးလို့" တဲ့။ ဒါလည်း ရှိသေးတယ်။ကျောင်းမှာ အနှိပ်ခန်းပါဖွင့်ထားရမလိုဖြစ်နေတယ်။ ညောင်းမှာစိုးလို့သူတို့ကတရားအားထုတ်ချင်ဘူး။တရားမထိုင်ချင်ဘူးတဲ့။ညောင်းတယ်ဆိုတာ တရားမထိုင်၊ တရားအားမထုတ်ဘဲနဲ့ ဒီအတိုင်းနေရင်လည်း ညောင်းတာပါပဲ။

ကြာကြာထိုင်နေလည်း သွားလာနေလည်း ညောင်းတာပါပဲ။ သူတို့တရားကို တရားခံရှာတယ်။ တရားထိုင်ရင် ညောင်းတယ်တဲ့။ မထိုင်လည်း ညောင်းတာပဲ။ ထိုင်လည်းညောင်းတာပဲ။ ဒီတော့ တရားထိုင်လို့ ညောင်းတယ်ဆိုပြီးတော့ မထိုင်တဲ့သူတွေသည် သတ္တိမရှိသူတွေပါ။

ဒါနကောင်းမှုကိုပြုရာမှာလည်းသတ္တိရှိရမယ်။သီလစောင့်ရာမှာလည်း သတ္တိရှိရမယ်။ ဘာဝနာတရားတွေ ပွားများရာမှာလည်း သတ္တိတွေ ရှိနေရမယ်။ ကုသိုလ်ကောင်းမှုတွေပြုရာမှာလည်း ရဲရင့်တဲ့သူကိုမှ လူလို့ခေါ်မယ်။ ဒီတော့မှ လူပီသတဲ့လူပါ။ ဟုတ်ပြီလား။ ကုသိုလ်ပြုရဲပါမှ လူပီသတဲ့လူပါ။

လူဆိုတာကတစ်ခါတလေကျရင်ကိုယ့်မသိစိတ်ကကုသိုလ်ကောင်းမှုမှန်း သိတယ်။ ဒါပေမဲ့ မလုပ်ချင်ဘူး။ ဒါ မကောင်းပါဘူး။ ဒီ အလုပ် မလုပ်သင့်ဘူးဆိုတာ သိတယ်။ ဒါပေမဲ့လို့ လုပ်ချင်တယ်။ မကောင်းမှန်းသိသိကြီးနဲ့ ပြုလုပ်ချင်တယ်။ ကောင်းမှန်းသိသိကြီးနဲ့ မလုပ်ချင်ဘူး။

ဒီအခါမျိုးမှာ ကောင်းတာတွေကိုပြုရဲဖို့ သတ္တိလိုတယ်။ မကောင်းတာတွေကို ရှောင်ဖို့လည်း သတ္တိလိုတယ်။ ဒီသတ္တိသည် လူပီသတဲ့လူတွေဆီမှာပဲ ရှိတယ်။ လူပီသတဲ့ လူတွေဆီမှာမှ ဒီသတ္တိမျိုး တွေ့ရတတ်တယ်။

လူမပီသတဲ့လူဆိုတာက ဘယ်လိုလူမျိုးလဲဆိုရင် တချို့တချို့လောကမှာ ရှိနေတဲ့လူတွေသည် လူတော့လူပဲ၊ ဒါပေမဲ့ ဘာနဲ့တူသလဲ တိရစ္ဆာန်နဲ့တူတဲ့လူတွေလည်း ရှိတယ်။ ပြိတ္တာနဲ့တူတဲ့လူတွေရော ငရဲသားနဲ့တူတဲ့ လူတွေရော ရှိပါတယ်။ ကိုယ့်အနားမှာ ကိုယ့်အနီးအနား ပတ်ဝန်းကျင်မှာပဲ ရှိပါတယ်။

တိရစ္ဆာန်ရဲ့သဘာဝသည် စားတာ၊ အိပ်တာ၊ ပျော်တာ။ သူတို့အလုပ် (၃) လုပ်ပဲ ရှိတယ်။ သူတို့ ဘဝပေးအသိသည် စားဖို့၊ အိပ်ဖို့၊ ပျော်ဖို့လောက်ပဲ

www.dhammadownload.com

နားလည်တယ်။ အဲဒီအဆင့်ကနေ မတက်တော့ဘူး။ တိရစ္ဆာန်ရဲ့သဘာဝ၊ တိရစ္ဆာန်ရဲ့ ဘဝပေးအသိပေါ့။ ဒီဘဝ ရောက်သွားလို့ရှိရင်။ ဒီအသိစိတ်ပဲ ရှိတယ်။ စားမယ်၊ အိပ်မယ်၊ ပျော်မယ်လို့ ဒီသုံးမျိုးကိုသာ သိတဲ့သူသည် တိရစ္ဆာန်နဲ့တူတဲ့လူပါ။ လူတော့ လူပဲ။ တိရစ္ဆာန်နဲ့ တူပါတယ်။

လူပီသတဲ့သူဆိုတာက စားဖို့၊ အိပ်ဖို့၊ပျော်ဖို့ထက်ကို ထိုးထွင်းပြီးတော့၊ ထိုးဖောက်ပြီးတော့ သိနေတယ်။ တကယ့်လူဆိုတာ သတ္တိရှိတယ်။ အဲဒီသတ္တိတွေက ဘယ်ကရတာလဲဆိုရင် တရားမမှု၊ တရားဗဟုသုတတွေက ရတယ်။

အခု စာကြည့်တိုက်တွေ ဖွင့်ပြီးတော့ စာတွေပေတွေ လေ့လာတယ် ဆိုတာသည် အသိဉာဏ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ပါ။ မွေးကတည်းကပါလာတဲ့ ဘဝပေးအသိဉာဏ်နဲ့တင် မလုံလောက်ဘူး။ ဒါထက်ကို ပိုချဲ့ထွင်ပြီးတော့ သိဖို့ဆိုရင် စာပေကလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုတယ်။ တရားမမှဆိုတာကလည်း တရားစာပေတွေပါ။ တရားနာတယ်ဆိုတာလည်း တရားစာပေ လေ့လာတာနဲ့ အတူတူပါပဲ။

ဒါတွေကို လေ့လာနေတာ။ သင်ယူနေတာ၊ မှတ်သားနေတာသည် အသိဉာဏ်တွေ တိုးတက်လာဖို့ပါ။ ဘဝတစ်လျှောက်လုံး စားတာရယ်။ အိပ်တာရယ်၊ ပျော်တာရယ်ပဲလုပ်ပြီး ဘဝနိဂုံးချုပ်သွားတဲ့သူ ဘာနဲ့တူသလဲ၊ တိရစ္ဆာန်နဲ့ တူပါတယ်။

တိရစ္ဆာန်နဲ့ တူတဲ့သူရှိသလို တချို့က ပြိတ္တာနဲ့ တူနေကြတယ်။ ပြိတ္တာဆိုတာက စားဝတ်နေရေး ကျပ်တည်းတယ်။ တစ်သက်လုံး မဝရေစာပဲ စားရတယ်။ ထမင်းလေးတစ်လုံးစားရဖို့ ရေတစ်ပေါက်သောက်ရဖို့ အခက်အခဲတွေနဲ့ ရင်းပြီးတော့မှ တစ်သက်တာကာလပတ်လုံး စားဝတ်နေရေးတွေနဲ့၊ ကျပ်တည်း ဆင်းရဲကာနေရတဲ့သတ္တဝါတစ်မျိုးပါ။

လောကမှာ တချို့တချို့သော သူတို့သည် စားရေး၊ သောက်ရေးကိုသာ အားထားနေကြတယ်။ အားပြုနေကြတယ်။ မိုးလင်းကနေ မိုးချုပ် စားဖို့ သောက်ဖို့ စားရေးသောက်ရေး၊ ဝမ်းရေးပဲလုပ်နေကြတယ်။ တစ်နေ့လာလည်း စားဖို့သောက်ဖို့အလုပ်လုပ်။ နောက်တစ်နေ့လည်း ဒီအလုပ်။ နောက်တစ်နေ့လည်း ဒီအလုပ်။ တစ်သက်တာကာလ အချိန်တွေသာ ကုန်သွားပါ

www.dhammadownload.com

တယ်။ ဘာအသိဉာဏ်၊ ဘာဗဟုသုတမျှ မရလိုက်ဘူး။ မရှိလိုက်ကြဘူး။ အဲဒီလူတွေသည် ပြိတ္တာနဲ့တူပါတယ်။ ပြိတ္တာနဲ့တူတဲ့ လူမျိုးလည်း ရှိပါတယ်။

စားဝတ်နေရေးအတွက်ပဲ ရုန်းကန်နေရတဲ့၊ ဝမ်းရေးပဲ ဖြည့်ဆည်းနေရတဲ့သူမှာ ဘာကုသိုလ်ကောင်းမှုမှလည်း မပြုနိုင်၊ အလှူဒါနကိုလည်း မမှေနေတယ်။ သီလကိုလည်း မမှေနေတယ်။ ဘာဝနာတရားဆိုတာတော့ ဝေလာဝေး။ ကုသိုလ်ကောင်းမှုတွေကို ဘာမျှသတိမရနိုင်တဲ့သူသည် ပြိတ္တာနဲ့တူတဲ့လူပါ။

လူထဲမှာငရဲသားနဲ့ တူတဲ့လူရှိသေးတယ်။ ငရဲသားဆိုတာ ဘဝတစ်လျှောက်လုံးမှာ ဒုက္ခနဲ့သာ နေရသူပါ။ အနှိပ်စက်ခံ အညှဉ်းဆဲခံနေရတယ်။ အမြဲတမ်းကို ဒုက္ခဆင်းရဲတွေသာ ရှိနေတယ်။ ချမ်းသာသုခဆိုတာ ဘာတစ်ခုမျှ ရှာမရ။ ဘာတစ်ခုမျှ မတွေ့။ ဘဝတစ်လျှောက်လုံးမှာ ဒုက္ခပြီးရင်း ဒုက္ခ၊ ဒုက္ခပြီးရင်း ဒုက္ခနဲ့နေရတာသည်ငရဲသားဘဝပါ။

ဒီလောကထဲ ရှိနေတဲ့သူတွေထဲမှာ ဒုက္ခပြီးရင်း ဒုက္ခ၊ ဒုက္ခပြီးရင်း ဒုက္ခ နှိပ်စက်ခံရ၊ ညှဉ်းပန်းခံရ၊ ထောင်သွင်းအကျဉ်းချခံနေကြရတယ်။ ထောင်ထဲနေရပြီးတော့ နေရတဲ့သူတွေ အပြင်လောကနဲ့ အဆက်အသွယ်ပြတ်။ အမြဲတမ်း အနှိပ်စက်ခံ၊ မဝရေစာ စားနေရတဲ့သူတွေသည် ငရဲသားနဲ့တူပါတယ်။

လက်ရှိကမ္ဘာ့လူဦးရေ သန်းငါးထောင်၊ သန်းခြောက်ထောင် လူတွေများလိုက်တာ တစ်နေ့တစ်နေ့ ကမ္ဘာ့လူဦးရေတွေ တိုးလိုက်တာ ထိန်းချုပ်နေရတယ်။ ကန့်သတ်နေရတယ်။ အစာရေစာ မလောက်မှာစိုးလို့၊ ရေမလောက်မှာစိုးလို့။ နေစရာ နေရာမရှိမှာစိုးလို့ဆိုပြီးတော့ တစ်ကမ္ဘာလုံးက ဝိုင်းပြီးတော့ ထိန်းချုပ်နေကြတယ်။ ဒီကြားထဲမှာပဲ လူတွေက တိုးနေတယ်။ များနေတယ်။ ဒါပေမဲ့လို့ အဲဒီလူတွေထဲမှာ လူနဲ့တူတဲ့လူ။ လူပီသတဲ့လူသည် အနည်းငယ်သာ ရှိပါတယ်။

ဘုရားရှင်က မနုဿတ္တဘာဝေါ ဒုလ္လဘော။ လူစင်စစ်တစ်ယောက် ဖြစ်ဖို့ ဆိုတာသည် ခဲယဉ်းပါတယ်လို့ ဟောတော်မူပါတယ်။ လူပီသတဲ့လူ တစ်ယောက် ဖြစ်လာဖို့ဆိုတာ အင်မတန်မှ ခက်ခဲပါတယ်။

ကြိုးစားနေရတယ်။ အမြဲတမ်း သတိထားနေရတယ်။ ကုသိုလ်ကောင်းမှုတွေ ပြုတဲ့နေရာမှာ တွန့်ဆုတ်၊ တွန့်ဆုတ်မဖြစ်ဘဲနဲ့ ဒါနလည်း ပြုရဲမှ။ သီလ

www.dhammadownload.com

ကိုလည်း ထိန်းရဲမှ။ ဘာဝနာတရားလည်း ပွားများနိုင်မှ။ လူလို့ခေါ်မယ်။ ဒါက လူ့အရည်အချင်းတစ်ချက်ပါ။

နောက်တစ်ချက်က သတိမန္တော သတိရှိရမယ်။ သတိမန္တော သတိနဲ့ ပြည့်စုံရမယ်။

(သတိရှိရာ သာလွန်ပါ၊ ခေါ်ရလူလို့သာ။)

သတိရှိရာမှာ သာလွန်တာ လူရဲ့အရည်အချင်းပါ။ ကိုယ်၊ နှုတ်၊ စိတ်။ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါး ကောင်း မကောင်းကို အမြဲတမ်း သတိထားတယ်။ လူပီသတဲ့လူသည် သတိရှိတယ်။ သတိက အလိုလိုရှိတာ မဟုတ်ပါဘူး၊ သတိထားမှ သတိရှိတာပါ။

သတိမထားရင် သတိမရှိဘူး။ သတိထားနေရတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကိုယ်နဲ့ပြုတဲ့ ကာယကံ၊ နှုတ်က ပြောတဲ့ ဝစီကံ၊ စိတ်က ကြံတဲ့ မနောကံ၊ ကံ(၃) ပါး သတိထားနေရမယ်။

တစ်နေ့လုံး၊ နေ့တိုင်း ဒီအလုပ်သုံးခုနဲ့ပဲ နေကြတယ်။ ကိုယ်ခန္ဓာနဲ့ ပြုလုပ်တယ်။ နှုတ်ကနေ ပြောတယ်။ စိတ်ကနေ ကြံစည်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါး ကောင်းမွန်အောင် သတိထားနေရမယ်။ တစ်ခုခု လုပ်တဲ့နေရာမှာလည်း သတိနဲ့ပေါ့။ စကားတစ်ခွန်း ပြောမယ်ဆိုရင်လည်း သတိရှိရမယ်။ မကောင်းတာတွေ မတွေးတော မကြံစည်မိအောင် သတိရှိရမယ်။ လူရဲ့အရည်အချင်းက သတိရှိတာပါ။

အခု အကုသိုလ်တွေ၊ မကောင်းမှု ဒုစရိုက်တွေ ဘာကြောင့်ဖြစ်ပွားနေတာလဲ။ သတိမရှိလို့ပါ။ အကြမ်းဖက်မှုတွေ ဖြစ်နေတာ သတ်ဖြတ်မှုတွေ ဖြစ်နေတာ။ ညှဉ်းဆဲလုယက်မှုတွေ ဖြစ်နေတာ။ ခိုးဆိုးတိုက်ခိုက်နေတာသည် သတိမရှိလို့ပါ။ လူရဲ့တာဝန်၊ လူရဲ့ဝတ္တရားက ကိုယ်ကောင်း မကောင်းဆိုတာကို အမြဲတမ်း သတိထားရမယ်။ ကိုယ့်ကိုယ်ကိုယ် ကြည့်နေရမှာပါ။

လူတော်တော်များများက သူများကိုပဲ ကြည့်တယ်။ သူတို့ကောင်းလား၊ မကောင်းလားပေါ့။ ဒီလူတွေ ကောင်းတယ်၊ မကောင်းဘူးပေါ့။ ဘေးပဲ လိုက်ကြည့်နေတယ်။ အမှန်တကယ် ကြည့်ရမှာသည် သူများကို မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရမယ်။

www.dhammadownload.com

မြတ်စွာဘုရားရှင်ရဲ့ဝါဒက ကိုယ့်ကိုယ်ကိုယ် ပြုပြင်တဲ့ဝါဒပါ။ သူများ ပြင်ဖို့ ဦးစားမပေးနဲ့။ သူများကောင်း မကောင်းတွေ လိုက်ကြည့်နေပြီးတော့ သူတို့ ကောင်းတယ်။ သူတို့ မကောင်းဘူး။ သူတို့ကောင်းအောင် ဘယ်လို နေသင့်တယ်လို့ မြင်နေမယ့်အစား ကိုယ့်ကိုယ်ကိုယ် ပြင်ရမယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်။ ငါ့လုပ်ရပ်တွေ ဘယ်လိုနေသလဲ။ ငါ့ အနေအထား ဘယ်လိုရှိသလဲ။ ငါ့ရပ်တည်ချက်တွေ ဘယ်လိုရှိနေသလဲ။ ကောင်း မကောင်းဆိုတာကို အမြဲတမ်း ဆန်းစစ်နေရမယ်။ သတိပြုရမယ်။ သတိထားလိုက်တာနဲ့ ကောင်းတဲ့စိတ်တွေ ဝင်လာတယ်။ အမှတ်တမဲ့ မေ့နေရင် ကုသိုလ်နဲ့အကုသိုလ်မှာ အကုသိုလ် အဝင်များတယ်။ အဖြစ်များတယ်။ ကုသိုလ်ကောင်းမှုဖြစ်အောင်လို့ကို တမင်တကာသတိထားမှ ဖြစ်တယ်။

အကုသိုလ်ပြုဖို့က သင်ထားစရာ မလိုပါဘူး။ ဘယ်သူမျှ တိုက်တွန်း နေစရာမလိုဘူး။ ကုသိုလ်ကောင်းမှုဖြစ်ဖို့ကျတော့ တိုက်တွန်းနေရတယ်။ တောင်အောက်ဆင်းတာနဲ့ တောင်ပေါ်တက်တာနဲ့ တောင်အောက်ဆင်းတာ လွယ်တယ်။ တောင်ပေါ်တက်ရတာ ခက်တယ်။ ဘဝ အဆင့်အတန်းတွေ နိမ့် ဆင်းသွားဖို့က ဘာမျှမခက်ဘူး။ နေချင်သလိုသာနေလိုက်။ သွားပြီ။ သတိ မထားဘဲနဲ့ တော်သလိုသာနေ။ ဘဝနိမ့်ကျဖို့ သေချာတယ်။

ဘဝအဆင့်အတန်းတွေ တိုးတက်မြင့်မားစေဖို့ အမြဲတမ်းကို သတိ ထားနေရမယ်။ အမြဲတမ်း သတိတရားနဲ့ ကိုယ့်ရဲ့လုပ်ရပ်ကို ပြုပြင်ဆင်ခြင်နေ ရမယ်။

ဒီအလုပ်တစ်ခုကို ပြုမယ်၊ ပြောမယ်၊ ကြံစည်မယ်ဆိုရင် အကျိုးရှိ, မရှိ နှိုင်းချိန်ရမယ်။ ချိန်ဆရမယ်။ ကိုယ် လုပ်ချင်တဲ့အလုပ် ကောင်း, မကောင်း၊ သင့်, မသင့်၊ တော်တယ်, မတော်ဘူး သတိထားလိုက်ပါ။ ကိုယ်ပြောချင်တဲ့ စကားကိုဖြင့် ကောင်း,မကောင်း၊ တော်,မတော်၊ သင့်,မသင့် သတိထားပြီးမှ ပြောပါ။ တစ်စုံတစ်ခုကို တွေးတောကြံစည်မယ်။ ဆုံးဖြတ်မယ်ဆိုရင်လည်း သင့်,မသင့်၊ တော်,မတော်၊ ကောင်း,မကောင်းကို သတိလေးနဲ့ နှိုင်းချိန်လိုက်ပါ။ အဲဒီလိုသတိရှိရင် သတိရှိတဲ့သူသည် လူပီသတဲ့လူပါ။

www.dhammadownload.com

သူရာ၊ သတိမန္တော၊ ဗြဟ္မစရိယဝါသော။

သူရာ - ရဲစွမ်းသတ္တိ ရှိရမယ်၊ သတိမန္တော - သတိရှိရမယ်။ ဗြဟ္မစရိယ ဝါသော - မြတ်သောအကျင့်ကို ကျင့်နိုင်ရမယ်။

(မြတ်ကျင့်ဖြာဖြာ ကျင့်နိုင်ပါ၊ ခေါ်ရလူလို့သာ)

မြတ်သောအကျင့်ကို ကျင့်နိုင်ရပါမယ်။ မြတ်တဲ့အကျင့်ကို ကျင့်သုံးနိုင်ပါမှ လူလို့ခေါ်မယ်။ လူပီသတဲ့ လူတစ်ယောက်သည် မြတ်တဲ့အကျင့်ကို မဆုတ်မနစ် ကျင့်နိုင်တယ်။ မြတ်တဲ့အကျင့် ကျင့်နိုင်ရပါတယ်။ မကျင့်နိုင်ရင် လူစာရင်းသွင်းလို့မရပါဘူး။ အမည်ခံလောက်ပဲ၊ တကယ့်လူ မဟုတ်သေးပါဘူး။ လူသားစင်စစ်တစ်ယောက်၊ လူပီသတဲ့လူတစ်ယောက်သည် ကောင်းမွန်မှန်ကန်မြင့်မြတ်တဲ့ အကျင့်မှန်သမျှကို ကျင့် နိုင်ရမယ်။ မြတ်တဲ့အကျင့်ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပါ။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းသည် မြတ်တဲ့အကျင့်ပါ။ အခု သတိပဋ္ဌာန်တရား ပွားများအားထုတ်တာသည် မြတ်တဲ့အကျင့်ပါ။ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ကြံအားထုတ် နလုံးသွင်းနေတာသည်လည်း မြတ်တဲ့ အကျင့်ပါ။ ဗောဓိပက္ခိယတရားတွေကိုပွားများနေတာသည် မြတ်တဲ့အကျင့်ပါ။

ဒီအကျင့်တွေ ကျင့်နိုင်မှ လူလို့ ခေါ်ရပါမယ်။ ကျင့်တော့မှ လူ့အရည်အချင်းတွေပြည့်လာမယ်။ မွေးကတည်းကနေပြီးတော့ ဘယ်သူမျှလူကောင်း၊ လူတော် ဖြစ်မလာဘူး။ မွေးလာကတည်းက ကောင်းလာတယ်၊ တော်လာတယ်ဆိုတာ မဟုတ်ဘူး။ လူရဲ့ မကောင်းတဲ့ အကျင့်စရိုက်တွေကို တဖြည်းဖြည်း ပြုပြင်ပေးရတယ်။ ပြောင်းလဲပေးရတယ်။ ကိုယ်က ဒီမကောင်းတဲ့ အကျင့်စရိုက်တွေကို ပြင်ရတယ်။ တဖြည်းဖြည်းချင်း၊ တဖြည်းဖြည်းချင်း ပြင်သွားရင် နောက်ဆုံး ကောင်းတဲ့လူတစ်ယောက် ဖြစ်လာပါတယ်။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတွေကို တစ်စတစ်စနဲ့ ကျင့်ကြံပွားများ၊ အားထုတ်နေရမယ်။ အခုချက်ချင်းတော့ဖြင့် မလုပ်နိုင်သေးဘူး။ တစ်နာရီ နှစ်နာရီ မကျင့်နိုင်သေးဘူး။ တစ်ရက်၊ နှစ်ရက် မကျင့်နိုင်သေးဘူး။ နိုင်သလောက်လေးကနေ တဖြည်းဖြည်းစပါ။ နိုင်တဲ့အတိုင်းအတာ၊ နိုင်တဲ့ဝန်

www.dhammadownload.com

စထမ်း၊ တဖြည်းဖြည်းချင်း ကောင်းအောင်ပြင်သွားမယ်ဆိုရင် မြတ်တဲ့အကျင့်ကို ကျင့်သွားမယ်ဆိုရင် လူပီသတဲ့လူ ဖြစ်လာပါလိမ့်မယ်။ လူ့အရည်အချင်း (၃) ချက်ပဲ ဘုန်းကြီး ပြောချင်ပါတယ်။

(၁) အချက် ကုသိုလ်ကောင်းမှုပြုရာမှာ ရဲစွမ်းသတ္တိရှိရမယ်။

(၂) အချက်က သတိရှိရမယ်။

(၃) အချက်က မြတ်တဲ့အကျင့်ကို ကျင့်နိုင်ရမယ်။

မကျင့်နိုင်ဘူးလို့ အကြောင်းအမျိုးမျိုးပြပြီး မရှောင်နေပါနဲ့။ အသက်ငယ်သေးလို့၊ စားဝတ်နေရေးတွေ ကျပ်တည်းနေလို့။ မအားသေးလို့။ ဆင်ခြေတွေ ပေးနေမယ်ဆိုရင် မြတ်တဲ့ အကျင့်တွေကို မကျင့်နိုင်သူပါ။

မြတ်ကျင့် မကျင့်နိုင်သူတစ်ယောက်တော့ အဖြစ်မခံနဲ့နော်။ တတ်နိုင်သမျှ ငါ ကျင့်မယ်လို့ နှလုံးသွင်းမှ ဟောဒီလူ့ဘဝရတာ အကျိုးရှိတယ်။ တန်ဖိုး ရှိတယ်။ လူတစ်ယောက် ဖြစ်လာဖို့ လူ့ဘဝရဖို့ဆိုတာ မလွယ်ပါဘူး။ လူတစ်ယောက် ဖြစ်လာတယ်။ လူ့ဘဝကို ရတယ်ဆိုတာ ကံကောင်းလို့လို့ သတ်မှတ်လို့ရတယ်။ ကံကောင်းတဲ့အတွက်ကြောင့် အဲဒီကံကောင်းတွေ ထောက်ပံ့ပေးလိုက်လို့ ဒီလူ့ဘဝကို ရလာကြတယ်။ လူ့ဘဝ၊ လူ့ခန္ဓာကို ပိုင်ဆိုင်တယ်။ ရလာတဲ့လူ့ဘဝ၊ လူ့ခန္ဓာကို အကျိုးရှိတဲ့နေရာမှာ သုံးရမယ်။

(ကံကောင်းထောက်မ၊ ရလာကြ၊ ဘဝလူ့ခန္ဓာ၊
အကျိုးရှိရာ၊ သုံးမှသာ၊ လူဖြစ်ဒုလ္လဘာ)

လူအဖြစ်သည် ဒုလ္လဘာ။ လူ့ဘဝရဖို့သည် ခဲယဉ်းတယ်။ လူ့ဘဝကို ရတယ်။ လူတစ်ယောက် ဖြစ်နေတယ်ဆိုတာသည် ကံကောင်းလို့ ဖြစ်တာပါ။

ဒီကမ္ဘာမှာ ဒီစကြဝဠာထဲမှာ သက်ရှိသတ္တဝါတွေ အများကြီးပဲ၊ အမျိုးအစားအနေနဲ့ အများကြီးပဲနော်။ အရေအတွက်အနေနဲ့လည်း အမြောက်အများပဲ။ ကုန်းပေါ်မှာလည်း ရှိတယ်။ ရေထဲမှာလည်း ရှိတယ်။ လေထဲမှာလည်း ရှိတယ်။ ခြေလေးချောင်း၊ ခြေရှစ်ချောင်း၊ တောင်ပံပါတာ၊ တောင်ပံမပါတာ။ မြင်ရတာ၊ မမြင်ရတာ မြောက်များစွာသော သက်ရှိသတ္တဝါတွေရှိတဲ့ အထဲမှာ လူ့ဘဝကို ရောက်နေတယ်။ လူတစ်ယောက် ဖြစ်နေတယ်ဆိုတာ

www.dhammadownload.com

သည် အင်မတန်ကံကောင်းလို့။ ပိုးမွှားတိရစ္ဆာန် ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါလို ဘဝမျိုးလည်း ရောက်နိုင်ပါတယ်။

ဒီလိုဘဝမျိုးလည်း ဖြစ်ချင်ဖြစ်သွားတတ်တယ်။ လက်ရှိအချိန်အခါ ဒီဘဝမှာ ငါတို့သည် ကံကောင်းနေကြတယ်။ ကံကောင်းလို့ လူ့ဘဝကို ရနေကြတဲ့ အချိန်မှာ ရလာတဲ့ဘဝနဲ့ ခန္ဓာကို အကျိုးရှိရာမှာ သုံးရမယ်။ ရခဲတဲ့လူ့ဘဝ ပိုင်ဆိုင်လာတဲ့ လူ့ခန္ဓာ ဒီဘဝနဲ့ ခန္ဓာကို မဖြုန်းလိုက်နဲ့။ ကောင်းတဲ့နေရာတွေမှာ အသုံးမချဘဲနဲ့ အပျော်အပါးအတွက်၊ စားဝတ်နေရေးအတွက်၊ စိတ်ချမ်းသာမှုအတွက်ဆိုပြီးတော့ ဒီလောက်လေးနဲ့တင် ဒီဘဝကုန်သွားတယ်။ ဒီခန္ဓာချုပ်ဆုံးသွားတယ်ဆိုရင် ဖြုန်းလိုက်တာပါ။

အကျိုးရှိဖို့ အသုံးချပါ။ ဒီဘဝနေပြီးတော့ တစ်ဆင့်မြင့်တဲ့ အသိဉာဏ်တွေ ဘယ်လိုများရနိုင်မလဲ။ ဘဝအဆင့်အတန်းတွေ တိုးမြင့်လာစေဖို့ ဘယ်လိုများနေရမယ်။ ဘယ်လိုပြုရမယ်။ ဘဝအဆင့်အတန်း တိုးတက်ရေးကို ရွေးချယ်ပါ။ အသိဉာဏ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် ရှာဖွေလုပ်ကိုင်ပါ။ အားထုတ်ပါ။ အဲဒီတော့မှ လူဖြစ်ရကျိုးနပ်တယ်။ လူဖြစ်ရတာ တန်ပါတယ်။ မဟုတ်ရင်ကတော့ဖြင့် လူဖြစ်လာတာ မတန်ဘူး။ ရလာတဲ့ကံတွေကို အကျိုးရှိရာမသုံးရင်၊ ဖြုန်းလိုက်တယ်ဆိုရင် ရှုံးပါတယ်။

ဘဝရှုံးတယ်။ ဘဝရှုံးတယ်ဆိုတာ ဒါမျိုးပြောတာပါ။ ရတဲ့ဘဝကို အရှုံးမခံပါနဲ့။ မြင့်မြတ်တဲ့လူတစ်ယောက်၊ တန်ဖိုးရှိတဲ့လူတစ်ယောက်၊ လူပီသတဲ့လူတစ်ယောက် ဖြစ်လာအောင် ကြိုးစား၊ ကျင့်ကြံအားထုတ်ပါ။ ကြိုးစားစရာ၊ ကျင့်ကြံစရာ၊ အားထုတ်စရာကလည်း လူ့အရည်အချင်း ပြည့်မီရေး သုံးချက်လေးပဲ ပြောခဲ့တယ်။ ဒီအရည်အချင်း (၃) ချက်နဲ့ ပြည့်စုံတဲ့လူသည် စိတ်နေစိတ်ထားတွေ စိတ်ဓာတ်အဆင့်အတန်းတွေ သိပ်မြင့်တယ်။ စိတ်နေစိတ်ထား အဆင့်အတန်းမြင့်ပြီး အထက်တန်းကျပြီဆိုရင် ဒီလူရဲ့ဘဝသည်လည်း နိမ့်ကျစရာ နိမ့်ဆင်းစရာ မရှိတော့ပါဘူး။

အေး ... ဘဝအဆင့်အတန်းလည်း တိုးတက်လာပြီ။ အသိဉာဏ်တွေလည်းပဲ တစ်စထက်တစ်စကို ရင့်သန်လာပြီ။ ပြည့်စုံလာပြီ။ နောက်စိတ်အခြေအနေပေါ် မူတည်ပြီးတော့ မကောင်းတဲ့စိတ်ဆိုး၊ စိတ်မိုက်၊ စိတ်ရိုင်း

www.dhammadownload.com

တွေကို ဖယ်ရှားမယ်။ လောဘ၊ ဒေါသ၊ စိတ်အညစ်အကြေး၊ ကိလေသာတွေကို တဖြည်းဖြည်းချင်း ဖယ်ရှင်းသွားရင် သန့်ရှင်းတဲ့စိတ်၊ ကြည်လင်တဲ့စိတ်လေး ပေါ်လာပါတယ်။

လူတစ်ယောက်ကို အောက်တန်းကျအောင် လုပ်နေတာသည် လောဘ၊ ဒေါသ၊ မောဟပါ။ လောဘကြောင့်လည်း မပြုသင့်တာပြု၊ မလုပ်သင့်တာလုပ်၊ မကြံသင့်တာ ကြံတယ်။ ဒေါသကြောင့်လည်း စိတ်နေစိတ်ထားတွေ အဆင့်အတန်း နိမ့်သွားတယ်။ ကြမ်းတမ်းရိုင်းစိုင်းတယ်။ ရိုင်းပျတယ်။ မောဟကြောင့်လည်း ကောင်းမကောင်း၊ မှန် မမှန် မဝေဖန်နိုင်ဘူး။ ထင်ရာမြင်ရာကို ထင်သလိုလုပ်တယ်ပေါ့။ ဒါတွေအားလုံးကို ဖယ်ရှင်းကာ စိတ်နေစိတ်ထား အဆင့်အတန်းမြင့်အောင် အားထုတ်နိုင်ပါမှ ပြုလုပ်နိုင်ပါမှ ကြိုးစားကျင့်နိုင်ပါမှ လူပီသတဲ့လူပါ။

တိရစ္ဆာန်နဲ့ တူတဲ့သူလည်း မဖြစ်စေနဲ့။ ပြိတ္တာနဲ့ တူတဲ့သူလည်း မဖြစ်စေနဲ့။ငရဲသားနဲ့ တူတဲ့သူလည်း မဖြစ်စေနဲ့။ ဘယ်လိုလူမျိုး ဖြစ်ရမလဲ။ လူပီသတဲ့လူ ဖြစ်ရပါမယ်။

လူပီသတဲ့ လူတစ်ယောက်ဖြစ်အောင် တို့ဒီနေ့ကစပြီးတော့ သတိထားဆင်ခြင်နေမယ်။ ကောင်းတဲ့အလုပ်တွေကို အားထုတ်မယ်။ မကောင်းတဲ့အလုပ်တွေကို စိတ်ဆိုးစိတ်ရိုင်းတွေကို ဖယ်ရှင်းမယ်လို့ နလုံးသွင်းကာ ကျင့်ကြံပွားများအားထုတ်ပါ။

www.dhammadownload.com

ဘဝနဲ့ရင်းရတဲ့ဒါန

မိမိရဲ့ဘဝတစ်ခုလုံးကို ရင်းပြီးတော့ ပြုလိုက်တဲ့ဒါနဟာ ဘယ်လောက်တောင်မှ အကျိုးကြီးတယ်ဆိုတဲ့အကြောင်း သက်သေသာဓကတစ်ခု ထုတ်နုတ်ကြည့်ကြရအောင်။

ယနေ့ ယခုကုသိုလ်ရှင်၊ ကောင်းမှုရှင်တွေပြုကြတဲ့ ကုသိုလ်ကောင်းမှုအစုစုကို အကြမ်းဖျင်းအားဖြင့် ကြည့်လိုက်မယ်ဆိုရင် ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘဝနာကောင်းမှုလို့ သုံးမျိုးသုံးစား တွေ့ရမယ်။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှု (၃) မျိုးမှာ ခုနစ်ရက်တိုင်တိုင် လှူဒါန်းခဲ့တဲ့ အလှူဒါနလည်းပါတယ်။ ယောဂီများ ကျင့်သုံးဆောက်တည်ထားတဲ့ သီလလည်း ပါတယ်။ အားထုတ်ထားတဲ့ ဘာဝနာတရားလည်း ပါတယ်။ ဝေယျာဝစ္စ ကုသိုလ်ရှင်တွေ လိုလေသေးမရှိ ဆောင်ရွက်ထားတဲ့ ဝေယျာဝစ္စကုသိုလ်လည်း ပါပါတယ်။

ဒါပေမဲ့လို့ ဒီအထဲမှာ ဒါနကို ဒီနေ့အဓိက ထားပြောမယ်ဆိုရင် ဒါနကောင်းမှုတစ်ခုဖြစ်လာဖို့ အခက်အခဲ၊ အကျပ်အတည်း (၄) မျိုးရှိတယ်လို့ တွေ့ရပါလိမ့်မယ်။ ဒါနကောင်းမှုတစ်ခု ဖြစ်ဖို့ဆိုတဲ့နေရာမှာ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ၊ ကိုယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းမယ်ဆိုတဲ့ စိတ်ကူး၊ စိတ်အကြံအစည် ဖြစ်ဖို့တောင်မှ လွယ်သလားဆိုရင် မလွယ်ပါဘူး။ ဒါကလည်း ဒါနပြုဖို့ အခက်အခဲတစ်ခုပါပဲ။ အင်မတန်နှစ်သက်တဲ့ ဒီပစ္စည်း ဒီဥစ္စာ

www.dhammadownload.com

တွေ တစ်ဦးတစ်ယောက်ကို ပေးလှူမယ်၊ စွန့်လှူမယ်။ ဒီဥစ္စာပစ္စည်းတွေကို လှူဒါန်းမယ်ဆိုတဲ့ အကြံအစည်၊ လှူမယ် တန်းမယ်လို့ ကြံစည်စိတ်ကူးတဲ့ စိတ်မျိုးဆိုတာ ပေါ်ပေါက်ဖို့ ခက်တယ်။ ပေါ်ဖို့မလွယ်ပါဘူး။

ကိုယ်လိုချင်လို့ ရှာထားတာ၊ ရချင်လို့ ရှာထားတာ။ ကိုယ် သုံးစွဲချင်လို့ ရှာထားတဲ့ ပစ္စည်းဥစ္စာတွေ တစ်ဦးတစ်ယောက်ကို ပေးလှူဖို့ ကြံစည်စိတ်ကူးနိုင်တယ်ဆိုတာသည် သဒ္ဓါတရားကြောင့်ပါ။ သဒ္ဓါက တိုက်တွန်းပေးတယ်။ အရာရာမှာ သဒ္ဓါမပါလို့ မဖြစ်ဘူး။ ဒါနပြုတဲ့နေရာမှာလည်း သဒ္ဓါတရား အရေးကြီးတာပဲ။ သီလဆောက်တည်တဲ့ နေရာမှာလည်း သဒ္ဓါတရား လိုတာပဲ။ တရားဘာဝနာ ပွားများအားထုတ်ရာမှာလည်း သဒ္ဓါတရား လိုအပ်တယ်။

အခုလို ဒါနပြုဖြစ်ကြတော့ ဒါနတစ်ခု ဖြစ်လာတဲ့နေရာမှာ အဆင့်ဆင့် ပြန်ကြည့်လိုက်ရင် ပထမဦးဆုံး လှူမယ်ဆိုတဲ့ စိတ်ကူးက စပါတယ်။ လှူမယ်ဆိုတဲ့စိတ်ကူး၊ လှူမယ်လို့ တွေးထားတဲ့အကြံအစည်၊ ဒီအကြံအစည် စိတ်ကူးတောင်ပေါ်ဖို့ မလွယ်ပါဘူး။

(မိမိဥစ္စာ၊ နှစ်သက်စွာကို၊ စိတ်မှာရှင်ကြည်၊ ပေးလှူမည်၊ ကြံစည်နိုင်ခဲသည်)

ဒါနတစ်ခု ပြုဖြစ်လာတယ်ဆိုတာ စိတ်ကူးက စတင်ခဲ့တာပါ။ ဒီစိတ်ကူးကို အကောင်အထည်ဖော် အောင်မြင်နေပြီ။ (၇) ရက်တိုင်တိုင် တရားစခန်းဝင်ရောက်ကျင့်ကြံအားထုတ်တဲ့ ယောဂီသူတော်စင်တွေ ချမ်းချမ်းသာသာနဲ့ တရားဓမ္မတွေ ကျင့်ရပါစေဆိုပြီးတော့ ဆွမ်းအလှူ လှူဒါန်းတယ်။ ဒီကျောင်းတိုက်တွင်း၊ ဒီရိပ်သာတွင်းမှာ တည်ဆောက်မယ့် သိမ်တော်ကြီးအလှူလှူဒါန်းကြတယ်၊ လမ်းအလှူ၊ ရေအလှူ၊ မီးအလှူ၊ လိုအပ်ရာ လိုအပ်ရာ အလှူဒါနတွေ လှူဒါန်းကြတဲ့နေရာမှာ ခက်ခဲတဲ့ အခက်အခဲတစ်ခုကို၊ ကျပ်တည်းတဲ့ အခက်အခဲတစ်ခုကို အောင်မြင်လို့ ဖြစ်လာတာပါ။

နောက်တစ်ချက် တစ်ဆင့်တက်ရင် ကြံစည်ပြီးလျက် တစ်ဆင့်တက်၍ နှုတ်က လှူမယ်လို့ပြောဖို့ဆိုတာလည်း တကယ်ခက်ခဲပါတယ်။

(ကြံစည်ပြီးလျက် တစ်ဆင့်တက်၍ နှုတ်ကလှူမယ် ပြောဖို့ကွယ် တကယ်ခက်ခဲသည်)

www.dhammadownload.com

စိတ်ကူးကနေ ကြံစည်နိုင်ပါတယ်။ လှုပ်မယ်၊ လှုပ်မယ်လို့ စိတ်ကူးတယ်။ သို့သော်လည်း ဒီစိတ်ကူးကို အကောင်အထည်ဖော်တဲ့အနေနဲ့ နှုတ်ကနေ ကျွန်တော်တို့ လှုပ်မယ်၊ ကျွန်မတို့ လှုပ်မယ်လို့ ပြောဖို့ဆိုတာ ခက်ပါတယ်။ တစ်ခါတလေ စိတ်ကူးထဲကတော့ ရှိတယ်။ နှုတ်က ထုတ်ပြောဖို့ မလွယ်ဘူး။ စိတ်ကူးထဲမှာပဲ ပျောက်သွားတဲ့ အလှူဒါနတွေလည်း အများကြီး ရှိပါတယ်။

စိတ်ကူးတာပဲ။ ငါဘယ်လောက် ချမ်းသာရင်တော့ ဘယ်လောက်လှူလိုက်မယ်။ ဘာတွေရရင်တော့ ဘာလှူလိုက်မယ်။ ဘယ်နေရာ ဘယ်ဒေသမှာတော့ဖြင့် ဘာလှူချင်တယ်လို့ စိတ်ထဲကတော့ စေတနာ သဒ္ဓါတရားတွေ ရှိပါတယ်။ ဒါနတွေ ဖြစ်ချင်နေတယ်။ ဒါပေမဲ့လို့ လက်တွေ့တကယ်ထုတ်ပြောဖို့ဆိုတာလည်း ခက်နေတယ်။ မပြောနိုင်ဘူး။ လှူတယ်ဆိုတာသည် ပြောရုံလေးနဲ့လည်း မဖြစ်ဘူး။ လှူစရာဆိုတာလည်း ရှိရမယ်။ အလှူခံပုဂ္ဂိုလ်လည်း ရှိရမယ်။ ဒီအချက်တွေလည်း လိုအပ်သေးတော့ ကိုယ့်မှာ လှူစရာမရှိဘဲနဲ့ ကျွန်တော် ကျွန်မတို့ လှုပ်မယ်လို့ ပြောဖို့ဆိုတာသည် မလွယ်ဘူး။

ဒါကြောင့်မို့လို့ ဒီနေရာမှာလည်း ဒါနတွေဖြစ်ဖို့ ခက်တယ်။ အခက်အခဲတစ်ခုပဲ။ ပြောနိုင်ပြန်ရင်လည်း လက်ကကိုင်ပြီး ကိုယ်တိုင်သေသေချာချာ လှူဖို့ရာ တကယ်ခက်ပါသေးတယ်။ ပြောတော့ပြောတာပဲ။ ကတိတွေတော့ ပေးပစ်လိုက်တာပဲ။ ဒါပေမဲ့လို့ ကိုယ်တိုင် သေသေချာချာ ထိထိရောက်ရောက် ဖြစ်မြောက်အောင် လှူဒါန်းဖို့ဆိုတာ ခက်ပါတယ်။ ဆိုကြည့်...

(ပြောတော့ပြောနိုင် လက်ကကိုင်၍ ကိုယ်တိုင်သေချာ လှူဖို့ရာ တကယ် ခက်ခဲသည်။)

ပြောတော့ ပြောဖြစ်ပါတယ်။ ဒါပေမဲ့လို့ အထမြောက်အောင်၊ အောင်မြင်အောင် လှူဒါန်းနိုင်ဖို့ဆိုတာ ခက်တယ်။ ပြောပြီးတော့ ပျက်သွားတဲ့ ဒါနတွေ ရှိပါတယ်။

ဒါတွေလည်း အများကြီးပါ။ အဲဒီတော့ အောင်မြင်ပြည့်စုံတဲ့ ဒါနတစ်ခု ဖြစ်လာဖို့ အဆင့်ဆင့်ဖြတ်သန်းပြီးတော့မှ ဖြစ်လာရတယ်။ စိတ်ကလည်း စိတ်ကူးရတယ်။ နှုတ်ကလည်း ပြောရတယ်။ လက်ကလည်း ထိထိရောက်

www.dhammadownload.com

ရောက် ကိုယ်ထိလက်ရောက် ဆက်ကပ်လှူဒါန်းရတယ်။ အဲဒီလို ဖြစ်လာတဲ့ ဒါနကောင်းမှုသည် အလွန်တရာမှ အကျိုးကြီးပါတယ်။

သာမန်အားဖြင့် ကြည့်လိုက်ရင်တော့ လှူတယ်ဆိုတာ လွယ်လွယ်လေး ဘာခက်တာမှတ်လို့၊ ကိုယ့်ရှိတဲ့ပစ္စည်း သူများပေး။ ဒါနဖြစ်တာပဲ။ လှူတယ်ဆိုတာ အလွယ်လေးပါလို့ ပြောပင်ပြောသော်လည်း ဘုန်းကြီးတို့ ပရိသတ် လွယ်ရဲ့လား၊ အခု အခက်အခဲ ဘယ်နှစ်ခုရှိနေလဲ။ သုံးခုရှိနေတယ်။ စိတ်က ကြံဖို့ခက်တယ်၊ နှုတ်က ထုတ်ပြောဖို့ခက်တယ်၊ ကိုယ်ထိလက်ရောက် လှူဒါန်းဖို့ဆိုတာ ခက်ပါတယ်။ အဲဒီအခက်အခဲကြားကနေ အောင်မြင်လာတဲ့ ဒါနကျတော့ သိပ်ကို အကျိုးကြီးသွားပြီ။

သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံမှာ ဗုဒ္ဓသာသနာ သိပ်ထွန်းကားတဲ့ အချိန်အခါ၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးလို့ နှစ်ပေါင်း (၈၀၀)၊ (၉၀၀) လောက်မှာပါ။ ဒီအချိန်ကာလမှာ သီဟိုဠ်နိုင်ငံမှာ သာသနာသိပ်ထွန်းကားပါတယ်။ သံဃာတော် အရှင်မြတ်တွေကလည်း တရားဓမ္မ ကျင့်ကြံအားထုတ်ကြတယ်။ ဒကာ၊ ဒကာမတွေဘက်ကလည်း ပြည့်စုံအောင် လှူကြတန်းကြတယ်။

သီဟိုဠ်ကျွန်းက "နာဂဒီပ" ဆိုတဲ့အရပ်ဒေသမှာနေတဲ့အမျိုးသမီးလေးတစ်ယောက်၊ သူနာမည်ကို ဒီကျွန်းနာမည်နဲ့ လိုက်အောင် "မနာဂါ" လို့သာမှတ်ထားလိုက်ပါ။ နာဂဒီပကျွန်းက မယ်နာဂါလေး အသက်အရွယ်က မကြီးသေးပါဘူး၊ ငယ်ငယ်ရွယ်ရွယ်။ ဒါပေမဲ့လို့ သူမှာ မိဘလည်း မရှိဘူး၊ ညီအစ်ကိုမောင်နမလည်း မရှိဘူး၊ အားကိုးအားထားပြုစရာ ဆွေမျိုးသားချင်းလည်း သူ့မှာ မရှိပါဘူး။ အားကိုးရမယ့်သူ၊ အားထားရမယ့်သူ၊ ကူညီမယ့်သူ၊ ထောက်ပံ့မယ့်သူ ဘယ်သူမျှမရှိတော့ မယ်နာဂါလေးသည် ငယ်စဉ်ကတည်းက ဒုက္ခတွေ တွေ့နေတယ်။

သူ့ဘဝ အလွန်တရာ ကျပ်တည်းတယ်။ စားရမဲ့၊ သောက်ရမဲ့၊ နေရမဲ့ဘဝ၊ ခိုကိုးရာမဲ့တဲ့ဘဝဆိုတော့ သူ့ဘဝအသက်ရှင်ရေးအတွက် ဘဝရပ်တည်နိုင်ဖို့အတွက် သူများထံကနေပြီးတော့ အကြွေးနဲ့ ချေးငှားစားသောက်ရတယ်။ အဲဒီခေတ်တုန်းက ငွေကြေးပေါ့၊ အကြွေး (၆၀) တင်သွားတယ်။ အကြွေးမဆပ်

www.dhammadownload.com

နိုင်ဘူး။ တတိတိနဲ့ ယူထားလိုက်တဲ့အကြွေးကို ပြန်လည်း မဆပ်နိုင်ဘူးဆိုတဲ့ အချိန်မှာ မယ်နာဂါလေးဟာ ကြွေးရှင်ရဲ့အိမ်မှာ ကျွန်ခံနေရတယ်။ သူ့လုပ်အားနဲ့ ပြန်ပြီးတော့ အကြွေးဆပ်ရပါတယ်။ မနက်မိုးလင်းကနေ မိုးချုပ်အိမ်ရှင် ခိုင်းတဲ့အလုပ်တွေ အကုန်လုပ်ရတယ်။ ထမင်းချက်ရတယ်၊ ထင်းခွဲရတယ်၊ ရေခပ်ရတယ်၊ တောက်တိုမည်ရအလုပ်မျိုးစုံ လုပ်ရတယ်။ တစ်ချက်လေး နားဖို့ အချိန်မရှိဘူး။ ပင်ပန်းတာလည်း မပြောနဲ့။ အသက်အရွယ်နဲ့ မမျှအောင် ဆင်းရဲဒုက္ခရောက်နေတဲ့ မယ်နာဂါလေးပါ။

အဲဒီရွာကို ဘုန်းကြီးတို့ ပရိသတ် တစ်နေ့ကျတော့ သံဃာတော်အပါး (၆၀) မထင်မှတ်ဘဲ ကြွလာပါတယ်။ သံဃာတော် အရှင်မြတ်တွေက နာဂဒီပကျွန်းမှာ ထင်ရှားတဲ့ တန်ခိုးကြီးတဲ့ "ရာဇာရတန စေတီတော်"ကို ဖူးမြော်ရအောင် ဘုရားဖူးထွက်လာတဲ့ သံဃာတွေ ရွာရောက်လာတဲ့အချိန်က ဆွမ်းဘုဉ်းပေးရမယ့်အချိန် ရောက်နေပြီ။ (၉) နာရီ၊ (၁၀) နာရီလောက်ရှိပြီ။ သံဃာတော် အရှင်မြတ်တွေက ဆွမ်းခံကြွမယ်လို့ သင်္ကန်းကိုရုံ၊ သပိတ်ကို လွယ်၊ ရွာထဲဆွမ်းခံကြွတယ်။

သံဃာတော်တွေ စီတန်းပြီးတော့ ဆွမ်းခံကြွပေမဲ့လို့ ရွာထဲကလူတွေ တချို့က အလုပ်သွားနေကြ၊ တချို့က ယာခင်းထဲရောက်နေကြ၊ အဆင်သင့်ကလည်း ဘာမျှမရှိကြတော့ ဒီသံဃာတော် အရှင်မြတ်တွေကို တစ်ဦးတစ်ယောက်မျှ ဆွမ်းမလောင်းဖြစ်ဘူး၊ ဘယ်သူမျှ ဆွမ်းမလောင်းဘူး၊ ရွာရဲ့ဒီဘက်ထိပ်ကနေ ဟိုဘက်ထိပ် သံဃာတွေ စီတန်းပြီးတော့ သပိတ်လွယ်ကာ ဆွမ်းခံကြွပေမဲ့လို့ ဆွမ်းမရပါဘူး။

ဒါကို ဘယ်သူမြင်လဲဆိုတော့ မယ်နာဂါလေး မြင်လိုက်တယ်။ ရေခပ်သွားရင်းနဲ့ ဆွမ်းခံကြွလာတဲ့ သံဃာတော် အရှင်သူမြတ်တွေကို မြင်လိုက်တော့ ကြည်ညိုတယ်။ ဒီအရှင်မြတ်တွေက ပရိယတ္တိ ပဋိပတ္တိ အားထုတ်နေကြတဲ့ အရှင်သူမြတ်တွေ၊ တရားဓမ္မတွေ ကျင့်ကြံအားထုတ်ကြတဲ့ အရှင်မြတ်တွေပါ။ ဝိနည်းသိက္ခာပုဒ်တွေလည်းလေးစားထိန်းသိမ်းကြတော့၊ သွားပုံလာပုံ နေပုံထိုင်ပုံကလည်း ကြည်ညိုစဖွယ် သပ္ပာယ်တယ်။ မယ်နာဂါလေးကလည်း မြင်လိုက်တဲ့အခါမှာ ဒီသံဃာတော် အရှင်မြတ်တွေကို အလွန်တရာမှ ကြည်

www.dhammadownload.com

ညိုတယ်၊ လောင်းချင်တယ်၊ လှူချင်တယ်၊ ဆွမ်းခံဝင်တဲ့ အချိန်ဆိုတော့ အရှင်မြတ်တွေမှာ ဆွမ်းလိုအပ်မှာပဲ။ ဆွမ်းဘုဉ်းပေးရမယ့် အချိန်ကလည်း နီးကပ်နေပြီ၊ မွန်းတည့်သွားပြီ၊ (၁၂) နာရီထိုးသွားပြီဆိုရင် သံဃာတော်အရှင်မြတ်တွေ (၁၂) နာရီနောက်ပိုင်း ဆွမ်းဘုဉ်းပေးလို့ မရတော့ဘူး။

ဥပုသ်စောင့်တဲ့သူတွေ (၈) ပါးသီလစောင့်တဲ့သူတွေတောင်မွန်းလွဲရင် စားသောက်လို့ မရတော့ဘူး၊ ဘယ်အချိန်ကျတော့မှ ဒီအစာအာဟာရ ပြန်ပြီး သုံးဆောင်ခွင့် စားသောက်ခွင့်ရှိလဲဆိုရင် နောက်တစ်နေ့ နံနက်အရုဏ်တက်ပြီးမှ စားသောက်ခွင့်ရှိတယ်။ ဝိနည်းသိက္ခာပုဒ်အရဝိကာလဘောဇနာသိက္ခာပုဒ်ကိုကြည့်ရင် ဒီမွန်းတည့်ချိန်ကနေ နောက်တစ်နေ့ နံနက် အရုဏ်မတက်မခြင်း အဲဒီအချိန်တွင်းမှာ အစာအာဟာရ စားခွင့်မရှိပါဘူး။

စားလို့မရဘူး၊ စားရင် သိက္ခာပုဒ် ကျိုးပျက်တယ်။ သံဃာတော် အရှင်မြတ်တွေမှာ ဒီနေ့ခင်း နေ့ဆွမ်းသာ ဘုဉ်းမပေးရဘူးဆိုရင် နောက်တစ်နေ့ နံနက် အရုဏ်တက်မှ ဆွမ်းဘုဉ်းရမယ်။ အရုဏ်တက်ချိန်က ဘုန်းကြီးတို့ အနည်းဆုံး မနက် (၄) နာရီခွဲ (၅) နာရီပေါ့၊ ဒီအချိန်မှ စားလို့ရတယ်။ တချို့ ဥပုသ်စောင့်တဲ့ သူတွေက နားမလည်တော့ ည (၁၂) နာရီ ကျော်ရင် နောက်တစ်နေ့ ကူးပြီဆိုပြီးတော့ တရေးနိုး ထစားတဲ့ သူကလည်း ရှိတယ်။ မနက် (၄) နာရီဆို အရုဏ်တက်ပြီ၊ စားလို့ရပြီဆိုပြီးတော့ စားကြတာလည်းရှိတယ်။ ဒါက မသိနားမလည်လို့ သိက္ခာပုဒ်တွေ ကျိုးပျက်သွားတာပါ။ ဘယ်အချိန်မှ စားလို့ရလဲဆိုရင် အရုဏ်တက်မှ၊ အရုဏ်တက်ချိန်ဆိုတာ အနည်းဆုံး (၅) နာရီလောက်မှ တက်တာပါ။ မိုးကောင်းကင် ကြည့်လိုက်လို့ ရောင်နီသန်းလာပြီဆိုရင် ဒါ အရုဏ်တက်တယ်ပေါ့။ နာရီနဲ့ မှတ်မယ်ဆိုရင် (၄) နာရီခွဲ အစောဆုံးပဲ။ ဒါထက် မစောပါဘူး။

သံဃာတော်အရှင်မြတ်တွေမှာဒီတစ်နေ့တာနေ့ဆွမ်းသာမဘုဉ်းရရင် နောက်တစ်နေ့ နံနက်အရုဏ်တက်ချိန်မှ ဆွမ်းဘုဉ်းပေးရမယ်ဆိုရင် သိပ်ကို ဆာလောင်နေကြမယ်၊ ပင်ပန်းနေကြမယ်။ ခရီးဝေးကလာခဲ့ကြတဲ့ ပင်ပန်းနွမ်းနယ်နေတဲ့ အရှင်မြတ်တွေ၊ ဒီအရှင်မြတ်တွေကို လှူချင်တယ်၊ တန်းချင်

www.dhammadownload.com

တယ်၊ ဆွမ်းကပ်ချင်တယ်၊ ဆွမ်းလောင်းချင်တယ်။ ဒါပေမဲ့လို့ သူမှာ ကြည့်လိုက်ပြန်တော့ လှူစရာ မရှိပါဘူး။

လှူစရာ မရှိဘူး။ လှူဖို့အသာထား သူစားဖို့တောင် အနိုင်နိုင်ပါ။ အကြွေးတောင် မဆပ်နိုင်လို့ သူများအိမ်မှာ ကျွန်ခံဆပ်နေရတယ်။ လုပ်အားနဲ့ ဆပ်နေရတယ်။ လှူချင်တဲ့စိတ်ဆန္ဒ သဒ္ဓါတရားတွေ စိတ်ထဲမှာ ရှိပေမဲ့လို့ အခက်အခဲ ကြုံနေပါတယ်။

မိမိဥစ္စာ နှစ်သက်စွာကို၊ စိတ်မှာရွှင်ကြည်၊ ပေးလှူမည်၊ ကြံစည်နိုင် ခဲသည်ဆိုတဲ့အတိုင်း ကြံစည်နိုင်ခဲတယ်။ ဒါပေမဲ့လို့ အခု မယ်နာဂါလေး ကြံစည်နေတယ်၊ စိတ်ကူးနေတယ်။ တချို့က ရှိလျက်သားနဲ့ လှူဖို့ခက်တယ်။ အခု မယ်နာဂါလေး ခက်နေတာက မရှိလို့ လှူဖို့ခက်နေတယ်။

သဒ္ဓါတရားတွေ ရှိပင်ရှိသော်လည်း လှူဖွယ်ဝတ္ထုကမရှိ။ လှူချင်တန်းချင်ပေမဲ့လည်း သူမှာ လှူစရာကမရှိ။ အဲဒီတော့ စဉ်းစားတယ်၊ ဘယ်လိုများ ငါလှူရမလဲ။ အမှန်တကယ်လည်း လိုအပ်နေတယ်၊ အမှန်လည်း လှူဖို့သင့်တယ်၊ လှူလိုက်မယ်ဆိုရင် ကုသိုလ်ကောင်းမှုတွေ ငှဲ့မှာ ဖြစ်လာမယ်။ ငါ့ရှေ့က မလှူခဲ့လို့ အခုလို ဆင်းရဲမွဲတေနေတယ်။ ငါ လှူဒါန်းမယ်ဆိုရင် ကုသိုလ်ကောင်းမှုတွေ ရမှာပဲ။ ကောင်းကျိုးချမ်းသာတွေ ရမှာပဲ။ အကျိုးတရားကိုလည်း လှမ်းမျှော်ကြည့်တော့ သိနေတဲ့ မယ်နာဂါလေးပါ။

လှူချင်လွန်းတဲ့အတွက်ကြောင့် နောက်ဆုံး သူ့စိတ်ကို ပိုင်းဖြတ်တယ်၊ ဆုံးဖြတ်တယ်။ "ဘာဖြစ်ဖြစ် ဒီနေ့တော့ အလှူဒါနကို ငါဖြစ်အောင် ပြုမယ်၊ ရအောင်ပြုမယ်။ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဒါနကောင်းမှုကို ငါ အရယူတော့မယ်" ဆိုပြီးတော့ သူ့အိမ်ရှင်သူဌေးထံ သွားတယ်။

"သူဌေးမင်း၊ ကျွန်မကို အသပြာ (၆၀) လောက် ချေးပါ" တဲ့။ အသပြာ (၆၀) ချေးပါဆိုတော့ သူဌေးက မပေးချင်ဘူး၊ "ဟဲ့ နာဂါ နင့်မှာ အရင်ကြွေးဟောင်းလည်း ရှိသေးတယ်။ အဲဒီကြွေးဟောင်းတောင် နင်မကျေသေးဘဲနဲ့ အခု ကြွေးသစ်ယူဦးမယ်ဆိုတော့ ဘယ်လိုလုပ်ပြီးတော့ နင်ပြန်ဆပ်မှာလဲ၊ နင့်ကို ငါ ထပ်မချေးဘူး၊ မပေးနိုင်ဘူး" လို့ပြောတော့ မယ်နာဂါလေးက တောင်းတောင်းပန်ပန်နဲ့ ပြောပါတယ်။ "အရှင်သူဌေးမင်း ဒီအကြွေးသစ်ကို

www.dhammadownload.com

ကျွန်မ ချေးငှားတယ်ဆိုတာ ကျွန်မ သုံးဖို့ မဟုတ်ပါဘူး"။ သူမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ငယ်ရွယ်သူတစ်ယောက်အနေနဲ့ လှချင်ပချင်တဲ့အရွယ်ပါ။ ဝတ်စားမော်ကြွားဖို့ ချေးတယ်ထင်မှာစိုးလို့ "အရှင်သူဌေးမင်းတဲ့၊ ကျွန်မ ဒီငွေ ချေးငှားတယ်ဆိုတာသည်အလှအပတွေပြင်ဆင်ဖို့လည်းမဟုတ်ပါဘူး၊ အဝတ်အစားအသုံးအဆောင်တွေ ဝယ်ယူဖို့လည်း မဟုတ်ပါဘူး၊ အပျော်အပါးတွေနဲ့ ဒီငွေတွေကို ဖြုန်းတီးဖို့လည်း မဟုတ်ပါဘူး၊ ကျွန်မ ချေးငှားတယ်ဆိုတာသည် လှူချင်လို့ပါ" တဲ့။

လှူချင်လို့တဲ့။ တောင်းတောင်းပန်ပန်နဲ့ ချေးနေတာပါ။ "ဒီငွေကို မဖြစ်မနေ ချေးငှားပါ၊ အရှင်သူဌေးမင်း ကျွန်မကို မယုံကြည်ရင် စိတ်မချရင်တဲ့ ကျွန်မ အရှင်သူဌေးမင်းရဲ့အိမ်မှာ ကြွေးဟောင်းအတွက် တစ်နေ့လုံး ကျွန်ခံပါတယ်၊ နေ့ခင်းဘက် ကျွန်ခံရပါတယ်။ မနက်ကနေ ညနေထိ တစ်နေ့လုံး အိမ်အလုပ်တွေ တကုတ်ကုတ်လုပ်ရင်းနဲ့ ကြွေးဆပ်နေရပါတယ်။ သူဌေးမင်းရဲ့ ကြွေးသစ်အတွက် ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် ရောင်းချတယ်လို့ သဘောထားပါ၊ ကျွန်မကိုယ့်ခန္ဓာကို ရောင်းလိုက်တယ်လို့ပဲ အရှင်သူဌေးမင်း သဘောထားပါ။ အရှင်သူဌေးမင်းရဲ့အိမ်မှာ ကျွန်မသည် နေ့ရောညပါ ကျွန်ခံပြီးတော့ ဆပ်ပါ့မယ်" တဲ့။

နေ့ရောညရောတဲ့ တစ်နေ့လုံး တစ်ညလုံး သူဌေးအိမ်မှာပဲနေမယ်၊ ညဆိုလည်း ခိုင်းချင်တာခိုင်း၊ နေ့ဆိုလည်း ခိုင်းချင်တာခိုင်းလုပ်ပေးမယ်။ မယ်နာဂါလေးကြည့်လိုက်မယ်ဆိုရင် သူဘဝတစ်ခုလုံးနဲ့ ရင်းလိုက်တာပါ။

လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေရမယ့်အရွယ်၊ လွတ်လွတ်လပ်လပ် နေချင်တဲ့အရွယ်မှာ သူဟာ လွတ်လပ်မှုတွေအားလုံး သူများလက်ထဲထည့်လိုက်တာပါ။ သူများအိမ်မှာ ကျွန်ခံရတယ်ဆိုတာ သူများစိတ်နဲ့ ကိုယ့်ကိုယ်ပါ။ မလုပ်ချင်လည်း လုပ်ရမှာပဲ၊ မသွားချင်လည်း သွားရမှာပဲ၊ နားချင်လည်း နားလို့မရ၊ နေချင်လည်း နေလို့မရ၊ ပင်ပန်းဆင်းရဲတယ်လို့လည်းညည်းတွားလို့လည်း မရတဲ့၊ ဆင်းရဲဒုက္ခနဲ့ နေရမယ်ဆိုတာ သူမသိလို့ မဟုတ်ဘူး၊ သိတယ်။ သိသိကြီးနဲ့ သူဟာ ဘဝနဲ့ရင်းကာ ကုသိုလ်ကောင်းမှု ပြုချင်တယ်၊ သူဘဝဘယ်လောက်ပဲ နိမ့်ကျသွားပါစေ၊ နိမ့်ဆင်းသွားပါစေ။ သူများခိုင်းဖတ်

www.dhammadownload.com

ကျွန်ဘဝနဲ့ မတက်ချင်နေပါစေတော့။ ဒီတစ်သက် ဘယ်လောက်ပဲ ဒုက္ခတွေ ရောက်ပါစေတော့။ ဒါနကောင်းမှုကို ရအောင်ပြုမယ်၊ သူစိတ်ထဲမှာ ပိုင်းဖြတ်လိုက်ပြီ။ ငါ ကောင်းမှုကိုဖြစ်အောင်ကို ပြုမယ်၊ ရအောင်ကို ပြုမယ်လို့ကို ဆုံးဖြတ်ထားတယ်။

ဒီတော့ သူဌေးကလည်း သူ့ရဲ့စိတ်အားထက်သန်မှုကို ကြည့်ပြီးတော့ ဒီကောင်မလေး တကယ်ပဲ အလုပ်လုပ်ပြီးတော့ ကြွေးဆပ်မှာပဲ၊ မဖြစ်မနေ ကြွေးကျေအောင် လုပ်မယ့်ပုံပဲ၊ သူ့မှာ ငွေအရေးတကြီး လိုအပ်နေပုံရတယ် ဆိုပြီးတော့ သနားပြီးတော့ ငွေပေးလိုက်ပါတယ်။

မယ်နာဂါလေး ဘာလုပ်မှာလဲ၊ လှူမှာပါ။ ကမန်းကတမ်း ပြေးသွားတယ်။ သံဃာတော်တွေ ဆွမ်းခံကြွတာ ရွာထိပ်ရောက်နေပြီ၊ သပိတ်ထဲကြည့်လိုက်တော့ ဆွမ်းတွေ တစ်စက်မျှမရသေးဘူး၊ ဆွမ်းဟင်းတွေလည်း မရသေးဘူး၊ ခုမှ ချက်ပြုတ်မယ်ဆိုရင်လည်း မမီနိုင်တော့ဘူး။ ဒီအသပြာတွေနဲ့ ဈေးဝယ်ချက်ပြုတ်ဆိုရင်လည်း ဘယ်လိုမျှ ဆွမ်းချိန်မမီတော့ဘူး။

ရွာထဲတစ်အိမ်တက်တစ်အိမ်ဆင်းသွားပြီးတော့ "ကျွန်မဆွမ်းလောင်းချင်လို့၊ ဆွမ်းလှူချင်လို့ပါ၊ သံဃာတစ်ပါးကို အသပြာတစ်ကျပ် ဟောဒီမှာရှိတဲ့ ထမင်း ဟင်း စားသောက်ဖွယ်ရာတွေ၊ လှူဒါန်းစရာတွေ ပေးပါ၊ သံဃာတွေ ဆွမ်းလောင်းချင်လို့ပါ" ဆိုပြီးတော့ တစ်အိမ်တက် တစ်အိမ်ဆင်း သူရှာဖွေစုဆောင်းလိုက်တော့ ဆွမ်းလောင်းစရာတွေ၊ ဆွမ်းလှူစရာတွေ ရခဲ့ပါတယ်။ အဲဒီတော့ ချက်ချင်းပြေးပြီးတော့ သံဃာတွေကို လျှောက်ထားတယ်။

"အရှင်မြတ်တို့ဘုရား ဘုရားတပည့်တော်မသည် သံဃာတော် အရှင်မြတ်တွေကို ဆွမ်းလောင်းချင်ပါတယ်၊ ဆွမ်းလှူချင်ပါတယ်၊ တပည့်တော်မရဲ့ ဒါနကို အလှူခံတော်မူပါ ဘုရား၊ ဘုရားတပည့်တော်မ လှူဒါန်းမယ့် အလှူကို သနားရိုးမြွေက် စောင့်ရှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား" လို့ လျှောက်ထားလိုက်တယ်။

ဝစီကံ ပြောဆိုမှုတွေထဲမှာ လှူမယ်လို့ ပြောဆိုရတဲ့ စကားလုံးက လောကမှာ အခက်ဆုံးပါပဲ။ ခုမယ် နာဂါလေး ပြောဖြစ်သွားပြီ၊ ပြောလိုက်ပြီ။ "ဘုရားတပည့်တော်မ ဆွမ်းလှူပုံမယ်၊ ဆွမ်းလှူချင်ပါတယ်၊ အလှူခံတော်

www.dhammadownload.com

မူပါ ဘုရား" လို့ လျှောက်ထားပြီးနောက် သံဃာတစ်ပါးပြီး တစ်ပါး တစ်ပါးစီ တစ်ပါးစီအတွက် သပိတ်ထဲမှာ ဆွမ်း၊ ဆွမ်းဟင်း အပြည့်အဝ လောင်းလှူတယ်။ ကိုယ်ထိလက်ရောက် ဆပ်ကပ်လှူဒါန်းလိုက်တဲ့ သူ့ဒါန အောင်မြင်သွားပါပြီ။

အခက်အခဲ ဘယ်နမျိုး ကျော်လွန်သွားလဲ၊ သုံးမျိုးနော်။ စိတ်ကနေ စိတ်ကူးဖို့ခက်တယ်ဆိုတာလည်း အောင်မြင်သွားပြီ၊ နှုတ်ကနေ ထုတ်ပြောဖို့ ခက်တယ်ဆိုတာလည်း အောင်မြင်ပြီ၊ ကိုယ်ထိလက်ရောက် လှူဒါန်းဖို့ ခက်တယ်ဆိုတာလည်း မယ်နာဂါလေးသည် အောင်မြင်သွားပြီ။ သံဃာတွေကို ဆွမ်းလှူရတဲ့ဒါန၊ ဆွမ်းလောင်းရတဲ့ဒါနသည် အလွန်တရာ ဝမ်းသာစရာ ကောင်းတယ်၊ ကျေနပ်စရာ ကြည်နူးစရာကောင်းတယ်၊ ပေးကမ်းလှူဒါန်းပြီး တဲ့နောက်မှာ ဒီစိတ်ချမ်းသာမှုတွေနဲ့ မယ်နာဂါလေး လျှောက်ထားပါတယ်။

"အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်မ လျှောက်ထားချင်ပါတယ်၊ တပည့်တော်မ အရှင်ဘုရားတို့ကို ဆွမ်းလောင်းလှူတယ်ဆိုတာ ချမ်းသာလို့ လည်း မဟုတ်ပါဘူး၊ ကြွယ်ဝလို့လည်း မဟုတ်ပါဘူး၊ ပစ္စည်းဥစ္စာတွေပြည့်စုံနေလို့ လှူဒါန်းတာလည်း မဟုတ်ပါဘူး၊ ဘုရားတပည့်တော်မသည် ဆင်းရဲသူမလေးပါဘုရား၊ သူများအိမ်မှာ ကျွန်ခံနေရတဲ့ ကျွန်မလေးပါ ဘုရား၊ အရှင်ဘုရားတို့ကို ကြည်ညိုလွန်းလို့၊ သဒ္ဓါတရားတွေ ရှိလွန်းလို့၊ တပည့်တော်မသည် တပည့်တော်မရဲ့ ခန္ဓာကိုယ်ကို သူများကို ရောင်းချပေါင်နှံကာ ဆွမ်းလှူဒါန်းတာပါ ဘုရား။ ဘုရားတပည့်တော်မ ကောင်းကျိုးချမ်းသာတွေ ရစေဖို့ရာ အရှင်ဘုရားတို့ သနားစောင့်ရှောက် ချီးမြှောက်ကာ အလှူခံတော်မူပါ၊ ဘုဉ်းပေးသုံးဆောင်တော်မူပါ ဘုရား" လို့ သနားစဖွယ် လျှောက်ပါတယ်။ သူ့ ဘဝဇာတ်လမ်းကိုလည်းလျှောက်ထား၊ သူ့အဖြစ်အပျက်တွေလည်းလျှောက် ထားပြီးတော့ ဆွမ်းလှူလိုက်ပါတယ်။ သံဃာတွေ ဆွမ်းခံပြီးတော့ ကြွသွား တော့ လက်အုပ်ချီကြည်ညို၊ ဝမ်းသာအားရနဲ့ သူ့ဒါန သူ ဆင်ခြင်ပြီးတော့ မယ်နာဂါလေး ကျေနပ်နေပါတယ်။

အရှင်မြတ်တွေကလည်း ရွာပြင်ဘက်မှာရှိနေတဲ့ ရေကန်နံဘေး သစ်ပင်ရင်း၊ သစ်ပင်အောက်မှာ ဆွမ်းဘဉ်းပေးကြမယ်။ ဆွမ်းဘဉ်းပေးခါနီးမှာ

www.dhammadownload.com

သံယာတွေထဲက အကြီးဆုံးဖြစ်တဲ့ မထေရ်ကြီးက ကျန်တဲ့သံယာတွေကို သတိပေးတယ်။

"ငါ့ရှင်တို့ ငါတို့ ဒီနေ့ ထူးခြားတဲ့ ဆွမ်းကို အလှူခံရရှိခဲ့တယ်၊ ဒီနေ့ရတဲ့ ဆွမ်းသည် သာမန်ဆွမ်း မဟုတ်ပါဘူး၊ ထူးခြားတဲ့ဆွမ်းပါ၊ ငါ့ရှင်တို့ ကြားတယ် မဟုတ်လား၊ ဆွမ်းလောင်းလှူလိုက်တဲ့ အလှူရှင်မလေးဟာ အသက်အရွယ် ကလည်း ငယ်ငယ်၊ ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်းနဲ့ ဒုက္ခတွေနဲ့နေရ တဲ့သူလည်း ဖြစ်ပါတယ်။ သူများအိမ်မှာ ကျွန်ခံရတဲ့သူလည်း ဖြစ်နေတယ်။

အခု သူလောင်းလိုက် လှူလိုက်တဲ့ဒါန၊ သူ့ရဲ့ ဆွမ်းအလှူ၊ ဒါနဖြစ် မြောက်ရာမှာ ကြည့်လိုက်မယ်ဆိုရင် သူ့ခန္ဓာကိုယ်ကို ရောင်းချပေါင်နှံကာ သူ့ ဘဝကို ရင်းနှီးလှူဒါန်းလိုက်တဲ့ဒါနပါပဲ။ ဘဝနဲ့ရင်းလိုက်တဲ့ဒါနပါပဲ။ ကိုယ့်ဘဝ သူများလက်ထဲထည့်ပြီးတော့ အိမ်ရှင်တွေစိတ်တိုင်းကျ ခိုင်းချင်သလိုခိုင်းဆို ပြီးတော့ ဒီကျွန်မလေး လှူဒါန်းလိုက်တဲ့ဆွမ်းကို ငါ့ရှင်တို့ ဘုဉ်းပေးသုံးဆောင် ရာမှာ ပေါ့ပေါ့တန်တန် ဘုဉ်းပေးသုံးဆောင်လို့ မတော်ပါဘူး။

ဟောဒီ အမျိုးသမီးငယ်လေးသည်လည်း ငါတို့နဲ့ ဆွေမျိုးသားချင်း တော်စပ်တာလည်း မဟုတ်ပါဘူး၊ အမိနှမတော်တာလည်း မဟုတ်ပါဘူး၊ ဘာမျှ သွေးသားလည်းမတော်၊ ဘာမျှလည်း မသက်ဆိုင်၊ ဆွေမျိုးသားချင်း လည်း မဟုတ်ဘဲနဲ့ စွန့်စွန့်စားစား လောင်းလှူလိုက်တယ်ဆိုတာ အလှူဒါန ပြုလိုက်တယ်ဆိုတာ ကုသိုလ်ကောင်မှုကို လိုချင်လို့ပါ"

အလှူရှင်တွေ ပေးလှူနေတယ်ဆိုတာ ကုသိုလ်ကောင်မှုကို လိုချင် လို့ပါ။ ယောဂီတွေ ဒီမှာ တရားမမှတွေ ကျင့်ကြတယ်၊ လှူဒါန်းတဲ့ အလှူရှင် တွေက လှူကြတယ်။ ကိုယ့်အသိ ကျွမ်းလည်းမဟုတ်၊ ကိုယ့်မိတ်ဆွေလည်း မဟုတ်၊ ကိုယ့်ဆွေမျိုးသားချင်းလည်းမဟုတ်ဘူး၊ ကိုယ့်ရဲ့ဆရာသမားလည်း မဟုတ်ဘူး၊ ညီအစ်ကိုမောင်နှမတွေလည်း မဟုတ်ဘူး၊ ဘာမျှသွေးသား လည်း မတော်စပ်၊ ရင်းလည်း မရင်းနှီး၊ သိလည်းမသိ၊ လှူဒါန်းနေကြတယ် ဆိုတာ အဓိကဘာလိုချင်လို့ဆိုရင် ကုသိုလ်လိုချင်လို့ပါ။ ကုသိုလ်ကောင်းမှုကို လိုချင်လို့ လှူဒါန်းနေကြတာပါ။

"ငါ့ရှင်တို့ ငါတို့ကလည်း ဒီဆွမ်းကို ပေါ့ပေါ့တန်တန် ဘုဉ်းပေးသုံး ဆောင်လို့ မသင့်ပါဘူး၊ ပေါ့ပေါ့တန်တန် ဘုဉ်းပေးသုံးဆောင်လို့ မဖြစ်ဘူး၊

www.dhammadownload.com

တရားမပါပဲ စားချင်သလိုစားမယ်၊ တွေးချင်ရာ တွေးပြီးတော့ စားမယ်၊ ဒီပုံစံမျိုးနဲ့သာ ငါတို့ အလှူခံရင်တော့ဖြင့် သူ့အတွက် အကျိုးမများနိုင်ဘူး၊ ငှဲရှင်တို့ ဒီဆွမ်းကို ဘုဉ်းမပေးခင်မှာ မသုံးဆောင်ခင်မှာ တရားဓမ္မကို ရွှမှတ်မယ်၊ ပွားများမယ်၊ အလှူရှင် အကျိုးကြီးအောင်၊ အလှူရှင် အကျိုးများအောင် ချီးမြှောက်တဲ့အနေနဲ့ ငါတို့ ဒီနေ့ဆွမ်းဘုဉ်းမပေးခင်မှာ တရားဓမ္မကို ရွှမှတ်ကြမယ်၊ ကျင့်ကြံပွားများ အားထုတ်ကြမယ်" လို့ အလေးအနက် မိန့်ကြားပါတယ်။

ဆွမ်းဘုဉ်းမပေးခင် တရားကျင့်တယ်၊ ဆွမ်းချိန်က ကပ်နေပြီ၊ မွန်းတိမ်းဖို့၊ မွန်းတည့်ဖို့ကလည်း ဘာမျှသိပ်မလိုတော့ဘူး၊ အခု အလောသုံးဆယ် ဘုဉ်းပေးလိုက်ရင် ဖြစ်တာပဲ။ ဒါပေမဲ့ သံဃာတော်အရှင်မြတ်တွေက လှူဒါန်းလိုက်တဲ့ အလှူရှင်ပုဂ္ဂိုလ်ကို လေးစားတယ်၊ သနားတယ်၊ ကြည်ညိုတယ်၊ သူ့ရဲ့စေတနာ သဒ္ဓါတရားက လေးစားစရာပါ။ သူ့ရဲ့ဘဝက သနားစရာပါ။

သူ့ရဲ့ဒါနကောင်းမှုကို ကြည့်မယ်ဆိုရင် ကြည်ညိုစရာဖြစ်နေတဲ့ မယ်နာဂါလေးရဲ့ဒါနပါ။ ရက်ရက်စက်စက် စွန့်ပုံတဲ့ဒါန၊ ပေးကမ်းလှူဒါန်းချင်တဲ့ သူရဲ့စိတ်စေတနာ သဒ္ဓါတရားပါ။ ဒါကို လေးစားသောအားဖြင့် ချီးမြှောက်ကြတယ်၊ အကျိုးရှိအောင် အားထုတ်ကျင့်ကြံတယ်။

ခုလည်း ဒီတိုင်းပဲပေါ့၊ ဘုန်းကြီးတို့ဒီမှာ ယောဂီတွေကို လှူဒါန်းချိန်မှာ အလှူရှင်တွေ အကျိုးများအောင် ဘာလုပ်ပေးရလဲဆိုရင် တရားကျင့်ရတယ်၊ တရားကျင့်တာသည် သူတို့ အကျိုးများအောင် ချီးမြှောက်နေတာပါ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် တရားကျင့်တယ်ဆိုတာ သူ့အတွက်လား၊ ကိုယ့်အတွက်လား၊ သေချာစဉ်းစားရင် ကိုယ် တရားကျင့်နေတာ ကိုယ့်အတွက်ပါ။

ကိုယ့်အတွက် ကိုယ်ကျင့်တာပါ။ ကိုယ့်မှာရှိတဲ့ ဆင်းရဲဒုက္ခတွေ ငြိမ်းအောင်လို့၊ ကိုယ့်မှာရှိတဲ့ အကုသိုလ်တွေ ကင်းအောင်လို့၊ ကိလေသာတွေ နည်းအောင်လို့ ကျင့်တာပါ။ ဒါပေမဲ့ ဒီလိုကျင့်လိုက်တာဟာ ကိုယ့်အတွက်လည်း အကျိုးရှိတယ်၊ အများအတွက်လည်း အကျိုးရှိပါတယ်။

"ယောဂီတွေ တရားအားထုတ်တာ ကြည်ညိုစရာကြီး၊ သွားတာ လာတာ စားတာသောက်တာ နေတာ ထိုင်တာက စည်းကမ်းတကျနဲ့ ကြည်ညို

www.dhammadownload.com

စရာကောင်းလိုက်တာ၊ လေးစားစရာ ကောင်းလိုက်တာ" လို့ စိတ်ထဲမှာ ကြည်ညိုစိတ်ဖြစ်သွားရင် မြင်ရတဲ့သူ၊ တွေ့ရတဲ့သူတွေမှာ ကုသိုလ်ရပါတယ်။

သူများလည်း ကုသိုလ်ရ၊ ကိုယ်လည်း ကုသိုလ်ရပါတယ်။ အလှူရှင် ပုဂ္ဂိုလ်တွေက လှူဒါန်းတဲ့အခါမှာလည်း တရားဓမ္မကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေကို လှူဒါန်းရတယ်ဆိုတော့ သူတို့လည်း ကုသိုလ်ရ၊ ကိုယ်လည်း ကုသိုလ်ရ၊ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ အလုပ်ပါ။ မယ်နာဂါလေးကို ချီးမြှောက်ကာ သံဃာတော်အရှင်မြတ်တို့ကလည်း တရားဓမ္မတွေကို ကျင့်နေတယ်၊ ကြိုးစားပမ်းစားနဲ့ကို ကျင့်နေတယ်။

အလှူခံရွေးတဲ့နည်း

ဒါနကောင်းမှု အကျိုးကြီးအောင်လို့ အလှူခံပုဂ္ဂိုလ် ရွေးချယ်တဲ့နည်းလေးကို ကြုံတုန်း တိုက်ဆိုင်တုန်း သိစေချင်ပါတယ်၊ ဒါနကောင်းမှုဆိုတာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အနေနဲ့ လူတိုင်းလူတိုင်းပြုဖြစ်တယ်၊ လူတိုင်းလူတိုင်း ပြုနေကြတယ်၊ အတိုင်းအတာ ပမာဏနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကိုယ်တတ်နိုင်သလောက် လှူကြတယ်။ အဲလို လှူဒါန်းတဲ့အခါမှာ ဘယ်သူ့ကို လှူရင် အကျိုးကြီးလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ပေးလှူရင်တော့ဖြင့် အကျိုးတရား ကြီးမားစွာရသလဲဆိုတာကို သိဖို့တော့ လိုပါတယ်။

(လောဘကင်းရန်၊ အလှူခံ၊ ကျင့်ကြံနေသူ ဖြစ်ရမည်)

အကျိုးကြီးတဲ့ ဒါနတစ်ခုဖြစ်လာဖို့ အလှူခံပုဂ္ဂိုလ် ရွေးမယ်ဆိုရင် အလှူခံပုဂ္ဂိုလ်သည် ရာဂကင်းအောင် ကျင့်နေတဲ့သူ ဖြစ်ရမယ်၊ ရာဂဆိုတာ သည်လောဘပါ။ နားလည်လွယ်တဲ့စကားလုံးနဲ့ပြောရင်လောဘကင်းအောင် ကျင့်နေတဲ့သူ ဖြစ်ရမယ်၊

ယောဂီပုဂ္ဂိုလ်တွေ အခု တရားကျင့်တယ်ဆိုတာ လောဘကင်းအောင် ကျင့်နေကြတာပါ။ လိုချင်တဲ့၊ တပ်မက်တဲ့ လောဘတဏှာတွေ၊ ခုံမင်တဲ့ နှစ်သက်ချစ်ခင်တဲ့ တဏှာရာဂတွေ နည်းပါးအောင်လို့ ကင်းသွားအောင်လို့ ကျင့်နေကြတာပါ။ အကျိုးကြီးတဲ့ အလှူဒါနကို ပြုပါဆိုရင် လောဘကင်းပြီးသူကို လှူရင် အကျိုးကြီးမယ်၊ အလှူခံပုဂ္ဂိုလ်နှစ်ယောက် ယှဉ်ကြည့်၊ တစ်ဦးတစ်

www.dhammadownload.com

ယောက်ကာ လောဘမကင်းသေးဘူး၊ တစ်ယောက်ကာ လောဘကင်းနေပြီ။ ဒီနှစ်ယောက်မှာ လှူဒါန်းတဲ့ပစ္စည်းပမာဏတူလိမ့်မယ်၊ လှူတဲ့အတိုင်းအတာတူ ပစ္စည်းတူလိမ့်မယ်၊ ဒါပေမဲ့လို့ အလှူခံ ပုဂ္ဂိုလ်က မတူပါဘူး။

လောဘကင်းတဲ့သူနဲ့ မကင်းတဲ့သူ၊ ဘယ်သူလှူရင် အကျိုးကြီးမလဲ၊ လောဘကင်းတဲ့သူ လှူရင် အကျိုးကြီးတယ်။ လောဘ မကင်းသေးရင်တောင်မှ လောဘကင်းအောင် ကျင့်နေတဲ့သူကို လှူပါ။ လှူဒါန်းတဲ့ဒါနသည် ယောဂီသူတော်စင်တွေကို လှူတယ်၊ သံဃာတော် အရှင်မြတ်တွေ လှူတယ်၊ သူတော်စင် သူတော်ကောင်းတွေကို ပေးလှူတဲ့ဒါနသည် လောဘကင်းအောင် ကျင့်နေတဲ့သူကို လှူဒါန်းတယ်လို့ ပြောရပါမယ်။

(ဒေါသကင်းရန်၊ အလှူခံ၊ ကျင့်ကြံနေသူ ဖြစ်ရမည်)

အလှူခံပုဂ္ဂိုလ်သည် ဒေါသကင်းအောင် ကျင့်ကြံနေသူ ဖြစ်ရမယ်၊ အခု ယောဂီတွေ တရားကျင့်တာသည် ဒေါသကင်းအောင်ပါ။

တချို့ ယောဂီတွေက နာမည်ဖျက်တယ်၊ တရားစခန်း မသွားခင်တုန်းက၊ တရားအားမထုတ်ခင်တုန်းက ဒီလောက်ဒေါသမကြီးဘူး၊ ရိပ်သာက ပြန်လာပြီးမှ၊ တရားစခန်းက ပြန်လာပြီးမှ ဒေါသတွေ ကြီးလိုက်တာ၊ အိမ်က ကျန်တဲ့ သူတွေက ပြောကြတယ်နော်။ ဒီလိုဆိုရင် ယောဂီတွေ ဟန်မကျသေးဘူး။ တရားကျင့်တယ်ဆိုတာ ဒေါသနည်းအောင်ပါ။

ဒီမှာဒေါသနည်းအောင်ကျင့်သလိုကိုယ့်အိမ်၊ကိုယ့်နေရာ၊ကိုယ့်ဒေသ ရောက်သွားရင်လည်း ဒေါသနည်းအောင်ကျင့်၊ မဟုတ်ရင် နာမည်ပျက်တယ်။ အလှူခံပုဂ္ဂိုလ်သည် ဒေါသကင်းအောင် ကျင့်နေတဲ့သူ ဖြစ်ရမယ်။ ဒေါသနည်းပါးအောင် ကျင့်ကြံအားထုတ်နေတဲ့သူကို ပေးကမ်းလှူဒါန်းရင် အကျိုးများမယ်။ အခု ရဟန်းသံဃာတွေ၊ သံဃာတော်တွေ ကျင့်တယ်ဆိုတာ ဒေါသကင်းအောင်၊ လောဘကင်းအောင် ကျင့်တာပါပဲ။

(မောဟကင်းရန်၊ အလှူခံ၊ ကျင့်ကြံနေသူ ဖြစ်ရမည်)

တရားမရသေးသူက လောဘ၊ ဒေါသ၊ မောဟ မကင်းသေးဘူး။ ခုမှကင်းအောင် ကျင့်နေတာ။ ကျင့်နေပါတယ်ဆိုတော့ မကျင့်တဲ့သူထက်စာရင်တော့ သာပါတယ်။ ဒီလိုအလှူခံပုဂ္ဂိုလ်မျိုးရှာကြည့်ရင် တွေ့ဖို့မလွယ်ဘူး။

www.dhammadownload.com

ဒေါသတွေ ကြီးနေကြတယ်၊ လောဘတွေ၊ မောဟတွေ ကြီးနေကြတယ်ဆိုတဲ့ အလှူခံပုဂ္ဂိုလ်တွေကို ပေးလှူရတာနဲ့စာရင် လောဘ၊ ဒေါသ၊ မောဟကင်းအောင် ကျင့်နေတဲ့သူကို ပေးလှူရတာသည် အကျိုးများတယ်။ ဒါ အလှူခံပုဂ္ဂိုလ်ဘက်က လိုအပ်ချက်ပါ။

အလှူရှင်အင်္ဂါ (၃) ပါး

အလှူရှင်ဘက်က ပြန်ကြည့်မယ်ဆိုရင် အကျိုးကြီးတဲ့ဒါန၊ အကျိုးများတဲ့ ဒါနဖြစ်လာအောင် အလှူရှင်ပုဂ္ဂိုလ်မှာက လိုအပ်ချက် (၃) ခုပါ။ အလှူရှင်ပုဂ္ဂိုလ်ရဲ့အရည်အချင်း (၃) ချက် လိုပါတယ်။

(မလှူခင်တွင် အလှူရှင် စိတ်တွင် ကြည်ရမည်)

မလှူခင်မှာ အလှူရှင်ပုဂ္ဂိုလ်သည် စိတ်ထဲမှာ ကြည်လင်အားရ ကျေနပ်နေရမယ်။ ဒီအလှူကို လှူမယ်လို့ စိတ်ကူးမယ်။ ပထမအဆင့် စိတ်ထဲကနေ စဉ်းစားနေတဲ့အချိန်၊ ငါဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ငါ ဘာလှူမယ်၊ ဘာကို ပေးလှူမယ်၊ ဘယ်လို ပုဂ္ဂိုလ်တွေကို ပေးလှူမယ်၊ ဘယ်နေရာဌာနမှာ ပေးကမ်းလှူဒါန်းမယ်လို့ စိတ်ကူးတဲ့အချိန်၊ စဉ်းစားတဲ့အချိန်ကတည်းကိုက စိတ်ထဲမှာ ဝမ်းသာအားရရှိနေရမယ်။

ဝမ်းပန်းတသာနဲ့ လှူရတဲ့အလှူနဲ့ မဖြစ်လို့ လှူရတဲ့အလှူနဲ့ မတူပါဘူး။ မလှူချင်ဘဲနဲ့ လှူရတာနဲ့၊ လိုလိုလားလား လှူချင်လို့ လှူရတာနဲ့မတူပါဘူး။

အခုအလှူခံပုဂ္ဂိုလ်တွေကိုကြည့်ကာ ကြည်ညိုတဲ့ မယ်နာဂါ၊ သံဃာတော် အရှင်မြတ်တွေကို ကြည်ညိုလွန်းတဲ့ မယ်နာဂါသည် မလှူခင်မှာကတည်းကိုက မြင်ကတည်း၊ တွေ့ကတည်းကိုက ကြည်ညိုတယ်။ သံဃာတွေသည် တရားကျင့်နေတဲ့ အရှင်မြတ်တွေပါ။ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ စားပုံသောက်ပုံတွေ အချိုးကျတယ်။ ကြည်ညိုစရာလည်း ဖြစ်တယ်။ ကြည်ညိုဖွယ်ကို ဆောင်နိုင်တော့ မြင်ကတည်းကိုက ကြည်ညိုလွန်းလို့ စိတ်မှာ ကြည်လင်နေတယ်။

(လှူနေဆဲတွင် အလှူရှင် စိတ်တွင် ကြည်ရမည်)

ပေးကမ်းလှူဒါန်းနေတဲ့အချိန် ကိုယ်ထိလက်ရောက် ဆက်ကပ်လှူဒါန်းနေတဲ့အချိန်မှာ အလှူရှင်ပုဂ္ဂိုလ်သည် စိတ်ထဲမှာ ဝမ်းသာအားရ ဖြစ်

www.dhammadownload.com

နေရမယ်၊ ကြည်နူးနေရမယ်၊ ကျေနပ်နေရမယ်။ မယ်နာဂါ ပိုက်ဆံချေးပြီးတော့ လျှုတယ်၊ သူငြေးဆီကနေပြီးတော့ သူ့ခန္ဓာကိုယ်၊ သူ့ဘဝ၊ ပေါင်နှံရောင်းချပြီးတော့ ရလာတဲ့အသပြာငွေကြေးနဲ့ သံဃာတော်အရှင်မြတ်တွေကို ပေးလှူပါတယ်၊ ဆွမ်းလောင်းနေတဲ့အချိန် တစ်ပါးစီ တစ်ပါးစီ သပိတ်ထဲ ဆွမ်း၊ ဆွမ်းဟင်းတွေ လောင်းထည့်နေတဲ့အချိန် သူစိတ်လေး အကဲခတ်မယ် ဆိုရင် သူသည် သိပ်ကို ဝမ်းသာနေတယ်။

ကျေနပ်နေတယ်၊ သူလုပ်တဲ့ သူလုပ်ရပ်၊ အခု သူလှူလိုက်ရတဲ့ ဒါနကို သူအင်မတန် ကြည်နူးနေတယ်။ အဲဒီတော့ သူ့စေတနာသည် မလှူခင်မှာလည်း ဖြစ်ပေါ်တဲ့စေတနာ၊ လှူနေဆဲမှာလည်း ဖြစ်နေတဲ့ စေတနာ၊ အဲဒီ စေတနာသည် ဆုတ်ယုတ်သွားတယ်ဆိုတာ မရှိဘူး၊ ရှေ့ကိုသာ တိုးနေတယ်၊ တိုးတက် တိုးတက်ပြီးတော့ ဖြစ်လာတယ်။

လှူပြီးသွားပြီ၊ လှူပြီးပြီဆိုပြီးတော့ ပြီးသွားတာမဟုတ်ဘူး။ လှူပြီးနောက်ပိုင်းမှာလည်း ကြွသွားတဲ့ သံဃာတော် အရှင်မြတ်တွေကိုကြည့်ကာ ကြည်ညိုနေတယ်။ ရေသွားခပ်တယ်၊ ရေခပ်ဖို့သွားတာ၊ အိုးလေးရွက်၊ အိမ်ကထွက်လာတဲ့မယ်နာဂါဆွမ်းလောင်းပြီးတဲ့အချိန်မှာ သူ့အလုပ်သူပြန်လုပ်ရပြီ။ အဲဒီအချိန်မှာလည်း သူစိတ်ထဲမှာ ကျေနပ်နေပါတယ်။ လှူပြီးနောက်ပိုင်း စိတ်ထဲမှာ ကြည်လင်နေတယ်။

(လှူပြီးနောက်တွင် အလှူရှင် စိတ်တွင် ကြည်ရမည်။)

စိတ်ထဲမှာ ကြည်လင်နေရမယ်။ စိတ်တွေ ကြည်နေရမယ်။ စိတ် မကြည်ဘူးဆိုတာသည် သဒ္ဓါတရား ပျက်သွားတာပါ။ တချို့က မလှူခင်တုန်းက သိပ်မကြည်ညိုဘူး၊ မကြည်ညိုဘူးဆိုကတည်းက သူ့စိတ်ထဲမှာ ဘယ်လိုမျှ မကြည်နိုင်ဘူး၊ ပေးကမ်းလှူဒါန်းနေတဲ့အချိန်မှာ မဖြစ်လို့ လှူရတယ်၊ ကြောက်လို့ လှူရတယ်၊ အဲဒီလိုမျိုးပေးလှူတဲ့လူရဲ့စိတ်မကြည်ပါဘူး။

အလှူရှင်ရဲ့မျက်နှာကြည့်လိုက်ရင် သိသာတယ်။ လှူဒါန်းပြီးတဲ့နောက်ပိုင်းမှာလည်း စေတနာတွေ မပျက်စီးရဘူး၊ ကြည်လင်နေရမယ်၊ ပြန်စဉ်းစားတိုင်းမှာ "ဘယ်တုန်းကတော့ ငါ ဘယ်လိုလှူခဲ့တာပဲ၊ ဘယ်နေရာ၊ ဘယ်ဒေသမှာ ဘယ်လောက်အတိုင်းအတာ ငါတို့ လှူခဲ့တယ်" ပြန်တွေးရင် ဝမ်းသာအားရဖြစ်နေရမယ်။

www.dhammadownload.com

အလှူရှင်ပုဂ္ဂိုလ်တွေမှာရှိရမယ့် အရည်အသွေး(၃)ချက်၊ စေတနာ(၃)တန် ပြည့်တဲ့ဒါနသည် သိပ်အကျိုးကြီးပါတယ်။

အဲဒီသုံးချက်လုံးပြည့်ဖို့ကလည်း ခပ်ခက်ခက်ပါ။ တချို့က မလှူခင်မှာ စိတ်ထဲကြည်တယ်၊ လှူနေဆဲမှာ စေတနာပျက်သွားတယ်။ အလှူခံပုဂ္ဂိုလ်တွေ နေပုံထိုင်ပုံ၊ စားပုံသောက်ပုံ၊ သွားပုံလာပုံ နေရာမကျဘူး၊ ကြည်ညိုဖွယ်မဆောင်ဘူးဆိုရင် စိတ်ထဲမကြည်တော့ဘူး၊ အဲလိုဆိုရင် အလှူရှင်ပုဂ္ဂိုလ်ရဲ့ စေတနာပျက်သွားတယ်။ တစ်ခါတလေကျရင် လှူပြီးတဲ့နောက်ပိုင်းမှ ငါလှူလိုက်တာ မှားလေခြင်း၊ ငါလှူလိုက်တာ မှားသွားပြီ၊ ငါမလှူရင် ကောင်းသားပဲ ဆိုပြီးတော့ စိတ်ပျက်သွားတာမျိုး၊ စိတ်ကွက်သွားတာမျိုးကလည်း စေတနာသုံးတန် မပြည့်စုံတော့ဘူး။

စေတနာ (၃) တန်လုံး ဒါနတစ်ခုမှာ ပြည့်စုံဖို့ဆိုတာလည်း မလွယ်ဘူး။ အတော် သတိထားဆင်ခြင် စိတ်ကို ပြင်တတ်ဖို့ လိုပါတယ်။ တစ်ဖက်က ကြည့်လိုက်ပြန်တော့လည်း အလှူခံပုဂ္ဂိုလ် ရာဂကင်းအောင် ကျင့်နေတယ်၊ ဒေါသ၊ မောဟကင်းအောင် ကျင့်နေတယ်၊ အဲဒီလို အလှူခံပုဂ္ဂိုလ်မျိုးရဖို့ကလည်း မလွယ်ပါဘူး။

ဒါကြောင့် အလှူအတန်းတစ်ခု အကျိုးပေးဖို့၊ အကျိုးကြီးဖို့ဆိုတာ အဖက်ဖက်ကပြည့်စုံမှ၊ အလှူခံဘက်ကလည်းပဲ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းရှိမှ၊ အလှူရှင်ပုဂ္ဂိုလ်ဘက်ကလည်း ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းပြည့်စုံမှပါ။ ဒီအချက်တွေပြည့်စုံတဲ့ဒါနသည် အလွန်တရာမှ အကျိုးကြီးပါလိမ့်မယ်၊ အကျိုးပေးပါလိမ့်မယ်။

အခု သံယာတော် အရှင်မြတ်တွေက အလှူရှင်မလေးကို သနားလို့၊ စောင့်ရှောက်ချင်လို့တဲ့၊ ဆင်းဆင်းရဲရဲနဲ့ လှူဒါန်းလိုက်တဲ့ဒါန၊ ကြဲဖန်ကုတ်ကတ်ပြီးတော့ မဖြစ်ဖြစ်အောင် လှူဒါန်းလိုက်တဲ့ သူ့ဒါနကို အကျိုးကြီးအောင် ငါတို့ စောင့်ရှောက်မယ်။ အကျိုးများအောင်လို့ တို့တရားကျင့်မယ်၊ "ငါ့ရှင်တို့ မမေ့ကြနဲ့၊ မပေါ့ကြနဲ့၊ ဒီဆွမ်းကို ပေါ့ပေါ့တန်တန် မဘုဉ်းကြနဲ့၊ တို့တရားကျင့်ကြစို့" ဆိုပြီးတော့ သံယာတော်တွေ တရားကျင့်လိုက်တာ မကြာဘူး။ ဆွမ်းဘုဉ်းပေးတဲ့နေရာမှာတင် ရှေ့ဆင့်နောက်ဆင့် သံယာတော်အားလုံး ရဟန္တာဖြစ်သွားတယ်။

www.dhammadownload.com

တရားရသွားပြီ၊ မကြာလိုက်ဘူးနော်၊ ဆွမ်းမဘဉ်းပေးခင် ရေကန်နံဘေး သစ်ပင်ရိပ်ကလေးတွေမှာ တရားဓမ္မကျင့်ကြံကြတဲ့ သံဃာတော်အရှင်မြတ်တွေ ရဟန္တာဖြစ်သွားကြပါပြီ၊ မယ်နာဂါလေး လှူရတဲ့ ဆွမ်းအလှူသည်ရဟန္တာအရှင်မြတ်တွေကို လှူဒါန်းရတဲ့ဒါနဖြစ်သွားပါပြီ။ လောင်းလိုက်တုန်းကတော့ဖြင့် သာမန်ပုထုဇဉ်ရဟန်းတော်တွေကို လောင်းလိုက်တာပါ။ ဒါပေမဲ့လို့ သူ့ဆွမ်း တကယ်တမ်းဘဉ်းပေးတဲ့ အချိန်မှာ ဒီရဟန်းတော်တွေသည် တရားရသွားကြပြီ၊ ရဟန္တာဖြစ်နေကြပြီဆိုတော့ ရဟန္တာအရှင်မြတ်တွေကို လောင်းလှူရတဲ့ဒါနပါ။ တစ်နည်းပြောမယ်ဆိုရင် သူ့ဆွမ်းအလှူကို အကြောင်းပြုပြီးတော့ သံဃာအပါး (၆၀) တရားရသွားပါတယ်။

သူ့လို သာသနာ စောင့်ရှောက်ချီးမြှောက်မှုမထားဘူးဆိုရင် ဒီရဟန်းတော်တွေ လေးလေးနက်နက် ဒီလိုတရားကျင့်ဖြစ်ချင်မှ ကျင့်ဖြစ်မယ်။ ဒီလို အလေးအနက် မကျင့်ရင်လည်း တရားရချင်မှ ရလိမ့်မယ်။ အခု အလှူခံပုဂ္ဂိုလ်တွေ ငဲ့ညှာတယ်၊ အလှူခံပုဂ္ဂိုလ်တွေ အကျိုးများအောင် ကျင့်တယ်။ ကိုယ့်အတွက်လည်း အကျိုးရှိ၊ သူ့အတွက်လည်း အကျိုးရှိအောင် ကျင့်ကြံအားထုတ်လိုက်ကြတော့ သံဃာတော်တွေ ရဟန္တာဖြစ်ပြီ။ ဆွမ်းဘဉ်းပေးကြပြီ။ အလှူပွဲကြီးလည်း အောင်ပါပြီ။

ဒီအလှူဒါနကို ဘယ်သူမျှ မသိပါဘူး။ ဟောဒီ အရှင်သူမြတ်တွေ ရဟန္တာဖြစ်သွားတယ်ဆိုတာလည်း ဘယ်သူမျှ မသိဘူး၊ မယ်နာဂါလေး သိသလားဆိုတော့လည်း မသိဘူး။ ဒါပေမဲ့ ဒီတော ဒီတောင်ထဲမှာ ရှိနေကြတဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ သိတယ်။ အာကာသစိုး၊ ရုက္ခစိုး၊ ဘုမ္မစိုးတွေက သိကြပါတယ်။ လူမသိပေမဲ့လို့ နတ်တွေ သိတယ်။ အဲဒီတော့ ဝမ်းသာအားရနဲ့ သာဓုခေါ်ကြပါတယ်။ ဝမ်းသာစရာကောင်းတဲ့ အလှူဒါနပါ။

နတ်သာဓုခေါ်

ကြည်ညိုစရာ၊ အားရစရာပါ။ မယ်နာဂါလေး ကံကောင်းပါတယ်။ ရဟန္တာအရှင်မြတ်တွေကို ဆွမ်းလှူရတယ်။ သူ့ဆွမ်းအလှူကို အကြောင်းပြုပြီးတော့ အကုန်လုံး တရားရသွားကြတယ်ဆိုပြီးတော့ ဒီအလှူဒါနကို ဝမ်းသာ

www.dhammadownload.com

အားရနဲ့ နတ်တွေက သာဓုခေါ်တယ်။ နတ်တွေ သာဓုခေါ်သံကို လူတွေက မကြားဘူး၊ လူတွေက မသိဘူး၊ နတ်အချင်းချင်းတော့ဖြင့် သိတယ်။

တောစောင့်နတ်၊ တောင်စောင့်နတ်တွေ သာဓုခေါ်တော့ မြို့စောင့်နတ်၊ ရွာစောင့်နတ်တွေကလည်း အသံကြားတဲ့ အချိန်အခါမှာ သာဓုခေါ်ကြတယ်။ တစ်ဆင့်တစ်ဆင့် အဲဒီလို သွားလိုက်တာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ ရှင်ဘုရင်ကြီးရဲ့ ထီးချက်စောင့် နတ်သမီးသိသွားတယ်။ ဘုရင့်ရဲ့ ထီးနန်းမှာ ထီးချက်စောင့် နတ်သမီးကလည်း နတ်တွေ သာဓုခေါ်သံကြားပြီး အကျိုးအကြောင်းကို ဆင်ခြင်သိမြင်တော့ ဝမ်းသာအားရနဲ့ သာဓုခေါ်တယ်။ ထီးချက်စောင့်နတ်သမီး သာဓုခေါ်တဲ့အသံ ဘုရင်ကြီးက ကြားတယ်။

"သာဓုခေါ်တာ ဘယ်သူလဲ" မေးကြည့်လိုက်တော့ နတ်သမီးက "အရှင်မင်းကြီး ကျွန်မ သာဓုခေါ်တာ"။ " နင်ဒီနေ့ ဘာလို့ သာဓုခေါ်တာလဲ၊ ငါ နေ့တိုင်း နေ့တိုင်း လှူနေတာပဲ ဒီနေ့မှ နင် ထူးထူးခြားခြား သာဓုခေါ်ရလား၊ အရင့်အရင်နေ့တွေကလည်း ငါ ကုသိုလ်ကောင်မှုတွေ လုပ်နေတာပဲ၊ အဲဒီတုန်းကတော့ သာဓုမခေါ်ဘဲနဲ့ အခုမှ သာဓုခေါ်ရလား"လို့ ဘုရင်က သူ့ကုသိုလ်၊ သူ့ကောင်းမှုတွေ နတ်သမီး သာဓုခေါ်တယ်ထင်လို့ မေးတယ်။ နတ်သမီး သာဓုခေါ်တာဟာ ရှင်ဘုရင်ကြီးရဲ့အလှူလား၊ ကျွန်မလေးရဲ့အလှူလား၊ ရှင်ဘုရင်ကြီးရဲ့အလှူကို နတ်သမီး ဘယ်တုန်းကမျှ သာဓုမခေါ်ခဲ့ဘူး၊ ကျွန်မလေး အဝေးကလှူနေတဲ့ အလှူဒါန တစ်ဆင့်တစ်ဆင့် နတ်တွေ သာဓုခေါ်သံကြားပြီးတော့ သူက သာဓုခေါ်တာပါ။

"အရှင်မင်းကြီးတဲ့၊ အရှင်မင်းကြီးရဲ့အလှူဒါနကို သာဓုခေါ်တာ မဟုတ်ပါဘူး၊ ဟိုတောရွာလေးမှာတဲ့ ကျွန်မလေးမယ်နာဂါ သံဃာတွေကို လောင်းလှူလိုက်တဲ့ ဆွမ်းဒါနကို အားရလွန်းလို့၊ ဝမ်းသာလွန်းလို့ သာဓုခေါ်တာပါ" ဆိုတော့မှ ဘုရင်ကြီးက အကျိုးအကြောင်းသိရလို့ သွားစုံစမ်းခိုင်းတယ်။ "အဲဒီရွာမှာမယ်နာဂါဆိုတာရှိလား၊ခေါ်လာခဲ့၊မေးမြန်းမယ်၊အကျိုးအကြောင်းသိအောင်လုပ်မယ်" ဆိုပြီးတော့ နန်းတော်အရောက် ခေါ်ခိုင်းတယ်၊ မယ်နာဂါလေးက တောသူမလေး၊ ဘုမသိဘမသိနဲ့ လိုက်လာတာ နန်းတော်ရောက်တော့ မေးတယ်။

www.dhammadownload.com

"နင် ဒီနေ့ ဘာကုသိုလ်၊ ဘာကောင်းမှုလုပ်လဲ" "ဒီလို ဒီလို သံဃာတွေ ဆွမ်းလောင်းလိုက်ပါတယ်"လို့ ကြောက်ကြောက်လန့်လန့် သံတော်ဦးတင်ပါတယ်။ "ဘယ်ကနေ အသပြာငွေကြေးရလဲ၊ နင် ဒီလောက် ဆင်းရဲတာ၊ ဘယ်လိုလုပ်ပြီးတော့ အလှူပြုနိုင်တာလဲ၊ ဒါနပြုနိုင်တာလဲ" ဆိုတော့ "အရှင်မင်းကြီး ကျွန်မသည် အိမ်ရှင်သူဌေးထံမှာ ခန္ဓာကိုယ်ကို ရောင်းချပြီးတော့ ကျွန်ခံပါ့မယ်ဆိုပြီးတော့ အသပြာ မရအရရှာကာ ကောင်းမှုကို ပြုလိုက်တာပါ။ဒီအသပြာနဲ့သံဃာတော်အရှင်မြတ်တွေကို ဆွမ်းလောင်းလှူလိုက်တာပါ" ဆိုတော့ ဘုရင်ကြီးကလည်း ဝမ်းသာတယ်၊ ကျေနပ်တယ်၊ သာဓုခေါ်တယ်။ "ဒီလောက်တောင်မှ စိတ်ကောင်း၊ စေတနာကောင်းရှိတဲ့ သူတော်ကောင်း မလေး မဆင်းရဲစေရဘူး၊ ဒုက္ခမရောက်စေရဘူး" ဆိုပြီးတော့ ရှိသမျှ အကြွေးတွေလည်း အကုန်ဆပ်ပေး၊ သူ့တစ်သက်တာကာလ သုံးမကုန် စွဲမကုန်တဲ့ ရွှေ၊ ငွေ၊ ရတနာတွေလည်းပဲ ချီးမြှင့်ထောက်ပံ့ဆိုတော့ ချက်ချင်းလက်ငင်း အကျိုးရပါတယ်။

နေ့တောင် မခြားဘူး။ ဒီနေ့ပဲလှူ၊ ဒီနေ့ပဲ အကျိုးရတယ်။ ဆင်းရဲနိမ့်ကျတဲ့ ဘဝကနေပြီးတော့ ရှင်ဘုရင်က ကြည့်ရှုစောင်မလိုက်တော့ လှူနိုင်တန်းနိုင်သွားပြီ၊ ကောင်းကောင်းမွန်မွန် နေရပြီ၊ သူ့ဘဝမှာဆင်းရဲကင်းကာ ချမ်းသာပြည့်စုံသွားပါတယ်။

သူ့ဒါနသည် ဘဝနဲ့ရင်းပြီးတော့ လှူဒါန်းလိုက်တဲ့ဒါနပါ။ သာမန်လူတွေ ပြုနိုင်ခဲတဲ့ဒါန၊ လူတကာတွေ ပြုနိုင်ခဲတဲ့ ဒါနကို ထူးထူးချွန်ချွန်ပြုလိုက်တဲ့ မယ်နာဂါသည် အကျိုးတရားတွေကိုလည်း ထူးကဲစွာ ရရှိပါတယ်၊ ထူးခြားစွာ ရရှိတယ်။

ဒါနဆိုတာ နည်းတယ်များတယ်က အဓိကမဟုတ်ပါဘူး၊ ဘာက အဓိကလဲဆိုရင် စေတနာက အဓိကပါ။ ကိုယ့်မှာ လှူစရာ တန်းစရာတွေ မရှိဘူးဆိုပေမဲ့လို့ စေတနာ သဒ္ဓါတရားက ထက်သန်ရင် မဖြစ်ဖြစ်အောင် လှူလို့ရပါတယ်။ မယ်နာဂါလေး လှူတဲ့အတိုင်းအတာ ပမာဏက ဘာမျှမပြောပလောက်ပါဘူး၊ ရှင်ဘုရင်ကြီးလှူနေတဲ့ နေ့စဉ်နေ့တိုင်း လှူနေတဲ့ အသပြာ

www.dhammadownload.com

သိန်းပေါင်းများစွာထက် နှိုင်းစာရင် အခု ကျွန်မလေး လှူလိုက်တဲ့ အသပြာ (၆၀) က ပိုပြီးတော့ ခရီးရောက်ပါတယ်။

ရဟန်းသံဃာတွေလည်း သူ့လေးစားတယ်၊ သနားတယ်၊ စောင့်ရှောက်တယ်၊ သူ့အတွက်၊ ကိုယ့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးများပါစေ ဆိုပြီးတော့ တရားဓမ္မတွေ ကျင့်ကြတော့ ရဟန္တာလည်းဖြစ်စေတဲ့ ဆွမ်းအလှူ၊ အလှူရှင်ကိုလည်း ချက်ချင်းအကျိုးပေးစေတဲ့ အလှူပါ။ ဘုန်းကြီးတို့ ပရိသတ်လည်း ဒါကို အတုယူရမယ်၊ နမူနာယူရမယ်။ "ငါတို့ တရားဓမ္မကျင့်တဲ့ အချိန်အခါမှာ လှူဒါန်းတဲ့သူတွေအကျိုးများပါစေ၊ အကျိုးကြီးပါစေ၊ တို့လည်းတရားရအောင် ကျင့်မယ်၊ ဒီလိုတရားရရင် တို့မှာ အကျိုးရှိသလို သူတို့မှာလည်း အကျိုးရှိမယ်" လို့ နလုံးသွင်းပြီးတော့ တရားဓမ္မတွေ ကျင့်ကြံပွားများတယ်။ (၇) ရက်တိုင်တိုင် ရှစ်ပါးသီလ ခံယူဆောက်တည်တယ်။ တရားတော်တွေကိုလည်း နာကြား တယ်။

ခုလို တရားဓမ္မ ကျင့်သုံးနိုင်ဖို့၊ အားထုတ်နိုင်ဖို့ဆိုပြီးတော့ ဟိုရပ်ဝေးကနေပြီးတော့ ဝေယျာဝစ္စလာရောက်ပြီး ဆောင်ရွက်တဲ့သူတွေကလည်း ဘာမျှလိုလေသေးမရှိအောင် အစစအရာရာ ပင်ပန်းခံပြီးတော့ ဆောင်ရွက်ပေးတယ်ဆိုတော့ ဒီနေရာမှာ ရှိနေတဲ့ လူတိုင်းလူတိုင်းမှာ ကုသိုလ်ကောင်းမှုတွေ ရှိကြတဲ့သူတွေချည်းပါပဲ၊ ကုသိုလ်ရှင်တွေချည်းပဲ။ အဲဒီကုသိုလ်ကောင်းမှုတွေ အသီးသီးရှိကြတော့ ကိုယ့်ကုသိုလ်ကို ကိုယ် ရပြီးတော့ သူ့ကုသိုလ်ကို သူရပါစေလို့ အပြန်အလှန် ကိုယ့်ကုသိုလ် ကိုယ့်ကောင်းမှု၊ သူ့ကုသိုလ် သူ့ကောင်းမှုကို အမျှဝေ၊ သူများပြုတဲ့ကုသိုလ်ကောင်းမှုလည်း ကိုယ်ရအောင် သာဓုခေါ်ဆိုမယ်ဆိုရင် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရပါတယ်။

အလှူခံပုဂ္ဂိုလ်လည်း အကျိုးရ၊ အလှူရှင်ပုဂ္ဂိုလ်လည်း အကျိုးရ၊ သူမှာလည်းပဲ အကျိုးဖြစ်၊ ကိုယ့်မှာလည်းပဲ အကျိုးဖြစ်တဲ့ ကုသိုလ်ကောင်းမှုမျိုး ငါတို့တစ်တွေတော့ဖြင့် ပြုရပြီ၊ လှူနိုင်ခဲတဲ့ဒါန၊ ပြုနိုင်ခဲတဲ့ ဒါနကောင်းမှုတွေကို ပြုခဲ့တဲ့ မယ်နာဂါက ထူးခြားမြင့်မြတ်တဲ့ ကောင်းမှုကုသိုလ်တွေကို ပြုခဲ့တော့ ထူးခြားကောင်းမွန်တဲ့ ကောင်းကျိုးတွေကို ရတယ်။

www.dhammadownload.com

အဲဒီလို စေတနာ သဒ္ဓါတရားနဲ့ ပြုမယ်၊ ပြောမယ်၊ ကြံမယ်ဆိုရင် ကောင်းမှုကုသိုလ်တွေက ကျိန်းသေဖကန် ရောက်လာပါလိမ့်မယ်။ ကောင်းကျိုးတွေ တမင်တကာ တကူးတက ရှာနေစရာမလိုဘူး၊ ကောင်းကျိုးရချင်လို့ ဆိုပြီးတော့ မျှော်လင့်နေစရာ၊ လုံ့လစိုက်ပြီးတော့ ရှာနေစရာ မလိုပါဘူးတဲ့၊ ကောင်းတဲ့အလုပ်တွေကိုပြု၊ ဒါနကောင်းမှု၊ သီလကောင်းမှုတွေကိုပြု၊ ဘာဝနာတရားတွေကို ပွားများမယ်ဆိုရင် ကောင်းကျိုးအဖြာဖြာ ကိုယ့်ထံကို ရောက်ရှိလာမှာ မလွဲဖကန်ပါပဲ။

ဒါကြောင့်မို့ အမြတ်ဆုံးဖြစ်တဲ့ဒါနကို ပြုကြသလို သီလကိုလည်း ပြုမယ်၊ ဘာဝနာတွေကိုလည်းပွားများမယ်၊ လိုအပ်တဲ့ဝေယျာဝစ္စကောင်းမှုတွေကို မတွန့်မဆုတ် ကြိုးစားပမ်းစားနဲ့ပြုမယ်ဆိုရင် ကုသိုလ်ကောင်းမှု စုံလင်တဲ့သူ၊ ကုသိုလ်ကောင်းမှုတွေ စုံလင်နေတဲ့သူမှာ အကျိုးတရားတွေလည်း ပြည့်စုံပါတယ်၊ စုံလင်ပါတယ်။ ဒါနကလည်း ဒါနအကျိုး၊ သီလကလည်း သီလအကျိုး၊ ဘာဝနာကလည်း ဘာဝနာအကျိုး၊ အဲဒီလို သီးခြားစီ ထူးခြားချက်တွေရှိနေတော့ ဒါနလည်းပြု၊ သီလလည်းဆောက်တည်၊ ဘာဝနာလည်းပွားဆိုရင် အကျိုးပေး တွေ စုံသွားပါတယ်။

ကိုယ်တတ်နိုင်သမျှလည်း လှူဒါန်းခဲ့ကြပြီးပြီ၊ သီလတွေကိုလည်း လုံခြုံအောင် စောင့်ထိန်းပြီးပြီ၊ ဘာဝနာအသိဉာဏ်တွေရအောင် ကြိုးစားပမ်းစားနဲ့ ကျင့်ကြံပြီးပြီ၊ ဒီကုသိုလ် ဒီကောင်းမှုတွေ အားလုံးသောသူတွေ ရကြပါစေလို့ စိတ်ထဲမှာ ထားရမယ်။ မြင်အပ်၊ မမြင်အပ် နှစ်ရပ်သော သတ္တဝါတွေ ရပါစေ၊ ကိုယ်နဲ့ ဆက်စပ်တဲ့သူ၊ ကိုယ် ရည်ညွှန်းထားတဲ့သူ၊ ရည်မှန်းထားတဲ့သူတွေလည်း ရပါစေလို့ ဆုတောင်းပါ။

ကုသိုလ်ကောင်းမှုအဖြာဖြာကိုပြုတဲ့ ထူးခြားတဲ့ မယ်နာဂါလေး ထူးကဲတဲ့ ကောင်းမှုတွေရသလို၊ မိမိတို့လည်းပဲ ရပါစေ၊ ကျင့်ကြံအားထုတ်တဲ့ တရားထူး တရားမြတ်တွေလည်းပဲ ခရီးရောက်ပါစေ၊ ခရီးပေါက်ပါစေ၊ မင်္ဂဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ၊ လွယ်ကူစွာနဲ့ ရနိုင်ရောက်နိုင် မျက်မှောက်ပြုနိုင်ကြပါစေ။

www.dhammadownload.com

မပြေတဲ့ ရန်ငြိုး

အမျက်ဒေါသ ကြီးမားလွန်းတဲ့အတွက်ကြောင့် ရန်ငြိုးရန်စတွေနဲ့ မကောင်းမှုတွေကို ပြုလုပ်မိလို့ ဆင်းရဲခဲ့ကြွအဖုံဖုံ တွေ့ကြုံရတာကို သံဝေဂ ဝင်ပြီးတော့ ဆင်ခြင်နိုင်ဖို့၊ မိမိတို့ရဲ့စိတ်သန္တာန်မှာ လွှမ်းမိုးဖိစီးနှိပ်စက်လာတဲ့ ဒေါသတရားကို ဖြေလျော့ကြစေချင်ပါတယ်။

ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိ၊ အဋ္ဌကထာမှာ အဇဂရပေတဝတ္ထုဆိုတဲ့ အကြောင်းအရာတစ်ခု ရှိပါတယ်။ အဲဒီမှာ မြတ်စွာဘုရားရှင်က ဒေါသ အလျောက် မကောင်းမှုပြုသူတို့ရဲ့ဆင်းရဲခဲ့ကြွဖြစ်ပုံကို အခြေခံပြီးတော့ ဟော ပြောခဲ့တဲ့တရားပါ။ စိတ်လိုက်မာန်ပါ ဒေါသနဲ့ ပြုလုပ်လိုက်တဲ့ အချိန်တုန်းက ဘာဖြစ်လာမယ်၊ ဘယ်လိုအကျိုးတရားတွေ ပေါ်လာမယ်ဆိုတာကို မဆင်ခြင် မဆုံးဖြတ် မသုံးသပ်နိုင်ဘူး။ ဒေါသတကြီးနဲ့ ဒေါသအလျောက် ပြုလုပ်လိုက် တဲ့ မကောင်းမှုအကုသိုလ်တွေက အကျိုးပေးလာတဲ့အချိန်မှာ ကြီးစွာသော ဆင်းရဲခဲ့ကြွတွေ ရလာတယ်လို့ ဆင်ခြင်ရမယ့် တရားဒေသနာပါ။

ဒေါသအပြစ် (၅) မျိုး

အမျက်ဒေါသတွေ ဖြစ်လာတဲ့အချိန်မှာ ဒေါသတွေကို ဖြေလျော့နိုင်ဖို့ အတွက် အရင်ဆုံး ဒေါသရဲ့အပြစ်ငါးမျိုးကို သိစေချင်ပါတယ်။ ဒေါသဖြစ်လာ တဲ့ပုဂ္ဂိုလ်၊ ဒေါသကြီးတဲ့သူမှာ ဖြစ်နိုင်တဲ့ အပြစ်ငါးမျိုးပါ။

www.dhammadownload.com

(ဒေါသကြီးမား လူမုန်းများ ရန်များ ပြစ်များသည်)

ဒေါသကြီးရင် လူမုန်းများတယ်။

"မနုဿာနံ အပ္ပိယော ဟောတိ"

မနုဿာနံ - လူအများအပေါင်း၏၊ အပ္ပိယော - မချစ်ခင် မနှစ်သက်အပ်သည်၊ ဟောတိ - ဖြစ်ပါပေ၏။

ဒေါသကြီးသူကို ဘယ်သူမျှ သဘောမကျဘူး။ ဒေါသဆိုတာ ကိုယ့်သန္တာန် ကိုယ့်စိတ်မှာ စတင်ဖြစ်လာတဲ့အခါမှာ ပထမဦးဆုံး ဘယ်သူ့ကို လောင်ကျွမ်းသလဲ။ တကယ်တမ်း ဒေါသက ဘယ်သူ့ကို အရင်ဆုံးဒုက္ခပေးသလဲလို့ကြည့်လိုက်တော့ ကိုယ့်ကို ဒုက္ခပေးတယ်။ ကိုယ့်စိတ်ထဲမှာ ပူလောင်ပြီးဖြစ်နေတဲ့ ဒေါသကို ငြိမ်းနိုင်ရင် ငြိမ်း၊ စိတ်မှာ ဖြစ်နေတဲ့ ဒေါသကို မလျော့နိုင်ဘူး၊ မငြိမ်းနိုင်ဘူးဆိုရင် မနောကံကနေ ဝစီကံကို ရောက်လာတယ်။

စိတ်ကနေပြီးတော့ နှုတ်ကို ရောက်လာတယ်။ နှုတ်ထွက်တွေလည်း ကြမ်းတမ်းလာတယ်၊ ရိုင်းစိုင်းလာတယ်။ လူကြားသူကြားတွေထဲမှာ မသုံးနှုန်းသင့်တဲ့ အသုံးအနှုန်း၊ မပြောဆိုသင့်တဲ့ စကားလုံးတွေလည်း ထွက်လာတယ်။ သူတော်ကောင်းတွေနားမှာ မကြားဝံ့ မနာသာတွေ ပြောရဲတာလည်း ဒေါသကြောင့်ပါ။ ဘယ်လောက်ယဉ်ကျေးသိမ်မွေ့နေတဲ့သူ ဖြစ်ပါစေ ဒေါသဝင်လာရင် ဒေါသကြောင့် ကြမ်းတမ်းရိုင်းစိုင်းတဲ့စကားမျိုး နှုတ်က ထွက်လာပါတယ်။

စိတ်ကနေ နှုတ်အဆင့်မှာ ထိန်းနိုင်ရင်ထိန်း၊ မထိန်းနိုင်ရင် နောက်တစ်ဆင့်တက်ရင် ကာယကံကို ရောက်လာတယ်။ ကိုယ်ထိလက်ရောက် ကျူးလွန်မှုတွေ ဖြစ်လာတယ်။ ထိုးမယ်၊ ကြိတ်မယ်၊ ရိုက်မယ်၊ နှက်မယ်၊ သတ်မယ်၊ ဖြတ်မယ်ဆိုတာတွေ ဖြစ်လာတဲ့အခါကျတော့ ထိန်းလို့မရတော့ပါဘူး။

ထိန်းမနိုင် သိမ်းမရနဲ့ ဒေါသမီးတွေ တောက်လောင်တဲ့သူ။ ဒေါသကြီးတဲ့သူသည် တစ်အချက် ဘယ်လိုဆိုးကျိုးတွေများ ကြုံသလဲ။ လူမုန်းများတယ်။

မနုဿာနံ အပ္ပိယော ဟောတိ။

မနုဿာနံ - လူအများအပေါင်း၏၊ အပ္ပိယော - မချစ်ခင် မနှစ်သက်အပ်သည်၊ ဟောတိ - ဖြစ်ပါပေ၏။

www.dhammadownload.com

ဝေရီဇဟုလော - ရန်ငြိုးရန်စများသည်၊ ဟောတိ - ဖြစ်ပါပေ၏။ ရန်သူလည်း များတယ်။ ဒေါသကြီးတဲ့သူ ရန်သူများပါတယ်။

ဒေါသကြီးတဲ့သူ ရန်သိပ်များပါတယ်။ ဟိုလူနဲ့လည်း အဆင်မပြေ၊ သည်လူနဲ့လည်း အဆင်မပြေဘူး။ သူ့ဒေါသ အခုအခံရှိနေသမျှ ကာလပတ်လုံး ပတ်ဝန်းကျင်နဲ့ အဆင်မပြေဘူး။ နေရင်းထိုင်ရင်းနဲ့ကို ဘယ်သူမျှ ကြည့်လို့မရဘူး။ ဘယ်သူတွေပဲ ကောင်းတာလုပ်နေလုပ်နေ အကောင်းမမြင်ဘူးဆိုတာသည် ဒေါသကြောင့်ပါ။

ဒေါသရဲ့ဆန့်ကျင်ဘက် မေတ္တာဆိုတာက အကောင်းမြင်တယ်။ လောကကြီးကို အကောင်းမြင်တာက မေတ္တာပါ။ လောကကို အဆိုးမြင်နေတာ ဒေါသပါ။

မေတ္တာဓာတ်ခံရှိတဲ့သူ၊ မေတ္တာတရား ကြီးမားတဲ့သူကို လူတွေက ချစ်ကြ ခင်ကြတယ်။ ဒေါသကြီးတဲ့သူကို လူမုန်းများတယ်။ ရန်များတယ်။ နောက်တစ်ခု ရှိသေးတယ်။ အပြစ်များတယ်။

ဝဇ္ဇဟုလော - ကျရောက်လာမယ့် အပြစ်တွေကလည်း များသည်၊ ဟောတိ - ဖြစ်ပါပေ၏။ ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံအပြစ် ရှင်းရှင်းပြောလို့ရှိရင် ဒေါသဆိုတာသည် အကုသိုလ်ပါ။

အကုသိုလ်မှန်း လူတိုင်းသိတယ်။ ဒေါသသည် မကောင်းဘူးလို့ လူကြီးကအစ ကလေးက အဆုံး သိပါတယ်။

သိပေမဲ့လို့ အဲဒီဒေါသကို ဆင်ခြင်ဖို့ကျတော့ မတတ်နိုင်ကြဘူး။ မဆင်ခြင်နိုင်၊ မထိန်းသိမ်းနိုင်တဲ့အတွက်ကြောင့်မို့မဖြစ်သင့်တာတွေဖြစ်လာတယ်။ မကောင်းတာတွေဘဲဖြစ်ပေါ်စေတဲ့ဒေါသပါ။ ဒေါသရဲ့အဖျက်စွမ်းအားကြောင့် ပထမဆုံး ကိုယ့်စိတ်နှလုံးမှာ ကုသိုလ်တရားတွေ ပျက်စီးသွားတယ်။ နောက်တစ်ခါ ကောင်းတဲ့စိတ်တွေ ပျက်စီးသွားတယ်။ ကိုယ်ကိုယ်တိုင် လောင်ကျွမ်းပြီးတဲ့အခါမှာ ကိုယ့်တစ်ယောက်တည်း မကဘူး။ ကိုယ့်အနီး ပတ်ဝန်းကျင်ကိုလည်း ကူးစက်သွားတယ်။ ဒါကြောင့် ဒေါသသည် မီးနဲ့တူတယ်လို့ ဥပမာပေးကြတယ်။

www.dhammadownload.com

မီးက လောင်စာတစ်ခုရပြီဆိုရင် အဲဒီလောင်စာကို လောင်ပြီးလို့ရှိရင် အနီးအနားရှိတဲ့ လောင်စာတွေကို လောင်ပါတယ်။ သူ့ကိုလည်း ဖျက်၊ ကိုယ့်ကိုလည်း ဖျက်တာသည် ဒေါသမီးပါ။

ဒေါသကြီးမား လူမုန်းများ ရန်များ အပြစ်များသည်။
တွေဝေသေကာ အပါယ်ရွာ လျင်စွာကျရောက်သည်။
သမ္မာဇ္ဇော ကာလံ ကရောတိ။

သေဆုံးကွယ်လွန်တဲ့အခါမှာ မကောင်းသဖြင့် သေရတယ်။ ဒေါသနဲ့ သေရင် အသေမကောင်းပါဘူး။ ဒေါသနဲ့သေရင် ငရဲရောက်ပါမယ်။

များသောအားဖြင့် သတ္တဝါတွေ ဘဝနိဂုံးချုပ်တဲ့အချိန်မှာ အကုသိလ်နဲ့ နိဂုံးချုပ်ကြမယ်ဆိုရင် လောဘနဲ့သေရင် ပြိတ္တာဖြစ်တယ်။ ဒေါသနဲ့ သေရင် ငရဲကျပါမယ်။ မောဟနဲ့သေရင် တိရစ္ဆာန် ဖြစ်ပါမယ်။

လောဘ၊ ဒေါသ၊ မောဟဆိုတာသည် အကုသိုလ်တရားပါ။ မကောင်းပါဘူးလို့ ဘုရားရှင်က သမ္မညျတဉာဏ်တော်နဲ့ သိထား မြင်ထားတဲ့အတွက် ကြောင့်မို့ ဒါတွေ မဖြစ်စေနဲ့၊ ဒါတွေ ထိန်းသိမ်း၊ ဒါတွေကို တားဆီးကာကွယ်ပါ။ အကုသိုလ်မှန်သမျှ မဖြစ်စေနဲ့၊ မလုပ်စေနဲ့လို့ ဘုရား ဟောပါတယ် ကောင်းကျိုး ချမ်းသာတွေဖြစ်စေဖို့ ဟောတော်မူတာပါ။

ဒေါသနဲ့သာ သေဆုံးကွယ်လွန်မယ်ဆိုရင် တွေဝေကာ မကောင်းသဖြင့် သေရတယ်။ ပြီးတဲ့အခါကျတော့ အပါယ်ရောက်တယ်တဲ့။ ကာယသဘောဒါ။ ကာယသ - ခန္ဓာကိုယ်ကြီးရဲ့ ဘောဒါ - ပျက်စီးသည်မှ၊ ပရံ - နောက်ကာလ၌၊ ဒုဂ္ဂတိ - မကောင်းသောသူတို့၏ လားရာဖြစ်တဲ့၊ ဝိနိပါတံ - ပျက်စီးကျရာ ဖြစ်သော၊ နိရယံ - ငရဲသို့၊ ဥပပဇ္ဇတိ - ကပ်ရောက်ရပါ၏။

သေပြီးတဲ့နောက် အပါယ်ရောက်စေတာလည်း ဒေါသပါ။ တော်တော် မကောင်းတဲ့တရားပါ။ ဘယ်သူ့ကိုမျှ ကောင်းကျိုးမပေးပါဘူး။

သူလည်း ဒုက္ခပေးတယ်။ ကိုယ့်လည်း ဒုက္ခပေးတယ်။ တစ်ယောက်ယောက် ကိုယ်နဲ့ ဆက်ဆံနေတဲ့သူ၊ ရင်းနှီးနေတဲ့သူ၊ သူမှာ ဒေါသဖြစ်နေပြီဆိုရင် နေရင်းထိုင်ရင်းနဲ့ သူ့အပူဟာ ကိုယ့်ဆီ ရောက်တယ်။ ဒေါသမီးတောက်လောင်နေတဲ့သူဟာ သူတစ်ယောက်တည်း တောက်လောင်တာ မဟုတ်ဘူး။

www.dhammadownload.com

အနီးအနားကိုလည်း ကူးစက်တယ်။ ကျန်တဲ့သူတွေလည်း နေရထိုင်ရတာ စိတ်မချမ်းသာဘူး။ သူတစ်ယောက်တည်း မချမ်းသာတာ မဟုတ်ဘူး။ အနီးအနား ပတ်ဝန်းကျင် ရှိသမျှပါအကုန်လုံး ဆင်းရဲဒုက္ခတွေ ပွားစေတယ်၊ ဆင်းရဲဒုက္ခတွေ တိုးစေတယ်ဆိုတော့ ဒေါသကို ပယ်ရမှာပါ။

ဒေါသဟာ မရှိသင့်တဲ့တရားပါ။ ဘုန်းကြီးတို့ မြတ်စွာဘုရား သုတ္တန်တစ်ခုမှာ ဘာနဲ့ ဥပမာပေးတုံးဆိုတော့ "ဒေါသရှိတဲ့သူသည်တဲ့ သုသာန်သချိုင်းမှာ လူသေကောင်တွေ မီးရှို့လို့ ကျန်ခဲ့တဲ့ ထင်းကုလားတုံးနဲ့ တူတယ်" လို့ပြောခဲ့တဲ့စကားလေးရှိပါတယ်။ ဘုန်းကြီးသိပ်သဘောကျတဲ့အသုံးအနှုန်းပါပဲ။ မြတ်စွာဘုရား ပြောခဲ့တယ်။ ဒေါသရှိတဲ့သူသည် ထင်းကုလားတုံးနဲ့ တူတယ်။ ထင်းကုလားတုံးဆိုတာက လူသေကောင်ကို ထင်းပုံထဲမှာ ထင်းချောင်းတွေစု မီးရှို့တဲ့အခါမှာ တချို့ထင်းတုံးတွေက တစ်ပိုင်းတစ်စ လောင်ကျွမ်းပြီးတော့ ကျန်ခဲ့တာပါ။

အဲဒီ ကျန်ခဲ့တဲ့ထင်းကို "ကျန်ခဲ့တဲ့ထင်း တို့ယူသွားပြီးတော့ တို့အိမ်မှာ ထမင်းဟင်းချက်မယ်" ဆိုပြီး ယူတဲ့သူ မရှိပါဘူး။

သချိုင်းကထင်း ဘယ်သူမျှ ပြန်မယူဘူး။

အဲဒီထင်းချောင်းကို အသုံးပြုပြီးတော့ အိမ်တွေဘာတွေ ဆောက်မယ်၊ တဲတွေ ဘာတွေ ဆောက်မယ်ဆိုပြီးတော့ သုံးတဲ့သူ မရှိပါဘူး။ အသုံးမဝင်ပါဘူး။ အသုံးလည်း မကျဘူး။ ဒီလိုပဲ ဒေါသကြီးတဲ့သူ၊ ဒေါသ ရှိနေတဲ့သူသည် လူရှေ့သူရှေ့ ပရိသတ်ထဲမှာ ဘယ်နေရာမှာမျှ မဝင်ဆံ့ပါဘူး။ လူကြားထဲမှာ ရှင်ကြားထဲမှာ၊ ပရိသတ်ကြားထဲမှာ သူ့ကို သုံးလို့မရပါဘူး။

သိပ်ကို စိတ်တိုတတ်တာပဲ။ သိပ်ကို စိတ်ဆိုးတတ်တဲ့သူပဲ။ ထစ်ခနဲဆိုရင် ပါးစပ်က ကြမ်းတမ်းတာတွေ ပြောတယ်။ လက်ကလည်း ပါတယ်။ ဒီလိုလူမျိုးကို ရှင်လူပရိသတ်ကြားထဲမှာ မသုံးရဲပါဘူး။

ဟိုး သချိုင်းကုန်းက လူသေကောင်ရှိတဲ့ ထင်းကုလားတုံးလိုပဲ အသုံးမကျ အသုံးမဝင်တဲ့သူတွေ မဖြစ်အောင်တဲ့ ဒေါသကို လျှော့ရမယ်။

ဒေါသကို မလျှော့နိုင်တဲ့အတွက်ကြောင့် ဒုက္ခရောက်ရတဲ့ အဖြစ်အပျက်တစ်ခုကို ဗုဒ္ဓမြတ်စွာက ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတဲ့အချိန်က ဟောခဲ့ပါတယ်။

www.dhammadownload.com

ဘုရားရှင် ဝေဠုဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့အချိန်မှာ အရှင်မောဂ္ဂလာန်နဲ့ အရှင်လက္ခဏ ရဟန္တာမထေရ်မြတ်နှစ်ပါးက ဂိဏ္ဍကုဋ္ဌတောင်မှာ သီတင်းသုံးကြတယ်။ ဂိဏ္ဍကုဋ္ဌတောင်ဆိုတာက ဝေဠုဝန်ကျောင်းနဲ့ အတော် ဝေးပါတယ်။ တောင်ပေါ်မှာပါ။ အဝေးကြီးမှာပါ။ ညညကျရင် တရားချမ်းသာနဲ့ အေးအေးချမ်းချမ်းနေချင်လို့ လူသူကင်းဆိတ် လူသူကင်းဝေးတဲ့ နေရာမှာ နေချင်လို့ဆိုပြီးတော့ ရှင်မဟာမောဂ္ဂလာန်နဲ့ ရှင်လက္ခဏရယ်က တောင်ပေါ် တက်ပြီးတော့ သီတင်းသုံးတယ်။ မနက်မိုးလင်းတဲ့အချိန်အခါမှာ အရှင်မြတ် တွေ ဆွမ်းခံဆင်းဖို့၊ ရာဇဂြိုဟ်ပြည်ထဲကို ဆွမ်းခံဆင်းဖို့ တောင်ပေါ်ကနေ သပိတ်ကိုယ်စီပိုက်ပြီးတော့ ကြွလေ့ရှိပါတယ်။

အရှင်မောဂ္ဂလာန် ပြုံးတော်မူ

တစ်နေ့ကျတော့ အရှင်မြတ်နှစ်ပါး တောင်ပေါ်က မနက်စောစော ဆင်း လာတဲ့အချိန် လမ်းခုလတ်မှာ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်က ပြုံးတယ်။ ပြုံးစရာအကြောင်း ထင်ထင်ရှားရှား မရှိဘဲနဲ့ အကြောင်းမဲ့ ပြုံးတယ်။ ရှင် လက္ခဏက နှစ်ပါးအတူသွားရာကနေပြီးတော့ ရှင်မဟာမောဂ္ဂလာန် မျက်နှာ အနေအထား တစ်မျိုးပြောင်းသွားတာကို သတိထားမိလိုက်တယ်။ သွားရင်း သွားရင်း ရုတ်တရက် မျက်နှာအမူအရာ ပြောင်းသွားတော့ "အရှင်ဘုရား ဘာ များဖြစ်တာလဲ၊ ဘာကြောင့် အရှင်ဘုရား မျက်နှာအမူအရာ ပြောင်းလဲသွား တာလဲ" ဆိုတော့ "ငါ့ရှင် ... ခု မမေးနဲ့ဦးနော်၊ ဝေဠုဝန်ကျောင်းတော် ရောက်တဲ့ အချိန်ကျရင် မြတ်စွာဘုရားရှင်ရှေ့မှာ ဒီမေးခွန်းကို မေးပါ" လို့ ဒီမေးခွန်းကို မြတ်စွာဘုရားရှေ့ကျမှ မေးခိုင်းတယ်။

သူ ဘာမြင်လို့ကတုံးဆိုတော့ အရှင်မြတ်က တောင်ခုလတ်မှာ မြွေ ပြိတ္တာကြီးတစ်ကောင် မြင်လိုက်တယ်။ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ ဒိဗ္ဗစက္ခု ရတဲ့ အရှင်မြတ် မြင်လိုက်တဲ့အခါမှာ ပြိတ္တာကြီး ခန္ဓာကိုယ်အရွယ်အစားက သိပ်ကြီးမားတယ်။ အံ့သြစရာကောင်းလောက်အောင် ကြီးမားတဲ့ခန္ဓာ ကိုယ် ကြီးနဲ့ လူးလိုမ့်ပြီး မီးလောင်နေတဲ့ မြွေပြိတ္တာကြီးပါ။ ဦးခေါင်းက မီးလျှံတွေက အမြီးပြန်ရောက်၊ အမြီးက မီးလျှံတွေက ခေါင်းပြန်ရောက်၊ ဘေးနှစ်ဖက်က

www.dhammadownload.com

မီးလျှံတွေက တစ်ကိုယ်လုံး ပတ်ပြီးတော့ လောင်ကျွမ်းခံနေရလို့ လူးလိမ့်နေတဲ့ မြွေပြိတ္တာကြီးပါ။ ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းမြင်လိုက်တာပါ။

တစ်ခါမျှ ဒီလောက်ကြီးတဲ့ မြွေပြိတ္တာမျိုး မြင်လည်းမမြင်ဖူးဘူး၊ ဒီလောက် ဒုက္ခရောက်တဲ့ သတ္တဝါမျိုး မြင်ကိုမမြင်ဖူးသေးဘူး။ အဲဒါကြောင့် အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ် မျက်နှာအမူအရာ ပြောင်းသွားတယ်။

အဲဒီတော့ ရှင်လက္ခဏာ ကိုယ်တော်မြတ်ကလည်း ဘာမျှမပြောတော့ဘူး။ နှစ်ပါးအတူ မြို့ထဲအတူ ဆွမ်းခံကြ၊ ဆွမ်းခံလို့ပြီး ဆွမ်းဘဉ်းလို့အပြီးမှာ မြတ်စွာဘုရားရှေ့သွား ရှိခိုးဦးချချိန် အရှင်လက္ခဏာက မနက်ကကိစ္စ သတိတရနဲ့ မေးပါတယ်။

"အရှင်ဘုရားတဲ့ မနက်တုန်းက တပည့်တော်တို့ ဂိဇ္ဈကူဋ်တောင်က ဆင်းလာတဲ့အချိန်မှာ အရှင်ဘုရား မျက်နှာအမူအရာ ပြောင်းသွားလို့ ဘာများဖြစ်တာပါလဲ၊ ဘာကြောင့်များလဲ" လို့ ဘုရားတပည့်တော် မေးပါတယ်။ "မြတ်စွာဘုရား ရှေ့ကျမှ မေးပါလို့ အရှင်မြတ်က မိန့်ကြားလို့ အခု မြတ်စွာဘုရားရှေ့မှာ မေးပါတယ်" ဆိုတော့ အရှင်မဟာမောဂ္ဂလာန်က ဘုရားရှေ့မှာသူ မနက်ခင်းက တွေ့ခဲ့တဲ့ မြွေပြိတ္တာကြီးအကြောင်းကို ပြောပြတယ်။ မြတ်စွာဘုရားကိုလည်း လျှောက်ရင်းနဲ့ပါ။ ကြောက်စရာကောင်းလှတဲ့၊ ဆင်းရဲဒုက္ခအကြီးအကျယ်ခံနေရတဲ့ ဒီမြွေပြိတ္တာကြီးအကြောင်းကို လျှောက်တော့ မြတ်စွာဘုရားက "ငါ့တပည့်သာဝကတွေ မျက်စိအမြင် စူးရှပါပေတယ်။ ပြောမယ်ဆိုရင် အဲဒီသတ္တဝါကြီးကို ငါသည် ဗောဓိမဏ္ဍိုင်မှာ ရှိစဉ်ကတည်းကိုက မြင်ခဲ့တယ်" လို့ မိန့်တော်မူပါတယ်။

ဒီသတ္တဝါကြီး မြတ်စွာဘုရားက မြင်တော်မူပြီးသားပါ။ ဘယ်တုန်းက မြင်ခဲ့တာလဲဆိုရင် ဗောဓိမဏ္ဍိုင်မှာ တရားကျင့်သုံးစဉ်ကတည်းကိုက ဘုရားမြင်ပါတယ်။ ဘုရားမဖြစ်ခင်အချိန် တရားဓမ္မကျင့်တဲ့အချိန်မှာ ပဒီအာလို့ခေါ်တဲ့ ပုဗ္ဗေနိဝါသာ နာသတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တော်ဆိုတဲ့ ဉာဏ်သုံးပါး မြတ်စွာဘုရား ရခဲ့ပါတယ်။

သဗ္ဗညုတဉာဏ်တော်မရခင်မှာ ဘုရားဖြစ်ခါနီးဆဲဆဲမှာ ဘုရားမြတ်စွာ ရခဲ့တဲ့ ဉာဏ်သုံးပါးသည် ပုဗ္ဗေနိဝါသာနုဿတိတဲ့။ ရှေ့ဘဝကို ပြန်ပြောင်း

www.dhammadownload.com

အောက်မေ့နိုင်တယ်။ ဒီဗွစက္ခုဆိုတာက ကမ္ဘာလောကတစ်ခုလုံးကို ထွင်းဖောက်ပြီးတော့ အလိုရှိတိုင်း မြင်နိုင်တယ်။ အာသဝက္ခယညာဏ်ဆိုတာက ကိလေသာ အာသဝေါ ကင်းတယ်။

အဲဒီတုန်းကိုက မြတ်စွာဘုရားရှင်သည် ဒုက္ခဆင်းရဲရောက်နေတဲ့ ဒီမွေ့ပြိတ္တာကြီးကို မြင်ပါတယ်။ ဒါပေမဲ့လို့ အဲဒီတုန်းက မြတ်စွာဘုရားက "ဒီလို သတ္တဝါမျိုး ရှိတယ်။ လောကမှာ ဒီလိုသတ္တဝါမျိုးရှိတယ်" လို့ ဘုရားရှင် မပြောခဲ့ဘူး။ ဘုရားရှင် မမိန့်ကြားခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဘုရားရှင်က ဒီလို သတ္တဝါမျိုး ရှိတယ်လို့ပြောရင် မယုံကြည်တဲ့သူတွေက "ဟာ .... မဖြစ်နိုင်ပါဘူး၊ ဟုတ်မယ်မထင်ပါဘူး၊ စိတ်ကူးတည့်ရာ ပြောနေတာပါ၊ ထင်ရာမြင်ရာ ရမ်းသန်းပြီးတော့ ပြောနေတာပါ" ဆိုပြီးတော့ မြတ်စွာဘုရားကို စွပ်စွဲမယ့်သူတွေ၊ အထင်လွဲမယ့်သူတွေ ရှိနိုင်ပါတယ်။

အေး .... အဲဒီတုန်းက ငါမပြောခဲ့ဘူးတဲ့။ ခုတော့ သက်သေရပြီ။ အရှင်မဟာမောဂ္ဂလာန်သည် သက်သေပဲ။ ငါဘုရားရှင်လည်း တွေ့မြင်ခဲ့တယ်။ ငါ့တပည့်ဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်လည်း ဒီမနက်မှာ တွေ့မြင်ခဲ့တယ်။ အဲဒါကြောင့်မို့ ဒီအကြောင်းကို ငါ ပြောပြမယ်။ ဒီမွေ့ပြိတ္တာကြီးသည် "ဘာကြောင့် ဒီလောက်ဒုက္ခဆင်းရဲရောက်သလဲဆိုရင် ဒေါသကြောင့်" လို့ မြတ်စွာဘုရားက မိန့်ကြားပါတယ်။

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဟာလော နဝုဏ္ဏတိ။

သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိ ဒဍ္ဎော ဝ ဘာယတိ။

မကောင်းမှုအကုသိုလ်၊ အကုသိုလ်စု ဒုစရိုက်မှုတွေကို ပြုလုပ်တဲ့ အချိန်တုန်းက အသိဉာဏ်နည်းတဲ့ သူတွေတဲ့။ ဘာဖြစ်လာလိမ့်မယ်ဆိုတာကို မဆင်ခြင်ဘူး၊ မစဉ်းစားဘူး။ ကိုယ်လုပ်လိုက်တဲ့လုပ်ရပ် ဘာဖြစ်မယ် ဆင်ခြင်ရမယ်။ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ရှေ့ဘာဖြစ်မလဲ၊ ကိုယ်လုပ်လိုက်ရင် ဘယ်လိုအကျိုးတွေ ဖြစ်မလဲလို့ စဉ်းစားသင့်တယ်။ ကာယကံမှု တစ်စုံတစ်ခု ပြုလုပ်မယ်ဆိုရင်လည်း ဒါ လုပ်လိုက်မယ်ဆိုရင် ဘာဖြစ်လာမလဲ။ အကျိုးရလဒ် ဘာပေါ်ထွက်မလဲ။ စဉ်းစားဖို့ ကောင်းပါတယ်။

www.dhammadownload.com

စကားတစ်ခွန်း ပြောတော့မယ်ဆိုရင်လည်းပဲ ကိုယ်ပြောလိုက်တဲ့ စကားသည် ဘာအကျိုးဖြစ်သွားမလဲ။ ကောင်းကျိုးဖြစ်မလား၊ မကောင်းကျိုး ဖြစ်မလား ဆင်ခြင်သင့်ပါတယ်။

အထ ပါပါနိ ကမ္မာနိ ကရံ ဗာလော န ဗုဇ္ဈတိ။

ဗာလော - အသိဉာဏ်ပညာ နည်းပါးတဲ့သူသည်၊ အသိလိမ္မာ ဉာဏ် ပညာနည်းတဲ့သူသည်၊ ပါပါနိ ကမ္မာနိ - မကောင်းတဲ့ အကုသိုလ်တွေကို၊ ကရံ - ပြုလုပ်နေတဲ့ အချိန်အခါမှာ အသိဉာဏ်နည်းသူက၊ န ဗုဇ္ဈတိ - အကျိုး ရလဒ်ကို ထည့်မစဉ်းစားဘူး။ အကျိုးရလဒ် ဘာဖြစ်လာမယ်၊ ဒါလုပ်လိုက်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာဖြစ်မယ်လို့ ထည့်မတွက်ဘဲနဲ့ စိတ်ထင်ရာ ထင်တိုင်းကြဲတဲ့သူသည် အသိဉာဏ်နည်းသူပါ။

အသိဉာဏ်နည်းလို့ ကိုယ်လုပ်လိုက်တဲ့အတွက် ရလာမယ့်အကျိုးကို တကယ် ပြန်တွက်ရင် ကိုယ်ပဲခံရမှာပါ။ ကိုယ်လုပ်တဲ့တာဝန် ကိုယ်ယူရမယ်။ ကိုယ်ပြုတာက ကိုယ့်အတွက်ပဲ။ ကောင်းတာလုပ်ရင်လည်း ကောင်းကျိုးကို ရမှာပဲ။ မကောင်းတာလုပ်ရင်လည်း မကောင်းကျိုးကို ဘယ်သူရမှာလဲ။ ကိုယ် ပဲ ရမှာပါပဲ။ ဒီလိုကို မဆင်ခြင်နိုင်ဘူးတဲ့။ ဒီလို မဆင်ခြင်နိုင်တဲ့သူသည် အသိ အလိမ္မာ ဉာဏ်ပညာနည်းလို့ပါ။

သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိ ဒဍ္ဎောဝ စာယတိ။

အဲဒါကြောင့်မို့ အလွဲအချော် မကောင်းမှုတွေ ပြုလုပ်လိုက်တဲ့သူသည် နောင်တစ်ချိန်မှာ ပူလောင်ပင်ပန်းဆင်းရဲရတယ်။

ဒီမွေပြိတ္တာကြီးကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား မိန့်ကြားတဲ့ စကားပါ။ သူ့ကိုအကြောင်းပြုပြီးတော့ အားလုံးကို ခြုံပြောလိုက်တယ်။ ဘယ် သူပဲဖြစ်ဖြစ် မကောင်းမှုစု အကုသိုလ်တွေကို ပြုလုပ်လိုက်တဲ့အချိန်မှာ ပြုစဉ် တုန်းကတော့ အကျိုးမမြင်ဘူးတဲ့။ ဒါပေမဲ့လို့ အကျိုးပေးလာတဲ့ အချိန်အခါ မှာ မီးလောင်သလိုပဲ ခံရတယ်။

ခုမီးလောင်ခံနေရပြီ။ မွေပြိတ္တာကြီး ဘာကြောင့် မီးလောင်ခံနေရသလဲ ဆိုတော့ ကဿပမြတ်စွာဘုရားရှင်လက်ထက်မှာ သူပြုလိုက်တဲ့ မကောင်းမှု ကြောင့်ပါ။ ကြာခဲ့ပြီ။

www.dhammadownload.com

သူလုပ်ခဲ့တဲ့ မကောင်းမှုသည် ကဿပမြတ်စွာဘုရားလက်ထက်က လုပ်ခဲ့တာပါ။ ကဿပမြတ်စွာဘုရား ပြီးတော့မှ ဂေါတမမြတ်စွာဘုရားဆိုတော့ ဘုရားနှစ်ဆူကြားကာလပါ။ ဘုရားနှစ်ဆူကြားကာလ နှစ်သန်းပေါင်းများစွာ ရှိလိမ့်မယ်။ နှစ်တွေ အများကြီးပါ။ အဲဒီအချိန်ကာလ အတောအတွင်းမှာ သူလုပ်ခဲ့တဲ့ မကောင်းမှုကြောင့် အခု လူးလိမ့်ပြီးတော့ ပူလောင်ပင်ပန်းတဲ့ ဆင်းရဲဒုက္ခတွေ ခံစားနေရတယ်။

ကဿပဘုရားလက်ထက်

ကဿပမြတ်စွာဘုရားလက်ထက်မှာ ကျောင်းဒကာတစ်ယောက် သုမင်္ဂလသေဋ္ဌိတဲ့။ သုမင်္ဂလဆိုတဲ့ သူဌေးပေါ့။ ဘုရားရှင်အတွက် ကျောင်းကြီးတစ်ဆောင် လှူဒါန်းဆောက်လုပ်ထားတယ်။ အကုန်အကျ မြောက်များစွာခံပြီး ကျောင်းတစ်ဆောင် ဆောက်လုပ်ထားတဲ့ ကျောင်းဒကာပါ။ မကြာခဏ သူ ကျောင်းကိုသွားပါတယ်။ မနက်ခင်းလည်း သွားတယ်။ နေ့လယ်ခင်းလည်း သွားတယ်။ ညနေခင်းလည်း သွားတယ်။

ရှေးက ကျောင်းဒကာ ကျောင်းအမတွေက ကျောင်းဆောက်ထားပြီးပြီဆိုရင် ဆောက်ပြီးရုံနဲ့ မပြီးဘူး။ ကျောင်းကို ပစ်မထားဘူး။ ကိုယ်ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းမှာ သီတင်းသုံးတဲ့ သံဃာတော် အရှင်မြတ်တွေ ဘာလိုအပ်လဲ။ လိုအပ်တာတွေ ဖြည့်ဆည်းဖို့ အဲဒီကျောင်းမှာ သီတင်းသုံးတဲ့ ရဟန်းသံဃာ အရှင်မြတ်တွေ ဖူးမြော်ဖို့၊ တရားဓမ္မတွေနာဖို့ မပြတ် ကျောင်းကို သွားတယ်။ ဆောက်ပြီး ပြီးရောဆိုပြီး ထားလိုက်တာက ကျောင်းဒကာ မဟုတ်ဘူး။ ကျောင်းတစ်ခါပါ။

သတိထားပါ။ တချို့ ကျောင်းတော့ ဆောက်တယ်။ တစ်ခါပဲ။ ဆောက်ပြီးပြီးရော ရေစက်ချပြီးပြီးရော ပျောက်သွားရော။ ဒီလိုမဟုတ်ဘူး။ သုမင်္ဂလသူဌေးက အကြိမ်ကြိမ် မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် အလျဉ်းသင့်သလို ကျောင်းသွား၊ မြတ်စွာဘုရားဖူး၊ သံဃာတော် အရှင်မြတ်တွေကို ဆည်းကပ်တယ်။ တရားဓမ္မ နာယူတယ်။ ကုသိုလ်ကောင်းမှုတွေ ပြုတယ်။

www.dhammadownload.com

တစ်မနက်ကျတော့ သူက နောက်လိုက်နောက်ပါ အခြွေအရံတွေနဲ့ မနက်အစောကြီး ဝေလီဝေလင်း မိုးကောင်းကောင်း မလင်းသေးတဲ့အချိန်မှာ မြို့ကထွက်ပြီးတော့ ကျောင်းသွားတယ်။ မြို့အထွက် မြို့အပြင်ဘက်က လမ်းနံဘေး တဲငယ်လေးမှာ လူတစ်ယောက်က ပုဆိုးခြုံပြီးတော့ အိပ်နေတာကို သူမြင်လိုက်တယ်။ ဝေလီဝေလင်းဆိုတော့ မိုးလင်းခါနီးပြီပေါ့။ လင်းစပြုနေတဲ့ အချိန်မှာ တဲငယ်ပေါ်မှာ အိပ်နေတဲ့လူ။ ခြေထောက်မှာလည်း ရွှံ့တွေ နွံတွေနဲ့ အိပ်နေတာကလည်း ကုလားသေ ကုလားမောပါ။ အဲဒီမှာ သုမင်္ဂလသူဌေးက နောက်ကပါလာတဲ့ သူ့အခြံအရံတွေ သူ့လူတွေကို အမှတ်မထင် လှမ်းပြောလိုက်တယ်။

နှုတ်ထွက်စကားတစ်ခွန်း

အယံ ကလလ မက္ခိကပါဒေါ ရတ္တိ ဝိစရိတ္တာ ဒိဝါ နိပန္နမနသော ဘဝိဿတိ။

"အခု ခြေထောက်မှာ ရွှံနွံတွေ ပေကျံပြီးတော့ ဒီလောက်တောင်မှ အိပ်နေတဲ့သူ ငါ ပြောရရင် ညဘက်မှာ သူက လှည့်ခိုးနေတဲ့ သူခိုးဖြစ်ဖို့ များတယ်" တဲ့။ ခြေထောက်တွေ ရွှံ့ပေနေတယ်၊ မိုးလင်းတဲ့ထိကို မထသေးဘူး။ အဲဒါကို ကြည့်သောအားဖြင့် ငါပြောမယ်တဲ့ဒီကောင်ကတစ်ညလုံးလှည့်ပတ်ခိုးနေတဲ့ သူခိုး ဖြစ်နိုင်တယ်လို့ သုမင်္ဂလသူဌေးက အမှတ်မထင် ပြောလိုက်တယ်။

အဲဒီစကားကို သူခိုးကကြားတော့ ခေါင်းထောင်ကြည့်တယ်။ ပုဆိုးခြုံထားရာကနေ ပုဆိုးခြုံလေး ဖွင့်ပြီးတော့ ကြည့်တယ်။ ငါ့ကို ပြောတာ ဘယ်သူလဲ။ သူကကြည့်တော့ သူဌေးကြီးမှန်းလည်းသိရော "ငါ့ အကြောင်း သိမယ်" ကြိမ်းထားတယ်။ တကယ်လည်း သူကတစ်ညလုံးလှည့်ခိုးတဲ့သူခိုးပါ။ တစ်ညလုံး လှည့်ပတ်ပြီးတော့ ခိုးလိုက်တာ ဘာမျှမရလို့ စိတ်ပျက်ပျက်နဲ့ အိပ်နေတာပါ။ သူခိုးက သူ့ကို သူခိုးလို့ ပြောလို့ မကြိုက်ပါဘူး။

မှန်တာပြောရင် လူတွေက တော်တော်ခံရခက်တယ်။ တကယ်စဉ်းစားကြည့်ရင် အခု သူဌေးပြောလိုက်တဲ့ စကားလုံးအသုံးအနှုန်းသည် တစ်ညလုံး

www.dhammadownload.com

လှည့်သွားနေတဲ့ သူခိုးဖြစ်မှာပဲလို့ ပြောလိုက်တဲ့စကားဟာ မှန်လည်းမှန်တယ်၊ ဟုတ်လည်း ဟုတ်တယ်။

ဒါပေမဲ့လို့ ပြောသင့်တဲ့စကားလား၊ မပြောသင့်တဲ့စကားလား ဆိုရင်တော့ မပြောသင့်တဲ့စကားပါ။ သူရော ကိုယ်ရော ဘာအကျိုးရှိလဲ၊ ဘာမျှ အကျိုးမရှိဘူး၊ ဟုတ်တယ်၊ မှန်တယ်။ ဒါပေမဲ့ အကျိုးမရှိတဲ့ စကားမျိုးသည် မပြောသင့်ဘူးလို့ စိတ်ထဲထားရမယ်။ ပြောချင်ပေမဲ့လို့ အဲဒါ မျိုချလိုက်ပါ။ ပြောတာထက် မပြောတာကောင်းတယ်။ အကျိုးမရှိလို့ မပြောတာ ကောင်းတယ်။ မှန်တိုင်း လျှောက်ပြောနေလို့ မရပါဘူး။ ဟုတ်တိုင်းလည်း ပြောလို့မရပါဘူး။

အကျိုး ရှိ,မရှိ ကြည့်ရသေးတယ်။ ကိုယ့်အကျိုးပျက်မယ်၊ သူ့အကျိုးပျက်မယ်ဆိုရင် မပြောသင့်ပါဘူး။

အခု သူဌေးက ပြောလိုက်မိပြီ။ အမှတ်မထင် လွှတ်ခနဲ သူ ပြောလိုက်မိတယ်။ ဒီကောင် သူခိုးဖြစ်မယ်။ သူခိုးက မခံနိုင်ဘူး။ "ငါ့အကြောင်း သိစေရမယ်"။ ဒေါသဖြစ်သွားတယ်။ စိတ်ဆိုးသွားတယ်။ မခံနိုင်လောက်အောင် ဒေါသဖြစ်သွားတယ်။

တကယ်စဉ်းစားကြည့်ရင် ပြောလိုက်တဲ့စကား၊ စကားလုံးဆိုတာသည် ပြောပြီးရင် ပျောက်သွားတာပဲ။ စကားလုံးတွေနဲ့ တိုက်ခိုက်တယ်၊ ထိုးနှက်တယ်လို့ပြောပေမဲ့ ဒီစကားလုံးတွေသည် တကယ်ပြောရင် လေပါပဲ။ ပါးစပ်က အသံထွက်ပြီးရင် အဲဒီအသံ မရှိတော့ပါဘူး။

ပြောပြီးရင် ပျောက်သွားပြီ။ ဒါပေမဲ့ ဒေါသဖြစ်သူက မပျောက်နိုင်ဘူး။ ဒေါသဖြစ်တဲ့သူက ဒီစကားတွေကို သူစိတ်ထဲမှာ တရစ်ဝဲဝဲနဲ့ ပြန်ပြန်ကြားတယ်။ "ဒီကောင် သူခိုးဖြစ်မယ်"၊ "ဒီကောင် သူခိုးဖြစ်မယ်"လို့ ပြောတဲ့စကား၊ နည်းနည်းမှကို သူ မကျေနပ်ဘူး။ ငါ့အကြောင်း သိရမယ်။ ဘယ်သူလဲလို့ မှတ်ထားတယ်။ ရန်ငြိုးထားတဲ့အတိုင်း သူ လက်စားချေမယ်။ သူဌေးရဲ့အိမ်ကို ဘယ်နားမှာနေလဲ၊ ဘာလုပ်လဲ။ သူဌေးအကြောင်းကို စုံစမ်းတယ်။ စုံစမ်းပြီးတဲ့အချိန် သတ္တကွတ္တံ့ ခေတ္တံ့ ဗျာပေတိ၊ - သူလုပ်ရပ်ကို ဖော်ပြတဲ့ ဘုန်းကြီးတို့ ပါဠိအဋ္ဌကထာမှာ ပြထားတဲ့ စကားပါ။

www.dhammadownload.com

ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင်

သတ္တက္ခတ္တုံ ဓေတ္တံ ဈာပေတိ။

ခုနစ်ကြိမ် ခုနစ်ခါတိုင်အောင် လယ်တောကို မီးရှို့တယ်။ သူဌေးကြီး ပိုင်တဲ့ လယ်တွေက အများကြီး။ တစ်ခါတည်း မိုးတွင်းကစပြီးတော့ လူပေါင်းများစွာ ကျွဲနွားတွေနဲ့ အပင်ပန်းခံပြီးတော့ စိုက်ပျိုးထားတဲ့ လယ်ကွင်းထဲ စပါးတွေ ရင့်လာပြီ၊ မှည့်လာပြီ၊ ရိတ်သိမ်းလို့ ရတော့မယ်။ စပါးခင်းကြီး တစ်မျှော်တစ်ခေါ် ရွှေရောင်လွှမ်းနေပြီ။ စပါးထွက်ကလည်း ကောင်းတယ်။ မကြာခင် ရိတ်ရတော့မယ်။ "စပါးတွေတော့ အများကြီးရမှာပဲ။ တင်းပေါင်းထောင်သောင်းချီပြီးတော့ ရမှာပဲ" လို့ သူဌေးကြီး ဝမ်းသာအားရ ဖြစ်နေတဲ့အချိန် သူခိုးက ဘာလုပ်လဲ၊ လယ်ကွင်းကို မီးရှို့တယ်။

တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်းမဟုတ်၊ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်ဘူး၊ ခုနစ်ကြိမ်တောင်ပါ။ ဆုံးရှုံးမှုတွေ ဘယ်လောက်ဖြစ်သွားလဲ တွက်ကြည့်ပေါ့။ ကြိုးစားစိုက်ထားတဲ့ လယ်ကွင်းကြီး၊ တစ်မျှော်တစ်ခေါ်လယ်ကွင်းကြီး ရိတ်သိမ်းတော့မယ့်အချိန် ခြောက်နေပြီဆိုတဲ့အချိန် မီးရှို့တော့ ကုန်ပါရော။ တစ်ညရှို့လိုက်ပြီဆိုရင် လယ်ဧကပေါင်းများစွာ လောင်ကုန်တယ်။ ဘယ်လိုမျှ ငြိမ်းလို့သတ်လို့ မရဘူး။ ငြိမ်းသတ်လို့ ရတယ်ထားဦး။ မီးလောင်သွားတဲ့ စပါးတွေ သုံးလို့မရတော့ဘူး။ ဆုံးရှုံးမှုတွေဖြစ်တယ်၊ တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊ ခုနစ်ကြိမ်ပါ

သတ္တက္ခတ္တုံ ဝဇေဂုန်ဆ ပါဒေ ဆိန္နိတဲ့ -

ခုနစ်ကြိမ် ခုနစ်ခါတိုင်အောင် သုမင်္ဂလသူဌေး မွေးမြူထားတဲ့ နွားခြံထဲဝင်ပြီးတော့ ညညမှာ ခြံထဲမှာရှိတဲ့ နွားတွေရဲ့ ခြေထောက်တွေကို ဓားနဲ့ ခုတ်တယ်။ ဒါလည်း ခုနစ်ခါပဲ။ ခံရလိုက်တာကြည့်၊ တကယ့်အလုပ်ရှုပ်နေတဲ့အချိန်၊ အလုပ်များနေတဲ့အချိန်၊ နွားနဲ့ဖက်ပြီးတော့ ကျွဲ၊ နွားနဲ့ ရုန်းကန်ပြီး လုပ်ရမယ့်အချိန်မှာ နွားခြံထဲကို တိတ်တိတ်လေး ခိုးဝင်ပြီးတော့ နွားတွေကို ခြေထောက်တွေ ဓားနဲ့ ပိုင်းသွား၊ အလုပ်လုပ်လို့ မရပါတော့ဘူး။ အခက်အခဲတွေဖြစ်၊ အကျပ်အတည်းတွေဖြစ်တာ ခုနစ်ခါပါ။

www.dhammadownload.com

မီးရှို့တာ ခုနစ်ခါ။ နွားခြံထဲဝင်ပြီး နွားခြေထောက်တွေ ဓားနဲ့ခုတ်ပစ်တာ ခုနစ်ခါ။ လက်သည်မပေါ်ဘူး။ တရားခံရှာလို့လည်း မရဘူး။ ဖမ်းလို့လည်း မရဘူး။ သူခိုးက ဘာလုပ်သေးလဲကြည့်ပါ။ အဲဒီသူဌေးကြီးရဲ့နေအိမ်ကို ခုနစ်ကြိမ်၊ ခုနစ်ခါတိုင်တိုင် မီးရှို့ပစ်တယ်။ သူဌေးကြီးနေအိမ်မှာ အိမ်အသုံးအဆောင်ပစ္စည်းတွေ၊ ပရိဘောဂတွေ အစုံအလင် ရှိတယ်။ ညဘက် လူတွေအိပ်နေတဲ့အချိန်၊ ဒီအိမ်ကို မီးနဲ့တိုက်၊ မီးကွင်းပစ်ပြီး ရှို့လိုက်တဲ့အချိန်မှာ ဝုန်းဆို မီးတွေလောင်၊ ဘာမျှမသယ်နိုင်ဘူး၊ ရှိသမျှပစ္စည်း ဘာမျှမယူနိုင်ဘူး။ အိမ်တွေထဲက လူတွေ အသက်လုထွက်ပြေးရတယ်။ မီးမငြိမ်းနိုင်ဘူး။ တစ်အိမ်လုံး မီးလောင်ပြာကျတယ်။ အဲဒါက ခုနစ်ခါပါ။ ဆုံးရှုံးမှု တန်ဖိုးက ကြီးတယ်။ သူပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် သူပေးဆပ်ရတဲ့ တန်ဖိုးက မမျှပါဘူး။

မဆင်မခြင် ပြောလိုက်တဲ့စကားပါ။ သူ့လူတွေကို အမှတ်မထင်သူ ပြောလိုက်တဲ့စကားပါ။ သူဘယ်လောက် အကဲခတ်ကောင်းတယ်။ ဒါကို သူ ပြောချင်တာ ဖြစ်ချင်ဖြစ်မယ်။ "မင်းတို့ကြည့်စမ်းပေါ့တဲ့၊ ဒီတဲပေါ်မှာ အိပ်နေတဲ့ကောင် ပုဆိုးခေါင်းမြီးခြုံပြီး အိပ်နေတဲ့ကောင်၊ ခြေထောက်တွေလည်း ဒီလောက် ပေနေတာထောက်ရင်၊ အိပ်မောကျနေတာထောက်ရင် တစ်ည လုံး လှည့်ပတ်ခိုးနေတဲ့ သူခိုးဖြစ်မယ်"။ ပြောလိုက်တာက ခဏလေးနဲ့ပြီးသွားတယ်။ အကျိုးရလဒ်က မပြီးပါဘူး။

အမှတ်မထင် ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် ဒုက္ခရောက်တယ်။ ပတ်ဝန်းကျင်လောကမှာလည်း ရှိတာပဲ။ ကိုယ်ပြောလိုက်တဲ့ စကား တစ်ခွန်း ကိုယ်က စိတ်ထဲ ဘာမျှဒီလောက်မဟုတ်ဘူး။ ပြောရိုးပြောစဉ် သာမန် အသုံးအနှုန်း၊ သာမန်စကားလုံးတွေနဲ့ ပြောလိုက်တယ်။ တစ်ဖက်က မခံနိုင်တဲ့သူက အပြီးအတေးထားတတ်သူကကိုယ့်ကို ဒုက္ခပေးတော့တယ်။ ဒုက္ခရောက်လိုက်တာ ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် လယ်ကွင်းမီးလောင်တယ်၊ ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် နွားခြံထဲမှာ မွေးထားတဲ့ နွားခြေထောက်တွေ ဓားနဲ့ခုတ်ခံရတယ်၊ ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် အိမ်ကို မီးနဲ့ရှို့တာ ခံရတယ်။

www.dhammadownload.com

ကံကောင်းသူကို ဒုက္ခပေးမရ

ဒီလောက်နဲ့တင် ကျေနပ်သွားပြီလားလို့ ကြည့်လိုက်တော့ သူခိုးက မကျေနပ်သေးဘူး။ သူဘယ်လောက်ပဲ ဒုက္ခပေးပေး သုမင်္ဂလသူဌေးက လည်း ကံအကျိုးပေး ကောင်းနေတော့ အစက ပြန်လုပ်တယ်။ အိမ်တွေ ပြန် ဆောက်၊ လယ်တွေပြန်လုပ်၊ အကုန်လုံး ပြန်အဆင်ပြေတယ်။ ဘယ်လောက် ဒုက္ခပေးချင်ပေးချင် ကုသိုလ်ကံထောက်မနေတဲ့သူ၊ ကံကောင်းနေတဲ့ သူတွေကို ဒုက္ခပေးလို့ မရဘူး။

လူဆိုတာ ကုသိုလ်ကံက အဓိက၊ ကံမကောင်းတဲ့အချိန်မှာ ဒုက္ခဆင်းရဲတွေ ရောက်နေပေမဲ့လို့ ကံကောင်းထောက်မ ကုသိုလ်ကံတွေ အားကောင်းနေတဲ့အချိန်မှာ ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် ခဏပါပဲ။ အခက်အခဲ အကျပ်အတည်းတွေကြုံလည်းခဏပါပဲ။ သုမင်္ဂလသူဌေးက ပြန်ပြီးတော့ ထူထောင်နိုင်လာတယ်။ စီးပွားရေးတွေကကောင်း၊ အရောင်းအဝယ် လုပ်ကိုင်လို့ ကောင်းလိုက်လာတယ်။ မီးရှို့ထားတဲ့ လယ်ကွင်း သွားပြန်စိုက်တော့ မြေဩဇာတွေကောင်း၊ ပိုတောင် အထွက်ကောင်းသေးတယ်။ မီးလောင်သွားတဲ့ အိမ် ပြန်ဆောက်ထားတယ်၊ အကြီးအကျယ် အိမ်ကြီးရခိုင် ဘယ်ခုနစ်ခါ မီးလောင်လည်း ဘာမှမဖြစ်ဘူး။ သူ့ရဲ့ ပိုင်ဆိုင်မှု၊ ချမ်းသာမှုတွေက များလွန်းတော့ မထိခိုက်ဘူး။

သူခိုးက မကျေနပ်တဲ့အခါကျတော့ "ဒီလောက်တောင်မှ ငါလုပ်တာ ဒုက္ခမရောက်တဲ့သူဌေး သူစိတ်ဆင်းရဲသွားအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ သူ ဘာကို နှစ်သက်သဘောကျလဲ။ သူ့စိတ်ကို ထိခိုက်သွားနိုင်အောင် ဘာများလုပ်ရကောင်းမလဲ" ဆိုပြီးတော့ သူဌေးအိမ်က အလုပ်သမားတစ်ယောက်နဲ့သူကအယုံသွင်းပေါင်းပြီးတော့အတွင်းရေးတွေကိုသူစုံစမ်းတယ်။ သူဌေး ဘာတွေသဘောကျသလဲ၊ သူဌေး ဘာတွေမြတ်နိုးလဲ၊ ဘာတွေနှစ်သက်လဲပေါ့။ သူက အယုံသွင်းပေါင်းသင်းပြီး မေးမြန်းလိုက်တဲ့အခါမှာ သူက တစစနဲ့ သိလာတယ်။

သူဌေးကြီးစိတ်ထဲမှာ မြတ်နိုးတာ၊ နှစ်သက်တာ၊ သဘောကျတာသည် သူ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းဆောင်၊ ကသိုဝမြတ်စွာဘုရား

www.dhammadownload.com

သီတင်းသုံးဖို့ ဆောက်လုပ်ထားတဲ့ ကျောင်းဆောင်ကို စိတ်ထဲမှာ အာရုံအကျဆုံးပဲ။ ဒီကျောင်းကြီး ဆောက်ကတည်းက ပိတိတွေ ဖြစ်လိုက်တာ၊ ဝမ်းတွေသာလိုက်တာ၊ ဒီကျောင်းကြီးမှာ သံဃာတွေ သီတင်းသုံးနေတာကို မြင်တိုင်း မြင်တိုင်း စိတ်ထဲမှာလည်း စိတ်ချမ်းသာတယ်၊ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းကို ရောက်တိုင်းရောက်တိုင်းမှာလည်း စိတ်ချမ်းသာတယ်။

ဘုရားကျောင်းပါ မချန်

ဘုရားရှင်သီတင်းသုံးတဲ့ ကျောင်းတော်ကိုသွား တရားနာရတာ၊ ကုသိုလ်ကောင်းမှုတွေ ပြုရတာကိုလည်း စိတ်ချမ်းသာတယ်၊ ဒါကိုပဲ အလေးထားတယ်ဆိုတာကို သူခိုးက သိတဲ့အခါကျတော့ "ကောင်းပြီ၊ ဒီတစ်ခါတော့ ဖြင့် သူဌေးမင်း ကောင်းကောင်းကြီး စိတ်ဆင်းရဲစေရမယ်။" သူက အဲဒီလို ကြုံးဝါးပြီး မြတ်စွာဘုရား သီတင်းသုံးဖို့ သုမင်္ဂလသူဌေး ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းဆောင်၊ ဘုရားရှင်နဲ့ သံဃာတော် အရှင်မြတ်တွေ ဆွမ်းခံထွက်တဲ့အချိန်၊ ကျောင်းမှာ ဘယ်သူမျှ မရှိတဲ့အချိန်၊ ကျောင်းသွားပြီးတော့ ရှိသမျှရေအိုးတွေ၊ သောက်ရေအိုးတွေ၊ သုံးစွဲတဲ့ ပရိဘောဂတွေ ထုနှက်ရိုက်ခွဲပြီးတော့ ကျောင်းတိုက်ကို မီးရှို့လိုက်တယ်။ ဒေါသက ဘယ်လောက်ကြောက်စရာကောင်းလဲကြည့်ပါ။

ဘုရားရှင်နဲ့ သံဃာတွေ သီတင်းသုံးနေတဲ့ ကျောင်းဆောင်။ ဒီကျောင်းကြီး မီးရှို့လိုက်ရင် အကြီးအကျယ် အကုသိုလ်တွေ များတော့မယ်။ မကောင်းမှုအကုသိုလ်တွေထဲမှာ အိမ်မီးရှို့တာနဲ့ ကျောင်းမီးရှို့တာနဲ့ အကုသိုလ်တွေ တူပါ့မလား။ သူများ လှူဒါန်းထားတဲ့ကျောင်း၊ အထွတ်အမြတ် ရတနာသုံးပါးနဲ့ ဆိုင်တဲ့ ပစ္စည်းကို ဖျက်လိုဖျက်ဆီးပြုမယ်ဆိုရင် အကုသိုလ်များမှာပါ။

အကျိုးပေးလာတဲ့အခါကျရင် အကြီးအကျယ် ဆိုးကျိုးဒုက္ခတွေ ပေးလိမ့်မယ်လို့ သူမှာ မဆင်ခြင်နိုင်ဘူး။ အသိမဝင်နိုင်ဘူး။ သူဌေးကြီးစိတ်ဆင်းရဲသွားရင်ပြီးရော၊ စိတ်မချမ်းမသာဖြစ်သွားရင် ပြီးရောဆိုပြီးတော့ ကျောင်းသွား၊ မီးနဲ့ရှို့ပါတယ်။

www.dhammadownload.com

အရှင်မြတ်တွေ ပြန်လာတဲ့အချိန် မြတ်စွာဘုရားရှင် ဆွမ်းခံရာက ပြန်ကြွတဲ့အချိန်ကျောင်းကပြာကျနေပြီ။ကျောင်းကြီးမီးဟုန်းဟုန်းတောက်နေတဲ့ အချိန်မှာ မြင်ကြ တွေ့ကြတဲ့သူတွေက သုမင်္ဂလသူဌေးကို လာပြီးအကြောင်းကြားတယ်။ "သူဌေးမင်းသူဌေးမင်းဆောက်လုပ်လျှဒါန်းထားတဲ့ကျောင်းကြီး မီးလောင်နေပြီ၊ သူဌေးမင်းရဲ့ ကျောင်းကြီးတော့ မီးလောင်နေပါပြီ" ဆိုတော့ ကမန်းကတမ်း အပြေးအလွှားနဲ့ သူဌေးက ကျောင်းသွားတယ်။ သွားကြည့်တယ်။ သူလှူဒါန်းထားတဲ့ ကျောင်းကြီး မီးတောက်နေတယ်၊ မီးလောင်နေတယ်။ လူအုပ်ကြီးကလည်း မီးကို ကြိုးစား ပြီးတော့ ငြိမ်းနေကြတယ်။

အများက ထင်ထားတာက ကျောင်းတိုက်ကြီး မီးလောင်နေတာကို မြင်ရင်တော့ ကျောင်းဒကာ စိတ်ဆင်းရဲတော့မှာပဲ။ သူ လှူဒါန်းထားတဲ့ ကျောင်း၊ သူ မြတ်နိုးနှစ်သက်တဲ့ကျောင်းကြီး၊ စိတ်ထဲမှာ တန်ဖိုးသိပ်ထားတဲ့ ကျောင်းတိုက်ကြီး မီးလောင်ပျက်စီးတယ်ဆိုရင် ကျောင်းဒကာ စိတ်ဆင်းရဲမယ်။ ဒါ သာမန်အတွေးနဲ့ သာမန်လူတွေရဲ့အတွေးပါ။ သုမင်္ဂလသူဌေး သူ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းတိုက်ကြီး သူမျက်စိရှေ့မှာတင် မီးဟုန်းဟုန်း တောက်လောင်နေတာကို မြင်တဲ့အခါကျတော့ ဝမ်းသာအားရဖြစ်လွန်းလို့တဲ့ လက်ခမောင်းခတ်တယ်။ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာဆိုပြီး ပျော်ရွှင်နေပါတယ်။

ပြောင်းပြန်ဖြစ်နေတယ်နော်။ အတွေးအမြင်ချင်း မတူပါဘူး။

နလုံးသွင်းပုံချင်း မတူဘူး။ ဘုန်းကြီးတို့ သာမန်လူတွေ တွေးတာက ကိုယ် လှူဒါန်းထားတဲ့ကျောင်း ပျက်စီးသွားရင် နမြောတယ်၊ ကိုယ်လှူထားတဲ့ ပစ္စည်း ပျက်စီးရင် ဆုံးရှုံးတယ်လို့ စိတ်ထဲ အဲဒီလို တွေးတတ်တယ်။ စိတ်မကောင်းဖြစ်တယ်။ သုမင်္ဂလသူဌေးက ဒီလို မတွေးဘူး။

ထပ်ခါထပ်ခါ ကုသိုလ်ရ

"မြတ်စွာဘုရားသာသနာမှာ ငါ လှူဒါန်းထားတဲ့ကျောင်း၊ ဘုရားရှင်ရဲ့ သာသနာမှာဆောက်လုပ်လှူဒါန်းထားတဲ့ကုသိုလ်ကောင်းမှု၊ဒီကျောင်းတိုက်ကြီး မီးလောင်ပျက်စီးသွားရင် နောက်တစ်ခါ ကျောင်းလှူခွင့်ရဦးမယ်၊

www.dhammadownload.com

ကုသိုလ်ကောင်းမှုတွေ ထပ်ထပ်ပြီးတော့ ပြုခွင့်ရမှာပဲ" လို့ တွေးပြီးပျော်နေတယ်။ နလုံးသွင်းကောင်းတာလေးက အတုယူစရာပါ။

"ကျောင်းတိုက် ဆောက်လုပ်လှူဒါန်းတော့ တစ်ကြိမ် ကုသိုလ်ကောင်းမှု ရပြီးပြီ။ ဒီကျောင်းကြီးသာ မီးမလောင်ဘူး၊ မပျက်စီးဘူးဆိုရင် နောက်ထပ်တစ်ကြိမ် ကျောင်းဆောက်လုပ်လှူဒါန်းခွင့် အခွင့်အရေး မရဘူး။ ခု ငါ ကံကောင်းလိုက်တာ၊ ငါ လှူထားတဲ့ကျောင်းကြီး မီးလောင်လို့ ထပ်ပြီး ကုသိုလ်ယူခွင့်ရလို့ ငါသိပ်ပျော်တာပဲ၊ သိပ်ဝမ်းသာတာပဲ၊ သိပ်ကံကောင်းတာပဲ၊ နောက်တစ်ခါ ကျောင်းဆောက်လုပ် လှူဒါန်းခွင့်ရပြီ" လို့ သူ လက်ခမောင်းခတ်တယ်။ ဝမ်းသာအားရနဲ့ လက်ခမောင်း ခတ်တယ်။ ဘေးကလူတွေကတော့ အံ့ဩြတယ်ပေါ့။ ဘေးကလူတွေကတော့ မထင်ဘူး။ သူတို့ စိတ်ထဲ တွေးနေတာကတော့ "ဟာ ... သူဌေးကြီး ရောက်လာရင် သွေးပျက်သွားတော့မှာပဲ၊ သူဌေးကြီးလာရင်တော့ သောကတွေ အကြီးအကျယ်ဖြစ်၊ စိတ်ဆင်းရဲတော့မှာပဲ၊ မူးမေ့ပြီးတော့ လဲကျသွားတော့မှာပဲ။ သူတို့ တွက်ထားတာပါ"။

မီးလောင်တာ ဝမ်းသာ

သူဌေးက ဘာလုပ်နေတုံး။ ဝမ်းသာလွန်းလို့တဲ့ ကခုန်မြူးထူးပြီးတော့ လက်ခမောင်းခတ်နေတော့ "သူဌေးများ ရူးသွားပြီလား" ဒီလိုထင်ကြတယ်။ သွေးများ ပျက်သွားပြီလား ထင်ကြတယ်။ သူဌေးက "ငါ မရူးဘူး"တဲ့။ "ငါ ဝမ်းသာတယ်။ ငါသည် ဘုရားရှင်ရဲ့ သာသနာတော်မှာ ကျောင်းလှူခွင့် တစ်ကြိမ်တစ်ခါ ရပြီးပြီ၊ အခု နောက်တစ်ခါ လှူဒါန်းရမယ်ဆိုရင်လည်း ကုသိုလ်ကောင်းမှုတွေ ငါ့မှာ တိုးလာလိမ့်မယ်၊ များလာလိမ့်မယ်၊ ကုသိုလ်ကောင်းမှု ပြုခွင့်ရတာ ကျေးဇူးတင်ဖို့ သိပ်ကောင်းတာပဲ၊ ဝမ်းသာစရာ သိပ်ကောင်းတာပဲ" ဆိုတော့ သူဌေးကို စိတ်ဆင်းရဲစေချင်တဲ့ သူခိုးဆန္ဒ မပြည့်ပါဘူး။

သူက အနားမှာ ရှိနေတယ်။ အခြေအနေ ကြည့်နေတယ်။ သူဌေး ရူးသွပ်သွားရင်၊ စိတ်ဆင်းရဲသွားရင် ဝမ်းသာမှာ။ ဘယ်လိုစိတ်ဆင်းရဲမှုမျိုး ဖြစ်သွားမှာလဲ။ သူက အဲဒီ အရသာခံဖို့ ကြည့်နေတယ်။ ငါ့ကို ချိုးချိုးဖဲ့ဖဲ့ ချိုးနှိမ်

www.dhammadownload.com

ပြောသွားတဲ့သူဌေး ငါ့အကြောင်း သိရမယ်ဆိုပြီးတော့ ဒေါင်းတည် မောင်းတည်နဲ့ မလုပ်သင့် မလုပ်ထိုက်တဲ့ကိစ္စ ဘုရားရှင်ရဲ့ကျောင်း မီးရှို့ပစ်တယ်။ ဒီကိစ္စသည် မြတ်စွာဘုရားနဲ့ မဆိုင်ပါဘူး။ ဘာမျှလည်း မပတ်သက်ဘူး။ သူတို့ အချင်းချင်း ဖြစ်တဲ့ကိစ္စပါ။ ဟိုမှာ သူဌေးကြီးက သူပြောခဲ့တဲ့စကားတောင်မှ သူ သတိမရတော့ဘူး။ ဘယ်နေ့ ဘယ်ရက်တုန်းက ဘယ်သူ့ဘာပြောခဲ့တယ် ဆိုတာ မမှတ်မိတော့ဘူး။

သတိမရတော့ဘူး။ ပျောက်သွားပြီ။ ပြောတဲ့သူက ပျောက်သွားပြီ။ အပြောခံရတဲ့သူက မပျောက်နိုင်ဘူး။ အပြောခံရတဲ့သူကလည်း အတေး အမှတ်မထားပဲ ပျောက်နိုင်တယ်ဆိုရင် မေ့ပျောက်နိုင်တယ်၊ ဖြေဖျောက်နိုင် တယ်ဆိုရင် သူ့အတွက် ကောင်းမှာပါ။

မပြေနိုင်တဲ့ ရန်ငြိုး

အခု မပြေပျောက်နိုင်တဲ့ အတွက်ကြောင့် အကုသိုလ်တွေ ဆက်ကာ ဆက်ကာ ဖြစ်နေပါတယ်။ အိမ်လည်းမီးရှို့၊ နွားတွေလည်း ခြေထောက် ဓားနဲ့ ခုတ်၊ လယ်ကွက်တွေလည်း မီးရှို့၊ ဒါနဲ့ အားမရသေးလို့ ဘုရားရှင်ရဲ့ ကျောင်း တိုက်ပါ သွားပြီးတော့ မီးတိုက်ပစ်တယ်။ သူ့ဒေါသ မပြေနိုင်လို့၊ သူ့ရန်ငြိုး မပြေ နိုင်လို့ဒေါသကတစ်ဆင့်လောင်လိုက်တဲ့အကုသိုလ်မီး၊ ဘယ်လောက်တောင် မှ ကြီးသွားလဲ ကြည့်ပါ။ သူဌေးကြီးကတော့ ပုံမပျက်ဘူး။ သုမင်္ဂလသူဌေးကြီး ကွန်ဒြေမပျက်ဘူး။ ဝမ်းသာတယ်၊ ဝမ်းသာတယ်ဆိုပြီးတော့ မီးလောင်သွားတဲ့ နေရာ ရှင်းလင်းပြီးတော့ ကျောင်းကြီးပြန်ဆောက်ဖို့ မြတ်စွာဘုရားကို ခွင့် တောင်းပါတယ်။

"မြတ်စွာဘုရား ဘုရားတပည့်တော် ကျောင်းကြီးဆောက်လုပ်လျှဒါန်း ခွင့်ပြုပါ။ ဆောက်လုပ်လျှဒါန်းချင်ပါတယ်" ခွင့်တောင်းပြီး ကျောင်းကြီး ပြန် ဆောက်တယ်။ သူခိုးက ဆန္ဒမပြည့်ရှာဘူး။ သူဖြစ်စေချင်တာက ဒုက္ခဖြစ်စေ ချင်တာ၊ ဒုက္ခရောက်စေချင်တာပါ။ သူဌေးကြီးမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဒုက္ခရောက်သွားစေချင်တယ်။ အခု သူဌေးကြီးက စိတ်လည်း မဆင်းရဲဘူး၊

www.dhammadownload.com

ကိုယ်လည်း မဆင်းရဲဘူး၊ ဒုက္ခလည်း မရောက်ဘူးဆိုတော့ သူ့လုပ်ရပ် မအောင်မြင်တော့ဘူး။

လူချင်းတူပေမဲ့ နလုံးသွင်းကွာတယ်။ စိတ်နေစိတ်ထားတွေ ကွာသွားတယ်။ ဆုံးရှုံးမှုတစ်ရပ်လို့ သဘောထားလိုက်တယ်ဆိုရင် စိတ်ဆင်းရဲပါမယ်။ အခု ဆုံးရှုံးမှုရယ်လို့ သူက နလုံးမသွင်းဘူး။ ဒါသည် အမြတ်ထွက်တာပဲ။ နောက်တစ်ခါကုသိုလ်ကောင်းမှုတွေ ပြုခွင့်ရတာဟာ အမြတ်ရတာပဲလို့ နလုံးသွင်းနိုင်တယ်၊ စိတ်ထားနိုင်တယ်ဆိုတဲ့ သူဌေးကြီး ကုသိုလ်တွေတောင် တိုးလာပါသေးတယ်။

"ကျောင်းဆောက်ဦးမယ်၊ ကျောင်းဆောက်ဦးမယ်" လို့ ရှိသမျှ ပြန်လည် စုဆောင်းပြင်ဆင်၊ ကျောင်းကြီးပြန်ဆောက်၊ ခါတိုင်းထက်တောင်မှ ပိုပြီးကြီးကျယ်ခမ်းနားတဲ့ ကျောင်းဆောင်သစ်ကြီး ဆောက်ပါတယ်။ ဆောက်ပြီးချိန်ကျတော့ မြတ်စွာဘုရားရှင်နဲ့ သံဃာတော် အရှင်မြတ် နှစ်သောင်းကို ဆွမ်းကပ်ပြီးတော့ကျောင်းရေစက်ချပွဲကြီးကို ကျောင်းတိုက်ကြီးမှာ ကျင်းပပါတယ်။ အလှူကြီးအတန်းကြီး ပေးလိုက်တာ၊ ခုနစ်ရက် ခုနစ်လီ ခုနစ်ရက်တိုင်တိုင်ပါ။ အဲဒီအလှူမှာ ခုနက သူခိုးက ပါနေတယ်။ သူက ဘယ်လောက် ရန်ပြီးကြီးသလဲကြည့်၊ သူဌေးကြီးကို သူက အလစ်ချောင်းနေတယ်၊ ဘယ်နေရာ ဘယ်ချိန်လစ်မလဲ၊ လစ်တဲ့အချိန် လစ်တဲ့နေရာ သတ်မယ်ပေါ့။

စိတ်ဆင်းရဲအောင် လုပ်မရတဲ့အဆုံး သတ်ပစ်လိုက်ဖို့ကြိုးစားပါတယ်။ ဓားတစ်ချောင်း ခါးကြားထိုးထားတယ်။ အလစ်မပေးတော့ဘူး။ လုပ်ကြံဖို့ အခွင့်အရေး ရှာတယ်။ မရတဲ့အခါမှာ ခုနစ်ရက်တိုင်တိုင် ကျောင်းလှူဒါန်းပြီးတော့ ကုသိုလ်ကောင်းမှု လုပ်နေတဲ့အချိန်မှာတောင် ဒီလူအုပ်ထဲမှာ ဝင်ရောနောနေပါတယ်။ လစ်ရင် သတ်မယ်လို့ ဓားခါးထိုးပြီး စောင့်နေတယ်။ အခွင့် မသာပါဘူး။

နောက်ဆုံး ရေစက်ချချိန်မှာ မြတ်စွာဘုရားရှင်က ကုသိုလ်ကောင်းမှုရဲ့ အကျိုးအာနိသင်တွေကို ဟောပြောပြီးတော့ ယခုပြုတဲ့ ကုသိုလ်ကောင်းမှုတွေ ရေစက်ချ၊ အမျှဝေတော့မယ်။

www.dhammadownload.com

ကျောင်းဒကာကြီးလျှောက်

ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းအလှူ အနုမောဒနာပြုပြီးတော့ ရေစက်ချမယ်ဆိုတဲ့အချိန်မှာ သူဌေးကြီးက "မြတ်စွာဘုရား၊ ဘုရားတပည့်တော် လျှောက်ထားပါရစေ။ တပည့်တော်စိတ်ထဲမှာ မသက််ာတာတစ်ခု ရှိပါတယ် ဘုရား။ တပည့်တော် အိမ်လည်း ခုနစ်ခါ မီးရှို့ခံရပါတယ်၊ ဘုရားတပည့်တော် လယ်ကွင်းတွေလည်း ခုနစ်ကြိမ် ခုနစ်ခါတိုင်တိုင် မီးရှို့ခံရပါတယ်၊ နွားခြံထဲမှာ မွေးထားတဲ့နွားတွေ ခုနစ်ခါတိုင်တိုင် ခြေထောက် ဓားနဲ့ အခုတ်ခံရပါတယ် မြတ်စွာဘုရား။ အခုလည်း တပည့်တော် လှူဒါန်းထားတဲ့ကျောင်း မြတ်စွာဘုရား သီတင်းသုံးတဲ့ကျောင်း မီးရှို့ခံရပါတယ်၊ ဒီအမှုတွေကို ကျူးလွန်တဲ့သူ၊ ပြုလုပ်နေတဲ့သူဟာ တစ်ယောက်တည်းပဲ ဖြစ်လိမ့်မယ်လို့ တပည့်တော် တွေးမိပါတယ် မြတ်စွာဘုရား" တဲ့။

သူ့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်း မကောင်းမှုလုပ်တဲ့သူဟာ တစ်ယောက်တည်း ဖြစ်လိမ့်မယ်။ တမင်တကာ ရန်ပြုံးရန်စနဲ့ လုပ်နေတဲ့သူ ဖြစ်မယ်။ ဘယ်သူလုပ်နေသလဲလို့ သူဌေးကြီးက စဉ်းစားပါတယ်။ စဉ်းစားမရဘူး။ ဘယ်သူ လုပ်တာလဲ၊ ငါနဲ့ ဘယ်လို ရန်ပြုံးရှိလို့လဲ၊ ဘာပြဿနာများ ဖြစ်ဖူးလဲလို့ ပြန်စဉ်းစားတော့လည်း ပြဿနာဖြစ်ဖူးတဲ့သူ၊ ရန်ဖြစ်ဖူးတဲ့သူ၊ မကျေနပ်သူ၊ မတော်မတရား လုပ်ကြံထားတဲ့သူ၊ သူ့ကို ပြန်ဒုက္ခပေးမယ့်သူ မရှိပါဘူး။

သူပြောလိုက်တဲ့ စကားတစ်ခွန်း သူ့ကို ဒုက္ခပေးလိမ့်မယ်လို့တော့ သူ မထင်ဖူးပါဘူး။ ထင်မထားဘူး။ အမှတ်တမဲ့ ပြောလိုက်တာပါ။ ဒီလိုဆိုးကျိုး ဒုက္ခတွေ သူ့မှာ ဖြစ်လာလိမ့်မယ်လို့ သူကြိုတွေးမိရင် မပြောတာ သေချာပါတယ်။

အဲဒါလေး သတိထားပါ။ တစ်ခါတလေကျရင် နှုတ်က လွတ်ခနဲ့ လွတ်ခနဲ့ ပြောတတ်ကြတယ်။ သူများမကြိုက်တဲ့ အသုံးအနှုန်း၊ မကြိုက်တဲ့စကားလုံးမျိုး မပြောဖြစ်အောင် သတိထားပါ။ ကိုယ်ကတော့ ဘာမျှမဖြစ်ဘူး။ ပြောပြီး ပျောက်သွားတယ်။ ဟိုတစ်ဖက်သားက မခံနိုင်တော့ ဒုက္ခပြန်ပေးတာတွေ ရှိတတ်တာ သတိထားသင့်ပါတယ်။

www.dhammadownload.com

ရန်သူကိုသော်မှ အမျှဝေ

"ဘုရားတပည့်တော်သည် မြတ်စွာဘုရားရှင်နဲ့တကွ သံဃာတော် အရှင်မြတ်တွေ သီတင်းသုံးနိုင်အောင် ကျောင်းဆောင်သစ်ကို ဆောက်လုပ် လှူဒါန်းပါတယ် မြတ်စွာဘုရား၊ ဘုရားအမှူးရှိသော သံဃာတွေကို ကျောင်း အလှူ လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကို တပည့်တော်ကို ဒုက္ခပေးနေသူ တစ်ယောက်ကိုလည်း တပည့်တော် အမျှပေးဝေပါတယ် မြတ်စွာဘုရား၊ တပည့်တော်ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂကို တပည့်တော်ကို ဒုက္ခပေးနေသူလည်း ရပါစေသား မြတ်စွာဘုရား" လို့ သူ့ ဒုက္ခပေးနေတဲ့သူ ကိုပါ သူတော်ကောင်းစိတ်နဲ့ အမျှပေးလိုက်ပါတယ်။

သူတော်ကောင်းတွေရဲ့ စိတ်နေစိတ်ထားပါ။ ကိုယ့်အကျိုးဖျက်ဆီးသူ ကိုတောင် သည်းခံနိုင်တယ်။ သူ တော်ကောင်းတွေရဲ့စိတ်နေစိတ်ထားသည် "ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေရဘူး" ဆိုတဲ့မူ ရှိတယ်။ သူက ငါ့ကို ဒုက္ခပေးရင် ငါလည်း သူ့ပြန်ဒုက္ခပေးမယ်။ သူက တစ်ချက်ရိုက်ရင် ငါတစ်ချက် ပြန်ရိုက်မှာဆိုတာကတော့ မသူတော်စိတ်ပါ။

သူ ငါ့ကို ဒုက္ခပေးနေပေမဲ့လို့ ငါ ပြန်ဒုက္ခမပေးဘူး။ သူ့ကိုလည်း ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂကို အမျှအတန်းတွေ ပေးပါတယ်။ ဒီကုသိုလ်၊ ဒီကောင်းမှုတွေ သူလည်း ရပါစေသား။ သူလည်း ရသွားပါစေလို့ စိတ်ထားပါ တယ်။

ဆန့်ကျင်ဘက်ဖြစ်နေပြီ။ သူဌေးကြီးရဲ့ စိတ်ထားနဲ့ သူခိုးရဲ့ စိတ်ထား တခြားစီပါ။ သူခိုးရဲ့စိတ်ထားက သူဌေးကြီးကို ဒုက္ခပေးချင်တယ်၊ နှိပ်စက်ချင် တယ်၊ ပျက်စီးစေချင်တယ်။ ဒေါသစိတ်ပါ။ သူဌေးကတော့ဖြင့် သူ့ဒုက္ခပေးတဲ့၊ နှိပ်စက်တဲ့သူကို ကောင်းကျိုးချမ်းသာဖြစ်စေချင်တယ်။ မေတ္တာစိတ်ပါ။ ဒေါသ စိတ်နဲ့ မေတ္တာစိတ် အားပြိုင်တာ တွေ့ရပါတယ်။

ဒေါသစိတ်က အကုသိုလ်ပါ။ မေတ္တာစိတ်က ကုသိုလ်ပါ။

ဒီမှာ အကုသိုလ်နဲ့ ကုသိုလ် အားပြိုင်တယ်။ ကောင်းမှုနဲ့ မကောင်းမှုနဲ့ ဘယ်လိုဖြစ်လာလဲ ကြည့်ပါ။ သူဌေးကြီးက တပည့်တော်ပြုတဲ့ ကုသိုလ် ကောင်းမှုကို ဒုက္ခပေးတဲ့သူ၊ တပည့်တော်ကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်

www.dhammadownload.com

အောင် လုပ်တဲ့သူကိုလည်း အမျှပေးပါတယ်ဆိုတော့ ပရိသတ်ကြားထဲမှာ ခါးကြား ဓားထိုးပြီး စောင့်နေတဲ့သူခိုးက ဒီစကား ကြားသွားတယ်။ သူလည်း ကြည့်နေတယ်။ သိနေတယ်။ မလှမ်းမကမ်းမှာ ရှိနေတယ်။ လစ်ရင် သတ်မလို့ ပါ။ ဒေါသစိတ်နဲ့ ရှိနေတဲ့သူခိုးဟာ သူဌေးကြီးရဲ့ မေတ္တာစကားသံကို ကြား တော့ စိတ်နလုံး ပျော့ပျောင်းသွားတယ်။ မေတ္တာနဲ့ ဒေါသ တကယ်ယှဉ်ပြိုင်ရင် မေတ္တာကသာ နိုင်ပါတယ်။

စစ်မှန်အောင်သာ မေတ္တာထား၊ မေတ္တာက နိုင်ပါတယ်။ ယှဉ်ကြည့်လိုက်ရင် ဒေါသကအားကြီးတယ်၊ ဒေါသက အားကောင်းတယ်။ ဒီလောက် ဒေါသကြီးနေတဲ့သူကို ဘယ်လိုလုပ် မေတ္တာနဲ့ အနိုင်ယူမလဲဆိုပေမဲ့ တကယ် တမ်းကျတော့ မေတ္တာကသာ နိုင်ပါတယ်။

နလုံးသားကိုထိမှန်

သူဌေးကြီးရဲ့စကားလုံးတွေက ပြောရမယ်ဆိုရင် သူခိုးရဲ့နလုံးသားကို ထိသွားပါတယ်။ "အမယ်လေး သူဌေးကြီး စိတ်သဘောထား ကောင်းလိုက်တာ၊ သူတော်ကောင်း ပီသလိုက်တာ၊ ဒီလောက်တောင်မှ ငါ ဒုက္ခပေးနေတဲ့ကြားက ဒုက္ခပေးနေတဲ့ ငါ့ကိုတောင် ကောင်းကျိုးချမ်းသာ ရပါစေလို့ အမျှဝေနေတယ်" လို့ ကြားရတော့ သူစိတ်ဓာတ်လည်း ပြောင်းသွားတယ်။

သူဌေးကြီးရဲ့မေတ္တာ လွှမ်းမိုးသွားတဲ့အချိန်မှာ သူ့ဒေါသ လျော့သွားပါတယ်။ သူဌေးကြီး ပြောခဲ့တဲ့စကားကိုလည်း သူစိတ်ထဲမှာ ဒီလောက်ထိ မခံစားရတော့ဘူး။ သူ ခံစားနေရတာက "ဒီကောင် သူခိုးဖြစ်မယ်၊ ဒီကောင် သူခိုးဖြစ်မယ်" ဆိုတဲ့ စကားလုံး သူနှာထဲမှာ ရစ်ကာရစ်ကာ ထပ်ကာထပ်ကာ ကြားနေရတယ်။ ဒေါသတွေ ပိုပိုကြီးနေတယ်။ "အခု သူ့အနေနဲ့ အမျှဝေတယ်။ သူ့ကောင်းကျိုးချမ်းသာကိုလည်း လိုလားတယ်။ သူ့ကိုလည်း စေတနာထားတယ်" လို့ သိလိုက်တဲ့အချိန်မှာ ဒေါသတွေ မရှိတော့ပါဘူး။ မေတ္တာက နိုင်သွားတာပါ။

ချက်ချင်းပဲ လူကြားထဲကနေ မြတ်စွာဘုရားရှေ့ ထွက်လာတယ်။ မြတ်စွာဘုရားရှင်ကိုလည်း ရှိခိုးဦးချတယ်။ သူဌေးကြီးကိုလည်း ရှိခိုးဦးချ

www.dhammadownload.com

တယ်။ ခါးကြားက ဓားချပြီးတော့ ပြောတယ်။ "အရှင်သူဌေးမင်း ကျွန်ုပ်အပြစ်တွေကို ခွင့်လွှတ်ပါ၊ သူတော်ကောင်းကြီးကို ပြစ်မှားမိတဲ့ အပြစ်တွေ ခွင့်ပြုပါ၊ ခွင့်လွှတ်ပါ" လို့ တောင်းပန်ပါတယ်။ မြတ်စွာဘုရားရှင်ကိုလည်း လျှောက်ထားတောင်းပန်ပါတယ်။ " ဒီမကောင်းမှုတွေ။ အကုသိုလ်တွေကို အကြိမ်ကြိမ် အခါခါ ပြုနေတာ ဒုက္ခပေးနေတာ သူပါပဲ" လို့ ဝန်ခံပါလိုက်တယ်။

"အရှင်သူဌေးမင်း အရှင်သူဌေးမင်းရဲ့ အိမ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့တာသည် ကျွန်ုပ်ပါပဲ၊ နွားခြံထဲက နွားခြေထောက်တွေ ဓားနဲ့ ခုတ်ချိုးပစ် ခုတ်ပိုင်းပစ်တာလည်း ကျွန်ုပ်ပါပဲ၊ စပါးနှံတွေ ရင့်မှည့်နေတဲ့ စပါးလယ်ကွင်းတွေကို ဆုံးရှုံးပျက်စီးသွားအောင် မီးရှို့ပစ်တာလည်း ကျွန်ုပ်ပါပဲ၊ သူဌေးမင်းရဲ့ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘဂကို အမျှပေးဝေပါတယ်ဆိုတဲ့ စကားကြားလိုက်တဲ့ အချိန်မှာ မှားမှန်းသိပါပြီ။ နောင်တရပါပြီ။ ခွင့်လွှတ်ပါ" လို့ တောင်းပန်တယ်။

သူဌေးကြီးကလည်း "ကဲ ... ငါ မင်းအပြစ်တွေ ဖွေမယူပါဘူး ခွင့်လွှတ်ပါတယ်။ ဘာကြောင့် မင်း ဒီလိုဒုက္ခပေးတာလဲ၊ ဘာဖြစ်လို့ ဒုက္ခပေးရတာလဲ" မေးတဲ့အခါကျတော့ "တစ်မနက် သူအိပ်နေတဲ့အချိန် သူ့ကို သူခိုးဖြစ်မယ်လို့ ပြောသွားတဲ့စကား မကျေနပ်လို့ လုပ်တာပါ" ဆိုတော့ "ငါပြောခဲ့တဲ့ အသုံးအနှုန်း၊ ငါပြောခဲ့တဲ့ စကားလုံးကိုလည်း မင်း ခွင့်လွှတ်ပါ" လို့ သူဌေးကလည်း ပြန်တောင်းပန်တယ်။ ဖြစ်ရပ်တွေအားလုံးကို အကျိုးအကြောင်းနဲ့ ရှင်းရှင်းလင်းလင်း သိပြီ။

အပြန်အလှန် ကျေအေးကြတယ်။ ခွင့်လွှတ်ကြတယ်။ သူခိုးက "အရှင်သူဌေးမင်း အဲဒီလိုဆိုရင် အပြစ်တွေကို ကျေသွားအောင် သူဌေးမင်းရဲ့အိမ်မှာ ကျွန်တော်မျိုးရဲ့ မိသားစုအားလုံး ကျွန်ုပ်ခံပြီးတော့ ကြွေးဆပ်ပါရစေ" လို့ အပြစ်ဒဏ်တွေကို သူကျွန်ုပ်ခံပြီးတော့ ကြွေးဆပ်ချင်တယ်။ သူဌေးက လက်မခံရဲတော့ဘူး။ မလုပ်ပါနဲ့ကွာတဲ့။ ဒီလောက်ဒေါသကြီးတာ။ ဘာမဟုတ်တဲ့ စကားလေး ပြောလိုက်တာတောင်မှ ဒီလောက်တောင် ဒုက္ခပေးနေရင် ခေါ်ထားပြီးလို့ ကျွန်ုပ်ခံနေတုန်း ပြောမှားဆိုမှားရှိရင် ပြဿနာတက်မှာစိုးလို့ လက်မခံရဲတော့ဘူး။ အဲဒီတော့ သူ့ကံအားလျော်စွာ၊ ကိုယ့်ကံအားလျော်စွာနေကြ

www.dhammadownload.com

ပြီး ဘဝနိဂုံးချုပ် အဆုံးသတ်တော့ သုမင်္ဂလသူဌေးသည် ကောင်းရာသုဂတိ ရောက်ပါတယ်။

မြွေပြိတ္တာဖြစ်

အကြိမ်ကြိမ်အခါခါဒုက္ခပေးလွန်းတဲ့အပြင် ဘုရားကျောင်းဆောင်ကိုပါ မီးနဲ့တိုက်တဲ့ သူခိုးဟာ သေတဲ့အခါမှာ အဝီစိငရဲကျတယ်။ ငရဲကနေ လွတ်လာတဲ့အချိန်မှာ ဂိဇ္ဈကူဋ်တောင်ရဲ့ ခါးပန်းမှာ တစ်ကိုယ်လုံး မီးလောင်ခံနေရတဲ့ မြွေပြိတ္တာကြီး ဖြစ်လာတယ်။

သူ့အကုသိုလ်ကံကြွေး မကုန်သေးဘူး။ အကုသိုလ်ကံတွေက ရှိနေတဲ့ ခေါင်းကနေလောင်နေတဲ့ မီးတောက်မီးလျှံတွေက မီးလောင်နေလိုက်တာ အမြီးထိ၊ အမြီးကနေ မီးလောင်နေတဲ့ မီးတောက်မီးလျှံတွေဟာ ဦးခေါင်းအထိ လောင်ကျွမ်းပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံး ပတ်ပတ်လည် လောင်ကျွမ်းနေတဲ့ မီးတွေကလည်း မငြိမ်းနိုင်ဘူးတဲ့။

မြတ်စွာဘုရားလက်ထက်ကတည်းက ရှိနေလိုက်တာ ဒီနေ့ထိတိုင် အောင် ဂိဇ္ဈကူဋ်တောင်မှာ ရှိနေပါတယ်။ မြွေပြိတ္တာကြီး ရှိနေသေးတယ်။ ဒီဗွ စက္ခုရှိတဲ့သူတွေ မြင်လိမ့်မယ်၊ တွေ့လိမ့်မယ်။ သူ့အကုသိုလ် ကံတွေ အကျိုးပေး မကုန်သေးဘူး။ ဒီအဖြစ်အပျက်ကို ကြည့်ပြီးတော့ မြတ်စွာဘုရားက တရားတစ်ပုဒ် ဟောကြားပါတယ်။

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎောဝ စျာယတိ။

လူဆိုးလူမိုက်တွေ၊ အသိညာဏ်နည်းတဲ့သူတွေဟာ ကိုယ်လုပ်လိုက်တဲ့ အကြောင်းအရာ၊ ဘာလုပ်ရင် ဘာဖြစ်မယ်၊ ငါ ဘာတွေလုပ်လိုက်ရင် ဘာ အကျိုးရလဒ်တွေ ပေါ်လာလိမ့်မယ်လို့ တွက်ဆ မှန်းဆ သိနိုင်ကြတာ မဟုတ်ပါဘူးတဲ့။ မသိနိုင်ကြပါဘူး။ ကိုယ်ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတာကို သိထားကြရင် ကောင်းပါတယ်။

ဘုရားဟောထားတဲ့ ကမ္မသကတာ သမ္မာဒိဋ္ဌိညာဏ်ဆိုတာ ကောင်းတာလုပ်ရင် ကောင်းကျိုးဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးဖြစ်

www.dhammadownload.com

မယ်။ ကုသိုလ်တွေ အခြေခံပြီးတော့ ကောင်းမြတ်တဲ့ စိတ်ထားနဲ့ ပြုတာ၊ ပြောတာ၊ ကြံတာ မှန်သမျှသည် ဘာအကျိုးဖြစ်မှာလဲ။ ကောင်းကျိုးပါ။ ဒါန ကောင်းမှုပြုတယ်၊ သီလကောင်းမှုပြုတယ်၊ ဘာဝနာကောင်းမှု ပြုတယ်ဆို တာသည် ကောင်းကျိုးပါ။ အခု တရားဓမ္မ နာကြားနေတာသည်၊ ဝိပဿနာ ပွားများအားထုတ်နေတာ ဘာအကျိုးဖြစ်မှာလဲ။ ကောင်းကျိုးဖြစ်မှာပါပဲ။ ဓမ္မ သဘင် ဆင်ယင်ကျင်းပနေတယ် တရားပွဲတွေ ဖြစ်မြောက်အောင် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြတယ်။ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ တတိယအကြိမ်ဖြစ်လာပြီ။ တစ်ကြိမ်နဲ့တစ်ကြိမ် ပိုပြီးကြီးကျယ်လာတယ်။ ပရိသတ်လည်း ပိုများလာတယ်။ အဲဒီလို ကြိုးကြိုးစားစား အားထုတ်ကြ တယ်။

ကုသိုလ်ကောင်းမှုတွေဟာ ကောင်းကျိုးပေးမှာပါ။ မကောင်းတဲ့စိတ်နဲ့ ပြုလိုက် ပြောလိုက် ကြံလိုက်တာမှန်သမျှ လောဘ၊ ဒေါသ၊ မောဟ အခြေခံပြီး တော့ ပြု၊ ပြော၊ ကြံတာမှန်သမျှက မကောင်းကျိုးပေးမှာ သေချာပါတယ်။

ကိုယ်ပြုတာ ကိုယ်ခံရ

မကောင်းပြုရင် မကောင်းကျိုးပေးမှာ ရှင်းနေပါတယ်။ ဘာလုပ်ရင် ဘာ ဖြစ်မယ်ဆိုတာ ဘုရားရှင်ဟောထားလို့ သိနေကြတယ်။ ကောင်းတာ လုပ်ရင် တော့ ကောင်းကျိုးပေးမယ်။ မကောင်းတာလုပ်ရင်တော့ မကောင်းကျိုးပေး မယ်။ သူတစ်ဖက်သားကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေချင်လို့၊ ဒုက္ခရောက် စေချင်လို့ ဆိုပြီးတော့ ကိုယ်လုပ်လိုက်တဲ့ ဒုစရိုက်မကောင်းမှုသည် တကယ် တမ်းပြန်လာတဲ့အခါကျတော့ ကိုယ်ပဲခံရတာပါ။

သူ့ဘေးကို စိတ်ဆင်းရဲစေချင်လို့ အကြိမ်ကြိမ်အခါခါလုပ်တဲ့ မကောင်း မှု၊ တကယ်တမ်း ပြန်ရတဲ့အခါကျတော့ မကောင်းမှုသည် သူ့ဆီပဲ ပြန်ရောက် ပါတယ်။ မြေမှုန်တွေကို ဆုပ်ကိုင်ပြီးတော့ အပေါ်ပစ်တင်ရင် အဲဒီမြေမှုန်တွေ ကိုယ့်ဆီပဲ ပြန် ရောက်ပါတယ်။

နောက်ဆုံး ကိုယ်ပြုလိုက်တဲ့ ကောင်းမှု၊ မကောင်းမှုဆိုတာ ပြန်လည် သက်ရောက်တဲ့ အကျိုးက ကိုယ့်ဆီကိုသာ ပြန်လာပါတယ်။ ကောင်းတာတွေ

www.dhammadownload.com

လုပ်ရင်လည်း ကောင်းတာတွေ ကိုယ့်ဆီ ပြန်လာမှာပါ။ မကောင်းတာလုပ်ရင်လည်း ကိုယ့်ဆီပဲ ပြန်လာမှာပါ။ တကယ်ဆိုရင် သူ့ကို ပြောတဲ့စကား "သူခိုးဖြစ်လိမ့်မယ်" လို့ ပြောတဲ့စကား၊ ပြောပြီး ပျောက်သွားတာပါ။ စကားဆိုတာ လေပါ။ ပြောပြီးရင် မရှိတော့ဘူး။ ဒီလောက်ထိ စွဲမြဲစွာ အာဃာတတွေ၊ ရန်ငြိုးတွေထားဖို့ မကောင်းတာ အမှန်ပါပဲ။

ပြောပြီး ပြီးသွားပြီ၊ ပြောပြီး ပျောက်သွားပြီ။ လေလို့သာ သဘောထားနိုင်ရင် မကောင်းတဲ့ အကုသိုလ်တွေ သူမှာ မဖြစ်တော့ပါဘူး။ ခုတော့ အကြိမ်ကြိမ် အခါခါ မကောင်းမှုပြုတဲ့အပြင် မဆိုင်တဲ့ ဘုရားကိုတောင် ဆွဲထည့်ပြီး မြတ်စွာဘုရား သီတင်းသုံးတဲ့ကျောင်းကိုတောင် မီးရှို့တဲ့အကုသိုလ်၊ သာမန်ချိန်မှာ သာမန်စိတ်ထားမျိုးနဲ့ မကြံစည်ရဲ မလုပ်ရဲတဲ့ အလုပ်တွေကို ဒေါသအားကြီး ဒေါသတိုက်တွန်းတဲ့အချိန်မှာ လုပ်တယ်၊ ကြံစည်ရဲတယ်။

ဒေါသဝင်လာရင် မလုပ်ရဲတာလည်း မရှိဘူး၊ မပြောရဲတာလည်း မရှိဘူး၊ မကြံရဲတာလည်း မရှိဘူး။ မကောင်းမှုမှန်သမျှသည် ဒေါသကြောင့် ဖြစ်လာကြတယ်။ အခု အချုပ်ထောင်ကျနေတဲ့သူတွေ အကျဉ်းကျနေတဲ့သူတွေ သွားမေးကြည့် ၉၀% လောက်က ဒေါသကြောင့် ဖြစ်တာများပါတယ်။ ဘယ်သူ့သတ်လိုက်တယ်၊ ဘယ်သူ့ခုတ်လိုက်တယ်၊ ဘယ်သူ့ထိုးလိုက်တယ်၊ ဘယ်သူပြောလိုက်တဲ့စကား မကျေနပ်လို့ လက်စားချေလိုက်တယ်။ ရန်ငြိုးထား ရိုက်ကြ နှက်ကြ သတ်ကြလို့ဆိုတဲ့ ပြစ်မှုတွေသာ များပါတယ်။

လောဘတွေ၊ ဒေါသတွေ၊ မောဟတွေသာ လျော့နည်းအောင် ကျင့်နိုင်ရင် ကိုယ်လည်းကောင်း၊ ကိုယ့်ပတ်ဝန်းကျင်လည်း ကောင်းသွားပါတယ်။ "မကောင်းမှုအကုသိုလ်တွေရဲ့ အကျိုးရလဒ် ပြန်ထင်ရှားလာတဲ့အချိန် ကိုယ့်ဆီကို ပြန်ရောက်လာတဲ့အချိန်မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းတွေ၊ ပြင်းစွာဖြစ်စေပါတယ်။ ကြီးစွာသောဒုက္ခတွေ ဖြစ်စေပါတယ်" လို့ ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာလက္ခဏာတို့ကို မိန့်ကြားတဲ့စကားကို အကြောင်းပြုပြီးတော့ အနီးအနားရှိနေကြတဲ့ တရားနာပရိသတ်အပေါင်းသည် သံဝေဂရပြီး ဆင်ခြင်ကြတဲ့အတွက် ဒေသနာ ဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိသုတဲ့။

www.dhammadownload.com

တရားနိဂုံးဆုံးတဲ့အချိန်မှာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့မှာ အချို့က သောတာပန်ဖြစ်သွားကြတယ်။ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်၊ အချို့က ရဟန္တာ ဖြစ်သွားကြပါတယ်။ တရားရသွားကြပါတယ်။

ဘုန်းကြီးတို့ပရိသတ်တွေ သတိထားဆင်ခြင်နိုင်ဖို့၊ သင်ခန်းစာယူတတ်ဖို့အတွက် ကိုယ့်စိတ်နှလုံးသားမှာ ဒေါသတွေဖြစ်လာတဲ့အချိန်မှာ ဒီဒေါသတွေကို ဖြစ်တဲ့နည်းနဲ့ ဖြေဖျောက်နိုင်ဖို့ သတိပေးပါတယ်။

ဒေါသတရားကင်းနိုင်ရင် အကောင်းဆုံးပဲလို့ နှလုံးသွင်းပြီးတော့ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းအောင် ကျင့်ကြံနိုင်ကြပါစေ။

www.dhammadownload.com

သီတင်းကျွတ်တိုင်း မျက်ရည်ဝိုင်း

သီတင်းကျွတ်တဲ့အချိန်ခါမှာ တရားမရလို့ မျက်ရည်ဝိုင်းရတဲ့ ရဟန်းတော်တစ်ပါးရဲ့ ဘဝဇာတ်ကြောင်း၊ တရားတော် ကျင့်ကြံအားထုတ်ပုံတို့ကို အတုယူဖွယ်၊ သံဝေဂယူ ဆင်ခြင်ဖွယ်ရအောင် တရားတစ်ပုဒ်ကို ဟောကြနာကြမယ်။

တရားမမှ ကျင့်ကြံအားထုတ်တဲ့ အရှင်မြတ်တစ်ပါးပါ။ မဟာသီဝ မထေရ်ဆိုတဲ့ အရှင်မြတ်ကြီးပါ။ သီဟိုဠ်ကျွန်းမှာ မဟာဂါမရွာ မဟာဝိဟာရ ကျောင်းတိုက်မှာ သီတင်းသုံးပါတယ်။

ရဟန်းတို့ရဲ့ ဆရာ

ပရိယတ္တိဘက်ကလည်း ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်၊ တဖက်ကမ်း ခတ်အောင် တတ်မြောက်တော့ ဂိုဏ်းအသီးသီးက သံဃာတော်အရှင်မြတ်တွေ စာပေလေ့လာလိုက်စားကြတဲ့ သံဃာတွေက နည်းခံပြီးတော့ သင်ယူရတဲ့ အရှင်မြတ်၊ တပည့်ပေါင်း များကြားစွာ နေ့စဉ်နေ့တိုင်း စာပေပို့ချတယ်။

ပဋိပတ္တိတရားမမှကို ကမ္မဋ္ဌာန်းတရားတွေကို သင်ကြားပေးတဲ့နေရာမှာလည်း ဘယ်အတိုင်းအတာအထိတောင် အောင်မြင်သလဲဆိုရင် ဒီအရှင်မြတ်ရဲ့ တပည့်တွေသည် ရဟန္တာချည်းပဲ သုံးသောင်းရှိတယ်။ သောတာပန်တွေ၊ သကဒါဂါမ်၊ အနာဂါမ်တွေ မပါသေးဘူး။ အရှင်မြတ် နည်းပေးလမ်းပြ

www.dhammadownload.com

ပြုလို့၊ ကမ္မဋ္ဌာန်းပေးလို့၊ အဲဒီကမ္မဋ္ဌာန်းနည်းအတိုင်း ကျင့်ကြံအားထုတ် ပွား များကြတာ ရဟန်းတော် သုံးသောင်း ရဟန္တာ ဖြစ်ပါတယ်။

သို့သော်လည်း စွယ်စုံရ အရှင်မြတ်ကိုယ်တိုင်ကတော့ဖြင့် ပုထုဇဉ်ပဲ ရှိသေးတယ်။ တစ်နေ့တစ်နေ့ စာပို့ချတယ်၊ တရားဟောတယ်၊ ကမ္မဋ္ဌာန်း သင်ပေးတယ်။ အဲဒီအလုပ်တွေနဲ့ ရှုပ်ထွေးနေတာမို့လို့ ကိုယ်ကိုယ်တိုင် အားထုတ် ကျင့်ကြံမှုအပိုင်းမှာ အားနည်းတယ်။ ကိုယ်တိုင်ကျတော့ မကျင့်ဖြစ်ဘူး။ အား မထုတ်ဖြစ်ဘူး။ သူများအတွက် သူများကိစ္စတွေပဲ ဆောင်ရွက်ပြီးတော့အချိန် ကုန်နေတယ်။

တပည့်ဖြစ်တဲ့ ရဟန္တာအရှင်မြတ်တစ်ပါးက တို့ဆရာတော်ဘုရား အရှင်မဟာသီဝမထေရ်ဘယ်အတိုင်းအတာထိ တရားဓမ္မတွေကို သိမြင်ထား သလဲ၊ ဘယ်လောက်ထိ ခရီးရောက်ပြီလဲ၊ ဘယ်လောက်ထိ ခရီးပေါက်ပြီလဲ သိချင်လို့ ပရစိတ္တဝိဇာနန အဘိညာဉ်နဲ့ ကြည့်တဲ့အခါမှာ အရှင်မြတ်သည် ပုထုဇဉ်၊ တရားမရသေးဘူး၊ တရားမရှိသေးဘူးဆိုတာကို သိသွားပါတယ်။

ဒါကိုသိတော့ အဲဒီတပည့်ရဟန္တာအရှင်မြတ်က ဥပါယ်တံမျဉ်ဖြင့် သတိ ပေးမယ်ပေါ့၊ ဆရာတော်ဘုရားကို တရားအလုပ် အားထုတ်ဖို့ သတိပေးမယ် ဆိုပြီးတော့ ကြွလာပါတယ်။ မဟာသီဝမထေရ်ကြီးထံမှာ အနားကပ် ရှိခိုးကန် တော့၊ "ဘာကိစ္စလဲ ငှါရှင်" လို့ မေးတော့ "အရှင်ဘုရား၊ ဘုရားတပည့်တော် စာတစ်ပုဒ် သင်ချင်လို့ပါ၊ စာလေးတစ်ပုဒ် သင်ချင်ပါတယ် ဘုရား"။ အရှင်မြတ် က "ငှါရှင် ငှါမှာ အချိန်မရှိဘူးတဲ့၊ တစ်နေ့တစ်နေ့ စာဝါပေါင်းမြောက်များစွာ ရဟန်းသံဃာပေါင်း မြောက်များစွာကို အချိန်ရသမျှ ငါသင်ကြားပို့ချပေးနေ ရတယ်၊ ကမ္မဋ္ဌာန်းတရားတွေ ပြသပေးနေရတယ်။ ငှါမှာ အချိန်မရှိဘူး" လို့ ပြောပါတယ်။

"အဲဒါဆိုရင် အရှင်မြတ်ဘုရား ဘုရားတပည့်တော် မနက်စောစော ဆရာတော်ဘုရား အိပ်ရာကထ မျက်နှာသစ်ပြီးစအချိန်လေးမှာ သင်ပါရစေ" မနက်အိပ်ရာက ထတယ်ဆိုတော့ ဘုန်းကြီးတို့ (၄) နာရီ၊ (၄) နာရီခွဲပေါ့။ မိုးတောင်မလင်းသေးဘူး။ အဲဒီအချိန်ခါမှာ မျက်နှာသစ်ပြီးတဲ့အချိန်မှာ ဘုရား တပည့်တော် ဒီစာပုဒ်လေး သင်ချင်ပါတယ် ဘုရားတဲ့၊ "ငှါရှင် အဲဒီအချိန်မှာ

www.dhammadownload.com

လည်းတခြားတခြားသူတွေက အချိန်ယူထားကြပြီးသား၊ အဲဒီအချိန်မှာလည်း စာသင်ယူနေကြသူတွေ ရှိတယ်"။ အိပ်ရာက ထခါစလည်း အချိန်မပေးနိုင်ဘူးပေါ့။ "အဲဒါဆိုရင် ဘုရား၊ အရှင်ဆွမ်းများ ဘုဉ်းပေးပြီးတဲ့အချိန် အရှင်ဆွမ်းဘုဉ်းပေးပြီးခါစ အချိန်လေးမှာ ဘုရားတပည့်တော် သင်ပါရစေ"။

"ဟာ-ငါ့ရှင် ဒါလည်း မအားဘူး"တဲ့။ အဲဒီအချိန်လည်း မအားဘူး၊ တခြားသူတွေ သင်နေကြတယ်၊ ဒီအချိန်လည်း မပေးနိုင်ဘူး။ "အဲဒီလိုဆိုရင် ဘုရား၊ အရှင်ဘုရား ဆွမ်းခံကြွခါနီး သင်္ကန်းရုံနေချိန်လေး သင်ပေးပါ"တဲ့။ ဘုန်းကြီးတို့ အရှင်ဆွမ်း ဘုဉ်းပေးပြီးရင် မြို့ထဲရွာထဲ ဆွမ်းခံကြွတယ်ပေါ့၊ ဆွမ်းခံကြွပြီဆိုရင် ရဟန်းသံဃာတွေ သင်္ကန်းရုံကြတယ်၊ သင်္ကန်းရုံတယ်ဆိုတာ အလွန်ဆုံးကြာမှ သုံးလေးမိနစ်ပေါ့၊ အဲဒီလို အရှင်ဘုရား သင်္ကန်းရုံနေတဲ့ အချိန်ခဏလေးမှာ ဘုရားတပည့်တော် သင်ပါရစေဆိုတော့လည်း မအားဘူး၊ အချိန်မပေးနိုင်ဘူး၊ "ငါ့ရှင် အဲဒီအချိန်လည်း မရှိဘူး"တဲ့။ တခြားလူတွေ အတွက် ပေးပြီးသား၊ အဲဒီမှာလည်း စာသင်တဲ့သူတွေရှိတယ်၊ တရားမေးတဲ့သူတွေ ရှိတယ်၊ အမေးပုစ္ဆာ ပြဿနာတွေ ဖြေရှင်းပေးနေရတာ ရှိတယ်၊ အဲဒီအချိန်လည်း မအားဘူး၊

အားလပ်ချိန်မရှိ

အဲဒီလိုနဲ့ အားလပ်ချိန် မေးလိုက်တာ နေ့ဆွမ်းဘုဉ်းချိန်လည်း မအားဘူး၊ နေ့ဆွမ်းစားပြီးလည်း မအားဘူး၊ ခဏတဖြုတ် နားပြီးလို့ မွန်းတိမ်းခါစ အချိန်လည်း မအားဘူး၊ ညနေစောင်းလည်း မအားဘူး၊ ညဘက်မိုးကြီးချုပ်တဲ့ အချိန် မေးပြန်တော့လည်း မအားဘူး၊ တစ်နေ့လုံး အားချိန်မရှိသလောက်ပါပဲ။

တစ်နေ့လုံး အားတဲ့အချိန် မရှိဘူး။ "ငါ့ရှင်တဲ့ သင့်အတွက် အချိန်ပေးစရာ ဘယ်အချိန်မှ မရှိဘူး" ဆိုတော့ ခုနက ရဟန္တာအရှင်မြတ်က ဆရာတော်ဘုရားကို ရိုရိုသေသေလျောက်ထားတယ်။ "အရှင်ဘုရား ဒီလိုဆိုရင် တပည့်တော် လျောက်ထားချင်ပါတယ် ဘုရား၊ ဒီလောက်တောင် အရှင်ဘုရားမှာ

www.dhammadownload.com

အလုပ်တွေများပြီးတော့ အချိန်မပေးနိုင်ဘူး၊ အားလပ်ချိန်မရှိဘူးဆိုရင် အရှင်ဘုရားအတွက် သေဖို့တောင်မှ အချိန် ရှိပါသေးရဲ့လား" တဲ့။

မအား မအားနဲ့ ဒီလောက်တောင်မအားတာ သေဖို့အချိန်တောင် ရှိသေးရဲ့လားပေါ့။ မိုးလင်းလည်း မအား၊ နေ့လယ်လည်းမအား၊ ညနေလည်း မအား၊ တစ်နေ့လုံး အိပ်ရာထချိန်ကနေစပြီးတော့ အိပ်ရာဝင်ချိန်အထိ မဟာသီဝမထေရ်ကြီး စာသင်ပေးတယ်၊ တရားဟောပေးတယ်၊ တရားပြပေးတယ်၊ ဒီအလုပ်တွေနဲ့ တစ်နေ့လုံး လုပ်နေရတော့ အားချိန်နည်းနည်းမျှ မရှိဘူး။ ဒါကို ရဟန္တာအရှင်မြတ်က ခပ်ပြင်းပြင်းလေး သတိပေးစကား ပြောတယ်ပေါ့။ "အရှင်ဘုရား ဒီလိုဆိုလို့ရှိရင် အရှင်ဘုရားမှာ ပုံတော်မူဖို့ အချိန်၊ သေဖို့အချိန် တောင်မှ ရှိပါသေးရဲ့လား" လို့ လျှောက်ထားပြီးတော့ တပည့်ရဟန်း ကောင်းကင်ကနေပြီးတော့ ဈာန်ပုံကြွသွားတယ်။

အဲဒီမှာ မဟာသီဝမထေရ်ကြီး သဘောပေါက်သွားတယ်။ "ဩော် - ဒီကိုယ်တော် ငါ့ဆီ စာသင်ချင်လို့ မဟုတ်ဘူး၊ တမင်တကာ သတိပေးချင်လို့ လာတာပဲ။ သေခြင်းတရား ရှိနေသေးတယ်၊ သေရဦးမယ်၊ မသေခင်မှာ ကိုယ့်အတွက် လုပ်စရာရှိတာကို လုပ်ရဦးမယ်ဆိုတာကို သတိပေးချင်လို့ လာလျှောက်ထားတာ ဖြစ်မယ်" လို့ အရှင်မြတ်က သဘောပေါက်သွားပါတယ်။

ဘယ်သူ မဆို တစ်နေ့တစ်နေ့ မိုးလင်းကနေမိုးချုပ် လူကြီးလူငယ် အားလုံး၊ ယောကျ်ားမိန်းမအား လုံး အားတဲ့လူ မရှိကြပါဘူး။

မအားဘူး။ မအားဘူးဆိုပြီးတော့ လုပ်နေရတဲ့ အလုပ်တွေ ကိုယ်စီကိုယ်စီရှိကြတယ်။ အခု မဟာသီဝမထေရ်ကြီး လုပ်နေရတဲ့အလုပ်တွေကို ကြည့်လိုက်ရင် ပရိယတ္တိအလုပ်၊ ပဋိပတ္တိအလုပ်၊ ကုသိုလ်ရတဲ့အလုပ်တွေကို လုပ်နေတာ၊ ပရိယတ္တိတွေ သင်ကြားပေးတယ်၊ ပဋိပတ္တိတွေ သင်ကြားပေးတယ်၊ စာချပေးတယ်၊ တရားဟောပေးတယ်၊ တရားပြပေးတယ်။ ဒီအလုပ်တွေက ပြန်တွက်ကြည့်ရင် ကိုယ့်အတွက် မဟုတ်ပါဘူး။

သူများအတွက်ပါ။ စာသင်ပေးတယ်ဆိုတာလည်း သူများအတွက်၊ တရားဟောပေးတယ်ဆိုတာလည်း သူများအတွက်၊ ကမ္မဋ္ဌာန်း ပြပေးတယ်ဆိုတာလည်း သူများအတွက်၊ အခု မဟာသီဝမထေရ်ကြီးမှာ သူ့အတွက်

www.dhammadownload.com

သူလုပ်ရမယ့်အလုပ်၊ လုပ်ဖို့အချိန်၊ သူ့တရား သူအားထုတ်ရမယ့် အချိန်မရှိသလောက် ဖြစ်နေတယ်။

တပည့်က ဒါကို ပြချင်တာ၊ ဒါကို ထောက်ပြချင်တာပါ။ သူဆိုလိုတဲ့သဘောက အရှင်ဘုရားသည် မိုးလင်းကမိုးချုပ် တစ်နေကုန်မှာ သူများအရေးနဲ့သာ အချိန်ကုန်တယ်၊ သူများအတွက်ကိုသာ ဆောင်ရွက်ပေးနေတယ်၊ ကိုယ့်တွက်တာတော့ ဘာမှမပါပါဘူး။တစ်နေ့တစ်နေ့ လူတိုင်းလိုလို လုပ်နေကြတဲ့အလုပ်တွေ ပြန်တွက်ကြည့်ရင် ကိုယ့်အလုပ်ထက် သူများအလုပ်ကများနေပါတယ်။

ကိုယ့်အလုပ် ဘယ်အချိန်လုပ်မှာလဲ

သူများအတွက်ကြီးပဲ ဖြစ်နေတယ်။ ကိုယ့်အလုပ် ကိုယ့်ကိစ္စဆိုတာ တရားအလုပ် အားထုတ်တာမှ ကိုယ့်ကိစ္စ၊ တရားအားထုတ်တာကမှ ကိုယ့်အလုပ်ပါ။

ကိုယ့်အလုပ်ကျတော့ ကိုယ်မလုပ်ဖြစ်ဘူး။ ကိုယ့်အလုပ်တော့ ကိုယ်လုပ်မှ ကောင်းမယ်၊ ဒီနေ့တစ်နေ့တာကာလ (၂၄) နာရီမှာ ငါ့အလုပ် ငါဘယ်လောက်လုပ်ဖြစ်လဲ။ ငါကိုယ်တိုင် လုပ်ရမယ့်အလုပ်၊ ငါလုပ်မှ ငါရမယ့် ငါ့တရားအလုပ်ကို ငါဘယ်အတိုင်းအတာထိ လုပ်ဖြစ်သလဲ၊ အချိန်ကာလကို ငါ့အတွက် ဘယ်လောက်အသုံးချသလဲ၊ ပြန်တွက်ကြည့်ရင် ကိုယ့်အတွက် အသုံးချတဲ့အချိန်သည် နည်းနည်းလေးပါ။

တစ်နေ့တစ်နာရီ တရားအားထုတ်ဖြစ်တယ်ဆိုရင်တောင် တစ်နာရီက ကိုယ့်အလုပ်၊ ကျန်တဲ့နှစ်ဆယ့်သုံးနာရီက သူများအလုပ်ဖြစ်နေတယ်။ တစ်နေ့မှာ နာရီဝက်ပဲ တရားအလုပ် လုပ်ဖြစ်တယ်ဆိုရင် ကျန်တဲ့ နှစ်ဆယ့်သုံးနာရီကျော် ကျော်သည် သူများအလုပ်ပါ။

"အရှင်ဘုရား ဒါဆို အရှင်ဘုရား သေဖို့အချိန်၊ ပျံတော်မူဖို့ အချိန်တောင် ရှိပါသေးရဲ့လား၊ ဒီလောက်တောင်မှ မအားမလပ်ဖြစ်နေရင် သေဖို့တောင်မှ အားရဲ့လား" လို့ ပြင်းပြင်းထန်ထန် သတိပေးသွားတဲ့အချိန်မှာ မဟာသီဝမထေရ်ကြီးသည် သတိရလာတယ်။ ဟုတ်ပါလား၊ ငါတစ်နေ့တစ်နေ့

www.dhammadownload.com

သူများအလုပ် သူများအရေးနဲ့သာ အချိန်ကုန်နေတာ အချိန်ဖြုန်းနေတာနဲ့ တူနေတယ်။

ကိုယ့်အတွက် ကိုယ်လုပ်တာကို အချိန်ကို သုံးတာလို့ ခေါ်တယ်။ ကိုယ့် အလုပ် ကိုယ်မလုပ်ရင် အချိန်ဖြုန်းတာပါ။

"ငါဟာ ကိုယ့်အရေး ကိုယ်ဦးစားမပေး၊ သူများအရေးကို ဦးစားပေး သလို ဖြစ်နေပြီ။ ဟုတ်တယ်၊ ငံ့မှာ သေခြင်းတရား ရှိသေးတယ်။ ငါကိုယ် တိုင်လည်း သေရဦးမယ်၊ သေဖို့ကိုတောင်မှ ငါမေ့ပြီး သူများအရေးနဲ့ ရှုပ်ထွေး နေတယ်၊ သူများအလုပ်တွေ လုပ်နေတယ်။ ခုနက ကိုယ်တော်လေး ပြောတာ မှန်သားပဲ၊ ဟုတ်သားပဲ၊ ငါလည်း တရားမရသေးဘူး၊ တရား မရှိသေးဘူး၊ သေဖို့ပြင်ရမယ်၊ သေဖို့ပြင်ရဦးမယ်၊ ငံ့တရား ငါရှာရဦးမယ်။ ဒီအရေး ဒီကိစ္စ တွေအကုန်ထား ငါ တရားအားထုတ်မယ်"လို့ မဟာသီဝမထေရ်ကြီး တရား အားထုတ်ဖို့ သတိရလာပါတယ်။

တိတ်တိတ်လေးတောထွက်

ချက်ချင်းပဲ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ ကျောင်းတိုက်ထဲ ကနေ ဘယ်သူမျှမသိအောင် တိတ်တဆိတ် တောထွက်သွားတယ်၊ ကျောင်း ကနေ တော်တော်ဝေးတဲ့ တောအုပ်ဆီကို တရားကျင့်ဖို့ ထွက်သွားတယ်။ တောကြီးမျက်မည်းထဲမှာ လိုဏ်ဂူလေးတစ်ခုတွေ့တော့ ဒီလိုဏ်ဂူလေးမှာ တရားကျင့်မယ်၊ မနီးမဝေးရွာမှာ ဆွမ်းခံမယ်ဆိုတဲ့ စိတ်ကူးနဲ့ သီတင်းသုံး ပါတယ်။ ကျောင်းမှာရှိတဲ့သူတွေ၊ ဘယ်သူမျှ မပြောသွားဘူး၊ စိတ်ထဲထင်နေ တာက တရားအားထုတ် ငါအလွန်ဆုံးကြာလှမှ တစ်ရက်နှစ်ရက်ပေါ့၊ တစ်ရက် နှစ်ရက် အားထုတ်လိုက်ရင် ငါရမှာပဲ၊ အားမထုတ်သေးလို့သာ မရတာ၊ တကယ်ကျင့်လိုက်လို့ရှိရင် ဘာကြာမှာလဲလို့ ထင်ထားတာပါ။

အရှင်မြတ်က သူ့ကိုယ်သူ ယုံတယ်ပေါ့၊ ယုံစရာလည်း သူ့မှာ ပရိယတ္တိ ဘက်က သူ့မှာ အပြည့်အစုံရှိတယ်။ မြတ်စွာဘုရားရှင် ဟောကြားတဲ့ တရား ဓမ္မတွေကို သေသေချာချာ တိတိကျကျကို သိတယ်။

www.dhammadownload.com

ပရိယတ္တိကို သိတယ်ဆိုတာ တရားကျင့်တဲ့နည်းလမ်းကို သိတာနဲ့ တူပါတယ်။ ဘယ်လိုတရားကျင့်ရမလဲ၊ ဘယ်လို တရားအားထုတ်ရမလဲ၊ ဘယ်နည်းဘယ်ပုံ တရားနှလုံးသွင်းရမယ်ဆိုတာကို အရှင်မြတ်သည် တိတိကျကျ သိပါတယ်။ သူကိုယ်တိုင် ညွှန်ပြပေးလိုက်လို့၊ ကိုယ်တိုင်ကို ပြောဆိုဆုံးမလို့ ရဟန္တာဖြစ်တဲ့တပည့်တွေတောင် တပည့်သုံးသောင်းပါ။ သူများကိုတောင် နည်းပေးလမ်းပြပြုလို့ တရားရသေးတယ်ဆိုရင် ငါကိုယ်တိုင်ကျင့်ရင် ဘယ်လောက် ကြာမှာလဲ။ ဒီတရား ငါအားထုတ်မယ်ဆိုရင် တစ်ရက်နှစ်ရက် အတွင်းမှာ တရားရလိမ့်မယ်၊ ဘာမျှမခက်ဘူး။ တရားအားထုတ်ပြီးတော့ တရားရမှ ပြန်လာမယ်၊ အသိပေးမယ်ပေါ့။

တောထဲကြွပြီးတော့ တစ်ရက် နှစ်ရက် တရားကျင့်လိုက်တာ ရသလားဆိုတော့ မရဘူး၊ ထင်သလိုမဖြစ်ဘူး၊ ထင်တိုင်း မပေါက်ဘူး၊ ကျင့်ပင် ကျင့်သော်လည်း အရှင်မြတ်မှာ တရားမရသေးပါ။ တစ်ရက် နှစ်ရက်နဲ့ တရားမရတော့ "တစ်ရက် နှစ်ရက်နဲ့ မဖြစ်ရင် လေးငါးဆယ်ရက်လောက် ကျင့်ရင် ရမှာပဲ"။ လေးငါးဆယ်ရက်လောက် ဆက်ကျင့်တော့လည်း တရားရသလားဆိုတော့ မရဘူး၊ လေးငါးဆယ်ရက်ကျင့်လည်း မရဘူး၊ တစ်လလောက်ကျင့်မှ ထင်တယ်၊ သိပ်ကြာမယ်တော့ မထင်ပါဘူး၊ တစ်လလောက် အားထုတ် ရနိုင်လောက်ပါရဲ့ဖြစ်နိုင်လောက်ပါရဲ့ပေါ့။ ဝါဆိုဝါကပ်ဖို့ကလည်းအချိန်ကနီးနေပြီ၊ ဝါဆိုချိန်ကလည်းနီးကပ်နေပြီ၊ ငှဲကျောင်းတိုက်ကိုပြန်သွားမယ်ဆိုရင်အလုပ်များနေလိမ့်မယ်၊ အလုပ်ရှုပ်နေလိမ့်မယ်။ ကျောင်းတိုက်ထဲ ပြန်သွားရင် ဒီအရှင်မြတ် တရားအားထုတ်ချိန်ရမှာမဟုတ်ဘူး။ အဲဒီတော့ ဘာပြောပြော ဒီတစ်လလောက်တော့ဖြင့် ဒီနေရာမှာပဲ သီတင်းသုံးပြီး ကျင့်လိုက်ရင် ရသွားမှာ၊ ရမှာပဲဆိုပြီးတော့ ဆက်ကျင့်ပါတယ်။

သေသေချာချာ ကြိုးကြိုးစားစားနဲ့ စနစ်တကျ ကျင့်ပါတယ်၊ တစ်လတိုင်တိုင် ကျင့်ကြံအားထုတ်သော်လည်း တရားမရသေးပါဘူး။ တရားမတွေ့သေးပါဘူး။ တစ်လကျင့်လည်းမရ၊ နှစ်လကျင့်လည်းမရ၊ ဒီလိုနဲ့ ဝါဆိုချိန် ရောက်တယ်၊ ဝါဆိုရတော့မယ်။

www.dhammadownload.com

ဝါဆိုမယ်ဆိုတော့ ဆုံးဖြတ်ချက်ချတယ်၊ ဘာပြောပြော ဘုန်းကြီးတို့ ရဟန်းသံဃာမည်သည်မှာ ဝါတွင်းကာလ ဝါဆိုတဲ့နေရာရှိရမယ်၊ ဝါဆိုတဲ့ နေရာသတ်မှတ်ပြီးတော့ ဝါဆိုပြီးပြီဆိုရင် ဝါတွင်းသုံးလ တခြားအရပ်ဒေသ ပြောင်းရွှေ့နေလို့မရတော့ဘူး၊ ဒီတော့ ဒီတောကျောင်း ဒီလိုဇာတိမှာပဲ သီတင်း သုံးမယ်၊ဝါတွင်းသုံးလတော့ဒီမှာပဲနေမယ်ပေါ့။" ငါတကယ်ကြိုးစားကျင့်မယ်၊ အားထုတ်မယ်ဆိုရင် အလွန်ဆုံး သုံးလအတွင်းမှာရမှာပဲ။ သီတင်းကျွတ်ရင် တော့ တရားရမှာသေချာတယ်လို့ ကျင့်ပါတယ်။

ဝါတွင်းသုံးလလောက် ငါကျင့်လိုက်ရင် သေသေချာချာ ကြိုးစားအား ထုတ်လိုက်ရင် ငါသီတင်းကျွတ်ချိန်မှာ တရားရမယ်။ သီတင်းကျွတ်ရင်တော့ တရားရကိုရမယ်လို့ စိတ်ထဲမှာ မှန်းထားတယ်။

မြတ်စွာဘုရားရှင်လက်ထက်တော်က ရဟန်းသံဃာတွေ ဝါဆိုခါနီး အချိန်ကျရင် ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတရားတွေ သင်ယူပြီးတော့ တရား အားထုတ်ကြတယ်။ သင့်တော်လျောက်ပတ်တဲ့ တောအရပ်၊ တောင်အရပ်၊ တောကျောင်း၊ တောင်ကျောင်းတွေမှာ သွားပြီးတော့ ဝါတွင်းသုံးလ ကျင့်ကြံ အားထုတ်ကြတယ်။ ဝါတွင်းသုံးလမှာက အလုပ်ကိစ္စတွေ နည်းတယ်၊ ခရီးဝေး တွေ သွားလို့မရဘူး၊ ကိုယ့်အရေး၊ ကိုယ့်တရား အားထုတ်စရာ အချိန်ပဲဆိုပြီး တော့ ဝါတွင်းမှာ ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ကြတာ များတယ်။

အဲဒါကြောင့် သီတင်းကျွတ်ပြီဆိုရင် ရဟန်းသံဃာတွေ မြတ်စွာဘုရား ရှင်ရဲ့ထံမှာ ပြန်လာလျှောက်ထားတော့ များသောအားဖြင့် ရဟန္တာဖြစ်ပြီလို့ လျှောက်တဲ့သူတွေ များပါတယ်။ သီတင်းလည်းအကျွတ် တရားလည်းအရ ရည်ရွယ်ချက် နဲ့ မှန်းပြီးတော့ အားထုတ်ကြတယ်။

ဒီလိုပဲ စာသင်တဲ့ ရဟန်းသံဃာတွေကလည်း ဝါတွင်းသုံးလ ငါတို့ ဘယ်အတိုင်းအတာထိရောက်အောင် ဘယ်အခြေအနေထိ ပေါက်အောင် ကြိုးစားလိုက်မယ်၊ သင်ယူလိုက်မယ်လို့ သင်ကြတာ များပါတယ်။ ဝါကျွတ် တယ်ဆိုတာကို အချိန်ကာလတစ်ခုအနေနဲ့ သတ်မှတ်ပြီးတော့ ဒီအချိန် ရောက်ရင် ဒီလောက်အတိုင်းအတာရှိရမယ်၊ ဒီအချိန်ရောက်ရင် စာဒီလောက်

www.dhammadownload.com

ရရမယ်၊ တရားကျင့်တာ ဘယ်အဆင့်ရောက်ရမယ်။ အဲဒီလို မှန်းပြီးတော့ ကျင့်ကြတယ်။

ပဝါရဏာနေ့ရောက်ပြီ

သီတင်းကျွတ် လပြည့်နေ့ဆိုတာက ဘုန်းကြီးတို့ သာသနာဆိုင်ရာ အရေးပါတဲ့ နေ့တစ်နေ့ပါ။ သံဃာ့ကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ သီတင်းကျွတ်လပြည့်နေ့သည် အရေးပါပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းသံဃာတွေ ပဝါရဏာပြုကြတယ်။ ကျောင်းတိုက်ကြီးငယ်အသီးသီးက ရဟန်းတော်တွေ၊ နီးစပ်ရာ နီးစပ်ရာကျောင်းမှာ စုပေါင်းပြီးတော့ ဂိုဏ်းဂဏ တူရာတူရာ စုပေါင်းပြီးတော့ ပဝါရဏာပြုတယ်။ ပဝါရဏာပြုတယ်ဆိုတဲ့ အဓိပ္ပာယ်က သိမ်ထဲမှာ ရဟန်းတော်တွေ အားလုံးစုပြီးတော့ တစ်ပါးနဲ့တစ်ပါး ဖိတ်ခေါ်တာလို့ ပြောရတယ်။

သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။

အကြီးဆုံး မထေရ်ကနေပြီးတော့ ခုမှ တစ်ပါပဲရသေးတဲ့ ရဟန်းတော် အထိ "အရှင်ဘုရားတို့ တပည့်တော်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်တွေရှိနေရင် အရှင်ဘုရားတို့ မြင်သည်ဖြစ်စေ၊ ကြားသည်ဖြစ်စေ၊ စိတ်ထဲမှာ ယုံမှားသံသယ ရှိနေသည်ဖြစ်စေ တပည့်တော်ကို ပြောနိုင်ပါတယ်၊ ဆိုနိုင်ပါတယ်၊ ဆုံးမနိုင်ပါတယ်၊ အရှင်ဘုရားတို့ မြင်လို့ကြားလို့ သံသယရှိလို့ ပြောဆိုဆုံးမရင်လည်း ဘုရားတပည့်တော်တို့ ကျေကျေနပ်နပ်နဲ့ ခံယူပါ့မယ်၊ ပြုပြင်ပါ့မယ်" လို့ ဖိတ်ခေါ်တာ ဖိတ်ကြားတာပါ။ အပြစ်ရှိရင်ပြောပါလို့ လျှောက်ထားတာကို ပဝါရဏာပြုတယ်လို့ ခေါ်ပါတယ်။

အဲဒီအချိန်မှာ ရဟန်းသံဃာတွေဟာ တစ်ပါးနဲ့ တစ်ပါး ရင်းရင်းနှီးနှီး သူမှာ အပြစ်ရှိလည်း ကိုယ်ကပြော၊ ကိုယ့်မှာအပြစ်ရှိလည်း သူပြောတာ ပြုပြင်ကြတာပါ။ ဒီလို ပဝါရဏာပြုကြတော့ များသောအားဖြင့် တရားဓမ္မကျင့်တဲ့ ရဟန်းတော်တွေက အဲဒီအချိန်အခါမှာ သံဃာပရိသတ်အလယ်မှာ ရဟန္တာတစ်ပါးအဖြစ်နဲ့ ပဝါရဏာ ပြုချင်တယ်၊ အရိယာ ပဝါရဏာပေါ့၊ အရိယာပုဂ္ဂိုလ်

www.dhammadownload.com

တစ်ယောက်ဖြစ်ပြီးတော့ ကာယကံ အပြစ်တွေလည်းကင်းကာ၊ ဝစီကံအပြစ်တွေလည်း ကင်းကာ၊ မနောကံအပြစ်တွေလည်း ကင်းရှင်းကာ ဖိတ်ခေါ်ချင်တယ်။ ကိုယ့်မှာ အပြစ်မရှိဘဲနဲ့၊ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်တွေ ကင်းရှင်းပြီးတော့ အပြစ်ရှိရင်ပြောလို့ ရဲရဲဝံ့ဝံ့ ဖိတ်ကြားချင်ကြတယ်။

ပုထုဇဉ်ဆိုတာက သူသူကိုယ်ကိုယ် အပြစ်မကင်းကြတော့ သူများပြော စရာ၊ ဆိုစရာ၊ ဆုံးမစရာတွေရှိသေးတယ်။ အရိယာပုဂ္ဂိုလ်တွေကျတော့ အဲဒီလို ပြောစရာ၊ ဆိုစရာ၊ အပြစ်ပြဆုံးမစရာဆိုတာ မရှိတော့ပါဘူး။

ကာယကံလည်း ကောင်းနေပြီ၊ ဝစီကံလည်း ကောင်းနေပြီ၊ မနောကံလည်း ကောင်းနေပြီ၊ အဲဒီအဖြစ်မျိုးကိုပဲ လိုလားတောင့်တတယ်။ အခု မဟာသီဝမထေရ်ကြီးကလည်း "တစ်ဝါတွင်းကာလ အားထုတ်မယ်ဆိုရင် သီတင်းကျွတ်ရင် တရားရမှာပဲ။ သံဃာ့ပဝါရဏာ ပြုချိန်မှာ ငါသည် ရဟန္တာတစ်ပါးအဖြစ်နဲ့ ပဝါရဏာပြုမယ်"လို့ သူစိတ်ကူး သူရည်ရွယ်ချက် ရည်မှန်းချက်အတိုင်းကျင့်ကြံအားထုတ်လိုက်တာ သီတင်းကျွတ်လပြည့်နေ့ပဝါရဏာပြုချိန်ကို ရောက်တဲ့အချိန်ထိ မဟာသီဝမထေရ်ကြီး ဘာတရားမျှ မရသေးဘူး။

ကိုယ်တိုင်လည်း နည်းစနစ်ပိုင်းဆိုင်ရာ သေသေချာချာ သိထားတယ်၊ လက်တွေ့ကျင့်ကြံအားထုတ်မှုအပိုင်းမှာလည်းကြိုးစားအားထုတ်တယ်၊ ကျင့်ကြံတယ်။ ဒါပေမဲ့လည်း ထင်တိုင်းမပေါက်ဘူး။

တရားဆိုတာက ဒီလိုပါပဲ။ တစ်ခါတလေကျရင် "ငါတို့ ဒီတစ်ပတ် တရားဝင်လိုက်မယ်၊ ဒီတစ်ကြိမ် တရားဝင်လိုက်မယ်။ ဒီတစ်ကြိမ် ဒီတစ်ပတ် တရားဝင်တဲ့အခါမှာ ငါတို့ ဘယ်အတိုင်းအတာထိ ရောက်မှာပဲ၊ ဘယ်လောက်တော့ဖြစ်မှာပဲ။ ပြီးခဲ့တဲ့အကြိမ်က ဘယ်လောက်ရခဲ့တယ်၊ ဘယ်လောက်သိခဲ့တယ်၊ ဘယ်လောက်ဖြစ်ခဲ့တယ်။ ဒီတစ်ကြိမ်တော့ဖြင့် ဘယ်အထိ ပေါက်ရောက်မှာပဲ၊ ပေါက်မြောက်မှာပဲလို့ မှန်းထားတယ်။ ဒါပေမဲ့လို့ မှန်းတိုင်း မပေါက်တာတွေ ရှိတယ်။

အရှင်မြတ် မဟာသီဝမထေရ် ဒီအတိုင်းဖြစ်တာပါ။ သီတင်းကျွတ်လပြည့်နေ့ကို ရောက်ချိန်မှာ ဘာတရားမျှမသိ၊ ဘာတရားမျှမမြင်၊ ရဟန္တာသူ

www.dhammadownload.com

မြတ် ဖြစ်ဖို့နေနေသာသာ သောတာပန်တောင် မဖြစ်ဘူးတဲ့။ ပုထုဇဉ်အဖြစ်က မလွတ်သေးဘူး၊ သီတင်းကျွတ်လပြည့်နေ့ကို ရောက်ချိန်မှာ အရှင်မြတ် ဝမ်းနည်းနေတယ်။ လပြည့်နေ့သည် လဝန်းကြီး ထိန်ထိန်သာလို့ ရာသီဥတုကလည်း ကောင်း၊ မိုးတိမ်ကလည်း ကင်းရှင်းနေချိန် လပြည့်ဝန်းကြီး ကြည့်ပြီးတော့ စိတ်ဆင်းရဲနေတယ်။

"ဒီနေ့ ဒီအချိန်မှာ ငါရဟန္တာဖြစ်ရမယ်လို့ မှန်းထားတာ၊ ဒီအချိန် ဒီအခါမှာ ရဟန္တာဖြစ်မယ်လို့ ငါတွက်ထားတာ၊ ခုထိဘာမျှလည်း မရသေးပါလား၊ ဘာမှလည်း မဖြစ်သေးပါလား၊ တရားသိဖို့လည်း အများကြီးလိုသေးတယ်၊ အဝေးကြီး ဝေးသေးတယ်။ သေသေချာချာ ငါကျင့်တာပဲ၊ ငါအားထုတ်တာပဲ၊ ဘာများလိုလို့လဲ၊ ဘာများချို့ယွင်းနေလို့လဲ" လို့ သူ့ကိုယ်သူ ပြန်ဆန်းစစ်ပြီးတော့ တရားမရတဲ့အတွက်ကြောင့် အားငယ် စိတ်မကောင်းဖြစ်ပြီးတော့ မျက်ရည်ပိုင်းတယ်။

စိတ်မကောင်းဖြစ်နေရုံနဲ့ ဘာမျှ တိုးတက်မှာ မဟုတ်ဘူး၊ ငါ ဒီအချိန် ဒီကာလကစပြီး တရားဓမ္မကို ပိုကြိုးစားမယ်" လို့ စိတ်ကိုပြင်ပါတယ်။

လူတိုင်းလူတိုင်း တစ်နေ့တစ်နေ့ နေကြတာ လျောင်း၊ ထိုင်၊ ရပ်၊ သွားကြရိယာပုတ်လေးပါးနဲ့ နေကြပါတယ်။ ထိုင်တဲ့အခါ ထိုင်တယ်၊ ရပ်တဲ့အခါ ရပ်တယ်၊ သွားတဲ့အခါ သွားတယ်၊ လျောင်းပြီးတော့ နေတဲ့အခါ နေတယ်။ ဒီလေးပါးနဲ့ အသက်ရှင်တယ်၊ ဒီလေးပါးနဲ့နေမှ မျှတပါတယ်။ တစ်နေ့လုံး ထိုင်ဆိုတော့လည်း မထိုင်နိုင်ဘူး၊ ရပ်ဆိုလို့လည်း မရပ်နိုင်ဘူး၊ တစ်ချိန်လုံး အိပ်ရာထဲမှာ လှဲနေဆိုတော့လည်း မနေနိုင်ဘူး၊ ကြရိယာပုတ် တစ်ပါးညောင်း တစ်ပါးပြောင်း၊ အဆင်ပြေအောင်၊ မျှတအောင် နေရတဲ့ ဒီခန္ဓာပါ။

ဒါပေမဲ့လို့ မဟာသီဝမထေရ်ကြီးသည်တဲ့ စိတ်ကို ဆုံးဖြတ်တယ်။ တစ်ညတစ်ည အိပ်ရာဝင်ခါနီး ခြေထောက်ဆေးရ၊ အိပ်ရာခင်းရတာလည်း အလုပ်ရှုပ်တာပဲ၊ အိပ်ရာပေါ်မှာ အိပ်စက်အနားယူတာ အချိန်ကုန်တာပဲ။ ဒီနေ့ကစပြီး အဲဒီအလုပ်တွေ လျော့နည်းသွားအောင် အချိန်ကုန်သက်သာသွားအောင် မအိပ်တော့ဘူး၊ လျောင်းစက်တဲ့ ကြရိယာပုတ်ကို ငါမသုံးတော့ဘူး။ ရပ်ပြီးတော့ တရားကျင့်မယ်၊ ထိုင်ပြီးတော့ တရားကျင့်မယ်၊ ညောင်းညာ

www.dhammadownload.com

ရင် ပင်ပန်းရင်တဲ့ တစ်နေရာကနေ တစ်နေရာ စကြီလျှောက်ကာ တရားကျင့်မယ်။

အိပ်ရာတွေလည်း အကုန်လုံး သိမ်းလိုက်တယ်၊ အိပ်ရာတောင် မထားဘူး၊ အိပ်နေရင် အချိန်ကုန်မှာစိုးလို့၊ တရားလုပ်ချိန် လျော့မှာစိုးလို့တဲ့။ ကျရိယာပုတ်သုံးပါးနဲ့ တရားကျင့်ဖို့ ဆုံးဖြတ်တယ်။ အဲဒီတော့ လိုက်ဂူထဲမှာ တစ်ပါးတည်းနေတာဆိုတော့ စကားပြောစရာ အဖော်လည်း မရှိပါဘူး။ စကားလည်း မပြောဘူး၊ အိပ်လည်း မအိပ်ဘူး။ ဒီခန္ဓာကိုယ် မျှတရုံ ဘုဉ်းပေးဖို့ ဆွမ်းခံကြတယ်၊ ဆွမ်းခံကြွချိန်မှာလည်း အမှတ်သညာနဲ့ တရားရှုမှတ်ပြီးတော့ ဆွမ်းခံကြတယ်။ ဆွမ်းဘုဉ်းပေးလည်း တရားအမှတ်နဲ့နေပါ။ တစ်နေကုန် မဟာသီဝ မထေရ်ကြီး တရားရှုမှတ်ကာ ကျင့်ကြံတယ်။ ဒီအတိုင်းအတာနဲ့ ငါသည်ကြိုးစားအားထုတ်ရင် ဘာပြောပြော မကြာခင်မှာ တရားရမှာ၊ တရားသိ၊ တရားမြင်မှာလို့ ဖွဲ့နပဲနဲ့ ပြင်းပြင်းထန် ထန်ကို ကျင့်ပြန်ပါတယ်။

တစ်ဝါဆိုပြန်ပြီ

ဒါပေမဲ့လို့ သီတင်းကျွတ်လပြည့်နေ့ကနေ ကျင့်ကြံပွားများ အားထုတ်လိုက်တာ နောက်တစ်ကြိမ် ဝါဆိုဝါကပ်တဲ့အချိန်ကို ရောက်ပြန်ပြီ၊ ဝါဆိုလပြည့်နေ့ကို ရောက်ပြန်ပါပြီ။ သီတင်းကျွတ်လပြည့်ကနေ ဝါဆိုလပြည့်ဆိုတော့ ကိုးလ အားထုတ်တယ်။ သာမန် ပေါ့ပေါ့တန်တန် ပြောလိုက်ဆိုလိုက် ရယ်လိုက်မောလိုက် အားထုတ်တာ မဟုတ်ဘူး။ အပျော်တမ်း တရားကျင့်တာ မဟုတ်ဘူး။ တကယ်ရကို ရရမယ်၊ တကယ့်ကို ရမှဖြစ်မယ်၊ သေသေချာချာ ကျင့်ကြံအားထုတ်ပေမဲ့လို့ ဝါဆိုလပြည့်နေ့တိုင်အောင် တရားမရသေးပါဘူး။

ကျောင်းက ထွက်လာတဲ့အချိန်တုန်းက မှန်းခဲ့တာ အလွန်ဆုံးကြာရင် တစ်ရက် နှစ်ရက်ပဲဆိုတာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာပါ၊ မာန်ဝင်နေတာ၊ ငါစာတတ်တယ်၊ အားထုတ်နည်းလည်း သိတယ်၊ သူများကိုတောင်မှ ဟောပြနိုင်တယ်။ ကိုယ်တိုင်ကျင့်ကြံအားထုတ်မယ်ဆိုရင် ဘယ်လောက်ကြာမှာလဲ၊ ဘယ်လောက်ခက်မှာလဲ၊ လွယ်လွယ်လေးနဲ့ ရမယ်ဆိုပြီးတော့ ကိုယ့်

www.dhammadownload.com

ကိုယ်ကိုယ် အထင်ကြီးတယ်၊ တရားကို အထင်သေးတယ်။ မာန်မာနက ခံနေ ချိန်မှာ တရားမရဘူး။

ဝိရိယလည်း မလိုဘူး၊ သတိလည်း မလိုဘူး၊ သေသေချာချာ အားထုတ် နေတာပါ။ အချိန်ပြည့် အားထုတ်တယ်။ လျောင်းတဲ့ ကာရိယာပုတ် ဖယ်ကြဉ် ပြီးတော့ အားထုတ်တယ်။ ထိုင်ပြီးတော့ကျင့်၊ ရပ်ပြီးတော့ကျင့်၊ စင်္ကြံသွားပြီး တော့ ကျင့်၊ ဒီလိုနဲ့သာနေတာ၊ ဝါဆိုလပြည့်နေ့အထိ မရဘူး။ အဲဒီတော့ ကျင့်မှု ကြံမှု အားထုတ်မှု အရှိန်မြင့်လိုက်မယ်။ ငါတစ်ဝါကုန်ခဲ့ပြီ။ ဒီဝါတွင်းမှာမှ တရား မရဘူးဆိုရင် အခုဆိုမယ့်ဝါ၊ အခုကပ်မယ့်ဝါ ဒီဝါတွင်းသုံးလ အားထုတ်ရင် တော့ဖြင့် ရမှာပဲ၊ ဖြစ်မှာပဲ။ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန္တာဖြစ်ရမယ်။ သူ အချိန်ကာလတစ်ခု သတ်မှတ်လိုက်တယ်။ ရည်မှန်းချက်ထားလိုက်တယ်။ သီတင်းကျွတ်လပြည့်နေ့ ရဟန္တာဖြစ်ရမယ်။

ရဟန္တာ ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ပြင်းပြင်းထန်ထန် အားထုတ် ပါတယ်။ ဒါပေမဲ့လို့ သီတင်းကျွတ်လပြည့်နေ့ ရောက်ပြန်ပြီ။ တရားမရသေး ဘူး။ ပထမတစ်ကြိမ် သီတင်းကျွတ်ပြီးပြီ၊ အခု ဒုတိယတစ်ကြိမ် သီတင်းကျွတ် ပြန်ပြီ။ မရသေးဘူး။

သီတင်းကျွတ်လပြည့်နေ့မှာ တရားရရမယ်လို့ မှန်းထားတဲ့ ရည်ရွယ် ချက်မပြည့်တော့ မဟာသီဝမထေရ်ကြီးသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပါ တယ်။ စိတ်မကောင်း ဖြစ်တယ်။ သီတင်းကျွတ်လပြည့်နေ့မှာ တစ်ခါ မျက် ရည်ဝိုင်းရ မျက်ရည်ကျရပြန်ပါတယ်။

ဒီနှစ်မရ နောက်တစ်နှစ် ဆက်ကျင့်မယ်။ စိတ်တော့ နည်းနည်းမျှ မလျော့ဘူး။ ဒီတရားအလုပ်သည် ငါလုပ်ရမယ့်အလုပ်၊ ငါ လုပ်ရမယ့် အလုပ် ကို ငါ လုပ်နေတာ၊ ငါကျင့်ရမယ့်အကျင့်ကို ငါကျင့်နေတာ။ တရားမမှ ကျင့်တာ သည် ငါ့အတွက်လို့နှလုံးသွင်းပါတယ်။တရားကျင့်တာ၊ တရားအားထုတ်တာ ကိုယ့်အတွက်ပါ။ ကိုယ် ကျင့်ကြံအားထုတ်မှ ကိုယ်ရတာပါ။ ကိုယ်ကျင့်မှ ကိုယ်ရမယ်။ ကိုယ်မကျင့်ဘဲနဲ့ မရဘူး။ ကိုယ်ကျင့်မှ ကိုယ်ရ၊ ကိုယ်ကျင့်မှ ကိုယ်သိပါတယ်။ကိုယ့်အတွက်ကို ကိုယ်ကျင့်ကြံအားထုတ်နေတာ ငါကြိုးစား

www.dhammadownload.com

မယ်၊ အားထုတ်မယ်။ ဝတ္တရားကျေ မဟုတ်ဘူး၊ အားတင်းပြီး ဆက်ကျင့်ပြန်ပါ တယ်။

နှစ်ပေါင်း (၃၀) တိုင်တိုင်

ဒီအရှင်မြတ် တရားကျင့်တာ တကယ့်ကို ဖွဖွပဲနဲ့ သေသေကျေကျေ အားထုတ်တာပါ။ သေချင်လည်းသေပါစေ၊ နာချင်လည်းနာပါစေ။ အရိုးကျေ ကျေ အရေခန်းခန်း မရရအောင်ကို ကျင့်ကြံအားထုတ်မယ်လို့ ဝိရိယနဲ့ ကျင့်ပါ တယ်။ ဖွဖွနဲ့ကျင့်တယ်။ ပြင်းပြင်းထန်ထန်ကို ကျင့်ကြံအားထုတ်တယ်။ အိပ်ကို မအိပ်တော့ဘူး။ အိပ်ချိန် မထားဘူး။ ထိုင်နေရင်းနဲ့ ခဏ မှေးခဲ့အိပ်ပျော်ချင် ပျော်ပေါ့။ ကိုယ်သိပ်ပင်ပန်းလို့ရှိရင် ထိုင်လျက်နဲ့ အိပ်ပျော်ချင် ပျော်သွားပါစေ။ ဒါ နားလိုက်တာပဲ၊ အိပ်လိုက်တာပဲ၊ သီးသန့်အိပ်ရာထဲမှာ လှဲပြီးတော့ နေကို မနေတော့ဘူး။

ဒီလောက်တောင် ကျင့်ကြံအားထုတ်သော်လည်း အရှင်မြတ်သည် တစ်နှစ်လည်း တရားမရ၊ တစ်နှစ်လည်း တရားမရ၊ သီတင်းကျွတ်လပြည့်နေ့ တွေကို တစ်ကြိမ်ပြီးတစ်ကြိမ် ဖြတ်သန်းခဲ့ပါတယ်။ နှစ်ပေါင်း (၃၀) တရားကျင့် လိုက်တယ်။ တစ်ရက်၊ နှစ်ရက် မဟုတ်ဘူး။ တစ်ရက်၊ နှစ်ရက် မဟုတ်ဘူး။ တစ်လ၊ နှစ်လ မဟုတ်ဘူး။ နှစ်ပေါင်း (၃၀) ဖွဖွနဲ့ အားထုတ်ကျင့်တယ်။

နှစ်ပေါင်းသုံးဆယ်ကျင့်တယ်။ တစ်ခါတလေကျရင် တချို့ယောဂီတွေက "အရှင်ဘုရား တပည့်တော်တို့ တရားကျင့်တာ ခုနစ်ရက် ဘယ်နကြိမ်ရှိပြီ၊ ဆယ်ရက် ဘယ်နကြိမ်ရှိပြီ၊ တပည့်တော်တို့ တရားအားထုတ်လိုက်တာ ဘယ် နကြိမ်တော့ ရှိပြီဘုရားတဲ့၊ ခုချိန်ထိ ဘာမျှလည်း မသိသေးဘူးဘုရား၊ သေ သေချာချာကို ဘာမှလည်း နားမလည်သေးဘူး၊ တပည့်တော်တော့ ကျင့် တောင် မကျင့်ချင်ဘူး" ဆိုပြီးတော့ တချို့က ညည်းတယ်။

မဟာသီဝမထေရ်ကြီးနဲ့ ဘုန်းကြီးတို့ပရိသတ် ယှဉ်ကြည့်ပါ။ အခု ကိုယ် အားထုတ်တယ်၊ ကိုယ်ကျင့်တယ်ဆိုတာသည် တစ်နှစ်မှ ခုနစ်ရက်၊ ဆယ် ရက်ပါ။ အလွန်ဆုံးကျင့် တစ်နှစ်မှ တစ်လလောက် ကျင့်တယ်။ ဒါတောင် ရှားရှားပါးပါး ရက်ပေါင်း (၃၀) တည်း ရှိသေးတယ်။

www.dhammadownload.com

အခုအချိန်တိုင်း အချိန်တိုင်း နေ့တိုင်းနေ့တိုင်းမှာ တရားကျင့်နေတဲ့ အရှင်သူမြတ်တောင် ဖွဲ့မလျော့ဘူး။ နှစ်ပေါင်း (၃၀) တိုင်တိုင် ကျင့်ကြံအား ထုတ်လာပေမဲ့လို့ သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်းမှာ တရားမရနိုင် တော့ ဝမ်းနည်းတယ်။ နှစ်ပေါင်း (၃၀) ရှိပြီ၊ ကျင့်လာလိုက်တာ နှစ်တွေ မနည်း တော့ဘူး။ ထွက်လာတုန်းကတော့ဖြင့် တစ်ရက်၊ နှစ်ရက်၊ တစ်လ၊ နှစ်လ။ ထွက်လာတုန်းကတော့ဖြင့် အသက်လေးငါးဆယ်ရှိပြီ။ အခုဆိုရင် ခုနစ်ဆယ်၊ ရှစ်ဆယ်တော့ ရှိပြီ။ သို့သော်လည်း မဟာသီဝမထေရ်ကြီးသည် တရားမရ သေးပါဘူး။ ပုထုဇဉ်သာ ရှိသေးတယ်။ ပုထုဇဉ်သာ ဖြစ်သေးတယ်။ လပြည့် ည ထိန်ထိန်သာနေတဲ့ လမင်းကြီး ကြည့်ပြီးတော့ ဝမ်းနည်းလိုက်တာ၊ ငါ ဒီလောက် ကျင့်တာတောင်မှ မရရင် ငါသည် ဒီတစ်သက်တာမှာ တရားရနိုင် သူ ဟုတ်မှဟုတ်ရဲ့လား၊ ဖြစ်မှဖြစ်ပါ့မလားလို့တောင် တွေးလာတယ်။

ပုဂ္ဂိုလ် (၄) မျိုး

တချို့က တရားမမှကို နာကြားကျင့်ကြံ ပွားများတဲ့အချိန်မှာ အကျဉ်း ဟောရုံနဲ့ သင်ကြားပေးတဲ့လူတွေက အကျဉ်းလေးပြလိုက်ရုံနဲ့ တရားရတဲ့သူ တစ်မျိုးရှိတယ်။ အကျဉ်းဟောနဲ့ အချိန်တိုတို ကျင့်ရုံနဲ့ တရားရသူက တစ်မျိုး။

တချို့ တချို့ တရားကျင့်တဲ့အချိန်မှာ သင်ကြားပို့ချပေးတဲ့သူ၊ မြတ်စွာ ဘုရား ဟောတယ်ဆိုရင်လည်း မြတ်စွာဘုရားရှင်က ဒီပုဂ္ဂိုလ်ကို တရားဟော တယ်၊ အကျဉ်းလေးတော့ ဟောလို့မရဘူး၊ အကယ်ချဲ့ပြီးတော့ ဟောပြလိုက် ရင် အကယ်ချဲ့ ဟောတဲ့တရားကို နာယူနလုံးသွင်းလိုက်ရင် တရားရသွားတဲ့ လူတစ်မျိုးရှိတယ်။

တတိယ တစ်မျိုးတစ်စားက အကျဉ်းဟောတဲ့ တရားကိုလည်း နာယူ၊ အကယ်ဟောတဲ့ တရားကိုလည်း နာယူ၊ သေသေချာချာ ကျင့်ကြံအားထုတ် မယ်ဆိုမှ ဒီဘဝမှာ တရားရမယ့်သူ။ သူကတော့ဖြင့် နှစ်အကန့်အသတ် မရှိ ဘူး၊ တစ်နှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ နှစ်နှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ လေးငါး ဆယ်နှစ် ဆယ့်ငါးနှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ မသေမချင်းလည်း ဖြစ်ချင်ဖြစ်

www.dhammadownload.com

လိမ့်မယ်။ အဲဒီလို တရားခမ္မကို ကြိုးစားကျင့်ကြံပွားများအားထုတ်ရင် ဖွဲနဲ့ ကျင့်ရင် ဒီဘဝမှာ တရားရမယ့်သူ တစ်မျိုးရှိတယ်။

နောက်တစ်မျိုးကတော့ဖြင့် ဒီဘဝမှာ ဘယ်လောက်ကျင့်ကျင့် ပါရမီဖြစ်ရုံပဲ ရမယ်။ ဒီဘဝမှာပဲ မင်္ဂတရား ဖိုလ်တရားတွေ ဘယ်လိုမျှမနီးစပ်ဘူး၊ ဘယ်လိုမျှ မရနိုင်တဲ့သူတဲ့၊ ဒီလောကထဲမှာ ပုဂ္ဂိုလ်လေးမျိုး။

ဥဿိဋ္ဌီတည်ူ၊ ဝိပဋ္ဌီတည်ူ၊ နေယျ၊ ပဒပရမ လို့ လေးမျိုးရှိပါတယ်။

ဥဿိဋ္ဌီတည်ူဆိုတာက အကျဉ်းဟောရုံနဲ့ တရားရသူ။

ဝိပဋ္ဌီတည်ူက အကျယ်ချဲ့ဟောမှ ရတဲ့သူ။

နေယျပုဂ္ဂိုလ်ဆိုတာ အကျဉ်းအကျယ်ဟောတဲ့တရားကို နာယူပြီး ကျင့်ရင် တရားရတဲ့သူ။

ပဒပရမဆိုတာက ပါရမီဖြစ်ရုံပဲ ရတဲ့သူပါ။

ဒါတွေကိုလည်း သိထားတော့ သီဝမထေရ်ကြီးက ငါ ဒီလောက်တောင်မှ ကျင့်ကြံအားထုတ်တာ တရားမမြင်သေးဘူး၊ မသိသေးဘူးဆိုရင်၊ နှစ်ပေါင်းသုံးဆယ်တိုင်တိုင် ငါဟာ တရားခမ္မကျင့်ပေမဲ့လို့ မရသေးဘူးဆိုရင် ဒီတစ်သက် တရားရသူမှ ဟုတ်ရဲ့လား။ ဒီဘဝမှာ ငါ တရား ရမှရနိုင်ပါတော့မလား၊ ရမှ ရပ့ါမလားလို့ တွေးပြီးတော့ စိတ်မကောင်းဖြစ်ပါတယ်။

တရားမရလို့ ငို

ကျောင်းကထွက်လာပြီး နှစ်ပေါင်းသုံးဆယ် ကြာတဲ့အချိန် သီတင်းကျွတ် လပြည့်ညမှာ ဝမ်းနည်းပြီးတော့ ငိုလိုက်တာ အသံတောင်ထွက်တယ်။ မျက်ရည်တွေလည်းကျ၊ ပြင်းပြင်းထန်ထန် ရွိုက်ကြီးတငင်နဲ့ ငိုတယ်။ မဟာသီဝမထေရ်ကြီး ဝမ်းနည်းလွန်းလို့ မျက်ရည်ကျ ငိုကြွေးနေချိန်မှာ အရှင်မြတ်သီတင်းသုံးတဲ့ လိုဏ်ဂူရဲ့ အပြင်ဘက်မှာ အမျိုးသမီးတစ်ယောက်ကလည်း ငိုနေတယ်၊ ငိုသံကြားတယ်။

လိုဏ်ဂူထဲက အရှင်မြတ် ခါတိုင်းခါတိုင်း လူသံမကြားဘူး။ "ငါ တစ်ပါးတည်းနေတာ တစ်ဦးတည်းနေတာ၊ အပေါင်းအသင်းလည်းမရှိ၊ မိတ်ဆွေ

www.dhammadownload.com

လည်းမရှိ၊ အနီးအနား ဘယ်သူမျှလည်းမရှိ။ အခုတော့ဖြင့် လိုက်ဂူအပြင်နားက ငိုသံကြားနေပါလား" ဆိုပြီးတော့ အံ့သြပြီးတော့ လှမ်းမေးတယ်။

"ဟဲ့ ... အပြင်ကငိုနေတာ ဘယ်သူလဲ၊ ဘယ်သူတွေက ဒီလောက်တောင် ရှိုက်ကြီးတငင် ငိုနေပြန်သလဲ" လို့ မေးလိုက်တော့ "အရှင်ဘုရား၊ ဘုရားတပည့်တော်မ ဒီလိုက်ဂူအပြင်နားက သစ်ပင်မှာနေတဲ့ ရုက္ခစိုးနတ်သမီးပါ ဘုရား" တဲ့။

"နတ်သမီး နင် ဘာလို့ ဒီလောက်တောင် ရှိုက်ကြီးတငင် ငိုနေတာလဲ"

"မသိပါဘုရား၊ အရှင်ဘုရားက အားရပါးရ ငိုကြွေးနေတော့ အဲသလို ငိုရင် တရားရမယ်ထင်လို့ တပည့်တော်မလည်း တရားရချင်လို့ ငိုတာ" တဲ့။

နတ်သမီးက အရှင်မြတ်ကို တစ်ခါ ပညာပေးပြန်တယ်။ ငိုနေရုံနဲ့ တရားရမလား၊ မရပါဘူး။ ငိုနေရုံနဲ့ စိတ်ဓာတ်ကျနေရုံနဲ့ တရားမရနိုင်ဘူးဆိုတာကို အရှင်မြတ်ကို သတိပေးတာ။

"အရှင်ဘုရား၊ အရှင်ဘုရားကလည်း တရားမရနိုင်လွန်းလို့ တရားမရလို့ဆိုပြီး ငိုနေတယ်။ တပည့်တော်မကလည်း အရှင်ဘုရား ငိုနေတာကို မြင်တဲ့အချိန်အခါမှာ ငိုရင် တရားရမယ်ထင်လို့ ငိုတာပါ" ဆိုတော့မှ ချက်ချင်း သတိရသွားတယ်၊ ရုက်သွားတယ်။

"ရုက္ခစိုးနတ်သမီးကတောင် ငါ့ကို ပြက်ရယ်ပြုနေပြီ၊ လှောင်ပြောင်နေပြီ၊ ငါ ငိုနေလို့ မဖြစ်ဘူး၊ ကြိုးစားမှ ဖြစ်မယ်၊ ငါ ပြင်းပြင်းထန်ထန် ကျင့်ကြံမှားများအားထုတ်မှ ဖြစ်မယ်၊ ငိုနေရုံနဲ့ မရဘူး၊ စိတ်ဆင်းရဲနေရုံနဲ့ မရဘူး၊ ဝမ်းနည်းနေရုံနဲ့ ငါ ဘယ်လိုမျှ တရားမရနိုင်ဘူး၊ ကျင့်ကြံအားထုတ်မှဖြစ်မယ်" လို့ သတိဝင်ပါတယ်။ တရားရချင်ရင် တခြားနည်းလမ်း မရှိပါဘူး၊ ကျင့်မှ ရပါမယ်။

စိတ်ထဲက စဉ်းစားနေရုံနဲ့ မရဘူး။ မျှော်လင့်နေရုံနဲ့ မရဘူး။ တောင့်တနေရုံနဲ့လည်း မရဘူး။ "ကျင့်မှရမယ့်တရား၊ ကျင့်မှရမယ့်တရား၊ ကိုယ်တိုင်သိရမယ့်တရားကို ငါကိုယ်တိုင်သိအောင် ကျင့်မယ်" လို့ ပြင်းပြင်းထန်ထန် ဖွဲ့နပဲနဲ့ ကျင့်လိုက်တော့ မဟာသီဝမထေရ်ကြီးသည်လည်း မကြာခင်မှာ ဒီသီတင်းကျွတ်လပြည့်ညမှာပဲ ရဟန္တာ ဖြစ်ပါတယ်။

www.dhammadownload.com

ခုနလေးကတင် ပုထုဇဉ်ရှိသေးတယ်၊ အားရပါးရ ငိုနေသေးတယ်။ ခု သေသေချာချာ ကျင့်လိုက်တော့ ရဟန္တာ ဖြစ်သွားတယ်။ ဘာမျှမကြာလိုက်ဘူး။ ရဟန္တာဖြစ်တယ်ဆိုတာ စက္ကန့်ပိုင်းလောက်ပဲ ကြာမယ်၊ မင်္ဂဖိုလ်တွေ ပေါ်တယ်ဆိုတာ မကြာဘူး။ ဒါပေမဲ့ ကျင့်ကြံအားထုတ်တဲ့ နေရာမှာတော့ဖြင့် ကိုယ့်ရဲ့ ပါရမီအလျောက် အသိဉာဏ်အလျောက် လိုအပ်တဲ့ အချိန်ခါကာလ ရှိပါတယ်။

တစ်ယောက်နဲ့တစ်ယောက်တော့ တူချင်မှတူမယ်၊ သူက (၇) ရက် လောက်ကျင့် တရားရတယ်။ ငါလည်း ရရမယ်။ အဲဒီလို တုလို့ နှိုင်းလို့ မရဘူး။ သူ ရတဲ့တရား ဒီအတိုင်းတာ သူရပေမဲ့လို့ ကိုယ်ရချင်မှရတာ၊ သူ ဆယ်ရက် လောက်ကျင့်တယ်၊ သူ တရားရသွားတယ်။ ငါလည်း ရရမယ် သဘောထားလို့ မရပါဘူး။

ငိုခဲ့ရတဲ့ဘဝ လွတ်ပြီ

ကိုယ့်ရဲ့ပါရမီ၊ ကိုယ့်ရဲ့ဉာဏ်၊ ကိုယ့်ရဲ့လုံ့လဝီရိယပေါ်မှာ မူတည်တယ်။ မဟာသီဝမထေရ်ကြီး ခုကျင့်လိုက်တော့ ရဟန္တာဖြစ်ပါပြီ။ သီတင်းကျွတ် လပြည့်ညမှာ ရဟန္တာဖြစ်သွားတော့ ခါတိုင်းခါတိုင်း ငိုခဲ့ရတဲ့ အခြေအနေမျိုး၊ ငိုခဲ့ရတဲ့ ဘဝမျိုးက လွတ်ပြီကျွတ်ပြီ၊ လွတ်မြောက်ပြီ။

မဟာသီဝမထေရ်ကြီး ဝမ်းသာအားရဖြစ်နိုင်ပြီ၊ စိတ်ထဲမှာ ရွှင်ရွှင်ပျပျ ဖြစ်ပြီ။ ဒီတိုင်းသာ တရားမရဘဲနဲ့သေရင် ဒီဘဝကနေ ဘယ်သွားလို့ သွား ရမှန်းမသိ၊ အပါယ်ဘေးကလည်း တန်းလန်းရှိ၊ ဘယ်ဘဝ ရောက်မယ်ဆိုတာ ကလည်း ပရမ်းပတာဘေး၊ မတွေးနိုင်ဘူး၊ မသိနိုင်ဘူး၊ ဖြစ်ချင်ရာ၊ ရောက်ချင် ရာ ရောက်သွားနိုင်တဲ့ အခြေအနေမျိုးက လွတ်သွားပြီ၊ ကျိန်းသေဖောနော် သိနေ ပြီ။ နိဗ္ဗာန်ကို သိနေပြီ၊ မြင်နေပြီ။ ကြိုးစားပမ်းစား ကျင့်ကြံအားထုတ်ပွားများ တဲ့ မဟာသီဝမထေရ်ကြီး ကြိုးစားရကျိုးနပ်ပါပြီ။ နှစ်ပေါင်း ဘယ်လောက်ကျင့် လိုက်လဲဆိုရင် နှစ်ပေါင်းသုံးဆယ်ပါ။

ဘုန်းကြီးဆိုလိုချင်တာက ကိုယ်ကျင့်တဲ့ရက်နဲ့ ပြန်တွက်မယ်ဆိုရင် ရက်ပိုင်းပဲ ရှိသေးတယ်၊ တစ်သက်လုံး အားထုတ်ခဲ့တဲ့ရက်တွေ ပြန်ပေါင်း

www.dhammadownload.com

ကြည့်တော့မှ တစ်နှစ်ပြည့်ဖို့ဆိုတာ မလွယ်သေးဘူး။ တစ်နှစ်မှာ (၃၆၅) ရက် ရှိတယ်။ ကိုယ်တစ်သက်လုံး အားထုတ်ခဲ့တဲ့ရက် အကုန်လုံး ပြန်ပေါင်းတာ တောင်မှ တစ်နှစ်ဆိုတဲ့ အချိန်ခါကာလ မပြည့်နိုင်သေးဘူး။ ထိုအရှင်မြတ် သည် ကြိုးစားပမ်းစား ကျင့်လိုက်တာ နှစ်ပေါင်းသုံးဆယ်ပါ။

သာမန် သွားလိုက်၊ လာလိုက်၊ ပြောလိုက်၊ ဆိုလိုက်၊ အပျော်ကျင့်နေ တာလည်း မဟုတ်ဘူး။ တရားကျင့်တယ်ဆိုတာ တကယ့်ကို နိဗ္ဗာန်ကို လိုလို ချင်ချင်နဲ့ကျင့်မှ၊ ဒီတရား ငါသိမှဖြစ်မယ်၊ သိအောင် ကျင့်မယ်။ ရည်ရွယ်ချက် ပြင်းပြင်းထန်ထန်နဲ့ကျင့်မှ ခရီးပေါက်တာပါ။ ကျင့်ချိန်တန် ကျင့်လိုက်၊ နားချိန် တန် နားလိုက်၊ ပြောလိုက် ဆိုလိုက်၊ ရယ်လိုက်မောလိုက်နဲ့ဆိုရင် တရားရဖို့ မလွယ်ပါဘူး။

အဲဒါသတိထားပါ။ ဘုန်းကြီးတို့အခန်းတိုင်းအခန်းတိုင်းမှာ စာရေးထား တယ်နော်။ "စကားသည် တရားရဲ့ အနှောင့်အယှက်" ဆိုပြီးတော့ သေသေ ချာချာ သတိပေးထားတယ်။ ဘာလို့လဲဆိုတော့ ဒီမှာတရားကျင့်တယ်ဆိုတာ တစ်ဦးတည်း တစ်ယောက်တည်း တစ်ခန်းနေရတာ မဟုတ်ဘူး။ အခန်းထဲမှာ နှစ်ယောက် သုံးယောက် ရှိချင်ရှိတော့ အနည်းဆုံး ဟိုအကြောင်း ဒီအကြောင်း ပြောမယ်။ ဘာအကြောင်းပြောပြော တရားအကြောင်း ပြောတာတောင်မှ အာရုံတွေက ထွေပြားသွားတယ်။အာရုံတွေက ပျံ့လွင့်သွားတယ်။ ရှုမှတ်ချိန် မှာ အာရုံတွေ ပြန်စုစည်းလို့မရဘူးဆိုရင် တရားရဖို့မလွယ်ပါဘူး။

မဟာသီဝမထေရ်ကြီး ပြင်းပြင်းထန်ထန် ဖွဲ့နပဲနဲ့ ကျင့်လိုက်တယ်။ ကိုယ်တိုင်လည်း သေသေချာချာ သိပြီးသားတရားတွေ၊ သင်ထားပြီးသား တရားတွေ၊ ကျေကျေညက်ညက် ရှိနေတဲ့တရားတွေပါ။ ဒါတောင်မှ နှစ်ပေါင်း သုံးဆယ် ကျင့်ရတယ်။ အဲဒီတော့ ငါတို့ အခုတစ်လ၊ နှစ်လနဲ့ မရသေးတာ အားငယ်စရာမရှိဘူး၊ စိတ်ဓာတ်ကျစရာ မရှိဘူး။ ဟုတ်ပြီလား။ ကိုယ်ကျင့်တဲ့ အတိုင်းအတာသည် ဘာမျှမပြောပလောက်သေးဘူး။ ကိုယ်အားထုတ်တဲ့ ရက်အပိုင်းအခြား၊ လအပိုင်းအခြား၊ နှစ်အပိုင်းအခြားသည် ဘာမျှရေလို့တွက် လို့ အရာမဝင်သေးဘူး။ ဒီတော့ ငါကြိုးစားပမ်းစားနဲ့ ကျင့်မယ်ဆိုရင် ရရမှာပဲ၊ ဖြစ်ရမှာပဲလို့ စိတ်ထဲထားပါ။

www.dhammadownload.com

နှစ်ပေါင်း (၃၀) ကြာမှ ရေချိုးသန့်စင်

မဟာသီဝမထေရ်ကြီး အခုရည်ရွယ်ချက်အတိုင်း ကျင့်တော့ ရဟန္တာအရှင်မြတ် ဖြစ်ပါပြီ။ နှစ်ပေါင်းသုံးဆယ်၊ ခြေထောက်လေးတောင် ရေမဆေးဘူး၊ ရေလည်း မချိုးဘူး။ တခြား ဗာဟီရကိစ္စတွေ ဘာမှမလုပ်ဘူးဆိုပြီးတော့ သင်္ကန်းတောင် မလဲဘူး၊ တစ်ကိုယ်လုံး ကြေးတွေ ညှော်တွေနဲ့ပါ။

ခြေထောက်တွေဆိုတာကလည်း ကြေးတွေညှော်တွေနဲ့ ပက်ကြားတွေအက် နံစော်နေတယ်။ တစ်ကိုယ်လုံးလည်း နံစော်ညစ်ပတ်ပြီးနေတယ်။ ရဟန္တာဖြစ်တဲ့အချိန်မှာ တပည့်ဖြစ်တဲ့ ရဟန္တာအရှင်မြတ် သုံးသောင်းတို့က "ဆရာ အရှင်မဟာသီဝမထေရ်ကြီးတော့ တရားရသွားပြီ၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားပြီ၊ တို့သွားပြီးတော့ ကန်တော့ကြမယ်၊ ရှိခိုးကြမယ်၊ ပူဇော်ကြမယ်" ဆိုပြီးတော့ တပည့်တွေက ရောက်လာကြတယ်။ အရှင်မြတ်ကို လာပြီးတော့ ရှိခိုးကန်တော့ကြတယ်။ ပြုစုကြတယ်။ ဆေးကြောသုတ်သင် ရေမိုးချိုးပေးကြတယ်။ ဒီသီတင်းကျွတ်လပြည့်နေ့မှာတော့ မဟာသီဝမထေရ်ကြီးသည် လိုချင်တဲ့ ရချင်တဲ့ တရားရသွားပြီဆိုတော့ မျက်ရည်ပိုင်းစရာ မလိုတော့ပါဘူး။

ဒါကို ပြန်ကြည့်မယ်ဆိုရင် မိမိတို့လည်း သီတင်းကျွတ်တွေ အကြိမ်ကြိမ် ကျွတ်ခဲ့ပြီပေါ့။ အခု အသက် (၄၀) ရှိပြီဆိုရင် သီတင်းကျွတ်တဲ့ အကြိမ် (၄၀) ကြုံခဲ့ပြီးပြီ။ အသက် (၅၀) (၆၀) ဆိုရင် သီတင်းကျွတ်တဲ့အချိန်တွေ (၅၀) (၆၀) ရှိခဲ့ပြီ။ ဒီအတိုင်းအတာကာလမှာ ငါတို့ သီတင်းကျွတ်တွေ အကြိမ်ကြိမ် ကျွတ်ပေမဲ့ ဘာတရားမျှ မသိခဲ့သေးဘူး၊ မမြင်ခဲ့သေးဘူး။ ခုတစ်ခါ ကျွတ်ပြန်ပြီ၊ မနေ့ကဆို သီတင်းကျွတ်လပြည့်ည၊ သီတင်းကျွတ်ပြန်ပြီ။

ငါတို့လည်း ဘာတရားမမှမျှ မသိသေးဘူးဆိုရင် ကြိုးစားအားထုတ်ရဦးမယ်၊ ကျင့်ကြံရဦးမယ်၊ ကြိုးစားကျင့်ဖို့ လိုသေးတယ်။ ပိုပြီးကြိုးစားပြီးတော့ ကျင့်ရဦးမယ်၊ အားထုတ်ရဦးမယ်။ ဒီလောက်နဲ့မရရင် ဒီထက်ပိုပြီး ကြိုးစားမယ်၊ ဒီအတိုင်းအတာနဲ့ မရဘူးဆိုရင် ငါတို့ ဒါထက်ပိုကျင့်မယ်။ ဒီလိုနည်းနဲ့ အားထုတ်လို့ မရသေးဘူးဆိုရင် ငါတို့သည် ဆတက်ထမ်းပိုး တိုးကာ

www.dhammadownload.com

တိုးကာ အားထုတ်မယ်လို့ နှလုံးသွင်းပြီးတော့ကျင့်မှ ခရီးရောက်ပါတယ်၊ ခရီးပေါက်ပါတယ်။

ပုဂ္ဂိုလ်လေးမျိုးပြန်ကြည့်ရင် အကျဉ်းဟောရုံနဲ့ရတဲ့ဥဂ္ဃဋိတညူ။ ဘုရားရှင် တရားဟောလိုက်ပြီဆိုရင် ဥပမာ - ခန္ဓာငါးပါး။ ခန္ဓာငါးပါးဆိုရင် ဘာခန္ဓာဘာခန္ဓာတွေ ဒီလို အကျယ်ချဲ့ပြောစရာ မလိုဘူး၊ ခန္ဓာငါးပါးလို့ ဟောလိုက်တာနဲ့ နားလည်သွားတယ်၊ တရား ရသွားတယ်။

ဝိပဉ္စိတညူဆိုတာက အကျယ်ချဲ့ပြီးတော့ ခန္ဓာငါးပါးဆိုရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ရှင်းပြရတယ်။ ရူပက္ခန္ဓာသည် ဘယ်လိုသဘော၊ ဝေဒနာက္ခန္ဓာသည် ဘယ်လိုသဘောလို့ အသေးစိတ် ဟောပြောတော့မှ တရားရတဲ့သူသည် ဝိပဉ္စိတညူပါ။

နေယျပုဂ္ဂိုလ်ဆိုတာက အကျဉ်းအကျယ် တရားအမျိုးမျိုးကိုလည်း နာယူရတယ်။ သုတ္တန်ပေါင်းများစွာ နာကြားရတယ်။ ကျင့်ကြံအားထုတ်ရမယ့် တရားဓမ္မကိုလည်း သေချာလေ့လာသင်ယူရတယ်။ လေ့လာသင်ယူပြီးရင်လည်း ကြိုးစားကာ ကျင့်ရတယ်။ ကြိုးစားကျင့်လိုက်ရင် ဒီဘဝမှာ တရားရမယ့် သူသည် နေယျပုဂ္ဂိုလ်။ သူက ဒီဘဝမှာ ရတယ်။ ဒါပေမဲ့ ဒီဘဝမှာ ရမယ်ဆိုလို့ မကျင့်ဘဲနဲ့တော့ မရပါဘူး။ကျင့်မှရမှာပါ။

ပျော့တိပျော့တွဲနဲ့ ပျင်းပျင်းရိရိ ကျင့်တော့လည်း မရဘူး။ သေချာ ဖွဲ့နပဲနဲ့ မဟာသီဝမထေရ်ကြီးလို ကျင့်ရင်ရနိုင်တဲ့ အစွမ်းသတ္တိရှိသူသည် နေယျပုဂ္ဂိုလ်။ ဒီလောက်ကျင့်တာတောင်မှ ဘယ်လိုမျှ မရဘူး၊ သေတဲ့အထိကို မရဘူးဆိုတဲ့သူက ပဒပရမပုဂ္ဂိုလ်။

ပဒပရမပုဂ္ဂိုလ်သည်လည်း တရားကျင့်တာ အလကား ဖြစ်သွားလားဆိုရင် မဖြစ်ပါဘူး။ သူတို့သည်လည်း ဒီဘဝမှာ တရားမရပေမဲ့လို့ အထုံပါရမီဖြစ်တယ်။ ပါရမီဓာတ်ခံလေးက ပါသွားတော့ နောက်ဘဝကျရင် ကျင့်ရတာလွယ်သွားတယ်။ တချို့ဆိုရင် ဒီဘဝကနေ နောက်ဘဝပြောင်း၊ နောက်ဘဝရောက်တာနဲ့ တရားရတယ်။

အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုပုဂ္ဂိုလ် အမျိုးအစားထဲမှာပဲ ပါဝင်ပါဝင်၊ နောက်ဆုံးဒီတရားသည် ဘာလုပ်ရမယ့်တရားလဲ၊ ကျင့်ရမယ့်တရားပါ။

www.dhammadownload.com

ဟုတ်ပြီလား။ နေယျပုဂ္ဂိုလ်ဖြစ်ဖြစ်၊ ပဒပရမပုဂ္ဂိုလ်ဖြစ်ဖြစ် ဘယ်သူမဆို ကျင့်မှ ရမယ့် တရားကို ငါသည် ကြိုးစားကျင့်မယ်၊ ကြိုးစားကျင့်ကြံ အားထုတ်ရင်းနဲ့ အတိုင်းအတာ တစ်ခုလောက် ခရီးရောက်မှာပဲ၊ ခရီးပေါက်မှာပဲလို့ နှလုံးသွင်း ပြီးတော့ ကျင့်ရင် တရားရနိုင်တယ်ဆိုတဲ့အကြောင်း မဟာသီဝမထေရ်ကြီးက လက်တွေ့ပြသွားတယ်၊ အကြိမ်ကြိမ်အခါခါ ငိုခဲ့ရ၊ မျက်ရည်ကျခဲ့ရတဲ့ သီတင်း ကျွတ်တွေ၊ ခုဒီနှစ်တော့ဖြင့် မဟာသီဝမထေရ်ကြီး မငိုရတော့ဘူး။ နောက် တစ်နှစ်လည်း ငိုစရာမရှိတော့ဘူး၊ နောက်တစ်ဘဝအတွက်လည်း ငိုစရာမရှိ တော့ဘူး။

သံသရာ လက်စရပ်ပြီးတော့ နိဗ္ဗာန်ကို ရောက်ပြီတဲ့၊ နိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်ပြီဆိုတော့ အရှင်မြတ်ကြီးဝမ်းသာအားရနဲ့ နေရတဲ့ဘဝ၊ ချမ်းချမ်း သာသာနဲ့ နေရတဲ့ဘဝ၊ ဒီတော့ ငါတို့သည်လည်း ဒီလိုကျင့်ကြံအားထုတ်မှ ဖြစ်မယ်၊ ပေါ့ပေါ့တန်တန်မဟုတ်ဘဲနဲ့ တကယ်ကို တလေးတစားနဲ့ ကျင့်ကြံ မယ်၊ ကြိုးစားမယ်လို့ နှလုံးသွင်းကာ ကျင့်ကြံပွားများပါ။

www.dhammadownload.com

အကျင့်မှန်မှ အသိမြှင်

ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ အကျင့်တရား မှန်ကန်မှသာလျှင် အသိတရားလည်း လျင်မြန်ပါတယ်။ အသိတရား လျင်မြန်စွာဖြစ်ပေါ်ဖို့ အတွက် ဘာလိုအပ်သလဲဆိုရင် အကျင့်တရားမှန်ဖို့ လိုပါတယ်။ အခု တရား အလုပ်ကို ကျင့်ကြံအားထုတ်ကြတဲ့အချိန်မှာ မိမိတို့ ကျင့်ကြံအားထုတ်နိုင်တဲ့ အတိုင်းအတာ၊ အားထုတ်ကြတဲ့ အတိုင်းအတာကာလ အတောအတွင်းမှာ အသိတရား လျင်မြန်စွာ ရရှိသွားတဲ့ လူတွေလည်း ရှိသလို၊ လိုချင်ရချင်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ အသိတရားကို ခဲခဲယဉ်းယဉ်း ကျင့်ရတဲ့ လူတွေလည်း ရှိပါတယ်။ ဘာကွာသွားလို့လဲဆိုတော့ အသိတရား လျင်မြန်စွာ ဖြစ်ပေါ်တဲ့နေရာမှာ အဓိက အရေးကြီးဆုံးသည် အကျင့်တရားမှန်ဖို့ပါ။

ပုဂ္ဂိုလ် (၄) မျိုး

တရားကျင့်တဲ့သူတွေ၊ ဒီလိုတရားမျိုး ကျင့်ကြံအားထုတ်တဲ့အခါ အချို့သူတွေမှာ ခဲခဲယဉ်းယဉ်း ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဆိုပြီးတော့ ကျင့်ရတာ မျိုးလည်း ရှိတယ်။ တချို့က ကျင့်ကြံအားထုတ်တဲ့အချိန်မှာ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ သက်သက်သာသာ ကျင့်နိုင်တာလည်း ရှိပါတယ်။ ဆိုလို ချင်တာက ခဲယဉ်းသည်ဖြစ်စေ၊ လွယ်ကူသည်ဖြစ်စေ အကျင့်တရားသည် မှန်ဖို့လိုပါတယ်။ အသိအကျင့်နဲ့ပတ်သက်ပြီး သိစရာတွေကို ပြောပေးချင်ပါ တယ်။

www.dhammadownload.com

(ခဲယဉ်းစွာသာ ကျင့်ရရှာ မြန်စွာ သိသူတစ်ယောက်တည်း)

သူ့အကျင့်သည် ခဲယဉ်းတယ်၊ ဒီအကျင့်တရားကို ကျင့်ကြံအားထုတ်တဲ့အချိန်မှာ ခဲယဉ်းပါတယ်၊ ပင်ပန်းတယ်။ ကျင့်ရတာ မလွယ်ဘူး။ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ကျင့်ကြံအားထုတ်ရပေမဲ့လို့ သူသည် ဒီအကျင့်ကို အခြေခံကာ ရလာတဲ့အသိဉာဏ်က အလွန်တရာ လျင်မြန်တယ်။

ဘုန်းကြီးတို့ ရလာတဲ့ အသိဉာဏ်မှန်သမျှသည် အကျင့်ကနေ အခြေခံရတာချည်းပါပဲ။ အခု မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ အသိဉာဏ်တွေရဖို့ အတွက် အကျင့်တရား လိုပါတယ်။ အခုအားထုတ်နေတယ်ဆိုတာ အကျင့်တရားပါ။ ဒီအကျင့်တရားက ဘာပေးသလဲဆိုတော့ အသိတရားပေးတယ်။ အသိတရားလိုချင်ရင် အကျင့်တရားပါရမယ်။ ခဲယဉ်းစွာ ကျင့်ကြံအားထုတ်ပြီး ရလာတဲ့အသိဉာဏ် လျင်မြန်တဲ့သူက တစ်ယောက်။ ရလာတဲ့အသိဉာဏ်သည် အလွန်တရာ လျင်မြန်တယ်။ လျင်မြန်တယ်ဆိုတာ တစ်ခဏလေးနဲ့ တရားရတာမျိုးပါ။

တိုတောင်းတဲ့ ကာလအတွင်းမှာ သူကျင့်ရတာသည် မလွယ်ဘူး၊ ပေါ့ပေါ့တန်တန် သာမန်ကာလျှံကာ ကျင့်ရတာမျိုး မဟုတ်ဘူး၊ ခက်ခက်ခဲခဲ ကျားကုတ်ကျားခဲ ကျင့်ရတာပါ။ ဒါပေမဲ့လို့တဲ့ သူရလာတဲ့ အသိဉာဏ်က မြန်တဲ့သူက တစ်ယောက်ပါ။ အသိမြန်တဲ့ သူပါ။

နောက်တစ်ယောက်ကိုကြည့်ပါ။

(ခဲယဉ်းစွာသာ ကျင့်ရရှာ နှေးစွာ သိသူတစ်ယောက်တည်း)

ကျင့်တဲ့အခါမှာ သူလည်း ခက်တာပါပဲ။ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ကျင့်ကြံရတယ်။ အဲဒီလို ကျင့်ကြံရပေမဲ့ သိလာရလာတဲ့ အသိဉာဏ်က နှေးတယ်။ အကြာကြီးကျင့်မှ ရတယ်။ အချိန်ကာလ အများကြီး အသုံးပြုပြီးမှ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ကျင့်ကြံကြိုးစားအားထုတ်ကာမှ အသိဉာဏ်ကိုရတဲ့သူပါ။ သူ့အသိဉာဏ်သည် နှေးတယ်။ သူ့အသိက နှေးတယ်။ သူ့အကျင့်က ခက်ခဲပါတယ်။

ပထမပြောခဲ့တဲ့ သူတစ်ယောက်က အသိမြန်တယ်၊ အကျင့်ခက်တယ်။ အကျင့်ခက်ခဲပေမဲ့အသိမြန်တဲ့သူက တစ်ယောက်၊ ဒုတိယအမျိုးအစားပုဂ္ဂိုလ်သည် အကျင့်ခက်သလို အသိကလည်း နှေးတဲ့သူက တစ်ယောက်ပါ။

www.dhammadownload.com

အဲဒီနှစ်ယောက်မှာအကျင့်ခက်တာချင်းတူပါတယ်။ကျင့်ရတာမလွယ်ဘူး ခက်ခဲပါတယ်၊ သူများတွေလို မဟုတ်ဘူး၊ တော်တော်ကြီးပင်ပန်းပြီးတော့ ဖွဲနပဲနဲ့ ပြင်းပြင်းထန်ထန် ကျင့်မှရတယ်။ အဲဒီ ပြင်းပြင်းထန်ထန် ကျင့်ကြံတဲ့အခါ ရလာတဲ့အကျိုးတရားက မတူကြဘူး။ တစ်ယောက်က မြန်တယ်၊ တစ်ယောက်က နှေးတယ်။ အသိနှေးသူနဲ့ အသိမြန်သူ ဒီနှစ်ယောက်မှာ အကျင့်ချင်းက တူနေကြတယ်။ ကျင့်စဉ်ခက်တယ်။

နောက်တစ်ခါ ဘုရားရှင် ဘာပြောသေးတုံးဆိုရင် ဒီအကျင့်တရား ကျင့်ကြံတဲ့အခါမှာတဲ့ အချို့အချို့သောသူတို့သည် အကျင့်တရားကို ကျင့်ကြံရာမှာ အလွန်တရာမှ လွယ်ကူတယ်၊ ချမ်းသာတယ်၊ ကျင့်တဲ့အချိန်အခါမှာ ချမ်းသာတယ်၊ မပင်ပန်းပါဘူး။

(ချမ်းချမ်းသာသာ ကျင့်ရရှာ မြန်စွာသိသူတစ်ယောက်တည်း)

ကျင့်ရတာ ချမ်းသာတယ်၊ လွယ်ကူတယ်၊ သက်သာတယ်။ ပထမနှစ်ယောက်တုန်းက သူတို့ကျင့်တဲ့ အကျင့်သည် ခဲယဉ်းတယ်၊ ခက်ခဲတယ်။ ဒီဒုတိယနှစ်ယောက်က ချမ်းသာတယ်။ တချို့တချို့သော သူတို့သည် တရားမမွ ကျင့်ကြံအားထုတ်တဲ့နေရာမှာ တရားမမွကို ရှုပွားကျင့်သုံးရာမှာ လွယ်တယ်၊ သူ့အတွက် သက်သာတယ်၊ အကျင့်ကလည်း လွယ်တယ်၊ အသိကလည်း မြန်ပါတယ်။ တတိယက အသိမြန်တယ်။ နောက်တစ်ယောက် ကြည့်ပါ။

(ချမ်းချမ်းသာသာ ကျင့်ရရှာ နှေးစွာ သိသူတစ်ယောက်တည်း)

သူ့အကျင့်ကလည်း ချမ်းသာတယ်။ ဒါပေမဲ့ အသိက နှေးတယ်။ သက်သက်သာသာ ကျင့်ရပေမဲ့ အသိနှေးသူပါ။ ဒီလောကမှာ တရားကျင့်ကြတဲ့သူ၊ အားထုတ်ကြတဲ့သူတွေမှာ လေးမျိုးလေးစား ကွဲသွားတယ်။

ဒုက္ခပဋိပဒါ၊ သူ့အကျင့်သည် ဆင်းရဲတယ်။

ခိပ္ပါဘိညာ - အသိကတော့ မြန်တယ်။

ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ။

အကျင့်ဆင်းရဲပြီးတော့ အသိမြန်တဲ့သူတစ်ယောက်။

ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ - အကျင့်ဆင်းရဲသလို အသိလည်း နှေးတယ်။

www.dhammadownload.com

သုခပဋိပဒါ ခိပ္ပါဘိညာ - ကျင့်တဲ့အကျင့်တရားသည် ချမ်းသာတယ်၊ လွယ်ကူတယ်၊ သက်သာတယ်၊ တရားရမြန်တယ်။

သုခပဋိပဒါ ဒန္ဓာဘိညာ - ကျင့်တဲ့အချိန်အခါမှာ ချမ်းသာပေမဲ့လို့ အသိနေးတယ်။

အကျင့်နဲ့အသိ ဒီနေရာမှာ ကြည့်လိုက်ရင် အချို့က ဆင်းဆင်းရဲရဲ ကျင့်ရတယ်၊ အချို့က ချမ်းချမ်းသာသာ ကျင့်ရတယ်။ နှစ်မျိုးကွဲပါတယ်။ ဆင်းရဲစွာ ကျင့်ရတဲ့သူတစ်ယောက်၊ ချမ်းချမ်းသာသာ ကျင့်ရတဲ့သူတစ်ယောက်။ ဒီလူနှစ်ယောက်မှာပဲ သိနေတဲ့အသိကို ပြန်ကြည့်လိုက်လို့ရှိရင်တဲ့ မြန်မြန်ဆန်ဆန်နဲ့ သိသူကတစ်ယောက်၊ နေးစွာသိသူက တစ်ယောက်ပါ။ တချို့က အသိမြန်တယ်၊ တချို့က အသိနေးတယ်။

တစ်ယောက်နဲ့တစ်ယောက် မတူ

ဒီတော့ ဘုန်းကြီးတို့ပရိသတ် ကြည့်ရမှာက ကိုယ် ဘယ်ထဲပါလဲပေါ့။

ဒီလေးမျိုးထဲမှာ ဒီတစ်မျိုးမျိုးတော့ဖြင့် ပါမှာပဲ၊ ကျင့်ကြံနေပြီဆိုတော့ အခု တစ်ရက် နှစ်ရက် အားထုတ်ကြည့်လိုက်ရင် သိတယ်။ တချို့က ကျင့်ရတာ ဘာမှမခက်ဘူး၊ စပြီးတော့ ရှုရတာနဲ့ အရှုခံနဲ့ အရှုညာဏ်တန်းပြီးတော့ လွယ်လွယ်ကူကူနဲ့ သွားလိုက်တာ တရားလမ်း ဖြောင့်တန်းပြီးတော့ သူ့အတွက် မခဲယဉ်းဘူး။ တချို့တချို့ကတော့ ကျင့်ကြံတဲ့နေရာမှာ ခဲယဉ်းတယ်၊ ပင်ပန်းတယ်။ တစ်ခါတည်း ပင်ပန်းလိုက်တာ၊ ခက်လိုက်တာ၊ သမာဓိရဖို့လည်း မလွယ်ဘူး၊ ရှုစရာ မှတ်စရာ တွေ့ဖို့လည်း မလွယ်ဘူး၊ အကြိတ်အနယ် ကြိုးစားပြီးတော့ ကျင့်ရတယ်။ ဒါအကျင့်ပိုင်းပါ။ အသိပိုင်းကို ကြည့်လိုက်ပြန်တော့ အသိမြန်သူနဲ့ အသိနေးသူရှိတယ်။ တချို့က အသိမြန်တယ်၊ တချို့က အသိနေးတယ်။

အဲဒီတော့ ကိုယ်က ရွေးချယ်ရမယ်၊ အကျင့်နဲ့ အသိမှာ မြန်မြန်သိချင်လား၊ နေးနေး သိချင်လားပေါ့။ အဲဒီ မြန်မြန်သိ၊ နေးနေးသိဆိုတဲ့နေရာမှာ ကျင့်တဲ့ နေရာမှာလည်း အချို့က အကျင့်လွယ်တယ်၊ အချို့က အကျင့်ခက်တယ်။

www.dhammadownload.com

ဒီတော့ ဘုန်းကြီးတို့ပရိသတ်က ကျင့်တဲ့နေရာမှာ ချမ်းချမ်းသာသာနဲ့ ကျင့်ချင်လား၊ ပင်ပင်ပန်းပန်းနဲ့ ကျင့်ချင်လားပေါ့။

အချို့က ချမ်းချမ်းသာသာနဲ့ ကျင့်ပေမဲ့လို့ အသိက နေးတယ်၊ ချမ်းသာတယ်၊ ကျင့်တဲ့အချိန်မှာတော့ဖြင့် လွယ်လိုက်တာ၊ ဘာမှမခက်ဘူး၊ ပြောတဲ့အတိုင်း၊ ဆရာသမား ပြတဲ့အတိုင်း တစ်ခါတည်း အားထုတ်လိုက်တာ ကွက်တိပါ။ လွယ်လိုက်တာ။ မြင်သွားလိုက်တာ ရုပ်နာမ်တရားတွေ၊ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်နဲ့ အကျင့်က ချမ်းသာတယ်ပေါ့။ ဒါပေမဲ့လို့ အကျင့်ချမ်းသာသော်လည်း အသိနေးတဲ့သူတွေ ရှိတယ်။

အချို့ကတော့ အကျင့်ဆင်းရဲတယ်၊ အသိကမြန်တယ်။ ပင်ပန်းပြီးတော့ ကျင့်ရပေမဲ့လို့ သူ တရားရသွားတဲ့အခါကျတော့ ကာလအပိုင်းအခြားနဲ့ကြည့်လိုက်ရင် ခဏလေးရတယ်။ တချို့က တစ်ပတ် ဆယ်ရက်လောက် အားထုတ်လိုက်ရင် တရားအသိ တော်တော်ကြီးရောက်သွားပြီ။ အဲဒီ တစ်ပတ်ဆယ်ရက် အားထုတ်လိုက်လို့ရတဲ့ အသိဉာဏ်မျိုး အချို့က လပေါင်းများစွာ နှစ်ပေါင်းများစွာ ကျင့်ကြံတော့မှ အားထုတ်တော့မှ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ဒုက္ခခံပြီးတော့ကို ကျင့်မှ အဲဒီလောက် အသိဉာဏ်ပဲ ရတဲ့သူတွေ ရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက် မတူပါဘူး။

ဒီတော့ သတိထားရမယ်။ အကျင့်တရားက ပင်ပန်းတယ်၊ ခဲယဉ်းတယ် ဆိုပေမဲ့လည်းပဲ စိတ်ဓာတ်မကျနဲ့ပေါ့။ "ငါအားထုတ်လို့လည်း မရဘူး၊ ငါ့စိတ်တွေကလည်း မငြိမ်လိုက်တာ၊ စိတ်တွေကလည်း မတည်လိုက်တာ၊ ဘယ်ရောက်မှန်းလည်းမသိ၊ ဘယ်လို ထိန်းရမှန်းလည်းမသိ၊ ရူစရာ ရုပ်နာမ်တွေလည်း ငါဘာမျှ မမြင်ဘူး" လို့ တချို့က အကျင့်ခက်တယ်။ ဒါပေမဲ့လို့ အမှတ်မထင် အသိမြန်သွားတာလည်း ရှိတယ်။ တချို့က အကျင့်လည်းခက် အသိလည်း အသိနေးတယ်။ လေးမျိုးကွဲပြားပါတယ်။

အကျင့်လွယ်ပြီးတော့ အသိမြန်တဲ့သူ၊ အသိနေးတဲ့သူ နှစ်ယောက်၊ အကျင့်ခက်ပြီးတော့ အသိမြန်တဲ့သူ၊ အသိနေးတဲ့သူနှစ်ယောက်ပါ။

ဒီလို လေးမျိုးလေးစားရှိနေတော့ အကျင့်လည်း လွယ်တယ်၊ အသိလည်း မြန်တယ်ဆိုတဲ့ ကျင့်စဉ်ကို ပြောပြချင်ပါတယ်။

www.dhammadownload.com

လူတိုင်းက ခက်တာ မကြိုက်ဘူး။ လွယ်တာကြိုက်တယ်။ အကျင့်က ဘာဖြစ်ရမလဲ။ လွယ်ရမယ်။ အသိက နေးတာနဲ့ မြန်တာနဲ့ ဘယ်ဟာ ကြိုက်လဲ။ မြန်တာပဲ ကြိုက်ပါတယ်။

အသိလည်း မြန်ရမယ်၊ အကျင့်လည်း လွယ်ရမယ်ပေါ့။ အဲဒီထဲမှာ ပုဂ္ဂိုလ် (၄) မျိုး ပြောတဲ့အထဲမှာ အကျင့်လွယ်ပြီးတော့ အသိမြန်တဲ့သူ တစ်ယောက်ပဲ ရှိတယ်နော်။

ကျန်တဲ့သုံးယောက်က ဒီအတိုင်း လိုက်တုလို့ မရဘူး။ ဒါပေမဲ့လို့ ဘုရားရှင် လက်ထက်တုန်းက အသိလည်းမြန်၊ အကျင့်လည်းလွယ်တဲ့ ကျင့်စဉ်နဲ့ တရားရသွားတဲ့သူ ရှိတယ်။ သူ့ကျင့်နည်း ကြံနည်း အားထုတ်နည်းလေးကို ဘုန်းကြီးတို့ပရိသတ် ကျင့်တတ်၊ ကြံတတ်၊ အားထုတ်တတ်အောင် လေ့လာကြည့်ရအောင်။

(မြင်တဲ့နေရာ ငါမပါ မြင်တာ ရုပ်လို့ရှု)

ဒါ ကျင့်နည်းပါပဲ။ မြင်တယ်ဆိုတာသည် ဘာနဲ့မြင်လဲ။ မျက်စိနဲ့ မြင်တယ်။ လူတိုင်းလူတိုင်းမှာ မျက်စိရှိတယ်။ လူတိုင်းမှာ မျက်စိရှိလို့ မြင်နေကြတယ်။ မြင်ပင်မြင်သော်လည်း တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် မြင်ပုံချင်း မတူဘူး။

အကျင့်လွယ်ပြီးတော့ အသိမြန်တဲ့သူရဲ့ ကျင့်နည်းကို မြတ်စွာဘုရား ပေးတယ်။ မြင်လိုက်တာက ရုပ်တရားပါ။ မျက်စိကနေ မြင်လိုက်တာ အဆင်းမျိုးစုံ ရှုပါရုံပါ။ အဆင်းမျိုးစုံ ရှုပါရုံကို မြင်တဲ့အချိန်အခါမှာ မျက်စိနဲ့ မြင်နိုင်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှသည် ရုပ်တရား၊ မျက်စိကနေ မြင်တာမှန်သမျှ ရုပ်လို့ ရှုရမယ်။ ငါ မပါစေရဘူး။ အခု မြင်ရာကို ရှုနေကြတဲ့နေရာမှာ ငါမြင်တယ်လို့ ပြောပါတယ်။

ဘယ်သူ မြင်တာလဲ။ ငါမြင်တာ။ ဒီလိုပြောကြတယ်။ တကယ်မြင်တာသည် ငါမြင်တာလား၊ မျက်စိက မြင်တာလား။ မျက်စိက မြင်တာပါ။ အဲဒီမှာ ငါပါရဲ့လား။ မပါဘူး။ မျက်စိဆိုတာလည်း ဘာတရားလဲ။ ရုပ်တရား။ ဒီခန္ဓာ ကိုယ်နဲ့ ဆက်စပ်နေတာ မှန်သမျှသည် ရုပ်ပါ။

www.dhammadownload.com

ခန္ဓာကိုယ်ထဲမှာ တစ်ခုသော အင်္ဂါအစိတ်အပိုင်းအနေနဲ့ ပါဝင်နေတဲ့ မျက်စိဆိုတာလည်း ရုပ်တရားပါ။ မြင်တဲ့နေရာ ငါမပါ မြင်တာ ရုပ်လို့ရှုတဲ့။ မြင်လိုက်တဲ့မြင်ရတဲ့အဆင်းမျိုးစုံ ရှုပါရဲ့၊ မျက်စိနဲ့မြင်နိုင်တွေ့နိုင်တဲ့သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှကို ရုပ်တရားလို့ ရှုရမှာပါ။

ဘာကိုမြင်တာလဲ

ရုပ်တရားလို့ ရှုလိုက်တဲ့အခါမှာ စောစောက ငါမြင်တယ်ဆိုတော့ ငါ ဘာမြင်လိုက်တယ်၊ ငါဘယ်သူ့မြင်လိုက်တယ်လို့ ဖြစ်လာတယ်။ ငါပါရင် ငါ ယောကျ်ားတစ်ယောက် မြင်လိုက်တယ်၊ ငါ မိန်းမတစ်ယောက် မြင်လိုက်တယ်၊ ငါ အိမ်တစ်လုံး မြင်လိုက်တယ်၊ ငါ ကားတစ်စီး မြင်လိုက်တယ်၊ ဒီလိုမျိုး ဖြစ်လာတယ်။

ကိုယ့်အသိမြန်ချင်ရင် မြင်ရတာမှန်သမျှကို ရုပ်လို့ရှုရမှာပါ။

မြင်ရတာမှန်သမျှဆိုတော့ လူလည်းဖြစ်ချင်ဖြစ်မယ်၊ တိရစ္ဆာန်လည်း ဖြစ်ချင်ဖြစ်မယ်၊ အိုးအိမ်၊ တိုက်တာတွေ၊ သစ်ပင်တွေ၊ မြေကြီးတွေ၊ ရေတွေလည်း ဖြစ်ကောင်းဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် မြင်ရတာအားလုံးကို ရုပ်လို့ရှုပါ။ အဲဒီနေရာမှာ ဘယ်လိုရှုရမှာလဲဆိုရင် ငါဆိုတာကို ခွာထားရမယ်။ ငါမြင်တာ မဟုတ်ဘူး။ ဘယ်သူမြင်တာလဲ။ မျက်စိကမြင်တာပါ။ မျက်စိဆိုတာလည်း ရုပ်တရား။ မျက်စိဆိုတာ ရုပ်လို့သိအောင် ကျင့်နေတယ်။ မျက်စိနဲ့ မြင်ရတာ မှန်သမျှကို ရုပ်တရားလို့ သိမြင်အောင် ကျင့်ကြံနေကြတယ်။ ကိုယ် ပုံမှန်သိနေတဲ့အသိက မျက်စိက မြင်ရတာတွေကို ရုပ်လို့မမြင်ဘူး။ သာမန်အမြင်နဲ့ ကြည့်ရင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့ မြင်တယ်။ အခု မြင်ရမှာက ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး မပါစေရဘူး။ ရုပ်လို့မြင်ရမယ်။

မြင်ကာမျှ မြင်ရုံလေးပါ။ အဲဒီမှာ ဘာမျှဆက်မသွားနဲ့။ တရားဓမ္မနဲ့ မကြည့်မမြင်ဘူးဆိုရင် မြင်လိုက်တဲ့နောက်ကို ဆက်သွားတယ်။ မြင်ရတာကို နှစ်သက်သဘောကျတယ်။ မြင်ရတာကို မနှစ်သက်ဘူး၊ သဘောမကျဘူး၊ ဒီလိုဆက်သွားတယ်။ မြင်လိုက်ချိန်မှာ ဒါ ရုပ်တရားပဲလို့ မရုပ်နိုင်တဲ့သူ၊ မရုပ်နိုင်ဘူးဆိုရင် နှစ်သက်သဘောကျတယ်ဆိုရင် ရာဂဘက် ပါသွားတယ်။ ဒါကို

www.dhammadownload.com

သဘောမကျဘူး၊ မနှစ်သက်ဘူးဆိုရင် ဒေါသပါသွားတယ်၊ လောဘဘက် ရောက်လိုက်၊ ဒေါသဘက် ရောက်လိုက်ဆိုတော့ အကုသိုလ်ဘက်ကို ဆက် နွယ်သွားပါတယ်။

အကုသိုလ်ဘက်ကို လမ်းပြောင်းသွားတယ်။ ခုနမြင်ရုံလေးတင် ရပ်ပြီး တော့ ဒါရုပ်ပဲလို့ ရှုလိုက်ရင် လောဘဘက်လည်း မသွားဘူး၊ ဒေါသဘက် လည်း မသွားဘူး၊ ရပ်သွားတယ်။ အဲဒါ ကျင့်စဉ်ပါ။ မြတ်စွာဘုရားရှင် ပေးတဲ့ ကျင့်စဉ်၊ အကျင့်လည်း လွယ်တယ်၊ အသိက မြန်တယ်။

ကျင့်ရတာ ခက်သလား

ကျင့်ရတာ ခက်လား၊ ဘာမျှမခက်ဘူး။ ကိုယ့်မှာ မျက်စိရှိနေတယ်။ ဒီမျက်စိနဲ့ မြင်တဲ့အမြင် ပြောင်းလိုက်တာပဲ ရှိတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမလို့ မမြင်ဘဲ ဘယ်လိုမြင်ရမလဲ၊ ရုပ်လို့ မြင်ပါ။ ဒါထက်လွယ် တာ မရှိတော့ဘူး။ မြင်တတ်တဲ့ မျက်စိကို ရုပ်လို့ ပြန်မြင်ပါ။ မြင်တတ်တဲ့ မျက်စိကလည်း ရုပ်တရား၊ မြင်ရတာကလည်း ရုပ်တရားပါ။

မြင်တဲ့နေရာ ငါမပါ မြင်တာရုပ်လို့ ရှုလိုက်ခြင်းအားဖြင့် ရုပ်တရားလို့ ရှုလိုက်တယ်ဆိုရင် ငါစွဲကင်းတယ်။ မရှုနိုင်ရင် ငါပါပြီ။ ငါပါလာရင် အကျင့် မမှန်တော့ဘူး။ ငါနှစ်သက်တယ်၊ ငါသဘောကျတယ်၊ ငါကြိုက်တယ်၊ ငါ မကြိုက်ဘူး။ ငါလိုချင်တယ်၊ ငါမလိုချင်ဘူးဆိုတာတွေ ဖြစ်လာတယ်။ ငါပါလာ ရင် ငါစွဲဝင်ရင် အကျင့်မှားပါတယ်။

အခု ကျင့်တဲ့နေရာမှာ ဒါလေး သတိထားရုံပါပဲ။ တရား ကျင့်တယ်၊ တရားကျင့်တယ်ဆိုတာသည် အမှန်တကယ်ပြောမယ်ဆိုရင် တရားလမ်း ကြောင်းအတိုင်း တည့်သွားအောင် သတိလေးထားလိုက်တာပါ။ သတိလေးနဲ့ ထိန်းလိုက်တာပါ။ တရားအားထုတ်တဲ့ အချိန်မှာလည်း ကြည့်တာပဲ၊ တရား အားမထုတ်တဲ့ အချိန်မှာလည်း ကြည့်နေရတာပါပဲ။ တရားအားမထုတ်တဲ့ အချိန်လည်း နားကနေ အသံတွေ ကြားရတာပါ။ အားထုတ်တဲ့အချိန်လည်း နားကနေ အသံတွေ ကြားရတာပါ။

www.dhammadownload.com

ဒီခန္ဓာကိုယ်အစိတ်အပိုင်းတွေက ပုံမှန်အလုပ်လုပ်တဲ့နေရာမှာ နလုံးသွင်း အရေးကြီးတယ်။ နလုံးသွင်းမှန်ဆိုတာ "ယောနိသောမနသိကာရ" မှန်တဲ့လမ်းကြောင်းပေါ်ရောက်အောင် နလုံးသွင်းချင်ရင် ငါ မပါစေရဘူး။ ငါပါရင် အကျင့်မှားတယ်။ ငါမပါရင် အကျင့်မှန်တယ်။

(ကြားတဲ့နေရာ ငါမပါကြားတာရှုပ်လို့ရှု)

ကြားတယ်ဆိုတာ ဘယ်သူကြားလဲ၊ နားကကြားတာပါ။ ဒါကို ငါကြားတယ်၊ ငါကြားတယ်လို့ ပြောပါတယ်။ အမှန်တကယ်ကြားတာ ငါကြားတာလား၊ နားကကြားတာလားဆိုရင် နားက ကြားတာပါ။

နားဆိုတာ ရုပ်တရား၊ နားကနေပြီးတော့ ကြားနိုင်တဲ့ အသံမျိုးစုံ၊ နားထဲကို ဝင်ရောက်လာတဲ့ အသံမျိုးစုံကလည်း ရုပ်တရားပါ။ ငါမပါဘူး။

ကြားရတဲ့နားဆိုတဲ့ ဆီမှာလည်း ငါဆိုတာကို ရှာကြည့်။ ကြားတဲ့နားမှာ ဘယ်နေရာကို ငါလို့ပြောလို့ရသလဲ။ မရဘူး။ ငါဆိုတာ ရှာလို့မတွေ့ဘူး၊ ကြားရတဲ့ အသံတွေကို ကြည့်လိုက်ရင်လည်း ဒီအသံတွေသည် ရုပ်တရားတွေပါ။ ဒီမှာ ငါ ကြားတယ်၊ ဒီအသံတွေကို ငါ ကြိုက်တယ်။ ဒီအသံတွေကို ငါ မကြိုက်ဘူး။ ဒီစကားလုံးတွေကို ငါ သဘောကျတယ်။ ဒီစကားလုံးတွေကို ငါ သဘောမကျဘူး။ ဒီအပြောအဆိုတွေကို ငါနှစ်သက်တယ်။ ဒီအပြောမျိုးတွေကို ငါမကြိုက်ဘူး။ ငါပါ လာတယ်။

ငါမပါစေနဲ့

ငါပါတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ကြိုက်တာ မကြိုက်တာ ဝင်လာပြီ၊ ကြိုက်တာ၊ မကြိုက်တာ ပါလာရင် လောဘနဲ့ဒေါသ တစ်လမ်းလမ်းကို သွားပြီ။ ဒီအသံလေး ငါကြိုက်တယ်၊ ဒီအသံလေး ငါနားထောင်လို့ ကောင်းတယ်။ ဒါ ဘာဖြစ်သွားပြီလဲ။ လောဘဘက်ဖြစ်သွားပြီ။ ဟာ ငါဒီအသံကြီး မကြားချင်ပါဘူး။ ဒီအပြောမျိုးတွေ မကြားချင်ပါဘူးဆိုရင် ဘယ်ဘက်ဖြစ်သွားလဲ။ ဒေါသဘက် ဖြစ်သွားတယ်။

ငါပါလိုက်ရင် အကုသိုလ် ဝင်လာပြီ။ အဲဒီတော့ ငါအထိကို မရောက်စေနဲ့တဲ့။ ကြားရုံလေးပဲထားပါ။ ကြားရတဲ့ အသံမျိုးစုံသည် ရုပ်တရား၊ အဲဒီ

www.dhammadownload.com

အသံတွေကို ကြားတယ်၊ နားထောင်တတ်တဲ့ နားဆိုတာသည်လည်း ရုပ်တရားပါ။

မြင်သိစိတ်သည် နာမ်တရားပါ။ မြင်တဲ့အချိန်မှာ သိလိုက်တယ်။ အဲဒီအသိကလည်း အရေးကြီးတယ်။ ဒါကို ရုပ်လို့ သိလိုက်တယ်ဆိုရင် အသိမှန်၊ အဲလိုမှမဟုတ်ဘဲနဲ့ ငါသဘောကျတဲ့ အဆင်းမျိုးစုံပဲ၊ ငါသဘောကျတဲ့သူပဲ၊ ငါသဘောမကျတဲ့သူပဲလို့ သွားလိုက်ပြီဆိုရင် အဲဒီအသိသည် အသိမှားပါ။

တရား ရှာတယ်ဆိုတာ အသိမှန်ကို ရှာတာပါ။။ ခါတိုင်းခါတိုင်း သာမန်အားဖြင့် ပုံမှန်နေတာသည် အသိမှားနဲ့ နေတယ်။ အသိတွေ့ မှားနေတယ်၊ အခုတရားအားထုတ်တယ်ဆိုတာ အသိမှားကို အသိမှန်ပြင်နေတာပါ။ ခါတိုင်း အိမ်မှာနေသလိုပဲ ကြည့်မယ်၊ နားထောင်မယ်ဆိုရင်တော့ဖြင့် မဟုတ်သေးဘူးဖေါ့။ အဲဒါဆိုရင် ကျင့်တယ်ပြောလို့ မရတော့ဘူး၊ အခုကျင့်တဲ့ နေရာမှာ ကြားရတဲ့ အသံမျိုးစုံလည်း ရုပ်တရား၊ ဒီအသံတွေကို ကြားတတ်တဲ့ နားဆိုတာလည်း ရုပ်တရား၊ ဒီနစ်ခုပေါင်းဆုံတော့ ဖြစ်ပေါ်လာတဲ့ ကြားသိစိတ်သည် နာမ်တရား၊ အဲဒီမှာ ရုပ်နဲ့နာမ် နှစ်ခုမြင်သွားပြီဆိုရင် ငါပါသေးလား။

"မပါတော့ပါ ဘုရား"

ငါဆိုတာက ဒီရုပ်နာမ်နှစ်ခု အပေါင်းအစုကို ဘုန်းကြီးတို့က သတ်မှတ်ချက်တစ်ခုအနေနဲ့ ထားပြီးတော့ ငါပဲ၊ သူပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲ၊ ယောကျ်ား၊ မိန်းမပဲလို့ ပြောနေကြတယ်။ အမှန်တကယ် ငါဆိုတာ ပြန်ကြည့်ရင် ဘာကိုရည်ညွှန်းနေလဲဆိုရင် ရုပ်နဲ့ နာမ်ပါ။ သူလို့ ပြောနေတာလည်း ရုပ်နဲ့ နာမ်ပါ၊ ယောကျ်ားဆိုတာလည်း ရုပ်နာမ်၊ မိန်းမဆိုတာလည်း ရုပ်နာမ်၊ အဲဒီရုပ်နာမ်ဆိုတဲ့သဘာဝ၊ ဒီသဘောအမှန်ကို မမြင်ဘဲနဲ့ အမြင်မှားနေတယ်၊ အမြင်မှားတဲ့အတွက်ကြောင့် အသိလည်း မှားတယ်။ အသိမှားပြီဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မရဘူး၊ အသိမှန်ရမယ်၊ အဲဒီတော့ မြင်တဲ့နေရာ ငါမပါနဲ့၊ ကြားတဲ့နေရာ ငါမပါနဲ့တဲ့။

(ထိတဲ့နေရာ ငါမပါ ထိတာရုပ်လို့ရှု)

မျက်စိကမြင်တယ်၊ နားကကြားတယ်၊ နှာခေါင်းကတော့ ပြင်ပကနေဝင်ရောက်လာတဲ့ အနံ့မျိုးစုံ နှာခေါင်းမှာ ထိတယ်။ နှာခေါင်းမှာ အနံ့တွေ လာ

www.dhammadownload.com

ထိတယ်ပေါ့။ ဟိုး နောက်ဖေး မီးဖိုချောင်မှာ ချက်နေတဲ့ ဟင်းနဲ့၊ ထမင်းနဲ့တွေ နာခေါင်းထဲ မရောက်လာဘူးဆိုရင် ဒီအနံ့တွေ မရပါဘူး။

အနံ့က နာခေါင်းနဲ့ ထိတော့မှ ဒီအနံ့ရတယ်။ အဲဒီလို ထိလိုက်တဲ့အချိန်မှာ ငါမပါစေနဲ့၊ ထိတဲ့သဘောတရား အနံ့မျိုးစုံကို ရုပ်လို့ရှုပါ။ စားတဲ့အချိန်အခါမှာလည်း လျှာနဲ့ စားစရာတွေနဲ့ ထိတယ်။ လျှာထဲမှာ အရသာပေါ်တယ်လို့ ပြောတာ အမှန်တကယ်ပြောရင် လျှာနဲ့စားစရာနဲ့ထိလို့ပါ။ မထိဘဲနဲ့ဒီအရသာ မပေါ်ပါဘူး။ စားပွဲပေါ်မှာတင်ထားတဲ့ စားစရာ သောက်စရာတွေ ဒီအတိုင်း ကြည့်နေရုံနဲ့ အရသာ မပေါ်ဘူး။ လျှာမှာထိမှ ပေါ်တယ်။

ထိတယ်ဆိုတဲ့နေရာမှာ ဘာတွေ အကျုံးဝင်သွားလဲဆိုတော့ နာခေါင်းနဲ့ ထိနိုင်တဲ့ အနံ့မျိုးစုံ၊ လျှာနဲ့ထိနိုင်တဲ့ အရသာမျိုးစုံ၊ ခန္ဓာကိုယ်နဲ့ ထိတွေ့နိုင်တဲ့ အထိအတွေ့မျိုးစုံ ပါသွားတယ်။ ခန္ဓာကိုယ်နဲ့လည်း ကြမ်းတာ၊ နတာ၊ အေးတာ၊ ပူတာတွေ ထိမှ သိတယ်။ မထိဘဲနဲ့ မသိပါဘူး။

ဒီအရာဝတ္ထုသည် ကြမ်းသလား၊ နသလားသိချင်ရင် ဘာလုပ်ကြည့်ရမလဲ၊ ကိုင်ကြည့်ရတယ်၊ ကိုင်တွယ်သုံးသပ်ကြည့်၊ ထိကြည့်လိုက်တဲ့အခါကျမှ "ဒါဟာ ကြမ်းပါလား၊ ဒါဟာ နုပါလား၊ ဒါက ပူပါလား၊ ဒါက အေးပါလား" လို့ သိသွားတယ်။

ထိဆိုတဲ့ နေရာမှာ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အထိအတွေ့မျိုးစုံပါတယ်။ အဲဒီလို ထိတဲ့နေရာမှာ ငါ မပါစေရဘူး။ ထိတာကို ရုပ်လို့ရှုပါ။ အနံ့တွေလည်း ရုပ်တရား၊ အရသာမျိုးစုံကလည်း ရုပ်တရား၊ ခန္ဓာကိုယ်နဲ့ ထိတွေ့နိုင်တာ မှန်သမျှကလည်း ရုပ်တရားပါ။

အနံ့တွေနဲ့ ထိတတ်တဲ့ နာခေါင်းဆိုတာလည်း ရုပ်ပါ။ အရသာတွေကို ထိတွေ့တတ်တဲ့ လျှာဆိုတာလည်း ရုပ်ပါ။ ခန္ဓာကိုယ်နဲ့ ထိတွေ့နိုင်တဲ့ အထိအတွေ့မှန်သမျှ၊ ထိတွေ့ရတဲ့ ဒီခန္ဓာကိုယ်ကြီးသည်လည်း ရုပ်တရားပါ။ ငါ နမ်းတယ်၊ ငါ ရှူတယ်ဆိုတာ မရှိစေနဲ့တဲ့။ ငါ စားသောက်တယ်၊ ငါ အရသာတွေ ခံနေတယ်၊ ငါ စားလို့ကောင်းတယ်၊ ငါစားလို့ မကောင်းဘူးဆိုတာတွေ မပါစေနဲ့တဲ့၊ ထိတာမှန်သမျှကို ရုပ်လို့ ရှုရပါမယ်။ ထိလို့ သိလိုက်တာ မှန်သမျှကို နာမ်လို့ ရှုရမယ်။

www.dhammadownload.com

သိတဲ့နေရာ ငါမပါ သိတာနာမ်လို့ရှု။

သိတာ ဘယ်သူကသိလဲဆိုရင်တော့ နာမ်ကသိပါတယ်။ "ငါ သိပါတယ် ငါသိပါတယ်" လို့ ပြောနေတာ အပြောများပါ။

တကယ်သိတာ ဘယ်သူသိလဲ။ နာမ်က သိတယ်၊ မြင်လိုက်တဲ့အချိန်မှာလည်း မြင်ရတဲ့အချိန်မှာ ဖြစ်ပေါ်လာတဲ့ မြင်သိစိတ်၊ မြင်ရင်သိပါတယ်၊ သိတာ စိတ်နဲ့ သိတာပါ။

အဲဒီစိတ်ကို ပြန်ကြည့်လိုက်ပါ။ စိတ်ဆိုတာသည် နာမ်တရားပါ။ ဓမ္မာနုပဿနာနည်းမှာ အကျဉ်းပဲ ခွဲတယ်၊ ရုပ်နဲ့ နာမ်။ ရုပ်နဲ့ နာမ်ပဲ ခွဲထားတယ်။ မြင်ရတဲ့ ပြင်ပလောကမှာ ရှိနေတဲ့ အပြင်မှာရှိနေတဲ့ သက်ရှိသက်မဲ့မှန်သမျှ ရုပ်တရား၊ မြင်တတ်တဲ့ မျက်စိကလည်း ရုပ်တရား၊ အဲဒီနှစ်ခု တိုက်ဆိုင်တော့မှ ပေါင်းဆုံတော့မှ ဖြစ်ပေါ်လာတဲ့ အသိစိတ်က နာမ်တရားပါ။ အဲဒါမြင်တဲ့အချိန်မှာ ရှုနည်းပါ။

မျက်လုံးက ရှိနေတဲ့အခါကျတော့ မြင်မှာပါ။ မျက်စိမှိတ်ပြီးတော့ထားတဲ့အချိန် မမြင်ဘူး။ မျက်စိဖွင့်လိုက်တာနဲ့ မြင်စရာရှိတာ မြင်မယ်။ နားရှိတဲ့အတွက်ကြောင့် ကြားစရာရှိတာတွေ ကြားမယ်။ ဒီအခါမျိုးမှာ ကျင့်နည်း မှန်စေဖို့တဲ့ အကျင့်မှန်ကို မြတ်စွာဘုရား ပြနေတာပါ။

လွယ်လည်း လွယ်တယ်။ ဒီအကျင့်က အလွယ်ဆုံးအကျင့်၊ အရှင်းဆုံးအကျင့်ပါ။ ဘာမျှ မခဲယဉ်းဘူး၊ မခက်ခဲဘူး။ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ လုပ်စရာ ဘာမျှမရှိဘူး။ မျက်စိက မြင်ရတာကို ရုပ်လို့ရှုပါ။ မြင်တတ်တဲ့ မျက်စိကိုလည်းရုပ်လို့ ရှုပါ။ ဒီနှစ်ခုပေါင်းဆုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ အသိစိတ်ကို နာမ်လို့ရှုပါ။

သိတဲ့နေရာ ငါမပါ သိတာ နာမ်လို့ရှုတဲ့။ ငါမပါနဲ့တဲ့။ တစ်လုံးတည်းပဲ မှတ်ထားပါ။ တကယ်တရားရချင်ရင် ဒါလေးပါပဲ။ မြင်တဲ့နေရာလည်း ငါမပါနဲ့၊ ကြားတဲ့နေရာလည်း ငါမပါနဲ့၊ ထိတဲ့နေရာလည်း ငါမပါနဲ့၊ သိတဲ့နေရာလည်း ငါမပါနဲ့တဲ့။ တရားအကျဉ်းလေးပဲ မြတ်စွာဘုရားပေးတယ်။ ဒီတရားလေးက တိုတိုကျဉ်းကျဉ်းလေး။ ဒါပေမဲ့လို့ ထိထိမိမိရှိတယ်။

www.dhammadownload.com

တကယ်လက်တွေ့ဘဝ နေကြ ထိုင်ကြတဲ့အချိန်မှာ အခု တရားအား ထုတ်နေသလိုမျိုး၊ အေးအေးဆေးဆေး ထိုင်ပြီးတော့ အားထုတ်ဖို့ဆိုတာ မလွယ်ဘူး။ ကိုယ့်အလုပ်ကိစ္စတွေနဲ့ လူမှုရေး၊ စီးပွားရေး၊ သားရေး၊ သမီးရေး၊ ဒီအရေးတွေက ရှိနေတော့ သွားလာလှုပ်ရှားနေရတယ်။ ကိုယ့်အလုပ်နဲ့ကိုယ် သွားလာလှုပ်ရှားရင်းနဲ့ပဲ မြင်တဲ့နေရာကို တစ်ချက်လေး သတိထားကြည့်ပါ။ မြင်လိုက်ပြီဆိုရင်လည်း ငါမပါအောင် ကြည့်တတ်ရင် တရား ဖြစ်ပြီ။

သာမန်ကြည့်ချိန်မှာ ငါပါတယ်၊ တရားနဲ့ ကြည့်တဲ့သူသည် ငါမပါဘူး။ နားကနေပြီး အသံမျိုးစုံ ကြားနေတယ်၊ အဲဒီလို ကြားနေတဲ့အချိန်မှာ ငါပါရင် တရားမဟုတ်သေးဘူး။ ငါမပါအောင် ကြားတတ်ပြီဆိုရင် အကျင့်မှန်ပြီ။ အကျင့်မှန်သည် ငါမပါတဲ့အကျင့်၊ ထိတဲ့နေရာမှာ ငါမပါအောင် ကြည့်နိုင်ရင် တရားဖြစ်ပါပြီ။ သိတဲ့နေရာ ငါမပါဘဲနဲ့ သိတာကို နာမ်လို့ရှုနိုင်ရင် တရားဖြစ်ပြီ။ ဒီတရားရှုနည်းကို ဘုရားရှင် ဘယ်သူ့ကို သင်ပေးလိုက်တာလဲ၊ ဒီတရားလေးနဲ့ ဒီရှုပုံရှုနည်းလေးနဲ့ ဘယ်သူတရားရသွားလဲဆိုတော့ "ဗာဟိယ ဒါရှုစိရိယ" ပါ။

ဗာဟိယဒါရှုစိရိယ

အရှင်ဗာဟိယဒါရှုစိရိယဟာ သာသနာတော်မှာ ခိပ္ပါဘိညာဇာတဒဂ်ရတဲ့ အရှင်မြတ်ပါ။ ခိပ္ပါဘိညာဆိုတာ အသိလျင်မြန်တယ်။ အရှင်ဗာဟိယ ဒါရှုစိရိယသည် မြတ်စွာဘုရားရှင်ထံကို တရားလိုချင်လို့ ရောက်လာတယ်။ သူ ရောက်လာတဲ့အချိန်မှာ မောကြီးပန်းကြီးနဲ့၊ နေရာကလည်း မြတ်စွာဘုရားရှင် ဆွမ်းခံသွားနေတဲ့အချိန်၊ မြို့ထဲမှာ ဘုရားရှင်က နောက်ပါသံဃာတော် အရှင်မြတ်တွေနဲ့ သပိတ်ပိုက်ပြီး ဆွမ်းခံဝင်တဲ့အချိန် ဗာဟိယဒါရှုစိရိယ ရောက်လာတယ်။ သာမန်လူတွေလို ဘုရားဖူးရအောင် ရောက်လာတာ မဟုတ်ဘူး။

တရားလိုချင်လို့၊ ဟိုး .... မိုင်ပေါင်းများစွာဝေးတဲ့ အရပ်ဒေသကနေပြီးတော့ မြတ်စွာဘုရားရှိရာကို ပြင်းပြင်းထန်ထန် မနားမနေ ကြိုးစားပြီးတော့လာတဲ့သူပါ။ သူက ပထမတုန်းက ကုန်သည်တစ်ယောက်ပါ။ ကုန်ကူးသန်းရောင်းဝယ်ရင်းနဲ့ သဒ္ဓော်ပျက်တော့ ပစ္စည်းဥစ္စာတွေ အကုန်ဆုံးရှုံးပြီး

www.dhammadownload.com

အသက်လွတ်ရုံလေး ကျန်ခဲ့တယ်။ ကမ်းနားလေးတစ်ခုမှာ သွားပြီးတော့ သောင်တင်နေတော့ အဲဒီမှာ သူကိုယ်သူ ပြန်ကြည့်လိုက်တော့ အသက်တော့ ရှင်နေပါရဲ့၊ ကိုယ်ပေါ်မှာ ဘာအဝတ်အစားမျှ မရှိတော့ဘူး။ အဝတ်အစားတွေ အကုန်လုံး ရေထဲမျောကုန်ပြီ။

ချော်လဲရောထိုင် ရဟန္တာ

အရှက်လုံရုံ သူ့ကိုယ်သူ ကာကွယ်ရတယ်။ သစ်သားစလေးတွေ ကမ်းနားမှာတွေ့တဲ့ သစ်ချောင်းလေးတွေနဲ့ အရှက်လုံအောင် ခန္ဓာကိုယ်မှာ ပတ်ပြီးတော့ အနီးအနား လူသူရှိတဲ့နေရာကို သွားတယ်။ ရွာထဲသူဝင်သွားတော့ လူကလည်း အပေါ်ပိုင်းက အင်္ကျီမရှိဘူး၊ ခေါင်းကလည်းဖြီးတာ သင်ထားတာ မရှိဘူး၊ တစ်ကိုယ်လုံး ရွှံ့ပွလို့ ညစ်ပတ်လို့ပါ၊ ခါးမှာ ကြည့်လိုက်ပြန်တော့ လည်း အရှက်လုံရုံ သစ်သားချောင်းလေးတွေ စီပြီးတော့ ရစ်ပတ်ဝတ်ထား တာလေးနဲ့ဆိုတော့ လူတွေက အထင်ကြီးကြတယ်။

"ဒီပုဂ္ဂိုလ် သာမန်ပုဂ္ဂိုလ်တော့ မဟုတ်လောက်ဘူး၊ ဒါ တရားရှင်ပဲ ဖြစ်ရမယ်။ တရားရှိတဲ့သူပဲ ဖြစ်ရမယ်။ ကြည့်စမ်း ခြိုးခြံလိုက်တာ၊ အဝတ်အစား လည်း မဝတ်ဘူး၊ သူ့ကိုယ်ပေါ်မှာ ဘာအဝတ်အစားမျှ မရှိဘူး၊ သူများလိုလည်း မနေဘူး၊ အင်မတန်မှ ခြိုးခြံတယ်။ သစ်သားချောင်းလေးတွေ ကပ်စီပြီးတော့ ခါးမှာ အရှက်လုံရုံလေး ဝတ်ထားတဲ့သူ ရဟန္တာပဲ" ဆိုပြီးတော့ ရွာသူ ရွာသား တွေက သူ့ကို ကြည်ညိုသွားကြတယ်။

ရဟန္တာကြီးတစ်ပါးလို့ မြင်ကြတယ်။ သူတို့အထင်ကတော့ ရဟန္တာပါ။ ဒါပေမဲ့လို့ဗာဟိယမှာ တရားရှိသလားဆိုတော့ မရှိသေးဘူး။ လူတွေကတော့ သူ့ကို အထင်ကြီးကြတယ်။ ဒါရဟန္တာပဲ၊ ရဟန္တာပဲလို့ ထင်တော့ အစားချောင် အောင် သူကလည်း ချော်လဲရောထိုင် ရဟန္တာလုပ်လိုက်တယ်။ ရွာထိပ်က ညောင်ပင်အောက် နတ်စင်လေးမှာနေတယ်။ လူတွေက လှူစရာ တန်းစရာ တွေလာပြီးတော့ လှူကြ ပေးကြကမ်းကြ ကျွေးကြ မွေးကြတယ်။ တရိုတသေ နဲ့ ချဉ်းကပ်ပြီးတော့ ပူဇော်ရိုသေနေကြတယ်။

www.dhammadownload.com

အဲဒီလို ရဟန္တာအဖြစ် သာယာပြီးတော့နေတဲ့ ဗာဟိယကို သူမိတ်ဆွေဖြစ်ခဲ့တဲ့ ဗြဟ္မာကြီးက လာပြီးတော့ သတိပေးတယ်။ "ဗာဟိယ မင်းကိုယ်မင်း ရဟန္တာဆိုပြီးတော့ အထင်ကြီးနေတယ်၊ ရဟန္တာလို မင်းနေတယ်၊ မင်း ရဟန္တာလည်း မဟုတ်သေးဘူး" တဲ့။ ဗာဟိယ ရဟန္တာမ ဖြစ်သေးဘူး။

"ဗာဟိယ သင်သည် ရဟန္တာလည်း မဟုတ်သေးပါဘူး၊ ရဟန္တာဖြစ်အောင် ကျင့်ကြံနေတဲ့သူလည်း မဟုတ်သေးပါဘူး၊ ရဟန္တာဖြစ်ရအောင် သင်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ရနေသူလည်း မဟုတ်ပါဘူး" လို့ ဗြဟ္မာကြီးက လာသတိပေးတယ်။ မင်း လူလိမ်ပဲ၊ လူညာပဲ၊ မသိနားမလည်တဲ့သူတွေကို လိမ်ညာပြီးတော့ ရဟန္တာအဖြစ်နဲ့နေတာ သိပ်မှားတာပဲလို့ ဗြဟ္မာကြီးက လာအပြစ်တင်တာပါ။ ဗြဟ္မာကြီးက ဟိုအရင်ဘဝတုန်းက တရားကျင့်ဘက်၊ နှစ်ပေါင်းများစွာ အတူတကွ တရားကျင့်ပြီးတော့ အနာဂါမ်အဖြစ် ဗြဟ္မာပြည်ကို ရောက်သွားတဲ့ သူငယ်ချင်း ဟောင်းပါ။

ဒီသူငယ်ချင်းဟောင်းက "ဗာဟိယဒါရုစီရိယ" ဒီတိုင်းသာနေရင် ဒုက္ခဖြစ်တော့မှာပဲ။ လူတွေကို လိမ်ညာလှည့်စားတယ်။ ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာလို့ သူ့ကိုယ်သူ ထင်နေတယ်။ သူမှာ ဘာတရားမျှလည်း မရှိသေးဘူး။ ဘာအကျင့်မျှလည်း မရှိသေးဘဲနဲ့ ဒီတိုင်းနေရင်တော့ဖြင့် "ဗာဟိယ" အပါယ်ကျမယ်။ သေရင်အပါယ်သွားမှာပါ။

ဘာလို့ အပါယ်သွားလဲ။ တရားမရှိလို့ပါ။ တရားမရှိဘဲသေရင် အပါယ်သွားလိမ့်မယ်ဆိုတာကို သူငယ်ချင်းက သိတော့ လာသတိပေးတယ်။ "အမြန်သွား ရဟန္တာဖြစ်အောင်ကျင့်ချင်ရင် မြတ်စွာဘုရားရှင် ရှိတယ်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရားရှင် သီတင်းသုံးတယ်။ အဲဒီကိုသွား" ဆိုတော့ ဗာဟိရက အပြင်းအထန်ကြိုးစားပြီးတော့ မြတ်စွာဘုရားထံ သွားတယ်။

"ငါ မြတ်စွာဘုရားရှင်ထံ မရောက်ဘူးဆိုရင်တော့ ဒုက္ခပဲ။ ငှါကို သူများက ရဟန္တာ ထင်နေတယ်။ ငါက ရဟန္တာလည်းမဟုတ်လို့ သေရင် အပါယ်ကျမယ်လို့လည်း ခုနက တန်ခိုးရှိတဲ့ပုဂ္ဂိုလ် ဗြဟ္မာကြီးက ငှါပြောသွားတယ်။

www.dhammadownload.com

ရဟန္တာဖြစ်အောင် ကျင့်မှဖြစ်မယ်" လို့ တရားရချင်လွန်းလို့ ဗာဟိယ အပြေးအလွှားနဲ့ မြတ်စွာဘုရားထံကို သွားပါတယ်။

မိုင်ပေါင်းများစွာ ဝေးတဲ့အရပ်ဒေသ၊ သီတင်းသုံးတဲ့ မြတ်စွာဘုရားထံ သူသွားတယ်။ သာဝတ္ထိမြို့ရောက်တဲ့အခါ မေးမြန်းစုံစမ်းတော့ ဘုရားရှင် ဆွမ်းခံဝင်နေတယ်၊ နောက်က သံဃာတွေနဲ့ သပိတ်ပိုက်ပြီးတော့ မြတ်စွာဘုရား ဆွမ်းခံတဲ့အချိန်၊ အဲဒီအချိန်မှာ ဗာဟိယဒါရုစီရိယက မြတ်စွာဘုရားကို လျှောက်ထားတယ်။ "မြတ်စွာဘုရား၊ တရားဟောပေးပါ၊ မြတ်စွာဘုရား တပည့်တော်ကို တရားမမှ ဟောကြားတော်မူပါ မြတ်စွာဘုရား။ မြတ်စွာဘုရား တပည့်တော်သည် တရားမမှကို ကျင့်ကြံအားထုတ်ချင်ပါတယ် မြတ်စွာဘုရား" တဲ့။ သူ တရားကျင့်ချင်တယ်၊ ဗာဟိယကြီး တရားကျင့်ချင်ပါတယ်။

ဒါပေမဲ့လို့ ကျင့်နည်းကျင့်စဉ် မသိဘဲနဲ့ ကျင့်လို့မရပါဘူး။

ဒါ အရေးကြီးတယ်နော်။ တချို့က သဒ္ဓါတရားနဲ့ ကျင့်ချင်တယ်ဆိုပြီးတော့ ထင်ရာမြင်ရာ ကြားဖူးနားဝတွေနဲ့ ကျင့်တယ်။ နည်းစနစ်က မမှန်ကန်၊ ကျင့်ပုံကျင့်နည်းက မဟုတ်တော့ ကျင့်သလောက် အကျိုးမဖြစ်ဘူး။ ဒီကြားထဲမှာ အချို့က အကျင့်မှားကြီးတွေကို အမှန်ထင်ပြီးတော့ ကျင့်မိပြန်ရင် သွားပြီ။ ကျင့်လည်း ကျင့်ရသေးတယ်။ ဒုက္ခလည်း ရောက်သေးတယ်။ ကိုယ့်သေတွင်း ကိုယ်တူးသလိုပဲ။ မကျင့်ဘဲနေရင် ကောင်းသား၊ ကျင့်လိုက်မှ ပိုဆိုးသွားတယ်။

ဗာဟိယ အမှန်အတိုင်းလျှောက်

အခု "ဗာဟိယ" ရိုးရိုးသားသားပဲ လျှောက်ထားတယ်။ "မြတ်စွာဘုရား တပည့်တော်သည် တရားမမှ ကျင့်ကြံအားထုတ်ချင်ပါတယ် မြတ်စွာဘုရား၊ မြတ်စွာဘုရား တပည့်တော်ကို တရားမမှ ဟောကြားတော်မူပါ မြတ်စွာဘုရား" လို့ အမောတကော လျှောက်ပါတယ်။

သူ တရားဟောပေးဖို့ လျှောက်တဲ့အချိန်၊ တရားနာချင်တဲ့အချိန်က ဘုရားရှင် ဆွမ်းခံချိန်ဖြစ်နေတယ်။ အဲဒီတော့ မြတ်စွာဘုရား တရားမဟော

www.dhammadownload.com

ဘူး။ အချိန်အခါလည်း မဟုတ်သေးလို့လည်း တရားမဟောဘူး။ နောက်တစ်ကြိမ် ဗာဟိယ ထပ်တောင်းပန်တယ်။ "မြတ်စွာဘုရား၊ တပည့်တော် တရားမမှ ကျင့်ကြံအားထုတ်ချင်လှပါတယ် မြတ်စွာဘုရား၊ တရားဟောပေးပါ"။ ဒုတိယ အကြိမ် တောင်းပန်တော့လည်း မြတ်စွာဘုရား မဟောသေးဘူး။

ဘုရားရှင်တို့မည်သည်မှာ တရားဟောဖို့အတွက် အဓိကပါ။ ဘုရားဖြစ်အောင် ကျင့်ခဲ့တယ်၊ တရားဟောဖို့အတွက်ဆိုရင် ဘုရားရှင် တကူးတက အပင်ပန်းခံပြီးတော့ ခြေကျင်သွား၊ မိုင်ပေါင်းများစွာ သွားပြီးတော့လည်း ဟောခဲ့တယ်။ တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ယောက်၊ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦး တရားရဖို့ဆိုရင် မြတ်စွာဘုရား အပင်ပန်းခံတယ်။ အခု ဗာဟိယ တရားလိုချင်လွန်းလို့ အကြိမ်ကြိမ်အခါခါ တောင်းပန်နေတယ်။ နှစ်ခါရှိပြီ။ မြတ်စွာဘုရား တရားဟောပေးပါဆိုတော့လည်း ဘုရားရှင် မဟောသေးဘူး။ အဲဒါကြောင့် ဗာဟိယ မနေနိုင်ဘူး။ ဗာဟိယက "မြတ်စွာဘုရား တပည့်တော်သည် တရားမမှ ကျင့်ချင်လှပါတယ် မြတ်စွာဘုရား။ တရားဟောပေးပါ"တဲ့။ သုံးခါတိုင်အောင် တောင်းပန်တယ်။

ဘုရားရှင်က ဒီလောက် သုံးခါတိုင်အောင် တောင်းပန်ရလောက်အောင် ဘာဖြစ်လို့ အချိန်ဆိုင်းနေလဲ၊ အချိန်ဆွဲနေလဲဆိုတော့ ဒီဗာဟိယမှာ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရလို့သူမှာ သိပ်ဝမ်းသာနေတယ်။ သူ့ကို သတိပေးသွားတဲ့ ဗြဟ္မာကြီး ပြောတဲ့စကားအတိုင်း ဘုရားရှင်ကို ဖူးတွေ့ချင်လွန်းလို့ သူ အပြင်းအထန် ဆင်းရဲခံ ပင်ပန်းခံပြီးတော့ လာခဲ့တယ်။ တွေ့ချင်လို့၊ ဖူးချင်လို့ပါ။ တွေ့ရပြီဆိုတော့ စိတ်ထဲမှာ ဝမ်းသာတယ်၊ ပီတိသောမနဿတွေက သိပ်ဖြစ်တယ်။ အဲဒီလို ပီတိတွေ သိပ်အားကောင်းနေတဲ့အချိန် သိပ်အားကြီးနေတဲ့ အချိန်မျိုးမှာ မြတ်စွာဘုရားရှင် တရားဟောရင်လည်း သူ တရားမရနိုင်သေးဘူး။ဒါက အကြောင်းတစ်ချက်ပေါ့။

နောက်တစ်ချက်က "ဗာဟိယ" သည် အင်မတန်ဝေးတဲ့ နေရာကနေ အပြေးအလွှား မြတ်စွာဘုရားထံကို လာခဲ့တယ်။ ဒီတော့ ဘာဖြစ်နေလဲဆိုရင် သူမှာ သိပ်ပင်ပန်းနေတယ်။ ပင်ပန်းနေတဲ့အချိန်မှာ မြတ်စွာဘုရား တရားဟောရင်လည်း ဒီတရားမမှကို သူ မခံယူနိုင်ဘူး။ ဟောလည်း တရားမရနိုင်ဘူး။

www.dhammadownload.com

တရားဆိုတာက မျှတမှ တရားရတာပါ။ ကိုယ့်မှာလိုအပ်တဲ့ အခြေအနေတွေ အကုန်လုံး မျှမျှတတရှိတဲ့အချိန်က တရားရမယ့်အချိန်ပါပဲ။ အခု ဟာဟိယနဲ့ နမူနာထားပြီးတော့ပဲကြည့်ပါ။ ပီတိတွေ သိပ်များတယ်၊ သိပ်ဝမ်းသာနေတယ်။ ဝမ်းသာလုံးဆို့နေချိန်မှာ တရားသွားဟောရင်လည်း တရားမရဘူး။ ဟာဟိယဒါရုစီရိယသည် ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်နေတယ်။ သိပ်ကို ပင်ပန်းနေတဲ့အချိန်မျိုး တရားဟောရင်လည်း မရပါဘူး။ ဒါကြောင့် မြတ်စွာဘုရား မဟောသေးတာပါ။

နောက်တစ်ခါ ဟာဟိယဒါရုစီရိယရဲ့ အသိဉာဏ်ကို ကြည့်လိုက်မယ်ဆိုရင် သူ့အသိဉာဏ် ရင့်ကျက်ချိန် မရောက်သေးဘူး။ အသိဉာဏ် မရင့်သေးဘူး။ အချိန်လေး နည်းနည်းစောင့်လိုက်ရင် ဟာဟိယဒါရုစီရိယ အသိဉာဏ် ရင့်လာမယ်။

ဒါကြောင့် ဘုရားရှင်က သုံးခါတိုင်တိုင် တောင်းပန်ပေမဲ့လို့ ပထမနှစ်ခါတောင်းပန်တဲ့အချိန် မဟောသေးဘူး။ သုံးကြိမ်သုံးခါ ဟာဟိယ တောင်းပန်တော့မှ မြတ်စွာဘုရားက တရားဟောတယ်။ သူ့သက်တမ်းကို ဘုရားရှင်က သိတယ်။ သူမှာ အချိန်မရှိတော့ဘူး။ တကယ်လို့သာ ကျောင်းရောက်မှ တရားဟောမယ်ဆိုပြီး ဟာဟိယဒါရုစီရိယကို တရားမဟောရင် အဲဒီမိနစ်ပိုင်းအတွင်းမှာပဲ သူရဲ့ သက်တမ်းကုန်နေပြီ။ ကျောင်းရောက်တဲ့အထိ စောင့်ရလောက်အောင် သူ့သက်တမ်း မကျန်တော့ဘူး။

ဟာဟိယ ရဟန္တာဖြစ်

ဒါကြောင့် လမ်းလယ်ခေါင်မှာ ဆွမ်းခံရင်းနဲ့ မြတ်စွာဘုရားက ဟာဟိရကို တရားဟောတာပါ။ ဆွမ်းခံရင်းနဲ့ ဟောတာဆိုတော့ တရားအရှည်ကြီး အကြာကြီး မဟုတ်ဘူး။ ဟာဟိယအတွက် ထိထိမိမိလည်း ဖြစ်ရမယ်။ တိုတိုကျဉ်းကျဉ်းလည်း ဖြစ်ရမယ်။ ကျင့်နည်းကြံနည်းကလည်း လွယ်လွယ်ကူကူရှိရမယ်ပေါ့။ သိပ်ရှုပ်ထွေးတဲ့တရားမျိုး၊ ခက်ခက်ခဲခဲနက်နက်နဲနဲ တရားမျိုးကို ဟောနေရင်လည်း အချိန်မရနိုင်ဘူး။ လျင်လျင်မြန်မြန်နဲ့ နားမလည်နိုင်ဘူး။ ဒါကြောင့်မို့ ကျင့်နည်းကြံနည်း အားထုတ်နည်းကို ဘုရားရှင်က စကားလေးခွန်းနဲ့ ဟောလိုက်တယ်။

www.dhammadownload.com

(မြင်တဲ့နေရာ ငါမပါမြင်တာ ရှုပ်လို့ရှု)၊
(ကြားတဲ့နေရာ ငါမပါကြားတာ ရှုပ်လို့ရှု)၊
(ထိတဲ့နေရာ ငါမပါထိတာ ရှုပ်လို့ရှု)၊
(သိတဲ့နေရာ ငါမပါသိတာ နာမ်လို့ရှုတဲ့။)

ဒီစကားလေး (၄) ခွန်းပဲ ဘုရားရှင် ဟောပေးလိုက်တယ်။ ဗာဟိယ ဒါရုစီရိယ ရဟန္တာ ဖြစ်သွားတယ်။

သူ့အသိဉာဏ် အလွန်မြန်ပါတယ်။ ဘာမျှ မကြာလိုက်ဘူး။ လမ်းခုလတ် မတ်တတ်ရပ်ရင်း ဘုရားရှင် တရားဟောလိုက်တယ်။ စကားလေးခွန်း ပြောတာ အလွန်ဆုံးကြာမှ မိနစ်ဝက်လောက်ပဲ ကြာမယ်။ ဒီတရားဓမ္မကို နာယူပြီးချိန်မှာ ကျင့်စဉ်၊ ကျင့်နည်းကို သိသွားတဲ့ ဗာဟိယသည် မတ်တတ်ရပ် တရားနာရင်းပဲ ရဟန္တာဖြစ်သွားတယ်။

လူဝတ်ကြောင်ဘဝနဲ့ဖြစ်တဲ့ ရဟန္တာဟာ တကယ်လို့ ရဟန်းဘဝကို မပြောင်းလဲဘဲနေမယ်ဆိုရင် အဲဒီနေ့ပဲ ပရိနိဗ္ဗာန်စံရတယ်။ လူတစ်ယောက် ရဟန္တာဖြစ်ရင် လူ့ဘဝမှာ တစ်ရက်ပဲ နေခွင့်ရှိတယ်။ အဲဒီ တစ်ရက်တာ ကာလ အတွင်းမှာ ရဟန်းအသွင်ကို၊ ရဟန်းဘဝကို ပြောင်းရင်ပြောင်း၊ မပြောင်းရင် ပရိနိဗ္ဗာန်စံရတယ်။

လူဝတ်နဲ့ ရဟန္တာဆိုတာသည် ဖူးရဖို့မလွယ်ဘူး။ မဖြစ်နိုင်ဘူး။ ဗာဟိယ ဒါရုစီရိယကလည်း ရဟန္တာဖြစ်ပြီဆိုတော့ ရဟန်းဝတ်ရအောင် အရေးကြီးတဲ့ သင်္ကန်းရှာဖို့သွားတယ်။ ပုံသကူသင်္ကန်းရအောင် ဗာဟိယ လိုက်ရှာတယ်။ အမှိုက်ပုံလေးတွေမှာ၊ လမ်းဘေးတွေမှာ လမ်းကြိုလမ်းကြားမှာ သူတကာ ပစ်ထားတဲ့ အဝတ်စတွေရှာမယ်။ ရတဲ့အဝတ်စတွေ ချုပ်စပ်ဆေးဆိုးပြီးတော့ ပုံသကူသင်္ကန်းဝတ်မယ်လို့ သင်္ကန်းရှာနေချိန် နွားတွေ့ပြီးတော့ ပရိနိဗ္ဗာန် စံသွားတယ်။ ဘာမျှမကြာဘူး၊ မိနစ်ပိုင်းပါပဲ။ တကယ်လို့သာ တရားမရရင်လည်း ဗာဟိယဒါရုစီရိယ ဒီအချိန်မှာ သေရမှာပါ။ ကံမကုန်ခင် တရားရသွားတာ အမြတ်ပါ။

www.dhammadownload.com

ရန်သူတော်ရဲ့ ကလဲ့စား

အချိန်ပိုင်းလေးမှာ မြတ်စွာဘုရားရှင်ကို ဖူးမြော်လိုက်ရတယ်။ တရားနာလိုက်ရတယ်။ တရားကျင့်နည်း သူသိသွားတယ်။ ကျင့်နည်းအတိုင်း ကျင့်ကြံအားထုတ်လိုက်တော့ တရားလည်း ရသွားတယ်။ ရဟန္တာအရှင်မြတ် ပရိနိဗ္ဗာန်စံသွားတော့ အမှိုက်ပုံပေါ်မှာ မြင်မကောင်း ရှုမကောင်း ပုံသဏ္ဌာန်နဲ့ပါ။ ဘာကြောင့် ဒီလိုပရိနိဗ္ဗာန်စံရလဲဆိုတော့ ဟိုအရင်ဘဝတစ်ခုမှာ သူနဲ့ ရန်ပြိုးရှိခဲ့တဲ့ ဘီလူးမက အခုဒီမှာ နွားဘဝရောက်နေတယ်။ သူတို့နှစ်ယောက်က ရန်ဘက်တွေ၊ တွေ့တဲ့နေရာ သတ်မယ်ဆိုပြီးတော့ ဒီရန်ပြိုးတွေက ပါခဲ့တော့ ခုန နွားဝှေပြီးတော့ သေပါတယ်။

ဘာကြောင့်သင်္ကန်းဒီလောက်တောင်မှ ရှားရသလဲ။ ရဟန္တာ အရှင်မြတ် လူ့ဘဝကနေပြီးတော့ ရဟန်းအသွင်ပြောင်းဖို့၊ ရဟန်းဘဝကို ကူးပြောင်းဖို့ သင်္ကန်း သပိတ် ပရိက္ခရာ ဘာဖြစ်လို့ ဒီလောက်တောင်မှ ရှားနေသလဲဆိုတော့ အရှင်ဗာဟိယသည် သင်္ကန်း သပိတ် ပရိက္ခရာ မလျှုခဲ့လို့ပါ။ ဒီဒါန သူမှာ ချို့တဲ့ခဲ့တဲ့အတွက်ကြောင့် ရဟန္တာဖြစ်တာတောင်မှ သင်္ကန်းရှားတယ်၊ သပိတ် ရှားပါတယ်။

ဘုန်းကြီးဆိုလိုချင်တာက သူကျင့်သွားတဲ့ အကျင့်သည် အင်မတန်မှ လွယ်တဲ့အကျင့်၊ အသိလည်း မြန်တယ်။ အသိလည်းမြန်၊ အကျင့်လည်း လွယ်တဲ့ ကျင့်စဉ်ကို အတုလိုက်ပြီးတော့ ဒီအတိုင်း လိုက်ကျင့်လို့ ရပါတယ်။

ထင်သလောက် မခက်ပါဘူး။ မြင်တဲ့နေရာ သတိထား၊ ကြားတဲ့နေရာ သတိထား၊ ထိတဲ့နေရာ၊ သိတဲ့နေရာ သတိလေးထားပြီးတော့ ကြည့်ရုံနဲ့ ဝိပဿနာတရား ဖြစ်တယ်။ အရှင်ဗာဟိယဒါရုစီရိယ ကျင့်သွားလိုက်တာ ကျင့်စဉ်အတိုင်း ကျင့်သွားလိုက်တာ၊ ဘာမျှမကြာလိုက်ဘူး။ မိနစ်ပိုင်း တိုတောင်းတဲ့ကာလအတွင်းမှာ လေးမဂ်လေးဖိုလ် ရောက်ပြီးတော့ ရဟန္တာလည်း ဖြစ်တယ်ဆိုတဲ့ကျင့်စဉ် သိကြပါပြီ။

ကျင့်ကြံအားထုတ်နေတဲ့နေရာမှာ တချို့က ခဲယဉ်းတယ်၊ တချို့က လွယ်တယ်၊ တချို့ကျတော့ အသိမြန်တယ်၊ တချို့ကျတော့ အသိနှေးတယ်။ အခု ဗာဟိယဒါရုစီရိယက အကျင့်လည်း လွယ်တယ်၊ အသိလည်း မြန်တယ်။

www.dhammadownload.com

တစ်နေ့တောင်မှ ကျင့်စရာ မလိုဘူး၊ တစ်နာရီတောင်မျှ ကျင့်စရာ မလိုဘူး၊ ဘုရားတရား ဟောပြီးတာနဲ့ တရားရသွားတယ်။ အကျင့်လွယ်တယ်။ သိတဲ့နေရာမှာလည်း မြန်မြန်ဆန်ဆန်နဲ့ သိတယ်။ အဲဒါကြောင့် တရားဓမ္မ ကျင့်တယ်ဆိုတဲ့နေရာမှာ အကျင့်မှန်ဖို့သည် အဓိကပါ။

အကျင့်မှန်ဖို့ ကျင့်နည်းကြံနည်း အားထုတ်နည်းကို သေချာလေ့လာပါ။ လေ့လာထားတဲ့ ကျင့်နည်း ကြံနည်း အားထုတ်နည်းအတိုင်းကို သတိရတိုင်း သတိကပ်ထားပြီးတော့ အားထုတ်မယ် ရှုပွားမယ်ဆိုရင် ဘယ်နေရာမဆို ဘယ်အချိန်အခါမဆို တရားရနိုင်ပါတယ်။

www.dhammadownload.com

အချိန်နှောင်းပါက

စောစောလုပ်ရမယ့်အလုပ်ကို နောင်မှလုပ်မိလို့ရှိရင် နောင်တတစ်ဖန် ပူပန်ရတတ်တယ် ဆိုတဲ့စကားက ပညာရှိတို့ရဲ့စကား။ အချိန်နှောင်းသွားရင် စိတ်ဆင်းရဲစရာတွေနဲ့ ကြုံတွေ့ရတတ်တဲ့ သဘာဝတွေကို နားလည်သဘော ပေါက်အောင်လို့ ဟောကြနာကြမယ်။

ရှေးဦးစွာ ပြုသင့်ပြုထိုက်တဲ့ကိစ္စ ပြုရမယ့်ကိစ္စကို နောင်မှပြုလုပ်မိတဲ့ အတွက်ကြောင့် အချိန်နှောင်းသွားရင် ဆင်းရဲဒုက္ခကြုံတွေ့ရတတ်တဲ့သဘော ကို ရှေးပညာရှိများက ပြောခဲ့ပါတယ်။

ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။
တရုဏကဋ္ဌ ဘဇ္ဇောဝ၊ သ ပစ္ဆာမနုတပ္ပတိ။

အကြင်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် ရှေးဦးစွာ ပြုသင့်ပြုထိုက်တဲ့ အလုပ်တစ်ခု၊ လုပ်ငန်းတစ်ခုကို နောက်မှ ပြုလုပ်မိတယ်၊ အရင်ဆုံးလုပ်ရ မယ့် အလုပ်ကို နောင်မှလုပ်မိတယ်။ အရင်လုပ်ရမယ့်အလုပ်ကို နောင်မှလုပ် ရင် နောင်ချိန်နောင်ခါများကျတော့ နောက်ကျသွားတဲ့အတွက် နောင်တ ရတယ်။ ဘာလို့နောင်တရတာလဲဆိုတော့ နောက်ကျသွားလို့ နောင်တ ရတယ်။

ယော - အကြင်သူသည်၊ ပုဗ္ဗေ - ရှေ့၌၊ ကရဏီယာနိ - ပြုသင့်ပြုထိုက် သည်တို့ကို၊ ပစ္ဆာ - နောက်မှ၊ ကာတုံ - ပြုခြင်းငှါ၊ ဣစ္ဆတိ - အလိုရှိ၏။

www.dhammadownload.com

ဘုန်းကြီးတို့မှာ တစ်နေ့ တစ်နေ့ အလုပ်များစွာ လုပ်ကိုင်နေကြတော့ ဘယ်အလုပ်ကို အရင်လုပ်ရင် ကောင်းမလဲ။ ဘာအရင်လုပ်ရမလဲ စဉ်းစားနေကြရတယ်။ ဒီအလုပ်လည်း လုပ်ရမယ်၊ ဟိုအလုပ်လည်း လုပ်ရမယ်။ ဒီကိစ္စရှိတယ်။ ဟိုကိစ္စလေးလည်း ရှိတယ်ဆိုတဲ့အချိန်မှာ ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားရတယ်။ ဘာလုပ်ရမယ်၊ ဘယ်ဟာကို အရင်လုပ်ရမယ်ဆိုတာကို တစ်ခါတလေကျရင် ကိုယ့်အတွေးက ချွတ်ချော်တိမ်းပါး လွဲမှားသွားတဲ့အတွက် နောင်မှလုပ်ရမယ့်အလုပ်ကို အရင်လုပ်မိတယ်။ အရင်လုပ်ရမယ့်အလုပ်ကို နောင်မှလုပ်မိတယ်။ ဒီကိစ္စ ဒီအလုပ်က အရေးမကြီးသေးပါဘူးလို့ နောက်ထားလိုက်တဲ့ အလုပ်ကိစ္စ၊ လုပ်ငန်းတစ်ခုသည် အရင်လုပ်ရမယ့်လုပ်ငန်း ဖြစ်နေတယ်ဆိုရင် အချိန်လွန်သွားတယ်။ အချိန်လွန်သွားတယ်ဆိုတာ နောက်ကျသွားတာပါ။

အရင် မလုပ်သေးဘူး။ နောက်မှလုပ်ချင်တယ်။ ဒါ အရေးမကြီးသေးပါဘူး။ ဒါ နောင်မှလုပ်လည်းရတယ်ဆိုပြီးတော့ အချိန်ဆိုင်းထားတယ်။ အချိန်ဆွဲထားတယ်။ နောက်ရွှေ့လိုက်တယ်။ အဲဒီလို နောက်ရွှေ့လိုက်ရတဲ့အတွက်ကြောင့်၊ ပစ္စာ သော အနုတပွတိ။ သော - ထိုပုဂ္ဂိုလ်သည်၊ ပစ္စာ - နောင်အချိန်နောင်အခါ၌၊ အနုတပွတိ - ပူလောင်ပင်ပန်းဆင်းရဲရ၏။ နောက်ကျတော့ ပူလောင်ပင်ပန်းဆင်းရဲရ နောင်တတွေ ဖြစ်လာရတယ်။

ရဟန်းတော်ငါးရာ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အချိန် သာဝတ္ထိပြည်က အမျိုးကောင်းသား ၅၀၀ တိုင်ပင်ကြတယ်။ "စိတ်တူကိုယ်တူနဲ့ သံသရာဝတ်က ကျွတ်လွတ်ရအောင် တရားမမှကျင့်ကြမယ်၊ လူ့ဘောင်ဌာန၊ လူ့လောကမှာနေကြတာ ဒုက္ခတွေ များလှတယ်။ ဆင်းရဲတွေ များလှတယ်။ ဒီဆင်းရဲဒုက္ခတွေကနေ လွန်မြောက်ဖို့အတွက် လွတ်မြောက်ဖို့အတွက် ဘုရားပေးတဲ့ နည်းလမ်းအတိုင်း၊ ဘုရားရှင် ညွှန်ကြားတဲ့အတိုင်း ဒိုတရားမမှကျင့်ကြရင် ကောင်းမယ်" လို့ အပေါင်းအသင်း သူငယ်ချင်းတွေ ညီညွတ်စည်းလုံးကြပြီးတော့ အကုန်လုံး ဘုရားထံမှောက် ရဟန်းပြုကြတယ်။

www.dhammadownload.com

စိတ်တူကိုယ်တူ ရည်ရွယ်ချက်တူပြီးတော့ ရောက်လာကြတာပါ။ ဘာအတွက် ရဟန်းပြုကြတာလဲဆိုတော့ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ဖို့အတွက်ပါ။ တရားကျင့်မယ့်ရည်ရွယ်ချက်နဲ့ပါ။ ရဟန်း (၅၀၀) ဘုရားရှင်ထံမှာ သင်သင့်သင်ထိုက်တဲ့ ကမ္မဋ္ဌာန်းတရားတွေသင်ယူပြီး ကျင့်နည်းကြံနည်း၊ အားထုတ်နည်းတွေကို စနစ်တကျ တတ်မြောက်ပြီဆိုတဲ့အခါကျတော့ လွတ်လွတ်လပ်လပ် ကျင့်ကြံအားထုတ်နိုင်အောင် ဘုရားရှင်ထံမှာ ခွင့်တောင်းပြီး တောထွက် တရားကျင့်ကြပါတယ်။

တရားကျင့်တယ်ဆိုတာ အိမ်မှာနေရင်းလည်း ကျင့်လို့ရတာပဲ။ ကျောင်းမှာနေရင်းလည်း ကျင့်လို့ရတာပါပဲ။ ဒါပေမဲ့ ဒီရဟန်းတော်တွေ ဘာလို့ တောထွက်ကြတာလဲ စဉ်းစားစရာပါ။ အိမ်မှာနေရင် အိမ်အလုပ်၊ အိမ်ရဲ့သံယောဇဉ်ကြောင့် အနောင့်အယှက်တွေ ဖြစ်ရတယ်။ ဘုရားရှင်ထံမှာ အနီးကပ်နေကြတဲ့ အချိန်ဆိုရင်လည်း ကျောင်းတိုက်ထဲ ရောက်လာကြတဲ့ ဧည့်သည်တွေ၊ ပရိသတ်တွေ၊ အသံဗလံ ဆူညံမှုတွေက ရှိနေကြတော့ တကယ်ကျင့်ကြံမှားများ အားထုတ်သူတွေအတွက် မလွတ်လပ်ဘူး။ ဗာဟီရတွေ ရှိတယ်။ အလုပ်ကိစ္စတွေရှိတယ်။ တာဝန်ဝတ္တရားတွေ ရှိတယ်ဆိုတော့ လွတ်လွတ်ကျွတ်ကျွတ် ကျင့်မယ်ဆိုရင် တကယ်လွတ်လပ်တဲ့နေရာကို သွားဖို့လိုလို့ တောထွက်ကြတာပါ။

ယောဂီတွေ ဒီမှာ တရားလာကျင့်တယ်ဆိုတာလည်း ဒီသဘောပဲပေါ့။ ကိုယ့်အိမ် ကိုယ့်ရာမှာလည်း ကျင့်လို့ရတာပါပဲ။ တရားရိပ်သာ၊ ကမ္မဋ္ဌာန်းကျောင်း ရောက်လာကြတယ်ဆိုတာ အချိန်ပြည့် ကျင့်ကြံဖို့ အားထုတ်ဖို့ အနောင့်အယှက်တွေ ကင်းကင်းနဲ့၊ အနောင်အဖွဲ့တွေကင်းကင်းနဲ့ လွတ်လွတ်ကျွတ်ကျွတ် ကျင့်ကြံမှားများဖို့ပါ။

သူများနဲ့ မတူသူ

ဒီလိုရဟန်းတော်တွေ တိုင်ပင်တောထွက်ကြတဲ့အချိန်မှာ ရဟန်းတစ်ပါးက ကျန်ရစ်ခဲ့တယ်။အရှင်တိဿပါ။ သူက သူများနဲ့မတူဘူး။ ကျန်တဲ့ရဟန်းတွေက တကယ်ကို တရားကျင့်ချင်တယ်။ သူကတော့ တောထဲတောင်

www.dhammadownload.com

ထဲသွားပြီး ပင်ပင်ပန်းပန်းကျင့်ရင် ပင်ပန်းမယ်။ ကျောင်းမှာနေတာက သက်သာတယ်။ အေးအေးဆေးဆေးနေရတယ်။ တောတောင်ထဲမှာ အနေအထိုင်လည်း ဆင်းရဲ၊ အစားအသောက်လည်း ဆင်းရဲ၊ ဆင်းရဲတွေနဲ့ တွေ့ကြုံလိမ့်မယ်။ တောမထွက်ချင်ဘူး။ ထူးထူးခြားခြား သူတစ်ပါးတည်း ကျန်ခဲ့တယ်။ တောထဲကို လိုက်မသွားဘူး။

ရောက်လာကြတာလည်း အတူတူ၊ ရဟန်းပြုကြတာလည်း အတူတူ၊ ကမ္မဋ္ဌာန်းတရား သင်ယူကြတာလည်း အတူတူပေမဲ့ တကယ်တရားအလုပ်ကို ဇောက်ချနစ်မြုပ်လုပ်ကြမယ်ဆိုတဲ့ အခါကျတော့ မတူတော့ဘူး။ လုံ့လဝီရိယနည်းတဲ့သူ ကျန်ခဲ့တယ်။ အရှင်တိဿ လိုက်မသွားဘဲနဲ့ ကျန်ခဲ့တယ်။

ကျန်တဲ့ရဟန်းတော်တွေက ရည်ရွယ်ချက်အတိုင်း ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် ရချင်လိုချင်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေရအောင် ကျင့်မယ်ဆိုပြီး သွားကြတယ်။ ဝါတွင်းသုံးလ ကျင့်ကြံအားထုတ်လိုက်တာ အကုန်လုံး အရဟတ္တမဂ် အရဟတ္တဖိုလ်ရပြီး ရဟန္တာ ဖြစ်သွားကြပါတယ်။

ကျောင်းမှာ ကျန်ခဲ့တဲ့ အရှင်တိဿတရား မရဘူး။ ရေသာခို၊ သက်သာခို၊ အချောင်လိုက်ချင်တယ်။ ပျင်းနေတယ်။ တကယ်လုပ်တော့မယ်ဆိုတဲ့ အချိန်ကျတော့ မလုပ်ချင်ဘူး။ တရားအားထုတ်တာ တရားအလုပ်လုပ်တာ ဘယ်အချိန်လုပ်လုပ် ရတာပဲ။ အရေးတကြီး ဒီလောက် အလောတကြီး မလိုပါဘူး။ နောင်မှ အားထုတ်လည်း ဖြစ်တာပဲ။ နောင်မှ ကျင့်လည်း ဖြစ်တာပဲဆိုပြီး ကျန်ခဲ့တဲ့အရှင်တိဿ တရားမရပါဘူး။

စောစောက ရဟန်းတော်တွေ အပင်ပန်းခံ၊ ဒုက္ခခံပြီး တရားကျင့်ကြတယ်။ တရားရှာကြတယ်။ ရည်ရွယ်ချက်အတိုင်း တရားရကြတယ်။ တရားဓမ္မ သိမြင်ပြီးချိန်မှာ သိရှိပြီးတဲ့တရား ရရှိပြီးတဲ့တရားကို မြတ်စွာဘုရားထံမှောက် လျှောက်ထားကြမယ်။ သူတို့သိတဲ့တရား၊ သူတို့ရတဲ့ တရားကို ဘုရားရှင်ထံမှာ လျှောက်ထားကြမယ်လို့ ပြန်လာကြတဲ့ ရဟန်းတော်တွေ သွားတုန်းက သာမန်ရဟန်း၊ ပုထုဇဉ်ရဟန်းတွေပါ။ ပြန်လာကြတဲ့အခါ တရားရှိတဲ့ အရိယာသူတော်စင်တွေဖြစ်လာကြပြီ။ ရဟန္တာ အရှင်မြတ်တွေ ဖြစ်လာကြပြီ။ သွားပုံလာပုံ၊ နေပုံထိုင်ပုံကလည်း ကြည်ညိုစရာ၊ ကြွေနွေကလည်း လုံခြုံကြပြီ။

www.dhammadownload.com

ရှုမှတ်သတိလည်း အမြဲရှိနေပြီ။ ကိလေသာတွေကို ပယ်ထားပြီး ငြိမ်းနေပြီ ဆိုတဲ့ သူတော်စင်၊ သူတော်ကောင်းတွေဆိုတော့ မြင်ရတဲ့သူတိုင်းသူတိုင်းက ကြည်ညိုကြတယ်။

ရွာတစ်ရွာရောက်တဲ့အခါ ဆွမ်းခံဝင်ကြတော့ ရွာသူရွာသားတွေက လည်း အားရပါးရနဲ့ ဆွမ်းလောင်းလှူကြတယ်။ တစ်ကြိမ်တစ်ခါ လောင်းလှူ ရုံနဲ့ မကျေနပ်ကြလို့၊ အားမရ မတင်းတိမ်ကြလို့ ဝိုင်းဝန်းတောင်းပန်ကြတယ်။ "အရှင်ဘုရားတို့ နောင်ရက်ကိုလည်း တပည့်တော်တို့ တပည့်တော်မတို့ရွာကို ဆွမ်းခံဝင်ကြပါဦး။ တပည့်တော်တို့ ကုသိုလ်တွေရအောင်၊ ဒါနတွေဖြစ်ရ အောင် နောက်ရက်၊ နောက်ရက်ကိုလည်း ဆွမ်းခံကြွပါဦး ဘုရား။ တပည့် တော်တို့ရွာမှာ ရက်အနည်းငယ် သီတင်းသုံးတော်မူကြပါ" ဆိုတော့ အရှင် မြတ်တွေက ဘုရားထံမှောက် သွားချင်နေကြတယ်။

သူတို့ သိထားတဲ့တရား၊ မြင်ထားတဲ့တရား၊ နားလည်ထားတဲ့ တရား ဓမ္မတွေကို မြတ်စွာဘုရားရှင်ထံမှောက် လျှောက်ထားချင်ကြတယ်။ ဒီမှာ ကလည်း ဒကာ၊ ဒကာမတွေရဲ့ သဒ္ဓါတရား ငဲ့ရသေးတယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲပေါ့။ ဘုရားထံပဲ သွားရကောင်းနိုးနိုး။ ဒီမှာပဲ နေရကောင်းနိုးနိုး ဖြစ်နေတော့ ရဟန်းတော်တွေအားလုံး တိုင်ပင်လိုက်ကြတဲ့အခါမှာ ဒကာ တွေ၊ ဒကာမတွေလည်း ကျေနပ်ပါစေ၊ တို့လည်း ဘုရားရှင်ထံကို သွားချင်တဲ့ ဆန္ဒလည်း ပြည့်ပါစေ။ နှစ်ဖက်လုံး ကျေနပ်မှုရအောင် အခု ကျောင်းကို သွား လိုက်မယ်ပေါ့။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်နဲ့လည်း မဝေးတော့ ကျောင်းသွား၊ မြတ်စွာဘုရားထံ လျှောက်ထားစရာ ရှိတာတွေ လျှောက်ထား ပြီး နောက်တစ်နေ့ကျ အချိန်မီ ပြန်လာပြီးတော့ ဆွမ်းခံလာမယ်ဆိုတဲ့ အစီ အစဉ်ကို အကုန်လုံး သဘောကျကြတယ်။

ဘုရားရှင်ထံကို ရှေးဦးစွာသွားမယ်။ ရည်ရွယ်ချက်အတိုင်း မြတ်စွာ ဘုရားရှင်ကို လျှောက်ထားမယ်။ ပြီးရင် နောက်တစ်ရက်ပြန်လာမယ်။ ဒကာ၊ ဒကာမတွေရဲ့ဆန္ဒ ဖြည့်ဆည်းပေးမယ်ပေါ့။ ကျောင်းကို ပြန်လာကျတော့ ကျောင်းပြန်ရောက်တဲ့အခါမှာ အတူရဟန်းဝတ်လာတဲ့ အရှင်တိဿနဲ့လည်း အကုန်လုံးဆုံကြတယ်။

www.dhammadownload.com

ကျန်ခဲ့သူ တရားမရ

အရှင်တိဿကလည်း တစ်ဝါတွင်းလုံး ကွဲကွာနေတဲ့ မိတ်ဟောင်း၊ ဆွေဟောင်းတွေ လူ့ဘဝထဲက ရင်းနှီးလာတဲ့ သူတွေဆိုတော့ ဝမ်းသာအားရ ကြိုဆိုပါတယ်။ ထိုရဟန်းတော်တွေ ဘုရားရှင်ထံမှောက် သွားရောက်တဲ့အခါမှာလည်း အရှင်တိဿကလည်း မယောင်မလည် လိုက်သွားတယ်။

တောထွက်သွားတဲ့အထဲလည်း သူ မပါပါဘူး။ တကယ်တမ်း ကျင့်ကြံအားထုတ်တဲ့အထဲမှာလည်း သူမပါဘူး။ ဟိုမှာ ရဟန်းတော်တွေ တကယ် ကျင့်ကြံကြိုးစားအားထုတ်လို့ တရားရပြီ။ အရှင်တိဿ တရားမရသေးပါဘူး။ မယောင် မလည်နဲ့ သူက အနီးအနားက အသာလေး ကပ်လိုက်သွားတယ်။

ရဟန်းတော်တွေက မြတ်စွာဘုရားကို လျှောက်ထားကြတယ်။

"မြတ်စွာဘုရား တပည့်တော်တို့ ဝါတွင်း (၃) လ ကျင့်ကြံအားထုတ်ကြတာ တရားဓမ္မကို သိမြင်ပါပြီဘုရား။ ဘုရားရှင်ထံမှာ သင်ယူသွားတဲ့ ကမ္မဋ္ဌာန်းတရားတွေကို ကြိုးစား အားထုတ်ကျင့်ကြံကြတော့ တပည့်တော် တို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ပေါက်ရောက်အောင်မြင်ပါပြီ မြတ်စွာဘုရား" လို့ အသိသိုး သူတို့ရတဲ့ တရားဓမ္မလျှောက်ထားကြတော့ မြတ်စွာဘုရားရှင်က ဒီရဟန်းတော်တွေကို ချီးမွမ်းတယ်။ "ချစ်သားတို့ သင်တို့သည်စွမ်းနိုင်လှပါပေတယ်။ တော်ကြပါပေတယ်။ ငါဘုရားရှင်ရဲ့ အလိုဆန္ဒအတိုင်း တရားဓမ္မကို ကျင့်ကြံအားထုတ်ကြပါပေတယ်" လို့ ဘုရားရှင်က ချီးကျူးတယ်။ ဘုရားရှင်ကိုယ်တိုင် ချီးကျူးတာကို မြင်တဲ့အချိန်မှာ အရှင်တိဿကလည်း သူများနည်းတူ ချီးမွမ်းခံချင်တယ်။ သူမှာ ချီးမွမ်းစရာ မရှိပါဘူး။

ချီးမွမ်းတယ်ဆိုတာ ချီးမွမ်းစရာရှိမှ ချီးမွမ်းလို့ရတာပါ။ ဂုဏ်တင်ပေးတယ်ဆိုတာလည်း တင်ပေးစရာဂုဏ်ရှိမှ တင်ပေးလို့ရတာပါ။ မြောက်စားချင်ပေမဲ့ မြောက်စားလို့ရအောင် အရည်အချင်းရှိမှ မြောက်စားလို့ ရပါတယ်။ အရှင်တိဿ သူကိုယ်တိုင် ဘာမျှလည်း အရည်အချင်းမရှိ၊ မိတ်ဆွေသူငယ်ချင်း ရဟန်းတော်တွေ တရားဓမ္မကျင့်တဲ့ဆီကိုလည်း ပါမသွားဘူ။ လာတုန်းကတော့ဖြင့် တကယ်ကျင့်မယ်။ တကယ်အားထုတ်မယ်။ တကယ် ဖွဲ့နပဲနဲ့

www.dhammadownload.com

ကျင့်မယ်ဆိုပြီး။ ဒေါင်းတည်မောင်းတည်နဲ့ လာပါတယ်။လာတော့ လာတယ်။ ကျောင်းရောက်တဲ့အခါကျတော့ ဒီလောက် မဟုတ်တော့ဘူး။

နောက်ကျမှ လိုချင်

အရှင်တိသမှာက တရားမမှ မသိမြင်၊ မရတော့ သူလည်း တရားရချင်တယ်။ တရားလိုချင်တယ်။ "ငါ လည်း ဘုရားရှင် ချီးမွမ်းတာခံရရင် ကောင်းမယ်။ မိတ်ဆွေသူငယ်ချင်း ရဟန်းတော်တွေအသီးသီး တရားရသွားကြပြီ။ ငါ ဘာမျှမရသေးဘူး။ ငါလည်း တရားရရင်ကောင်းမယ်။ တရားရမှဖြစ်မယ်" ဆိုပြီးတော့ သူအပြင်းအထန် ကြိုးစားပြီးတော့ ကျင့်တယ်။ တစ်ညလုံး မအိပ်ဘူး။ မနေမနား ကမ္မဋ္ဌာန်းတရားတွေ ကြိုးစားပြီးတော့ ကျင့်ကြံပွားများတယ်။

မနက်ဖြန်ကျရင် အရှင်မြတ်တွေက ပင့်ထားတဲ့ဒကာတွေ၊ ဆွမ်းလောင်းမယ့် ဒကာတွေ၊ ဆွမ်းလှူမည့်ဒကာတွေထံ ချီးမြှောက်ဖို့ သွားကြတယ်။ သူလည်း တစ်ပါး အပါအဝင်အဖြစ်နဲ့ လိုက်သွားချင်တယ်။ သူလည်း တရားရချင်တယ်။ အဲဒီညမှာ အပြင်းအထန် သူ ကြိုးစားပြီးတော့ ကျင့်လိုက်တာ အိပ်ချိန်လည်း မအိပ်တော့ဘူး။ အိပ်ငိုက်တဲ့အချိန်မှာ စက်ဘီလျှောက်တယ်။ ထိုင်ပြီးတော့ တရားအားထုတ်လိုက်၊ ရပ်ပြီးတော့ တရားအားထုတ်လိုက်။ တစ်ညလုံးအပြင်းအထန် ကြိုးစားပြီးတော့ ကျင့်ကြံတော့ မိုးလင်းခါနီး အချိန်ရောက်တဲ့အခါမှာ အိပ်ချင်စိတ်က သိပ်များလာတယ်။

မနေနိုင်တော့ဘူး။ လူက နေနေကျမဟုတ်ဘူး။ အိပ်ချိန်မှာ အိပ်ရမှာ မအိပ်ဘဲ တရားကျင့်တယ်။

တရားကျင့်တယ်ဆိုတာလည်း မအိပ်ဘဲနဲ့ ကျင့်လို့မရဘူး။ မစားဘဲနဲ့ ကျင့်လို့မရဘူး။ ကိုယ်နေကိုယ်ထား မျှမျှတတရှိရမယ်။ စိတ်နေစိတ်ထားလည်း မျှမျှတတ ရှိရမယ်။ တရားကျင့်တဲ့ အချိန်မှာလည်း ကိုယ်အား၊ ဉာဏ်အားတွေ ပြည့်စုံနေဖို့လိုပါတယ်။ ဒါလည်း သတိထားစရာပါ။ ရချင်တယ် ရချင်တယ်ဆိုပြီးတော့ ကျင့်တိုင်းလည်း မရပါဘူး။ ကျင့်တိုင်းလည်း မရဘူး။ အခု အရှင်တိသ အပြင်းအထန်ကျင့်တာ သန်းခေါင်ကျော်လာပြီ၊ မိုးလင်းလာပြီ။

www.dhammadownload.com

အိပ်ချင်စိတ် သိပ်များလွန်းတဲ့အခါကျတော့ စကြံလျှောက်မယ်ဆိုပြီးတော့ စကြံလျှောက်တယ်။

ပေါင်ကျိုးတဲ့ တိဿ

ကမ္မဋ္ဌာန်းကျောင်းပေါ်က အောက်ဆင်း စကြံအလျှောက်မှာ ကျောက်တုံးတစ်တုံး ခလုတ်တိုက်မိပြီးလဲတော့ ပေါင်ကျိုးသွားတယ်။ အရှင်တိဿ တရားမရဘူး။ ပေါင်ကျိုးတာပဲ အဖတ်တင်တယ်။

သူနဲ့အတူ ကမ္မဋ္ဌာန်းတရားသင်ယူ အတူရဟန်းပြုလာကြပြီး တကယ်ကြိုးစားကျင့်ကြတဲ့ ရဟန်းတော်တွေ တောထွက်ပြီးတော့ တရားကျင့်ကြတာ ဝါတွင်းသုံးလ၊ တစ်ဝါတွင်းပါ။ အခုလိုသီတင်းကျွတ်ရက်ပိုင်းပါ။

ဘုရားရှင် လက်ထက်တော်အခါတုန်းက ရဟန်းတော်တွေက သီတင်းကျွတ်တဲ့အခါ မြတ်စွာဘုရားဖူးမြော်ဖို့လည်း တောကျောင်း၊ တောင်ကျောင်းကနေ ပြန်လာကြတာရှိတယ်။ တချို့လည်း တစ်ဝါတွင်းကျင့်တဲ့အခါမှာ ခရီးမပေါက် ခရီးမရောက်ရင် ဘာများလိုအပ်ချက်ရှိသလဲ။ ကျင့်နည်းကြံနည်း၊ အားထုတ်နည်းတွေ လွဲချော်နေလို့လား။ ကျင့်စဉ်တွေများ မှားနေလို့လားဆိုပြီး ဘုရားရှင်ကိုလျှောက်ဖို့ ပြန်လာကြတာတွေလည်း ရှိတယ်။

တချို့တချို့ကျတော့လည်းပေါက်မြောက်အောင်မြင်လာလို့။ တရားထူးတရားမြတ်တွေ ရရှိလာလို့ လျှောက်ထားချင်တဲ့အတွက် ပြန်လာကြတာလည်း ရှိတယ်။ ဒီလို သီတင်းကျွတ်အချိန်အခါမှာပါ။ အခုတိဿကတော့ဖြင့် သူများတွေ သုံးလေးလကျင့်လို့ရရှိလာတဲ့တရား။ တစ်ညတည်းနဲ့သူ ရအောင် ကျင့်မယ်ဆိုတော့ လွယ်ပါ့မလား။ မလွယ်ပါဘူး။

တရားကျင့်တယ်ဆိုတာ အခုချက်ချင်း ထလုပ်၊ အခုချက်ချင်း ရဖို့ဆိုတာလည်း ခဲယဉ်းတယ်။ ကိုယ့်ရဲ့ပါရမီ၊ ကိုယ့်ရဲ့အသိဉာဏ် ဘယ်လောက်ပြည့်စုံသလဲ၊ ဘယ်လောက်ရင့်ကျက်သလဲ။ သီလ၊ သမာဓိတရားတွေ ဘယ်လောက်ခိုင်ခိုင်မြဲမြဲ ရှိသလဲ။ သတိ ဝီရိယ ပညာတွေ ဘယ်လောက်ပြည့်မီသလဲ။ ဒီအပေါ်မှာ မူတည်ပြီးတော့ တချို့က မြန်မြန်တရားရတယ်။ တချို့က ကြာမှတရားရတယ်။ သူများတွေ မြန်မြန်ဆန်ဆန် တရားရတိုင်း ကိုယ်လည်း

www.dhammadownload.com

ရမယ်လို့ တွက်လို့မရပါဘူး။ သူများတွေ နှစ်ပေါင်းများစွာ တရားကျင့်တာ အကြာကြီး၊ တို့လည်း မြန်မြန်ရမှာ မဟုတ်ဘူးဆိုပြီးတော့လည်း တွက်လို့မရဘူး။

ကိုယ့်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ၊ ပါရမီတွေလည်း ထည့်တွက်ဖို့ လိုပါသေးတယ်။ အဲဒီလို သဘောပေါက်မထားတဲ့ အရှင်တိဿ တစ်ညလုံး အပြင်းအထန် ကျင့်တယ်။ မအိပ်မနေ ကျင့်တယ်။ နောက်ကျနေလို့ သူကျန်ခဲ့ပြီ။ ဒီလို မကျင့်ရင်လည်း မနက်ဖြန်ခါတရားရဖို့မဖြစ်နိုင်ဘူး။ အချိန်မီအောင်ကျင့်မယ်ဆိုတော့လည်း သူ့ဉာဏ်က မလိုက်နိုင်လို့ တရားမရဘူး။ ပေါင်ကျိုးတာပဲ အဖတ်တင်ပါတယ်။

အဲဒီမှာ ဒဏ်ရာရပြီးတော့ ညည်းညူနေတော့ မိတ်ဆွေ ရဟန်းတော်တွေက ဘာများဖြစ်လို့လဲ၊ အသံကြားတယ်။ ရဟန်းတစ်ပါး ညည်းညူနေတဲ့အသံကြားတယ်ဆိုပြီးတော့ အကုန်လုံး ဆင်းလာကြတယ်။ အကုန်လုံး ဝိုင်းပြုစုကြတယ်။ သွေးထွက်နေတဲ့ ဒဏ်ရာတွေ ဆေးထည့်ပေးရ၊ ပတ်တီးစည်းပေးရ၊ မျိုးစုံပြုစုနေရတော့ နံနက်စောစော ဟိုဘက်ရွာကိုကြွ၊ ဆွမ်းခံသွားကြမယ်ဆိုတဲ့ အစီအစဉ် ပျက်သွားတယ်။ အချိန်က နောက်ကျနေပြီ။ ဆွမ်းခံသွားဖို့လည်း မမီတော့ပါဘူး။

သူ့ကြောင့်နောက်ကျ

ဘယ်သူ့ကြောင့် နောက်ကျတာလဲ။ အရှင်တိဿကြောင့်ပါ။ သူ့ကို အကြောင်းပြုပြီး ရဟန်းတော်တွေလည်း ဆွမ်းခံမသွားနိုင်ဘူး။ ဟိုမှာ အားရပါးရ လောင်းလှူမယ်လို့ စောင့်မျှော်နေကြတဲ့ ဒကာ၊ ဒကာမတွေလည်း အလှူပွဲကြီး မဖြစ်တော့ပါဘူး။

သံဃာတော်တွေကြွလာရင် လောင်းလိုက်မယ်။ လှူလိုက်မယ်။ ကုသိုလ်ယူလိုက်မယ်ဆိုတဲ့ ဒကာ၊ ဒကာမတွေ ကုသိုလ်မဖြစ်တော့ စိတ်ပျက်လက်ပျက်နဲ့ အကုန်လုံးဝမ်းနည်းကြတယ်။ အဲဒီအချိန်မှာ ဒီအကြောင်းသိတော်မူတဲ့ မြတ်စွာဘုရားရှင်က ရဟန်းတော်တွေထံ ကြွလာပြီး မေးတော်မူပါတယ်။

www.dhammadownload.com

"ချစ်သားတို့ ... မနေ့က သင်တို့မနက်စောစော ဆွမ်းခံသွားကြမယ်။ ဒကာတွေကို ရိုးမြောက်ဖို့ ဆွမ်းခံသွားရမယ်လို့ ပြောတယ်၊ ဘာလို့မသွားကြတာလဲ။ ဘာကြောင့်မသွားကြတာလဲ" လို့ မေးတော်မူတော့ "မြတ်စွာဘုရား အကြောင်းက အရှင်တိသဿ ဒဏ်ရာရနေလို့ပါ။ တစ်ညလုံး အပြင်းအထန် တရားကျင့်၊ အိပ်ငိုက်ငိုက်နဲ့ ခလုတ်တိုက်လဲတော့ ပေါင်ကျိုးသွားတဲ့သူ့ကို ပြုစုနေရလို့ တပည့်တော်တို့ ဆွမ်းခံချိန်မမီလို့ပါဘုရား" လျှောက်ကြပါတယ်။ ဘုရားရှင်က "ချစ်သားရဟန်းတို့ တိသဿက ဒီဘဝမှာတင် သင်တို့ကို အနှောင့်အယှက် ပြဖူးသေးတာ မဟုတ်ဘူး။ အရင့်အရင် ဘဝတွေတုန်းကလည်း ဒီလိုပဲ နှောင့်ယှက်ခဲ့ဖူးတယ်။ အနှောင့်အယှက် ပေးခဲ့ဖူးတယ်" ဆိုပြီး အတိတ်အကြောင်း ပြန်ပြောင်းပြီးတော့ မိန့်ကြားပါတယ်။

အရင်တုန်းကလည်း ဒီလိုပဲ

လွန်ခဲ့တဲ့ ကဿပဘုရားရှင်ကာလတုန်းက မြတ်စွာဘုရား အလောင်းတော်က ပါရမီဖြည့်စဉ် ကာလပါ။ တက္ကသိုလ်ပြည်မှာ ဘုရားအလောင်းတော် ဒီသာပါမောက္ခဆရာကြီးဖြစ်နေချိန် အခုဒီရဟန်းငါးရာက ပညာသင်ကြတဲ့ တပည့်တွေပါ။ ပြီးခဲ့တဲ့ ဘဝမှာလည်း ဆုံခဲ့တယ်။ ဒီဘဝမှာလည်း ပြန်ဆုံကြတယ်။ လွန်ခဲ့တဲ့ဘဝတုန်းက ဘုရားအလောင်းတော်သည် ဒီဘဝမှာ ဘုရားလာဖြစ်တယ်။ လွန်ခဲ့တဲ့ဘဝတစ်ခုမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာ အဖြစ်အပျက်ကို ရဟန်းတော်တွေက "သိပါရစေ မြတ်စွာဘုရား" လို့ လျှောက်ထားတော့ အတိတ်အကြောင်းကို ဟုဒ္ဒက မိန့်ကြားတယ်။

ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။
တရဏကဋ္ဌ ဘဏ္ဍော၀၊ သ ပစ္ဆာမနုတပ္ပတိ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေ - ရှေ့၌၊ ကရဏီယာနိ - ပြုဖွယ်ကိစ္စတို့ကို၊ ပစ္ဆာ - နောက်မှ၊ ကာတုံ - ပြုခြင်းငှာ၊ ဣစ္ဆတိ - အလိုရှိပါ၏။

တစ်ယောက်သော ပုဂ္ဂိုလ်သည် အရင်လုပ်ရမယ့်အလုပ်ကို နောင်မှလုပ်ဖို့ စဉ်းစားတယ်။ အရင်လုပ်ရမယ့်အလုပ်ကို နောင်မှလုပ်မယ်လို့၊ အရင်လုပ်သင့်တဲ့အလုပ်ကို၊ ရှေးဦးစွာ လုပ်သင့်တဲ့အလုပ်ကို နောင်မှပြုတဲ့သူသည်

www.dhammadownload.com

"တရားကဋ္ဌာဘဏ္ဍာဝ - သစ်ကိုင်းကျိုးထိုးမိတဲ့ လုလင်ကဲ့သို့" တဲ့။ အရိပ်အမြွက် လေးပါလာပြီ။ ဟိုလွန်ခဲ့တဲ့အတိတ် ရှေးခါကာလတုန်းက တွေ့ကြုံခဲ့တဲ့အခြေအနေ၊ တွေ့ကြုံခဲ့တဲ့အဖြစ်အပျက်ပါ။ သ ပစ္ဆာမနုတပ္ပတိ။ မျက်လုံးကို သစ်ကိုင်းထိုးမိတဲ့ လုလင်ကဲ့သို့၊ သော - ထိုပုဂ္ဂိုလ်သည်၊ ပစ္ဆာ - နောက်၌၊ အနုတပ္ပတိ - ပူလောင်ပင်ပန်း ဆင်းရဲရပါ၏။

ရေသာခို အချောင်လိုက်သူ

ဘုရားရှင်က ဒီသာပါမောက္ခဆရာ၊ ရဟန်းများက တပည့်ဖြစ်ခဲ့တဲ့ဘဝ အချိန်တုန်းကပါ။ ပညာရှိဒီသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ရန်ရောက်လာကြတဲ့ တပည့်တွေ အနယ်နယ်အရပ်ရပ် တိုင်းပြည်အသီးသီး နိုင်ငံအသီးသီးက လာကြပါတယ်။ တိုင်းသူပြည်သားတွေလည်း ပါတယ်။ မင်းညီမင်းသားတွေလည်း ပါတယ်။ သူဌေးသူကြွယ်သားတွေလည်း ပါတယ်။ ငွေကြေးတတ်နိုင်တဲ့သူ၊ ပြည့်စုံတဲ့သူတွေလည်း ပါတယ်။ မပြည့်စုံတဲ့သူတွေလည်း ပါကြတယ်။ တပည့်ပေါင်းများစွာကို ပညာရပ်အမျိုးမျိုး သင်ကြားပို့ချပေးနေတဲ့ နေရာကို အရှင်တိဿဖြစ်လာမယ့် လူငယ်တစ်ယောက် ရောက်လာတယ်။

သူက အဲဒီဘဝထဲကိုက အပျင်းကြီးနေတဲ့ လူငယ်ပါ။ နေရာတကာ ရေသာခိုအချောင်လိုက်ပြီးတော့ သူများနဲ့ အတူလုပ်ရတဲ့အလုပ် ဘယ်လို သက်သာအောင်လုပ်ရမလဲ၊ ဘယ်လို ရေသာခိုမလဲ၊ ဘယ်လိုသက်သာခိုရမလဲလို့ အမြဲစဉ်းစားနေတတ်တယ်။ ထက္ကြလုံ့လဝီရိယ မရှိဘူး။ ကြိုးစားအားထုတ်မှု မရှိဘူး။ မကြိုးစားဘူး။ ဝေယျာဝစ္စအလုပ်တွေ လုပ်ကိုင်တဲ့နေရာမှာလည်း အားမထုတ်တဲ့သူ၊ ပျင်းတဲ့သူပါ။ လူပျင်း လူငယ်လေးက အခု အရှင်တိဿ ဖြစ်လာတယ်။

တစ်ခါတုန်းက ငါက တပည့်ဖြစ်ကြတဲ့ သင်တို့ကို ထင်းခွေရအောင် ထင်းခုတ်ရအောင် တာဝန်ကျတဲ့အချိန်မှာ အကုန်လုံးကို တောထဲသွားပြီးတော့ ထင်းခွေခိုင်းလိုက်တယ်။ ဆရာကြီးက တပည့်တွေကို "ကဲ ... မင်းတို့ ပညာလည်းသင် အညောင်းအညာပြေအောင် တောထဲသွားပြီး ထင်းခွေကြ"

www.dhammadownload.com

လို့ ထင်းခုတ်ခိုင်းလိုက်တယ်။ လူငယ်တွေဆိုတော့ ပျော်ပျော်ပါးပါး သွားကြပါတယ်။

တိဿက ဘယ်လောက်ရေသာခို အပျင်းကြီးလဲဆိုတော့ တောထဲရောက်တဲ့အခါမှာ သူများတွေက တောနက်ထဲဝင်သွားတယ်။ သူက အထဲထိမသွားဘူး။ "တောထဲသွားရင် ပင်ပန်းတာပေါ့။ တောစပ်လေးမှာ ရတဲ့အပင်ခုတ်သွားပြီးတာပဲ" ဆိုပြီး သူက အချောင်လိုက်ဖို့ပဲ ကြည့်နေတယ်။

တောထဲ စရောက်ကတည်းက ဘယ်အပင်ခုတ်ရင် သက်သာမလဲပေါ့။ သက်သာခို ရေသာခိုဖို့ကြည့်ရင်း ကြည့်ရင်းနဲ့ အရွက်တွေ ကြွေနေတဲ့ ရေသဖန်းပင်တစ်ပင် သွားမြင်လိုက်တယ်။ ရေသဖန်းပင်ဆိုတော့ အရွက်ကမရှိ၊ ပင်စည်တွေကလည်း ခပ်ခြောက်ခြောက် ခပ်မည်းမည်းဆိုတော့ ကြည့်လိုက်ရင် ဒီအပင်က အပင်စိမ်းလို့ မထင်ရဘူး။ ခြောက်နေတဲ့အပင်၊ သစ်ပင်ခြောက်လို့ ထင်ရတယ်။အကိုင်းချည်းပဲဆိုတော့ အလွယ်တကူ ချိုးလို့ရမယ်လို့ ထင်ရတယ်။

ဒီ ရေသဖန်းပင် မြင်တဲ့အခါမှာ တိဿက " ဟုတ်ပြီ၊ ဟိုမှာ လူတုံးလူညံ့တွေသွားကြ၊ အပင်ပန်းခံကြ၊ တောထဲသွားကြ၊ ငါကတော့ ငှဲတာဝန် ကျလောက်အောင် ထင်းရပြီ" လို့ ဒီရေသဖန်းပင်အောက်မှာ တစ်ရေးတစ်မော အိပ်လိုက်သေးတယ်။ ရေသဖန်းပင်အောက်မှာ သူကတော့ အဆင်ပြေပြီပေါ့။ "ဒီအပင် ဘယ်အချိန် ချိုးချိုးရတယ်။ ဒီအကိုင်း ဘယ်အချိန် ထချိုးချိုးရတယ်။ သူများတွေ ပြန်လာတဲ့အချိန်သာ စောင့်နေမယ်" ဆိုပြီးတော့ သစ်ပင်အောက်နေရင်းနဲ့ အိပ်ပျော်သွားတာတစ်ရေးတောင် ရတယ်။ သူက သူ့တာဝန်ကျထင်းရပြီလို့ အေးအေးဆေးဆေးပဲ နေတယ်။

တစ်နေ့လုံး ကျောင်းသားတွေတောထဲ ထင်းသွားခုတ်ကြ၊ ထင်းခွေကြပြီးပြီ။ ထင်းခြောက်တွေ ရှာပြီးတော့ ကိုယ့်တာဝန်နဲ့ကိုယ် တစ်နိုင်တစ်ပိုင် ထမ်း၊ သယ်လာကြတယ်။ ညနေစောင်း ပျော်ပျော်ပါးပါးပြန်လာကြတဲ့ အသံကိုကြားမှ တိဿ အနားရောက်လာမှ လန့်နိုးတယ်။ "ဟာ ... ပြန်လာကြပြီ၊ ထင်းတွေလည်း၊ ထင်းစည်းတွေလည်း အသီးသီး ထမ်းလို့ပြန်လာကြပါလား၊

www.dhammadownload.com

ငါလည်း ငါ့တာဝန်ကျအောင် လုပ်ဦးမှပဲ" ဆိုပြီးတော့ ကမန်းကတမ်း သဖန်းပင်ပေါ်တက် အကိုင်းချိုးတယ်။ အပင်က အစိုပါ။

သဖန်းပင်က အရွက်သာ ကြွေနေတာ အပင်က အစိုကြီးရှိသေးတယ်။ လတ်လတ် ဆတ်ဆတ်ကြီး၊ သူထင်ထားတာက သစ်ခြောက်ပင်။ ချိုးလို့ မလွယ်ဘူး၊ အလွယ်တကူနဲ့ မရဘူး။ အချိန်ကလည်း မရှိတော့ဘူး၊ မိုးကလည်း ချုပ်နေပြီ။ သူများတွေလည်း ပြန်ကုန်ကြပြီ။ အဲဒီတော့ ကမန်းကတမ်း အားစိုက်ပြီး သစ်ကိုင်းကို ချိုးလိုက်တာ သစ်ကိုင်းမကျိုးဘဲနဲ့ မျက်လုံးထိုးမိပြီးတော့ မျက်စိကန်းသွားတယ်။ ရေသာခိုမိ၊ ပျင်းမိတဲ့အတွက်ကြောင့် ဆိုးကျိုးပဲ ရတယ်။

သူများတွေ အသီးသီးတာဝန်ကျပြီ။ သူက မရရင်လည်း မဖြစ်ဘူး။ ထင်းကိုတော့ ရအောင်ရှာရမယ်ဆိုတော့ မျက်လုံးထိုးမိ၊ မျက်စိကတော့ သွေးထွက်ပြီ။ မရရသလောက် သစ်ပင်ကို ချိုးပြီးတော့ ထမ်းပိုးပြီးတော့ ပြန်လာခဲ့တယ်။ ဟိုမှာသူများတွေပုံထားတဲ့ ထင်းပုံ၊ မီးဖိုချောင်ထဲ ပို့ထားကြတာ ထင်းခြောက်တွေ။ သူက အပေါ်ဆုံး ပစ်တင်လိုက်တာက ထင်းအစို။ တစ်ကိုယ်လုံးလည်း သွေးတွေသံတွေနဲ့ ချွေးတွေလည်း ရွှဲလို့။ လုပ်ရမယ့်အချိန်မှာ အချိန်မီ မလုပ်တော့ အလုပ်က မပြီးပါဘူး။

သူ့ကြောင့် ဒုက္ခရောက်

လုပ်သင့်လုပ်ထိုက်တဲ့ အချိန်မှာ လုပ်ရမယ့်အလုပ်ကို မလုပ်ရင် နောက်ကျသွားတယ်။ သူစိတ်ထဲမှာတော့ အေးဆေးပေါ့။ အသာလေးဒီအပင်ပေါ်တက် အကိုင်းချိုးပြီးတော့ သူများထက်အရင်ပြန်ရုံပဲ။ ပင်လည်း မပင်ပန်းဘူး၊ ငါ အရင်ဆုံး ပြန်ရဦးမယ်၊ သူထင်ထားတာပါ။ ထင်သလို မဖြစ်တော့ အလုပ်လည်း မပြီးဘူး။

လူပျင်းလုံ့လတစ်ခဏတဲ့။ ရှေးလူကြီးသူမတွေ ပြောတဲ့စကားရှိတယ်။ လူပျင်းလုံ့လသည် တစ်ခဏပဲ။ လူပျင်းနဲ့လုံ့လ ဘာမျှမသက်ဆိုင်ဘူး။ ဘာမျှမအပ်စပ်ဘူး။ ဆန့်ကျင်ဘက်ပါ။ ပျင်းတဲ့သူမှာ လုံ့လမရှိနိုင်ဘူး။ မဖြစ်နိုင်ဘူး။ လုံ့လဝီရိယရှိတဲ့သူကလည်း လူပျင်းမဟုတ်ဘူး။ အခု တိသဲ ပျင်းလိုက်တာ။

www.dhammadownload.com

နေရာတကာ ရေသာခို၊ အချောင်ခိုတယ်။ ဒီတစ်ခါတော့ သူ ခံလိုက်ရပြီ။ မျက်လုံးသစ်ငုတ်စူး၊ သစ်ကိုင်းထိုးမိ ပြန်လာတဲ့အခါကျတော့ အကုန်လုံး အလုပ်ရှုပ်ကုန်တယ်။ ဝိုင်းပြီးတော့ သူ့ကို ဆေးထည့်ပေးကြ၊ ပြုစုကြ၊ ဘယ် သူမျှ မနေရဘူး။

ကျောင်းသားတွေအားလုံး အလုပ်ရှုပ်ကြတယ်။ ဒါတင် မကသေးဘူး။ နောက်တစ်နေ့မနက် အလှူပွဲတစ်ခုကနေ အကုန်လာဖို့ ဖိတ်ထားတယ်။ အလှူပွဲသွားရမယ်။ တစ်ကျောင်းလုံးဖိတ်ထားတဲ့အလှူပွဲပါ။ အားလုံးသွားကြမယ်ဆိုတော့ မသွားခင်မှာ ဆရာကြီးအတွက် ယာဂု ကျိုပေးရတယ်။ မနက် အစောကြီး ထပြီးတော့ ဆရာကြီးအတွက် ယာဂုကျိုပေးကြတယ်။ ဖြစ်ပုံက တိသဿ အပေါ်ဆုံးက ပစ်တင်ထားတဲ့ထင်းက အစိုပါ။

ထင်းအစိုကြီးနဲ့ ယာဂုကျိုတော့ ဘယ်လိုမျှ မီးမွှေးလို့ မရဘူး။ တိသဿ ရှာတဲ့ထင်း ဒုက္ခပေးပုံက မိုးစင်စင်သာ လင်းသွားတယ်။ ယာဂု အိုးက ကျက် မလာဘူး။ အလှူပွဲလည်း မမီတော့ဘူး။ မိုးလင်းသွားပြီ။ ဆရာကြီး မိုးလင်းချိန် ထလာတော့ "မင်းတို့ အလှူမသွားဘူးလား" မေးတယ်။ "သွားမလို့ပါ ဆရာ ကြီး၊ ကျွန်တော်တို့ ဆရာကြီးအတွက် ယာဂုကျိုတဲ့အချိန် ဒီထင်းပုံကြီးမှာ အပေါ်ဆုံးရောက်နေတဲ့ တိသဿ ပစ်တင်ထားတဲ့ ထင်းစိုတုံးဒုက္ခပေးလိုက်ပုံက မီးမွှေးလို့လည်းမရ၊ မီးမတောက်လို့ချက်လို့၊ ပြုတ်လို့မရတဲ့အတွက်ကြောင့်မို့ အချိန်နောက်ကျသွားပါပြီ ဆရာကြီး" တဲ့။ အချိန်မမီတော့ဘူး။ ဘယ်သူ့ ကြောင့်လဲ၊ တိသဿကြောင့်ပါ။

ဒါကြောင့်ဘုရားရှင်က "ချစ်သားရဟန်းတို့ တိသဿသည် အခုမှသာ သင်တို့ကို ဒုက္ခပေးတာ မဟုတ်ဘူး။ ရှေးတုန်းကလည်း ဒုက္ခပေးဖူးတယ်" လို့ မိန့်တော်မူ တာပါ။

ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ ။

ယော - အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေ - ရှေ့၌၊ ကရဏီယာနိ - ပြုသင့်ပြု ထိုက်သည်တို့ကို၊ ပစ္ဆာ - နောက်မှ၊ ကာတုံ - ပြုခြင်းငါ၊ ကွစ္ဆတိ - အလိုရှိ၏ အရင်လုပ်ရမယ့် အလုပ်နဲ့ နောင်လုပ်ရမယ့်အလုပ်မှာ အရင်လုပ်ရမယ့် အလုပ်ကို အရင်မလုပ်ဘဲနဲ့ နောင်လုပ်ရမယ့် အလုပ်ကို အရင်လုပ်မယ်ဆိုရင်

www.dhammadownload.com

လွဲနေပြီ၊ ချော်နေပြီ။ အလုပ်နှစ်ခု ယှဉ်ကြည့်လိုက်၊ ဒါက အရင်လုပ်ရမယ်။ ဒါက နောက်မှလုပ်ရမယ်။ အရင်လုပ်သင့်တဲ့အလုပ်ကို နောင်မှလုပ်မိရင်လည်း အမှား ဖြစ်တယ်။ အရင်လုပ်ရမယ့်အလုပ်ကို နောင်မှလုပ်ရင်လည်း အမှားဖြစ်သွားပါတယ်။

နောင်မှလုပ်သင့်တဲ့ အလုပ်ကို အရင်ဦးစားပေးမိရင်လည်း အမှားဖြစ်တာပဲ။ တိသကာ အပျင်းကြီးတယ်၊ ရေသာခိုတယ်၊ သက်သာခိုတယ်။ သူလုပ်ရမယ့်အလုပ်၊ သူ့တာဝန်၊ သူဝတ္တရား ကျပွန်အောင် မလုပ်ဘူး။ အလုပ်ပြီးတော့ နားချင်နား၊ အားချင်အားပေါ့။ ကိုယ့်အလုပ် မပြီးသေးဘဲနဲ့ "ငါ အေးအေးဆေးဆေး နားလိုက်ဦးမယ်၊ နေလိုက်ဦးမယ်၊ သက်သာခိုလိုက်ဦးမယ်" ဆိုတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို အချိန်မီ မလုပ်လိုက်တဲ့အတွက်ကြောင့် အကုန်လုံး ဒုက္ခရောက်သွားတယ်။ ကောင်းကျိုးမရဘူး။

ပတ်ဝန်းကျင်တစ်ခုလုံး ကိုယ်နဲ့ဆက်နွယ်တဲ့သူအားလုံး ဒုက္ခရောက်ရတယ်။ တိသ နောင်တရနေပြီ။ အပျင်းကြီးလိုက်လို့၊ လုပ်ရမယ့် အလုပ် ကို မလုပ်မိလိုက်တဲ့ အတွက်ကြောင့် ဒုက္ခရောက်လိုက်တာ။ အခုမျက်စိ လည်း ကန်းတယ်။ ဘာတစ်ခုမျှ ဘယ်သူတစ်ယောက်မျှ ကောင်းကျိုးလည်း မရဘူး။

ဒီဘဝမှာလည်း အတူတူပါပဲ။ ရှေးကကြိုတင်ပြီးတော့ ပြုသင့်ပြုထိုက် ပြုလုပ်ရမယ့် တရားအလုပ်ကို မလုပ်ဘူး။ သူများတကာတွေ လုပ်ချိန်မှာ အချိန်မီသူမလုပ်ဘူး။ သူများတကာတွေအားထုတ်ချိန်မှာသူအားမထုတ်ဘဲနဲ့ သူများတွေ တရားရလာတော့မှ လိုချင်တဲ့အရှင်တိသ တရားမရပါဘူး။

တစ်ညလုံး မအိပ်မနေ ကျင့်မယ်၊ အပြင်းအထန်ကျင့်မယ်။ မရရအောင် ကြိုးစားပြီးတော့ ကျင့်ကြံအားထုတ်မယ်ဆိုပေမဲ့ ဘယ်လိုနည်းနဲ့မျှ မရနိုင်ဘူး။

လူတိုင်းလူတိုင်း စဉ်းစားကြဖို့လိုပါတယ်။ အားလုံး အလုပ်တွေ လုပ်နေကြရမှာ တခြားဝေးဝေး မစဉ်းစားနဲ့။ အခုလုပ်ကိုင်နေကြတဲ့ အလုပ်မျိုးစုံနဲ့ တရားအလုပ်၊ ဘယ်ဟာ အရင်လုပ်သင့်သလဲဆိုရင် တရားအလုပ်ကို အရင်လုပ်သင့်တယ်။

www.dhammadownload.com

တရားအလုပ် အရင်လုပ်သင့်တာကို မလုပ်မိရင် အချိန်နောင်းသွားမယ်။ နောက်ကျသွားမယ်ဆိုရင် ဆင်းရဲဒုက္ခတွေ များပါလိမ့်မယ်။ အခု အချိန်မီလို့ တော်သေးတယ်။ ကျန်းကျန်းမာမာနဲ့ ကျင့်ကြံအားထုတ်နိုင်သေးတယ်။ ကြိုးကြိုးစားစားနဲ့ ရွပ္ပွားအားထုတ်နိုင်သေးတယ်ဆိုတာ နောက်မကျသေးဘူးလို့ ပြောလို့ ရပါတယ်။

နောက်မကျသေးဘူး။ မီသေးတယ်၊ အချိန်မီသေးတယ်။ ဒီအချိန် ဒီအခါမှ မလုပ်ဖြစ်သေးဘူး။ နောင်မှလုပ်မယ်၊ နောင်မှလုပ်မယ်ဆိုပြီးတော့ အချိန်ဆိုင်း၊ အချိန်ဆွဲနေရင် နောင်မလုပ်ဖြစ်ရင် ဒုက္ခများမှာပါ။

အချိန်နောင်းသွားရင် နောင်တရမယ်။ အခုအချိန်လေး အချိန်မီ အားထုတ်ခွင့်ရနေတဲ့ (၇) ရက်၊ တစ်လ၊ နှစ်လဆိုသလိုကျင့်ကြံအားထုတ်လို့ ရတဲ့အချိန်က ကြိုးစားလုပ်ရမယ့်အချိန်ပါ။ ကြိုးစားရမယ့်အချိန်မှာ မကြိုးစားဘဲနဲ့ ပေါ့ပေါ့တန်တန်လေး နေလိုက်မယ်ဆိုရင် နောက်ကျ သွားနိုင်ပါတယ်။

သူများရမှ မလိုချင်နဲ့

သူများတွေ ရပြီဆိုတော့မှ "တို့လည်း လိုချင်လိုက်တာ။ သူတို့ ဘယ်လိုတရားတွေ မြင်ကုန်ပြီ။ တရားတွေ ဘယ်လိုရကုန်ပြီ၊ ငါလည်းရချင်လိုက်တာ၊ ရချင်လိုက်တာ၊ လိုချင်လိုက်တာ" ဆိုပြီး အဲဒီတော့မှ အပြတ်အသတ် ကြိုးစားအားထုတ်မယ်ဆိုရင် မလွယ်ပါဘူး။

အခု တရားကျင့်တဲ့ အရှင်တိသက နမူနာ ပေးသွားတာပါ။ ကျင့်ရမယ့် အချိန်မှာ ကျင့်မှရမယ်။ သူများကျင့်နေတဲ့အချိန် မကျင့်ဘဲ နောင်မှကျင့်မယ် နောင်မှကျင့်မယ်ဆိုရင် ရဖို့မလွယ်ပါဘူး။

အရင်လုပ်သင့်တဲ့အလုပ်နဲ့ နောင်မှလုပ်သင့်တဲ့အလုပ် ရွေးချယ်တာ မှန်ဖို့အရေးက အရေးကြီးဆုံးပါ။ ဘယ်ဟာ အရင်လုပ်သင့်လည်း စဉ်းစားနေရတယ်။ လုပ်ငန်းပေါင်းစုံ၊ ကိစ္စပေါင်းစုံ အရေးပေါင်းစုံ လုပ်ကြရတော့ ဘယ်အလုပ် အရင်လုပ်ရင်ကောင်းမလဲ။ ဘာအရင်လုပ်ရမလဲ။ အရင်လုပ်ရမယ့်ဟာကို မလုပ်မိရင် အချိန်မမီတော့ဘူး၊ အချိန်နောင်းသွားပြီဆိုရင် လုပ်ခွင့်မရ

www.dhammadownload.com

တော့ပါဘူး။ ခန္ဓာကိုယ် ရှိနေသူတိုင်း ဒီခန္ဓာကိုယ် ကျန်းမာနေသေး နုပျိုနေသေးတဲ့အချိန်သည် တရားအလုပ်ကို အားထုတ်ရမယ့်အချိန်ပါ။

ဘုရားရှင်က အရှင်တိသရဲ့အကြောင်းအရာ၊ အဖြစ်အပျက်ကို အခြေခံပြီးတော့ မိန့်ကြားတဲ့ စကားရှိပါသေးတယ်။

ဥဋ္ဌာနကာလမိုု အနဋ္ဌဟာနော၊ ယုဝါ ဗလီ အာလသိယံ ဥပေတော၊

သံသန္နသင်္ကပ္ပမနော ကုသီတော၊ ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။

"ကြိုးစားလုံ့လပြုသင့်တဲ့အချိန်မှာ ကြိုးစားလုံ့လမရှိတဲ့ လူဖျင်း၊ လူပျင်းသည်" တဲ့။ ကြိုးစားရမယ့်အချိန်မှာ မကြိုးစားတဲ့သူ၊ အားထုတ်ရမယ့်အချိန်မှာ အားမထုတ်တဲ့သူသည် လူပျင်းပါ။ လူပျင်းက တကယ်အားထုတ်ရမယ့်အချိန်မှာ အားမထုတ်ဘူး။ လုပ်သင့်တဲ့ အချိန်အခါမှာ မလုပ်ဘူး။

ငယ်ရွယ်နေစဉ်၊ နုပျိုနေစဉ်ကာလ၊ အားခွန်ဗလတွေ ပြည့်စုံနေတဲ့ အချိန်မှာ ကျင့်ကြံပွားများ၊ အားထုတ်ရမယ့်တရားကို မကြိုးစား မကျင့်ကြံ အားမထုတ်ဘူးဆိုရင်လည်း တရားမသိနိုင်၊ တရားမမြင်နိုင်ဘူး။

ဘုရားရှင်က အရှင်တိသကို အကြောင်းပြုပြီးတော့ ကောက်ချက်ချပြတဲ့စကားပါ။ တရားမသိကြ တရားမမြင်ကြဘူးဆိုတာသည် လုပ်သင့်တဲ့ အချိန်မှာ မလုပ်မိလို့ပါ။ ကြိုးစားသင့်တဲ့အချိန်မှာ မကြိုးစားဘူးဆိုရင် နစ်နာပါတယ်။ ဘယ်အချိန်က ကြိုးစားဖို့ ကောင်းသလဲဆိုရင် ငယ်စဉ်အချိန်သည် အားထုတ်လို့ အကောင်းဆုံးအချိန်ပါ။ ငယ်စဉ်ကတည်းက လုပ်ရမှာပါ။

အသက်အရွယ်ငယ်စဉ်၊ ခွန်အားဗလတွေ ပြည့်ဖြိုးနေစဉ် အချိန်အခါ၊ ခွန်အားတွေ ပြည့်နေတဲ့အချိန်မှာ ကြိုတင်ပြုထိုက်တဲ့တရားကို အားမထုတ်ဘူးဆိုရင် အချိန်နှောင်းသွားမယ်။ ဘယ်နည်းနဲ့မျှ တရားမရနိုင်တော့ဘူး။

တရားကျင့်တယ်ဆိုတာလည်း သင့်တော်ချိန် လုပ်ရတဲ့အလုပ်ပါ။ အချိန်မရွေး ဘယ်တော့ဖြစ်ဖြစ် ရတာပဲ၊ ဘယ်တော့ကျင့်ကျင့် ရတာပဲဆိုပြီးတော့ နောက်ထားလို့မရပါဘူး။ ရှေ့တန်းတင်ထားရမှာပါ။

တိသလုလင်ဒီအပင်ဘယ်တော့တက်ချိုးချိုးရတာပဲ ထင်ထားတယ်။ သစ်ပင်အိုကြီး၊ အခြောက်ထင်ပြီးတော့ လွယ်လွယ်လေး သူ ရမယ်ထင်ထား

www.dhammadownload.com

တယ်။ ဒါ ငါ့တာဝန်ကျေ ထင်းခြောက်တွေ အချိန်မရွေးချိုးနိုင်တာပဲ။ နောင်မှ ချိုးမယ်။

စောစောစီးစီး အပင်ပေါ်တက်ပြီးတော့ အကိုင်းချိုးလို့ အစိုမှန်းသိခဲ့ရင် တခြားရွေးချယ်စရာ၊ ရှာဖွေစရာ ရနိုင်ပါတယ်။ အချိန်မရွေးလုပ်လို့ရတယ်။ တစ်ရေးလေး အိပ်လိုက်ဦးမယ်။ ပင်ပန်းပါတယ်။ နားလိုက်ဦးမယ်။ တကယ်ကျတော့ ထင်တိုင်းမဖြစ်တော့ဘူး။

တရားအလုပ်လည်း ဒီအတိုင်းပါပဲ။ တရားကျင့်တာ ဘယ်အချိန်ကျင့်ကျင့် ရတာပဲ။ နောင်လုပ်လည်းရတာပဲ။ အသက်ကြီးမှ လုပ်လည်းရတာပဲ။ အလွယ်လေးနဲ့ ရမယ်လို့ ထင်နေကြတယ်။ တိုသက အလွယ်တကူ ရလိမ့်မယ်လို့ထင်သလိုပဲ တော်တော်များများကလည်း တရားကျင့်တာ ဘယ်အချိန်ကျင့်ကျင့် ရတယ်၊ ဒီအချိန် မလိုသေးပါဘူး၊ ဒီအချိန် အရေးမကြီးသေးပါဘူး။ ဒီအရွယ်မှာ တရားတွေ မလိုသေးပါဘူးဆိုပြီးတော့ အချိန်ဆိုင်းတယ်၊ အချိန်ဆွဲတယ်။ ကျင့်ကြည့်လိုက်တော့ အလွယ်တကူနဲ့ မရနိုင်ဘူး။ ငယ်စဉ်အခါက ကျင့်ထားရမယ်။ ကြိုးစားရမယ်၊ အချိန်ယူရမယ်၊ အချိန်ပေးရမယ်။ အလွယ်တကူတော့ မရဘူးလို့ သိထားရင် ကြိုးစားခွင့် ရနိုင်ပါတယ်။

အထင်သေးလို့ မရဘူး။ အထင်သေးတဲ့ တိသ၊ သစ်ကိုင်း တက်ချိုးမရတဲ့အဆုံးမျက်လုံးထိုးမိအကျိုးတောင်မှ နည်းသွားသေးတယ်။ ဒုက္ခတောင်မှ ရောက်သေးတယ်။ သူများတွေကျင့်ကြံ အားထုတ်လာလို့ ရလာတဲ့အခါမှ ငါလည်း ရအောင်လုပ်မယ်။ ဒီတစ်ညအတွင်း ငါ အရက်ကို ကျင့်တော့မယ် ဆိုပြီးတော့ အတင်းဖွတ်နှစ်ပြီးတော့ ကျင့်တော့ ပေါင်ကျိုးတာပဲ အဖတ်တင်တယ်။ တရားမရပါဘူး။

အရေးကြီးတာ အရင်လုပ်

ဒါကြောင့် အရေးကြီးတဲ့ကိစ္စ အရင်ဆုံးလုပ်ရမယ့် အလုပ်ကို အရင်ဆုံးပြုမှသာလျှင် ကောင်းကျိုးချမ်းသာကို ရနိုင်ပါတယ်။ ငယ်ရွယ်စဉ်ကာလ၊ နုပျိုစဉ်ကာလ၊ ခွန်အားဗလတွေ ပြည့်စုံနေတဲ့အချိန်အခါမှ လုံ့လမပြုဘဲနဲ့ ပေါ့လျော့နေတာ လူပျင်းပါ။

www.dhammadownload.com

ပေါ့လျော့နေတာ ပျင်းတဲ့သူပါ။ ခပ်ပေါ့ပေါ့လေးပဲ နေချင်တယ်။ အလေးအနက် မလုပ်ချင်ဘူး။ ကြိုးစားအားမထုတ်ချင်ဘူး ဆိုတဲ့သူဟာ ပျင်းတဲ့သူပါ။

ဒီအချိန်တော့ နားလိုက်ဦးမယ်၊ ဒီအချိန်တော့ သက်သာသလိုလေး နေလိုက်ဦးမယ်။ ပင်ပန်းနေပြီ၊ အပန်းဖြေဦးမယ်။ ဒီလိုနေလိုက်တာ ဝီရိယနည်းတာပါ။ ဝီရိယနည်းရင်လည်း တရားရဖို့ မလွယ်ဘူး။ တိဿလူပျင်းကောက်ရိုးမီးလို အခုထလုပ် ခုရတာပဲ၊ အခုလုပ် အခုရမှာပဲဆိုပြီးတော့ ချက်ချင်းဖြစ်နိုင်မယ်လို့ ထင်ထားတဲ့အလုပ်၊ ဖြစ်မလာတော့ ဒုက္ခရောက်တယ်။

ဒါကြောင့် ကြိုတင်ကာ တရားမမှတရားကိစ္စကို ပြုသင့်တယ်၊ ပြုရမယ်။ ငယ်တုန်းက မလုပ်မိခဲ့ဘူး။ အချိန်ရှိတုန်းက မလုပ်မိခဲ့ဘူး။ မိုးလွန်မှထွန်ချ၊ အချိန်နှောင်းမှ သတိရပြီးတော့ ကျင့်မယ်၊ ကြံမယ်၊ အားထုတ်မယ်ဆိုတဲ့ အခါကိုယ့်မှာလိုအပ်တဲ့ ကိုယ်အား၊ ဉာဏ်အားတွေလည်း မရှိတော့ဘူး။ ခွန်အားတွေလည်း မရှိတော့ဘူး။ ကျင့်ကြံအားထုတ်နိုင်စွမ်းတွေလည်း နည်းနေပြီဆိုရင် တရားရဖို့ မလွယ်ပါဘူး။

တိဿကို နမူနာယူ

တိဿကို ဘုရားရှင်က နမူနာထားပြီးတော့ ပြောနေတာပါ။ ဘယ်အလုပ်မျိုးမဆို လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲနဲ့ နှောင့်နေးနေရင် ကောင်းကျိုးချမ်းသာတွေ မရဘူးလို့ ဘုရားရှင်က ဆိုလိုချင်တာပါ။ အချိန်မီလုပ်ရမယ့်အလုပ်ကို မလုပ်ရင် နောင်တရတယ်။ တရားအလုပ်တွေက အချိန်မီရမှာပါ။

ဒီခန္ဓာကိုယ်ကြီး မသေမချင်း၊ ဒီခန္ဓာကိုယ်ကြီး အသက်ရှင်နေစဉ်ကာလမှာ အချိန်မီနိုင်မှ အကျိုးရှိမယ်။ ကျင့်ကြံအားထုတ်နိုင်တဲ့ အခြေအနေ။ ကျင့်ကြံခွင့်ရတဲ့ အနေအထား၊ ကြိုးစားပိုင် ခွင့်တွေ ရှိနေတဲ့အချိန်မှာ မကြိုးစားရင် အချိန်လွန်သွားတယ်။ အချိန်နှောင်းသွားတယ်။ နောက်ကျသွားတယ် ဆိုရင် နောင်တပဲ ရမယ်။

www.dhammadownload.com

တချို့အသက်ကြီးမှ သတိရတယ်။ တို့တရားမရသေးဘူး၊ တရားမလုပ်ရသေးဘူး၊ တရားလုပ်ရဦးမယ်။ တို့ ဒီဘဝမှာ ဘာမျှလည်း မသိသေးပါလား ဘာမျှလည်း မရသေးပါလား။ လုပ်ရဦးမယ်၊ လုပ်ရဦးမယ်ဆိုပြီးတော့ လုပ်တဲ့အချိန်အခါကျတော့ မစွမ်းနိုင်တော့ဘူး။

အဲဒီတော့ ဘာမျှမဖြစ်တော့ဘဲနဲ့ ဆုံးရှုံးနစ်နာမှု၊ နောင်တတွေနဲ့ ဒုက္ခမရောက်ရအောင် ကြိုတင်ပြီးတော့ တရားဓမ္မကို ရှာရမယ်။ တရားဓမ္မ ရှာတယ်ဆိုတာသည် ကြိုတင်ရှာရမှာပါ။

မအိုခင်မှာတရားရှာ၊ မနာခင်မှာ တရားရှာ၊ မသေခင်မှာ တရားရှာရမယ်ဆိုတာ သိထားရင်၊ လုပ်ရမယ်ဆိုတာ သိထားရင်၊ လုပ်ရမယ်ဆိုတဲ့အလုပ် သိထားရင် ချက်ချင်းလုပ်ရမှာပါ။

ဒီနေ့လုပ်နိုင်တဲ့အလုပ် နောက်နေ့မရွေ့ပါနဲ့။ တရားအလုပ်ကို အားထုတ်ရာမှာလည်း ထိုနည်းတူစွာ ကြိုတင်ကျင့်ထားမယ်ဆိုရင်၊ ကြိုတင်သိထားမယ်၊ ကြိုတင်ကာ ကျင့်ကြံမှားများ အားထုတ်မယ်ဆိုရင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ နေနိုင်မယ်။ စောစောစီးစီး တရားရထားမယ်ဆိုရင် ဘာမျှမပူရဘူး။ မကြောက်ရဘူး။ အသေဆိုးနဲ့ သေရမှာလည်း မလန့်ရဘူး။ သေပြီးတဲ့ ဘဝမှာလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်မှာလည်း မလန့်ရတော့ဘူး။ မကြောက်ရတော့ဘူးဆိုတော့ တစ်ဘဝလုံး ချမ်းသာပါတယ်။

နောက်ဆုံးအချိန်လေးကျတော့မှ ကပ်ပြီးတော့ သေခါနီးကျမှ တရားအားထုတ်ဖို့ သတိရ။ တရားအားထုတ်ဖို့ ကြိုးစား။ အချိန်ကလည်း မရှိ။ နောက်ကျသွားပြီ၊ နောက်ကျသွားပြီဆိုပြီးတော့ ပူပန်ဆင်းရဲနေရတာသည် လူပျင်းတွေလို့ ဘုရားရှင်က မိန့်ပါတယ်။

လုံလဝီရိယမရှိတဲ့ ပေါ့လျော့နေတဲ့ လူပျင်းလူညံ့သည် ငယ်ရွယ်စဉ်ကာလ၊ နုပျိုစဉ်ကာလ၊ အားခွန်ဗလတွေ ပြည့်စုံနေတဲ့အခါမှာ တရားဓမ္မကို မကျင့်ဘူးဆိုရင် သိသင့်သိထိုက်တဲ့တရားဓမ္မ၊ ရသင့်ရထိုက်တဲ့ တရားဓမ္မကို မရနိုင်ဘူး။ အခု အရှင်တိသ တရားမရပါဘူး။

အတူတူ ရောက်လာကြတယ်။ အတူတကွ တရားကျင့်ကြတယ်။ အတူတကွ တရားရှာကြတယ်။ အတူတကွ ရဟန်းဖြစ်ကြတယ်။ သူတကာတွေ

www.dhammadownload.com

ကြိုးစားအားထုတ်နေတဲ့အချိန်မှာ ရေသာခိုမိ အချောင်လိုက်မိတယ်။ တရား က ကိုယ်လုပ်မှ ကိုယ်ရမယ့်တရား။ သူများတွေ ကြိုးစားနေတယ်။ ကိုယ် မကြိုး စားဘူးဆိုလို့ရှိရင် သူများတွေ တရားရရင် ကိုယ်မရပါဘူး။

သူများတွေ ကျင့်နေတဲ့အချိန်မှာ ကိုယ်မကျင့်ဘူးဆိုရင် သူများရချိန်မှာ ကိုယ်မရပါဘူး။

ဘယ်နေရာမှာမဆို စီးပွားရှာရာမှာလည်း ဒီအတိုင်းပဲ။ ပညာသင်ရာ မှာလည်း ဒီအတိုင်းပဲ။ ကုသိုလ်ပြုရာမှာလည်း ဒီအတိုင်းပါပဲ။ ကိုယ်လုပ်မှ ကိုယ်ရမှာ။ ကိုယ်ရအောင်လို့ ကိုယ်ကြိုးစားပါ။ လုပ်ရမယ့်အလုပ်ကို မလုပ်မိ ရင် ပူပန်ခြင်း၊ ဆင်းရဲခြင်းတို့သာ ရစေနိုင်တယ်လို့ အရှင်တိသ သာဓကပြုပြီး တော့ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားဒေသနာပါ။ ဒီတရား ဒေသနာ အရ တိသလို နောက်ကျသွားရင်တော့ ဒုက္ခများမယ်။ အခုအချိန်က အချိန်မီ သေးတယ်။ အချိန်မီရုံလေး။ အချိန်ရနေသေးတယ်။ ကြိုးစားမယ်ဆိုရင် ဖြစ် သေးတယ်နော်။ အဲဒီလိုလေး အသိဝင်၊ သတိဝင်ပြီးတော့ ကြိုး စားအားထုတ် ဖို့ လိုပါတယ်။ အသင့်ပြင်ဖို့ လိုပါတယ်။

www.dhammadownload.com

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ

ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ တရားနှင့်နေပါ
၂။ တရားမရခြင်းအကြောင်းရင်း
၃။ အပါယ်တံခါးပိတ်ထားကြစို့
၄။ လမ်းညွှန်တရားဆောင်ပုဒ်များ
၅။ မငိုကြသောမိသားစု
၆။ လိုရင်းတိုရှင်းဝိပဿနာ
၇။ တရားဘယ်လိုကျင့်ရမလဲ
၈။ How To Pratise Meditation
၉။ လိုအင်ဆန္ဒတွေ ပြည့်ပါစေ
၁၀။ ဘာသာမဲ့သူလေး
၁၁။ သေဘေးဆင်ခြင် ကြိုတင်ကာပြင်
၁၂။ တရားချစ်တဲ့သူ
၁၃။ တစ်နေ့ကုန်သွားရင်
၁၄။ တရားကျင့်သူနှင့် မကျင့်သူ
၁၅။ နမောတဿဘုရားရှိခိုး
၁၆။ ဘဝစစ်တမ်း
၁၇။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင်
၁၈။ ပေးဆပ်ရမည့်အကြွေး
၁၉။ တရားဘာကြောင့်ကျင့်ရတာလဲ
၂၀။ တရားကျင့်ဖို့ကောင်းတဲ့အချိန်
၂၁။ တရားရနိုင် မရနိုင်
၂၂။ တရားကျောင်းက ခေါင်းလောင်းသံ
၂၃။ နီးလျက်နှင့်ဝေး
၂၄။ အရှုံးထဲကအမြတ်
၂၅။ အမှတ်တမဲ့အမှား
၂၆။ ဘာဝနာဆိုသည်မှာ
၂၇။ တရားကပေးတဲ့ချမ်းသာ
၂၈။ ဓမ္မလမ်းပေါ်မှာ
၂၉။ နှောင်ဖွဲ့မမြင် သံယောဇဉ်
၃၀။ ဥပုသ်စောင့်တဲ့ ရည်ရွယ်ချက်
၃၁။ ကျေးဇူးသိတတ် ကျေးဇူးဆပ်
၃၂။ ဘာအရေးကြီးဆုံးလဲ
၃၃။ ကိုယ့်ရဲ့ကယ်တင်ရှင်
၃၄။ မနက်ဖြန်ဆိုတာ မသေချာ
၃၅။ ကြည့်ရင်းကြည့်ရင်း ပျက်ယိုယွင်း
၃၆။ ဘဝထဲမှာ တရားရှာ
၃၇။ ဆုံးမလွယ်သူ ဖြစ်ပါစေ
၃၈။ မကျန်းမမာဖြစ်လာလျှင်
၃၉။ အဆုံးအမတရားတော်
၄၀။ နိဗ္ဗာန်လမ်းဆီသို့
၄၁။ ကုသိုလ်အစု မျှဝေပြု
၄၂။ ကိလေသာနှောင်အိမ်
၄၃။ အနှောင်အဖွဲ့တရားတော်

www.dhammadownload.com

www.dhammadownload.com